www.burmeseclassic.com

တက္ကသိုလ်

# ငှက်ပင့်ဝေဒါင်

ကျင်း ထုံ ၏ ကျင်း - ကျန့် ရိ လုံ

## အငြိုးကြီးသူအတ္တလူ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နေလင်းအောင်

# အငြိုးကြီးသူအာဏ္ဍရူ

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၈၇၀၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၄၁၀၃၀၇

၂၀၀၇ ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀

တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးသန်းဝင်း၊ ကျော် - ပုံနှိပ်တိုက်

အမှတ်(၂၃၉)၊ ခေမာသီလမ်း

မြောက်ဥက္ကလာပမြို့နယ်။

**မျက်နှာဖုံးပုံနှိပ်**

ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)

အမှတ် (၁၄၀)၊ ၄၅-လမ်း၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊

☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊

☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊

☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊

☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁ )

## စေတနာရှင်သိုင်းသမား

သိုင်းလောကတွင် ရှောင်လင်ဂိုဏ်း၊ ဝူတန်းဂိုဏ်း၊ ငိုမိဂိုဏ်း၊ ခွန်လွန်ဂိုဏ်း အစရှိသော သိုင်းဂိုဏ်းကြီးများသည် နေလပမာ ထင်ရှားကြပေသည်။

ကလေးသူငယ်များမှအစ လှည်းနေလှေအောင်း၊ မြင်းဇောင်းမယကျန် အားလုံးသိကြပြီး တိုင်းပြည်တစ်ဝှမ်းလုံးတွင် ထင်ရှား ကျော်ကြားကြခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ခန့်က ထိုသိုင်းဂိုဏ်းကြီးများနှင့် အပြိုင် မသိသူမရှိအောင် ထင်ရှားကျော်ကြားသော သိုင်းသမားတစ်ယောက် ထွက်ပေါ်လာခဲ့ဘူးပေသည်။

ထိုသိုင်းသမားမှာ "စကြာသိုင်းသမား ကောင်းပင်" ဆိုသူဖြစ်ပါသည်။

စကြာသိုင်းသမားဆိုသည်နှင့် သိုင်းလောကသား မဟုတ်သူများ၊ သာမန်အရပ်သားများပင် သိရှိနေကြသည်အထိ ဖြစ်ပါသည်။

စကြာသိုင်းသမားသည် ရှောင်လင်နှင့် ဝူတန်း အစရှိသော သိုင်းဂိုဏ်းကြီးများကဲ့သို့ ကောင်းသတင်းဖြင့် ကျော်ကြားခြင်းမဟုတ်ပဲ ဆန့်ကျင်ဘက်အသွင် မကောင်းသတင်းဖြင့် ကျော်ကြားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စကြာသိုင်းသမားကောင်းပင်သည် သူ၏ထက်မြက်သော သိုင်း ပညာကိုအားကိုးအားထားပြုကာ သိုင်းလောကအား လွှမ်းမိုးရန်ကြံသည် ကြိုးစားခဲ့ခြင်းကြောင့်မကောင်းသတင်းဖြင့် ထင်ရှားကျော်ကြား ခဲ့ခြင်း ဖြစ်ပေတော့သည်။ တစ်ကိုယ်တော် သိုင်းအာဏာရှင် ဖြစ်ရန်ကြိုးစားခြင်းဖြစ်သည်။

စကြာသိုင်းသမားအား သိုင်းလောကတစ်ခုလုံးက လက်မခံပဲ ဆန့်ကျင်ခဲ့ကြသည်။

ထို့ကြောင့် . . .

စကြာသိုင်းသမားကောင်းပင် သိုင်းလောကမှ ပျောက်ကွယ်သွားသည့်တိုင် သူ၏အမည်မှာ သိုင်းလောက၌ ပြောစမှတ်ပြုစရာ ကျန်ရစ်ခဲ့ပြီး ဆက်၍ ထင်ရှားနေခဲ့သည်ဟု ဆိုနိုင်ပါတော့သည်။

❖ ❖ ❖

သိုင်းဆရာလင်းထုန် . . .

သိုင်းဆရာလင်းထုန်သည် ထိပ်သီးသိုင်းပညာရှင် တစ်ဦးဖြစ်ပြီး သိုင်းလောကအကျိုး၊ အများအကျိုးသည်ပိုးဆောင်ရွက်နေသည့် အထက်လမ်းသိုင်းသမားကြီးတစ်ဦးလည်းဖြစ်သည်။ သိုင်းဆရာလင်းထုန်သည် ထင်ပေါ်ကျော်ကြားမှုကို မက်မောခုံမင်ခြင်းမရှိဘဲ ရိုးရိုးကုပ်ကုပ် နေတတ်သူဖြစ်သည်။

ကျော်ကြားထင်ရှားမှုသည် လူ့တံတွေးကဲ့သို့ ရွံရှာဖွယ်ကောင်းသည်ဟု သူယူဆသည်။ စကြာသိုင်းကောင်းပင် သိုင်းလောကအား လွှမ်းမိုးရန် ကြိုးစားလာသောအခါ ဆန့်ကျင်ကြရန် သိုင်းလောကသားများကို စည်းရုံးဆော်ဩသူများတွင် သိုင်းဆရာလင်းထုန်လည်းပါဝင်ခဲ့သည်။

ရိုးရိုးအေးအေးနေလေ့ရှိသူဖြစ်သော်လည်း သိုင်းလောက



အမေနှင့် ပတ်သက်လာလျှင် ရှေ့တန်းမှရပ်တည်သူဖြစ်သည်။ သူရဲကောင်းကို တိုက်ပွဲတွင်သာ တွေ့ရတတ်သကဲ့သို့ပင်တည်း။

ထို့ကြောင့် သိုင်းလောကသားများက သိုင်းဆရာထုန် အား ကြည်ညိုလေးစားမှုရှိကြသည်။ သူ့တွင် တပည့်တစ်ဦးရှိသည်။ ထိုသူမှာ ကိုရှောင်ဆိုသူပင်တည်း။

ကိုရှောင်သည် မည်သို့သော သိုင်းသမားပေနည်း။

သိုင်းပညာကို အသုံးပြု၍ အများအကျိုး၊ တိုင်းပြည်အကျိုးသည်ပိုးဆောင်ရွက်နေကြသည့် အထက်လမ်းသိုင်းသမားများနှင့် သိုင်းပညာ အားကိုးကာ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းနေသော အောက်လမ်းသိုင်းသမားများသည် အမြဲတစေ ဆန့်ကျင်ဘက်ဖြစ်ကာ အမြဲတစေ ယှဉ်ပြိုင်အားစမ်းနေလေ့ရှိကြသည်။

သိုင်းလောကအား လွှမ်းမိုးရန်ကြိုးစားခဲ့သော "စကြာသိုင်းသမား"သည် သိုင်းလောကသားများ၏ ဆန့်ကျင်မှုခံရသဖြင့် ကျောခိုင်းကွယ်ပျောက်သွားခဲ့ပြီးနောက် စကြာသိုင်းသမားလောက်နာမည်မကြီးသောလည်း သိုင်းလောကအား နှောင့်ယှက်ရာ၌ စကြာသိုင်းသမားထက်မလျော့သော အောက်လမ်းသိုင်းသမားများ ဆက်လက်ထွက်ပေါ်လာခဲ့သည်။

ထိုအောက်လမ်းသိုင်းသမားများတွင် . . .

မင်းသားလေး တုစန်း . . .

ကြိုးဆက်တုတ်သိုင်းသမား လိုကို့ထန် . . .

မုန်တိုင်းလက်ဝါး လူးချီ နှင့် တပည့် ရှောင်အင်း . . .

ဘင်းမျိုးနွယ် ညီအစ်ကိုခြောက်ယောက်တို့သည် သိုင်းလောက အား အန္တရာယ်ပေးစွမ်းနိုင်ကြသူများအဖြစ် သတ်မှတ်ခံခဲ့ကြရလေသည်။

ဎင်းတို့အား အထက်လမ်း သိုင်းသမားများက ချေမှုန်းသင်ချိန်

www.burmeseclassic.com

www.burmeseclassic.com



အမြဲပင်ကြိုးစားခဲ့ကြသည်။

လူဆိုးဓားပြများနှင့် အောက်လမ်းသိုင်းသမားများအား ဆုံးမနှိမ်နင်းနေသည့် အထက်လမ်းသိုင်းသမားများတွင် မျိုးဆက်သစ်အဖြစ်သူရဲကောင်းလေးများ အလားရဲစွမ်းသတ္တိနှင့် ပြည့်စုံသော လူငယ်လူရွယ် သိုင်းသမားအချို့ ထွက်ပေါ်လာခဲ့ကြသည်။

အထူးထင်ရှားသည့် သိုင်းသမားလူငယ်များမှာ . . .

သိုင်းသမား လီအင်း . . .

မားကွန်ပင် . . .

ဝေရှီ နှင့် မိန်းမချောလေး ရှောက်ကျမ်း တို့ဖြစ်ကြသည်။

ထိုလူငယ်သူရွယ် သိုင်းသမားလေးယောက် ထင်ပေါ်ကျော်ကြားလာချိန်၌ "ကိုရှောင်" သည် ထက်မြက်သော သိုင်းပညာရှိသောလည်း နာမည်မထွက်ခဲ့ပေ။

အဘယ်ကြောင့်နည်း၊ အဘယ်ကြောင့်ဆိုသော် . . .

ကိုရှောင်သည် သူ၏ဆရာ သိုင်းသမားလင်းထုန် နည်းတူထင်ပေါ်ကျော်ကြားမှုကို အတတ်နိုင်ဆုံး ရှောင်ရှားခဲ့ခြင်းကြောင့်ဖြစ်ပေသည်။

နေမွန်းတည့်ချိန်ဖြစ်သည်။

ခရီးပြင်းနှင်လာခဲ့သည့် ကိုရှောင်မှာ တစ်ကိုယ်လုံးချွေးသီးများရွဲလျက် ချွေးကြီးကြာ စားသောက်ဆိုင်ရှေ့၌ မြင်းကိုရပ်နားကာ ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည်။ တဆက်တည်းပင် ဆိုင်ရှေ့၌ရှိနေသော စည့်ကြိုဆိုင်လုလင်များအား လှမ်းပြောလိုက်သည်။

"ဟေ့ . . . ကျုပ်ရဲ့မြင်းကို အစာရေစာ ကျွေးမွေးထားလိုက်ပါ"

"စိတ်ချပါ . . . အစ်ကိုလေး စိတ်ချပါ၊ ကျွန်တော်တို့ တာဝန်ပါ၊ စိတ်ချလက်ချသာစားသောက်ပါ . . ."



စည့်ကြိုဆိုင်လုလင်တစ်ယောက်က အရိုအသေပေးပြီး မြင်းကို ဆွဲခေါ်သွားသည်။

ကိုရှောင်က ဆိုင်ထဲလှမ်းဝင်လိုက်သည်။

သူ၏ဗိုက်ထည်းက ကြုတ်ကြုတ်မြည်ကာ ဆာလောင်နေပြီဖြစ်သည်။ လူသည် နံနက်တစ်နပ်၊ ညတစ်နပ်၊ ဝမ်းစာမှန်မှန်ဖြည့်ရသည် မဟုတ်ပါလော။

"သမားတော်ကြီးဆီကို မချိန်မီရောက်အောင် ခရီးနှင်ရဦးမယ်၊ မြန်မြန်စားပြီး မြန်မြန်သွားမှ"

ကိုရှောင် ခပ်လောလောဖြစ်နေသည်။ သူမလော၍ မဖြစ်ပါ။ ဆရာ၏ တာဝန်ပေးချက်အရ ခရီးထွက်လာခဲ့ခြင်းဖြစ်ပါသည်။

သိုင်းလောက၌ ထင်ရှားသော သမားတော် စီးယင်သည် မကြာ မီ အသက်ငါးဆယ်ပြည့်တော့မည်ဖြစ်သည်။

ဂုဏ်ပကာသနမက်မောခြင်းမရှိသောသမားတော် စီးယင်သည် မွေးနေ့ပွဲ ကျင်းပမည် မဟုတ်ပေ။

သို့သော် . . .

သိုင်းလောကသားများသည်သမားတော် စီးယင်အားကြည်ညို လေးစားကြသည့်အလျောက် မွေးနေ့လက်ဆောင်များပေးပို့ကြသည်။

သိုင်းဆရာလင်းထုန်သည် သမားတော်စီးယင်နှင့် ခင်မင်ရင်းနှီးသူဖြစ်၍ မွေးနေ့လက်ဆောင်ပေးပို့ရန် ကိုရှောင်ကို တာဝန်ပေးစေလွှတ်လိုက်ခြင်း ဖြစ်ပါသည်။

ကိုရှောင်က ဆိုင်ထဲအလောတကြီးဝင်လိုက်ချိန်၌ ဆိုင်ထဲမှထွက်လာသူတစ်ယောက်နှင့် ဝင်တိုက်မိမလို ဖြစ်သွားရလေသည်။ သူလောကြီးမိ၍ ဤသို့တိုက်မိခြင်းဖြင့် . . .

ထိုလူမှာ အဖြူရောင်ဝတ်ဆင်ထားပြီး နှစ်လိုဖွယ်ကောင်း

www.burmeseclassic.com



သော လူရွယ်တစ်ယောက်ဖြစ်သည်။

ရုတ်တရက် ဝင်တိုက်မိမလိုဖြစ်သွား၍ နှစ်ယောက်စလုံး တိုယ်နိုင်သင်္ကာ နောက်ဆုတ်ယင်း လူရွယ်ကပင် စတင်တောင်းပန်လာသည်။ ဤသည်ကပင် ထိုလူရွယ်၏ ရည်မွန်မှုကို ဖော်ပြနေသည် မဟုတ်ပါလား။

"ကျုပ် . . . အလောတကြီးဖြစ်နေလို့ ဝင်တိုက်မိမလိုဖြစ်သွားရတာကို တောင်းပန်ပါတယ်"

ကိုရှောင် မည်သို့ ပြောရမှန်းမသိ ဖြစ်သွားတော့သည်။ တကယ်တမ်း အလောတကြီးလှမ်းဝင်မိသူမှာ သူသာဖြစ်ပြီး တောင်းပန်စရာရှိလျှင် သူကတောင်းပန်ရမည်သာ ဖြစ်သည်။

ယခုတော့ . . .

နှစ်လိုဖွယ်ကောင်းသော အပြုံးပိုင်ရှင် လူရွယ်ကပင် အလွန်ယဉ်ကျေးသိမ်မွေ့သောလေသံဖြင့်တောင်းပန်နေသည်။

ကိုရှောင် ကြောင်အမ်းအမ်းဖြစ်နေစဉ် . . .

"ကျုပ်ကို ခွင့်ပြုပါဦးဗျာ . . ."

လူရွယ်ကခွင့်တောင်းပြီး ဆိုင်အပြင်ဘက် ထွက်သွားလေတော့သည်။

ကိုရှောင် သက်ပြင်းချလိုက်သည်။

"တော်တော် ရည်မွန်တဲ့လူပဲ"

သူ့အားဆိုင် လုလင်တစ်ယောက်က နေရာထိုင်ခင်းပေးသည်။

"သည်ဘက်ကိုကြွပါ. . . အစ်ကိုလေး"

ကိုရှောင်က လိုက်သွားပြီး စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်လေသည်။

ရွှေကြိုးကြာစားသောက်ဆိုင်မှာ နာမည်ကြီးသည့် အတိုင်း



ဟင်းလျာများ အရသာကောင်းမွန်မည်မှာ သံသယရှိရန် မလိုချေ။

"ဘာများမှာ ချင်ပါသလဲ အစ်ကိုလေး . . ."

ဆိုင်လုလင်ကလေးက မေးလေ၏။

"ဝက်နံရိုးကင်ပေး . . ., အခေါက်အသား ပေး . . ., ဟင်းချို ဖြစ်ဖြစ် တစ်ခွက်ပေး . . ., ထမင်းပေး . . ."

ကိုရှောင် မှာကြားလိုက်သည်။

အချိန်သိပ်မကြာလှပါ။ ဟင်းလျာများ နှင့် ထမင်းရောက်လာသည်။ ဟင်းလျာများက အနံ့အရသာ ပြည့်စုံလှသည်။

ဆာလောင်နေသော ကိုရှောင် အကြိုက်ဖြစ်သွားသည်။

သို့သော် . . .

အရေးတကြီး ခရီးဆက်စရာရှိသေးသဖြင့် ခပ်လောလောပင် စားသောက်လိုက်သည်။

ထိုစဉ် . . .

"သိုင်းသမား လီအင်းရောက်လာပြီဆိုတော့ စင်ကျန်းမြေဂိုဏ်းတော့ ကံဆိုးပြီ"

တစ်ဖက်စားပွဲ၌ ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေသူများထံမှ ထွက်ပေါ်လာသော စကားသံကြောင့် ကိုရှောင် ဆက်ခနဲခေါင်းထောင်သွား၏။

"သိုင်းသမားလီအင်း" ဆိုသော အမည်က စိတ်ဝင်စားစရာ မဟုတ်ပါလား။ လီအင်းသည် မည်သို့သော သိုင်းသမားနည်း။

လီအင်း၏ အမျိုးအစားကို ထိုသူများ၏ စကားကပင် ဖော်ပြနေပါသည်။

"သိုင်းသမားလီအင်းဟာ သိုင်းလောကလူငယ် လူရွယ်တွေထဲမှာ ထိပ်ဆုံးကလို့ ကျော်ကြားနေပေမယ့် စင်ကျန်းမြေဂိုဏ်းကို သူတစ် ယောက်တည်းနှင့် ဖြိုခွင်းပစ်ရန် တတ်နိုင်ပါ့မလား . . ."

www.burmeseclassic.com



"ဟုတ်တယ် . . . ,စင်ကျန်စားပြုဂိုဏ်းက အင်အားမသေးဘူး သည်နယ်ထဲတိုက်မှာ ထကြွသောင်းကျန်းပြီး လူတကာကို ဒုက္ခပေးနေတာ ကြာပြီ၊ သူတို့ကို နှိမ်နင်းဖို့ ကြိုးစားခဲ့တဲ့ သိုင်းသမားတွေသာ အစပျောက်သွားပြီး၊ သူတို့က ခုချိန်အထိ သောင်းကျန်းနေနိုင်တုန်း မဟုတ်လား၊ သူတို့ဟာ ငရုတ်သီးလို လူမျိုးတွေကွ"

"ငရုတ်သီးထက် ဆိုးတဲ့လူတွေပါကွာ၊ မင်း . . . တင်စားရမှာက နှစ်ဘက်သွားဓါးလို့ တင်စားရမှာကွ၊ သူတို့နဲ့တွေ့ရင်သေရင်သေ၊ မသေရင် ဒဏ်ရာရပဲကွ . . ."

"မင်းတို့လည်း သိုင်းသမား လီအင်းအကြောင်း မကြားဖူးတာကျနေတာပဲ၊ လူငယ်လူရွယ်တစ်ယောက်ဖြစ်ပေမယ့်၊ သိုင်းပညာထိပ် တန်းအဆင့်ရောက်နေပြီ၊ သိုင်းလောကမှာ နာမည်ကြီးတဲ့ သိုင်းဆရာကြီးတွေ ဂိုဏ်းချုပ်ကြီးတွေနဲ့တောင် ပခုံးချင်းယှဉ်နိုင်တဲ့ အဆင့်ရှိတာပဲ၊ စင်ကျန်စားပြုဂိုဏ်းကို ဘာကြောင့် မဖြိုခွဲနိုင်ရမှာလဲ. . ."

အခြားတစ်ယောက်က ဝင်ပြောပြန်၏။

"မဟုတ်ဘူး၊ သိုင်းသမားလီအင်းကို အထင်သေးလို့ မဟုတ်ဘူး၊ စင်ကျန်စားပြုဂိုဏ်းက အဆိပ်ကိုအသုံးပြုတတ်ကြတော့ သိုင်းသမား လီအင်း အခက်ကြုံနိုင်လို့ပြောတာ၊ သူ့အတွက်စိုးရိမ် လို့ကွ'

"သိုင်းသမားလီအင်က ဖြိုခွဲပစ်နိုင်တယ်ဆိုရင်တော့ ပိုကြိုက်တာပေါ့ကွာ၊ စင်ကျန်စားပြုဂိုဏ်းပြိုကွဲသွားပြီဆိုရင် သည်နယ်မှာ အေးချမ်းသာယာသွားမှာပဲ မဟုတ်လား"

သိုင်းသမားကြီးလီအင်းသည် မျိုးဆက်သစ် သိုင်းသမားလူငယ်များတွင် အထင်ရှားဆုံးဖြစ်သည် ကိုရှောင်ကောင်းစွာသိထားသော်လည်း တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဘူးချေ။

ထိုလူများသည် သိုင်းသမားလီအင်း အကြောင်းဆက်၍ပြော



ဆိုခြင်းမပြုတော့ဘဲ စားသောက်နေကြသဖြင့် ကိုရှောင်အားမလိုအားမရဖြစ်သွားသည်။

သူ့အတွက် အချိန်များများမရသဖြင့် သူကလှမ်းအော်လိုက်၏။ ဆိုင်လုလင်ကလေး အပြေးရောက်လာလေ၏။ သူက ကျသင့်ငွေပေးပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

သူကိုယ်တိုင် ဗိုက်ပြည့်သွားပြီဖြစ်သလို သူ၏မြင်းမှာလည်း အစာရေစာ စားရသည့်အပြင် ခဏနားလိုက်ရသဖြင့် လန်းလန်းဆန်းဆန်း ရှိသွားပြီဖြစ်သည်။

ထို့ကြောင့် ရှေ့ဆက်ခရီးနှင်ဖို့အားလုံးအဆင်ပြေသွားတော့သည်။

သို့သော် . . . သွားမည့်သူအတွက် အဆင်ပြေသော်လည်း လမ်းခရီးကမူ အဆင်ပြေချင်မှပြေပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော်" . . .

ကိုရှောင်သည် စင်ကျန်စားပြုဂိုဏ်း သောင်းကျန်းနေသည့် ခရီးလမ်းမှ ဖြတ်သန်းသွားရမည်ဖြစ်သည်။

ကိုရှောင်က ဘာကိုမှ မစဉ်းစားပါ။

ဆရာတာဝန်ပေးလိုက်သည့်အတိုင်းသမားတော် စီးယင် ထံ မွေးနေ့လက်ဆောင် ပို့ပေးနိုင်ရန် ရှေ့ဆက်ခရီးနှင် လိုက်လေတော့သည်။

မြင်းသည် မှန်မှန်ပင် ခရီးနှင်နေသည်။

မြို့ကလေးမှာ အနောက်ဘက်အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

ကိုရှောင် သည် မြင်းကို အသော့နှင်ယင်း စိမ်းလန်းသောတောအုပ် ကြီးတစ်ခုရှေ့သို့ ရောက်ရှိလာသည်။ တောအုပ်တစိမ်းလန်းစိုပြည် သာယာလှပနေပါဘည်။ ရောင်စုံပန်းကလေးများ

www.burmeseclassic.com



လည်း ငွားငွား စွင့်စွင့် ဖူးပွင့်နေသည်။

သို့သော် . . .

ကျေးငှက်သာရကာလေးများကို မတွေ့ရပါ။

လေတိုက်၍ သစ်ရွက်လှုပ်သံမှတစ်ပါး အခြားအသံဗလံလည်းမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေပါတော့သည်။

အထူးသဖြင့် ဝါးရွက်များ လှုပ်ခတ်သံ ကြီးစိုးနေသည်။

ကိုရှောင်က မြင်းဝေါက်ကာ ရပ်တန့်လိုက်သည်။ တောအုပ်ကြီး အခြေအနေမှာ ထူးခြားနေသည်ဟု သူ၏စိတ်ထဲ ထင်မိခြင်းမှာ ဆန်းကြယ်လှသည်။ ကိုရှောင် . . . မျက်မှောင်ကုပ်ကာပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

သည်တောအုပ်ဘက်ကို ခရီးသည်တွေ သိပ်ပြီးအသွားအလာ မရှိကြဘူး၊ လူဆိုးဓားပြတွေ သောင်းကျန်းနေတယ်ပြောတယ်၊ ခုလိုတိတ် ဆိတ်ငြိမ်သက်နေတာထောက်ရင် . . .

သူ၏အတွေးမဆုံးမီ . . .

"ဟီး . . . ဟီး . . ."

တောအုပ်မှ မြင်းဟီသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ကိုရှောင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"တောအုပ်ထဲမှာ မြင်းဟီသံကြားရတယ်ဆိုတော့ တစ်ယောက်ယောက်ရှိနေမှာသေချာတယ်၊ မြင်းဟီသံမကြားရရင်တော့ လူမရှိဘူးလို့ ယူဆနိုင်တယ်၊ အခုတော့ . . ."

ထိုစဉ် . . .

"အား . . ."

"အမလေး . . ."

"ဝုန်း . . ."



"သေပါပြီ ဗျ . . ."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကိုရှောင် အထိတ်တလန့်ဖြစ်မသွားသော်လည်း စိုးရိမ်စိတ်တော့ ဖြစ်သွားသည်။

"ဟာ . . ."

ကိုရှောင်သည် လွတ်ခနဲရေရွတ်ကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်မိသည်။

မြင်းဟီသံ ထွက်ပေါ်လာပြီး တဆက်တည်းပင် စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည် မဟုတ်လား။

"တိုက်ပွဲဖြစ်နေတာပဲ"

သိုင်းသမားလီအင်းသည် စင်ကျန်းဓားပြဂိုဏ်းအား ချေမှုန်းရန် ကြိုးစားအားထုတ်လိမ့်မည်ဟု စားသောက်ဆိုင်ထဲ၌ ပြောဆိုနေကြသည် မဟုတ်ပါလား။

"သိုင်းသမားလီအင်းကများ လူဆိုးဓားပြတွေကို တိုက်ခိုက်နေ တာများလား . . ."

ကိုရှောင်စိတ်ဝင်စားကာတောအုပ်ထဲသို့ လှမ်းဝင်လိုက်မိလေသည်။

သစ်ပင်များကြားသို့ ရောက်သွားသည်နှင့် မြေပေါ်၌ ကျိုးပဲ့နေသော ဓားလှံလက်နက်များနှင့် သေဆုံးနေသော အလောင်းများကို တွေ့ရ သည်။

တိုက်ပွဲတစ်ခုဖြစ်သွားခဲ့သည်မှာ ထင်ရှားနေသည်။ လူသေကောင်များနှင့် ဓားလှံများသည် တိုက်ပွဲ၏ သက်သေတပင် မဟုတ်ပါလား။

တိုက်ခိုက်နေသူများကိုမူ မတွေ့ရချေ။

"ဘယ်ရောက်ကုန်ပါလိမ့် . . ."

www.burmeseclassic.com



ကိုရှောင်က ပတ်ဝန်းကျင်ကို အကဲခတ်ကာ ရှေ့ဆက်သွား လိုက်သည်။

သစ်ပင်များကြားမှဖြတ်ကာ ဝါးတစ်ရိုက်ခန့်သွားလိုက်တိုင်း ချုံပေါ်၌ လဲကျသေဆုံးနေသော အလောင်းများကို တွေ့ရပြန်သည်။

တောအုပ်အတွင်းပိုင်းသို့ ရောက်သွားချိန်၌ နေရောင်ခြည် သည်လည်း အားနည်းသွားပြီး အလင်းရောင်အားပျော့သွား၏။

ဟိုနားသည်နားတွင် အမှောင်ရိပ်များဖြစ်ပေါ်လာသည်။

တိုက်ခိုက်နေသူများကို မတွေ့ရပါ။

တိုက်ခိုက်သံများကိုလည်း မကြားရပါ။

ကိုရှောင်တွေ့ရသည်ကား လူသေအလောင်းများသာဖြစ်ပါ သည်။

တောအုပ်ထဲ၌ ကျက်စားနေသော စင်ကျန်ဓားပြဂိုဏ်းသား များအား တစ်စုံတစ်ယောက်က တိုက်ခိုက်ခဲ့ခြင်းဖြစ်မည်ဟု တွေးမိ သည်။

ထိုတိုက်ခိုက်ခဲ့သူမှာ သိုင်းသမားလီအင်း ပင်ဖြစ်ရမည်ဟုနား လည်လိုက်သည်။

“သေဆုံးနေသူတွေမက စင်ကျန်ဓားပြဂိုဏ်းသားတွေဆိုယင် တော့ တိုက်ခိုက်ခဲ့သူဟာ သိုင်းသမားလီအင်းပဲဖြစ်ရမယ်၊ အင်း . . . လီအင်းဟာ အတော်ကို ထက်မြက်တဲ့လူတစ်ယောက် ဖြစ်နေမှာ အသေ ချာပဲ . . .”

ကိုရှောင်က သတိကြီးစွာထားကာရှေ့ဘက် လှမ်းသွား လိုက်ရာ တောအုပ်ထဲ၌ မြေကွက်လပ်တစ်ခုရှိနေပြီး မြေကွက်လပ်၌ အဆောက်အဦးတစ်လုံး ရှိနေသည်ကို တွေ့လိုက်ရသည်။

“တောထဲ တောင်ထဲမှာအဆောက်အဦးတစ်ခု ရှိနေပါ သလား၊ တော်တော်အံ့ဩစရာကောင်းတာပဲ . . .”



ကိုရှောင်သည် အဆောက်အဦးကြီးကို စိတ်ဝင်စားသွား သည်။

ထို့ကြောင့် ခပ်သွက်သွက်လှမ်းသွားလိုက်သည်။

အံ့ဩစဖွယ်သူ တွေ့လိုက်ရသည်က . . .

မြေကွက်လပ်၌လည်းကောင်း၊ အဆောက်အဦးရှေ့၌ လည်းကောင်း၊ အဆောက်အဦးပေါ်သို့တက်သည့် ကျောက်လှေကား ထစ်များပေါ်၌၎င်း သေဆုံးနေကြသော လူသေအလောင်းများပြန့်ကျဲ နေခြင်း ဖြစ်သည်။

ကိုရှောင်က မြေကွက်လပ်၌ ခြေလှမ်းရပ်တာ အဆောက် အဦးကြီးကို အကဲခတ်လိုက်သည်။

အဆောက်အဦးကြီး အဝင်တံခါးမကြီးအပေါ်ဘက် နဖူး စည်းပေါ်၌ . . .

“စင်ကျန်ထိပ်ခေါင်စံအိမ်”

ဟု ရေးထားသည့် ဆိုင်းဘုတ်တစ်ခုချိတ်ဆွဲထားသည်ကို တွေ့ရ သည်။

ကိုရှောင် ပြုံးလိုက်သည်။

“ငါထင်နေတာမှန်နေပြီ၊ ဒါဟာ စင်ကျန်ဓားပြဂိုဏ်းဌာန ချုပ်ပဲ၊ သိုင်းသမားကြီးလီအင်း လာပြီးတိုက်ခိုက်သွားတာ သေချာနေ ပြီ”

သိုင်းသမားလီအင်းအကြောင်းတွေးမိသောအခါ သူ့၌ အားကျသည့်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာမိသည်။

သိုင်းသမားလီအင်းသည် သိုင်းလောက၌ လျှမ်းလျှမ်း တောက် ကျော်ကြားနေသော သိုင်းလောကပျော် သိုင်းလေးဖော်တွင် ပါဝင်ပြီး အခြားသုံးယောက်ဖြစ်သော မာကွန်နပင်၊ ဝေရီနှင့် ရှောက်ဖွေး တို့ထက် ပို၍ ထင်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



“[illegible] ဆရာဆီက ပညာကုန်ရပြီဆိုရင် သိုင်းလောကမှာ [illegible]လို့ဖြစ်သွားလိမ့်မယ်၊ ဒါကိုရည်မှန်းချက်ထား [illegible]”

ကိုယ့်ဘာသာကိုယ်ပြော၊ ကိုယ်ဘာသာကိုယ်သဘောကျ [illegible] ရယ်မောလိုက်မိလေ၏။

ထိုစဉ် . . .

“အင်း . . . အင်း . . .”

ညည်းညူသံ သဲ့သဲ့ကြားလိုက်ရလေတော့သည်။

တိတ်ဆိတ်နေသော ဝန်းကျင်ဖြစ်၍ ပီပီသသကြားလိုက်ရခြင်း ဖြစ်ပါသည်။

ကိုရှောင် ရင်ထိတ်သွား၏။

“ညည်းတွားသံပဲ၊ တစ်ယောက်ယောက်တော့ အသက်ရှင်နေ သေးတာသေချာတယ် . . . ၊ ဒါဆိုရင် ငါကယ်ရလိမ့်မယ် . . .”

ညည်းညူသံထွက်ပေါ်လာသည့်နေရာကို စဉ်းစားလိုက်သည်။

“အဆောက်အဦးထဲကပါလား”

ထိုညည်းညူသံသည် အဆောက်အဦးထဲမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ လှေကားရင်း၌ အလောင်းများရှိနေခြင်းက အဆောက်အဦးထဲ၌လည်း ဒဏ်ရာရသူများရှိနိုင်ကြောင်းကိုဖော်ပြနေသည်။

ကိုရှောင်သည် ကျောက်လှေခါးထစ်များကို မည်သို့ဖြတ်ကျော် ခဲ့မိသည်ကိုပင် သတိမထားမိလိုက်ချေ။

ကြောင်ရိုင်းတစ်ကောင်ပမာ လျှင်မြန်စွာဖြင့် အဆောက်အဦး အတွင်းသို့ ရောက်ရှိသွားလေတော့သည်။

အဆောက်အဦးထဲ၌ ပစ္စည်းပစ္စယများ ဖရိုဖရဲ လဲကျပျက်စီး နေသည်။



လူသေအလောင်းများလည်း ပြန့်ကျဲနေသည်။ အသက်ရှင်သူ တစ်ယောက်မှ မတွေ့ရပေ။

ကိုရှောင်က ရှာဖွေကြည့်လိုက်သည်။

သူ၏မျက်လုံးများက သိမ်းငှက်မျက်လုံးများပမာ ဝင်းလက်တောက်ပြောင်နေသည်။

ခန်းမဆောင်ထဲ သုံးလေးကြိမ် ဝေ့ကြည့်လိုက်သည်နှင့် ထောင့်တစ်နေရာ၌ နံရံကို ကျောမှီထားသူတစ်ယောက်သည် သေဆုံးသွားခြင်း မရှိသေးဘဲ အနည်းငယ်လှုးလွန့်လှုပ်ရှားသွားသည်ကို တွေ့လိုက်ရသည်။

ထိုလူထံမှ ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

ကိုရှောင်က ထိုလူအနီးသို့ ခွေ့ခနဲရောက်ရှိသွားသည်၊

ထိုလူမှာ စားသောက်ဆိုင်၌ တွေ့ခဲ့ရသည့် အပြာရောင်ဝတ်ဆင်ထားသော လူရွယ်ဖြစ်လေသည်။

“လက်စသပ်တော့ ခင်ဗျားကိုး . . .”

ကိုရှောင် လွှတ်ခနဲ ရေရွတ်မိ၏။

ထိုလူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေ၏။ မျက်လုံးများ ပွင့်လာကာ ကိုရှောင်ကို ရီဝေစွာကြည့်၏။

ကိုရှောင်က အားပေးစကားပြောလိုက်သည်။

“ခင်ဗျား လူဆိုးပဲဖြစ်ဖြစ်၊ လူကောင်းကောင်းပဲဖြစ်ဖြစ် ကျုပ်နဲ့ တွေ့မှတော့ ခင်ဗျားမသေရတော့ပါဘူး”

ထိုလူက ကိုရှောင်ကို ရီဝေစွာကြည့်နေ၏။

သူ၏မျက်လုံးနှင့် အကြည့်က စကားလုံးပေါင်းများစွာပြောဆိုနေသကဲ့သို့ရှိသည်။

ထို့နောက်မျက်လုံးများပြန်မှိတ်သွားကာ ငြိမ်သက်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်၊

ကိုရှောင်က . . .

"ကျုပ်ဟာ စကားကတိတည်တဲ့ လူတစ်ယောက်ဆိုတာ ခင်ဗျား သိရမှာပေါ့ဗျာ"

တုပြောလိုက်လေသည်။

သူက တည်ကြည်စွာပြောလိုက်လေ၏။

❖ ❖ ❖

## အခန်း ( ၂ )

# ရှိုင်းပြသောမိန်းကလေး

သိုင်းလောက၌ ထင်ရှားသော သိုင်းသမားကြီးများ အများအပြားရှိနေကြသည့်တိုင် သိုင်းသမားကြီးစီးယင်က ပို၍ထင်ရှားသည်။

သိုင်းသမားကြီးစီးယင် ကျော်ကြားရခြင်းမှာ ဆေးပညာတဘက်ကမ်းခတ် ကျွမ်းကျင်သောကြောင့်ဖြစ်သည်။ ဆေးပညာကျွမ်းကျင်သည့် အကြောင်းရင်းတစ်ခုတည်းကြောင့် ဆိုလျှင်ပြည့်စုံမည်မဟုတ်ပါ။

သိုင်းသမားစီးယင်သည် ရောဂါဝေဒနာခံစားနေရသူများ ကို အခကြေးငွေမယူဘဲ စေတနာထားကာ ဂရုတစိုက်ကုသပေးတတ်သောကြောင့် ထင်ရှားရခြင်းဖြစ်ပါသည်။

ကိုရှောင်၏ဆရာ သိုင်းဆရာလင်းထုန်နှင့် စေတနာသမားတော် (ဝါ) သိုင်းသမားကြီး စီးယင်တို့သည် ခင်မင်ရင်းနှီးသောမိတ်ဆွေများဖြစ်ကြသည်။

ကိုရှောင်သည် သူ၏ကတိအတိုင်း အဖြူရောင်ဝတ်ထားသော လူရွယ်ကိုခေါ်ဆောင်သွားခဲ့သည်။ အဓိကပန်းတိုင်မှာလည်း သမားတော်စီးယင်ပင် မဟုတ်ပါလား။

စေတနာသမားတော်စီးယင်ကလည်း လူနာတစ်ယောက် ရောက်လာသည်နှင့် စေတနာထားကာ ဆေးကုသပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . . အဖြူရောင်ဝတ်ထားသော လူရွယ်မှာ အသက်ဘေးမှ လွတ်မြောက်သွားခဲ့လေတော့သည်။

❖ ❖ ❖

သုံးရက် . . .

စီးယင်ထံရောက်ပြီး သုံးရက်တိတိကြာမြင့်ခဲ့သည်။

သုံးရက်ဟူသောအချိန်ကုန်ဆုံးသွားသောအခါ လူရွယ်မှာ ထူထူထောင်ထောင်ဖြစ်လာသည်။

လူရွယ်သည် ကိုရှောင်ကို အလွန်ပင်ကျေးဇူးတင်နေသည်။

ကိုရှောင်ကလည်း လူရွယ်ကို ကျေးဇူးတင်နေ၏။

"ငါ့ညီနဲ့သာ မတွေ့ခဲ့ယင် ကျုပ်ဟာတောထဲတောင်ထဲက စင်ကျန်ဂိုဏ်းအဆောက်အဦးထဲမှာ သေဆုံးသွားရမှာပဲ၊ ငါ့ညီကျေးဇူးကိုဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး"

ကိုရှောင်က ရယ်မောလိုက်သည်။

"ကျုပ်ကတောင်ပြန်ပြီး ကျေးဇူးတင်ရဦးမှာပါဗျာ"

"ဟေ . . ."

"နောင်ကြီးနဲ့သာမတွေ့ရင် သမားတော်ကြီးရဲ့ မွေးနေ့ကိုအမီ အရောက်လာနိုင်မယ်မထင်ဘူး၊ နောင်ကြီးနဲ့တွေ့ပြီး အချိန်မီဆေးကုနိုင်မှ ဖြစ်မှာဆိုတော့ တက်သုတ်ရိုက်ပြီး လာဖြစ်သွားတာပေါ့"

လူရွယ်က . . .

"ညီလေးက . . . သမားတော်ကြီးဆီကိုလာဖို့ပေါ့ဟုတ်လား"

"ဟုတ်ပါတယ် . . ."

သူ၏ဆရာက သမားတော်ကြီးစီးယင်ထံသို့ မွေးနေ့လက်ဆောင်ပို့ခိုင်းလိုက်သည့် ကိစ္စကိုပြောပြလိုက်သည်။

လူရွယ်ကဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။



"ခြော် . . . ဒီလိုကိုး"

"ဒါကြောင့် ကျုပ်ကကျေးဇူးတင်တယ်လို့ပြောတာပေါ့"

"ညီလေးကလည်း သမားတော်ကြီးဆီကိုလာဖို့ အကြောင်းရှိနေတာ ကျုပ်ကံကောင်းသွားတာပေါ့၊ သည်လိုမှမဟုတ်ရင်တော့ စင်ကျန်ဂိုဏ်းပြဂိုဏ်းကို ချေမှုန်းဖို့ကြိုးစားယင်း တောထဲတောင်ထဲမှာ ကျုပ်သေသွားမှာပဲ၊ လူသူမနီးတဲ့တောထဲမှာ ဘယ်လိုလူမျိုးရောက်လာနိုင်မှာလဲ . . ."

ကိုရှောင်ကသတိထားနေသည့်ကြားမှ လွှတ်ခနဲမေး လိုက်မိသည်။

"နောင်ကြီးဟာ. . . သိုင်းသမား လီအင်းဆိုတာများလားဗျာ"

လူရွယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . . ကျုပ်က လီအင်းပ. ဘာဖြစ်လို့လဲ"

ကိုရှောင် နှစ်ခြိုက်စွာပြုံးလိုက်မိသည်။

"လက်စသတ်တော့ ထင်ပေါ်ကျော်ကြားနေတဲ့ တကယ့်သူရဲကောင်းတစ်ယောက်နဲ့ လာဆုံမိတာကိုး၊ လေးစားပါတယ်ဗျာ၊ တကယ်ကိုလေးစားပါတယ်"

လူရွယ်ကား လျှမ်းလျှမ်းတောက်ကျော်ကြားနေသည့် သိုင်းလောကပျော် သိုင်းလေးဖော်မှ လီးအင်းဖြစ်နေချေသည်တကား၊ ကိုရှောင်လွန်စွာ ကျေနပ်သွားသည်။

လီအင်းသည် မည်သို့သောလူစားဖြစ်ကြောင်းကိုလည်း ကောင်းကောင်းကြီး သဘောပေါက်သွားလေတော့သည်။

လီအင်းက . . .

"ငါ့ညီရဲ့ဆရာ သိုင်းဆရာလင်းထုန်ဟာလည်း သိုင်းလောကမှာ ထင်ရှားတဲ့ သိုင်းဆရာကြီးတစ်ယောက်ပါပဲ၊ လူချင်းမရင်းနှီးပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြားတာနဲ့ ကြည်ညိုလေးစားခဲ့တာကြာပါပြီ၊ တစ်ခါလောက်တော့ ညီလေးဆရာကိုလာတွေ့ပြီး ဂါရဝပြုမယ်လို့စဉ်းစားထားတာ၊ ခုတော့ ဆက်ဆက်လာဖြစ်အောင်လာရတော့မှာပါ၊ အကြောင်းက ပေါင်းဆုံလာပြီကိုး"

ကိုရှောင်က ...

"လာခဲ့ပါဗျာ ... ကျုပ်ဆရာကသဘောကောင်းပါတယ်၊ ဆရာ့ကို အကျိုးအကြောင်းပြောပြပြီး ကျုပ်လည်းစောင့်ကြိုနေပါ့မယ်"

သိုင်းသမား လီအင်းက ...

"ညီလေးကပြန်တော့မလို့လား ..."

"ဟုတ်တယ် ... ဆရာကမွေးနေ့လက်ဆောင်ပို့ပြီးရင် အမြန်ဆုံး ပြန်လာခဲ့ဖို့မှာလိုက်လို့ပါ"

"ဩော် ..."

ကိုရှောင် ပြန်တော့မည်ဆို၍ သိုင်းသမားလီအင်း စိတ်မကောင်း ဖြစ်သွားပုံရှိသည်။

ကိုရှောင်က ရိပ်မိလိုက်သဖြင့် အားပေးစကားပြောလိုက်လေသည်။

"သမားတော်ကြီးက သဘောကောင်းပါတယ်၊ ကျုပ်လည်း သေ သေချာချာပြောထားပါတယ်၊ နောင်ကြီးက သည်မှာတစ်လလောက် တော့နေမှဖြစ်မယ်၊ ဒါမှလည်းဒဏ်ရာတွေ ရှင်းရှင်းလင်းလင်း သက်သာ ပျောက်ကင်းသွားမှာ ဆရာစိတ်ပူနေမှာ စိုးရိမ်လို့သာ ကျုပ်ပြန်ရမှာ။ ဒါမှမဟုတ်ရင် နောင်ကြီးဒဏ်ရာ ပျောက်ကင်းတဲ့အထိနေပါတယ်ဗျာ"

"ရပါတယ် ညီလေးရယ် ကိစ္စမရှိပါဘူး၊ ညီလေး ပြန်မှာသာပြန်ပါ၊ ကျုပ်တို့မကြာခင်ပြန်ဆုံတွေ့ကြဦးမှာပဲ မဟုတ်လား"

နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးလိုက်



မိကြသည်။

သူတို့သည်မမျှော်လင့်ဘဲ တွေ့ဆုံမိကာ ခင်မင်ရင်းနှီးမိခဲ့ကြခြင်းဖြစ်သည်။ အဓိကလူမှာ ကိုရှောင်သာဖြစ်သည်။ ကိုရှောင် မကယ်ခဲ့ပါလျှင် ဤသို့ လီအင်းနှင့် ခင်မင်မှု ရလိမ့်မည်မဟုတ်ချေ။

ကိုရှောင် ပြန်တော့မည်ဖြစ်၍ စေတနာသမားတော် စီးယင်ထံသို့ သွားရောက်နှုတ်ဆက်လိုက်သည်။

စီးယင်က ပြုံးနေ၏။

"မင်းရဲ့ဆရာက ကျုပ်အတွက် မွေးနေ့လက်ဆောင်ပို့ပေးဖို့ သတိရတဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်း ပြောပြလိုက်ပါ"

"ဟုတ်ကဲ့ ..."

"မင်းကကော မင်းဆရာရဲ့ ပညာတွေ အတုန်ရထားပြီး ဟုတ်လား၊ သိုင်းလောကထဲဆင်းပြီး အများအကျိုး မဆောင်ရွက်သေးဘူးလား"

ကိုရှောင် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်ဟာ ဆရာဆီက ပညာရခဲ့တယ်ဆိုပေမဲ့ လိုအပ်ချက်ကလေးတွေရှိနေပါသေးတယ်၊ ဒါကြောင့် အချိန်ပေးပြီး ဆက်လေ့ကျင့်ရပါဦးမယ်၊ တကယ်တမ်း ပညာစုံသွားပြီဆိုမှ သိုင်းလောကထဲဆင်းဖို့ ဖြစ်ပါလိမ့်မယ်"

"ဩော် ... ဩော် ... မင်းဆက်ပြီး ကြိုးစားရဦးမှာပေါ့၊ ကောင်းတယ် ကောင်းတယ်"

"ဟုတ်ပါတယ်ခင်ဗျာ..."

"အေး ... ဆက်ပြီးကြိုးစားပါ၊ သိုင်းဆရာလင်းထုန်ဟာ ငြိမ်အေးအေး နေတယ်ဆိုပေမယ့် သူ့ရဲ့ပညာဟာထိပ်တန်း အဆင့်ထက် အများကြီးကျော်လွန်နေတယ်ဆိုတာ ငါသိတယ်၊ သူ့ရဲ့ပညာအမွေ ဆက်ခံနိုင်မယ်ဆိုယင် မင်းလည်းတစ်နေ့ကျယင် သိုင်းလောက

www.burmeseclassic.com



မှာ ထင်ရှားကျော်ကြားတဲ့ သိုင်းသမားတစ်ယောက်ဖြစ်လာမှာပဲ"

"ဟုတ်ကဲ့ . . . ကျွန်တော်ကြိုးစားသွားမှာပါ၊ ဆရာလည်းရိုးသားကြိုးစားတာကို ကြိုက်ပါတယ်ဗျာ"

သမားတော်စီးယင်၏ မျက်နှာတည်ကြည်လေးနက်သွားသည်။

"အင်း . . . အခုတလော သိုင်းလောက အခြေအနေက သိပ်မကောင်းဘူး၊ စကြာသိုင်းသမားကောင်းပင်ဟာ နယ်ခြားကပြန်လာပြီးတဲ့နောက်ပိုင်း၊ သိုင်းလောကမှာ ခြေသွက်နေတယ်၊ လှုပ်ရှားနေတယ်၊ မကြာခင် သိုင်းလောကတစ်ခုလုံးနဲ့ဆိုင်တဲ့ ပြဿနာကြီးတစ်ခု ပေါ်ပေါက်လာလိမ့်မယ်လို့ ကျုပ်မျက်လုံးထဲမြင်ယောင်နေတယ်"

ကိုရှောင်က သမားတော် စီးယင်ကို တချက်ကြည့်လိုက်မိသည်။

"စကြာသိုင်းသမားဟာ ကျုပ်တို့တိုင်းပြည်ကို ကျူးကျော်ဖို့ကြံစည်နေတဲ့ မန်ချူးနယ်ချဲ့တွေနဲ့ ဆက်သွယ်ခဲ့ပုံရတယ်၊ မန်ချူးတွေဟာ သိုင်းလောကသားတွေရဲ့ စည်းလုံးညီညွတ်မှုအင်အားဟာ သူတို့ ကျူးကျော်လာချိန်မှာ အနှောင့်အယှက်ဖြစ်မှာကို ရှေ့ယခင်ကတည်းက စိုးရိမ်ခဲ့ကြတာ၊ သိုင်းလောကသားအချင်းချင်း ရန်တိုက်ပေးပြီး သိုင်းလောကကို ဖျက်ဆီးပစ်ဖို့ ကြိုးစားခဲ့တာ မကြိမ်ပေါင်းမနည်းဘူး၊ စကြာသိုင်းသမားလို ထင်ရှားတဲ့ သိုင်းသမားကြီးတစ်ယောက်ဟာ မန်ချူးတွေနဲ့ပေါင်းမိပြီဆိုရင် သိုင်းလောကအရေး မတွေးဝံ့စရာပဲ၊ သည်သတင်းတွေကို မင်းရဲ့ဆရာလည်း ကြားမိပြီးသားဖြစ်မှာပါ။ အဲ့ဒီကိစ္စကို သူဘယ်လိုသဘောထားသလဲဆိုတာ ကျုပ်ကိုပြောပြပါဦး"

ကိုရှောင် သက်ပြင်းချလိုက်သည်။

"ဆရာဟာ သိုင်းပညာကိုပဲ အဓိကထားပြီး သင်ပေးခဲ့ပါ



တယ်၊ တခြားကိစ္စတွေပြောဆိုတာ မရှိလို့ ကျွန်တော်လည်းဘာမှ မသိခဲ့ရပါဘူး၊ ဆရာဟာ အင်မတန်နှုတ်နည်းပါတယ်ခင်ဗျာ"

"ဪ . . . ဪ . . ."

သမားတော်စီးယင် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ထားပါတော့လေ . . . ကျုပ်က သိုင်းလောကအရေး ဆွေးနွေးဖို့ သူ့ဆီကို လာခဲ့ပါဦးမယ်လို့ ပြောလိုက်ပါ"

"ကောင်းပါပြီခင်ဗျာ . . ."

အမှန်တော့ . . .

သိုင်းသမားလင်းထုန်သည် သိုင်းလောကအရေးကို မပြောမဟုတ်၊ ပြောခဲ့ပါသည်။ နှုတ်ကတော့နည်းသည်။ စကြာသိုင်းသမားသည် ထင်ရှားသော သိုင်းသမားကြီးတစ်ဦးဖြစ်ပြီး ကြီးကျယ်မြင့်မြတ်လိုသူ တစ်ဦးဖြစ်ကြောင်း ပြောခဲ့ပါသည်။

အခြားသော သိုင်းသမားကြီးများ၊ သိုင်းဂိုဏ်းများကို တော့်ဖြတ်ကာ ထိပ်ဆုံးသို့ ရောက်ရှိနိုင်သူတစ်ဦးလည်းဖြစ်သည်။

စကြာသိုင်းသမား၏ မာနခက်ထန်မှု မောက်မာမှုတို့ကြောင့် သိုင်းလောကသားများက ပတ်သက်ဆက်ဆံခြင်းမပြုတော့ဘဲ ဝေးဝေးရှောင်ရှားကုန်သဖြင့် စကြာသိုင်းသမားမှာ တဖြည်းဖြည်း အထီးကျန်ဆန်လာသည်။

အထီးကျန်ဆန်ခြင်းသည် သူ၏ရည်ရွယ်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသဖြင့် ခါးသီးမှုကို ခံစားလာရသည်။

ထို့ကြောင့် သိုင်းလောကသားများအပေါ် မျက်မုန်းကျိုးကာ နာကြိုးဖွဲ့ခဲ့လေတော့သည်။

ဝါရင့်သိုင်းသမားကြီးများသည် စကြာသိုင်းသမား၏ စိတ်သဘောထားကို တွက်ဆမိကြပြီး တချိန်ချိန်တွင် သိုင်းလောကအား ဒုက္ခပေးနိုင်သူတစ်ယောက်ဟု သတိမှတ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကသားများနှင့် ပို၍ကင်းကွာသွားခဲ့သော စကြာသိုင်းသမားသည်း လူမြင်ကွင်းသို့ မထွက်တော့ဘဲ ဧကစာရီ ချည်းကြီးနေထိုင်ခဲ့သည်။

နောက်ပိုင်းတွင်. . .

စကြာသိုင်းသမားသည် သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့ပြီး ဘယ်ရပ်ဘယ်ဆီ ရောက်နေသည်ကို စုံစမ်းမရတော့အောင် ဖြစ်သွား၏။ ဝါရင့်သိုင်းသမားကြီးများသည် စကြာသိုင်းသမား ဤသို့ပျောက်ကွယ် သွားခြင်းမှာ မကောင်းသော လက္ခဏာမှန်းသိကြသည်။

ယခုတစ်ကြိမ် စကြာသိုင်းသမား၏ သတင်းပြန်လည်ပေါ် ပေါက်လာခဲ့သည်မှာ မကြာသေးပေ။

လွန်ခဲ့သော ခြောက်လခန့်ကမှ နယ်ခြားသို့သွားသော လမ်းခရီးတွင် စကြာသိုင်းသမားကို တွေ့မြင်ခဲ့ကြခြင်းဖြစ်သည်။

စကြာသိုင်းသမားမှာ နယ်ခြားမှပြန်လာခဲ့ခြင်းဖြစ်ကြောင်း သတင်းများထွက်ပေါ်လာသည်။

ထို့နောက်ပိုင်းတွင် . . .

စကြာသိုင်းသမားသည် အကျင့်ပျက်သူများ၊ အောက်လမ်းသိုင်း သမားများ၊ လူဆိုးဓားပြများ အားစည်းရုံးသိမ်းသွင်းကာ သိုင်းလောကအား နှောင့်ယှက်ဖျက်ဆီးရန် စိုင်းပြင်းနေသည်ဟူသော သတင်းများ အဆက်မပြတ်ထွက်ပေါ်လာခဲ့လေတော့သည်။

ဤသည်မှာ စကြာသိုင်းသမား၏ မကောင်းသတင်းများဖြစ်သည်။ ထို့ကြောင့် သိုင်းလောကသားများက စကြာသိုင်းသမားအနေဖြင့် လှိုပုံအလယ်သို့ထွက်ကာ ထွက်ပေါ်နေသောသတင်းများနှင့် ပတ်သက်ပြီး ဖြေရှင်းစေလိုကြသည်။

သို့သော် . . . စကြာသိုင်းသမားသည် လုံးဝထွက်ပေါ်လာ



ခြင်း မရှိဘဲ ငုပ်လျှိုးပျောက်ကွယ်နေသည်။

ကိုရှောင်သည် သမားတော်စီးယင်က အခြားသောသိုင်းလောကသားများနည်းတူ စကြာသိုင်းသမားနှင့် ပတ်သက်ပြီး စိုးရိမ်မှုများ ရှိနေကြောင်း သိလိုက်ရသော်လည်း သူ့အနေနှင့် ဝေဖန်သုံးသပ်ပြော ဆိုခြင်းမျိုး မပြုလုပ်သင့်ဟု နားလည်ထားခြင်းကြောင့် ဘာမှမပြောဘဲ နေလိုက်ခြင်းဖြစ်ပါသည်။

သမားတော်ကြီးစီးယင်က . . .

"သိုင်းသမားလီအင်းအတွက် မောင်ရင်လေး စိတ်ချပြီး သွားနိုင်ပါတယ်။ ကျုပ်က သူ့ကို ကူညီခွင့်ရတာကို အထူးပဲဝမ်းသာဂုဏ်ယူမိပါတယ်၊ သူဟာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ လူငယ်သိုင်းသမား တစ်ယောက်ပါပဲ၊ နောင်တချိန် သိုင်းလောကကို ဦးဆောင်နိုင်မယ့် လူတစ်ယောက်ဖြစ်လာမှာလည်း သေချာပါတယ်၊ ကျုပ်ဂရုစိုက်လိုက်ပါ့မယ်"

"ကျေးဇူးပါပဲ . . . ခင်ဗျာ"

ကိုရှောင်လည်း သမားတော်စီးယင်ကို နှုတ်ဆက်ကာထွက်လာခဲ့လေတော့သည်။

သမားတော်စီးယင် နေထိုင်သော ကျေးရွာလေးသည် အနောက်အဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

ကိုရှောင်က အပြန်ခရီးကို မှန်မှန်ပင်နှင်ခဲ့သည်။

ဆရာဖြစ်သူ၏ တာဝန်ပေးမှုဖြင့် သမားတော်စီးယင်အတွက် မွေးနေ့လက်ဆောင်သွားပေးယင်း သိုင်းသမားလီအင်းနှင့် မမျှော်လင့်ဘဲ တွေ့ဆုံမိပြီး ကူညီနိုင်ခဲ့သည်မှာ ဝမ်းသာစရာအဖြစ်အပျက်ပင်။

ကိုရှောင်၏ အပြန်ခရီးတွင် သူသည် စိတ်ထဲကြည်လင်ရွှင်ပျ ဘာ ပေါ့ပါးလန်းဆန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောက်ဝသော နေရောက်ခြည်အောက်တွင် ပတ်ဝန်းကျင်တစ်ခုလုံး သာသာလှပနေသည်။

"ခွပ်ခွပ် . . . ခွပ်ခွပ် . . . "

"ခွပ်ခွပ် . . . ခွပ်ခွပ် . . . "

သွားနေသည့် မြင်းခွာသံများသည်လည်း စီးချက်ဝါးချက်ညီညီ ထွက်ပေါ်နေသည်။

ကိုရှောင်သည် မြင်းကို အသာလေးစီးနင်းရင်း မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာတော့သည်။

"သည်မြို့မှာ ခဏနားပြီးတာနဲ့ ခရီးဆက်ရမယ်၊ ဒါမှ ဆရာ့ဆီကို ခပ်စောစောပြန်ရောက်သွားနိုင်မယ်"

သူ၏တာဝန်မှာ ပြီးဆုံးသွားပြီဖြစ်၍ ဆရာ့ထံသို့ အမြန်ဆုံး ပြန်လိုစိတ်များ ဖြစ်ပေါ်နေသည်။

စားသောက်ဆိုင်တစ်ဆိုင်၌ ရပ်နားကာ စားသောက်လိုက်သည်။

စားသောက်ပြီးသည်နှင့် အနားမယူတော့ပဲ ဆိုင်ထဲမှထွက်လာရာ ဆိုင်တံခါးဝ၌ ဆိုင်ထဲလှမ်းဝင်လာသူတစ်ဦးနှင့် ဝင်တိုက်မိမလို ဖြစ်သွားသည်။

ကိုရှောင်သည် သိုင်းသမားလီအင်း နှင့်ဆုံတွေ့မိခဲ့ပုံကို ပြန်ပြောင်း အမှတ်ရလိုက်မိသည်။

သိုင်းသမားလီအင်းက ဝင်တိုက်မိမလို ဖြစ်ရသည်ကို နှိမ်ချကာ တောင်းပန်စကားဆိုခဲ့သည် မဟုတ်ပါလား။

လီအင်း၏ ရည်မွန်မှုကြောင့် စိတ်ကြည်ခင်ခဲ့ရသည် မဟုတ်ပါလား။

ယခုမူ . . .

"ရှင့် . . . သေချင်လို့လား"



အော်ငေါက်သံထွက်ပေါ်လာသည်။

ကိုရှောင် ကြည့်လိုက်သေသာအခါ မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

မိန်းကလေးသည် ဝယ်ရွယ်နုပျိုပြီး ချောမောလှပသူလေး ဖြစ်နေပါသည်။

သို့သော် . . .

"ရှင် . . . ဒုက္ခရောက်ချင်ပြီထင်တယ်၊ ခုထိလမ်းမဖယ်သေးဘူးလား"

မိန်းမချောလေးက အော်ငေါက်ရင်း လျှပ်တစ်ပြက် ပါးရိုက်ချလာလေ၏။

သူမ၏လှုပ်ရှားမှုကား လျှပ်ပြက်သကဲ့သို့ လျင်မြန်နေပါသဖြင့် ကြောင်အမ်းအမ်းဖြစ်နေသော ကိုရှောင်မှာ ရှောင်တရက်ရှောင်တိမ်းဖို့ အချိန်မရလိုက်တော့ချေ။

"ဖြန်း . . . "

မိန်းမချောလေး၏ လက်ဝါးစာမိကာ ပါးပြင်တစ်ဖက်နီရဲထူပူသွားသည်။

ပါးရိုက်ခံလိုက်ရမှ သတိဝင်လာကာ နောက်ဆုတ်လိုက်မိလေ၏။

"မင်း . . . မင်း . . . "

မိန်းမချောလေး မဲ့ပြုံးပြုံးလိုက်သည်။

"ဒါနမူနာပဲရှိသေးတယ်၊ ကျွန်မကို နှောင့်ယှက်ရင် သည်ထက်ပိုနာမယ်"

သူမသည် ကိုရှောင်ကိုဂရုမစိုက်တော့ဘဲ ဆိုင်ထဲသို့ဆက်၍ ဝင်သွားရန် ဟန်ပြင်လိုက်သည်။ အလွန်မောက်မာသော မိန်းကလေး ပင်တည်း။ သာမန်အရပ်သူများသည် ဤကဲ့သို့ လုံးဝမကြမ်း[illegible]

www.burmeseclassic.com



ကိုရှောင်က လမ်းပိတ်ဟန့်တားလိုက်သည်။

"ရှင် . . . ရှင် . . ."

မိန်းမချောလေးပို၍ ဒေါသထွက်သွားသည်။

ကိုရှောင်က . . .

"ကျုပ်က ဆရာ့ဆီကို အမြန်ဆုံးရောက်အောင် ပြန်ရမှာ၊ ဒီ ကြောင့် အလောတကြီးဆိုင်ထဲကထွက်လိုက်မိလို့ဝင်တိုက်မိမလို ဖြစ်သွားတာကို မင်းကဘာကြောင့် ကိုယ်ထိလက်ရောက်စော်ကားရ တာလဲ၊ ကျုပ်က မင်းကို ဝင်တိုက်မိသေးလို့လား၊ မင်းရဲ့လုပ်ရပ်က အတော့်ကို ရိုင်းတာပဲ"

မိန်းမချောလေး ရယ်မောလိုက်သည်။

"ကျွန်မ ရှောင်ကွမ်းအတွက် ဒါမျိုးတွေ ရိုးနေပါပြီရှင်၊ ရှင်က ရမလားလို့စမ်းကြည့်ပြီး မရတော့မှ တစ်မျိုးပြောချင်တာလား"

"မင်း . . . မင်း . . ."

"ဘာလဲ . . . ရှင်မကျေနပ်ဘူးလား"

သူမသည် ခါးထောက်ကာ မျက်နှာထားတင်းတင်းဖြင့် ဆက် ပြောလေသည်။

"ရှင်က . . . မကျေနပ်ဘူးဆိုရင် ဘယ်လိုဖြေရှင်းချင်သလဲ ပြောပါ"

ကိုရှောင် ပိုပြီးဒေါသထွက်သွားမိသည်။ လူအများက ဝိုင်း ကြည့်နေကြသည်ဖြစ်ရာ ရှက်လည်းရှက်သွားသည်။

ထို့ကြောင့် . . .

"ဟုတ်တယ် . . . မင်းနဲ့ဖြေရှင်းရမှ ကျုပ်ကျေနပ်မယ်၊ ဆိုင် အပြင်ဘက်ထွက်ခဲ့ပါ"

ကိုရှောင် သည်ဆိုင်ထဲမှ ထွက်သွားလေ၏။

"စိတ်ချ . . . ရှင့်ကို ဆုံးမပြမယ်"



မိန်းကလေးကလည်း ရယ်ရယ်မောမော ဖြင့်လိုက်လာသည်။

ကိုရှောင်နှင့် မိန်းမချောလေးတို့ဖြစ်ရပ်ကြောင့် လူအများဝိုင်း ကြည့်နေကြသည်။

ကိုရှောင် ရှက်လည်းရှက်၊ ဒေါသလည်းထွက်နေမိသည်။

လမ်းပေါ်သို့ရောင်သွားလျှင် ခြေလှမ်းရပ်ကာ လိုက်ပါလာ သော မိန်းကလေးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

သူ၏ မျက်နှာနီရဲခက်ထန်နေသည်ကိုကြည့်ကာ မိန်းကလေး လှောင်ပြုံးပြုံးနေ၏။

သူမသည် လှပချောမောသည့် မိန်းကလေးတစ်ယောက်ဖြစ် သော်လည်း မာန်မာန ခက်ထန်ပုံရ၏။

သူမ၏ ဝတ်စားဆင်ယင်ပုံနှင့် ခါး၌ချိတ်ဆွဲထားသောဓားတို ကြည့်ခြင်းဖြင့် သိုင်းပညာတတ်မြောက်ထားသူတစ်ယောက် ဖြစ် ကြောင်းလည်း ထင်ရှားနေသည်။

"ကဲ . . . ရှင်ဘယ်လို ဖြေရှင်းချင်သလဲ"

မိန်းကလေးက မေးလာ၏။

ကိုရှောင်က . . .

"ကျုပ်က မတော်တဆ ဝင်တိုက်မိမလိုဖြစ်သွားတာ၊ ကျုပ် ဘက် ကမှားတယ်ဆိုရင် တောင်းပန်ဖို့ အသင့်ပဲဆိုတာ မှတ်ထားပါ"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"သိပ်ကောင်းတာပေါ့ရှင် . . ."

ကိုရှောင်က . . .

"မတော်တဆဖြစ်တဲ့ကိစ္စမှာ ရမ်းကားတဲ့သဘောနဲ့ ကျုပ်ကို ပါး ရိုက်ခဲ့တဲ့အတွက် ကျုပ်ကိုပြန်ပြီး တောင်းပန်ရမယ်"

ဝိုင်းကြည့်နေကြသောသူများသည် ကိုရှောင်နှင့် မိန်းကလေး တို့ အဖြစ်ကို စိတ်ဝင်စားနေကြသည်။ ခွေးနှစ်ကောင် ကိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



ကိုပင် စိတ်ဝင်စားကြသော အရပ်သားများမှာ ဤသို့ လူငယ်နှစ်ဦး၏ ရန်ပွဲကို အဘယ်မှာ လျှင်စိတ်မဝင်စားဘဲ နေလိမ့်မည် နည်း။

အဖြစ်အပျက်ကို တွေ့မြင်ထားကြသူများက ကိုရှောင်၏ အမှားမဟုတ်ဘဲ မတော်တဆသာဖြစ်ပြီး မိန်းကလေးပါးရိုက်လိုက်ခြင်းက လွန်နေသည်ဟု သဘောထားကြသည်။ အများအမြင်တွင် မိန်းကလေးအလွန်ပင်၊

ကိုရှောင်၏စကား အဆုံးတွင် မိန်းကလေးရယ်မော လိုက်လေ၏။

"ကျွန်မက မတောင်းပန်ဘူးဆိုရင်ကော ..."

ကိုရှောင်က ...

"ဒါဆိုရင်တော့ ...မင်းကိုဆုံးမရမှာပေါ့"

မိန်းကလေးခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ ... ရှင့်မှာ ဘယ်လောက်များအစွမ်းအစရှိသလဲ ကြည့်သေးတာပေါ့"

ကိုရှောင်က ...

"ကျုပ်က ညာမှာမဟုတ်ဘူးနော်၊ ကျုပ်ကို ပေါ့ပေါ့တန်တန်သဘောထားရင် မင်းဒုက္ခရောက်သွားလိမ့်မယ်"

"ကိစ္စမရှိဘူး"

"နေဦး ...မင်းကိုကျုပ်ပြောပြရဦးမယ်၊ ကျုပ်နာမည် ကိုရှောင် လို့ခေါ်တယ်၊ သိုင်းဆရာလင်းထုန်ရဲ့တပည့်ပဲ၊ ပြီးမှ ကျုပ်က အနိုင်ကျင့်တယ်လို့ မပြောရဘူး"

မိန်းကလေးနှာခေါင်းရှုံ့လိုက်သည်။

"စကားရှည်လိုက်တာ၊ ရှင်ကဘယ်သူ့တပည့်ပဲ ဖြစ်ဖြစ် အရေး မကြီးဘူး၊ ကျွန်မရဲ့ အကျီစကို ထိအောင် တိုက်ခိုက်နိုင်ယင် ရှင့်ကို တောင်းပန်လိုက်မယ်"



မိန်းကလေးက အော်ပြောလိုက်သည်။

"ကောင်းပြီလေ ...မင်းဘယ်လောက် မောက်မာနိုင်မလဲ ကြည့်ကြသေးတာပေါ့၊ သတိသာထားပေတော့ ..."

စကားဆုံးလျှင် လက်ဝါးနှစ်ဖက်အသုံးပြုကာ စတင်တိုက်ခိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

## အခန်း ( ၃ )

# နှလုံးသားချင်း နားလည်မှု

စားသောက်ဆိုင်ရှေ့ လမ်းမပေါ်၌ တိုက်ပွဲတစ်ပွဲ ဖြစ်ပေါ်လာသည်။

လမ်းသွားလမ်းလာများ ရုတ်ရုတ်သဲသဲဖြစ်ကာ နောက်ဆုတ်သွားကြသော်လည်း မလှမ်းမကမ်းမှနေပြီး အကဲခတ်ကြည့်နေကြ၏။

မြို့လယ်ကောင် လမ်းလယ်ကောင်၌ တိုက်ပွဲဖြစ်ပေါ်လာသဖြင့် စိတ်ဝင်စားမိကြမည်မှာ အသေအချာပင်။

လူအများရှေ့တွင်ဖြစ်နေ၍ ကိုရှောင်မှာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ကာ သိုင်းဆရာလင်းထုန် သင်ကြားပေးထားသည့် သိုင်းကွက်များ ထုတ်ဖော်ကာ တိုက်ခိုက်လိုက်သည်။

သူ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။ သူသည် သူ့ပညာ၏ အတိုင်းအဆကို မသိရှိတော့ပေ။

မိန်းမချောလေးသည် ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိသည့် အပြင် ရယ်မောလိုက်သည်။

"ရှင့်ပညာ မဆိုးပါဘူး၊ ဒါပေမဲ့ . . . ကျွန်မပြောခဲ့သလိုပါပဲ၊ ကျွန်မရဲ့ အင်္ကျီစကိုတောင် ထိအောင် တိုက်ခိုက်နိုင်ပါမလားရှင်"

"ကျုပ်က . . . ဘာကြောင့် မတိုက်ခိုက်နိုင်ရမှာလဲ"



ကိုရှောင်က ဒေါသတကြီးဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

"ဟူး . . . ဟူး . . . ဟူး . . . "

သူ၏ လက်ဝါးနှစ်ဖက်ကို ရိုက်ထုတ်လိုက်သောအခါ၊ လေပွေလှိုင်းများ ဖြစ်ပေါ်လာသည်။

ထိုလေပွေလှိုင်းများသည် မိန်းကလေး၏ အဝတ်အစားများကို တဖျပ်ဖျပ် လှုပ်လွန့်သွားစေသည်။

မိန်းမချောလေးသည် တစ်ချိန်လုံး ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းနေရာမှ ကိုရှောင်က ပြင်းပြင်းထန်ထန်တိုက်ခိုက်လာသော အခါ ရှောင်တိမ်းရန် ခက်ခဲသွားသည့်၊ ထို့ကြောင့် လက်ဝါးနှစ်ဘက်ကို ဆန့်ထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

ပေါ့ပေါ့တန်တန်သဘောထားကာ ရှောင်တိမ်းနေမည်ဆိုပါက ကိုရှောင်၏ လက်ချက်ဖြင့် ဒုက္ခရောက်သွားနိုင်သည် မဟုတ်ပါလား။

မိန်းမချောလေး ပြန်လည်တိုက်ခိုက်လိုက်သည်နှင့် . . .

"ဝုန်း . . . "

ကျယ်လောင်သော အသံထွက်ပေါ်လာကာ ကိုရှောင်မှာ နောက်သို့ လွင့်စင်သွားလေတော့သည်။

တိုက်ပွဲကား ပြီးဆုံးသွားလေပြီ။

ကိုရှောင်မှာ မိန်းမချောလေးအား မယှဉ်နိုင်ဘဲ အရှုံးနိမ့်သွားပြီ ဖြစ်ပါသည်။

ကိုရှောင်သည် မြေပေါ်လဲကျနေရာမှ လူးလိမ့်ထလိုက်သည်။

မိန်းမချောလေးအား အထိတ်တလန့်ကြည့်မိသည်။

မိန်းမချောလေးက သွားတက်ကလေးများပေါ်လာအောင်ပြုံး

www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။

"ဪ . . . ရှင်ဘာပြောချင်သေးလဲ"

"မင်း . . . မင်း . . ."

"ရှင် မူးသွားပြီ"

"တောက် . . ."

ကိုရှောင် ဒေါသတကြီး တက်ခေါက်လိုက်မိ၏။

"ရှင် . . . ဘယ်လောက်ပဲဒေါသကြီးကြီး၊ မကျေမနပ်ဖြစ်ဖြစ် ကျွန်မကို မယှဉ်နိုင်ဘူးမဟုတ်လား၊ ဒါကြောင့် . . . ရှင့်ပါးရိုက်ခံလိုက်ရတာကို ကျေကျေနပ်နပ် ခံယူလိုက်ပေါ့ရှင်၊ အဲ့ဒါ တရားမျှတတယ်ရှင့်"

စတင်စော်ကားသူက တရားမျှတမှုကိုပြောနေသည်။

"တော်က် . . . မင်းကိုကျုပ် ဘယ်တော့မှ မမေ့ဘူးဆိုတာ မှတ်ထားပါ"

ကိုရှောင်က ကြုံးဝါးပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်။

❖ ❖ ❖

ည . . .

ကောင်းကင်၌ လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ကိုရှောင်က ကျောက်တုံးကြီးတစ်လုံးပေါ်၌ မလှုပ်မယှက်ထိုင်ကာ လဝန်းကို ငေးမောကြည့်နေမိ၏။ သူ၏မျက်လုံးထဲ၌ လဝန်းကြီး အစား ချောမောလှပသော မိန်းကလေး၏ မျက်နှာက မြင်ယောင်နေ၏။ ထိုမိန်းကလေးသည် သူ့အားအထင်သေးခဲ့သည့် အပြင် လူကြားသူကြားထဲ၌ အရှက်ခွဲခဲ့သည်မဟုတ်ပါလား။



ထိုမိန်းကလေးအား ပြန်ပြီးဆုံးမရမှသာလျှင် သူကျေနပ်နိုင်ပေလိမ့်မည်။

"တောက် . . . သင်းကိုငါ ဘယ်တော့မှ မကျေဘူး"

ကိုရှောင်က ကြုံးဝါးလိုက်၏။

သူသည် သိုင်းဆရာလင်းထုန်၏ တပည့် ဖြစ်သော်လည်း ပညာ သင်နေဆဲဖြစ်ကာ သိုင်းလောကသို့ ခြေမချနိုင်သေးပါ။ သူ ပညာမပြည့် စုံသေးသည်ကို သူကောင်းစွာသိပါသည်။ သူခရီးထွက်ခဲ့ရခြင်းမှာ ဆရာ၏ စေခိုင်းချက်ကြောင့် သမားတော်စီးယင်၏ မွေးနေ့အတွက် လက်ဆောင်သွားပေးရခြင်းဖြစ်ပါသည်။

သူ၏ သိုင်းဆရာလင်းထုန်မပါဘဲ တစ်ယောက်ထည်း ခရီးထွက်လာခဲ့ခြင်းဖြစ်ပါသည်။

သိုင်းလောကခရီး၌ မမျှော်လင့်ဘဲ ရန်ငြိုးရန်စ ဖြစ်ပေါ်လာခဲ့ချေပြီ။

သိုင်းသမားလီအင်း နှင့် မိတ်ဆွေဖြစ်ရခြင်းက အမြတ်ထွက်ခဲ့ပြီး မိန်းမချောလေးနှင့် ရန်သူဖြစ်ရခြင်းက ခါးသီးစရာကောင်းသောကိစ္စ ဖြစ်နေပါတော့သည်။

ကိုရှောင်သည် ထွက်ပြေးလာရင်း လမ်းတစ်လျှောက် လှောင်ပြောင်ပြောဆိုသော စကားသံများကိုနားထဲမှ မထွက်နိုင်အောင်ဖြစ်နေမိသည်။

"တော်တော် အသုံးမကျတဲ့ကောင်၊ မိန်းကလေးတစ်ယောက်ကိုတောင် မယှဉ်နိုင်ဘူး"

"အရှက်မရှိဘဲ မိန်းကလေးကို မမြင်ချင်ဟန်ဆောင်ပြီး ဝင်တိုက်တာကိုး၊ ပါးရိုက်ခံရတာတောင် နည်းသေးတယ်"

"သည်ကောင်ဟာ မိန်းမချော၊ မိန်းမလှလေးတွေမြင်သင့် အရောတဝင်လုပ်ဖို့ ကြိုးစားတတ်တဲ့ကောင်ပဲ ဖြစ်မယ်၊ အဲ့ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရပြီ . . . ”

ထိုစကားများသည် နားထည်းသို့ သံရည်ပူဖြင့်လောင်းချလိုက် သကဲ့သို့ အခံရခက်လှသည်။

သူတို့ပြောသလို သူအခွင့်အရေးယူခဲ့သည်လား၊ မဟုတ်ပါ။

မေ့ဘာတဲ့ အပြောခံရသည်က အဆိုးဝါးဆုံးမဟုတ်ပါလား။

ကိုရှောင်သည် ဆရာဖြစ်သူထံပင် မပြန်နိုင်တော့ဘဲ ခြေဦးတည့်ရာ ထွက်လာမိသည်။

ကိုရှောင်သည် ကျောက်တုံးကြီးပေါ်၌ ထိုင်ကာ တွေးတောရင်း ဒေါသဖြစ်နေသည်။

ထိုစဉ် . . .

“ဟူး . . . ဟူး . . . ဟူး . . . ”

အဝတ်အစား လေတိုးသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လူရိပ်များသည် ဟိုမှသည်မှ ပြေးလွှားလာကြပြီး ကိုရှောင်ထိုင်နေသည့် ကျောက်တုံးကြီးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြသည်။

ကိုရှောင်က မလှုပ်မယှက် ထိုင်နေခြင်းကြောင့် သူကိုယ်တိုင်းလည်း ကျောက်တုံးတစ်တုံးပမာ ဖြစ်နေသည်။ ထိုလူများသည် သူ့ကိုလာရောက်ဝိုင်းရံခြင်းတော့မဟုတ်ပေ။

သူ့ကိုလည်း သည်မှာလူတစ်ယောက် ထိုင်နေပါလားဟူ၍လည်း သတိပြုမိကြမည် မဟုတ်ချေ။

ကိုရှောင်သည် မျက်မှောင်ကုပ်ကာ ထိုလူများအား ကြည့်နေမိသည်။

ထိုသူများမှာ အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားကြကာ၊ လက်နက်ကိုယ်စီ ဆောင်ထားကြ၏။



ညအချိန်မတော် လှုပ်ရှားနေသူများဖြစ်၍ လူကောင်းများမဖြစ်နိုင်ဟု ကိုရှောင်တွေးလိုက်သည်။

ထိုလူများ အနက်ခေါင်းဆောင်ဖြစ်ဟန်ရှိသူက . . .

“ရှူး . . . ”

လေချွန်သံ တစ်ချက်ပေးကာ လက်ဝှေ့ယမ်းပြလိုက်သည်။

အနက်ရောင် ဝတ်ဆင်ထားကြသူများသည် ချက်ချင်းလူစုခွဲလိုက်ခဲ့ကြသည်။

သစ်ပင်ချုံနွယ်များ၊ ကျောက်တုံးများနောက်သို့ခုန်ဝင်ကာ အလျှိုလျှို ပျောက်ကွယ်သွားကြသည်ကို ကိုရှောင် စိတ်ဝင်စားသွားလေတော့၏။

“သည်လူတွေ မဟုတ်တာတစ်ခုခုလုပ်ဖို့ ကြံစည်နေကြတာပဲ သူတို့အမူအရာက ခိုးကြောင်ခိုးဝှက်နဲ့ . . . ”

ကျောက်တုံးပေါ်၌ ဆက်၍ထိုင်နေလျှင် အန္တရာယ်ရှိနိုင်မှန်းဆင်ခြင်မိကာ ကပျာကယာ ကျောက်တုံးကြီးအနောက်ဘက်သို့ ခုန်ဆင်းပြီး ပုန်းအောင်းနေလိုက်သည်။

ကိုရှောင် ကျောက်တုံးကြီးနောက်သို့ ရောက်သွားပြီး မရှေးမနှောင်းမှာပင် . . .

“ဟူး . . . ဟူး . . . ဟူး . . . ”

အဝတ်အစားလေတိုးသံများနှင့်အတူ လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်လေတော့သည်။

လရောင်အောက်တွင် ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပသည်။

ကျောက်တုံးကြီးနောက်ကွယ်မှ ချောင်းကြည့်နေသော ကိုရှောင်သည် ရောက်ရှိလာသူအား မြင်တွေ့လိုက်ရလျှင် အံ့သြ မှင်တက်မိသွားသကဲ့သို့ . . . ဟောင်း ဖြစ်သွားလေတော့သည်။

www.burmeseclassic.com



နတ်ဘိမယ်လေးအလာ ချောမောလှပသော မိန်းကလေးတစ်ယောက်သည် တောအုပ်ထဲမှ မြေကွက်လပ်သို့ ရောက်ရှိလာသည်ကို ကိုရှောင် တွေ့ရသည်၊ ထို့ကြောင့် ကိုရှောင်အလွန်အံ့ဩသွားလေတော့၏၊ အဘယ်ကြောင့်ဆိုသော် . . . ဘာကိုမှ အမှုထားဟန်မရှိသော မိန်း ကလေးသည် ကိုရှောင်အား ပါးရိုက်ခဲ့သည်၊ မာန်မာနခက်ထန်သော မိန်းကလေး ဖြစ်နေသောကြောင့်တည်း။

"သင်းတို့ . . ."

ကိုရှောင် ဒေါသဖြစ်လာတော့သည်။

ကျောက်တုံးနောက်ကွယ်မှ ထွက်ကာ ရုတ်တရက် တိုက်ခိုက်လိုစိတ်များလည်း ဖြစ်ပေါ်လာသည်။

သို့သော် . . .

ကိုရှောင် ပုန်းကွယ်ရာမှ မထွက်ဖြစ်ပါ။

သူ၏သိုင်းပညာဖြင့် မိန်းမချောလေးအား မယှဉ်နိုင်မှန်း သိထား၍လည်း မဟုတ်ပါ။

အနက်ရောင်ဝတ်ဆင်ထားသူများကြောင့် မထွက်ခြင်းဖြစ်ပါသည်။

အနက်ရောင်ဝတ်ဆင်ထားကြသူများသည် ထိုမိန်းမချောလေးအား ဒုက္ခပေးကြမည်မှာ သေချာနေ၏။

"သူတို့ ဘယ်လိုပတ်သက်နေတယ်ဆိုတာ သိရအောင်အခြေအနေစောင့်ကြည့်ဦးမှပဲ . . ."

ထိုစဉ် မိန်းမချောလေးထံမှ ရယ်မောသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"တော်တော်ရယ်စရာကောင်းတဲ့ လူတွေပဲ၊ သည်နယ်တစ်ဝိုက်မှာ ဆိုးသွမ်းသောင်းကျန်းနေတဲ့ ဘီလူးနက်ဂိုဏ်းတဲ့လား ဒိဂိုဏ်းကို ဆုံးမနှိမ်နင်းဖို့ ရောက်လာကြတဲ့ အထက်လမ်းသိုင်းသမား



ကြီးတွေကို တောင် ဒုက္ခရောက်အောင် လုပ်နိုင်တယ်ဆိုပြီး လက်ခံထောင်နေကြတဲ့ လူတွေ၊ ခုတော့ခိုးကြောင် ခိုးဝှက်နဲ့ ပုန်းနေကြတာ ဘယ်လိုသဘောလဲ၊ သတ္တိမရှိတဲ့ လူကြောက်တွေ၊ ထွက်လာကြစမ်း"

သူမ၏စကားသည် တစ်ဖက်သား မခံနိုင်အောင် တမင်ပြောဆိုလိုက်သောစကားမျိုးဖြစ်နေသည်။

သူမ၏စကားဆုံးသည်နှင့် . . .

"ဝှစ် . . . ဝှစ် . . . ဝှစ် . . ."

စူးရှသော လေတိုးသံများနှင့် အတူလက်နက်ပုန်းကလေးများ လွင့်ပျံလာသည်၊ ထိုအခါ မိန်းမချောလေးက ရယ်မောလိုက်လေတော့၏။

"ရှင်တို့ရဲ့ လက်နက်ပုန်းက မဆိုးပါဘူး ဒါပေမဲ့ ဘုန်းကိုထိအောင် ပစ်နိုင်ပါ့မလား . . ."

ပြောရင်းလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်၊ လွင့်ပျံလာသော လက်နက်ပုန်းလေးများအား ဖမ်းယူထားပြီးသား ဖြစ်သွားတော့သည်။

သူမသည် လက်နက်ပုန်းကလေးများကိုဖမ်းယူပြီးသည်နှင့် ချက်ချင်းပြန်လည်ပစ်လိုက်၏။

"ရှင်တို့လက်နက်ပုန်းတွေကို ရှင်တို့ပြန်ယူလိုက်ကြပါရှင် . . ."

လက်နက်ပုန်းကလေးများသည် အရပ်လေးမျက်နှာသို့ လွင့်ပျံသွား၏။

"အား . . ."

"အမေလေး . . ."

"သေပါပြီဗျ . . ."

စူးရှသော အော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကြည့်နေသော ကိုရှောင် မဲ့ပြုံးပြုံးလိုက်၏။

"တော်တော်ရမ်းကားတဲ့ မိန်းကလေးပဲ"

ဟုလည်း စိတ်ထဲမှ အပြစ်တင်လိုက်လေသည်။

ထိုစဉ် ...

"တိုက်ကြဟေ့ ..."

"သေပေတော့ ..."

အော်ဟစ်သံများနှင့်အတူ ပုန်းအောင်းနေသူများ ပြေးထွက်လာကြပြီး မိန်းမချောလေးအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

မိန်းမချောလေးသည် အများနှင့် တစ်ယောက်ဖြစ်နေသော်လည်း ကြောက်ရွံ့ခြင်းမရှိသည့်အပြင် လှောင်ပြောင်ပြောဆိုလိုက်လေသည်။

"ရှင်တို့လူ ... ဒါအကုန်ပဲလား"

သူမသည် ရှေ့ဆုံးမှ ပြေးဝင်လာသူ၏လက်ထဲမှ ဓားကိုလုယူကာ ပြန်လည်ခုတ်ချပစ်လိုက်လေသည်။

"အား ..."

ထိုလူမှာ မိန်းမချောလေးကို မယှဉ်နိုင်ဘဲ စူးရှစွာ အော်ဟစ်ကာ မြေပေါ်လဲကျသွားတော့သည်။

မိန်းမချောလေး၏ လက်ထဲ ဓားတစ်လက်ရောက်ရှိသွားသည်မှာ အနက်ရောင်သိုင်းသမားများအတွက် အန္တရာယ်ဖြစ်နေပါတော့သည်။

မိန်းမချောလေးသည် ညှာတာထောက်ထားမှုမရှိပါ။ ပြင်းပြင်းထန်ထန် တိုက်ခိုက်ပစ်လိုက်လေသည်။

"အား ..."

"အမေလေး ..."



"သေပါပြီဗျ ..."

စူးရှသောအော်ဟစ်သံများနှင့် အတူအနက်ရောင်ဝတ်ဆင်ထားကြသူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြသည်။

အနက်ရောင်ဝတ်ဆင်ထားကြသူများမှာ မိန်းမချောလေးအား မယှဉ်နိုင်မှန်းသိသောအခါ ဆက်၍မတိုက်ခိုက်ဝံ့ကြတော့ပဲ အလန့်တကြား နောက်ဆုတ်သွားကြသည်။

မိန်းမချောလေးက လှမ်းအော်လိုက်သည်။

"ဘယ်လိုလဲ ... ရှင်တို့ ကြောက်နေကြပြီလား"

အနက်ရောင်ဝတ်ဆင်ထားကြသူများ တုတ်တုတ်မျှမလှုပ်ကြချေ။

ကိုရှောင်တွေဝေသွားသည်။

"သည်လူတွေ မတိုက်ခိုက်ဘဲ နေကြတာ အကြောင်းရှိလိမ့်မယ်"

ထိုစဉ် ...

"ဟား ... ဟား ... ဟား ..."

ကျယ်လောင်သော ရယ်မောသံထွက်ပေါ်လာသည်။ အနက်ရောင်ဝတ်ထားသူ နှစ်ယောက် သစ်ပင်များကြားမှ ခုန်ထွက်လာကြတော့သည်။

ထိုလူနှစ်ယောက်မှာ အနက်ရောင်ဝတ်ထားသူများ၏ ခေါင်းဆောင်ဖြစ်ဟန် ရှိသည်။ ထိုလူနှစ်ယောက်သည် မြေကွက်လပ်သို့ ရောက်ရှိလာပြီး မိန်းကလေးနှင့် ရင်ဆိုင်လိုက်ကြသည်။

မိန်းကလေးက ထိုလူနှစ်ယောက်ကိုကြည့်လိုက်သည်။

"ရှင်တို့နှစ်ယောက်ဟာ ဘီလူးနက်ဂိုဏ်းက ခေါင်းဆောင်ညီအစ်ကိုနှစ်ယောက်ဟုတ်လား ..."

မှန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက်မှာ ဘီလူးနက်အဖွဲ့ခေါင်းဆောင် ဘီလူးကြီးနှင့် ဘီလူးလေး ညီနောင်နှစ်ယောက်ဖြစ်သည်။ ဘီလူးညီနောင်နှစ်ယောက်သည် ဆိုးသွမ်းသောင်းကျန်းနေသော လူဆိုးဓားပြဖောက်လမ်းသိုင်းသမားများ ဖြစ်ကြသည်။

သိုင်းသည်းအားတိုးဖြင့် လူသတ်ဓားပြတိုက် ထင်ရာစိုင်းနေကြသူများဖြစ်ကြသည်။

မကြာသေးမီကပင် အထက်လမ်း သိုင်းသမားအချို့အား အကောက်ကြံကာ လုပ်ကြံခဲ့ကြသေး၏။

ဘီလူးကြီးက . . .

"သည်နေရာကို မင်းတစ်ယောက်တည်း လာရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ဒီလိုသတ္တိမျိုးရှားတယ်"

ဟု ပြောလိုက်လေသည်။

ဘီလူးလေးက . . .

"အစ်ကိုကြီး . . . သူက နတ်မိမယ်လေးလို ချောမောလှပတယ်၊ သူ့ကိုအသေမသတ်ပဲ အရှင်ဖမ်းထားလိုက်ရင် ကောင်းမယ်၊ ဒီလိုနတ် မိမယ်လေးမျိုးလဲ ရှားတယ်နော် . . ."

ဘီလူးကြီးက ရယ်လိုက်လေ၏။

"ဘာလဲ . . . ညီလေးက သူ့ကိုသဘောကျလို့လား"

ဘီလူးလေးက . . .

"ဟဲ . . . ဟဲ . . . ဟဲ . . . သူ့ကို သဘောမကျရင် ဤလောက်မိုက်မဲတဲ့လူ လောကပေါ်မှာ ရှိနိုင်ပါဦးလားဗျာ"

ညီအစ်ကိုနှစ်ယောက် တဟားဟား ရယ်မောလိုက်ကြသည်။

ကိုရှောင်သည်လည်း သွားရင်းလာရင်း ဘီလူးညီနောင်ခေါင်းဆောင်သည့် ဘီလူးနက်ဓားပြဂိုဏ်းအကြောင်း ကြားဘူးထားသည်။



မိန်းမချောလေးအား မကျေမနပ်ဖြစ်နေသော်လည်း ဘီလူးညီနောင်ကြောင့် ဒုက္ခရောက်သွားမည်ကို မလိုလားချေ။ သူသည် စိတ်ထဲမှ ပြောမိ၏။

"သည်ဘီလူးနှစ်ယောက်ကို မိန်းကလေး ဆုံးမနိုင်မှဖြစ်မယ်"

မိန်းမချောလေးသည်လည်း ဘီလူးညီနောင်၏ စကားကြားလိုက်ရသောအခါ ဒွေ့ဒွေ့ခုန်ဒေါသထွက်သွားလေ၏။

"ရှင်တို့ တော်တော်စော်ကားပါလား၊ သေချင်ကြပြီထင်တယ်"

သူမလွန်စွာ ဒေါသထွက်နေလေပြီ၊ သူမကိုယ်သူမ မထိန်းနိုင်တော့ပေ။ သူမသည် ဘီလူးညီနောင်ထံသို့ ခုန်ဝင်တိုက်ခိုက်လေတော့၏။

ဘီလူးညီနောင်သည် ချက်ချင်းလှုပ်ရှားလိုက်ကြ၏။

"သွားစမ်း . . ."

"ရှောင်နိုင်ရင် . . . ရှောင်ပေတော့"

တစ်ယောက်က လက်နက်ပုန်းဖြင့် ပစ်ခတ်လိုက်သတဲ့သို့ ကျန်တစ်ယောက်က အဆိပ်အခိုးအငွေ့များဖြင့် လေထဲသို့လွှတ်၍ တိုက်ခိုက်သည်။

ဒေါသဖြစ်နေသော မိန်းကလေးသည် အကျီလက်ဝှေ့ယမ်းကာ လက်နက်ပုန်းကလေးများကို ရိုက်ထုတ်ပစ်လိုက်နိုင်သော်လည်း၊ အဆိပ် ငွေ့အချို့ကိုမူ ရှူရှိုက်သွားမိလေ၏။

"လူယုတ်မာတွေ . . ."

သူမသည် ဒေါသတကြီး အော်ဟစ်ရင်း ကပျာကယာ နောက်ဆုတ်လိုက်သည်။

"ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . ."

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးညီနောင်က တဟားဟား ရယ်မောလိုက်သည်။

"ငါတို့ ထောင်ချောက်ထဲကို ရောက်သွားပြီမဟုတ်လား"

"ရှောက်ကွမ်း . . . မင်းဟာ ဒေါသကြီးတဲ့ မိန်းကလေးတစ်ယောက်ဖြစ်တော့ မင်းကို ဒေါသဖြစ်အောင်ဆွပေးလိုက်ရင် ငါတို့ထောင်ချောက်ထဲကိုရောက်လာလိမ့်မယ်ဆိုတာ သိထားတာပေါ့။ ဒေါသဟာ မင်းရဲ့ ပျော့ကွက်ပဲ၊ ပျော့ကွက်သိရင် လွယ်လွယ်လေးနဲ့ ဖမ်းနိုင်တာပေါ့ကွာ . . ."

ကိုရှောင်သည် မိန်းမချောလေး အဆိပ်မိသွားသည်ကို တွေ့လိုက်ရသောအခါ လွန်စွာထိတ်လန့်သွားသည်။

"လက်စသတ်တော့ . . . ဘီလူးညီနောင် စော်ကားမော်ကား ပြောကြတာ ထောင်ချောက်ဆင်တာကိုး။ ခုတော့ သူတို့ထောင်ချောက်ထဲ ဝင်မိလို့ မိန်းကလေး အဆိပ်မိသွားပြီ၊ သူကလည်း ဒေါသကြီးပြီး ဘယ်သူ့ကိုမှ အမှုမထားတော့ ခံပေါ့ . . ."

တစ်ဆက်တည်းပင် . . .

"ဒေါသကြီးတဲ့ ရှောက်ကွမ်းဆိုတော့ သူဟာ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ လူငယ်လူရွယ် သိုင်းသမား လေးယောက်မှာ ပါဝင်နေတဲ့ "နဂါးမယ်ရှောက်ကွမ်း" များ ဖြစ်နေမလား"

လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် သိုင်းလောကပျော် သိုင်းလေးဖော်ဆိုသည့် လူငယ်လူရွယ် သိုင်းသမားလေးယောက်တွင် သိုင်းသမား လီအင်းသည် သဘောထားပြည့်ဝသူဟု လူသိများသည်။

မိန်းကလေးသည် နဂါးမယ်ရှောက်ကွမ်းဖြစ်နေသည်လောဟု ကိုရှောင် တွေးနေမိသည်။

ရှောက်ကွမ်းဆိုသော မိန်းကလေးမှာ သူမ သတိတစ်ချက်လစ်ဟင်းသွားသည်နှင့် ရန်သူထောင်ချောက်ထဲသို့ ရောက်ရှိကာ အဆိပ်မိလိုက်ပြီ ဖြစ်ကြောင်း နားလည်လိုက်သည်။



ရှောက်ကွမ်းသည် ဆက်၍တိုက်ခိုက်ဖို့ မကြိုးစားတော့ဘဲ အပျာကယာ နောက်ဆုတ်လိုက်သည်။

အသင့်ဆောင်ထားသော ဆေးတစ်လုံးထုတ်ကာ ခေါက်လိုက်ပြီး မြေပေါ်ထိုင်ချလိုက်သည်။ ရှူရှိုက်မိလိုက်သော အဆိပ်များကို အတွင်းအား အသုံးပြုကာ ခန္ဓာကိုယ်ပြင်ပရောက်အောင် ညှစ်ထုတ်ဖို့ ကြိုးစားလိုက်ခြင်းဖြစ်ပါသည်။

"ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . ."

ဘီလူးညီနောင်က ဟားတိုက် ရယ်မောလိုက်ကြသည်၊ ဘီလူးလေးက ရှေ့တိုးလာသည်၊

"ကျုပ်တို့ နှစ်ယောက်ရှိနေရက်နဲ့ မင်းက အေးအေးဆေးဆေး အဆိပ်နှင် ထုတ်လို့ရမယ်ထင်ယင် မှားသွားမှာပေါ့ ဟဲ့ ဆိပ်ကွယ်ရာမှာ ဆိုရင်တော့ မင်း ဇအောင်မြင်လိမ့်မယ်၊ အခုတော့ . . ."

"သည်အချိန်မှာ ငါတို့ဝိုင်းတိုက်လိုက်ကြရင် သူဘယ်ခံနိုင်တော့မှာလဲ၊ ငါတို့က ဒုက္ခပေးဘို့လာတဲ့ အခြားအထက်လမ်း သိုင်းသမားတွေလိုပဲ 'သိုင်းလောကပျော် သိုင်းလေးဖော်' မှ နဂါးမယ်ရှောက်ကွမ်းကို သုတ်သင်ပစ်လိုက်နိုင်တယ်ဆိုရင် အားလုံးထိတ်လန့်သွားကြမယ်၊ ဘယ်သူကမှ ငါတို့ကိုလာပြီး နှောင့်ယှက်ရဲကြတော့မှာမဟုတ်ဘူး၊ ကဲ . . . အချိန်ကြာတယ်၊ သူ့ကိုအပြတ်ရှင်းလိုက်ကြရအောင် . . ."

သူတို့ပြောနေသည့် စကားအရ အထက်လမ်းသိုင်းသမားများ အပေါ်အတော်ကြာ ဒုက္ခပေးခဲ့ကြသကဲ့သို့ ဒေါသကြီးသော မိန်းမချောလေးမှာလည်း 'သိုင်းလောကပျော် သိုင်းလေးဖော်' မှ နဂါးမယ် ရှောက်ကွမ်းဖြစ်ကြောင်း သေချာသွားတော့သည်။

ရှောက်ကွမ်းမှာ အဆိပ်ညှစ်ထုတ်ဖို့ မဖြစ်နိုင်တော့ပါ ဘီလူး

www.burmeseclassic.com

www.burmeseclassic.com



ညီနောင်ကြောင့် အခက်ကြုံနေရပြီဖြစ်သည်။ ဘီလူးညီနောင်ကလည်း အခွင့်အရေးကို လက်လွှတ်မခံပါချေ။ အချိန်ရှိခိုက် ရှောက်ကွမ်းကို အပြတ်ရှင်း ကြပေတော့မည်။

ဘီလူးညီနောင်၏ တပည့်များ ဝိုင်းလာကြ၏။

"တိုက်ကြ . . ."

ဘီလူးကြီးက အမိန့်ပေးလိုက်သည်။

"ယား . . ."

အနက်ရောင်ဝတ်ထားကြသူများက ညာသံပေးကာ ပြေးဝင်တိုက်ခိုက်ကြသည်။

ရှောက်ကွမ်းအတွက် အန္တရာယ်ကြုံလိုက်ရချိန်မှာပင် . . .

"ရပ်လိုက် . . ."

ကိုရှောင်က ဟန့်တားယင်းကျောက်တုံးနောက်ကွယ်မှ ထွက်ကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

သူသည် သူ၏အပြင်းထန်ဆုံးတိုက်ကွက်များ ရိုက်ထုတ်လိုက်၏။

"ဝုန်း . . ."

"အား . . ."

"အမေလေး"

စူးရှသော အသံနက်ကြီးများ တစ်ခဲနက်ထွက်ပေါ်လာသည်။

ဘီလူးညီနောင်၏ လူများ ချက်ချင်း ဖရိုဖရဲဖြစ်သွားကြတော့သည်။

"ဟင်"

ဘီလူးညီနောင် အံ့သြသွားသည်။

ကြားဝင်လာသည့် ကိုရှောင်ကိုလည်း မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် ကြည့်လိုက်သည်။



ကိုရှောင်က မိန်းမချောလေး ရှောက်ကွမ်း၏ရှေ့၌ မားမားမတ် ရပ်ပြီးအကာအကွယ်ပြုထားလိုက်သည်။

ဘီလူးလေး ဒေါပွသွား၏။

"သေချင်လို့ ဝင်ရှုပ်တာပဲ၊ မင်း . . . သေတော့မယ်ဆိုတာ သိရဲ့လား . . ."

သူက ခြိမ်းခြောက်လိုက်လေ၏။

ဘီလူးကြီးက . . .

"မင်း . . . ဘေးဖယ်လိုက်ရင်ကောင်းမယ်၊ ဒီကောင်မလေးဟာ မင်းနဲ့မဆိုင်ဘူး . . ."

ကိုရှောင် ပြုံးလိုက်သည်၊

"ခင်ဗျားတို့က မိန်းကလေးကို ဒုက္ခပေးနိုင်ကြတယ်ဆိုရင်တော့ ကျုပ်ကိုအရင်ဆုံး အနိုင်ယူနိုင်မှဖြစ်မယ် . . ."

"ဪ . . . မင်းက သည်လိုလား"

"သေပေတော့ . . ."

ဘီလူးညီနောင်သည် ချက်ချင်းပင် ကိုရှောင်အားတိုက်ခိုက်ကြလေတော့သည်။

ကိုရှောင်ကလည်း ဘီလူးညီနောင် အကောက်မကြံနိုင်မီ လက်ဦးအောင်တိုက်ခိုက်လိုက်သည်။

သုံးယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့် . . .

"ဝုန်း . . ."

"အား . . ."

ဘီလူးညီနောင်မှာ အဝေးသို့ လွင့်စင်သွားကြလေတော့သည်။

သူတို့နှစ်ယောက်သည် ကိုရှောင်အား မယှဉ်နိုင်အောင်ဖြစ်နေကြ၏၊ ကိုရှောင်ကို ယှဉ်နိုင်စွမ်းမရှိမှန်းလည်း သဘောပေါက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ထွက်ပြေးရန်ကြိုးစားကြသည်။

"လူသတ်မာတွေ ဘယ်ပြေးမလဲ . . ."

နဝါးမယ် ရှောက်ကွမ်းသည် ရုတ်တရက်ခုန်ထွက်လာပြီး ဘီလူး ညီနောင်အားတိုက်ခိုက်လိုက်သည်။

အရောက်မကြုံနိုင်တော့သည် ဘီလူးညီနောင်မှာ မိန်းမ ချော လေးရှောက်ကွမ်းအား လုံးဝမယုံနိုင်ဘဲ မရှုမလှအရေးနိမ့် သွားကြသည်။

မိန်းမချောလေးရှောက်ကွမ်းမှာ ဓါးသကြီးစွာဖြင့် သူ့ လက်ဝါးများကို ပြင်းထန်စွာ ရိုက်ထုတ်လိုက်၏။

"အား . . ."

"အမလေး . . ."

ဘီလူးညီနောင် အသံနက်ကြီးများဖြင့် အော်ဟစ်ယင်းမြေ ပေါ် လဲကျသွားကြလေ၏။

ဘီလူးညီနောင် ခံလိုက်ရသည်ကို မြင်သောအခါ အနက် ရောင် ဝတ်ဆင်ထားကြသူများ ကြောက်လန့်တကြား ထွက်ပြေးသွား ကြသည်။

ရှောက်ကွမ်း နှာခေါင်းရှုံ့လိုက်သည်။

"ကဲ . . . နောက်ထပ် လူတွေက် ဒုက္ခပေးနိုင်ကြဦးမလား"

သူမသည် ကိုရှောင်ဘက်သို့ လှည့်လိုက်သည်။

လရောင်အောက်တွင် တစ်ယောက်ကိုတစ်ယောက် ကောင်း စွာတွေ့မြင်သွားကြလေပြီ။

"ရှင်ကို: . . ."

ရှောက်ကွမ်းက ကိုရှောင်အား မှတ်မိသွားသည်။

ကိုရှောင်က ပြန်မေးလိုက်၏။

"ဟုတ်တယ် . . . မင်းအဆိပ်မိထားတာ ဘယ်လိုနေသေး



သလဲ၊ အဆိပ်ပြေသွားပြီလား"

ရှောက်ကွမ်း ပခုန်းတွန့်လိုက်သည်။

"သူတို့အဆိပ်က မပြောပလောက်ပါဘူးရှင် . . ."

ကိုရှောင်က . . .

"အေးလေ . . . ကျုပ်က စိုးရိမ်ပြီး ဝင်တာကွယ်မိတာပါ၊ မင်းအဆိပ်ဖြေနိုင်တယ်ဆိုတာ သိရင်တော့ ကျုပ်ဝင်မရှုပ်ပါဘူး၊ အေး အေးဆေးဆေး ကြည့်နေမိမှာပေါ့"

ရှောက်ကွမ်း ကပြုံးလိုက်သည်။

"ဒီလိုလည်း မဟုတ်ပါဘူး၊ ရှင်ဝင်ကူညီလို့သာ ကျွန်မ အဆိပ်ဖြေနိုင်တာပါ။ ရှင်သာမကူညီရင် ကျွန်မဒုက္ခရောက်မှာ သေချာ တယ်"

ကိုရှောင်က. . .

"အဲဒါပြောတာပေါ့ . . ."

"ရှင် . . ."

"သူတို့ရဲ့ လက်ချက်နဲ့ မင်းဒုက္ခရောက်သွားရင် ကျုပ်က မင်း ကို မဆုံးမလိုက်ရမှာ စိုးရိမ်လို့ ဝင်ပြီးတားမြစ်လိုက်တာပဲ . . ."

ရှောက်ကွမ်းသည် ကိုရှောင်က သူမအပေါ် မကျေမနပ်ဖြစ် နေကြောင်း တွေးမိလိုက်သည်။

သူမပြုံးလိုက်သည်။

"ရှင်က . . . ကျွန်မကို ဆုံးမချင်တယ် ဟုတ်လား"

"သိပ်သေချာပါတယ် . . ."

"ကောင်းပါပြီရှင် . . ."

ရှောက်ကွမ်း ရှေ့တိုးလိုက်၏။

သူမ လက်နှစ်ဖက်နောက်ပစ်ကာ ပါးကို ထိုးပေးလိုက်၏။

ကိုရှောင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဘာလုပ်တာလဲ . . ."

ရှောက်ကွမ်းက . . .

"ပါးဆိုးပေးတာလေ . . ."

"ဘာ . . ."

"ကျွန်မ အထင်လွဲပြီး ရှင့်ကို ပါးတစ်ချက်ရိုက်ခဲ့မိတယ်၊ ဒါကြောင့် . . . ကျွန်မကို ပါးတစ်ချက်ပြန်ရိုက်ဖို့လေ. . ."

"မင်း . . ."

ကိုရှောင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ရှောက်ကွမ်းက . . .

"ကျွန်မက ဘီလူးညီနောင်ရဲ့ လူဆိုးဂိုဏ်းကို ဆုံးမဖို့လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ အနှောင့်အယှက်အမျိုးမျိုး ကြုံတွေ့ခဲ့ရတယ်၊ သဲညှိနယ်ဘက်မှာ မိန်းကလေးတွေကို နှောင့်ယှက်မယ့်လူကပိုများတယ်၊ အဖော်မပါ တစ်ယောက်တည်းဆိုတာနဲ့ ချဉ်းကပ်ဖို့အမျိုးမျိုးကြံစည်ကြတော့တာပဲ၊ ကျွန်မလည်း လမ်းတစ်လျှောက် စိတ်ရှုပ်လာခဲ့တော့ ရှင်နဲ့တွေ့ချိန်မှာ ဘာမှမစဉ်းစားဘဲ ကိုယ်ထိလက်ရောက်ကျူးလွန်လိုက်မိတာ ပါရှင်. . ."

သူမက အဖြစ်အပျက်ကို ရှင်းပြပြီး တောင်းပန်လိုက်သည်။

"ကျွန်မရဲ့ အမှားကိုတောင်းပန်ပါတယ်. . . ရှင်"

ကိုရှောင်က သူမအားစိုက်ကြည့်နေသည်။

ရှောက်ကွမ်းက . . .

"ရှင့်ကို လူပုံအလယ်မှာ အရှက်ခွဲသလို ဖြစ်ခဲ့မိတာ တောင်းပန်ပါတယ်၊ ရှင်ထွက်သွားပြီးမှ ကျွန်မစဉ်းစားကြည့်မိတယ်၊ သိုင်းဆရာလင်း ထုန်ဟာ ထိပ်သီးသိုင်းသမားကြီးတစ်ယောက် ဖြစ်ပေမယ့် ထင်ပေါ်ကျော်ကြားအောင်မနေဘူး၊ မာန်မာန ထောင်လွှားမှုလည်း မရှိဘဲ နှိမ့်ချတဲ့ စိတ်နှလုံးနဲ့ သိုင်းလောကအကျိုး၊ အများအကျိုး



ဆောင်ရွက်နေတဲ့ အဖြူရောင်သိုင်းသမားကြီးတစ်ယောက်ဆိုတာ သတိရလိုက်တယ်၊ ရှင်ဟာ သိုင်းသမားလင်းထုန်ရဲ့ တပည့်ဖြစ်နေတယ်ဆိုရင် ကျွန်မမှား သွားပြီဆိုတာ သဘောပေါက်လိုက်ပါတယ်။

ကိုရှောင်သည် ရှောက်ကွမ်း၏တောင်းပန်စကားကြောင့် ကျေနပ်ချင်သလို ဖြစ်သွားလေ၏။

ရှောက်ကွမ်းအား ဒေါသဖြစ်ခဲ့သော်လည်း ယခုအချိန်၌ သူမ၏ ချောမောလှပသော မျက်နှာလေးကို ငေးမောကြည့်ရင်း ဒေါသစိတ်များ ပျောက်ကွယ်သွားပါတော့သည်။

ရှောက်ကွမ်းက အပြစ်ကို ပေးဆပ်သည့်အနေဖြင့် ပြောလေ၏။

"ကျွန်မရဲ့ အပြစ်တွေ ကျေသွားအောင် ကျွန်မရဲ့ ပါးကို တစ်ချက်ပြန်ရိုက်လိုက်ပါရှင် . . ."

"ကျုပ်မရိုက်ဘူး"

ကိုရှောင် ဗလုံးဗထွေးပြောကာ နောက်ဆုတ်လိုက်သည်။

ရှောက်ကွမ်းက . . .

"ဒါဆိုရင် ကျွန်မစိတ်ကောင်းမှာ မဟုတ်ဘူး"

ကိုရှောင်က . . .

"စိတ်ချပါ ကျုပ်ရဲ့သိုင်းပညာလေ့ကျင့်မှုပြီးဆုံးအောင်မြင်သွားရင် မင်းကိုလိုက်ရှာပြီး ယှဉ်ပြိုင်မယ်၊ အဲ့ဒီအခါကျမှသာ. . ."

"ဩော် . . . ရှင်က သိုင်းပညာလေ့ကျင့်နေတာ မပြီးဆုံးသေးပဲကိုး၊ ဒါဆို ကျွန်မ နောက်ထပ်အမှားတစ်ခု ကျူးလွန်မိပြန်ပြီ"

ကိုရှောင်က . . .

"တစ်နေ့နေ့တော့ . . . ကျုပ်ကမင်းကိုလိုက်ရှာမယ် ဒါပေမဲ့တော့ အသေချာပါပဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



[illegible]ဆုံးသည်နှင့် သူသည် ချာခနဲ လှည့်ထွက်လာခဲ့လေ [illegible]

"နေဝါဦး . . ."

ရှောက်ကွမ်းက ဟန့်တားလိုက်သည်။

ကိုရှောင် လှည့်ကြည့်လိုက်၏။

ရှောက်ကွမ်းက . . .

"ရှင်ဟာ လူကောင်းတစ်ယောက်ပါ၊ မတရားမှုကို ရွံမုန်းတဲ့ လူတစ်ယောက်ပါ၊ ရှင့်ကို ကျွန်မနားလည်သဘောပေါက်သွားပါပြီ ဒါကြောင့် ကျွန်မအမှားကို တောင်းပန်ပါတယ်ရှင်၊ ရှင်ကျေနပ်အောင် ကျွန်မဘာမဆို လုပ်ပေးပါ့မယ်"

သူမအလေးအနက်ထား ပြောခြင်းဖြစ်သည်။

ကိုရှောင်၏ ရင်ထည်း မဖော်ပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာမိသည်။

သူ့အားအရှက်တကွဲအကျိုးနည်းဖြစ်စေခဲ့သော ရှောက်ကွမ်း အား သူသည် အံ့ဩစရာ ကောင်းလောက်အောင်ပင် သံယောဇဉ်ဖြစ် နေမိပြီ မဟုတ်ပါလား . . .

ရှောက်ကွမ်းက ရှေ့တိုးလာ၏။

သူမသည် ကိုရှောင်၏ မျက်ဝန်းအစုံကို ကြည့်ရင်း ကိုရှောင် ၏ရင်းထဲမှ ခံစားချက်ကိုတွေ့မြင်သွားလေ၏။

ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ ခြေလှမ်းများလည်း ရပ်တန့်သွားလေတော့သည်။

ကိုရှောင်က . . .

"အင်းလေ . . . ကျုပ်မှာချင်တာကို မှာလိုက်ပါရစေ မင်းရဲ့ ဒေါသ[illegible]ထိန်းပါ၊ ဒါမှမဟုတ်ရင် တစ်နေ့ ဒုက္ခတွေ့ဦး မှာပဲ၊ ပြီးတော့ မဆင်မခြင်မလုပ်ပါနဲ့၊ ဘာပဲလုပ်လုပ် သေသေချာချာ စဉ်းစားပြီး



လုပ်ပါ။"

စကားဆုံးသည်နှင့် သူသည်ချာခနဲ လှည့်ထွက်သွားတော့ သည်။

ရှောက်ကွမ်းကဟန့်တားရန် ဟန်ပြင်ပြီးမှ ကိုယ်ရှိန်သပ် လိုက်သည်။

ကိုရှောင်၏စကားသည် သူမအား သတိပေးကြိမ်းမောင်း သွား သကဲ့သို့ ရှိနေသော်လည်း ဖြစ်ပျက်ခဲ့သည်များကို မေ့ပစ်လိုက်ပြီ ဟူသော သဘောရှိနေသည်ကို တွေးမိလိုက်ခြင်းကြောင့်ဖြစ်သည်။

မေတ္တာတရားသည် ဒေါသနှင့် အာဃာတတို့ချေဖျက်တနိုင် ယူ နိုင်စွမ်းသည် မဟုတ်လား . . .

ရှောက်ကွမ်း၏ ရင်ထဲ၌ ဝေဒနာတစ်မျိုးဖြစ်ပေါ်လာ၏၊ မေတ္တာတရားကား အံ့ဩစရာကောင်းလှသည်။

ကိုရှောင်နှင့် စတင်တွေ့ဆုံရသည်မှာ ပြဿနာနှင့် ဖြစ်သည်။

သို့သော် . . . ယခုတော့ ကိုရှောင်သည် သူမ၏အသည်း နှလုံး ကို ညှို့ယူဖမ်းစားသွားခဲ့ပြီဖြစ်ပါသည်။

မေတ္တာရေးရာနှင့် ပတ်သက်ပြီး တစ်ကြိမ်တစ်ခါမှ မစဉ်းစား ဘူးသော ရှောက်ကွမ်းသည် ကိုရှောင်နှင့်တွေ့မှ သဘောပေါက်နား လည်သကဲ့သို့ရှိ လာလေတော့သည်။

သူမသည် ရီဝေသောမျက်လုံးများဖြင့် တရွေ့ရွေ့ဝေးသွား သော ကိုရှောင်အား ငေးမောကြည့်ရင်းကျန်ရစ်ခဲ့သည်။

သူမသည် သက်ပြင်းချလိုက်သည်။

"ငါ့ရဲ့စိတ်ကို အလိုလိုက်လို့မဖြစ်သေးဘူး၊ ဆရာ့ကို ပေးခဲ့တဲ့ ကတိကို စောင့်ထိန်းသွားရလိမ့်မယ်၊ ငါတို့နှစ်ယောက် [illegible] ဆုံတွေ့နိုင်မှာမဟုတ်တော့ မေ့ထားလိုက်တာပဲ [illegible] လေ . ."

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုစကားကိုသာ နောက်ဆုံးရေရွတ်မိတော့သည်။

ထို့နောက် ကျောက်တုံးကြီးအနားမှ ပြေးထွက်သွားလေတော့၏။

❖ ❖ ❖

အခန်း ( ၄ )

## ကျားတောင်ကုန်း၏ သင်ခန်းစာ

တောက်ပသောနေရောင်ခြည်အောက်တွင် ဝတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါသည်။

ရောင်စုံပန်းများ ပွင့်ဖူးနေ၏၊

ကျေးငှက်ကလေးများ တေးဆိုကာပျံဝဲနေ၏။ သာယာညင်းပျောင်းသောလေပြည်လေညှင်းလေးများလည်း ဝှေယမ်းတိုက်ခတ်နေသည်။

အပြာရောင်ဝတ်ဆင်ထားသော မြင်းစီးလုလင်တစ်ဦးသည် သဘာဝအလှအပများကို ငေးမောကြည့်ရှုခံစားရင်း ကျားတောင်ကုန်းနှင့် မလှမ်းမကမ်းသို့ရောက်ရှိလာသည်။

လုလင်သည် ကျားတောင်ကုန်းဆီသို့ တစ်ချက်လှမ်းမျှော်ကြည့်လိုက်သည်။

"ကျားတောင်ကုန်းဟာ မကောင်းသူပယ်၊ ကောင်းသူကယ် အထက်လမ်းသိုင်းအဖွဲ့အစည်းတစ်ခု အဖြစ် လျှမ်းလျှမ်းတောက်ကျော်ကြားနေတာပဲ၊ ငါလည်း ရောက်တုန်းရောက်ခိုက် ကျားတောင်ကုန်း ပိုင်ရှင် ဆရာကြီး "ဟူဝေ" ဆီကိုဝင်ပြီး ဂါရဝပြုဦးမှပဲ"

လုလင်သည် လမ်းမကြီးအတိုင်းဆက်မသွားတော့ဘဲ လမ်းသွယ် လေးတစ်ခုသို့ ချိုးကွေ့ဝင်လိုက်၏။ ထိုလမ်းသွယ်လေး အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



သတ်သွားသျှင် 'ကျား' တောင်ကုန်းဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလိမ့်မည်ဖြစ်ပါသည်။

လုလင်က လမ်းသွယ်လေးအတိုင်း မြင်းမောင်းနှင်သွားလိုက်သည်။

သို့သော် . . .

ဝါးတစ်ရိုက်ခန့်သာ သွားရသေးသည် ကျားတောက်ကုန်းသို့ သွားမည့်ခရီးမှာ ဖြောင့်ဖြူးခြင်းမရှိတော့မှန်း လုလင်သဘောပေါက်သွားလေတော့သည်။

လူတစ်စုသည် လမ်းဘေးဝဲယာမှ ထွက်ပေါ်လာကာ လမ်းပိတ်ဟန့်တားလိုက်ကြသည် မဟုတ်ပါလား . . .

"ဟေး . . ."

လုလင်က မြင်းဇေါက်ကာ ရပ်တန့်လိုက်၏။

တဆက်တည်းပင် မေးလိုက်မိလေ၏ . . .

"ကျုပ်က ကျားတောင်ကုန်းပိုင်ရှင် ဆရာကြီးဟူဝေဆီကို သွားပြီးဂါရဝပြုမလို့၊ မိတ်ဆွေတို့က ဘာကြောင့်များလမ်းပိတ်ဟန့်တားကြတာလဲဗျာ . . ."

လမ်းပိတ်ထားသူများအနက် အရပ်ထောင်ထောင်မောင်းမောင်းရှိကာ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ခက်ထန်စွာ ဝေါက်လိုက်လေသည်။

"မင်း . . . ဘယ်သူဘဲဖြစ်ဖြစ် ခုချက်ချင်း နောက်ကြောင်းပြန် လှည့်သွားတာအကောင်းဆုံးပဲ"

လုလင် မျက်မှောင်ကုပ်သွား၏ . . .

"ကျုပ်က . . . ကျားတောင်ကုန်းပိုင်ရှင် . . ."

"အေး . . . သူသေပြီ၊ မင်းဂါရဝပြုဖို့ မလိုတော့ဘူး၊ ပြန်လှည့်သွားတော့ . . ."



"ဗျာ . . ."

လုလင် အံ့ဩသွားသည်။

ကျားတောင်ကုန်း၌ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်နေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

"ကျားတောင်ကုန်းပိုင်ရှင်က ဘာများဖြစ်လို့လဲဗျာ . . ."

"မင်းတော်တော် လျှာရှည်တာပဲ . . ."

ထိုလူသည် ဒေါသဖြစ်လာသည့်အလား ဓားမြှောင်တစ်လက်ဖြင့် ပစ်ပေါက်လိုက်လေသည်။

" . . . ဝှစ် . . ."

ဓားမြှောင်သည် မြင်းစီးလုလင်၏ ရင်ဝတည့်တည့်သို့ ပစ်ဝင်သွားသည်။

သို့သော် . . . လုလင်အား ထိခိုက်မိခြင်း မရှိပါချေ။

လုလင်က လက်မြှောက်ပြီး လင့်ပျံလာသော ဓားမြှောင်ကိုဖမ်း ယူလိုက်သည်။ ထိုလူက လုလင်၏ လှုပ်ရှားပုံကိုကြည့်ပြီး မဲ့ပြုံးလိုက်သည်။

"မင်းက သိုင်းပညာတတ်နေတာကိုး . . ."

သူ၏ လူများကို မျက်ရိပ်ပြလိုက်သည်။

ထိုအခါ လမ်းသွယ်လေးအပေါ်၌ တိုက်ပွဲတစ်ခု ချက်ချင်းဖြစ်ပေါ်လာတော့သည်။

လုလင်က မြင်းပေါ်မှ ခုန်ဆင်းကာ ပြန်လည်ရင်ဆိုင် တိုက်ခိုက်လိုက်သည်။

"သူတို့ဟာ ကျားတောင်ကုန်းက လူတွေမဟုတ်ဘူး၊ ကျားတောင်ကုန်းကို ဒုက္ခပေးမယ့် လူတွေပဲဖြစ်ရမယ် . . ."

သူသည် တွေးကာပြန်လည်တိုက်ခိုက်လိုက်ပါသည်။ ခုနှုသာ အော်ဟစ်သံများနှင့်အတူ တိုက်ခိုက်လာကြသူများ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကာ ဖရိုဖရဲ ဖြစ်သွားကြသည်။

ထိုလူများသည် အခြေအနေ မဟန်မှန်းသိသောအခါ ချက်ချင်း ထွက်ပြေးသွားကြသည်။ လူငယ်၏သိုင်းပညာမှာ တားဆီးသူများထက် သာနေသည်မှာ အမှန်ပင်ဖြစ်တော့၏။

သူသည် သူဦးတည်ရာသို့ ခရီးနှင်လာ၏။

ကျားတောင်ကုန်း ...

နာမည်ကျော် ကျားတောင်းကုန်းပေါ်သို့ လုလင်ရောက်ရှိလာသည်။

တောင်းကုန်းပေါ်သို့ ခြေချမိလိုက်သည်နှင့် လုလင် အထိတ်တလန့် ဖြစ်သွားရလေတော့သည်။

"ဘယ်လိုဖြစ်တာပါလိမ့် ..."

တောင်ကုန်းပေါ်၌ ခန်းနားထည်ဝါသော အဆောက်အဦးတစ်ခု ရှိနေပါ၏။

ကျားတောင်ကုန်းပိုင်ရှင် ဟူဝေ၏အဆောက်အဦးကြီးဖြစ်သည်။ အဆောက်အဦးရှေ့ တွင်လူသေအလောင်းများ ပြန့်ကျဲနေသည်။

ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်သွားခဲ့ကြောင်း ထင်ရှားနေပါတော့သည်။

"ကျားတောင်ကုန်းကို တစ်ယောက်ယောက်က လာပြီးတိုက်ခိုက်သွားတာပဲ ..."

ကျားတောင်ကုန်းအားမည်သူက တိုက်ခိုက်သွားပါသနည်း။

လုလင်တွေးတောနေစဉ် ...

"မင်း ... တော်တော်ရက်စက်ပါလား"

နောက်ကျောဘက်မှ ခက်ထန်သော စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



"ဟင် ..."

လုလင် လှည့်ကြည့်လိုက်၏ ...

ထိုအခါ ...

သူနှင့် အသက်ချင်းမတိမ်းမယိမ်းရှိသည့် အနီရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ကို တွေ့လိုက်ရ၏။

လုလင်က ...

"ခင်ဗျား ဘာပြောလိုက်တာလဲ ..."

လူရွယ်က ..

"မင်း ... တော်တော်ရက်စက်ပါလားလို့ပြောတာ"

"ကျုပ်က ဘာရက်စက်လို့လဲ ..."

"ကျားတောင်ကုန်းကို တိုက်ခိုက်ခဲ့ပြီး မင်းပြင်းချင်သေးလို့လား ..."

"ဟာ ... မဟုတ်တာ"

လုလင်ကခေါင်းခါရမ်းလိုက်သည်။

"ကျုပ်က ဘာကြောင့်ကျားတောင်ကုန်းကို တိုက်ခိုက်ရမှာလဲ"

လူရွယ်က ...

"မင်း မဟုတ်ရင် ဘယ်သူလဲ ..."

လုလင်က ...

"ကျုပ် ... ဘယ်သိမလဲ"

"သည်လိုပြောလို့ မရဘူးလေ..."

"ဘာဖြစ်လို့လဲ ..."

"သည်နေရာမှာ အသက်ရှင်နေတာ မင်းတစ်ယောက်ပဲရှိနေတာ မဟုတ်လား"

"လက်စသတ်တော့... ကျုပ်ကို အထင်မှားနေတာကိုး

www.burmeseclassic.com



ကျုပ် ပြောမယ် ခင်ဗျားအထင်မှားနေတာပါ . . .”

လူရွယ်ခဲ့ပြုံးပြုံးလိုက်သည်။

“ဘာမှ . . . အထင်မှားစရာမရှိဘူး၊ လမ်းသွယ်လေးက ဖြတ်လာတော့ ဒဏ်ရာကိုယ်စီနဲ့ ထွက်ပြေးလာတဲ့လူတွေနဲ့ ကျုပ်တွေ့ခဲ့ရ တယ် . . .”

“ဩော် . . .”

ထိုလူများသည် မိမိအား လျှိုထားခဲ့ကြသူများဖြစ်ကြောင်း လုလင်သဘောပေါက်လိုက်သည်။

လူရွယ်က ဆက်ပြောသည် . . .

“အဲ့သည် လူတွေဟာ အပြာရောင်လူငယ်တစ်ယောက်က လာ ပြီးတိုက်ခိုက်လို့ ‘ကျား’ တောင်ကုန်းက ထွက်ပြေးလာခဲ့ရတာတဲ့၊ ကဲ . . . မင်းဘာပြင်းချင်သေးလဲ . . .”

“ဘာဗျ . . .”

လုလင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သူ့အားဟန့်တားခဲ့သူများက သူ့အပေါ် အထင်လွဲမှားအောင် ပြောဆိုသွားခြင်းဖြစ်ကြောင်း သိလိုက်ပြီး ဒေါပွသွားသည်။

“တော်တော်ဆိုးတဲ့လူတွေပဲ၊ သည်လိုမှန်းသိရင် ခပ်နာနာလေး ဆုံးမပေးလိုက်ပါတယ် . . .”

ထိုစဉ် . . .

“ခွမ်း . . .”

အနီရောင်ဝတ်ဆင်ထားသော လူရွယ်ကခါးမှ ဓါးကိုဆွဲထုတ်လိုက်သည်။

လုလင်မျက်လုံးပြူးသွား၏ . . .

“ခင်ဗျား ဘာလုပ်မလို့လဲ . . .”

လူရွယ်က . . .



“ဘာလုပ်ရမှာလဲ . . . မင်းကို ဆုံးမရမှာပေါ့”

“ဘာ . . .”

“သိုင်းလောကအကျိုး၊ အများအကျိုးဆောင်ရွက်နေတဲ့ ကျားတောင်ကုန်းကို တိုက်ခိုက်ဖျက်ဆီးပစ်လိုက်တဲ့ မင်းကို . . . ဆုံးမရမှာပေါ့ကွာ . . .”

ထိုအခါ . . . လုလင်က အရွဲ့တိုက်ကာ ပြောလိုက်သည်။ သူရှင်းပြသည်ကို ထိုလူရွယ် နားမဝင်ဘဲ ဖြစ်နေသည် မဟုတ်လား၊

“မင်းက သူရဲကောင်းတစ်ယောက်ကိုး . . .”

လူရွယ်က ဓားကိုဝှေ့ရမ်းဘာရှေ့တိုးလာသည်။

“မင်း . . . ဓားထုတ်လိုက်လေ”

“တော်စမ်းကွာ . . .”

“ဘာကွ . . .”

“မင်းထင်တာ လျှောက်မပြောနဲ့၊ ကျားတောင်ကုန်းကို တိုက်ခိုက်ဖျက်ဆီးလိုက်တာ ကျုပ်မဟုတ်ဘူး၊ ကျုပ်ကသည်လမ်းက ဖြတ်သွားရင်း ကျားတောင်ကုန်းပိုင်ရှင်ကို လေးစားတာနဲ့ ဂါရဝပြုဖို့ ဝင်လာခဲ့တာ၊ လမ်းမှာ . . .”

သူ့အား လူတစ်စုက ဟန့်တားခဲ့ပုံများကို ပြောပြလိုက်သည်။

လူရွယ် မျက်မှောင်ကုပ်သွားသည်။

“မင်းပြောတာ အမှန်ပဲလား . . .”

“ကျုပ်ဘာကြောင့် လိမ်ပြောရမှာလဲ၊ ကျားတောင်ကုန်းက လူတွေကို သတ်နေတာ မင်းမြင်လား”

“ဒါဖြင့် . . . ကျားတောင်ကုန်းကိုတိုက်ခိုက်ဖျက်ဆီးပစ်လိုက်တာ ဘယ်သူလဲ . . .”

“ကျုပ်မသိဘူးလို့ပြောပြီးပြီလေ . . . ဘယ်နှစ်ခါ ထပ်ပြောရမှာလဲ . . .”

www.burmeseclassic.com

www.burmeseclassic.com

လူရှယ်ပျော့ခွေသွားသည်။

ထို့နောက် ...

"အင်း ... အင်း ..."

ညည်းညူသံသဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုလင်နှင့်လူရှယ်သည် ချက်ချင်းပင် ညည်းညူသံထွက်ပေါ်လာသည့်နေရာသို့ လွှားခနဲ ရောက်ရှိသွားကြလေသည်။

ဒဏ်ရာများရကာ သွေးသံရဲရဲနှင့် လူတစ်ယောက်သည် ညည်းညူရင်း လူးလွန့်လာခြင်းဖြစ်သည်။

အနီရောင်လူငယ်က အလောတကြီး မေးလိုက်၏ ...

"ကျားတောင်ကုန်းကို ဘယ်သူက တိုက်ခိုက်သွားတာလဲ..."

ထိုလူသည် လူရှယ်၏အမေးကို ကောင်းစွာကြားသည်။

အတန်ကြာ အားယူပြီးမှ ဖြေသည်။

"စကြာသိုင်းသမား ..."

"ဟင် ..."

"ဟာ ..."

မမျှော်လင့်သော စကားကြားလျှင် လုလင်ကော လူရှယ်ပါ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

လုလင်က ...

"စကြာသိုင်းသမားမဟုတ်လား၊ သူကဘာကြောင့် တောင်ကုန်းကို တိုက်ခိုက်ရတာလဲ၊ ကျားတောင်ကုန်းမှာဘာအပြစ်ရှိလို့လဲ"

"သူ ... သူနဲ့ မပူးပေါင်းလို့ပါ"

"ကျားတောင်ကုန်းပိုင်ရှင်ကော ..."

"သေသွားပါပြီ ..."

"စကြာသိုင်းသမားရဲ့ လက်ချက်မဟုတ်လား ..."



"ဟုတ် ... ဟုတ်ပါတယ်"

ထိုလူသည် တစ်စုံတစ်ယာ ဆက်ပြောရန်ကြိုးစားသော်လည်း မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

လုလင်နှင့် လူရှယ်တို့တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

လုလင်က ...

"ကျုပ်ကစကြာသိုင်းသမားမဟုတ်ဘူး၊ ကျားတောင်ကုန်းဖျက် ဆီးခံရတဲ့ကိစ္စ ကျုပ်နဲ့မဆိုင်ဘူး ကျုပ်သွားတော့မယ် ..."

စကားဆုံးလျှင်ခွာကနဲ လှည့်ထွက်သွားတော့သည်။

လူရှယ် အားမလိုအားမရဖြစ်သွားမိ၏ ...

"သူဟာ ... စကြာသိုင်းသမားမဟုတ်ဘူး ကျားတောင်ကုန်းကို ဖျက်ဆီးခဲ့တဲ့လူလဲ မဟုတ်ဘူး၊ သူ ဘယ်သူလဲ ..."

လုလင်ကား တောင်ကုန်းအောက်သို့ဆင်းသွားပြီဖြစ်သည်။

လူရှယ်က ...

"သူဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ သူထွက်သွားတာ စကြာသိုင်းသမားကို လိုက်ရှာဖို့ဘဲဖြစ်မယ်၊ တော်ကြာ သူလက်ဦးသွားမယ်၊ မဖြစ်ဘူး ငါမြန်မြန်လိုက်သွားမှပဲ ..."

တွေးတော ရေရွတ်ရင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ချက်ချင်းပင် တောင်ကုန်းပေါ်မှ ပြေးဆင်းသွားလေတော့သည်။

❖ ❖ ❖

နေမွန်းလွဲသွားပြီ ဖြစ်ပါသည်။

စည်ကားနေသောလမ်းဆုံလမ်းခွ နှင့် မလှမ်းမကမ်း၌ စည်း[illegible]ခန်းတစ်ခုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှင်ပျော်ပျော် တည်းခိုခန်းဟု ဆိုင်းဘုတ်တပ်ထားသည်။ ဆိုင်းဘုတ်မှာ အနီရောင်ဖြစ်ပြီး ကြီးမားလှ၏။ ဆိုင်မှာ အမည်နှင့် လိုက်၏။

အခန့်လည်း ပျော်ရွှင်စရာများ ပြည့်စုံသော တည်းခိုခန်းဖြစ်သည်။

ကြီးမားသော အဆောက်အဦးကြီးအပေါ်ထပ်ကို တည်းခိုခန်း ဖွင့်ထားသည်။

အောက်ထပ်၌ စားသောက်ခန်းမဖွင့် လှစ်ထား၏၊ စားသောက်ခန်းမ၏ ဝဲယာတစ်ဖက်တစ်ချက်၌ အဆောင်ကြီးနှစ်ခုရှိသည်။

ဝဲဘက်အဆောင်၌ လောင်းကစားဝိုင်းမျိုးစုံ ရှိသည်။ ယာဘက် အဆောင်၌ ကြေးတန်းစားမယ်များရှိသည်။ ရွှင်ပျော်ပျော် တည်းခိုခန်းသည် သိုင်းလောက၌ မသိသူမရှိသလောက် ထင်ရှားသည်။

ရွှင်ပျော်ပျော်တည်းခိုခန်းနှင့်မလှမ်းမကမ်းသို့ရောက်လျှင် သူ၏ ခြေလှမ်းများ တုန့်ကနဲရပ်သွား၏။

အပြာရောင်ဝတ်ထားသော လုလင်က ရွှင်ပျော်ပျော်တည်းခိုခန်းထဲ ဝင်သွားသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်ပါသည်။

လူရွယ်နှာခေါင်း ရှုံ့လိုက်မိလေ၏ . . .

"လက်စသတ်တော့ သည်လူဟာ စကြာသိုင်းသမားကို လိုက်မရှာဘဲ သည်မှာလာပြီး အပျော်ကျူးမလို့ကိုး . . ."

တည်းခိုခန်းထဲ ဝင်သွားသော အပြာရောင်ဝတ်လုလင်နှင့် နောက်က လိုက်လာသည့် အနီရောင်ဝတ် လူရွယ်တို့မှာ ကျားတောင်ကုန်းပေါ်မှ ဆင်းလာခဲ့ကြသူများဖြစ်ကြသည်။

လူရွယ်သည် အပြာရောင်ဝတ်ထားသော လုလင်အား အထင်သေးသွားသည်။



တည်းခိုခန်းအား ကျောခိုင်းကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

တစ်လှမ်း . . .

နှစ်လှမ်း . . .

ခြေလှမ်းသုံးလေးလှမ်း လှမ်းသွားပြီးလျှင် ရုတ်တရက် ရပ်တန့်သွားလေသည်။

မျက်လုံးလည်း ပြူးသွားသည်။

"ဟိုက် . . ."

လွတ်ကနဲရေရွတ်ကာ ခုန်ခနဲလှည့်ပြီး တည်းခိုခန်းထဲ ပြေးဝင်သွားလေတော့သည်။

တည်းခိုခန်းထဲ၌ လူစည်ကားနေပါသည်။

အောက်ထပ် စားသောက်ခန်းမ၏ထောင့်တစ်နေရာ၌ ဆိုင့်နှင် လူဝကြီးက စားပွဲတစ်လုံး၌ အခန့်သားထိုင်နေ၏။

လူဝကြီး၏ ဝဲယာတဘက်တချက်၌ အနက်ရောင်ဝတ်ထားသူ နှစ်ယောက်က ကျောက်ရုပ်များအလား မလှုပ်မယှက်ထိုင်နေကြသည်။

ထိုလူနှစ်ယောက်သည် လူဝကြီး၏ သက်တော်စောင့်များဖြစ်ကြသည်။

အပြာရောင်ဝတ် လုလင်သည် လူဝကြီးရှေ့သို့ ရောက်ရှိလာ၏။

လူဝကြီးက ပြုံးပြုံးရွှင်ရွှင်နှင့် နှုတ်ဆက်လိုက်သည်။

"မိတ်ဆွေလေး . . . ဘာများအလိုရှိသလဲပြောပါ၊ လိုချင်တာ အားလုံးရပါ့စေမယ်ဗျာ"

လုလင်က . . .

"ခင်ဗျားသေချာရဲ့လား . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲဟဲ . . . တျွန်တ ဘာမဆိုတတ်နိုင်တယ်ဆိုတာကို အားလုံးသိပါတယ်လေ"

"ကောင်းပြီ . . . ကျုပ်က စကြာသိုင်းသမားရဲ့အကြောင်းကို သိချင်တယ် . . ."

"ဟင် . . ."

လူဝကြီး၏ မျက်နှာပေါ်မှ အပြုံးရိပ်များ ချက်ချင်းပျောက်ကွယ် သွားလေတော့သည်။

သူ၏မျက်လုံးများက အေးတိအေးစက် ဖြစ်သွားသည်။

လုလင်ကို စိုက်ကြည့်လိုက်သည်။ သူ့အပြောသည် စောစောကလိုမချိုသာတော့ပေ . . .

"မင်းဘာပြောလိုက်တာလဲ . . ."

လုလင်က . . .

"စကြာသိုင်းသမားကို ကျုပ်တွေ့ချင်တယ်၊ သူဘယ်မှာရှိတယ် ဆိုတာ ခင်ဗျားပြောပြနိုင်မလား . . ."

လူဝကြီးက . . .

"ကျုပ်မသိဘူး . . . မင်းဘာတွေလာပြောနေတာလဲ"

"ခင်ဗျားပဲ . . . ဘာမဆို ဖြည့်ဆည်းပေးနိုင်တယ်ဆိုဗျ"

"မိတ်ဆွေလေး . . . ကျုပ်တောင်းပန်ပါတယ်၊ အေးအေးဆေးဆေး ထွက်သွားပါဗျာ"

လုလင်က . . .

"ခင်ဗျား . . . ပြောပြရင် ကျုပ်သွားမယ်"

လူဝကြီး စိတ်ပျက်သွားသည်။

"မိတ်ဆွေလေးက ဘာကြောင့်ကျုပ်ကို နှောင့်ယှက်ချင်တာလဲ ဗျာ၊ ကျုပ် အေးအေးဆေးဆေး နေတာပါ"

လူဝကြီး၏အပြောသည် ချိုသာသွားပြန်သည်။



ထိုစဉ် . . .

"ခင်ဗျားကို သူမေးနေတာဘာကြောင့်လဲဆိုတာ ကျုပ်သိတယ်"

"ခင်ဗျားဟာ . . . သိုင်းလောကသတင်းစုံကို သိနိုင်တဲ့သူတစ်ယောက်ဖြစ်နေလို့ပေါ့ဗျာ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

အနီရောင်ဝတ်ထားသော လူရွယ်က ဆိုင်ထဲသို့ ဝင်လာပြီး ပြောသည်။

လုလင်သည် ထိုလူရွယ်ကိုမြင်လျှင် စိတ်ပျက်ကာ မျက်နှာကြီး ရှုံ့မဲ့သွားလေတော့သည်။

လူရွယ်က မည်သူ့ကိုမှ အမှုမထားဘဲ ဆိုင်ရှင်လူဝကြီးရှေ့သို့ သွားလိုက်၏။

လူဝကြီးအားစိုက်ကြည့်လိုက်ပြီး မေးသည်။

"သိုင်းလောကရဲ့ သတင်းတွေကို ရှင်ပျော်ပျော်တည်းခိုခန်းပိုင်ရှင်လောက် ဘယ်သူမှ မသိနိုင်ဘူးလို့ သတင်းကြီးနေတာပဲ၊ ခင်ဗျားက 'စကြာ'သိုင်းသမားအကြောင်း ပြောမပြဘူးဆိုရင် ကျုပ်အဆိုးမဟုတ် တော့ဘူး"

စကားဆုံးသည်နှင့် စားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်ချလိုက်ရာ အပြာရောင်လုလင်ပင် လန့်ဖြန့်သွားပြီး ကပျာကယာ နောက်ဆုတ်လိုက်မိသည်။

လူဝကြီးမကျေမနပ် ဖြစ်သွားသည်။

"ကျုပ်ကို . . . အော်လားငေါက်လားပြောဖို့မဆိုထားနဲ့ ဘယ်သူကမှ မော်ကြည့်ဝံ့ကြတာ မဟုတ်ဘူး၊ မင်းရဲ့လုပ်ရပ်ကို ဘယ်သို့မှ သည်းခံနိုင်စရာမရှိဘူး . . ."

သူ၏ စကားအဆုံးတွင် အနက်ရောင်ဝတ်ထားသူ . . .

www.burmeseclassic.com

www.burmeseclassic.com



ယောက် ရွတ်ဘရွတ်ခုန်ထွက်လာကြပြီး တိုက်ခိုက်လိုက်ကြလေတော့၏။

အနက်ရောင်ဝတ်ထားသူ နှစ်ယောင်သည် ကျောက်ရုပ်များအသား မထွပ်ယောတ်ချို့နေကြရာမှ အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ခုန်ထွက်လာကြပြီး အနီရောင်ဝတ်ထားသော လူရွယ်အား တိုက်ခိုက် လိုက်ကြခြင်းဖြစ်သည်။

ဝဲယာတစ်ဖက်တစ်ချက်မှ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

"ဝှစ် . . . ဝှစ် . . ."

ဓားမြှောင်နှစ်လက်သည် လူရွယ်၏ ရင်အုံသို့ တိုးဝင်သွားကြသည်။

အပြာရောင်လုလင် ရင်ထိတ်သွားသည်။

"သတိထား . . ."

လွှတ်ခနဲ အော်ဟစ်သတိပေးလိုက်ပါသည်။

အနီရောင်ဝတ်ထားသောလူရွယ်သည် ရှောင်တိမ်းခြင်းလုံးဝမပြုဘဲ လက်နှစ်ဖက်ဆန့်ထုတ်ကာ လက်ဝါးဖြင့် ပြန်လည်ရိုက်ချလိုက်လေ၏။

အနက်ရောင်ဝတ်ထားသူ နှစ်ယောက်၏ ဓားမြှောင်ကိုင်ထားသော လက်ကောက်ဝတ်များကို လက်ဝါးဖြင့် ရိုက်ချခြင်းဖြစ်သည်။

"ဖျောင်း . . ."

"အား . . ."

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။ အနက် ရောင်ဝတ်ထားသူနှစ်ယောက် ကပျာကယာ နောက်ဆုတ်သွားကြလေ၏။



"ဟင်"

လူဝကြီး မျက်လုံးပြူးသွားသည်။

အနီရောင်ဝတ်လူငယ်က အံကြိတ်ပြီးပြောသည်။

"ခင်ဗျား မပြောဘဲနေရင် ခင်ဗျားအလှည့်ဖြစ်သွားလိမ့်မယ်"

လူဝကြီး ထိတ်လန့်နေသည်။ မျက်နှာမှာလည်း သွေးဆုတ်ဖြူလျော်သွား၏။

"မင်းဘယ်သူလဲ . . ."

လူရွယ်က အေးစက်စွာဖြင့် . . .

"ဧဝရီ . . ."

"ဘာ"

"သေမင်းဝေရီဆိုတဲ့နာမည်ကို ခင်ဗျားမကြားဖူးသေးဘူးထင်တယ်"

"မင်း . . . မင်း . . ."

သေမင်းဝေရီ သည် သိုင်းလောကသားများပေးထားသော အမည်မဟုတ်ဘဲ အောက်လမ်းသိုင်းသမားများက ခေါ်ကြသော အမည် ဖြစ်သည်။

သိုင်းလောကပျော် သိုင်းလေးဖော်၌ ပါဝင်သော လူငယ်လူရွယ် သိုင်းသမား ဝေရီသည် အောက်လမ်းသိုင်းသမားများ၊ လူဆိုးဓားပြများ အားဆုံးမရာ၌ လက်သံပြောင်လှသူဖြစ်သည်။

ထို့ကြောင့် သိုင်းလောကသားများက 'သေမင်း' ဝေရီဟုကင်ပွန်းတပ်ခဲ့ကြခြင်းဖြစ်သည်။

အပြာရောင်ဝတ်လုလင်မှာ ဝေရီဟူသော အမည်ကြောင့် စိတ်ဝင်စားသွားသည်။

"လက်စသပ်တော့ သေမင်းဝေရီဆိုတာ သူကိုး . . ."

သူ၏မျက်နှာ ပြုံးယောင်သန်းလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်သိုင်းသမား ဝေရီက . . .

"စကြာသိုင်းသမားက ကျားတောင်ကုန်းကို ဒုက္ခပေးလိမ့်မယ်လို့ သတင်းကြားခဲ့တယ်၊ ဒါကြောင့် ကျုပ်လာခဲ့တာပဲ၊ ကျုပ်ရောက်သွားတော့ ကျားတောင်ကုန်းဖျက်ဆီးခံထားလိုက်ရပြီ၊ သည်ကိစ္စနဲ့ ပတ်သက်ပြီး စကြာသိုင်းသမားနဲ့ စာရင်းရှင်းရလိမ့်မယ် . . ."

လူဝကြီး တံတွေးမျိုချလိုက်သည်။ သူက တုန်လှုပ်စွာ ပြောသည်၊

"ကျုပ်ဘာမှ မသိပါဘူးဗျာ . . ."

လူဝကြီးသည် အနက်ရောင်ဝတ်ထားသူနှစ်ယောက်ကိုလည်း အော်ငေါက်မောင်းထုတ်လိုက်သည်။

"တောက် . . . အသုံးမကျတဲ့ကောင်တွေ၊ ငါ့ရှေ့က ထွက်သွားကြစမ်း၊ မင်းတို့ကို မမြင်ချင်တော့ဘူး . . ."

အနက်ရောင်ဝတ်ထားသူ နှစ်ယောက်လည်း ခပ်ကုပ်ကုပ်လေး ထွက်သွားကြသည်။

ဝေရီက . . .

"ခင်ဗျား . . . တကယ်မသိဘူးလား"

လူဝကြီးက . . .

"ဟုတ်ပါတယ်ဗျာ . . ."

ဝေရီ ပြုံးလိုက်သည်။

ခမ်းနားထည်ဝါလှသော လူဝကြီးပိုင်ဆိုင်သည့် အဆောက်အဦးကြီးကို ဝေ့ကြည့်လိုက်သည်။

"အင်း . . . သည်အဆောက်အဦးကြီးကို မီးရှို့ဖျက်ဆီးပစ်လိုက်ရင် ခင်ဗျား တော်တော်စိတ်ထိခိုက်သွားမယ်ထင်တယ် . . ."

"ဘာ . . . ဘာပြောတယ်"

"စကြာသိုင်းသမားရဲ့ သတင်းကိုရဖို့ ကျုပ်ဘာမဆို လုပ်ရဲ



တယ်ကွ . . ."

ဝေရီက ခပ်ပြတ်ပြတ်ပြောလိုက်ရာ လူဝကြီး အလျှော့ပေးလိုက်လေတော့သည်။

"ကောင်းပြီ . . . မင်းသိချင်ယင် ခဏစောင့်ပါ၊ ကျုပ်စုံစမ်းပေးပါ့မယ်"

ဝေရီခေါင်းညိတ်လိုက်သည်။

"ခင်ဗျားကို . . . အခွင့်အရေးပေးလိုက်မယ်၊ ဒါပေမဲ့ ကျုပ်ကို စိတ်မရှည်အောင်လုပ်မယ်ဆိုယင်တော့ ကျုပ်ကသည်းခံမှာမဟုတ်ဘူးနော်"

"စိတ်ချပါ . . . ကျုပ် အမြန်ဆုံးဖြစ်အောင် ကြိုးစားပေးပါ့မယ်"

လူဝကြီးသည် ထိုင်ရာမှ ထသွားလေတော့သည်။

စားသောက်ခန်းမ၏ ပြတင်းပေါက်တစ်ခုနှင့် ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ လူငယ်သိုင်းသမားဝေရီ နှင့် အပြာရောင်ဝတ်ထားသော လုလင်တို့ မျက်နှာချင်းဆိုင်ထိုက်ကာ စားသောက်နေကြသည်။

သူတို့သည် ကျောက်တောင်ကုန်းပေါ်မှ ဆင်းလာခဲ့ကြပြီး ခင်ရှင်ဖျော် စားသောက်ဆိုင်ပိုင်ရှင် လူဝကြီးထံ၌ စကြာသိုင်းသမား၏ သတင်းကို လာရောက်စုံစမ်း ခဲ့ကြခြင်းဖြစ်သည်။

အပြာရောင်ဝတ်ထားသောလုလင်သည်လည်း စကြာသိုင်းသမား၏သတင်းကို သိလိုခြင်းကြောင့်-ထွက်မသွားသေးဘဲ ဝေရီနှင့်အတူ လူဝကြီးပြန်ရောက်လာမည့်အချိန်ကို စောင့်ဆိုင်းနေခြင်းဖြစ်သည်၊

ဝေရီက လုလင်အား အကဲခတ်လိုက်၏။

"ကျားတောင်ကုန်းဟာ သိုင်းလောကမှာ လူသိများ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြားတဲ့ သိုင်းအဖွဲ့အစည်းတခုဖြစ်ပေမဲ့ တောင်ကုန်းပိုင်ရှင်အပါအဝင် အဖွဲ့သားတစ်ယောက်မကျန် လုပ်ကြံခံလိုက်ရတယ်ဗျ . . ."

အပြာရောင် လုလင်က ပြုံးလိုက်လေ၏။ လုလင်က ပြောသည်။

"စကြာသိုင်းသမားဟာတော်တော်ကြောက်စရာကောင်းတယ်လို့ ခင်ဗျားပြောချင်တာလားဗျာ . . ."

ဝေရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . . ဘယ်လောက်ကြောက်စရာကောင်းတဲ့လူလဲဆိုတာ ကျားတောင်ကုန်းအဖြစ်မပျက်က သက်သေခံနေတာပဲ အဟုတ်လား . . . အားလုံးကို သတ်သွားတယ်ဗျာ . . ."

လုလင်ကပြုံးလိုသည်။

"ကျုပ် . . . ကြောက်လန့်သွားမယ်ထင်လို့ ခင်ဗျားပြောနေတာလား . . ."

ဝေရီဘာမှ မပြောဘဲ နေလိုက်သည်။

"စကြာသိုင်းသမားဟာ ကျော်ကြားတဲ့သိုင်းသမားကြီး တစ်ယောက်ဖြစ်ခဲ့ပါတယ်၊ ဒါပေမဲ့ သူဟာသိုင်းလောကက ပျောက်ကွယ်သွားပြီးတဲ့နောက်မှာ နယ်ခြားကို ရောက်သွားပြီး မန်ချူးတွေနဲ့ ပူးပေါင်းမိသွားတယ်၊ သိုင်းလောကထဲကို ပြန်ရောက်လာချိန်မှာတော့ သူ့ရဲ့ လုပ်ရပ်တွေဟာ ဘယ်သူမှလက်မခံနိုင်စရာ ဖြစ်လာခဲ့တယ်"

ဝေရီက . . .

"စကြာသိုင်းသမားဟာ တိုင်းတစ်ပါးသားတွေနဲ့ ပူးပေါင်းပြီး သိုင်းလောကကိုလွှမ်းမိုးဖို့ကြံစည်နေတာကို မင်းပြောချင်တာလား"

"မှန်တယ် . . ."

"သည်အကြောင်းကို သိုင်းလောကတစ်ခုလုံး သိနေကြတာပဲ"



"သိုင်းလောကသားတွေ သိထားကြတယ်ဆိုပေမယ့် စကြာသိုင်းသမားဘယ်မှာရှိတယ်ဆိုတာကို ခုချိန်ထိ ဘယ်သူမှအသိနိုင်ကြသေးဘူးလေ၊ အထက်လမ်းသိုင်းသမားတွေက စကြာသိုင်းသမားနဲ့ ထိပ်တိုက်တွေ့ပြီး ဖြေရှင်းချင်နေကြတာလား . . ."

ဝေရီက . . .

"မှန်တာပေါ့ . . . ကျားတောင်ကုန်းဖြစ်ရပ်ဟာ စကြာသိုင်းသမားဘယ်လိုလူစားလဲဆိုတာ သက်သေပြနေတာပဲ . . ."

လုလင်က ရှင်းပြသည်။

"ကျုပ်ကလည်း စကြာသိုင်းသမားဆီ ခေါ်ထုတ်ဆုံးမဖို့ ကြိုးစားနေတာပါ . . ."

ဝေရီကပြန်မေးလိုက်သည် . . .

"ခင်ဗျား . . . ကြိုးစားရင် ဇုက္ခရောက်သွားနိုင်တယ်ဆိုတာကော တွေးမိရဲ့လား . . ."

"တွေးမိပါတယ်"

"ခင်ဗျား . . ဘာကြောင့် ဇုက္ခရှာချင်ရတာလဲ"

"ခင်ဗျား ကကော. ."

လုလင်က ပြန်မေးလိုက်သည်။

ဝေရီက . . .

"ကျုပ်ဟာ အထက်လမ်းသိုင်းသမားတစ်ယောက်အဖြစ် ခံယူ ထားပါတယ်၊ ဒါကြောင့် အသက်စွန့်ရမယ် ဆိုင်ရင်လည်း ဝန်မလေးပါဘူး၊ ကျုပ်အသက်ဟာသိုင်းလောကအကျိုး၊ တိုင်းပြည်အကျိုးအတွက် အုပ်တစ်ချပ် သဲတစ်ပွင့်ပါ . . ."

"အများအကျိုး၊ သိုင်းလောကအကျိုးအတွက် စကြာသိုင်းသမားကို သုတ်သင်ရှင်းလင်းရာမှာ အသက်ပေးရမယ်ဆိုရင်လည်း ကျုပ် ရဲရဲဝံ့ဝံ့ သေရဲပါတယ်ဗျာ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက သူ့ရဲကောင်း တစ်ယောက်ကို"

"ကျုပ်က သူ့ရဲကောင်းဖြစ်ချင်လို့ မဟုတ်ပါဘူး"

"ကျုပ်ရဲ့ သဘောထား ရပ်တည်ချက်ကိုပြောပြတာပါ၊ ကျုပ်ဟာသာမန်သိုင်းသမားတစ်ယောက်ပါ"

"ကောင်းပါတယ် . . . ကျုပ်ချီးကျူးပါတယ်"

လုလင်က ချီးကျူးလိုက်သည်။

ဝေရီက . . .

"မင်းကော အထက်လမ်းသိုင်းသမားတစ်ယောက်ပဲလား"

လုလင်က ပြုံးနေလိုက်သည်။

ဝေရီက . . .

"စကြာသိုင်းသမားကို ချေမှုန်းဖို့ မင်းကြိုးစားနေတယ်ဆိုတာ ကျုပ်သိပါတယ် . . ."

"သေချာတာပေါ့ဗျာ . . ."

"မင်း . . . နောက်ဆုတ်လိုက်ရင်ကောင်းမယ်"

"နောက်ဆုတ်ရမယ် . . ."

"ဟုတ်တယ် . . ."

လုလင်က . . .

"ကျုပ်ဘာကြောင့် နောက်ဆုတ်ရမှာလဲ ပြောစမ်းပါဦး . . ."

"ခင်ဗျား . . . ဒုက္ခရောက်သွားမှာ စိုးရိမ်လို့ပါ"

"ဟား . . . ဟား . . . ဟား . . ."

လုလင်က သဘောကျစွာ ရယ်မောလိုက်သည်။

ဝေရီ မကျေမနပ်ဖြစ်သွားလေ၏။

"ကျုပ်က စေတနာနဲ့ ပြောတာ ပြောင်စရာမဟုတ်ဘူး၊ ကျုပ်ကို လှောင်ပြောင်ရင် ကျုပ်ကသိပ်သည်းခံနိုင်တာ မဟုတ်ဘူး"

လုလင်က လက်ကာပြလိုက်လေ၏။



"ကျုပ်က လှောင်ပြောင်တဲ့သဘောမျိုးဖြစ်သွားရင် တောင်းပန်ပါတယ်၊ မိတ်ဆွေဟာ သူ့ရဲကောင်းတစ်ယောက်ဆိုတာ သိထားပါတယ်၊ ဒါကြောင့် လေးစားခဲ့တာပါ၊ လှောင်ပြောင်လိုတဲ့စိတ် လုံးဝမရှိပါဘူး"

ဝေရီက . . .

"ဒါဖြင့် . . . မင်းက ကျုပ်ရဲ့စေတနာကို လေးစားသင့်တာပေါ့"

"ကျုပ် လေးစားပါတယ်ဗျာ"

"နေပါဦး . . . လေးစားတယ်လို့ ခင်ဗျားပြောနေပြီး ခုထိ ထွက်မသွားသေးတာ ဘာသဘောလဲဗျ"

"ကျုပ်က . . ."

"ဘာလဲ . . . စကြာသိုင်းသမားရဲ့သတင်းကို စောင့်နေတာလား"

လုလင် အဖြေမပေးဘဲ နေလိုက်သည်။

ဝေရီဒေါပွသွားလေ၏။

ထိုစဉ် . . .

ခြေသံများ ထွက်ပေါ်လာကာ ဆိုင်ရှင်လူဝကြီး ဖြန်လည် ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။ လူဝကြီးက သူတို့နှစ်ယောက်အနီးသို့ ရောက်ရှိလာသည်။

ဝေရီက ဦးအောင်မေးလိုက်သည်။

"ဘာသတင်းထူးသလဲ . . ."

လူဝကြီး မောပန်းလာပုံရသည်။

နဖူးပေါ်မှ ချွေးများသုတ်လိုက်သည်။

"စကြာသိုင်းသမားဟာ . . . ကျားတောင်ကုန်းကို ဖျက်ဆီးပြီးတဲ့နောက် 'ဓား' ဂေဟာကို ဆက်ပြီး ဖျက်ဆီးမယ်လို့ သတင်းကြား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရ ပါတယ်ဗျာ . . .”

“ဓားဂေဟာ”

“ဟုတ်ပါတယ်”

“ခင်ဗျား သတင်းသေချာတယ်နော်. . .”

“သေချာပါတယ်”

“ကောင်းပြီ”

ဝေရီ ထိုင်ရာမှ ထလိုက်လေသည်။

လူဝကြီးကို စိုက်ကြည့်ကာ ခပ်ထန်ထန်ပြောလိုက်သည်။

“ခင်ဗျား . . . လိမ်ပြောတာဆိုရင် ကျုပ်တစ်ခေါက်ပြန်လာခဲ့မယ်”

စကားဆုံးလျှင် ဆိုင်ထဲမှ ပြေးထွက်သွားလေတော့သည်။ အပြာရောင်ဝတ်ဆင်ထားသော လုလင်ကလည်း ထိုင်ရာမှ ထလိုက်သည်။

လူဝကြီးအား ပြုံးပြလိုက်သည်။

“စကြာသိုင်းသမားက ဓားဂေဟာကို ဒုက္ခပေးမှာသေချာတယ်နော် . . .”

လူဝကြီးက . . .

“ကျုပ် . . . လိမ်မပြောပါဘူး၊ ကျုပ်ရဲ့တည်းခိုခန်းကို ဖျက်ဆီးပစ်လိုက်မှာကို ကျုပ်မလိုလားပါဘူးဗျာ . . .”

လုလင်က ခပ်အေးအေးပြန်မေးသည်။

“ခင်ဗျား အခုလိုသတင်းပေးလိုက်လို့ စကြာသိုင်းသမားက ခင်ဗျားကို အကျေမနပ်ဖြစ်သွားနိုင်တယ်ဆိုတာ ခင်ဗျား မတွေးမိဘူးလား”

လူဝကြီး ခေါင်းညိတ်လိုက်သည်။

“တွေးမိပါတယ်ဗျာ . . .”



“ဒါဖြင့် . . . ခင်ဗျားဘာကြောင့် အမှန်အတိုင်းပြောလိုက်ရတာလဲ”

“ကျုပ်ပြောပြီးပါပကော၊ ကျုပ်မပြောရင် သူကကျုပ်ရဲ့ တည်းခိုခန်းကို ဖျက်ဆီးပစ်တော့မယ်လေ . . .”

လုလင်က ရယ်မောလိုက်၏။ သူသည် မတ်တတ်ထပြီး စဉ်းစားနေသည်။ ထို့နောက် လူဝကြီးအား ပြောလိုက်သည်။

“ဒါအပြင် . . . ခင်ဗျားမှာ နောက်ထပ်အကြောင်းတစ်ခုရှိရဦးမှာပါဗျာ . . .”

လူဝကြီးမျက်နှာ တည်ကြည်လေးနက်သွား၏၊

“ဟုတ်တယ် . . .”

“ကျုပ်ကိုပြောပြနိုင်မလား . . .”

“စကြာသိုင်းသမားဟာ ကြောက်စရာအကောင်းဆုံး လူတစ်ယောက်ဖြစ်နေပြီဆိုတာ သိုင်းလောကတစ်ခုလုံး မသိကြသေးဘူး၊ သူ့ကို ဘယ်သူမှ ယှဉ်နိုင်တော့မှာ မဟုတ်ဘူး၊ သူ့ကိုဒုက္ခပေးခဲ့ကြဖူးတဲ့လူတွေဘဲ ဒုက္ခရောက်သွားကြလိမ့်မယ် . . .”

လုလင်၏မျက်နှာတည်ကြည်လေးနက်သွားသည်။

“ကျုပ်သိပြီ . . . စကြာသိုင်းသမားကို သွားပြီးရင်ဆိုင်ရင် ဆရီဆိုတဲ့လူ သေဆုံးသွားလိမ့်မယ်၊ ဒါကြောင့် စကြာသိုင်းသမားက ဓားဂေဟာကို ဖျက်ဆီးလိမ့်မယ်ဆိုတဲ့ အကြောင်း ပြောလိုက်တာ ဟုတ်လား . . .”

လူဝကြီးက . . .

“ဟုတ်တယ် . . . သည်အတိုင်းပဲ၊ မင်းဟာ အမှန်ကိုတွေးတောတတ်တယ် . . .”

“စကြာသိုင်းသမားက ဘာကြောင့် ဓားဂေဟာကိုဖျက်ဆီးချင်ရတာလဲ ပြောပါဦး . . .”

www.burmeseclassic.com

www.burmeseclassic.com



လူဝကြီးက ...

“စကြာသိုင်းသမားဟာ သိုင်းလောကတစ်ခုလုံး စည်းလုံးညီညွတ်မှုရှိအောင် ကြိုးစားနေတယ်၊ သူ့ရဲ့ကြိုးပမ်းမှုကို သိုင်းလောကသားတွေ ပူးပေါင်းဆောင်ရွက်စေချင်တဲ့ ဆန္ဒရှိတယ်လေ ...”

လုလင်ပြုံးလိုက်လေသည်။

“ပူးပေါင်းပါဝင်ခြင်းမရှိတဲ့ လူတွေကို သူက ရန်သူအဖြစ်သဘောထားတယ်ပါတော့၊ သူ့ပေါင်းစည်းမှုက ဘီလူးသဘက်တွေပူးပေါင်းခြင်းမျိုးပဲဟာ ...”

“ဒါကတော့ သူကကောင်းတာလုပ်ပါလျက်နဲ့ မကောင်းဖြစ်ပြီး ဖျက်လိုဖျက်ဆီး လုပ်တဲ့လူတွေက ရှိသေးတာကိုး၊ သူတို့ဟာ စေတနာကို နားမလည်ဘဲ အပြစ်ပြောကြတယ်၊ ဖျက်လိုဖျက်ဆီးလုပ်ချင်ကြတယ်၊ သည်လူတွေအချင်းချင်း ပူးပေါင်းပြီး ဆန့်ကျင်ကြတယ်”

လူဝကြီး၏စကားကြောင့် လုလင်သက်ပြင်းချလိုက်လေသည်။

“သည်လိုဆိုပြန်တော့လည်း စကြာသိုင်းသမားဟာ အတော်ကို ကရုဏာသက်စရာကောင်းတဲ့ လူတစ်ယောက်ဖြစ်နေတာ ပါပဲလား”

လုလင်က သရော်လိုက်၏ ...

လူဝကြီးက...

“စကြာသိုင်းသမားဟာ ခေါင်းဆောင်ကောင်းပီသတဲ့ လူတစ်ယောက်ပါ၊ ဘယ်လိုအခက်အခဲ အန္တရာယ်ကြုံတွေ့ရပါစေ ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းသွားမယ့်လူပါ၊ သူဟာ စည်းရုံးသိမ်းသွင်းတာကို လက်ခံဘဲ အန္တရာယ်ပြုမယ့်လူတွေကို ကောင်းကောင်းကြီးအပြစ်ပေးဆုံးမလိမ့်မယ်၊ စည်းရုံး မခံတဲ့လူဟာ အပြစ်ဒဏ်ခံကြပေါ့ ...”

လုလင် ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူကအရွဲ့တိုက်



ပြောလိုက်သည်။

“ကောင်းတယ် ... ကောင်းတယ်၊ ဓားဂေဟာကို စကြာသိုင်း သမားဘယ်လို အပြစ်ပေးဆုံးမသလဲဆိုတာ ကျုပ်သွားကြည့်ဦးမယ်”

စကားဆုံးလျှင် လူဝကြီးအား နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

လူဝကြီးက လုလင်၏နောက်ကျောကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

## ပက်စက်သောအကြံအစည်

လုလင်သည် တည်းခိုခန်းမှ ထွက်ခွာလာခဲ့လေသည်။ ဓားဂေဟာအား စကြာသိုင်းသမားက နှောင့်ယှက်ဖျက်ဆီးလိမ့်မည်ဟု သတင်း ကြားရပြီးနောက် ဝေရီက အမြန်ဆုံးလိုက်သွားခဲ့ပြီးဖြစ်သည်။

ဝေရီသည် ထင်ရှားသောသိုင်းလောကပျော် သိုင်းလေးဖော်၌ ပါဝင်နေသူဖြစ်ရကာ ဂေဟာအပေါ် ကျရောက်လာမည့်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ရသည်။

လုလင်က ဝေရီကို စိတ်ချထားသည်။

ဝေရီသည် စကြာသိုင်းသမားကိုရင်ဆိုင်နိုင်မည်ဆိုပါလျှင် ဓားဂေဟာအတွက် စိုးရိမ်စရာမရှိတော့ပါ။

လုလင်စိုးရိမ်သည်က စကြာသိုင်းသမား၏အကြံအစည်ဖြစ်သည်။

စကြာသိုင်းသမားသည် ကျားတောင်ကုန်းအားဒုက္ခပေးသကဲ့သို့ ဓားဂေဟာကိုလည်း ဒုက္ခပေးရန်ပြင်ဆင်နေသည်။

ထို့အပြင် . . .

သိုင်းလောကတစ်ခုလုံးအား ဒုက္ခပေးမည့်သူလည်းဖြစ်



သည်။ စကြာသိုင်းသမားကသူ၏အကြံအစည်ကို အကောင်အထည်ဖော်ရာ၌ အသုံးချ၍ရမည့်သူများကို စည်းရုံးသိမ်းသွင်းလိမ့်မည်။

သိုင်းလောကသားတို့၏ စိတ်နေသဘောထားကလည်း ထူးဆန်းနေသည်။ မည်သူ့ကိုမဆို တစ်စိတ်တစ်ဝမ်းတည်း ဖြစ်မည်ဟု မယူဆနိုင်ပါ။

စကြာသိုင်းသမားအား မုန်းတီးသူများရှိနေသကဲ့သို့ စကြာသိုင်းသမားအားသဘောကျနှစ်သက်သူများလည်း ရှိနိုင်သည် မဟုတ်ပါလား။

လုလင်သည် ဓားဂေဟာဆီသို့ ဦးတည်သွားနေသည်။

ဓားဂေဟာမှာ မြို့ပြင်သို့ ထွက်ပြီး အရှေ့ဘက် ငါးမိုင်ခန့်အကွာ ရေကန်ကြီးအနီး၌ တည်ရှိသည်။

ဓားဂေဟာပိုင်ရှင်မှာ ဓားပါရဂူ စန်းမင်းဖြစ်သည်။ စန်းမင်းသည် သိုင်းလောကအကျိုး၊ အများအကျိုးဆောင်ရွက်နေသည့်အထက် လမ်းသိုင်းသမားကြီးတစ်ယောက်ဖြစ်ပြီး ဓားပညာနှင့်ပတ်သက်လျှင် တစ်ဖက်ကမ်းခပ်ကျွမ်းကျင်သူဟု အများ၏ချီးကျူးမှုခံရသူ ဖြစ်သည်။

ဓားဂေဟာပိုင်ရှင် ဓားပါရဂူ စန်းမင်းအား စကြာသိုင်းသမားက သူနှင့်လက်တွဲဖို့ မဟာမိတ်ဖွဲ့ဖို့ဆန္ဒပြုခဲ့သည်။

ဤသည်ကို ဓားပါရဂူစန်းမင်းက လက်မခံခဲ့ချေ။ ထို့ကြောင့် စကြာသိုင်းသမားသည် ဓားပါရဂူစန်းမင်းအား ရန်သူအဖြစ်သတ်မှတ်ကာ ဓားဂေဟာကို တိုက်ခိုက်ချေမှုန်းပစ်မည်ဟု ကြုံးဝါးခဲ့သည်။ အပြာရောင်ဝတ်ထားသော လုလင်သည် မြို့ပြင်သို့ ရောက်လာလျှင် တောလမ်းအတိုင်း ရှေ့ဆက်သွားလိုက်သည်။

ဝေရီက သူ့ထက်ဦးအောင် ဓားဂေဟာသို့ သွားနေပြီဖြစ်သော်လည်း သူက အေးအေးဆေးဆေးပင် ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးများ ဝေ့ရမ်းတိုက်ခတ်နေ၏။

ငှက်ကလေးများက ဘာသာဘာဝတေးသီကျွေးကာ ဟိုမှသည် မှုတ်နေကြသည်။

ရောင်စုံတောပန်းကလေးများသည် ငွားငွားစွင့်စွင့်နှင့် ဖူးပွင့်နေကြသည်။

"တယ်လည်းသာယာလှပပါလား . . ."

လုလင်က သဘာဝအလှအပများအားချီးကျူးလိုက်သည်။

ထိုစဉ် . . .

"ဟူး . . . ဟူး . . . ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ အနက်ရောင် ဝတ်ဆင်ထားကြသူများ ဟိုမှသည်မှ ထွက်ပေါ်လာကြပြီး လုလင်အား ဝိုင်းရံထားလိုက်ကြသည်။

လုလင်သဘောကျစွာပြုံးလိုက်သည်။

သူမျှော်လင့်ထားသည့်အတိုင်း ဖြစ်ပျက်လာသည်ဟု တွေးနေပုံမျိုး ဖြစ်သည်။

အနက်ရောင်ဝတ်ထားကြသူများ ရုတ်တရက် ထွက်ပေါ်လာ ဝိုင်းရံထားလိုက်ကြသော်လည်း လုလင့်အားတိုက်ခိုက်ခြင်း မပြုကြသေးချေ။

လုလင်က . . .

"ခင်ဗျားတို့က တစ်ယောက်ယောက်ကို စောင့်နေကြတာလားဗျာ. . ."

ထိုလူများ စကားတစ်လုံးမှ မပြောကြသကဲ့သို့ တုတ်တုတ်မှ လည်း မလှုပ်ကြချေ။

လုလင်က . . .

"ကျုပ်သိပြီ . . . ခင်ဗျားတို့က လူဝကြီးကို စောင့်နေကြတာ



ပဲဖြစ်ရမယ်"

သူ၏စကားသံနှင့် မရှေ့မနှောင်းမှာပင် သစ်ပင်များကြားမှ လူတစ်ယောက်ထွက်လာသည်။ ထိုလူမှာ တည်းခိုခန်းပိုင်ရှင် လူဝကြီးပင် ဖြစ်ပါတော့သည်။

ယခု . . .

လူဝကြီးသည် ကြောက်ရွံ့ထိတ်လန့်တတ်သူတစ်ယောက်၏ အသွင်မျိုးမရှိတော့ဘဲ သူ့အားတွေ့မြင်သူတိုင်းက ကြောက်ရွံ့ထိတ်လန့် သွားရမည့်အသွင်မျိုးရှိနေပါသည်။

လူဝကြီးတစ်ချက် လှုပ်ရှားလိုက်သည်နှင့် လုလင်အနီးသို့ ရောက်ရှိလာသည်။

ခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် သူ၏လှုပ်ရှားမှုက ပေါ့ပါးလျင်မြန်နေသည်။

လုလင်က သက်ပြင်းချလိုက်သည်။

"ခင်ဗျားရဲ့ ကိုယ်ဖော့ပညာ တော်တော်ကောင်းတာပဲ။ ဒါကြောင့် သိုင်းလောကသားတွေက ခင်ဗျားကို 'အရိပ်မဲ့' လို့ခေါ် နေကြ တာဘဲဖြစ်မယ် . . ."

လူဝကြီးက မဲ့ပြုံးပြုံးလိုက်သည်။

"လက်စသတ်တော့ မင်းက ငါ့ရဲ့သိုင်းလောကအဲ့ထူးကို ဆောင် သိနေတာကိုး . . ."

"ကျုပ် . . . သိထားတာအများကြီးပါ . . .၊ ခင်ဗျားဟာ တည်း ခိုခန်းပိုင်ရှင်ဟန်ဆောင်ထားပြီး နောက်ကွယ်မှာ မဟုတ်တာ အမ်းသမျှ အကုန်လုပ်နေတာကိုလည်း သိထားတယ်ဗျ . . ."

လူဝကြီးက . . .

"မင်းဘာတွေဘဲပြောပြော ခါးဂေဟာကို ရောက်မသွားနိုင်တော့ပါဘူး . . ."

www.burmeseclassic.com

www.burmeseclassic.com



လုလင်က မေးလိုက်၏ . . .

"နေပါဦး . . . ခင်ဗျားက မားဂေဟာကို သွားနေတဲ့ ဝေရီကို [illegible] ဘာကြောင့် ကျုပ်ကို တားဆီးနေရတာလဲပြောပါဦး"

လူဝကြီးက . . .

"ဝေရီကို သုတ်သင်ရှင်းလင်းပစ်ဖို့ စီစဉ်ထားပြီးပြီလေ . . ."

"ဩော် . . ."

"ဝေရီဟာ သိုင်းလောကပျော် သိုင်းလေးဖော်မှာ ပါဝင်တဲ့လူ ယ်သိုင်းသမားသူရဲကောင်းတစ်ယောက်ဆိုတော့ သူ့ကိုတားဆီးဖို့ အထူးစီစဉ်ထားရတာပဲ၊ သူဟာစကြာသိုင်းသမားကို ဒုက္ခပေးနိုင်တယ် မဟုတ်လား၊ ဒါတို့က ဒီလိုအဖြစ်မခံနိုင်ဘူးလေ"

လုလင်က မေးလိုက်၏ . . .

"ကျုပ်ကိုကော ဘာကြောင့် ဟန့်တားရတာလဲဗျာ . . ."

လူဝကြီးက . . .

"ဝေရီ နောက်ကိုလိုက်သွားပြီး မကူညီနိုင်အောင်ပေါ့ . . ."

"ကျုပ်က . . ."

"ဝေရီ့ကိုကျုပ်က မတားနိုင်ပေမယ့် မင်းကိုတားဆီးဖို့တော့ တာဝန်ယူနိုင်ပါသေးတယ်၊ ဝေရီကို မင်းမကူညီနိုင်ဘူးဆိုရင် ကျုပ်တာ ဝန်ကျေပါပြီ . . ."

"ဩော် . . ."

လုလင် . . . ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"လက်စသပ်တော့ . . . ခင်ဗျားက ကျုပ်ကိုဂရုမစိုက်တဲ့ သဘောပဲကိုး၊ ကျုပ်ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားမသိသေးဘဲကိုး"

လူဝကြီးက အလေးမထားဟန့်ဖြင့် မေးလိုက်၏ . . .

"မင်းက ဘယ်သူလဲ . . ."

"မားကျန်ပင်"



"ဟာ. . ."

မားကျန်ပင် ဟူသောအမည်ကို ကြားလျှင် လူဝကြီးပါးစပ် အဟောင်းသားဖြစ်သွားလေတော့သည်။

မားကျန်ပင် . . .

မားကျန်ပင်သည် သိုင်းလောက၌ လူတိုင်းကြားဖူးနေပြီး ရင်း နှီးနေပြီဖြစ်သော နာမည်ဖြစ်သည်။

သိုင်းလောကပျော် သိုင်းလေးဖော်၌ ပါဝင်သော လူငယ် လူရွယ်သိုင်းသမားတစ်ဦးလည်း ဖြစ်သည်၊

သိုင်းသမား လီအင်း၊ နေဒါးမယ် [illegible] ဝေရီနှင့် မားကျန်ပင်တို့သည် သိုင်းလောကပျော် သိုင်းလေးဖော်ပင် ဖြစ်ကြ သည်။

ထို့ကြောင့် လူဝကြီးပါးစပ်အဟောင်းသားဖြစ်နေသည်၊ အပြာရောင်လုလင်ကို မယုံကြည်နိုင်စွာကြည့်နေသည်၊ ထိုလူရွယ်မှာ မားကျန်ပင်ဖြစ်နေသည်ကို မယုံနိုင်အောင်ဖြစ်နေပါတော့သည်။

"မင်း . . . မင်း မားကျန်ပင် ဟုတ်လား . . ."

လူဝကြီးက ထစ်ထစ်ငေါ့ငေါ့မေးလိုက်သည်။

လုလင်ပြုံးလိုက်သည်။ သူ့အပြုံးကအေးဆေးလှသည်။ သူ သည် ဘာကိုမျှ အလျဉ်စလိုလုပ်တတ်သူမဟုတ်ပေ . . .။

"ခင်ဗျား . . . မယုံဘူးလား"

"မင်းက . . ."

"မားကျန်ပင်ဟာ စကြာသိုင်းသမားရဲ့ သတင်းကိုလိုက်ပြီး [illegible]စမ်း နေတာအတော်ကြာပြီဗျ၊ ကျားတောင်ကုန်းကို စကြာသိုင်းသမား [illegible] စည်းရုံးသိမ်းသွင်းခဲ့ပေမယ့် ကျားတောင်ကုန်းက လက်မခံဘူး [illegible]ကြောင့် တိုက်ခိုက်ဖျက်ဆီးမယ်ဆိုတဲ့ သတင်းကြားလိုက်[illegible] [illegible] ဒါပေမယ့် လက်မတင်ကလေးနောက်ကျသွားတာ[illegible]ကြောင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



တောင်ထွန်း ထံဆိုးသွားရတာပဲ၊ အင်းလေ . . . ပြောသာပြောရတာ ကျုပ်လည်း ထံဆိုးသွားနိုင်တာပဲ . . ."

လူဝကြီး အံကြိတ်လိုက်သည်။

"ခင်ဗျား . . . မားကျန်ပင်ဖြစ်နေရင်လည်း အရေးမကြီးပါဘူး မားဝေတာကိုမရောက်အောင် ကျုပ်တို့ကဟန့်တားသွားမှာပါပဲ"

မားကျန်ပင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ . . . ခင်ဗျားတို့ ဘယ်လောက်ဟန့်တားနိုင်မလဲ ကြည့်ကြသေးတာပေါ့ . . ."

စကားဆုံးလျှင် မားတစ်လက်ဆွဲထုတ်လိုက်သည်။

"ခွမ်း . . ."

ဝင်းလက်တောက်ပသော မားရောင်များထွက်ပေါ်လာလေသည်။

လူဝကြီးက လက်ဝှေ့ယမ်းပြလိုက်သည်။

"တိုက်ကြ . . ."

အနက်ရောင်ဝတ်ဆင်ထားကြသူများသည် ချက်ချင်းညာသံပေးကာ တိုက်ခိုက်လိုက်ကြသည်။

ကျားတောင်ကုန်း၌ သေဆုံးနေကြသော အထက်လမ်းသိုင်းသမားများအား မားကျန်ပင် မျက်လုံးထဲမြင်ယောင်လာသည်။

စကြာသိုင်းသမားဦးဆောင်သောလူစုသည် တိုင်းတစ်ပါးသားများနှင့် ပူးပေါင်းကာ သိုင်းလောကကိုဖျက်ဆီးဖို့ ကြံစည်နေကြသူများ ဖြစ်သည်။

သိုင်းလောကကိုဖျက်ဆီးနိုင်ခဲ့လျှင် မန်ချူးများကျူးကျော်လာရာ၌ မျိုးချစ်သိုင်းသမား ခုခံမှုကို မန်ချူးများမတွေ့ကြုံနိုင်တော့ပေ။

မျိုးချစ်သိုင်းသမားတို့၏ ဇွဲသတ္တိနှင့် သူရဲကောင်းစိတ်ဓာတ်အား မန်ချူးများ အလေးအနက်မထားဘဲ မနေဝံ့ကြချေ။ မျိုးချစ်သိုင်းသမားများ၏ ခုခံမှုသည် မန်ချူးတပ်ကြီး၏ ငါးပုံတစ်ပုံမျှကို ဖျက်ဆီးနိုင်စွမ်း ရှိသည်။



မားကျန်ပင်သည် စကြာသိုင်းသမားဦးဆောင်သော တိုင်းပြည် သစ္စာဖောက်များအား ပြတ်ပြတ်သားသား သုတ်သင်ရှင်းလင်းပစ်ရန် သံမဏိဌာန်ချထားသူဖြစ်သည်။ ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ပြတ်ပြတ်သားသားရင်ဆိုင်တိုက်ခိုက်လိုက်သည်။ မားရောင်များ ဝင်းလက်သွား၏။

ပြင်းထန်သသော မားချက်များသည် အနက်ရောင်ဝတ်ဆင်ထား သူများထံသို့ တိုးဝင်သွားသည်။

"အား . . ."

"အမေလေး . . ."

"သေပါပြီဗျ . . ."

စူးရှသော အော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာသည်။ အနက်ရောင်ဝတ်ဆင်ထားကြသူများမှာ မားကျန်ပင်၏ မားချက်မိကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြသည်။

ထိုလူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်လိုတ်ပုံကိုကြည့်ရင်း လူဝကြီး မျက်နှာပျက်သွား၏။

မားကျန်ပင်၏မားပညာမှာ ကြောက်မက်ဖွယ်ကောင်းနေကြောင်း လက်တွေ့သိရှိသွားပြီဖြစ်ပါသည်။

ထို့ကြောင့် . . .

"ဟိတ် . . ."

အသံတချက်ပေးကာ နောက်သို့ခုန်ဆုတ်လိုက်၏။ သူတို့ခိုက်ဖို့ အားယူသည်လား မားကျန်ပင်ကြည့်နေသည်။

"ဟူး . . ."

ကိုယ်ဖော့ပညာအသုံးပြုကာ အဝေးသို့ ကျော့[illegible]

www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

လူဝကြီးကား ထက်မြက်သော ကိုယ်ဖော့ပညာဖြင့် ခန္ဓာကိုယ်နှင့် မလိုက်အောင် လျှပ်ရှားပြေးလွှားနိုင်စွမ်းရှိသူဖြစ်၍ အရိပ်မဲ့ဟု [illegible]ငမားခေါ်ကြခြင်းဖြစ်သည်။

လူဝကြီးသည် တချက်လျှပ်ရှားလိုက်သည်နှင့် အဝေးသို့ ရောက်ရှိသွားလေတော့သည်။

မားကျန်ပင်ပြုံးလိုက်သည်။

"ကျုပ်လက်ကလွတ်အောင်ပြေးနိုင်ရင် ခင်ဗျားလူတော်ပဲ"

စကားဆုံးသည်နှင့် လက်ထဲမှ ဓားကိုပစ်လွှတ်လိုက်သည်။

လူကိုယ်တိုင်လိုက်မသွားဘဲ ဓားကို လိုက်သွားခိုင်းခြင်း ဖြစ်သည်၊

"ဗိုး . . ."

လေတိုးသံ ဗိုးခနဲ မြည်သွားလေ၏။

ဓားလွင့်သွားသည့်အချိန်မှာ လူဝကြီးပြေးလွှားသွားသည့် အရှိန်ထက်ပို၍ လျင်မြန်နေသည်။ လူဝကြီးမှာ သစ်ပင်ချုံနွယ်များကြားသို ရောက်ရှိသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

ထို့အတူ . . .

မားကျန်ပင်၏ ဓားသည်လည်း သစ်ပင်ချုံနွယ်များကြားသို့ တိုးဝင်သွားလေသည်။

မရှေးမနှောင်းမှာပင် . . .

"အား . . ."

လူဝကြီး၏ စူးရှသော အော်ဟစ်သံထွက်ပေါ်လာလေတော့သည်၊ ဓားရှး၍ မျက်စိမပါသော်လည်း မားကျန်ပင်၏ဓား၌ မူ မျက်စိပါလေသောင်ဝါ တကား . . .

❖ ❖ ❖



ဓားဂေဟာ . . .

ဓားဂေဟာသည် သိုင်းလောက၌ထင်ရှားကျော်ကြားသော ဂေဟာတစ်ခုဖြစ်သည်။

ဓားဂေဟာပိုင်ရှင် ကျန်းချူးသည် အများအကျိုး သိုင်းလောက အကျိုးသည်ပိုးဆောင်ရွက်နေသော အထက်လမ်း သိုင်းသမားကြီးတစ်ယောက်အဖြစ် ထင်ရှားသည်။ ဝေရီသည် ရေကန်ကြီးကို ကွေ့ပတ်ကာ ဓားဂေဟာရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသည်။ ဝေရီက လူဝကြီးထံမှ သတင်းရခဲ့သဖြင့် အမြန်ဆုံး အရောက်လာခဲ့ခြင်းဖြစ်သည်၊

ရေကန်ကြီးကို ကွေ့ပတ်ဖြတ်ကျော်လိုက်ပြီးသျှင် ခန်းနား ထည်ဝါသော ဓားဂေဟာကို တွေ့မြင်လိုက်ရလေသည်။

ဝေရီ ခြေလှမ်းရပ်လိုက်သည်၊

ဓားဂေဟာကို သေသေချာချာအကဲခတ်ကြည့်လိုက်သည်၊

သာယာလှပသော ပတ်ဝန်းကျင်တွင် ဓားဂေဟာသည် ခန်းနားထည်ဝါစွာရှိနေသော်လည်း လူရိပ်လူရောင်မတွေ့ရ အသံဗလံ မကြားရပဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

ဝေရီ မျက်မှောင်ကုပ်သွားလေ၏။

"ဓားဂေဟာက ဘာကြောင့်များသည်လောက်တောင် တိတ်ဆိတ်ငြိမ်သက်နေရတာလဲ . . ."

ဓားဂေဟာ၏ တိတ်ဆိတ်ငြိမ်သက်နေခြင်းမျိုးကို သူသဘောမကျချေ။

ထူးခြားမှုတခုခုရှိနေပြီဖြစ်ကြောင်းလည်း အလိုလို ခံစားသိရှိလာသည်။

ထို့ကြောင့် သတိထားပြီး ရှေ့သို့လှမ်းသွားရသည်။ ဓားဂေဟာနှင့် တစ်စထက်တစ်စနီးကပ်သွားပြီး နောက်ဆုံး [illegible]

www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်ဆီ ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားသည်။

သို့သော် ...

လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရသကဲ့သို့ အသံဗလံများ ကိုပင် မကြားရသေးချေ။

ဝေရီက ဂေဟာရှေ့၌ ခြေလှမ်းရပ်လိုက်ပြန်သည်။

"စကြာသိုင်းသမားများ ရောက်လာပြီးသွားပြီလား ..."

ကျားတောင်ကုန်းမှ အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာသည်။

စကြာသိုင်းသမားသည် ကျားတောင်ကုန်းကို တိုက်ခိုက်ခဲ့သောအခါ တစ်ယောက်မှ မချန်ဘဲ အားလုံးကို သတ်ပစ်လိုက်သည် မဟုတ်ပါလား ...

ယခု ...

ဓားဂေဟာကို မည်သို့စီရင်မည်နည်း ...

ဝေရီတွေးတောနေစဉ်မှာပင် ဂေဟာထဲမှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"စကြာသိုင်းသမား ... ခင်ဗျားရောက်လာပြီလား၊ ဂေဟာထဲကို ဝင်လာခဲ့ဗျာ"

ဝေရီ သက်ပြင်းချလိုက်သည်။

"ဟင်း ... တော်ပါသေးရဲ့၊ စကြာသိုင်းသမား မရောက်လာသေးဘူး"

စကားတစ်လုံးမျှ အပြောဘဲ ကျောက်လှေကားထစ်များကို ဖြတ်ကျော်ကာ ဂေဟာထဲသို့ဝင်သွားလိုက်သည်။ ဂေဟာ၏ ဧည့်ခန်းမှာ ခန်းနားထည်ဝါစွာ ပြင်ဆင်ထားသည်။

ဧည့်ခန်းအလယ်တွင် စားသောက်ဖွယ်ရာများ အရက်များ အလျှံပယ်ရှိသေးသည့် စားပွဲတစ်လုံးရှိနေပြီး ဝတ်ကောင်းစားလှရှိသူ



တစ်ယောက်ထိုင်နေ၏။ ထိုသူမှာ ဓားဂေဟာပိုင်ရှင် ကျန်းချူဖြစ်ပါသည်။ ကျန်းချူသည် အသက်ငါးဆယ်ခန့်ရှိပြီး ဥပမိရုပ်ကောင်းသူ ဖြစ်သည်။

ဝေရီက လှမ်းဝင်လာသည်ကိုမြင်လျှင် ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

"မင်းက စကြာသိုင်းသမားဟုတ်လား ..."

သူက ခေါင်းခါယမ်းလိုက်သည်။

ကျန်းချူက ဆက်ပြောလေ၏။

"စကြာသိုင်းသမားဟာ လူငယ်လူရွယ်တစ်ယောက်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ..."

ဝေရီပြုံးလိုက်သည်။

"ကျုပ်က စကြာသိုင်းသမားမဟုတ်ပါဘူးဗျာ စကြာသိုင်းသမားကို ဆုံးမမယ့် ဝေရီပါ"

"ဝေရီ ..."

"ဟုတ်ပါတယ်"

ကျန်းချူ အံ့ဩနေသည်။

"လက်စသပ်တော့ သိုင်းလောကမှာ ထင့်ပေါ်ကျော်ကြားလာတဲ့ သိုင်းလောကပျော် သိုင်းလေးဖော်ထဲမှာ ပါဝင်တဲ့ သိုင်းသမားလေး ဝေရီကိုး၊ အင်း ... ကျုပ်ဆီကို ရောင်လာတာ ဝမ်းသာဂုဏ်ယူမိပါတယ်၊ ဒါပေမဲ့ ... မင်းကိုဧည့်ဝတ်မပြုနိုင်တာကို တောင်းပန်ပါတယ်၊ မင်းသည်နေရာက အမြန်ဆုံးထွက်သွားတာ ကောင်းလိမ့်မယ် ..."

ဝေရီ ပြုံးလိုက်သည်။

"သည်နေရာကို ကျွန်တော်လာခဲ့တာ ထွက်သွားဖို့မဟုတ်ပါဘူး ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်း . . ."

"ကျွန်တော် တမင်လာခဲ့တာပါ"

[illegible]တာပိုင်ရှင် ကျန်းချူ၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ခင်းက ဓားဂေဟာနဲ့ စကြာသိုင်းသမားရဲ့ သတင်းကို ကြားသိလို့ လာခဲ့တာထင်တယ် . . ."

ဝေရီခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ကျန်းချူက လက်ဖဲ့ယမ်းပြလိုက်သည်။

"ထိုင်ပါ . . ."

ကျန်းချူသည် ဝေရီနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

"သောက်ပါဦး . . ."

ကျန်းချူက အရက်တစ်ခွက်ငှဲ့ပေးသည်။

"စကြာသိုင်းသမားဟာ သိုင်းလောက ကပျောက်ဆုံးသွားခဲ့တာ နှစ်ပေါင်းအတော်ကြာပါပြီ၊ သူဟာနယ်ခြားဒေသကို ရောက်သွားတာပဲ၊ သိုင်းလောကထဲမှာ ပြန်ပေါ်လာတော့ မန်ချူးလက်ပါးစေဖြစ်နေပြီ၊ ဒါဟာ ဟန်တရုတ်တွေအတွက် မကောင်းတဲ့လက္ခဏာပါ။ သူ့ရဲ့ သိုင်းပညာလည်းအတော်ကို တိုးတက်လာတယ်၊ သူဟာ မန်ချူးအလိုကျ သိုင်းလောကကို လွှမ်းမိုးနိုင်အောင် အကွက်ချစီစဉ်လာတယ်၊ သူ့မှာ စီမံကိန်းရှိပုံရတယ်"

ဝေရီ စိတ်ဝင်စားစွာ နားထောင်နေလိုက်သည်။

ကျန်းချူက ဆက်ပြောသည်။

"သိုင်းလောကသားတွေကို သူနဲ့မဟာမိတ်ဖွဲ့ဖို့ လိုက်ပြီး စည်းရုံးတယ်၊ သူနဲ့ လက်တွဲဖို့ ငြင်းဆန်တဲ့လူကို နည်းလမ်းအမျိုးမျိုးအသုံးပြုပြီး သုတ်သင်ရှင်းလင်းပစ်တယ်၊ အကြောင်းအမျိုးမျိုးကြောင့် သူနဲ့ မဟာမိတ်ဖွဲ့လိုက်ကြသူတွေ ရှိကြပေမယ့် သူ့ရဲ့လုပ်ရပ်ကို လက်မခံဘဲ အသက်စွန့်ရင်ဆိုင်မယ့်လူတွေလည်း ရှိနေပါသေးတယ်"



ဝေရီက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ဦးကိုလေးစားပါတယ် ခင်ဗျာ . . ."

ကျန်းချူ မချိပြုံး ပြုံးလိုက်လေသည်။

"ကျုပ်က စကြာသိုင်းသမား မဟာမိတ်အဖွဲ့ကို စည်းရုံးခဲ့ပေမဲ့ လက်မခံလိုက်ဘူး၊ သူ့ကို မယှဉ်နိုင်ဘဲ ကျုပ်ဒုက္ခရောက်သွားနိုင်တယ်ဆိုတာ သိလျက်နဲ့ ငြင်းလိုက်တယ်"

လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"စည်ကားသိုက်မြိုက်ခဲ့တဲ့ ကျုပ်ရဲ့ဓားဂေဟာက ခုတော့ သုသာန်တစ်စပြင်လို တိတ်ဆိတ်ခြောက်သွေ့သွားခဲ့ပါပြီ"

"ဦးက ဓားဂေဟာမှာ မှီတင်းနေထိုင်တဲ့လူတွေကို ထွက်သွားနိုင်လိုက်တယ် ဟုတ်လား . . ."

"ဟုတ်တယ် . . . ကျုပ်ရဲ့ဆုံးဖြတ်ချက်ကြောင့် မဆိုင်တဲ့သူတွေ ဒုက္ခမရောက်စေချင်ဘူးလေ"

ဝေရီသက်ပြင်းချလိုက်သည်။

"ဦးက သည်လိုမလုပ်ဘဲ စုပေါင်းအင်အားနဲ့ စကြာသိုင်းသမား ကိုရင်ဆိုင်သင့်ပါတယ်၊ ဒါဆိုရင် ဦးတစ်ယောက်ထဲ ရင်ဆိုင်မှာထက်ပိုပြီး အကျိုးရှိနိုင်တာပေါ့"

ကျန်းချူ လက်မခံပါ၊ သူက ခေါင်းခါပြလေ၏။

"ကျုပ်ရဲ့ဆုံးဖြတ်ချက်ကြောင့် ကျုပ်လူတွေ သေဆုံးသွားကြမှာ၊ ဒုက္ခရောက်မှာကို မလိုလားဘူး၊ ကျုပ်တစ်ယောက်တည်းပဲ ဖြစ်ပျက်သမျှကို တာဝန်ယူသွားမယ်၊ မန်ချူးလက်ပါးစေကို ကျုပ်အသက်စွန့်ပြီး ကြိုးစားမယ်၊ သေတယ်ရှင်တယ်ဆိုတာ ပွဲ့အပြော

www.burmeseclassic.com

ခေါ်ပါဘူး"

ဝေရီ ဦးညွှတ်လိုက်သည်။

"ဦးရဲ့ . . . သိုင်းသမားပီသတဲ့ စိတ်ထားကို ချီးကျူးပါတယ် [illegible] . . ."

သူ၏စကားမဆုံးမီ ကျွန်းချူးက ကြားဖြတ်ပြောလိုက်သည်။

"မိတ်ဆွေးလေးလည်း ဓားဂေဟာက ပြန်သွားနိုင်ပါပြီ၊ ကျုပ်ရဲ့ ပြဿနာကို ကျုပ်ဘာသာဖြေရှင်းပါ့မယ်။"

ဝေရီက . . .

"ကျွန်တော်မသွားနိုင်ပါဘူးခင်ဗျာ"

"မောင်ရင်လေး ဒုက္ခရောက်မှာ မကြောက်ဘူးလား"

"ကျွန်တော်သေသွားရမယ်ဆိုယင်တောင် စကြာသိုင်းသမားကိုရင်ဆိုင်သွားမှာပါ။ ကျွန်တော့်စိတ်ဓာတ်ကလည်း ဦးနဲ့ထက်တူထပ်မျှပါပဲဗျာ . . ."

ကျွန်းချူး၏မျက်နှာတွင် ထူးခြားသည့်အရိပ်အရောင်များဖြစ်ပေါ်လာလေသည်။

"မောင်ရင်လေးမသွားရင် ဒုက္ခရောက်သွားလိမ့်မယ်"

"ကျွန်တော် ပြောပြီးပါပြီ ခင်ဗျာ . . ."

"မဟုတ်သေးဘူး၊ ကျုပ်ပြောတာက စကြာသိုင်းသမားထားခဲ့တဲ့လူ မဟုတ်ဘူး၊ မောင်ရင်လေးသူ့ကို ရင်ဆိုင်ချင်တယ်ဆိုလော့ကံကောင်းမှ သူ့ကိုတွေ့ရမှာ၊ ဒါမှမဟုတ်ရင် သူ့ကိုမတွေ့ရပဲ ဒုက္ခရောက်သွားလိမ့်မယ် . . ."

ဝေရီမျက်မှောင်ကုပ်သွားသည်။

"ဦးရဲ့စကားကို ကျွန်တော် နားမရှင်းဘူးဗျ . . ."

ကျွန်းချူးက . . .

"မောင်ရင်လေးနားရှင်းအောင် ပြောရမယ်ဆိုရင်



စကြာသိုင်းသမားကို အံတုဖို့ကြိုးစားတဲ့လူတွေဟာ စကြာသိုင်းသမားကို တွေ့ချင်မှတွေ့ရနိုင်မယ်၊ စကြာသိုင်းသမားဘယ်ဆိုနေမှန်းမသိရသေးပဲ အလိုလိုဒုက္ခရောက်ချင် ရောက်သွားမှာ . . ."

ဝေရီက . . .

"ကိစ္စပါဘူး . . . ကျွန်တော်ဒုက္ခရောက်သွားလည်း အရေးမကြီးပါဘူး . . ."

ကျွန်းချူးရယ်မောလိုက်သည်။

"ဒါဆိုရင် . . . မောင်ရင်လေးဒုက္ခရောက်သွားပြီလို့ မှတ်လိုက်ပေတော့ . . ."

"ဗျာ . . ."

"စကြာသိုင်းသမားကိုအံတုဖို့ကြိုးစားသူတိုင်း ဒုက္ခရောက်ရမယ်ဆိုတာ မောင်ရင်လေး လက်တွေ့သိရမှာ သေချာတယ် . . ."

ဝေရီသည် ကျွန်းချူးကိုကြည့်ရင်း ထူးခြားမှုတစ်ခုခုရှိနေသည်ဟု စိတ်ထဲ ခံစားလာရသည်။

"တစ်ခုခုတော့ မှားနေပြီ . . ."

ဟုလည်း စိတ်ထဲမှ ရေရွတ်လိုက်သည်။

ကျွန်းချူးကို ကြည့်ရသည်မှာ သဘောမကျနိုင်အောင်ဖြစ်လာသည်။

ကျွန်းချူးက သဘောကျစွာ ရယ်မောနေသည် မဟုတ်ပါလား။

ဝေရီကလည်း ဟန်ဆောင်ရယ်မောလိုက်လေသည်။

"ကျွန်တော် ဘယ်လို ဒုက္ခရောက်မှာလဲပြောပါဦးဗျာ . . ."

ကျွန်းချူးက . . .

"မင်းက အဆိပ်ခတ်ထားတဲ့ အရက်ကိုသောက်လိုက်မိတော့ ဒုက္ခရောက်သွားတာပေါ့ . . ."

www.burmeseclassic.com



"ဘာရှ . . ."

"စောစောကမင်းသောက်ထားတဲ့အရက်ထဲမှာ အဆိပ်ခတ်ထားတယ်လေ . . ."

ခင်ရို ရင်ထိတ်သွား၏။

သို့သော် . . .

အရိပ်အမြွက်မပျက်စေရန် စိတ်ထိန်းထားလိုက်လေသည်။

"ကျွန်တော့်ကို ဘာကြောင့် အဆိပ်ခတ်ထားတဲ့အရက် တိုက် ရတာလဲဗျ . . ."

ကျန်းချူက . . .

"မင်းက စကြာသိုင်းသမားကို ဒုက္ခပေးမယ့်လူဖြစ်နေလို့ပေါ့"

"ဒါဖြင့် . . . ခင်ဗျားကကော"

"ကျုပ်က စကြာသိုင်းသမားနဲ့ရင်ဆိုင်ဖို့ ဆုံးဖြတ်ခဲ့တယ် ဒါပေ မယ့်တကယ်တမ်းရင်ဆိုင်လိုက်တဲ့အခါ သူ့ကိုမယှဉ်နိုင် အရေးနိမ့်သွားတယ်လေ . . ."

"ဩော် . . . စကြာသိုင်းသမားက ဓားဂေဟာကို ရော ပြီးပြီကိုး . . ."

"မှန်တယ် . . . သူ့ကို ကျုပ်ရှုံးသွားတယ်၊ ဘယ်လိုမှ မ နိုင်မှန်း သိလိုက်ပြီးတဲ့နောက်ပိုင်း၊ သူနဲ့ မဟာမိတ်ဖွဲ့ဖို့ ကျုပ်ဆုံးဖြ လိုက်တာပဲ . . ."

ဝေရီ သက်ပြင်းချလိုက်သည်။

"စကြာသိုင်းသမားဟာ မဟာမိတ်ဖွဲ့ဖို့ ကောင်းတဲ့လူ ယောက်မဟုတ်ဘူး ဒါတာ ခင်ဗျားသိပါတယ်ဗျာ . . ."

"ကျုပ်ရဲ့သက်ကို သူပိုင်သွားပြီးတဲ့နောက်တော့ သည် မဟုတ်တော့ပါဘူး . . ."

"ကျွန် . . . အဆိပ်ခတ်လိုက်ပေမဲ့ ကျုပ်ကစကြာ သမားကို ခင်ဗျားလို အညွှန့်ခံမှာ မဟုတ်ဘူးဗျ . . ."



ကျန်းချူခေါင်းညိတ်လိုက်သည်၊

"ကျုပ်သိတယ် . . . စကြာသိုင်းသမားကလည်း မင်းတို့သိုင်း လောကပျော် သိုင်းလေးဖော်ကို သုတ်သင်ရှင်းလင်းပစ်ဖို့ ဆုံးဖြတ်ထား တယ် . . ."

"ဟား . . . ဟား . . . ဟား"

ဝေရီက တဟားဟားရယ်မောလိုက်သည်၊

ရုတ်တရက် . . .

" . . . ဝုန်း . . ."

ထိုင်ရာမှ ခုန်ထကာ စားပွဲကို တန်ကျောက်ပစ်လိုက်၏။ ဓား ကိုလည်း လျှပ်တပြက်ဆွဲထုတ်ကာ ကျန်းချူ၏ရင်ဝကို ထိုးသွင်း လိုက်လေသည်။

သူ၏လှုပ်ရှားမှုကား လျှပ်ပြက်သလို လျှင်မြန်နေပြီး မထင် သည့်အချိန်တွင် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ သူ၏ဓားချက် သည် လျင်မြန်သည်၊ တိကျသည်၊ ဓားချက်တစ်ချက်ထည်းနှင့် ကျန်း အား သုတ်သင်ရှင်းလင်းပစ်ဖို့ ကြိုးစားလိုက်ခြင်းဖြစ်သည်။

သူ၏ဓားဦးသည် ကျန်းချူ၏ရင်ဝသို့တည့်တည့်မတ်မတ် ဝင်သွားလေသည်။

သို့သော် . . . ဝေရီမှာ အဆိပ်မိထားသဖြင့် ခန္ဓာကိုယ်ထဲမှ အားများ ပျောက်ကွယ်သွားလေသည်။

ထိုးသွင်းလိုက်သည့် ဓားချက်က အားမာန်မပါတော့ပါ။

ထို့ကြောင့် . . .

"ခြွမ်း . . ."

ကျန်းချူ ၏ ရင်ဝကို ထိုးမိလိုက်သော်လည်း ဓားကို ဖြင့် နိုင်တော့ပဲ လွတ်ကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]ည် အခြေအနေမဟန်မှန်းသိလျှင် ကျန်းချူး တုန့်ပြန် [illegible] နောက်ဆုတ်လိုက်၏။

သူ၏ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်ကာ လဲပြိုကျမသွားစေရန် [illegible]ထားလိုက်ရသည်။

"ဟား . . . ဟား . . . ဟား"

ကျန်းချူး ဟားတိုက်ရယ်မောလိုက်သည်။

ကြမ်းပြင်ပေါ် လွတ်ကျခဲ့သည့် ဝေရီ၏ ဓားကို ကောက်ယူကာ စစ်ဆေးကြည့်လိုက်သည်။

"ဓားကောင်း တစ်လက်ပဲ . . ."

ဝေရီခံပြင်းနေသည်။

"ခင်ဗျားကို အထင်ကြီးမိတာ ကျုပ်မှားသွားတယ် "

ကျန်းချူးက . . .

"မင်းတို့လေးယောက်ထဲက တစ်ယောက်ယောက်တော့ ဓားလောကရဲ့သတင်းကို ကြားပြီးရောက်လာနိုင်တယ်လို့ စကြာသိုင်းသမား ကပြောခဲ့တယ်၊ ရောက်လာခဲ့ရင် ကျုပ်ရဲ့ထောင်ချောက်ထည်းတိုးဝင်မိမှာပဲလို့ ပြောခဲ့တယ် . . ."

"တောက်"

ထို့နောက်ကျန်းချူးက . . .

"စကြာသိုင်းသမားနဲ့ပေါင်းမှ ရန်သူကို လွယ်လင့်တကူအနိုင်ယူတဲ့နည်းလမ်းတွေကို ကျုပ်သဘောပေါက်လာသယ်၊ မင်းအဆိပ်မိထားပေမဲ့ မပူပါနဲ့၊ အသက်အန္တရာယ်မစိုးရိမ်ရပါဘူး၊ မင်းရဲ့အတွင်းအား ပျောက်ကွယ်ပြီး သိုင်းပညာအသုံးပြုလို့မရနိုင်တဲ့ အခြေအနေ လောက်ပဲရှိနေမှာပါ . . ."

ဝေရီက . . .

"ခင်ဗျားက ကျုပ်ကိုမသေချင်ဘူးဟုတ်လား . . ."



ကျန်းချူးက . . .

"ကျုပ်မဟုတ်ဘူး . . . စကြာသိုင်းသမားကပါ"

"ဩော် . . . သူကဘာကြောင့် ကျုပ်ကိုမသေစေချင်ရတာလဲ ပြောပါဦး . . ."

"မင်းက ဝေရီဖြစ်နေလို့ပေါ့ . . ."

ကျန်းချူးသည် ဝေရီအား စိုက်ကြည့်ကာ ဆက်ပြောလိုက်လေသည်။

"သိုင်းလောကပျော် သိုင်းလေးဖော်ဆိုတဲ့ လူငယ်သိုင်းသမားတွေက သူ့လက်အောက်ကို ခိုဝင်လာကြမယ်ဆိုင်ရင် အတော်တိုအား ကိုးအားထားပြုလို့ရမယ်ဆိုတဲ့အကြောင်း ကျုပ်ကိုပြောသွားတယ်"

"ဟား . . . ဟား . . . ဟား"

ဝေရီက ရယ်မောလိုက်သည်။

"လက်စသတ်တော့ ကျုပ်ကိုစည်းရုံးသိမ်းသွင်းချင်တာကိုး"

"ဟုတ်တယ် . . . ဒါကြောင့်လည်း သမားတော်စီးယင် အထူး ဖော်စပ်ထားတဲ့ အဆိပ်ဆေးကို အသုံးပြုခဲ့တာပေါ့၊ ဒါပေမယ့် မင်းကို ကျုပ်တို့နဲ့ လက်တွဲဖို့ ငြင်းဆန်မယ်ဆိုရင်တော့ တစ်ခါတည်း ရှင်းပစ်လိုက်ဖို့ စကြာသိုင်းသမား အမိန့်ပေးထားတယ် . . ."

ဝေရီက . . .

"ကျုပ်ကို တစ်ခါတည်းသာ ရှင်းပစ်လိုက်ပါဗျာ . . ."

"မင်း . . ."

"ကျုပ်မိတ်ဆွေ သိုင်းသမားလီအင်းနဲ့ရှောက်ကွမ်းတို့က ကျုပ်အတွက် သွေးကြွေးဆပ်ပေးကြပါလိမ့်မယ်၊ ဒါကြောင့် . . . ကျုပ်သေသွားရမယ်ဆိုရင်လည်း ဘာမှပူစရာမရှိပါဘူး . . ."

ကျန်းချူး ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ လေးယောက်ထဲမှာ လီအင်းရဲ့ သိုင်းပညာက အထက်မြက်ဆုံးပဲ၊ ဒေါသကြီးတဲ့ ရှောက်ကွမ်းရဲ့ပညာလည်း မဆိုးပါဘူး . . ."

ဝေရီက . . .

"သူတို့က ခင်ဗျားတို့ကို ချမ်းသာပေးမှာ မဟုတ်ဘူး . . ."

ကျန်းချူး လက်ကာပြလိုက်သည်။

"မင်း . . . သူတို့ကို မမျှော်လင့်ဘဲနေရင် ကောင်းမယ်"

"ဘာဖြစ်လို့လဲ . . ."

"လီအင်းကို ပေါ့ဆလို့မရတော့ စကြာသိုင်းသမားက သူကိုယ်တိုင် တာဝန်ယူဖို့စီစဉ်ထားတယ် . . ."

"ဩော် . . ."

ကျန်းချူးက . . .

"လီအင်းနဲ့ ရှောက်ကွမ်းဟာ မောင်နှမလို ခင်မင်ရင်းနှီးနေကြတယ်၊ သူတို့နှစ်ယောက်လက်တွဲလိုက်ရင် တော်ရုံလူ မယှဉ်နိုင်တော့ဘူး ဆိုတာ သိနေကြတယ်၊ သူတို့ဟာ သိုင်းလောကထဲလှည့်ပြီး စကြာသိုင်းသမားရဲ့ သတင်းကို စုံစမ်းရင်း အောက်လမ်းသိုင်းသမားတွေကို ချေမှုန်းနေကြတယ် . . ."

ဝေရီက . . .

"ဒါမှ . . . သိုင်းလောက အေးချမ်းသာယာသွားမှာပေါ့ဗျာ၊ လူငယ်တွေက သိတတ်ကြပြီး ခင်ဗျားတို့လို လူကြီးတွေက မသိတတ်ကြတာ အတော့်ကို ဝမ်းနည်းစရာကောင်းတာပဲ၊ အကာပြပြ အနှစ်မဲ့ဆိုတာ ခင်ဗျားတို့လို လူကြီးတွေပဲ . . ."

ကျန်းချူးက ဝေရီ၏စကားကို အမှုမထားဘဲ ဆက်ပြောသည်။

"လီအင်းနဲ့ ရှောက်ကွမ်းဟာ စကြာသိုင်းသမားနဲ့ အောက်



လမ်းသိုင်းသမားတွေကို ချေမှုန်းပစ်ဖို့လောက်သာ သိကြတယ်၊ အစွမ်းတုန်ကြိုးစားကြတယ်၊ သည်အချက်ဟာ သူတို့အတွက် အန္တရာယ်ပဲဆိုတာကို သူတို့အသိကြဘူး . . ."

ဝေရီက မေးလိုက်၏ . . .

"ခင်ဗျားစကားက ဘာသဘောလဲဗျ . . ."

ကျန်းချူးက ပြုံးလိုက်သည်။

"စကြာသိုင်းသမားက သူတို့ကို ထောင်ချောက်ဆင်ပြီး လွယ်လွယ်လေးနဲ့ ရှင်းပစ်လိုက်မှာပါ . . ."

ဝေရီ နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျားက . . . စကြာသိုင်းသမားကို တော်တော်အထင်ကြီးနေတာကိုး . . ."

ကျန်းချူးက . . .

"သူပြောတဲ့စကားတွေက အမြဲတမ်းမှန်တယ်၊ သူ့လုပ်ရပ်တွေကလည်း တိကျတယ်လေ . . ."

"သူက . . . လီအင်းတို့ကို ထောင်ချောက်ဆင်ပြီး ရှင်းပစ်မှာမဟုတ်လား . . ."

"သေချာတာပေါ့ကွာ"

"ဘယ်လိုများ ထောင်ချောက်ဆင်မှာလဲ ပြေစမ်းပါဦးဗျာ"

ကျန်းချူးကပြုံးလိုက်သည်။

"မင်းဟာ . . . သေလူတစ်ယောက်ဖြစ်နေပြီဆိုတော့ ပြောရမှာပေါ့လေ၊ သိုင်းအဖွဲ့တစ်ခုဟာ စကြာသိုင်းသမားနဲ့ ပူးပေါင်းပြီး သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်နေတယ်ဆိုတာ လီအင်းတို့သိအောင် လုပ်လိုက်မယ် . . ."

"လီအင်းတို့သွားပြီး ချေမှုန်းတဲ့အခါ အကောက်ကြံပြီး လုပ်ကြံမယ်ပေါ့ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ညီတို့ မတုတ်ဘူး"

"ဟာ"

ဝေရီ အံ့ဩသွားသည်။

ကျွန်းချူက ...

"စကြာသိုင်းသမားကိုယ်တိုင်က ထင်ရှားတဲ့ အထက်လမ်းသိုင်း သမားတစ်ယောက်လိုရုပ်ဖျက်ပြီး လီအင်းတို့နဲ့လက်တွဲမယ်၊ နန်းသူတွေ ကို နှိမ်နင်းလမ့်မယ်၊ ဒါမှ လီအင်းတို့ပိုပြီး ယုံကြည်သွားမယ် မတုတ်လား၊ ယုံသွားပြီဆိုရင် ရှင်းပစ်ဖို့ဆိုတာ မခက်တော့ပါဘူး ..."

ဝေရီက ...

"စကြာသိုင်းသမားကထင်ရှားတဲ့ အထက်လမ်းသိုင်းသမား အဖြစ်အယောင်ဆောင်တာတော့ဟုတ်ပါပြီ၊ သူတို့ချေမှုန်းမယ့် သိုင်း လောကကို ဒုက္ခပေးမယ့်လူတွေအဖြစ်ကော၊ ဘယ်သူက အယောင် ဆောင်ကြမှာလည်းဗျ ..."

ကျွန်းချူ ခေါင်းခါယမ်းလိုက်ပြန်သည်။

"ဒါက အယောင်ဆောင်လို့မရဘူး၊ တကယ့်ကို ဒုက္ခပေးမဲ့ လူတွေ၊ သူတို့ကို တကယ်ချေမှုန်းပစ်မှာပဲ ..."

ဝေရီက ...

"စကြာသိုင်းသမားက လီအင်းကို ယုံကြည်အောင်သူ့ရဲ့ လူတွေကို ပြန်ပြီး သတ်ပစ်မယ်ဟုတ်လား ..."

ကျွန်းချူက ...

"ဟုတ်တယ် ... ဒီအတိုင်းပဲ၊ လီအင်းနဲ့ ရှောက်တွမ်းကို ရှင်းပစ်နိုင်ဖို့ ကိုယ့်ဘက်က အရင်းအနှီးတော့ စိုက်ထုတ်ရမှာပေါ့ကွာ၊ ဒါ တာတမ့်လုံးကောင်းစားဖို့ဘဲလေ"

"နေပါဦး ... ချေမှုန်းခံရမယ့်လူတွေကကော ဘယ်သူတွေ လဲ၊ စကြာသိုင်းသမားရဲ့ အကြံအောင်မြင်အောင် သူတို့ကို စတေးတာ



ကို သဘောကျမယ်မထင်ပါဘူးဗျား ..."

"ဒါပေါ့ ... အဖြစ်မှန်ကိုသိရင်တော့ ဘယ်သူမှ သဘော ကျမှာ မဟုတ်ပါဘူး၊ ဒါကြောင့် မသိအောင် သမားတော်စီးယင်နဲ့ စကြာသိုင်းသမားက တိုင်ပင်ပြီး ပိပိရိရိစီစဉ်ထားတာပေါ့"

ဝေရီ မယုံနိုင်အောင်ဖြစ်နေသည်။

"သည်လောက်ထင်ရှားတဲ့သမားတော် စီးယင်တာ စကြာ သိုင်းသမားရဲ့လူဖြစ်နေပြီဆိုတာ ကျုပ်တော့ အံ့ဩတယ်ဗျာ"

ကျွန်းချူက ရယ်မောလိုက်လေ၏။

"ကျင်းလိမ်မြို့စား ရှောင်ဝါးထင်လို လူစားမျိုးတောင်မှ စကြာ သိုင်းသမားနဲ့ မိတ်ဆွေဖြစ်နိုင်သေးရင် သမားတော်စီးယင်က ဘာ ကြောင့် မဖြစ်နိုင်ရမှာလဲ၊ သူဟာစကြာသိုင်းသမားရဲ့ လူဖြစ်နေတာ ကြောင့် သူ့ရဲ့အဆိပ်ဆေးကို ကျုပ်ကိုအသုံးပြုနိုင်တာပေါ့။ ကဲ မင်း ယုံပြီလား"

ဝေရီ ခေါင်းညိတ်လိုက်သည်။

"ယုံပါပြီဗျာ ... ဒါထက်ကျုပ်က ခင်ဗျားတို့နဲ့ ပူးပေါင်းမယ် ဆိုရင်တော့ ကျုပ်အတွက် အဆိပ်ဖြေဆေးရနိုင်မလား"

ကျွန်းချူက...

"သိပ်ရတာပေါ့ ... ကျုပ်မှာအဆင်သင့်ရှိတယ်"

အနီရောင် ဆေးလုံးလေးများပါရှိသော ဆေးပုလင်းလေး တစ်လုံး ထုတ်ပြလိုက်သည်။

ဝေရီက ...

"အင်း ... အဆိပ်ဆေးတော့ လိုချင်ပါတယ်၊ ဒါပေမယ့် ကျုပ်က ခင်ဗျားတို့နဲ့ မပူးပေါင်းနိုင်တာ ခက်တယ်"

ကျွန်းချူက လှောင်ပြုံးပြုံးလိုက်သည်။

"ဒါဆို ... မင်းသေသွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဝေရီက တွေးနွေးစွာပြောသည်။

"ဒီလိုမြန်မြန် စကြာသိုင်းသမားနဲ့ပတ်သက်ပြီး အတော် များများ သိခွင့်ရလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ကျန်းချူ လက်မခံပါ။

"မင်းက သေရမယ့်လူဆိုတော့ ကျုပ်ကစေတနာနဲ့ ပြောပြ လိုက်တာပါ၊ ဒါမှ မင်းအသေဖြောင့်မယ်အဟုတ်လား၊ ကျုပ်ကို ကျေးဇူး တင်စရာ မလိုပါဘူး"

ဝေရီက . . .

"ကျုပ်က မသေနိုင်သေးဘဲ စကြာသိုင်းသမားအကြောင်း သိလိုက်ရတာ အမြတ်ထွက်သွားတယ်ဆိုရင်ကောဗျာ . . ."

"ဒါမဖြစ်နိုင်ပါဘူး . . ."

ဝေရီက . . .

"ဖြစ်နိုင်ပါတယ် . . . ဘာကြောင့်လဲဆိုတော့ ကျုပ်ကို ကူညီမယ့် လူတစ်ယောက် ရှိနေလို့ပါပဲ . . ."

"ဟင် . . ."

ကျန်းချူ ရင်ထိတ်သွား၏။

ဝေရီ၏စကားအဆုံး၌ ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည် မဟုတ်ပါလား . . .

ကျန်းချူ လှမ်းကြည့်လိုက်ရာ အပြာရောင်ဝတ်ဆံင်ထား သော လုလင်တစ်ယောက် လှမ်းဝင်လာနေသည်ကို တွေ့လိုက်ရ လေ၏၊

ထိုလူမှာ မားကျန်းပင် ဖြစ်လေတော့သတည်း။

❖ ❖ ❖

ဝေရီသည် အဆိပ်ဖြေဆေးကို သောက်လိုက်ရသဖြင့်



အသက် ဘေးမှ လွတ်မြောက်ခဲ့သည်။

ကျန်းချူသည် မားကျန်းပင်အား ဝေရီကဲ့သို့ အကောက် ကြံ၍ မရသဖြင့် ဓားရေးယှဉ်ပြိုင်ခဲ့ရသည်။

မားကျန်းပင်၏ဓားသိုင်းက ဓားဝေဟာ၏ဓားသိုင်ထက်ပို၍ စွမ်းနေခြင်းကြောင့် အရေးနိမ့်ကာ အမိုက်ဇာတ်သိမ်းသွားသည်။ သူတစ်ပါး၏ကျွန်ဖြစ်ရခြင်းထက် သေရသည်ကမြတ်သည်ကို ကျန်းချူ မဝေခွဲနိုင်ခဲ့ချေ၊ အသက်ကြီးသော်လည်း အချိန်မစီးခဲ့ချေ။

ဝေရီသည် မားကျန်းပင်နှင့် ကျန်းချူတို့၏ယှဉ်ပြိုင်မှုကို ကြည့် ကာ တဖျံ့တဩဖြစ်နေခဲ့သည်။

"ခင်ဗျားက မားကျန်းပင် ဟုတ်လား . . ."

မားကျန်းပင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ . . ."

ဝေရီ . . . ဦးညွှတ်လိုက်သည်။

"ကျုပ်က ခင်ဗျားမှန်းမသိပဲ အထင်သေးသလိုပြောဆိုဆက်ဆံ မိခဲ့တာကို တောင်းပန်ပါတယ်ဗျာ . . ."

မားကျန်းပင် ပြုံးလိုက်လေသည်။

"ကျုပ်ကလည်း . . . ခင်ဗျားကိုဝေရီလို့ ရှုတ်တရက်မထင်ခဲ့ မိဘူး၊ နောက်မှ သိရတာ လူဝကြီးက စကြာသိုင်းသမား ဓားဝေဟာ ကိုလာမယ်ဆိုတဲ့အကြောင်းကို လွယ်လွယ်ကူကူပြောလာကတည်းက ထောင်ချောက်တခုဖြစ်နိုင်မှန်းရိပ်မိပြီး နောက်ချန်နေရစ်ခဲ့မိတာ၊ သည် နေရာကို အချိန်မီရောက်လာနိုင်တာကံကောင်းလှပြီး . . ."

ဝေရီက . . .

"လီအင်းနဲ့ ရှောက်ကွမ်းတို့ဟာ ကျုပ်နဲ့သွေးသားရင်းချာတွေ လိုခင်မင်ရင်းနှီးနေကြပါပြီ၊ သူတို့ပြောပြောနေလို့ ခင်ဗျားကိုတွေ့ချင်နေ တာကြာပါပြီဗျာ . . ."

www.burmeseclassic.com

www.burmeseclassic.com



မားကျွန်းဝင် ခေါင်းညိတ်လိုက်သည်။

"လီအင်းနဲ့ ရှောက်ကွမ်းက ကျုပ်အကြောင်းခင်ဗျားကို ပြောခဲ့သတို့ ခင်[illegible]ကြောင်းလည်းကျုပ်ကိုပြောပြခဲ့ကြပါတယ်၊ ကျုပ်တို့[illegible]တ်မှာ ခင်ဗျားနဲ့ကျုပ်ပဲ မဆုံမိကြသေးတာပါ . . ."

"ခုတော့ . . . ဆုံမိပြီပေါ့ဗျာ"

"ဟုတ်တယ် . . . သိုင်းလောကပျော် သိုင်းလေးဖော်ဟာ အတယ့်ညီအစ်ကို မောင်နှမတွေလိုဖြစ်သွားကြပြီပေါ့ဗျာ၊ ဦးတည်ချက်တူတဲ့ လူလေးယောက်ဟာခုလိုပဲ ခင်ခင်မင်မင်ရှိသင့်ပါတယ်"

နှစ်ယောက်သား တဟားဟားရယ်မောလိုက်ကြ၏။ သိုင်းလောကပျော်သိုင်းလေးဖော် စည်းလုံးညီညွတ်စွာ အတူလက်တွဲကာ ရင်ဆိုင်သွားကြမည်ဆိုလျှင် စကြာသိုင်းသမားအား ဆုံးမနိုင်လိမ့်မည်မှာ သေချာနေမိတော့သည်။

ဝေရီက မေးလိုက်လေ၏။

"ကျန်းချူး ပြောခဲ့တဲ့စကားတွေကို ခင်ဗျား ကြားခဲ့တယ်မဟုတ်လား"

မားကျွန်းပင်က . . .

"ကြားတယ် . . . အတော်ကိုထိတ်လန့်စရာကောင်းတယ် သမားတော်စီးယင်နဲ့ ကျင်းလိမ်မြို့ကစား ရှောင်ဝါးထင်ကိုတောင် စကြာသိုင်းသမားနဲ့ ပတ်သက်နေပြီဆိုရင် အလွယ်တော့ဘူးဗျ၊ သိုင်းလောကအတွက် အတော့်ကို အန္တရာယ်ကြီးနေပြီဗျာ . . ."

ဝေရီကပြောသည်။

"ကျုပ်ကလီအင်းကို လိုက်ရှာပြီး အကျိုးအကြောင်းပြောပြရင်ကောင်းမယ်ထင်တယ်"

မားကျွန်းပင် ပြုံးလိုက်လေ၏။

"သိုင်းလောကကို နှောင့်ယှက်ဖို့ စကြာသိုင်းသမားနဲ့လက်တွဲပြီး ကြံစည်နေတဲ့ သိုင်းအဖွဲ့တစ်ခုအကြောင်း လီအင်းနဲ့ရှောက်ကွမ်းတို့ သဲလွန်စရပြီး ချေမှုန်းဖို့ သွားနေကြတယ်၊ အဲသည်ကစ္စပြီးရင် ကျင်းလိမ်မြို့ကို လာကြမှာသေချာတယ်၊ အဲ့ဒါ ကျုပ်သိထားတဲ့သတင်းပဲ . . ."

ဝေရီ ရင်ထိတ်သွားသည်။

"သူတို့နှစ်ယောက်ဟာ သိုင်းလောကတစ်ခွင် လှည့်လည်ပြီး စကြာသိုင်းသမားနဲ့ ပတ်သက်နေတဲ့ အောက်လမ်းသိုင်းသမားတွေကို နှိမ်နင်းနေတာမှန်ပါတယ်၊ သူတို့နှစ်ယောက်လက်စွမ်းပြနိုင်ကြလိမ့်မယ်လည်း ကျုပ်ယုံကြည်ထားပါတယ်၊ ဒါပေမယ့် သူတို့ဟာ ကျင်းလိမ်မြို့ကို သွားကြမယ်ဆိုတာက ဘယ်လိုသဘောလဲ၊ အကြောင်းထူးရှိနေပြီထင်ပါတယ် . . ."

မားကျွန်းပင်က . . .

"ဟုတ်ပါတယ်ဗျာ . . . ကျင်းလိမ်မြို့စားကြီး ရှောင်ဝါးထင် . . . ပင်"

"ဘာ . . . . စကြာသိုင်းသမားနဲ့ မဟာမိတ်ဖွဲ့ထားလိုက်ပြီလို့ သိရပါတယ်၊ ရှောင်ဝါးထင်နဲ့ စကြာသိုင်းသမားဟာ စည်းရုံးသိမ်းသွင်းဖို့ ခက်ခဲတဲ့ အထက်လမ်းသိုင်းသမားတွေကို သုတ်သင်ရှင်းလင်းပစ်ဖို့ လျှို့ဝှက်ကြတယ်၊ တားကြတယ်"

"ပြောပါဦး . . ."

"ကျင်းလိမ်မြို့စား ရှောင်ဝါးထင်က သိုင်းလောကသားတွေကို ဖိတ်ခေါ်ပြီး သိုင်းပြိုင်ပွဲတစ်ခု ကျင်းပပေးလိမ့်မယ် . . ."

ဝေရီပိုပြီး ထိတ်လန့်သွားသည်။

သိုင်းလောကသားများသည် သိုင်းပြိုင်ပွဲဆိုလျှင် အလွန်ဝါသနာပါကြသည်။ အလွန်စိတ်ဝင်စားကြသည်။ သိုင်းပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုကြလျှင်ပင် သွားရောက်ကြည့်ရှုတတ်ကြသူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှောင်ဝါးထင်က အထက်လမ်းသိုင်းသမားတွေကို ဖိတ်ခေါ်ပြီး လုပ်ကြလိမ့်မယ်၊ သည်သတင်းကို လီအင်းနဲ့ ရှောက်ကွမ်းလည်း ကြားမှာပဲ ဒါကြောင့် . . . ကျုပ်တို့ ကျင်းလိမ်မြို့မှ သွားပြီးစောင့်နေကြမယ်ဆိုရင် လီအင်းတို့နဲ့ တွေ့ရမှာ သေချာတယ် . . ."

ဝေရီက . . .

"ဟုတ်တယ် . . . ကျင်းလိမ်ကိုတို့ အရောက်သွားပြီး ရှောင်ဝါးထင်ရဲ့ အကြံအစည်ကို ဟန့်တားရမှာပဲ၊ ရှောင်ဝါးထင်ကလည်း အထက်လမ်းသိုင်းသမားတွေကို ရင်ဆိုင်ဖို့ အောက်လမ်းသိုင်းသမားတွေကို ခေါ်ထားမယ်ထင်တယ်၊ ဒါမှလည်း သူတို့လုပ်ကြံနိုင်မှာ"

"သေချာတာပေါ့ဗျာ . . . မင်းသားတုစန်း၊ ကြိုးဆက်တုတ်သိုင်းသမားလိုကိုထန်၊ သိုင်းသမားဆိုးရှောင်အင်းစတဲ့ အောက်လမ်းထိပ်သီးသိုင်းသမားတွေဟာ ရှောင်ဝါးထင်ဘက်ကရပ်တည်ကြလိမ့်မယ်လို့၊ ကျုပ် သတင်းရထားတယ်ဗျ"

ဝေရီ မျက်နှာပျက်နေသည်။

"အောက်လမ်း သိုင်းထိပ်သီးဖြစ်တဲ့ မုန်တိုင်းလက်ဝါးလူးခ်ျဟာ သိုင်းလောကကို ဒုက္ခပေးခဲ့ပေါင်းများပြီ၊ သူ့တပည့်သိုင်းသမားဆိုးရှောင်အင်းက ဆရာ့ထက်တောင် လက်စွမ်းထက်သေးတယ် အထက်လမ်းသိုင်းသမားတွေကို ဒုက္ခပေးတဲ့နေရာမှာ စံတင်ထိုက်တဲ့လူတစ်ယောက်ပဲ၊ ရှောင်ဝါးထင်က သည်လူတွေကို စုထားတယ်ဆိုရင် သိုင်းပြိုင်ပွဲရဲ့ နောက်ကွယ်က လျှို့ဝှက်ချက်ကို မသိဘဲ ကျင်းလိမ်မြို့ကို သွားမိတဲ့ အထက်လမ်းသိုင်းသမားတွေအားလုံး ဒုက္ခရောက်ကြတော့မှာပဲ . . ."

မားကျန်းပင်က . . .

"ကျုပ်တို့ အချိန်မီ လိုက်သွားပြီး ရှောင်ဝါးထင်နဲ့ အောက်လမ်းသိုင်းသမားတွေကို ဟန့်တားကြတာပေါ့ . . ."



"ကောင်း . . ."

ဝေရီက ဘာတူလိုက်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

# သစ္စာဖောက်

ကိုရှောင်သည် မီးဖိုချောင်သို့ဝင်ကာ နံနက်စာချက်ပြုတ်နေသည်။ ယနေ့ သူလက်စွမ်းပြရမည့်အချိန် ဖြစ်သည်။

သူ၏ဖွဲ့ လုံ့လ၊ ဝီရိယရှိမှုကြောင့် ဆရာဖြစ်သူ သိုင်းဆရာလင်းထုန်ထံမှ ပညာကုန်ရရှိခဲ့ပြီး သိုင်းပညာပြည့်စုံသွားခဲ့ပြီ မဟုတ်ပါလား၊ ဤသို့သော ဆရာမျိုးကရှားလှပါဘိ။

"ကိုရှောင် . . . မင်းကို ငါထပ်သင်ပေးစရာမရှိတော့ဘူး။ ငါတတ်တဲ့ ပညာအားလုံးမခြွင်းမချန်သင်ပေးခဲ့ပြီးပြီ၊ ငါ့ရဲ့ပညာကို မင်းရသွားပြီဆိုတာ ငါယုံကြည်လိုက်ပြီ၊ ဒါကြောင့်သိုင်းလောကထဲဆင်းပြီး အတွေ့အကြုံရှာဖို့ ခွင့်ပြုလိုက်မယ်"

ဆရာလင်းထန်၏ ချီးကျူးစကားက ကိုရှောင်၏ဘဝကိုပြောင်းလဲသွားစေခဲ့ပါသည်။

ပညာစုံလျှင် သိုင်းလောကသို့ဆင်းကာ လီအင်း၊ ရှောက်ကွမ်းတို့နှင့်လက်တွဲပြီး အများအကျိုးဆောင်ရွက်ရန် ဆုံးဖြတ်ထားသည်။

သူသည် ရှောက်ကွမ်းအပေါ် မေတ္တာသက်ဝင်မိခဲ့ခြင်း



ကြောင့် သိုင်းလောကသို့ ဆင်းလိုစိတ် ပြင်းပျနေခြင်းတော့ မဟုတ်ပါချေ။

ရှောက်ကွမ်းနှင့် ဘယ်တော့မှ နီးစပ်မည်မဟုတ်၊ သူမ၏မေတ္တာကို ဘယ်တော့မှ ရနိုင်မည်မဟုတ်ကြောင်း နားလည်ထားပြီးဖြစ်သည်။

ရှောက်ကွမ်း၏ ဆရာမှာ သီလရှင်တစ်ပါးဖြစ်ပြီး ရှောက်ကွမ်းအား တစ်သက်လုံးအိမ်ထောင်မပြုရဟု အမိန့်ထုတ်ကာ တားမြစ်ထားခဲ့သည် မဟုတ်ပါလား။ ကိုရှောင်သည် ရှောက်ကွမ်း စိတ်အနှောင့်အယှက် မဖြစ်စေရန် သူ၏မေတ္တာကို ရင်ထဲ၌ သိမ်းဆည်းထားရန် ဆုံးဖြတ်ခဲ့ပြီး ပြီဖြစ်ပါသည်။

ရှောက်ကွမ်း၏ သတင်းကို ကြားသိခဲ့ပြီးနောက် ညီမလေးတစ်ယောက်ဟုသာ သဘောထားတော့မည်ဟုလည်း ဆုံးဖြတ်ခဲ့သည်။

ကိုရှောင် သိုင်းလောကသို့ဆင်းလိုသည့် အဓိကရည်ရွယ်ချက်မှာ သိုင်းလောကပျော်သိုင်းလေးဖော်တွင် ပါဝင်ကာ သိုင်းငါးဖော်ဖြစ်စေလိုခြင်းပင်တည်း။

ယနေ့ . . .

သိုင်းပညာပြည့်စုံပြီဖြစ်၍ သိုင်းလောကသို့ဆင်းတော့မည်ဖြစ်ရာ နှုတ်ဆက်ပွဲကလေး ကျင်းပနိုင်ရန် လက်စွမ်းပြကာ ချက်ပြုတ်နေခြင်း ဖြစ်ပါတော့သည်။

ကိုရှောင်က ယနေ့အဖို့ ကံကောင်းသည်ဟုလည်း ထင်မိသည်။

တိုက်ဆိုင်တိုက်ဆိုင်ပင် သိုင်းဆရာလင်းထုန်၏ အရင်းနှီးဆုံးမိတ်ဆွေ သမားတော်စီးယင် အလည်အပတ်ရောက်လာခဲ့သည်မဟုတ်ပါလား . . .။

www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်က ဆရာနှင့် သမားတော် စီးယင်တို့အရသာတွေ့ပြီး အရည်လည်သွားစေရန် အစွမ်းကုန်ချက်ပြုတ်နေလေတော့၏။

မွှေးကြိုင်သော ဟင်းနံ့များသည် တစ်အိမ်လုံးကြိုင်လှိုင်နေသည်။ ကိုရှောင်၏လက်စွမ်းကို ညှိရနံ့များကသက်သေပြနေ၏။ ကိုရှောင်က မီးဖိုချောင်ထဲ၌ ချွေးတလုံးလုံးဖြင့် ချက်ပြုတ်နေသည်။

သိုင်းဆရာလင်းထုန်နှင့် သမားတော်စီးယင်တို့သည် ဧည့်ခန်းထဲ၌ ထိုင်ရင်း ရေနွေးကြမ်းသောက်ရင်း စကားလက်ဆုံကျနေသည်။

သူတို့၏စကားသံများသည် တချက်တချက် မီးဖိုချောင်ထဲသို့တိုင် လွင့်ပျံ့လာသည်။

"ဆရာ . . . ဗိုက်ဆာနေတော့မှာပဲ၊ မြန်မြန်ချက်မှ . . ."

ကိုရှောင်သည်လည်း သူလက်စွမ်းပြထားသော အကောင်းဆုံး လက်ရာ ဟင်းလျာများကို ကျွေးမွေးလိုသဖြင့် စိတ်ထည်းလောနေသည်။

ထိုစဉ် . . .

"ဒါ . . . ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး . ."

လင်းထုန်၏ အသံကိုကြားလိုက်ရ၏။

သိုင်းဆရာလင်းထုန်နှင့် နှစ်ပေါင်းများစွာအနီးကပ်နေထိုင်လာခဲ့သော ကိုရှောင်သည် လင်းထုန်၏အသံကိုကြားရသည်နှင့် အလွန်ပင် စိတ်ဆိုးဒေါသဖြစ်နေကြောင်း သတိပြုလိုက်မိသည်။

ကိုရှောင် အံ့ဩသွားသည်။

"ဆရာ . . . ဘာတွေများ စိတ်ဆိုးနေပါလိမ့် . . ."

အမှတ်တမဲ့ဖြစ်ကာ ဧည့်ခန်းထဲသို့ ချောင်းကြည့်လိုက်မိလေသည်။

သိုင်းဆရာလင်းထုန် နှင့် သမားတော်စီးယင်တို့ စကားများ



နေကြပါသည်။

"ဒါဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး စကြာသိုင်းသမားဟာ တိုင်းတစ်ပါးသားတွေနဲ့ ပေါင်းပြီး သိုင်းလောကတိုဖျက်ဆီးမယ်၊ တိုင်းပြည်ကို ဒုက္ခပေးမယ်၊ ဒီလိုလူစားမျိုးနဲ့ မိတ်ဖွဲ့လက်တွဲဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး . . ."

လင်းထုန်ဒေါကြီးမောကြီးဖြင့် ပြောနေသည်။

သမားတော်စီးယင်က . . .

"စကြာသိုင်းသမားနဲ့ပူးပေါင်းလိုက်ရင် သိုင်းလောကတစ်ခုလုံး ကျုပ်တို့ခြေဖဝါးအောက်ရောက်လာမယ်ဆိုတာကော ခင်ဗျား မစဉ်းစားမိဘူးလား၊ တခြားကိစ္စတွေ [illegible] ကိုယ့်ကိစ္စလဲ ကိုယ်စဉ်းစားပါဦး . . ."

လင်းထုန်က . . .

"သိုင်းလောက ခြေဖဝါးအောက်ရောက်မလာတော့ရင်ကော ဘာဖြစ်မှာလဲ၊ သစ္စာဖောက် လူယုတ်မာမဖြစ်ဖို့က ပိုအရေးကြီးတယ်၊ ခင်ဗျားဟာ စကြာသိုင်းသမားနဲ့ မိတ်ဆွေဖွဲ့ထားလိုက်ပြီဆိုရင် ကျုပ်တို့ လမ်းခွဲကြဖို့ပဲ ရှိတော့တာပေါ့ . . ."

လင်းထုန် ခပ်ပြတ်ပြတ်ပြောသည်။

သမားတော်စီးယင်က . . .

"ကျုပ်က . . . ခင်ဗျားကို ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ဖြစ်နေလို့ အမှန်အတိုင်း ဖွင့်ပြောခဲ့တာ၊ ခုတော့ ခင်ဗျားတသဘောမတူတဲ့အပြင် ကျုပ်ရဲ့အကြောင်းကို သိသွားပြီ ဆိုတော့ခက်ပြီ"

လင်းထုန်က . . .

"ခင်ဗျားက မဟုတ်တာလုပ်ချင်နေတာကိုး၊ ခင်ဗျားကို အားအားနာမနေနိုင်ဘူး၊ ခင်ဗျားအကြောင်း၊ သိုင်းလောကတစ်ခုလုံး

www.burmeseclassic.com



[illegible]ရှာပဲ"

"[illegible] . . . သည်လိုတော့ မလုပ်ပါနဲ့ဗျာ"

ကိုရှောင်သည် ကြားလိုက်ရသော စကားများကြောင့် ရင်[illegible]သွားသည်။

"ဒုက္ခပဲ . . . သမားတော်စီးယင်ဟာ စကြာသိုင်းသမားနဲ့ [illegible]ပေါင်းဖို့ ဆရာကိုလာပြီး စည်းရုံးနေတာကိုး၊ သူဟာ သစ္စာဖောက် တစ်ယောက်ဖြစ်နေပါလား၊ တော်တော်ဆိုးတဲ့ကိစ္စပဲ၊ သမားတော်ကြီး ဘယ်လိုဖြစ်သွားပါလိမ့် . . ."

ကိုရှောင်ချောင်းကြည့်လိုက်ရာ သမားတော်စီးယင်သည် သူ၏အကြောင်းကို ဖော်ထုတ်ခြင်းမပြုရန် လင်းထုန်အား ခြေသလုံး ဖက်မတတ် တောင်းပန်နေသည်ကို တွေ့မြင်လိုက်ရသည်။

"ဆရာကလည်း အင်မတန် ပြတ်သားတဲ့လူဆိုတော့ ခက် နေပြီ . . ."

သူတွေးတောနေစဉ်မှာပင် . . .

"အား . . ."

လင်းထုန်၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ဟာ . . ."

ကိုရှောင် ထိတ်လန့်သွားသည်။

ချက်ချင်းပင် အိမ်ရှေ့ခန်းသို့ ပြေးထွက်သွားလိုက်လေသည်။

သမားတော်စီးယင်သည် တောင်းပန်သလိုလိုနှင့် သိုင်းသမား လင်းထုန်အား အငိုက်ဖမ်းကာ တိုက်ခိုက်လိုက်သည် မဟုတ်ပါလား။

အငိုက်မိသွားသော လင်းထုန်မှာ တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲကာ ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။

"ဆရာ . . ."



ကိုရှောင်ကပြေး၍ ဖေးမလိုက်သည်။

"ဟား . . . ဟား . . . ဟား"

သမားတော်စီးယင် ဟားတိုက်ရယ်မောလေ၏။

ကိုရှောင်က . . .

"ခင်ဗျား . . . ယုတ်မာလှချည်လား၊ စကြာသိုင်းသမားနဲ့ ပေါင်းပြီး ကျုပ်ဆရာအပေါ် အကောက်ကြံတယ်ဟုတ်လား၊ ခင်ဗျား ခင်ဗျား . . ."

"ဟား . . . ဟား . . . ဟား၊ မင်းတို့ ဆရာတပည့် နှစ်ယောက်စလုံး ငါ့လက်က မလွတ်တော့ပါဘူးကွာ . . ."

သမားတော်စီးယင်က ဓားတစ်လက်ဆွဲထုတ်လိုက်သည်။

ထိုစဉ် . . .

"ကိုရှောင် . . . သူ့ကို အလွတ်မပေးနဲ့၊ သူဟာ တိုင်းပြည် သစ္စာဖောက် . . ."

လင်းထုန်က အားယူကာ အော်ပြောပြီးနောက် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

ကိုရှောင် ဒေါသအမျက် ချောင်းချောင်းထွက်သွားသည်။

"သိကြသေးတာပေါ့ဗျာ"

ချက်ချင်းပင် သမားတော်စီးယင်ထံသို့ ခုန်ဝင်တိုက်ခိုက်လိုက် လေတော့သည်။

သမားတော်စီးယင်မှာ ဝါရင့်သိုင်းသမားကြီးဖြစ်သည့်အပြင် သိုင်းဆရာလင်းထုန်အား သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့ပြီဖြစ်၍ ဝင့်ကြွား နေပါသည်။

သူ၏အကြောင်း မပေါ်ပေါက်ရလေအောင် ကိုရှောင်ကို သုတ်သင်ရှင်းလင်းပစ်ဖို့လည်း ဆုံးဖြတ်လိုက်သည်။

"ကောင်လေး . . . မင်းက ငါ့အတွက် မွေးနေ့လက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



လာပို့ပေးတာကို ငါသဘောကျပေမဲ့ မင်းဆရာရဲ့ မိုက်မဲမှုကြောင့် ခင်ဗျားကို ချစ်သဘောပေးလို့ မဖြစ်တော့ဘူး . . . "

ကိုရှောင်က . . .

"အတတ်တမ်း မိုက်မဲတာက ခင်ဗျားပဲ၊ ခင်ဗျားဟာ တိုင်းပြည်သစ္စာဖောက်၊ သိုင်းလောကရဲ့သစ္စာဖောက် . . . "

"တား . . . ဟား . . . ဟား . . . ငါဟာ စကြာသိုင်း သမားနဲ့ ပေါင်းပြီး မကြာခင်မှာ သိုင်းလောကကို လွှမ်းမိုးနိုင်တော့မယ်၊ ဒါကြောင့် မင်းရဲ့ဆရာကိုစေတနာနဲ့လာခေါ်တာ၊ မင်းဆရာက လက်မခံတဲ့အပြင် အကြောင်းဖော်ထုတ်ဖို့တောင် ကြိုးစားခဲ့သေးတယ်"

ကိုရှောင်က . . .

"ခင်ဗျားရဲ့လုပ်ရပ်တွေကို ဘယ်သူကမှ လက်မခံကြဘူးဆိုတာ မှတ်ထား၊ ကျုပ်ကလဲ အများသိအောင် ကြေငြာရမှာပဲ . . . "

သမားတော်စီးယင်က . . .

"လက်မခံလို့မရတော့ဘူး . . . ကျင်းလိမ်မြို့စားကြီး ကိုယ်တိုင်က ငါတို့နဲ့ ပူးပေါင်းလိုက်ပြီကွ၊ ကျင်းလိမ်မြို့မှာ သိုင်းပြိုင်ပွဲဟန်ပြကျင်းပပြီး ရောက်လာတဲ့ အထက်လမ်းသိုင်းသမားတွေကို သုတ်သင်ဖို့ စီစဉ်ထားပြီးပြီ၊ မင်း . . . မင်း . . . မင်းအထင်ကြီးနေတဲ့ သိုင်းလောကပျော် သိုင်းလေးဖော်လည်း မကြာခင် သေဆုံးသွားတော့မှာပါ"

"ဘာဗျ . . . "

"လီအင်းနဲ့ရှောက်ကွမ်းဟာ ကျုပ်ရဲ့ သမားတော်ကျေးရွာက စကြာသိုင်းသမားနဲ့ ပူးပေါင်းနေတယ်ဆိုတာ သတင်းရသွားကြတယ်၊ ဒါကြောင့် ချေမှုန်းဖို့ ရောက်လာကြတယ်၊ စကြာသိုင်းသမားက အထက်လမ်းသိုင်းသမားကြီးတစ်ယောက်အဖြစ် ဟန်ဆောင်ပြီး သူတို့ကို ကူညီခဲ့တယ်"



ကိုရှောင် မျက်လုံးပြူးသွားသည်။

"စကြာသိုင်းသမားက လီအင်းတို့ကို ထောင်ချောက်ဆင်မှာပေါ့ဟုတ်လား"

"သေချာတာပေါ့ . . . ဒါပေမယ့် မင်းနဲ့ ရှောက်ကွမ်းတို့ယုံကြည်အောင် အထက်လမ်းသိုင်းဆရာကြီးလို ရုပ်ဖျက်ထားတဲ့ စကြာသိုင်းသမားဟာ ကျုပ်ရဲ့ကျေးရွာကို တကယ်ပဲ ချေမှုန်းပစ်ပါလိမ့်မယ်၊ ဒါမှ လီအင်းနဲ့ ဗေရှောက်ကွမ်းတို့က သူ့ကို ယုံကြည်သွားကြမယ် မဟုတ်လား"

ကိုရှောင်က . . .

"သူက လီအင်းတို့ရဲ့ ယုံကြည်မှုကို လွယ်လွယ်နဲ့ မရနိုင်ပါဘူးဗျာ"

သမားတော်စီးယင် လက်ကာပြလိုက်သည်။

"မင်းမှားနေပြီ . . . စကြာသိုင်းသမားဟာ လူအများအပြားသူ့ ကိုယုံကြည်လာအောင် ဟန်ဆောင်နိုင်တယ်ကွ . . .၊ အခုလီအင်းနဲ့ ရှောက်ကွမ်းကိုယ်တိုင် လေးစားတဲ့သိုင်းဆရာကြီးအဖြစ် ရုပ်ဖျက်ဟန် ဆောင်မဲ့အပြင် ကျင်းလိမ်မြို့မှာ ကျင်းပတဲ့ သိုင်းပြိုင်ပွဲဟာ အထက်လမ်းသိုင်းသမားတွေကို ထောင်ချောက်ဆင်ထားတဲ့ အကြောင်းပြော ပြီးစည်းရုံးသိမ်းသွင်းလိုက်ရင် လီအင်းတို့မယုံဘဲ နေနိုင်ပါတော့မလားကွာ၊ အင်မတန် ပိရိသေသပ်တဲ့ ထောင်ချောက်ကွ . . . "

ကိုရှောင် ငိုင်သွားသည်။

သမားတော်စီးယင်က . . .

"စကြာသိုင်းသမားဟာ သူ့ကို ယုံကြည်စိတ်ချသွားပြီဆိုတဲ့ လီအင်းနဲ့ ရှောက်ကွမ်းကို သုတ်သင်ရှင်းလင်းပစ်လိမ့်မယ်၊ စီစဉ်ချထားပြီးဟေ့"

www.burmeseclassic.com

www.burmeseclassic.com



[illegible] အံ့ကြိတ်လိုက်သည်။

"[illegible]မဖြစ်အောင် ကျုပ်ကာကွယ်တားဆီးသွားမယ်၊ လိ[illegible] [illegible]တွမ်းကို လိုက်ရှာပြီး အဖြစ်မှန်ကို ရှင်းပြမယ်၊ ဒါဆိုရင် [illegible] ဘာတတ်နိုင်တော့မှာလဲ"

"ဟား ... ဟား ... ဟား"

သမားတော်စီးယင် လှောင်ပြောင်ရယ်မောလိုက်သည်၊

"မင်းဘယ်လောက်များ အစွမ်းအစရှိလို့လဲ ...၊ မင်းရဲ့ဆရာ တောင်မှ မခံနိုင်တာ၊ မင်း ..."

သူစကားဆုံးအောင် မပြောလိုက်ရချေ။

"ယား ... "

ကိုရှောင်က ညာသံပေးကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်းကြောင့်ဖြစ်သည်။

သမားတော်စီးယင်လည်း ဓားတစ်လက်အသုံးပြုကာ ပြန်လည်တိုက်ခိုက်လေတော့၏။

ညှိခန်းအတွင်း၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာသည်၊

ကိုရှောင်နှင့် သမားတော်စီးယင်တို့ ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်၊

သမားတော်စီးယင်သည် ကိုရှောင်အား အနိုင်ရရှိလိမ့်မည်ဟု ယုံကြည်ထား၏။

သို့သော် ...

တကယ်တမ်း ယှဉ်ပြိုင်တိုက်ခိုက်ကြသောအခါ ကိုရှောင်၏ ဆိုင်းပညာ မခေသဲ လွယ်လွယ်နှင့် အနိုင်မရနိုင်မှန်း သဘောပေါက်လာရသည်၊

သမားတော်စီးယင် ခံပြင်းသွား၏။



"မင်းဆရာနောက်ကို လိုက်သွားပေတော့"

အော်ငေါက်ကာ ဓားဖြင့်ခုတ်ချလိုက်သည်။

"သွားစမ်း"

ကိုရှောင်က ဓားချက်ကို ရှောင်တိမ်းပြီး ခြေတစ်ဖက်ဆန့်ထုတ် ကန်ကျောက်လိုက်လျှင်

"ဝုန်း ... "

သမားတော်စီးယင် လူတခြား၊ ဓားတခြားဖြစ်တာ အဝေးသို့ လွင့်စင်သွားသည်။

ကိုရှောင်က ...

"ခင်ဗျားဘာတတ်နိုင်သေးသလဲ ... "

သမားတော်စီးယင် လွတ်ကျခဲ့သည့်ဓားကို ကောက်ယူကာ ပြေးလိုက်သွား၏။

သမားတော်စီးယင် ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလိုက်သည်။

ကိုရှောင်အား မယုံနိုင်စွာကြည့်လိုက်၏။

"မင်း ... မင်း ..."

ကိုရှောင်က ...

"ဘာလဲ ... ခင်ဗျားကို ကျုပ်ကဆုံးမနိုင်တယ်ဆိုတာကို ခင် ဗျားမယုံဘူးလား"

ဆရာလင်းထုန်ထံမှ ပညာကုန်ရပြီးပြီဖြစ်ရကား ကိုရှောင်သည် သမားတော်စီးယင်အား လုံးဝမမှုတော့ချေ။

ကိုရှောင်က ...

"ကဲ ... သည်တစ်ခါ ကျုပ်အလှည့်ပဲ၊ ရှောင်နိုင်ရင်ရှောင်ပေတော့"

အော်ငေါက်ကာ ဓားဝှေ့ယမ်းတိုက်ခိုက်တော့သည်။

သမားတော်စီးယင်ကလည်း ချက်ခြင်းပြန်လည်ခုခံသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]သောထိုက်ပွဲကြောင့် ညော့ခန်းထဲမှ အိမ်ထောင်ပရိ[illegible] ဖြစ်ကုန်တော့သည်။ အချို့ပစ္စည်းများဆိုလျှင်[illegible]တာ အပိုင်းပိုင်း ကျိုးပြတ်ကုန်တော့သည်။

[illegible]ရှောင်၏ သိုင်းပညာကို လက်တွေ့ သိလိုက်ရသော[illegible]စိုးယင်မှာ အခြေအနေမဟန်မှန်း သဘောပေါက်လိုက်[illegible]သည်း နောက်ဆုတ်ဖို့ အချိန်မရတော့ပါချေ။

"ဝှစ် . . . ဝှစ်"

ပြင်းထန်သော ဓားချက်များ၊ မိုးသီးမိုးပေါက်ပမာ အဆက်မပြတ် ကျရောက်လာလျှင် . . .

"အား . . . "

စူးရှစွာ အော်ဟစ်ကာ ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွားလေတော့သည်။

"ဟား . . . ဟား . . . ဟား"

ယခုတစ်ကြိမ် ကျယ်လောင်စွာရယ်မောလိုက်သူမှာ ကိုရှောင်ဖြစ်သည်။

ကိုရှောင်သည် လက်ထဲမှ ဓားကို ဝှေ့ယမ်းလိုက်၏။ သူ၏သိုင်းပညာအပေါ် သူယုံကြည်စိတ်ချမှုရှိသွားလေပြီ၊ သိုင်းလောကသို့ ခြေမချဖူးသည့် ကိုရှောင်အဖို့ ဤအချက်မှာ အရေးကြီးလှသည်။

သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သမားတော် စိုးယင်အား လွယ်လွယ်နှင့် အနိုင်ယူ၍ မရနိုင်ပါ။

ယခုတော့ သူက အနိုင်ရလိုက်ပြီဖြစ်ပါသည်။

သမားတော်စိုးယင် ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလာသည်။

သူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေ၏။ဒဏ်ရာများ ရရှိထားတာ မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည်။

"မင်း . . . မင်း"



"ခင်ဗျားပြေးမလွတ်တော့ပါဘူး"

"ကျုပ်ကို ဒုက္ခပေးရင် စကြာသိုင်းသမားက မင်းကိုလည်း ချမ်းသာပေးမှာ "မဟုတ်ဘူး"

"ဟား . . . ဟား . . . ဟား ၊ ကျုပ်တလည်း စကြာသိုင်းသမားကို ချမ်းသာမပေးပါဘူးဗျာ"

ကိုရှောင်က လှောင်ပြောင်ပြောဆိုလိုက်လေသည်။

သမားတော်စိုးယင်က . . .

"လီအင်းနဲ့ရှောက်ကွမ်းတို့ သူတို့သခင်[illegible]နဲ့ မင်းအလှည့်ရောက်လာမှာပဲ မှတ်ထား[illegible]"

ကိုရှောင်က ရယ်မောလေ၏။

"ကျုပ် . . . သိုင်းပညာသင်[illegible] ကို ဆရာကို ပေးအစ်ထားလိုက်ပြီဗျ သေသေရှင်ရှင် [illegible] မစိုက်ဘူး၊ ဆရာ့အကျိုး၊ အများအကျိုး၊တိုင်းပြည်အတွက် [illegible] ရင်း အသက် သေသွားရင်လဲ မြတ်တယ်လို့ ကျုပ်ကယူ[illegible]"

ကိုရှောင်က ဆက်ပြော၏။

"အခုတော့ ကျုပ်အလှည့်မရောက်ခင်၊ ခင်ဗျားအလှည့်ပေါ့"

ပြောရင်း ဓားဖြင့်ထိုးသွင်းလိုက်သည်။

"အလွတ်မပေးနဲ့" ဟူသော သူ့ဆရာစကားကိုလည်း နားထဲကြားနေမိသည်။

သမားတော်စိုးယင် မရှောင်နိုင်တော့ပါ။

ဓားဦးက သူ၏ရင်ဝကို ဖောက်ထွင်းသွားတော့သည်။

"မင်း . . . "

သမားတော်စိုးယင် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။ အမိုက်ဇာတ် သိမ်းရတော့မည့်အချိန်တွင် နောက်ဆုံးအရေးကြီး[illegible] စကားကို ပြောသွား၏။

www.burmeseclassic.com



"ခင်ဆရာ . . . သိုင်းဆရာလင်းထုန်အဖြစ်၊ စကြာသိုင်းသမား ရုပ်ဖျက်ထားတာကွ၊ မင်း . . . ရှင်းနိုင်ရင်ရှင်းပေတော့"

ထို့နောက် . . .

"ဟုန်း . . ."

ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်လဲကျကာ အသက်ပျောက်သွား လေတော့သည်။

သမားတော်စီးယင်မှာ မလှုပ်မယှက် လဲကျသေဆုံးနေလေပြီ။

"ခွမ်း"

ကိုရှောင်က ဓားကို အဝေးသို့ လွှင့်ပစ်လိုက်၏။

သိုင်းဆရာလင်းထုန်အား သိုင်းလောကတစ်ခုလုံးက ကြည်ညိုလေးစားကြောင်း သမားတော်စီးယင်နှင့် စကြာသိုင်းသမားတို့ သိရှိထားကြသည်။

ထို့ကြောင့် စကြာသိုင်းသမားသည် သိုင်းဆရာလင်းထုန်အဖြစ် ဟန်ဆောင်ကာ လီအင်းနှင့် ရှောက်ကွမ်းကို ဒုက္ခပေးရန် ကြံစည်ခြင်းဖြစ်သည်။

လီအင်းတို့က သိုင်းဆရာလင်းထုန်အား ရိုသေလေးစားသူများ ဖြစ်ရကား လှည့်ကွက်ထဲဝင်မိကာ ဒုက္ခရောက်ကြရပေမည်။

စကြာသိုင်းသမားသည် နောက်ထပ်ပြီး သိုင်းလောကသားများအား ဒုက္ခပေးဦးမည်သာဖြစ်ရာ သိုင်းဆရာ လင်းထုန်နာမည်ပျက်ရပေတော့မည်။

သိုင်းလောကသားများလည်း အလိမ်ခံရကာ ဒုက္ခရောက်ကြရပေလိမ့်မည် . . . ။

"တောက် . . ."

ကိုရှောင် ခံပြင်းစွာ တက်ခေါက်လိုက်လေသည်။



"မဖြစ်ဘူး . . . လီအင်းတို့နောက်ကို လိုက်သွားပြီး ကူညီရမယ်၊ စကြာသိုင်းသမားရဲ့ အကြံကို ဖော်ထုတ်ပြီး အချိန်မီ တားစီးရမယ်"

ချက်ချင်းပင် ခရီးထွက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

# သိုင်းပြိုင်ပွဲအကြို

မြင်းစီးသမားသုံးယောက်တို့သည် တောလမ်းအတိုင်း ခနိုးနှင်နေကြ၏။

ထိုလူသုံးယောက်ကား သိုင်းလောကပျော် သိုင်းလေးဖော်၌ ပါဝင်သည့် သိုင်းသမားလီအင်း၊ ရှောက်ကွမ်းနှင့်သိုင်းဆရာလင်းထုန်တို့ဖြစ်ကြသည်။

သိုင်းဆရာလင်းထုန်အစစ် သေဆုံးသွားပြီဖြစ်သည်ကိုလည်းကောင်း၊ ယခုသူတို့နှင့် လိုက်ပါလာသူမှာ သိုင်းဆရာလင်းထုန်အတုဖြစ်နေသည်ကိုလည်းကောင်း၊ လီအင်းနှင့် ရှောက်ကွမ်းတို့မသိကြချေ။

ဖုန်ထူသောတောလမ်းမှ ဖြတ်သန်းလာခဲ့ကြပြီး အရိပ်ကောင်းသော တောအုပ်တစ်ခုသို့ရောက်လာကြသည်။

"ကျွန်မတို့ ခဏနားကြရင်ကောင်းမယ်"

ရှောက်ကွမ်းက အကြံပြုလိုက်သည်။

"ဟေး . . . "

လီအင်းက မြင်းဇောက်ကာ ချက်ခြင်းရပ်တန့်လိုက်သည်။ သိုင်းဆရာလင်းထုန်ကလည်း ရပ်တန့်လိုက်ပြီး အရေးကြီး



သောသတင်းကို ပြောပြလေ၏။

"ကျုပ်တို့ ကြာကြာအနားယူလို့တော့မဖြစ်ဘူး၊ ကျင်းလိမ်မြို့ကိုအရောက် သွားရမယ်၊ ရှောင်ဝါးထင်က သိုင်းပြိုင်ပွဲကြင်းပပေးမယ်ဆိုပြီး အထက်လမ်း သိုင်းသမားတွေကို ထောင်ချောက်ဆင်ပြီး ဒုက္ခပေးလိမ့်မယ်"

ရှောက်ကွမ်းက . . .

"ကျွန်မ . . . သူတို့ကို ဆုံးမသွားမှာပါ"

လီအင်းသည် ညီမလေးသဘွယ်ဖြစ်နေသော ရှောက်ကွမ်းကို ကရုဏာသက်နေပါတော့သည်။

မကြာသေးမီက သမားတော်ဦးသင်သည် ကြောသိုင်းသမားနှင့် ပူးပေါင်းလိုက်သည်ဟု သတင်းရခဲ့သည်။ သမားတော်ဦးသင်နှင့် ရင်ဆိုင်ခဲ့ရသည်။

သိုင်းလောကအနှံ့ ခရီးမရပ်မနားသွားခဲ့ရပြီး တိုက်ပွဲများ အကြိမ်ကြိမ်ဆင်နွှဲခဲ့ရခြင်းကြောင့် ရှောက်ကွမ်းမှာ ပင်ပန်းနွမ်းနယ်နေခြင်း ဖြစ်ပါသည်။

တချက်ကလေးအနားမယူနိုင်ပဲ နောက်ထပ်တိုက်ပွဲဝင်ရန် ကျင်းလိမ်မြို့သို့ သွားရဦးမည်ဖြစ်ပါသည်။

လီအင်းသည် ရှောက်ကွမ်းအား ကရုဏာသက်စွာ ကြည့်လိုက်သည်။

"ညီမ . . . အေးအေး ဆေးဆေး အနားယူပါ၊ ကျုပ်တို့ ကျင်းလိမ်မြို့ကို အချိန်မီရောက်သွားမှာပါ၊ မားကျန်ပင်နဲ့ ဝေရှိတို့လည်း ရှောင်ဝါးထင်ရဲ့သတင်းကို ကြားပြီးကြွလောက်ပါပြီ၊ ဒါကြောင့် သူတို့ရောက်နှင့်ပြီး အခြေအနေကို ထိန်းသိမ်းထားနိုင်မှာ သေချာပါတယ်"

ရှောက်ကွမ်းပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှစ်ယောက် ရောက်နှင့်နေမယ်ဆိုရင် သိပ်ပြီးစိတ်မပူ ... ဘဲ . . .' ကျွန်မတို့ သွားကြပါစို့ရှင်"

လီအင်းက . . .

"ညီမ ပင်ပန်းနေတယ်၊ ဒါကြောင့် အနားယူလိုက်ပါဦး၊ ခဏ လောက် အနားယူလိုက်တာနဲ့ ပိုပြီးထူးခြားလာမှာ မဟုတ်ပါဘူး"

ရှောက်ကွမ်းက . . .

"တော်ပါပြီရှင် . . . သည်လောက် အနားယူရတာနဲ့ လုံလောက်ပါပြီ၊ စကြာသိုင်းသမားကို ဆုံးမပြီးမှပဲ အေးအေးဆေးဆေး အနားယူ ပါတော့မယ်"

လီအင်း သက်ပြင်းချလိုက်၏။

သိုင်းဆရာလင်းထုန်က ဝင်ပြောလာ၏။

"သွားမယ်ဆိုရင်လည်း သွားကြတာပေါ့၊ ကျုပ်တို့သိပ် အနား ယူနေရင် အချိန်သိပ်ကုန်သွားလိမ့်မယ် . . . "

လီအင်းသဘောတူလိုက်ရသည်။

"ကောင်းပါပြီဗျာ"

သုံးယောက်သား အရိပ်ကောင်းသော သစ်ပင်ကြီးအောက်မှ ထွက်ကာ ရှေ့ဆက်ခရီးနှင်လိုက်ကြလေတော့သည်။

ကျင်းလိမ်မြို့ . . .

ကျင်းလိမ်မြို့သည် အထင်ကရမြို့တော်ကြီးတစ်ခုဖြစ်သည်။

ကျင်းလိမ်မြို့စား ရှောင်ဝါးသည် စကြာသိုင်းသမားနှင့်ပူး ပေါင်းကာ အထက်လမ်းသိုင်းသမားအား ဒုက္ခပေးဘို့ ကြံစည်ထား ဖြစ်သည်။

ကျင်းလိမ်မြို့၌ သိုင်းပြိုင်ပွဲကြီး ကျင်းပပေးမည် ဆိုကာ အထက်လမ်းသိုင်းလောကသားများအား ဖိတ်ခေါ်ခဲ့သည်။

ဟန်ပြသိုင်းပြိုင်ပွဲသို့ ရောက်လာကြမည့် အထက်လမ်းသိုင်း



လောကသားများအား လုပ်ကြံရန် ကြံတင်စီစဉ်ထားသည်။

ရှောင်ဝါးထင်၏ အကြံကို မရိပ်မိသည့် အထက်လမ်းသိုင်း လောကသားများက ကျင်းလိမ်မြို့သို့ ရောက်ရှိလာကြ၏။

အနယ်နယ်အရပ်ရပ်မှ အထက်လမ်းသိုင်းသမားများ စုရုံး ရောက်ရှိလာခြင်းသည် ရှောင်ဝါးထင်နှင့် စကြာသိုင်းသမားတို့၏ ထောင်ချောက်ထဲသို့ဝင်မိကြခြင်းဖြစ်ပါသည်။

စကြာသိုင်းသမားအား ချေမှုန်းလိုသည့် အထက်လမ်းသိုင်း သမားများသည် သိုင်းပြိုင်ပွဲသို့ ဦးတည်ကာ ကျင်းလိမ်မြို့သို့လာခဲ့ကြ သလို၊ စကြာသိုင်းသမားနှင့် ရှောင်ဝါးထင်တို့ စည်းရုံးသိမ်းသွင်းထား သော အောက်လမ်းသိုင်းသမားများသည်လည်း ကျင်းလိမ်မြို့သို့ ဦး တည်လာခဲ့ကြလေတော့သည်။

+++

"ဟုန်ဆင်း" တည်းခိုခန်း . . .

ဟုန်ဆင်းတည်းခိုခန်း၏ ဆိုင်းဘုတ်သည် ရွှေရောင်စာလုံး များဖြင့် လှပခန့်ညားစွာရှိနေ၏။

ဟုန်ဆင်းတည်းခိုခန်းသည် နှစ်ထပ်အဆောက်အအုံတစ်ခု ဖြစ်ပြီး အခန်းပေါင်းမြောက်များစွာကို ရှည်လျားသည့် စင်္ကြံလမ်းဖြင့် ဖွဲ့စည်းထား၏။

အပေါ်ထပ်တွင် ခရီးဝေးဧည့်သည်များ ညအိပ်ညနေတည်း ခိုရန်ဖြစ်ပြီး အောက်ထပ်တွင်မူ စားသောက်ဆိုင်နှင့် အရက်ဆိုင်တွဲ၍ ဖွင့်ထားသည်။

ဟုန်ဆင်းတည်းခိုခန်းမှရောင်းချသော အရက်စားသောက် ဖွယ်ရာများနှင့် ဆက်ဆံရေးပြေပြစ်မှုကြောင့် အမြဲလိုလိုပင် လူစည် ကားနေတတ်၏။

ထို့အပြင် . . .

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဆင်းတည်းခိုခန်းသည် ကျင်းလိမ်မြို့၏ အဓိကကျသော နေရာတွင် တည်ရှိသည်မဟုတ်ပါလော။

ဤသို့ဆိုလျှင် . . .

ဟုန်ဆင်းတည်းခိုခန်းမှာ ကျင်းလိမ်မြို့၏ ထင်ရှားကျော်ဇောသည့် နေရာအနီးတစ်ဝိုက်တွင်ရှိနေသည်လော။

သို့မဟုတ် . . .

မြို့လယ်ခေါင်တွင် ရှိနေသည်လော . . .

မဟုတ်ပါ။

ဟုန်ဆင်းတည်းခိုခန်းသည် ကျင်းလိမ်မြို့၏ လူစည်ကားသောနေရာများနှင့် အလှမ်းကွာဝေးပြီး ချောင်ကျကျတစ်နေရာတွင် တည် ရှိနေပါသည်။

ထို့အပြင် . . .

ဟုန်ဆင်းတည်းခိုခန်းအနီးတဝိုက်တွင် မြေကွက်လပ်သာဖြစ်ပြီး သဘာဝအလျောက် မြက်ပင်ရှည်ကြီးများ ဝန်းရံပေါက်ရောက်နေသည်။

ထို့ကြောင့် . . .

မြို့တော်အတွင်း၌ပင် ဖြစ်လင့်ကစား ချောင်ကျသည်ဟုဆိုရမည်မဟုတ်ပါလော။

သို့သော် . . . ယခုရက်ပိုင်းအတွင်း ဟုန်ဆင်းတည်းခိုခန်းတွင် လူများပြည့်ကြပ်စွာဖြင့် စည်းကားနေသည်။ အဘယ်ကြောင့်နည်း။

အဘယ်ကြောင့်ဆိုသော် . . .

ဟုန်ဆင်းတည်းခိုခန်းနှင့် မလှမ်းမကမ်းတနေရာရှိ မြေကွက်လပ်ပေါ်တွင် ရှောင်ဝါးထင်က သိုင်းပညာယှဉ်ပြိုင်ပွဲအတွက် စင်မြင့် တည်ဆောက်နေသောကြောင့်ပေတည်း။ ရှောင်ဝါးထင်သည် သိုင်း



လောကမှ အထက်လမ်း သိုင်းသမားများနှင့် အနက်ရောင်သိုင်းသမားများ အားလုံးကို ဖိတ်ခေါ်ကာ သိုင်းပညာယှဉ်ပြိုင်ပွဲကို ပြုလုပ်မည်ဖြစ်သည်။

သိုင်းလောကသားများအချင်းချင်း သိုင်းပညာယှဉ်ပြိုင်ပွဲပြုလုပ်ပေးပြီး သိုင်းလောက၏နံပါတ်တစ်နေရာအား ရွေးချယ်မည်ဖြစ်သည်။

ထို့အပြင် . . .

အမှတ်တစ်မှ တစ်ဆယ်အထိကို လက်ရွေးစင်ထိပ်တန်းသိုင်းသမားအဖြစ် အသိအမှတ်ပြုမည်ဟု ကြေညာထားသည်။

အမှတ်စဉ်တစ်မှ တစ်ဆယ်အထိ ရရှိသူများအားဆုလာဘ်များ ချီးမြှင့်မည်ဖြစ်ပြီး သိုင်းလောက၏ ခေါင်းဆောင်များအဖြစ် အသိအမှတ် ပြုခြင်း ခံရမည်ဖြစ်သည်။

အမှတ်စဉ်တစ်မှ တစ်ဆယ်အထိ ရရှိသူများသည် နန်းတွင်းသို့ဝင်ထွက်နိုင်သည့် အခွင့်အရေးကို ရရှိမည်ဖြစ်ပြီး သိုင်းလောကသားများအား ချုပ်ကိုင်ရန် နန်းတွင်း၏ အကူအညီကို ရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် . . .

သိုင်းလောက၏ ထိပ်သီးဆယ်ယောက် ရွေးချယ်ပွဲအား အထက်လမ်းသိုင်းသမားထက် အောက်လမ်းသိုင်းသမားက ပို၍ စိတ်ဝင် စားခဲ့ကြခြင်းဖြစ်သည်။

အချို့ဝါရင့်သိုင်းသမားကြီးများကမူ သိုင်းလောကထိပ်သီး ဆယ်ယောက်ရွေးချယ်ပွဲသည် ထောင်ချောက်တစ်ခုဖြစ်ပြီး သိုင်း လောက အချင်းချင်း ရန်တိုက်လှုံ့ဆော်ပေးသကဲ့သို့ ဖြစ်နေသည်ဟု သဘောပေါက်ထားကြ၏။

ထို့အပြင် . . .

သိုင်းလောကထိပ်သီးဆယ်ယောက် ရွေးချယ်ပွဲကို ကြော

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားတပါ တက်ရောက်မည်ဟု သတင်းများဖြစ်ပေါ်နေသောကြောင့် သိုင်းလောကသားများမှာ မနေနိုင်ကြတော့ဘဲ ကျင်းလိမ်မြို့သို့ ချီတက်ရောက် ရှိလာကြလေတော့သည်။

သိုင်းလောကသားများ ကျင်းလိမ်မြို့သို့ ရောက်ရှိလာကြသည်။ တစ်ပြိုင်နက် သိုင်းပညာယှဉ်ပြိုင်ပွဲနှင့် မနီးမဝေးရှိသည့် ဟုန်ဆင်းတည်းခိုခန်းမှာ တည်းခိုသူများဖြင့် ပြည့်ကြပ်သွားရတော့သည်၊

မည်မျှတည်းခိုသူများပြားလာသနည်းဆိုသော် . . .

ဟုန်ဆင်းတည်းခိုခန်းနှင့် မနီးမဝေးရှိအိမ်များသည်ပင် တည်းခိုခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ကြသည်အထိ ဖြစ်လာတော့သည်။

သုံးရက် . . .

သိုင်းလောကထိပ်သီး ဆယ်ယောက် ရွေးချယ်မည့်အကြောင်း ကြေညာချက် ထုတ်ပြန်ပြီး သုံးရက်အကြာတွင် သိုင်းလောကသားအများ အပြားရောက်ရှိလာကြသည်။

ထို့ကြောင့် . . .

မြို့တော်တစ်ခုလုံးတွင် သိုင်းလောကသားများ ခြေချင်းလိမ်မျှ ရှုပ်ထွေးသွားသည်။

သိုင်းလောကသားများ စုရုံးရောက်ရှိလာကြသည်နှင့်တစ်ပြိုင်နက် ရှောင်ဝါးထင်၏ အိမ်တွင်လည်း လူဝင်လူထွက် သိသိသာသာများပြားလာသည်ကို သတိပြုကြည့်လျှင် သိနိုင်သည်။

ရှောင်ဝါးထင်၏ အိမ်ဂေဟာသို့ ဝင်ထွက်နေကြသည့် လူများကို သေသေချာချာ အကဲခတ်ကြည့်လိုက်လျှင် ထိုသူများသည် သိုင်းလောကမှ ကျော်ကြားသည့် အောက်လမ်းသိုင်းသမားများဖြစ်ကြသည်ကို တွေ့မြင်နိုင်သည်၊



ရှောင်ဝါးထင်သည် မြို့စားတစ်ယောက်ဖြစ်သည်။ အဘယ်ကြောင့်သူက အောက်လမ်းသိုင်းလောကသားများနှင့် ဆက်သွယ်နေရပါသနည်း။

အကယ်၍ . . .

ရှောင်ဝါးထင်၏ မျက်နှာကိုမြင်တွေ့နိုင်မည်ဆိုပါက ရှောင်ဝါးထင်၏ မျက်နှာမှာ နှစ်သိမ့်ကျေနပ်သဖြင့် ပြုံးရွှင်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ရှောင်ဝါးထင်ကဲ့သို့လူတစ်ယောက် ရွှင်လန်းသောအပြုံးမှာ သိုင်းလောက တစ်ခုလုံးအား မီးဟုန်းဟုန်းတောက်လောင်သွားစေနိုင်သကဲ့သို့ ရှိနေသည်မဟုတ်ပါလော၊

မည်သို့ဆိုစေ . . .

ရှောင်ဝါးထင်က နှစ်သိမ့်သဘောကျစွာ ပြုံးနေပြီဖြစ်သည်။

ဤသို့ဆိုလျှင် . . .

သိုင်းလောကတစ်ခုလုံးမှာ အမှန်ပင်မီးဟုန်းဟုန်းတောက်လောင်ရတော့မည်လော။

ရှောင်ဝါးထင်က ပြုံးနေ၏။

သိုင်းလောကထိပ်သီးယှဉ်ပြိုင်ပွဲမှာ မည်သည့်အချိန်တွင် ပြီးဆုံးပါမည်နည်း။

❖ ❖ ❖

လခြမ်းကလေးသည် ကောင်းကင်ပေါ်၌ ကွေးကွေးကလေး ရှိနေ၏။

လခြမ်းကလေးရှိနေသောကြောင့် ကမ္ဘာမြေပေါ်သို့ မှုန်ဝါးအလင်းရောင်ကိုသာ ပေးစွမ်းနိုင်သည်။

သို့သော် . . . လခြမ်းကဲ့သို့ ကိုယ်ပိုင်အလင်းရောင် မရှိသော

www.burmeseclassic.com



သော်လည်း တစ်ဆင့်ခံ အလင်းရောင်အား ပြန်လည်ထုတ်လွှတ်ပေး တတ်သည့် ကြယ်ကလေးများ၏ အလင်းရောင်ကရှိနေသောကြောင့် ကောင်းကင်တစ်ခုလုံးမှာ မှောင်မိုက်သည်ဟု မဆိုသာချေ။

ထို့ကြောင့် . . .

မြို့တော်တစ်ခုလုံးမှာ သာသာယာယာရှိနေသည်။ စည်ကား ဦးလှိုင်းရေထူထပ်သော မြို့တော်တစ်ခုဖြစ်သည့်အတိုင်း ညဥ့်နက်လာ ပြီဖြစ်သော်လည်း လူများဖြင့် စည်စည်ကားကား ရှိနေသေး၏။

အထူးသဖြင့် . . .

မြို့တော်၏ အချက်အချာကျသော လမ်းဆုံလမ်းခွများတွင် ညည့်နက်သန်းခေါင်အထိ လူစည်ကားနေတတ်သည်။

'ဟုန်ဆင်း' တည်းခိုခန်း၌လည်း လူများစည်စည်ကားကား ရှိနေသေးသည်။

လေပြည်လေညှင်းများ ဝှေ့ယမ်းတိုက်ခတ်လာသည်။ ရှည် လျားစွာ ပေါက်ရောက်နေသော မြက်ပင်များမှာ လေယူရာယိမ်းနွဲ့သွား ကြသည်။

လေပြည်လေညှင်း ဝှေ့ယမ်းတိုက်ခတ်မှုကြောင့် သစ်ပင်ပေါ် မှသစ်ရွက်ခြောက်များကလည်း တဖျောက်ဖျောက်ဖြင့် ကြွေကျလာ၏။

ဟုန်ဆင်းတည်ခိုခန်းမှာ ညဥ့်နက်လာပြီဖြစ်သော်လည်း မီး ရောင်များဖြင့် ထိန်ထိန်လင်းလျက် ရှိနေသည်။ မီးရောင်များထိန်ထိန် လင်းနေသည့်အပြင် ဆူညံစွာ စားသောက်နေသောအသံများ၊ ငွန်းသံ ပန်းကန်သံများ၊ စကားသံများဖြင့် ကျယ်လောင်စွာထွက်ပေါ်နေ၏။

ထို့ကြောင့် . . .

ဟုန်ဆင်းတည်းခိုခန်းအနီးရှိ လူအများက ဟုန်ဆင်းတည်းခို ခန်းပိုင်ရှင်မှာ ငွေကြေးအမြတ်အစွန်း မြောက်များစွာရရှိလောက် အောင်ပင် အဆင်ပြေနေပြီဟု ယူဆကြသည်။



သာမန်ဧည့်သည်များ၊ စားသောက်သူများထက် အဝေးမှလာ ကြသည့် ခရီးသွားများကို ဈေးမြင့်ရောင်းချခြင်းဖြင့် အမြတ်အစွန်း ပိုမို ရရှိနိုင်သည် မဟုတ်ပါလား။

မှန်သည် . . .

ယခုရက်ပိုင်းအတွင်း ဟုန်ဆင်းတည်းခိုခန်း ပိုင်ရှင်မှာ အမြတ် အစွန်းမြောက်များစွာ ရရှိထားပြီးဖြစ်ပါသည်။

သို့သော် . . .

ဟုန်ဆင်းတည်းခိုခန်းပိုင်ရှင် ဖန်းယို့ကမူ ဟုန်ဆင်းတည်းခို ခန်းအား ပိတ်ပစ်လိုသည့် စိတ်ဆန္ဒသာ ဖြစ်ပေါ်နေသည်။

ဖန်းယို့က အဘယ်ကြောင့် တည်းခိုခန်းကိုပိတ်ပစ်လိုသည် အထိ စိတ်ညစ်နေရပါသနည်း။

အကြောင်းမှာ ဟုန်ဆင်းတည်းခိုခန်းသို့ ရောက်ရှိလာကြ သည့် ဧည့်သည်များမှာ သိုင်းလောကမှ လူပေါင်းစုံဖြစ်နေသောကြောင့် ပင် ဖြစ်ပါသည်။

သိုင်းလောကသားများ တစ်စုတရုံး ရောက်ရှိလာသော ကြောင့် ဟုန်ဆင်းတည်းခိုခန်း ဖန်ယို့က ဆိုင်ပိတ်လိုသည်အထိ စိတ်ညစ်နေရသည်မှာ ထူးဆန်းသည်ဟုပင် ဆိုနိုင်သည်။

သို့သော် . . .

ဟုန်ဆင်းတည်းခိုခန်းသို့ များစွာရောက်ရှိလာကြသော သိုင်း လောကသားများ၏ အကြောင်းကိုသာ သိရှိထားပါလျှင် အမြန်ဆုံး တည်ခိုခန်းပိတ်ပစ်ရန် ဖန်းယို့စဉ်းစားသည်မှာ မမှားဟုဆိုရပေမည်။

ဤသို့ဆိုလျှင် . . .

ဟုန်ဆင်းတည်းခိုခန်းသို့ ရောက်ရှိလာသူများမှာ မည်သူများ ဖြစ်ကြပါသနည်း။

ဟုန်ဆင်းတည်းခိုခန်းသို့ ရောက်လာသူများမှာ . . .

www.burmeseclassic.com

ဟုန်ဆင်းတည်းခိုခန်း၏ ဆိုင်းဘုတ်သည် လေထဲ၌ ဟိုသည် လွင့်မျောနေ၏။

တည်းခိုခန်းအဆောက်အအုံရှေ့တွင် တိုင်တစ်တိုင်စိုက်ထူထား၍ မီးအိမ်တစ်လုံး ချိတ်ဆွဲထား၏။

ထိုတိုင်ပေါ်တွင် ဟုန်ဆင်းတည်းခိုခန်းဆိုင်းဘုတ်အား တွဲလောင်းချိတ်ဆွဲထားခြင်းဖြစ်သည်။

ထို့ကြောင့် . . . လေတိုက်ခတ်လိုက်သည်နှင့်ဆိုင်းဘုတ်မှာ ယိမ်းနွဲ့နေပြီး ဝါကျင့်ကျင့်မီးအိမ်မှာ ပို၍လင်းလက်တောက်ပလာသည်ဟု ထင်မှတ်လိုက်ရသည်။

တည်းခိုခန်း၏တံခါးသည် အသင့်ဖွင့်ထားသဖြင့် တည်းခိုခန်းအတွင်းမှ စကားပြောသံများ၊ ရွှန်းသံ၊ ပန်းကန်သံများက အပြင်သို့ လွင့်ပျံ့လာနေသည်။

တည်းခိုခန်း၏တံခါးပေါက်မှတစ်ဆင့် အတွင်းသို့ဝင်လိုက်သည်နှင့် တည်းခိုခန်းတစ်ခုလုံးမှာ လူများပြည့်ကြပ်စွာရှိနေပြီး ကိုယ့်အုပ်စုနှင့်ကိုယ် စားသောက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထို့အပြင် . . .

တစ်ယောက်တည်း ထိုင်စားသောက်နေကြသူများကိုလည်း တစ်ယောက်စ၊ နှစ်ယောက်စ တွေ့မြင်နိုင်ရသည်။

မည်သို့ဆိုစေ . . .

ဤမျှများပြားလှသည့် ဧည့်သည်များအား ဧည့်ဝတ်ကျေပွန်နိုင်စေရန် မလွယ်ကူပါချေ။

ထို့ကြောင့် . . .

ဟုန်ဆင်းတည်းခိုခန်းပိုင်ရှင် ဖန်းယို့မှာ ဧည့်တာဝန် မကျေပွန်သော အလုပ်တစ်ခုအား လုပ်မိခဲ့သည်။

သို့သော် သူကိုယ်တိုင်ကမူ ပြုလုပ်ခဲ့သည့်အလုပ်အား မှား



သည်ဟု ယနေ့တိုင် ခွဲခြားသိနိုင်စွမ်းမရှိပဲဖြစ်နေ၏။

ဖန်းယို့က မည်သို့သော ဧည့်ဝတ်မကျေသည့်အမှားမျိုးကိုပြုလုပ်ခဲ့ပါသနည်း။

"ခွပ် . . . ခွပ် . . . ခွပ်"

အဝေးမှမြင်းခွာသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

ဖန်းယို့၏မျက်လုံးများ ပြူးကျယ်သွားသည်။

သူ၏ကောင်တာပေါ်သို့ ငိုက်စိုက်ချထားသည့် ဦးခေါင်းမှာလည်း ကြောက်စရာ သတ္တဝါတစ်ကောင်အား တွေ့မြင်လိုက်ရသကဲ့သို့ ဆက်ကနဲ့ မော့လာသည်။

ဖန်းယို့က ဦးခေါင်းထောင်လိုက်သည်နှင့် မြင်းခွာသံက ပို၍နီး ကပ်လာနေပြီဖြစ်ကြောင်း သတိပြုမိလိုက်၏။

ဖန်းယို့က ယင်းသို့တွေးနေစဉ်မှာပင် မြင်းခွာသံမှာတစ်စထက်တစ်စ ကျယ်လောင်လာပြီး နောက်ဆုံးတည်းခိုခန်းရှေ့၌ ရပ်တန့်သွားကြောင်းသိရှိလိုက်ရသည်။

ဖန်းယို့က သက်ပြင်းတစ်ချက် ချလိုက်သည်။

ယခု . . . သူ၏တည်းခိုခန်းမှာ လူများဖြင့် ပြည့်ကျပ်နေပြီဖြစ်လာသည်။

ထို့ကြောင့် . . .

နောက်ထပ် ဧည့်သည်လက်ခံရန် နေရာမရှိတော့ပါ။

ထို့အပြင် . . . လာရောက်တည်းခိုနေကြသည့် ဧည့်သည်များအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ပေးရသည့် ဆိုင်လုလင်မှာလည်း ပင်ပန်းလွန်းသဖြင့် အလုပ်ထွက်လိုကြောင်း သူ့ကိုပြောခဲ့လာပြီဖြစ်သည်။ ထွက်လိုသူများကို မထွက်ရန် တောင်းပန်ထားပြီး အခကြေးငွေများကိုလည်း ပိုပေးထားပြီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ရောက်ရှိလာသည့် ဧည့်သည်များအား သူက လက် မခံတော့ပါဟု တတိလည်းပေးထားခဲ့ပါသည်။ အကယ်၍ သူ၏ ဆိုင် လူထင်များအား နုတ်ထွက်သွားလျှင် နောက်ထပ်ဆိုင်လုလင်များ ငှားရမ်းခန့်ရန် မလွယ်ကူကြောင်း သူကသဘောပေါက်ထားပါလေ၏။

ထိုအခက်အခဲကြောင့် . . .

ဖန်းယို့ကိုယ်တိုင် လောဘကြီးသည့် လူတစ်ယောက်ဖြစ် သော်လည်း အမြတ်အစွန်း ငွေကြေးများရရှိနိုင်သော ဧည့်သည်များ နောက်ထပ်ရောက်လာစေကာမူ လက်မခံတော့ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ် သည်။

အမှန်တကယ်လည်း နောက်ထပ်ဧည့်သည်မှာ လက်ခံရန် နေရာမရှိတော့ပါချေ။

ဟုန်ဆင်းတည်းခိုခန်း၏ အပေါ်ထပ် အခန်းများအပြင် အောက်ထပ်နေရာလွတ် အခန်းများလည်း ပြည့်ကျပ်နေပြီး မြင်းဇောင်း အတွင်းတည်းခိုနေကြသော ဧည့်သည်များ ပင်ရှိနေကြသည် မဟုတ် ပါလော။

ဖန်းယို့က လက်မခံတော့ဟု ဆုံးဖြတ်လိုက်စဉ်မှာပင် လူတစ် ယောက်က အသင့်ဖွင့်ထားသော တည်းခိုခန်းတံခါးပေါက်မှ အတွင်း ဘက်သို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ဖန်းယို့က ပါးစပ်ဟထား၏။

သို့သော် . . . သူက စကားတစ်လုံးမျှ ပြောမထွက်ခဲ့ပါချေ။

အကြောင်းမှာ သူက စကားပြောချိန်မရသောကြောင့်ဖြစ်ပါ သည်။

ဆိုင်အတွင်းဘက်သို့လှမ်းဝင်လာသူသည် အနက်ရောင် ကိုယ် ကြပ်အကျီဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်တွင်ကြီးမားသော ခမောက်တစ်လုံး ဆောင်းထား၏။ ထူးခြားနေသည်မှာ ထိုလူသည်



တခြားလူများကဲ့သို့ ကျောနှင့်ခါးပေါ်တွင် ဓားချိတ်ဆွဲထားခြင်း မရှိခြင်း ပင်တည်း။

ထိုလူသည် ဖန်းယို့ထိုင်နေသော ကောင်တာအနီးသို့ ရောက် ရှိလာပြီး လက်တစ်ဖက်က စားပွဲပေါ် ရိုက်ချလိုက်၏၊

"ဖြန်း"

ကနဲမြည်အောင် ကောင်တာပေါ်သို့ ရိုက်ချလိုက်သည်။ သူက လေသံမာမာနှင့် ပြောလေ၏၊

"ကျုပ်သီးသန့်အခန်းတစ်ခု လိုချင်တယ်"

သူ၏စကားသံမှာ အနိမ့်အမြင့်မရှိဘဲ ထွက်ပေါ်လာ၏၊

သူ၏စကားကြားလိုက်ရသည်နှင့် ဖန်းယို့မှာ ကျောချမ်းသွား သည်။

ထိုလူသည် ခမောက်ဆောင်းထားသောကြောင့် သူ၏ မျက်နှာအား သေချာစွာ တွေ့မြင်ရခြင်း မရှိချေ။

သို့သော် . . . သူ၏အသံကို ကြားလိုက်ရသည်နှင့် အလွန် ကြောက်မက်ဖွယ်ကောင်းသည့် လူတစ်ယောက်ဖြစ်ကြောင်း ဖန်းယို့တ ချက်ချင်းပင် နားလည်လိုက်မိသည်။

သူသည် ဖန်းယို့အား အေးစက်စွာ စိုက်ကြည့်လိုက်ပြီး . . .

"ကိစ္စမရှိပါဘူး . . . မင်းသွားမှာသာသွား၊ နောက်လာတဲ့လူ တွေကို ကျုပ်မောင်းထုတ်ပစ်လိုက်မယ်"

ဖန်းယို့က သူတို့နှစ်ယောက်၏ အခြေနေကို စိတ်ဝင်စားစွာ ကြည့်နေကြသည့် စားသောက်ခန်းမအတွင်းရှိ လူများဘက်သို့ တစ်ချက် ဝေ့ကြည့်ပြီး မေးလိုက်၏။

"တကယ်လို့ . . . ဆိုင်ထဲမှာရှိတဲ့လူတစ်ယောက်ယောက် က ခင်ဗျားကို နှောင့်ယှက်လာရင်ကော"

ခမောက်ဆောင်းထားသည့်လူက သဘောကျစွာ ပြုံးလိုက်

www.burmeseclassic.com



ပြီးမှ . . .

"သည်အတွက် စိတ်ချပါဗျာ၊ ဘယ်သူကမှ ကျုပ်ကို နှောင့်ယှက်ကြမှာ မဟုတ်ပါဘူး"

"ခင်ဗျားက ဘာဖြစ်လို့ သည်လိုပြောနိုင်ရတာလဲဗျ"

"ခင်ဗျားကို ကျုပ်ကမောင်းထုတ် ပစ်တာကို သူတို့ကလက်ပိုက်ကြည့်နေကြမှာပဲ၊ ကျုပ်ကိုနှောင့်ယှက်ချင်ရင် သည်အတိုင်း ထိုင်နေကြမှာမဟုတ်ဘူး"

သူ၏စကားကြောင့် ဖန်းယို့က စိတ်ဓာတ်ကျသွားသည်။

သို့သော် . . . သူက ချက်ချင်းဆိုသလိုပင် မျက်နှာကို ခပ်တင်းတင်းထားလိုက်ပြီး . . .

"ကောင်းပါပြီ . . . ခင်ဗျား ကောင်တာပေါ်မှာ အိပ်နိုင်ပါပြီဗျာ"

"မင်းက အပြင်ထွက်သွားတော့မယ်ပေါ့ ဟုတ်လား"

ဖန်းယို့က . . .

"ဟုတ်တယ်"

"ဒါဖြင့် . . . မင်းက မသွားသေးဘဲ ဘာဖြစ်လို့ရပ်နေရတာလဲ"

ဖန်းယို့က ပခုံးတစ်ချက် တွန့်လိုက်ပြီး စားသောက်ဆိုင်အတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် စားသောက်ဆိုင်တံခါးဝသို့ ရောက်ရှိသွားသည်နှင့် ချာခနဲလှည့်လိုက်ပြီး . . .

"ခင်ဗျား . . . တစ်ခုတော့ သတိထားစေချင်တယ်ဗျ"

ခမောက် ဆောင်းထားသူက မျက်မှောင်ကြုတ်သွားပြီး ရေရွတ်လိုက်၏၊

"မင်း . . . လျှာတော်တော်ရှည်ပါလား"



ဖန်းယို့က ပခုံးတစ်ချက် တွန့်လိုက်ပြီး . . .

"ကျုပ်က . . . စေတနာနဲ့ ပြောတာပါဗျာ"

ခမောက်ဆောင်းထားသည့်သူက မျက်မှောင် ကုပ်သွားပြီး အမိန့်ပေးလေ၏။

"ကဲ . . . မြန်မြန်ပြောစမ်း"

"တကယ်လို့သာ ဆိုင်ထဲမှာရှိတဲ့လူတွေက တစ်ခုခုခိုင်းချင်လို့ ခင်ဗျားကိုခေါ်ရင် ဘယ်လိုလုပ်မလဲ"

ခမောက်ဆောင်းထားသည့်လူက မျက်လုံးပြူးကျယ်သွားသည်။

"ကျုပ်ကို ခိုင်းမယ်ဟုတ်လား"

"ဟုတ်တယ် . . . ခင်ဗျားက ကောင်တာပေါ်မှာရှိနေတာ၊ ခင်ဗျားကို မခိုင်းလို့ ဘယ်သူ့ကို ခိုင်းရမလဲ၊ ကောင်တာထိုင်တဲ့ လူကလုပ် ပေးရမယ်လေ"

ခမောက်ဆောင်းထားသည့် လူက ပါးစပ်ပိတ်ထားလိုက်သည်။

ဖန်းယို့က သဘောကျစွာ ပြုံးလိုက်ပြီး . . .

"အမှန်ပြောရရင် ကျုပ်က သည်ဆိုင်ထဲက ထွက်သွားချင်တာကြာပါပြီဗျာ"

သူသည် ပြောရင်း စားသောက်ဆိုင်အတွင်းမှ အကဲခတ်ကြည့် နေသူများအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး စကားဆက်လိုက်သည်။

"ဒါပေမဲ့ . . . ဆိုင်ထဲမှာရှိနေကြတဲ့လူတွေက ကျုပ်ထွက်သွားမှာကို မလိုလားကြဘူးဗျ၊ အခုတော့ ကျုပ်အစား ခိုင်းရမယ့်လူတစ်ယောက် ရှိနေပြီမို့ ကျုပ်ကသွားလို့ရပါပြီဗျာ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ဆိုင်အပြင်ဘက်သို့ လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်တော့သည်။

"နေဦး . . . "

ခမောက်ဆောင်းထားသည့် လူကဟန့်တားလိုက်သည်။

ဖန်းယို့က . . .

"ခင်ဗျားက စိတ်ထားပြောင်းလဲသွားပြီလား"

ခမောက်ဆောင်းထားသည့်လူက . . .

"ဟုတ်တယ် . . . "

"ဒါဖြင့် ခင်ဗျားထွက်သွားမယ်ပေါ့"

ခမောက်ဆောင်းထားသည့်လူက ခေါင်းခါယမ်းလိုက်ပြီးပြောသည်။

"ကျုပ်ထွက်မသွားပါဘူးဗျာ"

"ဒါဖြင့် . . . ခင်ဗျားဘာပြောချင်လို့လဲ"

"ကျုပ်လဲ ထွက်မသွားဘူး၊ မင်းလဲထွက်မသွားရဘူး"

သူ၏ စကားကြောင့် ဖန်းယို့မှာ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

ခမောက်ဆောင်းထားသည့်လူက စကားဆက်လိုက်လေ၏။

"သူများခိုင်းစရာရှိရင် လုပ်ပေးဖို့မင်းက အသင့်ရှိနေရမယ်မဟုတ်လား"

ဖန်းယို့က မဲ့ပြုံးပြုံးလိုက်ပြီး . . .

"အင်း . . . ကောင်တာမှာ လူနှစ်ယောက်ဆိုတော့ သူများခိုင်းတာကို ပိုပြီးလုပ်ပေးနိုင်တာပေါ့ဗျာ"

သူသည်ပြောပြီးသည်နှင့် ဆိုင်အတွင်းဘက်သို့ လှမ်းဝင်လိုက်လေ၏။

သူ၏ခြေလှမ်းများက ဆိုင်အတွင်းဘက်သို့ လှမ်းဝင်လိုက်သည်နှင့်တပြိုင်နက် . . .



"ဟေ့ . . . အရက်မြန်မြန် ပေးစမ်း"

ဟူသော အသံတစ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဖန်းယို့က ပြုံးလိုက်သည်။ သူ့အနိုင်ရပေတော့မည်။

မကြာမီ ပွဲကြီးပွဲကောင်းတစ်ခု တွေ့ရတော့မည်ဖြစ်ကြောင်း သူက သဘောပေါက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

# ပွဲမဝင်မီ

ခမောက်ဆောင်းထားသူ၏ ခန္ဓာကိုယ် ဆက်ခနဲ တုန်ခါသွား၏။

သူသည် အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်သော အခါ ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်လူအနီးသို့ လျှောက်သွားပြီး လက်ဝါးဖြန့်ကာ တောင်းနေသော ဖန်းယို့ကိုတွေ့လိုက်ရသည်။

ဖန်းယို့က . . .

"ခင်ဗျားက အရက်ကို လိုချင်တယ်ဆိုရင် ပိုက်ဆံအရင်ပေးရမယ်ဗျ"

သူ၏စကားကြောင့် ဝဝဖိုင့်ဖိုင့်လူ၏ မျက်ခုံးမွေးအစုံမှာ နဖူးပေါ်သို့ မြင့်တက်သွားသည်။

သူသည် ဖန်းယို့အား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး . . .

"ပိုက်ဆံအရင်ပေးရမယ် ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်စားသောက်ပြီးမှ ပိုက်ဆံရှင်းပေးနေကျမဟုတ်လား။ ဒီနေ့မှ ခင်ဗျားက ဘာကြောင့်ပိုက်ဆံအရင် တောင်းရတာလဲ"

ဖန်းယို့က ပခုံးတစ်ချက်တွန့်လိုက်ပြီး . . .



"အရင်ကတော့ ဟုတ်ပါတယ်ဗျာ၊ အခုပိုက်ဆံအရင်တောင်းရတာက တော်ကြာခင်ဗျားက ပိုက်ဆံပေးနိုင်မှာမဟုတ်တော့လို့ပါ"

သူ၏စကားကြောင့် ဝဝဖိုင့်ဖိုင့်လူက မျက်မှောင်ကုပ်သွားသည်။

"မင်း . . . ဘာပြောလိုက်တာလဲ"

"ခင်ဗျား ပိုက်ဆံပေးနိုင်မှာ မဟုတ်တော့ဘူးလို့ပြောတာပါ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားကသေသွားတော့မှာမို့ပါ"

ဖန်းယို့၏စကား ကြားလိုက်ရသောအခါ ဝဝဖိုင့်ဖိုင့်နိုင်သောလူ၏ မျက်နှာကွက်ခနဲပျက်သွားသည်။ သူ၏အမည်မှာ ဟန်ကျူးဖြစ်ပြီး မြောက်ပိုင်းနယ်မှ သံမဏိလက်သီးအမည်ဖြင့် ကျော်ကြားနေသည့် သိုင်းသမားတစ်ယောက်ဖြစ်သည်။

ဟန်ကျူးသည် မြောက်ပိုင်းတခွင်၌ ဖိန့်ဖိန့်တုန်အောင် ကျော်ကြားပြီး၊ လူအများ၏ လေးစားကြည်ညိုခြင်းခံရသော လူတစ်ယောက်ဖြစ်သောကြောင့် ဖန်းယို့က သူ့အား သေမည်ဟုပြောဆိုလိုက်သောအခါ ဒေါသအမျက် ချောင်းချောင်းထွက်သွားလေတော့သည်။

သူသည်ထိုင်နေရာမှ 'ဝုန်း' ခနဲ ထလိုက်ပြီး . . .

"မင်းက . . . ကျုပ်ကိုစော်ကားတာလား"-

ဟု အသံကျယ်လောင် စွာဖြင့် ဟိန်းဟောက်လိုက်၏။

ဖန်းယို့က ကပျာကယာ လက်ကာပြလိုက်ပြီး . . .

"မဟုတ်ပါဘူး . . . ဗျာ"

"ဒါဖြင့် . . . ဘာဖြင့်လို့ကျုပ်ကို သေမယ်လို့ပြောရတာတုန်း"

"ကျုပ်ပြောတာ မဟုတ်ပါဘူး"

ဖန်းယို့၏စကားကြောင့် ဟန်ကျူးက မျက်မှောင်ကြုတ်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြုံး . . .

"မင်းက ကျုပ်ကိုလိမ်လို့ရမယ်ထင်လို့လား"

ဖန်းယို့ကကောင်တာဘက်သို့ ချာခနဲလှည့်လိုက်ပြီး ကောင်တာပေါ်၌ အိပ်နေသည့် ခမောက်ဆောင်းထားသောလူအား လက်ညိုးညွှန်ပြလိုက်သည်။

"သူပြောတာပါ"

သူ၏စကားကြောင့် ဟန်ကျူး မဲ့ပြုံးပြုံးလိုက်ပြီး . . .

"သူအိပ်နေတာ မင်းမြင်တယ်မဟုတ်လား၊ သူမပြောဘူးဆိုတာလည်း ...းလုံးသိကြတယ်"

ဖန်းယို့က ပြုံးလိုက်ပြီး . . .

"ဒါပေမဲ့ . . . ဘယ်သူမဆို စိတ်ချလက်ချ အိပ်ချင်တယ်ဆိုရင် အရက်မူးသမားတစ်ယောက် အနားမှာရှိနေတာကို ကြိုက်မှာမဟုတ်ဘူး"

သူ၏စကားကြောင့် ဟန်ကျူးဒေါသထွက်သွား၏။ သူသည် ဖန်းယို့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး မျက်နှာရှုံ့မဲ့လိုက်ကာ . . .

"လက်စသတ်တော့ မင်းက ရန်တိုက်ပေးနေတာကိုး"

သူသည် ယင်းသို့ပြောပြီးသည်နှင့် လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်လိုက်ကာ ဖန်းယို့အား ဖမ်းရန်ဟန်ပြင်လိုက်လေသည်။

"မလုပ်ပါနဲ့ဗျာ"

ဖန်းယို့က အထိတ်တလန့်ဖြင့် နောက်ဆုတ်သွား၏။ သူနောက်သို့ဆုတ်သွားသည်နှင့် ကောင်တာနှင့် ကျောကပ်မိသွားလေသည်၊

ဖန်းယို့တို့က လှုပ်လှုပ်ရှားရှား ဖြစ်သွားသောကြောင့် ကောင်တာပေါ်မှ ခမောက်ဆောင်းထားသည့်လူက ဆက်၍အိပ်ရန် မဖြစ်နိုင်



တော့ချေ။

ခမောက်ဆောင်းထားသည့်သူက ကောင်တာပေါ်တွင် လဲလျောင်းနေရာမှ ဆတ်ခနဲထထိုင်လိုက်ပြီး အေးစက်စက်ပြောလိုက်၏။

"မင်း . . . သေချင်လို့နဲ့တူတယ်"

ဖန်းယို့က မချိပြုံး ပြုံးလိုက်ပြီး . . .

"သေချင်တာက ကျုပ်မဟုတ်ဘူးဗျ"

သူသည်ပြောရင်း ဟန်ကျူးဘက်သို့ လက်ညိုးညွှန်ပြလိုက်ကာ . . .

"သေချင်တာက သူပဲ"

သူ၏စကားကြောင့် ဟန်ကျူးထိတ်လန့်သွားသည်။

သို့သော် သူကချက်ချင်းပင် အံကြိတ်ပြောလိုက်ပြီး . . .

"မင်းက အတော်အတင့်ရဲပါလား"

သူသည် ယင်းသို့ဟိန်းဟောက်လိုက်ပြီး ဖန်းယို့အနီးသို့ သွက်လက်တစ်ပြက် ခုန်ပေါက်ရောက်ရှိသွားကာ လက်သီးတစ်လုံး ထိုးချလိုက်လေသည်။

ဟန်ကျူးသည် သံမဏိလက်သီးဟု ကျော်ကြားနေသော ဆိုင်းသမားတစ်ယောက်ဖြစ်သောကြောင့် သူ၏လက်သီးတစ်ချက်ကို မိသွားပါက ဖန်းယို့မှာ အရိုးများပင် ကြေမွသွားမည်ဖြစ်၏။

ဆိုင်အတွင်းရှိ စားသောက်နေကြသည့်သူများနှင့် တည်ခိုနေကြသူများမှာလည်း ဖန်းယို့အတွက် စိုးရိမ်သွားကြသည်

သို့သော် . . . ဟန်ကျူး၏လက်သီးက ဖန်းယို့၏ရင်ဝသို့ထိုးချ မိလိုက်ခြင်းမရှိပါချေ။

အဘယ်ကြောင့်ဆိုသော် . . .

ကောင်တာပေါ်တွင်ရှိနေသော ခမောက်ဆောင်းထားသည့်သူက လျှပ်တစ်ပြက် ဖန်းယို့၏လည်ဂုတ်ကို ဆွဲကိုင်လိုက်ပြီး အနောက်သို့

www.burmeseclassic.com



လှောင့်ခံလိုက်သောကြောင့်တည်း။

ခန်းသို့မှာ အသက်ချမ်းသာရာရရှိသွားသည်။

ဟန်ကျူး၏ လက်သီးမှာလည်း . . .

"ဝုန်း" ကနဲ ကောင်တာပေါ်သို့ ထိုးချမိသည်။

ကောင်တာတစ်ခုလုံးမှာ ကျိုးပဲ့ကြေမွသွားတော့သည်။

ထို့ကြောင့် ကောင်တာပေါ်တွင် ထိုင်နေသည့် ခမောက်ဆောင်း ထားသောသူမှာ ကောင်တာပေါ်တွင် ဆက်လက်ထိုင်နေရန် မဖြစ်နိုင် တော့ချေ။

သူသည် ကောင်တာပေါ်မှ အောက်သို့ခုန်ဆင်းလိုက်သည်။

သူက ကောင်တာပေါ်မှ အောက်သို့ခုန်လိုက်သည်နှင့် တစ်ပြိုင်နက် ဟန်ကျူးနှင့် မျက်နှာချင်းဆိုင် ရပ်မိလျက်သား ဖြစ်သွားလေ၏။

ဟန်ကျူးမှာ သူ၏လက်သီးက ဖန်းယို့အားထိုးချမိလိုက်ခြင်း မရှိသည်ကို တွေ့မြင်လိုက်ရသောအခါ ရင်ထိတ်သွား၏။

ထို့အပြင် . . . ခမောက်ဆောင်းထားသည့်လူမှာ သိုင်းပညာ မခေကြောင်း သူအကဲခတ်မိလိုက်သည်။

ထို့ကြောင့် . . . ခမောက်ဆောင်းထားသည့်သူအား တစ်ချက်ကြည့်ပြီး လက်နှစ်ဘက် ဆုပ်လိုက်ကာ တောင်းပန်လိုက်၏။

"အခုလို မတော်တဆဖြစ်သွားတာကို အားနာပါတယ်ဗျာ"

ခမောက်ဆောင်းထားသည့်လူက အေးတိအေးစက်လေသံဖြင့် မေးသည်။

"မင်း . . . မတော်တဆလုပ်တာလား၊ တမင်လုပ်တာလား"

"ကျုပ် . . . ဆိုင်ရှင်ကိုထိုးလိုက်တာဗျ"

"အင်း . . . ဆိုင်ရှင်ကို ထိုးလိုက်ပေမဲ့ ကျုပ်အိပ်နေတဲ့



နေရာ သာ ပျက်စီးသွားတယ် မဟုတ်လား"

သူ၏ စကားကြောင့် ဟန်ကျူးပါးစပ်ပိတ်သွားသည်။

ဟန်ကျူး၏ လက်သီးဒဏ်ကြောင့် ကောင်တာမှာ ကျိုးပဲ့ကြေမွသွားသဖြင့် ခမောက်ဆောင်းထားသည့်သူက ဆက်၍အိပ်ရန် မဖြစ်နိုင်တော့ချေ။

ခမောက်ဆောင်းထားသောလူက ဟန်ကျူးအား အေးတိအေးစက်ဖြင့် ကြည့်လိုက်ပြီးမှ . . .

"ကျုပ်က . . . ဆိုင်ရှင်ကို သဘောမကျပေမဲ့ သူပြောတဲ့စကားက မှန်တယ်လို့ ထင်တယ်ဗျ"

ဟန်ကျူး မျက်မှောင်တုပ်လိုက်ပြီး ပြန်မေးသည်။

"ဘာမှန်တာလဲ"

"တကယ်လို့သာ နှစ်နှစ်ကြိုက်ကြိုက် အိပ်ပေးဆိုရင်း အချက်သမားတစ်ယောက်ကို အရင်မောင်းထုတ်ပစ်လိုက်တာကောင်းမယ် မဟုတ်လား"

ထိုစကားကို ကြားလိုက်ရသောအခါ ဟန်ကျူးမှာ မျက်နှာ ကွက်ခနဲပျက်သွားသည်။

သူသည် လူအများရှေ့၌ စော်ကားခံလိုက်ရသောကြောင့် ဒေါသအမျက် ချောင်းချောင်းထွက်သွားသည်။

"ခင်ဗျား . . . ကျုပ်ကို မောင်းထုတ်မယ်ဟုတ်လား"

"မင်းက အေးအေးဆေးဆေး ထွက်သွားလိမ့်မယ်လို့ ကျုပ်မျှော်လင့်ပါတယ်"

သူ၏စကားသံ ဆုံးသွားသောအခါ ဟန်ကျူးက ခံပြင်းစွာ တဟားဟားရယ်မောလိုက်လေသည်။ သူလည်း မြောက်ပိုင်း ဟန်ကျူး ပေတည်း။

သူသည် အတန်ကြာရယ်မောလိုက်ပြီး ခမောက်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် လူအား စိုက်ကြည့်လိုက်ကာ . . .

"ခင်ဗျားတို့ . . . ကိုယ့်မျက်နှာတောင်မှ ဖော်မပြရဲတဲ့လူ တစ်ယောက်က ကျုပ်ကိုမောင်းထုတ်ပစ်မယ်ဆိုတာ ရယ်စရာပြောတာနဲ့ အတူတူပါပဲဗျာ"

သူသည် ပြောပြီးသည်နှင့် သဘောကျစွာ ရယ်မောလိုက်ပြန်သည်။

ခမောက်ဆောင်းထားသောလူက အေးတိအေးစက်ဖြင့် "ကျုပ်မျက်နှာကို မြင်ရရင် မင်းလန့်ဖြန့်ပြီး သေသွားနိုင်တယ်၊ ဒါကြောင့် ခမောက်ဖုံးထားတာကွ . . ."

သူ၏စကားကြောင့် ဟန်ကျူးက ရယ်မောရာမှ တစ်ဝက်တစ်ပြက်ဖြင့် ရပ်တန့်သွား၏။

ခမောက်ဆောင်းထားသူက စကားဆက်လိုက်သည်။

"မင်း . . . မယုံဘူးလား"

ဟန်ကျူးက အံကို တင်းတင်းကြိတ်လိုက်ပြီး . . .

"မယုံဘူး . . ."

"မယုံရင် . . . ကျုပ်ခေါင်းပေါ်က ခမောက်ကို လာချွတ်ကြည့်"

သူ၏စကားကြားလိုက်ရသောအခါ အခန်းတွင်းရှိ လူများက ရင်ထိတ်သွားသည်။

ခမောက်ဆောင်းထားသောလူက ဟန်ကျူးအား စိန်ခေါ်လိုက်ခြင်းဖြစ်သည်။ ဤသို့ပင် သူတို့နားလည်လိုက်သည်။

ဟန်ကျူးက မဲ့ပြုံးပြုံးလိုက်သည်။

ခမောက်ဆောင်းထားသူက စိန်ခေါ်လာပြီဖြစ်ကြောင်း သူက မည်သို့မျှ ရှောင်တိမ်း၍ မရတော့ချေ။ အမှန်မှာ သူက သိုင်းလောကထိပ်သီးဆယ်ယောက် ရွေးချယ်ပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။



ထို့ကြောင့် . . . ယှဉ်ပြိုင်ပွဲမစမီ ရန်သူယှဉ်ပြိုင်ဘက်တစ်ယောက်အားသုတ်သင်ပစ်လိုက်လျှင် ပြိုင်ဘက်တစ်ယောက် လျော့သွားနိုင် သည် မဟုတ်ပါလား။

ဟန်ကျူးက သူ၏ကြီးမားသော လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်ပြီး . . .

"ကောင်းပြီ . . . မင်းရဲ့ မျက်နှာကို ကျုပ်ကြည့်ရသေးတာပေါ့"

သူသည်ပြောပြီးသည်နှင့် လက်သီးနှစ်လုံးဖြင့် ခမောက်ဆောင်းထားသူ၏ရင်ဝသို့ ပြိုင်တူ ထိုးချလိုက်သည်၊

သူသည် လက်သီးထိုးချရာ၌ အားတွန်အသုံးပြုထားသောကြောင့် သူ၏လက်သီးဖြင့် ထိုးချခံလိုက်ရပါက နွားတစ်ကောင်ပင်လဲ ကျသွားနိုင်သည်။

သို့သော် . . . ခမောက်ဆောင်းထားသူက နွားတစ်ကောင် မဟုတ်ချေ။

သူသည် ဟန်ကျူးက လက်သီးဖြင့် ထိုးချလိုက်သည်ကို တွေ့လိုက်ရသည်နှင့် ဘေးသို့ယိမ်းနွဲ့ကာ ရှောင်တိမ်းပေးလိုက်၏။

သူ၏လှုပ်ရှားမှုမှာ လျင်မြန်လှသည်။

ထို့ကြောင့် ဟန်ကျူး၏လက်သီးချက်များမှာ လွဲချော်သွားရသည်။

ခမောက်ဆောင်းထားသူက ခနဲ့လိုက်၏။

"မင်းက လူတစ်ယောက်လုံးကိုတောင် ထိအောင်မတိုက်ခိုက်နိုင်ဘူးလားကွ"

ဟန်ကျူးမှာ တိုက်ခိုက်မှုလွဲချော်သွားသဖြင့် ဒေါသထွက်သွားသည်။

"ကြည့်ကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကြေးဝါးတာ လက်သီးဖြင့် ထပ်မံထိုးသွင်းပြန်သည်။

ဆခုတစ်ကြိမ် သူ၏လက်သီးချက်မှာ ပို၍ပြင်းထန်လာသည်။ ပြင်းထန်သောလက်သီးထိုးချက်ကြောင့် လေတိုးသံများပင် ဘုန်းဘုန်း မြည်သွား၏။

ဟန်ကျူးက ...

"မင်းရှောင်နိုင်ရင် ရှောင်စမ်း"

သူက တိုက်ခိုက်ရင်းမှ ပြောလိုက်သေး၏။

ခမောက်ဆောင်းထားသူက ...

"သည်လက်သီးထိုးချက်လောက်တော့ ကျုပ်ကမမှုသေးပါဘူး"

ပြောရင်းလက်နှစ်ဖက်ကို ရှေ့သို့ဆန့်ထုပ်လိုက်၏။

ထိုအခါ ... သူ၏လက်ဝါးနှစ်ဖက်ပေါ်သို့ ဟန်ကျူး၏ လက်သီးနှစ်လုံးက တည့်မတ်စွာထိုးချမိလိုက်သည်။

"ဖျောက်"

"အား"

အရိုးကျိုးသံတစ်ချက် ထွက်ပေါ်လာပြီး ဟန်ကျူး၏စူးရှသော အော်ဟစ်သံထွက်ပေါ်လာသည်။

တစ်ဆက်တည်းပင် ...

ဟန်ကျူးမှာ နောက်သို့ဒယီးဒယိုင်ဖြင့် ဆုတ်ခွာသွားရလေတော့သည်။

ခမောက်ဆောင်းထားသူက ပြုံးလိုက်သည်။

သူသည် ဟန်ကျူး၏မျက်နှာအား တစ်ချက်စိုက်ကြည့်လိုက်ပြီး

"မင်းထွက်သွားတော့မလား"

ဟန်ကျူးက ထိတ်လန့်စွာဖြင့် ...



"ခင် ... ခင်ဗျားက"

ခမောက်ဆောင်းထားသူက အေးတိအေးစက်ဖြင့် ...

"လျှာရှည်တဲ့လူက အသက်တော့ မရှည်နိုင်ဘူး"

သူ၏ စကားဆုံးသွားသည်နှင့် ဟန်ကျူး၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ထို့နောက် သူသည် ခမောက်ဆောင်းထားသည့် လူအား လှည့်ပင်မကြည့်တော့ပဲ ချာခနဲလှည့်ကာ စားသောက်ဆိုင်အပြင်သို့ ပြေးထွက်သွားလေတော့သည်၊

မှောင်မိုက်နေသောညဟု ဆိုသာ၏။

သို့သော် ဟုန်ဆင်းတည်းခိုခန်းအတွင်းရှိ လူများ၏စိတ်ထဲ၌ ကကြည်မလင် ဖြစ်သွားကြသည်။

ဟန်ကျူးထွက်ပြေးသွားပြီးနောက် ထိုသို့ခံစားလာကြခြင်းဖြစ်သည်။

ဟန်ကျူးက စားသောက်ဆိုင် အတွင်းမှ ထွက်ပြေးသွားပြီးနောက် ကျင်းလိမ်မြို့မှ ထွက်ခွာသွားတော့မည်ဖြစ်ကြောင်း လူတိုင်းက သဘောပေါက်ထားကြသည်။

ထို့အပြင် ...

ဟန်ကျူးဆိုသည့် အမည်သည် သိုင်းလောကမှ လုံးဝပင် ပျောက်ကွယ်သွားနိုင်သည် မဟုတ်ပါလား။

လက်နှစ်ဖက်ကျိုးသွားသည့် လူတစ်ယောက်၏လက်သီးသည် မည်သို့မျှ အရာဝင်တော့မည်မဟုတ်ချေ။

ထို့ကြောင့် ဟန်ကျူးမှာ အသက်သေဆုံးသွားခြင်း မရှိသေးသော်လည်း သူ၏အမည်မှာမူ သေဆုံးသွားသည့်အလား ထပ်မံပျောက်ကွယ်သွားတော့မည်ဖြစ်ပါသည်။

ခမောက်ဆောင်းထားသော လူက သက်ပြင်းတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ချသည်၊

သူသည် ဆိုင်အတွင်း မည်သည့်အဖြစ်အပျက်မျိုးမျှ မဖြစ်ခဲ့သည့်အလား အေးဆေးစွာဖြင့် ဖန်းယိုဘက်သို့ လှည့်ကာ မေးလိုက်သည်။

"အခန်းလွတ်တစ်ခုရှိသွားပြီ မဟုတ်လား"

မှန်ပါသည်။

ဟန်ကျူးသည် ဟုန်ဆင်းတည်းခိုခန်းသို့ စောစီးစွာ ရောက်ရှိလာသူတစ်ယောက်ဖြစ်၏။

ထို့ကြောင့် . . . ဟန်ကျူးက ဟုန်ဆင်းတည်းခိုခန်းမှ အခန်းတစ်ခုအား ငှားရမ်းရရှိနိုင်သည် မဟုတ်ပါလော။

ဟန်ကျူးက ဟုန်ဆင်းတည်းခိုခန်းမှ ထွက်ပြေး၍သွားလျှင် ဟန်ကျူးငှားရမ်းထားသော အခန်းသည် အလိုအလျောက် အခန်းလွတ် ဖြစ်သွားနိုင်သည်။

ဖန်းယို့က ခေါင်းခါယမ်းလိုက်သည်။

"မရှိသေးဘူး"

ခမောက်ဆောင်းထားသောလူ မျက်မှောင်ကုပ်သွားလေ၏။

"ဘာဖြစ်လို့လဲ"

ဖန်းယို့က . . .

"ဟန်ကျူးက တစ်ယောက်ခန်းကို ရထားတာမဟုတ်ဘူးဗျ"

"မင်းက ဘာကိုဆိုလိုတာလဲ"

"ဟန်ကျူးက လေးယောက်ခန်း ငှားရမ်းထားတာပါ"

သူ၏စကားကို ကြားလိုက်ရသောအခါ ခမောက်ဆောင်းထားသူ၏ တစ်ဝက်တစ်ပျက် ပေါ်နေသည့်မျက်လုံးများတွင် အရောင်တဖိတ်ဖိတ်တောက်ပလာသည်ကို တွေ့မြင်လိုက်ရသည်။

"ဟန်ကျူးက လေးယောက်စာအခန်းတစ်ခုကို ငှားရမ်းထားတယ် ဟုတ်လား"



ဖန်းယို့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ခမောက်ဆောင်းထားသူက . . .

"သူတစ်ယောက်တည်းနဲ့ လေးယောက်စာအခန်းကို ယူထားတာဟုတ်လား"

ဖန်းယို့ ခေါင်းခါယမ်းလိုက်သည်၊

"မဟုတ်ဘူး"

ခမောက်ဆောင်းထားသူက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူသည် ဖန်းယို့အား အေးစက်စွာ ကြည့်လိုက်သည်။

"မင်း . . . ရှင်းရှင်းလင်းလင်း ပြောစမ်း"

ဖန်းယို့က သက်ပြင်းတစ်ချက်ချလိုက်ကာ . . .

"ဟန်ကျူးက လေးယောက်စာအခန်းကို ငှားထားတယ်ဆိုတာ လူလေးယောက်အတွက်ပါ"

"ဒါဖြင့် ဟန်ကျူးကထွက်သွား ပေမဲ့ နောက်ထပ်သုံးယောက် ကျန်သေးတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်က သူတို့နဲ့အတူတူ လေးယောက်စာအခန်းမှာ အိပ်လို့ မရဘူးလား"

ဖန်းယို့ ခေါင်းခါယမ်းလိုက်သည်။

"မရဘူး"

ခမောက်ဆောင်းထားသူ ထပ်မေးသည်။

"ဘာဖြစ်လို့လဲ"

ဖန်းယို့က . . .

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က လက်ခံမှာမဟုတ်လို့ပါ"

"သူတို့က လက်မခံဘူး ဟုတ်လား"

"ဟုတ်တယ်"

"မင်းက သည်လိုပြောနိုင်တာ အကြောင်းတစ်ခုခုရှိရမယ်"

ဖန်းယို့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သည်လူသုံးယောက်က ဟန်ကျူးရဲ့ မိတ်ဆွေ ဖြစ်နေလို့ပါ"

သူ၏စကားဆုံးသွားသည်နှင့် ဆိုင်အတွင်းရှိနေသည့် လူများ အနက် ဝဲဘက်ခြမ်းရှိ စားပွဲတစ်လုံးမှ လူသုံးယောက်က 'ဝုန်း' ခနဲ မတ်တတ်ရပ်လိုက်ကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

လေတိုက်ခတ်မှုသည် ရပ်ဆိုင်းသွားသည်ဟု ထင်ရသည်။

ဆိုင်၏အတွင်းဘက်ရှိ အသင့်ထွန်းညှိထားသည့် မီးအိမ်များ မှာလည်း ရောင်မှေးမှိန်သွားသည်ဟု ထင်မှတ်လိုက်ရသည်။ တစ်ဆိုင်လုံးမွန်းကြပ်သွားလေ၏။

ထို့အပြင် . . . တစ်ခန်းလုံးတွင် လူများပြည့်ကြပ်နေသော်လည်း တစ်စုံတစ်ယောက်မှ မရှိသည့်အလား တိတ်ဆိတ်သွားသည်။

အခန်းတွင်းရှိ မီးရောင်က မှေးမှိန်သွားသည်ဟု မဆိုသာချေ။

သို့သော် . . . ယင်းကဲ့သို့ မှေးမှိန်သွားသည်ဟု ထင်မှတ်လိုက်ရသည့်အကြောင်းရင်းမှာ မတ်တတ်ရပ်လိုက်ကြသော လူသုံးယောက်၏ အဝတ်အစားများက တောက်တောက် ပြောင်ပြောင် မှိုနေသောကြောင့် ဖြစ် ပါသည်။

နေကျဲကျဲတောက်ပူနေသည့်နေ့ရာမျိုး၌ ထိုလူသုံးယောက်အား တွေ့မြင်လိုက်ရပါက မျက်စေ့များ ကျိမ်းစပ်သွားသည်ကို ခံစားကြရမည် ဖြစ်သည်။

ထိုလူသုံးယောက်က မတ်တတ်ရပ်လိုက်သောကြောင့်အခန်း



တွင်းရှိ လူများ၏ မျက်နှာပေါ်တွင် လေးနက်တည်ကြည်သော ဟန်အမူအရာများ ဖြစ်ပေါ်လာကြသည်။

မှန်သည်။

ထိုလူသုံးယောက်သည် ဟန်ကျူးထက် ကြောက်စရာကောင်းသည့် လူများဖြစ်ကြောင်း လူအားလုံးက သဘောပေါက် လက်ခံထားကြသည် မဟုတ်ပါလား။

ထိုလူ သုံးယောက်က မတ်တတ်ရပ်လိုက်ကြသော်လည်း ခမောက်ဆောင်းထားသူက သူတို့အား မတွေ့မမြင်လိုက်ရသည့်အလား ဖန်းယို့ဘက်သို့ လှည့်မေးလိုက်၏။

"ဟန်ကျူးရဲ့ မိတ်ဆွေတွေ ဟုတ်လား"

ဖန်းယို့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ခမောက်ဆောင်းထားသူက မေးလိုက်၏။

"ဟန်ကျူးရဲ့ မိတ်ဆွေတွေက ဘယ်သူလဲ၊ နာမည်ကို မင်းသိသလား"

ဖန်းယို့က ပြုံးလိုက်ပြီး . . .

"တချို့ကတော့ အဲသည် သုံးယောက်ကို ငွေရောင်မင်းသားလေး သုံးပါးလို့ခေါ်ကြတယ်"

"တချို့ကြတော့ 'ငွေရောင်လုလင် သုံးဖော်' လို့ခေါ်ကြတယ်"

"သူတို့က တော်တော်အစွမ်းထက်သလား"

ဖန်းယို့က ပခုံးတစ်ချက်တွန့်လိုက်ပြီး . . .

"ဒါတော့ ကျုပ်လည်းဘယ်သိပါ့မလဲဗျာ၊ ကျုပ်က တည်းခိုခန်း ဖွင့်ထားတဲ့လူပဲ"

ခမောက်ဆောင်းထားသူက . . .

"ဟန်ကျူးနဲ့စာရင် သူတို့သိုင်းပညာက ဘယ်လိုနေမလဲ"

www.burmeseclassic.com



"ဒါလည်း ကျုပ်မသိဘူးဗျ"

သူတို့နှစ်ယောက်အပြန်အလှန် ပြောဆိုနေသည့် စကားကြား လိုက်ရသောအခါ မတ်တတ်ရပ်လိုက်ကြသည့် လူသုံးယောက်၏မျက် နှာတာ ပျက်သွားကြသည်။ အခန်းတွင်းရှိ လူများကလည်း အံ့ဩသွား ကြ၏။

ခမောက်ဆောင်းထားသူမှာ ထိပ်တန်းသိုင်းသမား တစ် ယောက် ဖြစ်သည်ကို အားလုံးက ရိပ်စားမိထားကြသော်လည်း ဆိုင်ရှင်ဖန်းယို့ မှာမူ မည်သို့သော လူစားဖြစ်သည်ကို အကဲခတ်မရဘဲ ဖြစ်နေကြသည်။

ထို့ကြောင့် . . . ဖန်းယို့အား ပေါ့ပေါ့တန်တန် သဘော ထား၍ မဖြစ်မှန်းရိပ်မိလိုက်ကြ၏။

ထိုစဉ်မှာပင် . . .

မတ်တတ်ရပ်လိုက်ကြသော လူသုံးယောက်က လျှပ်စ စ်ပြတ် လှုပ်ရှားလိုက်ကြရာ ခမောက်ဆောင်းထားသည့် လူရှေ့သို့ ရောက်ရှိ သွားသည်ကို တွေ့မြင်လိုက်ရသည်။

ငွေရောင်ဝတ်ဆင်ထားသည့် လူသုံးယောက်က ရှေ့သို့ ရောက်ရှိလာသည်နှင့် ခမောက်ဆောင်းထားသူက ဖန်းယို့ဘက်သို့ လှည့်လိုက်ပြီး မေးသည်။

"မင်းပြောတာ သူတို့သုံးယောက်လား"

"ဟုတ်တယ်"

"ကောင်းပြီ"

ခမောက်ဆောင်းထားသူက ပြောပြီးသည်နှင့် ငွေရောင်ဝတ် ဆင်ထားသူ သုံးယောက်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

တစ်ဆက်တည်းပင် ဦးခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြော သည်။



"မဆိုးဘူးဟေ့"

"ဘာမဆိုးမှန်း မသိဘူး"

ငွေရောင်ဝတ်ဆင်ထားသူ သုံးယောက်အနက် အလယ်မှ ရပ်နေ သူက အသံဩဩဖြင့် . . .

"ခင်ဗျားက ကျုပ်တို့ကို မဆိုးဘူးဆိုတော့ ခင်ဗျားက ခေမဲ့လူ တစ်ယောက်တော့ ဟုတ်ဟန်မတူဘူး . . ."

ဝဲဘက်မှလူက . . .

"ဟန်ကျူးကို နိုင်လို့ ဘဝင်မြင့်နေတာပါ"

ခမောက်ဆောင်းထားသူက . . .

"စိတ်ချ . . . မင်းတို့ကို ကျုပ်က ခေါင်းညွှတ်စေမယ်"

သူသည် ပြောပြီးသည်နှင့်တစ်ပြိုင်နက် လက်ဝါးနှစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

သူက လက်ဝါးနှစ်ဖက်အား ရှေ့သို့ဆန့်ထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် နီးကပ်စွာ ရပ်လျက်ရှိသော ငွေရောင်ဝတ်ဆင်ထားသူ သုံး ယောက်က လူချင်းလဲလိုက်ကြလေသည်။

အလယ်မှလူသည် ဝဲဘက်သို့ ရောက်ရှိသွားပြီး ဝဲဘက်မှ လူက ယာဘက်သို့ရောက်ရှိသွား၏။

ယာဘက်မှလူမှာမူ အလယ်သို့ ရောက်ရှိလာသည်။ သူတို့၏ လှုပ်ရှားမှုသည် အလွန်လျင်မြန်နေသောကြောင့် လှုပ်ရှားလိုက်သည် နှင့် တစ်ပြိုင်နက် ငွေရောင်များ ပြိုးခနဲ ပြက်ခနဲ ဝင်းလက်သွားပြီး လူချင်းလဲပြီးသား ဖြစ်သွားသည်။

ထို့အပြင် . . .

ခမောက်ဆောင်းထားသည့်လူ၏ တိုက်ကွက်အားလုံးသို့ အလျောက် ပယ်ဖျက်ပြီးသားလည်း ဖြစ်သွားသည်။

ခမောက်ဆောင်းထားသူသည် ဦးတည်ချက်ပျောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးနှစ်ဘက်အား ပြန်လည်ရုပ်သိမ်းလိုက်ရသည်။

သူက လက်ဝါးကို ရုပ်သိမ်းလိုက်သည်နှင့်တပြိုင်နက် ငွေရောင်သူငယ် သုံးယောက်က လက်ဝါးခြောက်ဖက်ကို ရှေ့သို့ပြိုင်တူ ဆန့်ထုတ်လိုက်ကြကာ ခမောက်ဆောင်းထားသူအား ရိုက်ချလိုက်ကြသည်။

ခမောက်ဆောင်းထားသည့်လူက ရင်ထိတ်သွား၏။ သူက နောက်သို့ဆုတ်ကာ ရှောင်တိမ်းလိုက်ရသည်။

သို့သော် . . . ငွေရောင်ဝတ်ဆင်ထားသော လုလင်သုံးယောက် က အလွတ်မပေးဘဲ ထပ်မံတိုက်ခိုက်လာကြသည်။

ခမောက်ဆောင်းထားသူက ထိတ်လန့်သွားပြီး နောက်သို့ထပ် မံဆုတ်သွားရ၏။ ထိုလုလင်သုံးယောက်၏လက်ဝါးကိုမူ သူက ရင်မ ဆိုင်ဝံ့ချေ။

အဘယ်ကြောင့်ဆိုသော် . . .

ထိုလုလင်သုံးယောက်၏ လက်ဝါးရိုက်ချက်သည် အခြားသိုင်းသမားများကဲ့သို့မဟုတ်ပဲ ထူးခြားနေ၏။ သူတို့၏ လက်ဝါးရိုက်ချက်များသည် လူတစ်ယောက်လျှင် လက်ဝါးနှစ်ချက်စီ ရိုက်ချလိုက်ခြင်း မျိုးဖြစ်ပြီး ဝဲဘက်ကရိုက်ချလိုက်ပြီးမှ ယာဘက်က ရိုက်ချလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် . . . ဟာကွက်ဟူ၍ လုံးဝရှာမရပဲ ပြည့်စုံ၍ အစွမ်းထက်မြက်သော လက်ဝါးသိုင်းကွက်များဖြစ်နေ၏။

သူတို့၏ အတွင်းအား အဆင့်မည်၍ မည်မျှရှိနေသည်ဟု ခန့် မှန်းမရသောကြောင့် ခမောက်ဆောင်းထားသောလူက ခုခံဝံ့ခြင်း မရှိပဲ နောက်သို့ဆုတ်ပေးလိုက်ခြင်းဖြစ်သည်။

သို့သော် . . . သူကနောက်သို့ဆုတ်လိုက်သည်နှင့်တစ်ပြိုင်နက် သူ၏နောက်ကျောသည် နံရံနှင့်ထိကပ်သွား၏။ ခမောက်ဆောင်း



ထား သူက ရင်ထိတ်သွားသည်။ ငွေရောင်လုလင် သုံးယောက်၏ လက်ဝါး ရိုက်ချက်အား ရှောင်တိမ်းရန် မဖြစ်နိုင်တော့မှန်းသူက သဘောပေါက်လိုက်သည်။

ထို့ကြောင့် . . .

"ယား"

ဟု ညာသံတစ်ချက်ပေးလိုက်ပြီး လျှပ်တပြက် အပေါ်သို့ခုန်တက်လိုက်၏။

ထို့နောက် . . . ဝဲယာခြေထောက်နှစ်ဖက်ဖြင့် ငွေရောင်လုလင် များထံသို့ ကန်ကျောက်လိုက်သည်။

တဆက်တည်းမှာပင် . . .

ခြေထောက်ကန်ချက်တို့ အားပြုလိုက်ပြီး ရှေ့သို့ခုန်ထွက်သွား၏။

တဒင်္ဂအချိန်အတွင်း ခမောက်ဆောင်းထားသူ၏ လှုပ်ရှားမှုက ဆက်တိုက် ဖြစ်ပေါ်လာပြီး တိုက်ကွက်သုံးကွက်တိတိ ထုတ်၍ တိုက်ခိုက်သွားခြင်းဖြစ်သည်။

ငွေရောင်လုလင်များက ခမောက်ဆောင်းထားသည့်လူအား ဟန့်တားနိုင်စွမ်းမရှိပါချေ။

သူတို့သည် ပြင်းထန်သော ခြေကန်ချက်အား ရှောင်တိမ်းပေးလိုက်ရသည်နှင့် တစ်ပြိုင်နက် ခမောက်ဆောင်းထားသူက လွတ်မြောက်သွားပြီဖြစ်ကြောင်း သဘောပေါက်လိုက်ကြသည်။

"ရှီ . . ."

လေချွန်သံတစ်ချက်ပေးလိုက်ပြီး နောက်သို့ပြိုင်တူ လှည့်လိုက်ကြသည်။

ထို့နောက် . . . သုံးဘက်သုံးတန်လျှင်မြန်စွာ လူစုခွဲ လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီ့ကြောင့် . . . ခမောက်ဆောင်းထားသူက ကြမ်းပြင်ပေါ်သို့ ဖြေးသည်ခြေချမိလိုက်သည်နှင့်တပြိုင်နက် ငွေရောင်လုလင်[illegible]တ ကြိုဂံပုံသဏ္ဍာန် စိုင်ထားလိုက်ပြီးဖြစ်ပါသည်။

ခမောက်ဆောင်းထားသူက အေးတိအေးစက်လေသံဖြင့်

"မင်းတို့ သေချင်ကြပြီထင်တယ်"

ငွေရောင်ဝတ်ဆင်ထားသော လုလင်သုံးယောက်အနက် အရပ် အရှည်ဆုံးသောလုလင်က ဟားတိုက်ရယ်မောလိုက်ပြီး . . .

"ခင်ဗျားက ပြောင်ပြန်ပြောနေပြီ သေရမှာက ခင်ဗျားပဲဗျ"

ခမောက်ဆောင်းထားသောလူက . . .

"ကျုပ်က မင်းတို့ကို သတ်ချင်ရင် လွယ်လွယ်လေးပါပဲ"

"ခင်ဗျား သေချင်လို့လား"

"သိပ်သေချာတာပေါ့ကွာ . . . မင်းတို့သုံးယောက် လက်ဝါးရိုက်ထုတ်လိုက်တဲ့အခါမှာ ခန္ဓာကိုယ်အပေါ်ပိုင်းက လုံခြုံနေတာမှန်ပေမယ့် ကျုပ်ကမင်းတို့ရဲ့အောက်ပိုင်းကို တိုက်ခိုက်လိုက်မယ်ဆိုရင် ဖရိုဖရဲဖြစ် သွားနိုင်တာပေါ့"

သူ၏စကားကြားလိုက်ရသောအခါ ငွေရောင်လုလင်သုံးဖော် မျက်နှာပျက်သွားကြသည်။

ခမောက်ဆောင်းထားသူက . . .

"မင်းတို့က ဖရိုဖရဲဖြစ်သွားတာနဲ့ မင်းတို့ဆင်ထားတဲ့ ကြိုဝံသိုင်းပညာဟာ အလိုလိုပျက်စီးသွားမှာပဲ၊ အဲသည်အခါ မင်းတို့ရှုံးဖို့ သေချာသွားပြီမဟုတ်လား"

ငွေရောင်လုလင်များအနက် အရပ်ရှည်သောလူက . . .

"ခင်ဗျားက အောက်ပိုင်းကို တိုက်ခိုက်တာနဲ့နိုင်မယ်ထင်ရင် မှားသွားမှာပေါ့"

"ဘာလဲ . . . မင်းတို့က ခြေထောက်ကို အသုံးချနိုင်တယ် ဟုတ်လား"

"ဟုတ်တယ်"

"မင်းတို့ခြေထောက် အသုံးပြုဖို့ လှုပ်ရှားလိုက်တာနဲ့ ကျုပ်က တိုက်ကွက်ပြောင်းပြီး ခန္ဓာကိုယ်အပေါ်ပိုင်းကို တိုက်ခိုက်လိုက်မယ်ဆိုရင်ကော"

ထိုလူပါးစပ်ပိတ်သွားလေသည်။

ခမောက်ဆောင်းထားသူက . . .

"မင်းတို့ အခုနေထွက်သွားကြမယ်ဆိုရင် ကျုပ်က ဟန့်တားမှာမဟုတ်ဘူး"

ငွေရောင်လုလင်သုံးဖော် သတ်ပြင်းချလိုက်၏။

ထို့နောက် . . . အရပ်ရှည်သောလုလင်က ခံပြင်းသောလေသံဖြင့် . . .

"ခင်ဗျားနဲ့ နောက်တစ်ခါတွေ့ဖို့ မျှော်လင့်ပါတယ်ဗျာ"

စကားဆုံးလျှင် ထွက်သွားရန်ဟန်ပြင်လိုက်၏။

ထိုစဉ် လူတစ်ယောက်က ထရပ်လာပြီးနောက် ဟန့်သည်။

"ဟေ့ . . . သတိထား"

ငွေရောင်လုလင်သုံးဖော် ကြောင်းအမ်းအမ်းဖြစ်သွားကြသည်။

ထိုလူသည် အကောက်ကြံနိုင်သည့်အချက်ကို ကြိုတင်တွေးမိပုံရသည်။

ထိုစဉ် . . .

"သေပေတော့"

ခမောက်ဆောင်းထားသူက အော်ငေါက်ကာ လျှပ်တစ်ပြက်တိုက်ခိုက်လာတော့သည်။

"ဟာ" . . .



www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်လုလင်သုံးဖော် ထိတ်လန့်သွားကြ၏။

ခမောက်ဆောင်းထားသူက သူတို့ရှောင်ထွက်သွားရန် ပြောသည်။ သူတို့ကလည်း ရှောင်ထွက်သွားရန် ဆုံးဖြတ်သည်။ ထိုကြားထဲမှ ခမောက်ဆောင်းသူက တိုက်ခိုက်ခြင်းဖြစ်သည်။

သူတို့က ကပျာကယာ ရှောင်းတိမ်းလိုက်ကြသော်လည်း နောက်ကျသွားပြီဖြစ်လေတော့သည်။

"ဝုန်း . . . "

"အား . . . "

"အမယ်လေး . . . "

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး ငွေရောင်လုလင် သုံးဖော်မှာ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

သက်ပြင်းချလိုက်၏။

ငွေရောင်လုလင်သုံးဖော်မှာ သူ၏ပြင်းထန်လှသော လက်ဝါးရိုက်ချက်ကြောင့် သေဆုံးသွားပြီဖြစ်သည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ ငွေရောင်လုလင် သုံးဖော်သေဆုံးသွားသည်နှင့် သူတို့အားသတိပေးပြောဆိုလိုက်သူက ပြန်ထိုင်ချလိုက်၏။

ထိုလူမှာ ရသေ့တစ်ပါးပင်ဖြစ်သည်။

ဖန်းယို့က ပြောလိုက်၏။

"သူဟာ . . . ဝူတန်ဂိုဏ်းက ပုရပိုဒ်တွေစောင့်ရှောက်ရတဲ့ ရသေ့ကြီးမုယုံပဲပေါ့"

မုယုံဟူသောအမည်ကို ကြားလိုက်ရသောအခါ အခန်းတွင်းရှိ လူများက မျက်နှာကွက်ခနဲပျက်သွားကြသည်။

အဘယ်ကြောင့်ဆိုသော် . . .

မုယုံ၏သိုင်းပညာသည် အလွန်ကြောက်မက်ဖွယ်ကောင်း



အောင်ပင် ထက်မြက်နေသည် မဟုတ်ပါလော။ ရသေ့မုယုံက မတ်တတ်ရပ်လိုက်သည်နှင့်တပြိုင်နက် ခမောက်ဆောင်းထားသူမှာ ဒုက္ခနှင့် တွေ့ကြုံရတော့မည် ဖြစ်သည်ဟု အခန်းတွင်းရှိ လူအားလုံးက လက်ခံယုံကြည်ထားကြသည်။

ခမောက်ဆောင်းထားသူ၏ ခန္ဓာကိုယ်မှာ မသိမသာတုန်ခါသွားသည်ကို တွေ့မြင်လိုက်ရသော ဖန်းယို့က သဘောကျစွာ ပြုံးပြီး မေးလိုက်သည်။

"ဘယ်လိုလဲ . . . ခင်ဗျားကြောက်နေပြီလား" သူ့စကားမှာ မခံ ချင်အောင် ဆွပေးလိုက်သည့်စကားဖြစ်သည်။

ခမောက်ဆောင်းထားသူက အေးစက်စက်ဖြင့် . . .

" ကျုပ်က ဘာဖြစ်လို့ကြောက်ရမှာလဲ"

ဖန်းယို့က ခပ်အေးအေးပြောသည်။

"ခင်ဗျားလိမ်ပြောတာတွေ ပေါ်သွားတော့မယ် မဟုတ်လား"

ခမောက်ဆောင်းထားသူက မဲ့ပြုံးပြုံးပြီး ပြန်ပြောလေ၏။

"ရန်သူနဲ့ တိုက်ခိုက်တဲ့နေရာမှာ နည်းမျိုးစုံသုံးပြီး အနိုင်ယူလို့ရတယ်မဟုတ်လား"

ဖန်းယို့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် . . . "

"ဒါပေမယ့် ဘာဖြစ်လဲ"

ဖန်းယို့က . . .

"ခင်ဗျားလိမ်ပြောတာကို မကျေနပ်တဲ့လူရှိနေတယ် မဟုတ်လား၊ ဒါကို ဘယ်လိုဖြေရှင်းမလဲ"

သူကပြောပြီးသည်နှင့် မုယုံဘက်သို့ အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်သည်။

ခမောက်ဆောင်းထားသူ မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ခေါင်းနှပ်လဲ ကျုပ်ကဘာတတ်နိုင်မှာလဲဗျာ"

သူ၏စကားဆုံးသွားသည်နှင့် ရသေ့မုယုံက သက်ပြင်းတစ်ချက်ချလိုက်ပြီး . . .

"တျုပ်ကတရားမျှတမှုကို မြတ်နိုးသူတစ်ယောက်ပါ။ ဒါကြောင့် ငွေရောင်လုလင်သုံးဖော်ကို အချိန်မီ သတိပေးလိုက်တာပါ"

ဖန်းယို့က ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး . . .

"ဒါပေမဲ့ . . . ငွေရောင်လုလင်သုံးဖော်က သူများပြောစကားကို အလွယ်တကူ ယုံတတ်တယ်ဆိုတာ ရသေ့ကြီး သိထားဖို့ကောင်းတယ်"

"ဟုတ်ပါတယ် . . . ငွေရောင်လုလင် သုံးယောက်ကသာ သူများ ပြောစကားကို အလွယ်တကူ မယုံတတ်ကြရင် သေသွားမဲ့လူက မင်းပဲ ဖြစ်ရမယ်"

ရသေ့ မုယုံက ခမောက်ဆောင်းထားသောလူအား လက်ညှိုးညွှန်၍ ပြောလိုက်ခြင်းဖြစ်သည်။ မုယုံ၏စကားကြောင့် ခမောက်ဆောင်းထားသောလူ မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည်ရသေ့မုယုံအား ဒေါသကြီးစွာဖြင့် ကြည့်လိုက်ပြီး

"ရသေ့ကြီး သည်လိုထင်တာ မှားနေပြီ"

ရသေ့မုယုံ ခေါင်းခါယမ်းလိုက်၏။

"ကျုပ် . . . မမှားဘူး၊ တကယ်လို့သာ ငွေရောင်လုလင်သုံးယောက်က မင်းပြောတဲ့စကားကို မယုံရင် မင်းကအလွယ်တကူ သူတို့ကို သတ်ပစ်နိုင်မှာ မဟုတ်ဘူး"

မှန်ပေသည်။

ငွေရောင်လုလင်သုံးယောက်၏ သိုင်းပညာသည် သိုင်းလောကတွင် ပြိုင်စံရှားလောက်အောင်ပင် ထက်မြက်သူများဖြစ်ကြသည်။

သို့သော် . . .



သူတို့တွင် ချို့ယွင်းချက်တစ်ခုရှိနေသည်မှာ သူများပြောသည့်စကားကို အလွယ်တကူ ယုံကြည်တတ်ကြခြင်းပင်ဖြစ်သည်။

ခမောက်ဆောင်းထားသူက ငွေရောင်လုလင်သုံးဖော်အား အ နိုင်ရရှိရန် မလွယ်ဟု သဘောပေါက်လိုက်သောကြောင့် သူတို့စိတ်ဓာတ် ကြဆင်းသွားစေရန် သူတို့၏သိုင်းကွက်များက ဟာကွက်များ ဖြစ်ပေါ်နေသည်ဟု လိမ်ပြောခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် ခမောက်ဆောင်းထားသူ၏စကားကို ကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားကြသည်။

သူတို့၏ တိုက်ကွက်များတွင် ဟာကွက်များဖြစ်ပေါ်နေပါတ ရန်သူအားအလွယ်တကူ ရှုံးနိမ့်သွားနိုင်သည် မဟုတ်ပါလား။

ထို့ကြောင့် . . . ခမောက်ဆောင်းထားသူနှင့် ဆက်ပြီး တိုက်ခိုက် ခြင်းမပြုတော့ပဲ ရှောင်တိမ်းရန် ဆုံးဖြတ်လိုက်ကြ ခြင်းဖြစ်သည်။

ခမောက်ဆောင်းထားသူကလည်း ငွေရောင်လုလင်သုံးဖော်၏ ပျော့ကွက်ကို အမိဖမ်းကာ ယခုကဲ့သို့ သုတ်သင်နိုင်ခဲ့ခြင်းဖြစ်သည်။

ခမောက်ဆောင်းထားသူကသက်ပြင်းတစ်ချက်ချလိုက်ပြီး

"ဘာပဲဖြစ်ဖြစ် သူတို့က သေသွားကြပြီမဟုတ်လား"

မုယုံပါးစပ်ပိတ်သွားသည်။

ဖန်းယို့က ပြုံးလိုက်ပြီး . . .

"သူတို့သေသွားပြီဖြစ်လို့ ခင်ဗျားက လေးယောက်စာအခန်းကို တစ်ယောက်တည်းယူလို့ရပါပြီဗျာ၊ ဒါပေမယ့် . . . "

သူသည် ပြောရင်း ရသေ့ကြီး မုယုံအား တစ်ချက်ကြည့်လိုက်ပြီး စကားဆက်လိုက်၏။

"ရသေ့ကြီး မုယုံက ကျေနပ်ပါ့မလား မသိဘူးဗျ"

ရသေ့ကြီးမုယုံက လက်အုပ်ချီလိုက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆာ သူများကိစ္စထဲကို ဝင်မစွက်ဖက်ချင်ပါဘူးဗျာ"

သူသည်ပြောပြီးသည်နှင့် ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်တာ တည်းခိုခန်းအပြင်ဘက်သို့ ထွက်ခွာသွားလေတော့သည်။ သူ၏ ကိုယ်ခံပညာသည် ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် လျှပ်တပြက်အချိန်အတွင်းမှာပင် တည်းခိုခန်းအပြင်ဘက်သို့ ရောက်ရှိသွားပြီး ပျောက်ကွယ်သွား၏။

ခမောက်ဆောင်းထားသူက ဟန့်တားခြင်းမပြုချေ။ သူသည် ရသေ့ကြီးမုယုံ ထွက်သွားသည်ကို မတွေ့မြင်လိုက်သည့်အလား မလှုပ်မယှက် ရပ်နေ၏။

ဖန်းယို့က ပြုံးလိုက်ပြီး . . .

"အင်း . . . ခင်ဗျားလာမှပဲ ကျုပ်တို့တည်းခိုခန်းလည်း လူတွေ လျော့သွားတော့တာပဲ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် သဘောကြစွာ တဟားဟား ရယ်မောလိုက်သည်။

ခမောက်ဆောင်းထားသူက အေးတိအေးစက်ဖြင့် ပြောသည်။

"သည်လောက် . . . လူတွေများများ ကျန်နေသေးတာ လူချောင်သွားတယ်လို့ မပြောနိုင်သေးဘူးဗျ"

သူ၏စကားကြားလိုက်ရသောအခါ အခန်းတွင်းရှိလူများက ဒေါသထွက်သွားကြသည်။

ခမောက်ဆောင်းထားသည့်လူသည် အခန်းတွင်းရှိလူများအား အကြောင်းမဲ့ ရန်စနေသည် မဟုတ်ပါလား။ သူ၌ ရန်စလိုသော စိတ်ထားရှိပုံရသည်။

သို့သော် . . . ခမောက်ဆောင်းထားသောလူ၏ သိုင်းပညာမှာ မခေကြောင်း သိရှိထားကြသဖြင့် သူတို့ယှဉ်ပြိုင်နိုင်ရန် ခက်ခဲနေကြ



သည်။

ထိုစဉ် . . . ခမောက်ဆောင်းထားသူနှင့် အနီးကပ်ဆုံး စားပွဲတွင် ထိုင်နေသောလူတစ်ယောက်က မတ်တတ်ရပ်လာသည်။

သူက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလေ၏၊

"ကျုပ်က ခင်ဗျားကိုလေးစားပါတယ်ဗျာ"

ထိုလူမှာ အသက်သုံးဆယ်ခန့်ရှိပြီး ခရမ်းရောင် အဝတ်အစား များ ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက်ဖြစ်၏၊

ထိုလူမတ်တတ်ရပ်လိုက်ကာ ဦးညွှတ်အရိုအသေပြုလိုက်သည်ကို တွေ့မြင်လိုက်ရသည်နှင့် တပြိုင်နက် ဖန်းယို့က မျက်လုံးပြူးကျယ်သွား၏။

သူသည် ခမောက်ဆောင်းထားသူအား တစ်ချက်လှမ်းကြည့်ပြီး အရေးတကြီး လေသံဖြင့်ပြော၏၊

"ခင်ဗျား သူနဲ့မိတ်ဆွေဖြစ်မယ်ဆိုရင် အကျိုးရှိနိုင်တယ်ဗျ"

ခမောက်ဆောင်းထားသူက မျက်မှောင်ကုပ်သွားသည်။

သူက နားမလည်နိုင်စွာဖြင့် ပြန်မေးလေ၏။

"ဘာဖြစ်လို့လဲ"

ဖန်းယို့က . . .

"သူနဲ့သာ ပေါင်းလိုက်ရင် သိုင်းလောကထိပ်သီး ဆယ်ယောက်ထဲကို အလိုလိုပါသွားနိုင်တယ်ဗျ"

ခမောက်ဆောင်းထားသူက . . .

"ဟုတ်လား . . . သူက သည်လောက်တောင် စွမ်းသလား"

ဖန်းယို့က သဘောကျစွာဖြင့်ပြောသည်။

"ဟဲ . . . ဟဲ . . . ဝံပုလွေလူ (ဝါ) မင်းသားလေး ဘုစန်းဆိုရင် သိုင်းလောကတစ်ခုလုံး ခေါင်းကိုက်ကြရတာ ခင်ဗျားလည်းသိပါတယ် ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။

ခမောက်ဆောင်းထားသည့်လူအား ဦးညွှတ်လိုက်သူမှာ မင်းသားလေးတုစန်း ဝင်ဖြစ်ပါသည်။

မင်းသားလေးတုစန်းကပြုံးလိုက်ပြီး . . .

"ကျုပ်က . . . မိတ်ဆွေတို့လောက် နာမည်မကြီးသေးပါဘူးများ"

သူ၏စကားကြောင့် ဖန်းယို့က မျက်မှောင်ကုပ်သွားပြီး ပြန်မေးသည်။

"ခင်ဗျားက ဘယ်သူ့ကို ပြောတာလဲဗျ"

မင်းသားလေးတုစန်းက ပြန်ဖြေလေ၏။

"ခင်ဗျားတို့ နှစ်ယောက်ကို ပြောတာပါ"

ဖန်းယို့က မျက်လုံးပြူးကျယ်သွားပြီး . . .

"ကျုပ်တို့ ဟုတ်လား"

မင်းသားလေးတုစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ခမောက်ဆောင်းထားသူက အေးတိအေးစက်ဖြင့်မေးသည်။

"မင်းက ကျုပ်ကိုသိထားတယ် ဆိုပါတော့"

မင်းသားလေးတုစန်းက ပြုံးလိုက်ပြီး . . .

"ခင်ဗျားက ကြိုးဆက်တုတ် သိုင်းသမား 'လိုက်ကို့ထန်' ဆိုတာ ကျုပ်သိပါတယ်ဗျာ"

"ဟင် . . ."

"ဟာ . . ."

သူ၏ စကားကြားလိုက်သောအခါ အခန်းတွင်းရှိ လူအများမှာ ထိတ်လန့်သွားကြသည်။

လိုက်ကို့ထန်ဆိုသူမှာ အလွန်ကျော်ကြားသော သိုင်းသမားတစ်



ယောက်ဖြစ်ပြီး သိုင်းလောကတွင် လင်းယုန်ဝါ သိုင်းသမား လီအင်းမှလွဲ၍ တစ်ကြိမ်တစ်ခါမျှ ရှုံးနိမ့်ခဲ့ဖူးခြင်း မရှိသေးချေ။

လိုက်ကို့ထန်သည် လီအင်းကို ရှုံးနိမ့်သွားပြီးနောက် သိုင်းလောကမှ လုံးဝအနားယူသွားခဲ့သည်။

သို့သော် သူ၏တပည့်များ၏ သိုင်းပညာရပ်များကို လီအင်းက ဖျက်ဆီးပစ်လိုက်သောကြောင့် လိုက်ကို့ထန်က မခံမရပ်နိုင်ဖြစ်သွားပြီး လီအင်းနှင့် သူသေကိုယ်သေ တိုက်ခိုက်ရန် သိုင်းလောကသို့ ပြန်လည်ခြေချလာခြင်းဖြစ်သည်။

လိုက်ကို့ထန်က သိုင်းလောကသို့ ပြန်လည်ခြေချလိုက်သည်နှင့် တပြိုင်နက် သိုင်းလောကထိပ်သီးဆယ်ယောက် ရွေးချယ်ပွဲကျင်းပမည့် သတင်းနှင့် ထိုယှဉ်ပြိုင်ရွေးချယ်ပွဲ၏ နောက်ကွယ်တွင် လျှို့ဝှက်သော အကြံအစည်များရှိနေနိုင်သည်ကို သူက သဘောပေါက်သည်။

ထို့ကြောင့် ကျင်းလိမ်မြို့သို့ ဦးတည်ခရီးထွက်လာခဲ့ခြင်းဖြစ်၏။

သူက ကျင်းလိမ်မြို့သို့ ရောက်ရှိလာသောအခါ သိုင်းလောက ထိပ်သီး ယှဉ်ပြိုင်ပွဲ ကျင်းပရန် လေးရက်မျှသာ လိုတော့သည်ကို သိရှိလိုက်ရသည်။

ထို့ကြောင့် သူက သိုင်းလောကထိပ်သီး ယှဉ်ပြိုင်ပွဲသို့ အချိန်မီ ရောက်ရှိလာခြင်းဖြစ်သည်။

မင်းသားကလေး တုစန်းကဲ့သို့ အရေးပါသောသူများနှင့် ဆုံတွေ့ခွင့် ရရှိလိုက်ခြင်းဖြစ်သည်။

လိုက်ကို့ထန် သက်ပြင်း တစ်ချက်ချလိုက်၏။

ထို့နောက် . . . သူ၏ ဦးခေါင်းပေါ်မှ ခမောက်အား ချွတ်ချလိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

## ဟုန်ဆင်းအကြွပ်အတည်း

ခမောက်ဆောင်းသူ၏ . . .

ပင်ကိုယ်ရုပ်သွင်က ထွက်ပေါ်လာသည်။ သူ၏မျက်နှာပေါ်တွင် ပါးရေများတွန့်နေပြီး ဦးခေါင်းတစ်ခုလုံးမှာလည်း ဆံပင်များ ဖြူဖွေးနေ၏။

အသက်ခြောက်ဆယ်ကျော်ခန့် အဘိုးအိုတစ်ယောက်၏ အသွင်မှာ ချက်ချင်းဆိုသလိုပင် ထွက်ပေါ်လာသည်။

မင်းသားလေးတုစန်းက လက်နှစ်ဖက် ဆုပ်လိုက်ပြီး ဂါရဝပြုလိုက်၏။

"ခင်ဗျားရဲ့ နာမည်ကို ကြားဖူးတာ ကြာပါပြီဗျာ၊ အခုမှပဲတွေ့ရတော့တယ်"

လိုကို့ထန်က ပြုံးလိုက်ပြီး . . .

"မင်းက နေပြည်တော်မှာ ဝင်ရောက်အမှုထမ်းနေတယ်ဆိုတော့ ကျုပ်ကလည်း လေးစားပါတယ်"

သူသည် ပြောရင်း ဖန်းယို့ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး မင်းသားလေးတုစန်းအား မေးလိုက်သည်။

"ခင်ဗျားသူ့ကို သိသလားဗျ"



မင်းသားလေးတုစန်း ခေါင်းညိတ်လိုက်၏။

"သိတယ်"

ထို့နောက် . . .

ဖန်းယို့ဘက်သို့ လှည့်လိုက်ကာ လေးစားသောဟန်မူရာဖြင့် မေးလိုက်သည်။

"ခင်ဗျားရဲ့ဆရာ ကျမ်းကျမ်မာမာရှိရဲ့လားဗျ"

ဖန်းယို့၏မျက်နှာ တည်ကြည်လေးနက်သွား၏။ သူသည် မင်း သားလေးတုစန်းအား စူးရဲသောမျက်လုံး အစုံဖြင့် စိုက်ကြည့်လိုက်၏။

မင်းသားလေးတုစန်းကလည်း ပြန်လည် စိုက်ကြည့်လိုက်သည်။

အတန်ကြာမှ ဖန်းယို့ကပြုံးပြီး တစ်လုံးခြင်းပြောလာ၏။

"ကျုပ်က ရုပ်ဖျက်ထားပေမယ့် မင်းကမှတ်မိနေတာကိုး"

မင်းသားလေးတုစန်းက ရယ်မောလိုက်ပြီး . . .

"ကျုပ်တော်လို့မဟုတ်ပါဘူးဗျာ၊ မြို့စားကြီးရှောင်ဝါးထင်က ခင်ဗျားကိုသွားပြီး ဆက်သွယ်ရမယ်ဆိုလို့ ကျုပ်လာခဲ့တာပါ"

ဖန်းယို့က . . .

"မင်းက မြို့စားကြီးဆီရောက်သွားခဲ့တာကိုး"

မင်းသားလေးတုစန်း ခေါင်းညိတ်လိုက်၏။

"ကျုပ်က သူ့ဆီအရင်ဝင်ခဲ့ရတာပေါ့ဗျာ၊ သူကအရေးကြီး ဘယ်မဟုတ်လား . . ."

လိုကို့ထန်က မျက်မှောင်ကုပ်လိုက်ပြီး မေးလိုက်လေ၏။

"မင်းသည်ကို ရောက်လာတာ မကြာသေးဘူးပေါ့"

မင်းသားလေးတုစန်းက ဝန်ခံသည်။

"ဟုတ်တယ် . . . ခင်ဗျားနဲ့ ရှေ့ဆင့်၊ နောက်ဆင့်ပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



လိုကိုထန် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေ၏။

ထို့နောက် ဖန်းယို့ဘက်လှည့်လိုက်ကာ . . .

"ကျုပ်ရောက်လာတော့ ခင်ဗျားက ဘယ်လိုရည်ရွယ်ချက်နဲ့ သူများတွေကို ရန်တိုက်ပေးရတာလဲ၊ ကျုပ် . . . သဘောမပေါက်ဘူး"

လိုကို့ထန်က မေးလိုက်၏။

ဖန်းယို့က ပြုံးပြီး ရှင်းပြလေ၏။

"ခင်ဗျားရဲ့ဟန်ပန်ကိုကြည့်ရင် ထိပ်တန်းသိုင်းသမား တစ်ယောက်ဆိုတာ သိနိုင်ပါတယ်ဗျာ၊ ကျုပ်ရန်သူတွေနဲ့ ရန်တိုက်ပေးလိုက်တော့ ကျုပ်အစား ခင်ဗျားက စာရင်းရှင်းလိုက်ရင် ကျုပ်သက်သာသွားမယ်မဟုတ်လား"

သူ၏စကားကြောင့် လိုကို့ထန်က ပါးစပ်ပိတ်သွားရလေတော့သည်။

မင်းသားလေးတုစန်း မျက်မှောင်ကုပ်သွားသည်။

ထို့နောက် ဖန်းယို့အား စေ့စေ့ကြည့်ကာမေးလိုက်မိသည်။

"ဟန်ကျူး၊ ငွေရောင်လုလင်သုံးယောက်နဲ့ ရသေ့ကြီးမုယုံတို့က ခင်ဗျားရဲ့ရန်သူတွေ ဟုတ်လား"

ဖန်းယို့ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

သူက မင်းသားလေး တုစန်းအားကြည့်ကာ နှာခေါင်းတစ်ချက် ရှုံ့ပြီး မေးလိုက်လေ၏။

"မင်းရဲ့ရန်သူတွေ မဟုတ်ဘူးလို့ကော မင်းပြောနိုင်သလား"

ယခုတစ်ကြိမ်တွင်မူ . . .

မင်းသားလေးတုစန်ပါ ပါးစပ်ပိတ်သွားရလေတော့သည်။

ဖန်းယို့က စကားဆက်လိုက်သည်။



"သိုင်းလောကမှာ အထက်လမ်း သိုင်းထိပ်သီးတစ်ဦးရဲ့ ဖိတ်ကြားချက်အရ သူတို့က ကူညီဖို့ရောက်လာကြတာ၊ သူတို့လူမစုနိုင်ခင်မှာ ကျုပ်တို့က ဖြိုခွဲပစ်ရမယ် မဟုတ်လား အခုကျုပ်က ဖြိုခွင်းပစ်လိုက်တာပဲ . . . "

သူ၏ စကားဆုံးသွားသည်နှင့် အခန်းတွင်းရှိ ငြိမ်သက်စွာထိုင် နေကြသူများအနက် လူဆယ်ယောက်ခန့်မှာ 'ဝုန်း' ခနဲ ခတ်တတ်ထ ရပ်လိုက်ကြသည်။

ထိုလူများ၏မျက်နှာမှာ ကြောက်မက်ဖွယ်ရာကောင်းအောင် ခက်ထန်နေကြ၏။

ထို့အပြင် မင်းသားလေးတုစန်း၊ လိုကို့ထန်နှင့် ဖန်းယို့တို့အား မုန်းတီးရွံရှာစွာ စိုက်ကြည့်နေကြ၏။ သူတို့၏ဝတ်စုံမှာ တစ်ယောက်နှင့်တစ်ယောက် ကွဲပြားခြားနားနေသော ဂိုဏ်းအဖွဲ့အစည်း အသီးသီးမှ လူများဖြစ်ကြောင်း သိသာနိုင်သည်။

ထိုလူများ ထရပ်လာကြသည်ကို တွေ့မြင်လိုက်ရသည်နှင့် ဖန်း ယို့က ပခုံးတွန့်လိုက်၏။

သူကမှုပြုံးပြုံးလိုက်ပြီး . . .

"သူတို့ကို လီအင်းနဲ့ မာကွန်းပင်တို့က ကယ်တင်သွားလို့ ကျုပ်လက်ထဲက လွတ်သွားဖူးတယ်၊ အခုအချိန်မှာတော့ နောက်ထပ် လွတ်သွားဖို့ဆိုတာ မလွယ်တော့ပါဘူးဗျာ"

သူ၏စကားကြောင့် မင်းသားလေးတုစန်းက မတ်တတ်ရပ်လိုက်ကြသူများအား လှမ်းကြည့်လိုက်၏။

ထိုအခါ မတ်တတ်ရပ်လိုက်သူများမှာ နဂါးအာမခံဌာနခေါင်းဆောင် 'ယန်တုံ'သည် မြို့စားကြီး ရှောင်ဝါးထင်၏ လက်ရုံးဖြစ်သော မုန်တိုင်းလက်ဝါး လူးချိ၊ တပည့်ရှောင်အင်းတို့နှင့် ရှင်ငြိမ်း စ ရှိသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောက ထိပ်သီးဆယ်ယောက် ရွေးချယ်ပွဲတွင် အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်သည်ကို သဘောပေါက်ထားသောကြောင့် သိုင်းလော ကမှ အထက်လမ်း ထိပ်သီးသိုင်းသမားများဖြစ်ကြသော ဟန်ကျူး၊ ငွေရောင်လုလင်သုံးယောက်နှင့် ရသေ့ကြီးမုယုံတို့အား အကူအညီတောင်းကာ တစ်ပါတည်း ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

ယခု . . .

သူတို့လူစုထက် သိုင်းပညာသာသည့် ဟန်ကျူးတို့မှာ အချို့က ထွက်ပြေးသွားပြီး အချို့က သေဆုံးသွားကြပြီဖြစ်သည်။

ထို့ကြောင့် ယန်တှာက မခံမရပ်နိုင်ဖြစ်ပြီး လိုက်ကို့ထန်နှင့် မင်းသားလေးတစန်းတို့အား တိုက်ခိုက်ရန် ထိုင်ရာမှ ထလိုက်ခြင်းဖြစ်၏။

ယန်တှာက ထိုင်ရာမှ ထလိုက်သည်နှင့်တပြိုင်နက် သူ၏ ရောင်းရင်း ယဲ့ခေးကျင်နှင့် ကျန်လူများကလည်း ဆက်ခနဲ မတ်တတ် ရပ်လိုက်ကြသည်။

သို့သော် မမျှော်လင့်ဘဲ ဖန်းယို့၏ စကားကြားလိုက်ရသော အခါ သူတို့လူစုမှာ အထိတ်အလန့်ဖြစ်သွားကြ၏။

အဘယ်ကြောင့်ဆိုသော် ဖန်းယို့သည် မုန်တိုင်းလက်ဝါး 'ယွချီး' သို့မဟုတ် သူ၏တပည့် 'ရှောင်းအင်း' ဖြစ်နေနိုင်သည် မဟုတ်ပါလား။

ယန်တှာတို့လူသိုက် ကြောင်အမ်းအမ်းဖြစ်နေစဉ်မှာပင် ဖန်းယို့က ပြုံးလိုက်ပြီး သူ၏မျက်နှာပေါ်မှ မျက်နှာတုအား ဆွဲခွာလိုက်သည်။

မျက်နှာဖုံးကျွတ်သွားသည်နှင့် သွေးရောင်ပင်မရှိပဲ ဖြူဖတ်ဖြူရော်ဖြစ်နေသည့် မျက်နှာတစ်ခုက ပေါ်လွင်လာ၏။

ထိုမျက်နှာအား တွေ့မြင်လိုက်ရသည်နှင့် ယန်တှာ၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားသည်။

"ရှောင်အင်း"



သူက အထိတ်တလန့် ရေရွတ်လိုက်မိလေတော့သည်။

ညသည် တစ်စထက်တစ်စ နက်ရှိုင်းလာသည်။ သာသာယာယာရှိသော အလင်းရောင်ကို ဖေဖွမ်းနေသော လခြမ်းကလေးမှာ တိမ်ညိုတိမ်မည်းများအကြားသို့ တိုးဝင်ပျောက်ကွယ်သွားသည့် အခိုက်အတန့်ဖြစ်သောကြောင့် ပို၍နက်ရှိုင်းမည်းမှောင်သည်ဟု ထင်မှတ်ရသည်။

သို့သော် ဟုန်ဆင်းတည်းခိုခန်းအတွင်း၌ မီးရောင်များဖြင့် ထိန် ထိန်လင်းနေ၏။

ထို့ကြောင့် ဟုန်ဆင်းတည်းခိုခန်းအတွင်းရှိ လူများ၏မျက်နှာကို သေချာစွာတွေ့မြင်နိုင်သည်။ သိုင်းလောကထိပ်သီး ဆယ်ယောက် ရွေးချယ်ပွဲကို တက်ရောက်လာကြသည့် သိုင်းလောကသားအများစုမှာ ကျင်းလိမ်မြို့သို့ ရောက်ရှိလာကြပြီးဖြစ်သည်။ ရောက်ရှိလာကြသည့် သိုင်းလောကသားများမှာ အလွန်များပြားနေသဖြင့် နေရာထိုင်ခင်း အခက်အခဲတွေ့ကြုံရသည်။

ဟုန်ဆင်းတည်းခိုခန်း၌သာမက အခြားသောတည်းခိုခန်းများ၊ စားသောက်ဆိုင်များတွင် သိုင်းလောကမှ အထက်လမ်းသိုင်းသမားများနှင့် အောက်လမ်းသိုင်းလောကသားများဖြင့် ပြည့်ကြပ်နေ၏။

သို့သော် ထိုကဲ့သို့လူများ ပြည့်ကြပ်နေသည့်အထဲ၌ဟုန်ဆင်းတည်းခိုခန်းမှာ အနည်းငယ် ထူးခြားနေသည်ဟု ဆိုရပေမည်။

အကြောင်းမှာ ဟုန်ဆင်းတည်းခိုခန်းတွင် တည်းခိုနေကြသူများမှာ များသောအားဖြင့် အထက်လမ်းသိုင်းသမားများ ဖြစ်နေသောကြောင့် ပင်တည်း။

အထက်လမ်းသိုင်းလောကသားအများစုမှာ မြို့စားကြီးရှောင် ဝါးထင်၏ မုန်းတီးအမျက်ထိုမှုကို ခံနေကြရသူများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဆင်းတည်းခိုခန်းသို့ ရောက်ရှိလာကြသည့် အထက်လမ်း သိုင်းသမားများကလည်း အမြဲတစေ သတိချပ်လျက်ရှိနေကြသည်။

အထက်လမ်းသိုင်းသမားများသည် ရှောင်ဝါးထင်၏ ခြေလှမ်းကို စောင့်ကြည့်နေကြပြီးမှ လှုပ်ရှားကြရန် ဆုံးဖြတ်ထားကြ၏။

ယခု ရှောင်ဝါးထင်၏ လူစုဘက်မှ စတင်လှုပ်ရှားလာပြီဖြစ်ပါသည်။

ရှောင်ဝါးထင်၏ လူစုဘက်မှ စတင်လှုပ်ရှားလာသည်နှင့် တစ်ပြိုင်နက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာကောင်းသော တိုက်ပွဲများ ဆက်တိုက် ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း လူတိုင်းက သဘောပေါက်ထားကြ၏။

တိုက်ပွဲများဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ကိုယ်ရောင်ဖျောက်နေကြသော စကြာသိုင်းသမားနှင့် သမားတော် စီးယင်တို့သည် ပုန်းလျှိုးမနေနိုင်ကြတော့ပဲ ပါဝင်ဆင်နွှဲလာရမည်ဖြစ်သည်။

ဤသို့ဆိုလျှင် သိုင်းလောကတစ်ခုလုံးမှ အထက်လမ်းသိုင်းသမားများက အုံကြွလာပြီး ပြင်းထန်သော တိုက်ပွဲများဖြစ်ပေါ်လာတော့ မည်ဖြစ်သည်။

ထို့ကြောင့် အထက်လမ်းသိုင်းလောကသားများ၊ အောက်လမ်း သိုင်းလောကသားများနှင့် နယ်ချဲ့သစ္စာခံသိုင်းသမားများအားလုံးမည် သူကမျှ အရှုံးမခံဝံ့ကြပဲ အနိုင်ရရှိရန် အစွမ်းကုန်ကြိုးစားကြမည်ဖြစ် သည်။

ထိုအခါ မည်သူက အနိုင်ရရှိနိုင်ပါမည်နည်း။ တရားသော အထက်လမ်း သိုင်းသမားတို့က မိမိတို့ဘက်မှ အနိုင်ရရှိမည်ဟု သံန္နိဋ္ဌာန် ချမှတ်ထားကြ၏။

ထို့အပြင် အနိုင်ရရှိရေးအတွက် မိမိတို့အသက်များတိုင်



စွန့် လွှတ်ရန် ဆုံးဖြတ်ထားကြသည်။

ထို့ကြောင့် ဟုန်ဆင်းတည်းခိုခန်းတွင် လိုက်ဖို့ထန်က ငွေရောင်လုလင် သုံးယောက်အား သတ်ပစ်လိုက်ပြီး သံလက်သီးဟန်ကျူးနှင့် ရသေ့ကြီး မုယုံတို့အား မောင်းထုပ်လိုက်သည်နှင့် တစ်ပြိုင်နက် ယန်ဂုတက မနေနိုင်တော့ပဲ လိုက်ဖို့ထန်အား တိုက်ခိုက်သုတ်သင်ပစ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

သို့သော် . . . ရှောင်အင်းအား မျှော်လင့်ထားသည့် တွေ့ဆုံလိုက်ရသော အခါ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားတော့သည်။ ရှောင်အင်း နှင့် သူ၏ဆရာ မုန်တိုင်းသတ်ဝါး လူးချိုတို့ရှိနေပါက သူတို့၏အသက် များသည် အဓိပ္ပာယ်မဲ့ သေဆုံးသွားနိုင်သည် မဟုတ်ပါလား။

ယန်ဂုတ မှတ်စိ မျက်နှာပျက်နေ၏။ ရှောင်အင်းတို့ လူစုအား သုတ်သင်ပစ်ရန် အကူအညီ အလျှင်အမြန်ရောက်မှလာပါစေဟု သူက ကျိတ်၍ ဆုတောင်းနေမိသည်။

သို့သော် . . . သူ၏ဆုတောင်းက မပြည့်ဝခဲ့ပေ။ သူတို့စုအား အကူအညီမပေးသည့်အပြင် ဒုက္ခပေးမည့် လူတစ်စုကသာ ထွက်ပေါ်လာသည်ကို တွေ့ရတော့သည်။

ယန်ဂုတ၏ မျက်နှာက မည်းမှောင်နေ၏။ အခန်းတွင်း၌ ထွန်းညှိထားသော ဝါကျင့်ကျင့် မီးရောင်က သူ၏မျက်နှာပေါ်သို့ ဘေးတိုက်ကျရောက်လျက်ရှိနေသဖြင့် လေတိုက်၍ လှုပ်ရှားသွားသည်။ ထိုအခါမှာ ယန်ဂုတ၏မျက်နှာမှာ ကြောက်မက်ဖွယ်ရာကောင်းလာသည်ဟု ထင် မှတ်လိုက်ရသည်။

သို့သော် . . . ရှောင်အင်းကမူ ယင်းကဲ့သို့မထင်ချေ။

ယန်ဂုတ၏မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်နေပြီး အခန်းအတွင်းမှ ယခုချက်ချင်း ပြေးလွှားသွားလိုသည့် အရိပ်အယောင်များ

www.burmeseclassic.com



ပေါ်သွင်နေသည်ဟု သူက သဘောပေါက်ထားသည်။

လိုက်ကို့ထန်က ယန်တ္တာအား အေးတိအေးစက်ဖြင့် ကြည့်လိုက်ပြီး ရှောင်အင်းဘက်သို့ လှည့်လိုက်ကာ မေးလိုက်၏။

"သူတို့က လီအင်းရဲ့မိတ်ဆွေတွေဟုတ်လား"

ရှောင်အင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လိုက်ကို့ထန်က . . .

"သူတို့လူစုထဲမှာ ဘယ်သူက ခေါင်းဆောင်လဲ"

ရှောင်အင်းက ယန်တ္တာအား လက်ညှိုးညွှန်ပြလိုက်ပြီးပြော သည်။

"သူပါ"

လိုက်ကို့ထန်က ယန်တ္တာအား သေချာစွာ အကဲခတ်ကြည့်ရှု လိုက်သည်။

ထို့နောက် အေးတိအေးစက်ဖြင့် . . .

"အင်း . . . သူ့ရဲ့ သိုင်းပညာကို ကျုပ်ကဖျက်ဆီးပစ် လိုက်ရင် လီအင်းက တော်တော်ဒေါသထွက်သွားမှာပဲ"

ရှောက်အင်းက . . .

"ဟုတ်တယ်"

မင်းသားလေးတုစန်းက . . .

"လီအင်းတို့နဲ့ မိတ်ဆွေဆိုတော့ ယန်တ္တာကို ဒုက္ခပေးလိုက်ရင် လက်ပိုက်ကြည့်နေကြမှာ မဟုတ်ဘူးဗျ"

သူ၏စကားကြောင့် ရှောင်အင်း ပါးစပ်ပိတ်ထားလိုက်သည်။

လိုက်ကို့ထန်က မဲ့ပြုံးပြုံးလိုက်ပြီး . . .

"လီအင်းက မကျေမနပ်ဖြစ်သွားနိုင်တယ် ဟုတ်လား အဲဒါ သေချာသလား။ ကျုပ် ဆုံးဖြတ်ချက်ချရတော့မှာပေါ့ . . . "



"ဟုတ်တယ်"

"ကောင်းပြီ . . . သည်အတိုင်းဆိုရင် ကျုပ်သူတို့ကို ချမ်းသာမ ပေးနိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

လိုက်ကို့ထန်က . . .

"သူတို့ကို သတ်ပစ်လိုက်ရင် လီအင်းက ကျုပ်ကိုရင်ဆိုင်ဖို့ ထွက်လာမယ် မဟုတ်လား"

"ကျိန်းသေတာပေါ့ဗျာ"

လိုက်ကို့ထန်က ကောက်ကျစ်စဉ်းလဲစွာဖြင့် . . .

"ဒါကြောင့် . . . လီအင်းထွက်လာအောင် သူတို့ကို သတ် ပစ်ရ မယ်"

မင်းသားလေးတုစန်းတ မျက်မှောင်ကုပ်လိုက်ပြီး . . .

"ခင်ဗျား လီအင်းကို မုန်းတီးနေတယ်ဆိုပါတော့"

လိုက်ကို့ထန် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

မင်းသားလေးတုစန်းက . . .

"ဘာဖြစ်လို့လဲ" ဟု မေးလိုက်သည်။

လိုက်ကို့ထန်က အေးစက်သောလေသံဖြင့် . . .

"သူက ကျုပ်တပည့်တွေရဲ့ သိုင်းပညာကို ဖျက်ဆီးပစ်လိုက် လို့ဗျ"

သူ၏စကားကို ကြားလိုက်ရသောအခါ မင်းသားလေးတုစန်း ၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

ယခု . . . လီအင်းအား သတ်လိုသော လိုက်ကို့ထန်ကို တွေ့လိုက် ရပြီဖြစ်လေသည်။

လိုက်ကို့ထန်သည် သိုင်းလောကမှ ထိပ်သီးသိုင်းသမားတစ်

www.burmeseclassic.com



ယောက်ဖြစ်၏။

ထို့ကြောင့် . . . လိုက်ကို့ထန်၏ အကူအညီရရှိပါက လီအင်းအား သုတ်သင်ပစ်ရန် ပို၍ လွယ်ကူလိမ့်မည် မဟုတ်ပါလား။ လီအင်းအား သုတ်သင်ပစ်ရန် ရှောင်ဝါးထင်၏ အမိန့်ဖြင့် ထောက်ချောက်အမျိုးမျိုး ဆင်ထားပြီးဖြစ်သော်လည်း လီအင်း၏ သွေးသောက်မိတ်ဆွေ မာကွန်းပင်တစ်ယောက်မှာမူ အစအနရှာမရဘဲ ပျောက်ခြင်းမလှပျောက် ကွယ်နေ၏။

မည်သို့ဆိုစေ . . . လိုက်ကို့ထန်အား ကူညီ၍ယန်ဗှာတို့လူစုအား သုတ်သင်ပစ်လိုက်လျှင် မာကွန်းပင်နှင့် လီအင်းတို့လူစုက အလိုအလျောက်ထွက်ပေါ်လာနိုင်သည်။ ဤအချက်ကတော့ သေချာလှသည်။

ယင်းကဲ့သို့ စဉ်းစားမိလိုက်သည်နှင့်တပြိုင်နက် ရုတ်တရက် လက်ခုပ်တီးလိုက်လေ၏။

"ဖျောင်း . . . ဖျောင်း . . . ဖျောင်း"

တိတ်ဆိတ်နေသည်ဖြစ်သောကြောင့် လက်ခုပ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ လက်ခုပ်သံထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် အခန်းတွင်းရှိလူများအနက် လူတစ်စုက မတ်တတ်ရပ်လာကြ သည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူစုသည် မတ်တတ်ရပ်ပြီး ယန်ဗှာတို့လူစုအား ဝိုင်းရံထားလိုက်ကြသည်။

လိုက်ကို့ထန်က မျက်မှောင်ကုပ်သွားပြီး မင်းသားလေးတုစန်းအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

"ဒါက ဘာသဘောလဲဗျ"

မင်းသားလေးတုစန်းက ပြုံးလိုက်သည်။

သူသည် လိုက်ကို့ထန်အား အဓိပ္ပာယ်ရှိစွာ တစ်ချက်ကြည့်လိုက် ပြီး . . .



"ခင်ဗျား . . . လီအင်းကို သတ်ပစ်ချင်တယ် မဟုတ်လား"

လိုက်ကို့ထန်ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်သလဲ"

မင်းသားလေးတုစန်းက . . .

"ကျုပ်ကလည်း လီအင်းကို သတ်ပစ်ချင်လို့ပါ"

လိုက်ကို့ထန် အံ့သြသွား၏။

"ခင်ဗျားက လီအင်းကို သတ်ပစ်ချင်တယ်ဟုတ်လား"

မင်းသားလေးတုစန်းခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

လိုက်ကို့ထန်က ပြန်လည်မေးမြန်းလိုက်၏။

"ဘာဖြစ်လို့လဲ"

မင်းသားလေးတုစန်းက သူ၏ အံမေးကို ပြန်လည်ဖြေကြားခြင်းမရှိချေ။

သူသည် ယန်ဗှာတို့လူစုအား ဝိုင်းရံထားကြသည့်လူများဘက်သို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး . . .

"သူတို့က ရှောင်ဝါးထင်ရဲ့ လက်ရွေးစင် သိုင်းသမားတွေပါဗျာ၊ ဒါကြောင့် ယန်ဗှာတို့လူစုက အတောင်ပံပါလာရင်တောင်မှ ထွက်ပြေးလို့မဖြစ်တော့ပါဘူး"

လိုက်ကိုထန်က မေးပြန်သည်။

"ခင်ဗျားက ဘာကို ဆိုလိုတာလဲဗျ"

မင်းသားလေးတုစန်းကပြုံးလိုက်သည်။ သူ၏အမူအရာမှာ အေးတိအေးစက်ဖြစ်နေပြီး အကြံပိုင်သော လူတစ်ယောက်ကဲ့သို့ ဖြစ်နေ၏။ သူသည် လိုက်ကို့ထန်အားတစ်ချက်ကြည့်လိုက်ပြီး လေသံအေး အေးဖြင့် . . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ လီအင်းကို သတ်ပစ်ချင်တယ်၊ ကျုပ်ကလဲ လီအင်းကိုသတ်ပစ်ချင်တယ်၊ ဒါကြောင့် အကြံတူနေကြတယ် မဟုတ်လား"

"ဟုတ်တယ်"

"ဒါကြောင့် ကျုပ်တို့နှစ်ယောက် ပူးပေါင်းရင် ပိုပြီးမကောင်းဘူးလားဗျ"

မင်းသားလေးတုစန်း၏စကားသည် လိုကို့ထန်၏ နားထဲသို့ လျှောကနဲ ဝင်သွား၏။

မင်းသားလေးတုစန်းက စကားဆက်ပြောပြန်သည်။

"ခင်ဗျားက ယန်တှာတို့လူစုကို သတ်သင်ပစ်မယ်ဆိုတော့ ကျုပ်ကအကူအညီပေးဖို့ ဆုံးဖြတ်လိုက်တာပါဗျာ"

လိုကို့ထန် သက်ပြင်းချလိုက်သည်။

လီအင်းမှာ သိုင်းပညာ အလွန်မြင့်မားကြောင်း သူက သိရှိထား ပြီဖြစ်သည်။

ထို့ကြောင့် . . . လီအင်းအား သတ်သင် ရှင်းလင်းပစ်လိုလျှင် မင်းသားလေးတုစန်း၏ အကူအညီရယူသည်က ပို၍ကောင်းမွန်နေသည် မဟုတ်ပါလား။

သူသည် မင်းသားလေးတုစန်းအား ကျေးဇူးတင်သော အကြည့် ဖြင့် လှမ်းကြည့်လိုက်ပြီး . . .

"ခင်ဗျား . . . ကျုပ်နဲ့ပူးပေါင်းပြီး လီအင်းကိုသတ်သင်ပစ်မယ် ဆိုရင် ကျုပ်ကဝမ်းမြောက်ဝမ်းသာစွာနဲ့ ကြိုဆိုပါတယ်"

သူ၏ စကားကြားလိုက်ရသောအခါ မင်းသားလေးတုစန်းတဝမ်းသာသွား၏။

"ကျုပ်တို့နှစ်ယောက် ပူးပေါင်းမိရင် လီအင်းဘာခံနိုင်မှာလဲ"

ထိုစဉ် . . .



"မင်းမှားနေပြီထင်တယ်"

ရှောင်အင်းက အေးတိအေးစက်ဖြင့် ပြောလိုက်သည့်ကို ကြား လိုက်ရသည်။

မင်းသားလေးတုစန်းက မျက်မှောင်ကုပ်သွားပြီး ပြန်မေးသည်။

"ကျုပ်မှားနေတယ် ဟုတ်လား"

ရှောင်အင်းက . . .

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"မင်းတို့နှစ်ယောက်ပေါင်းလို့ လီအင်းကိုနိုင်ပါ့မလား ကျုပ်ကတော့ နိုင်မယ်လို့မထင်ဘူး"

မင်းသားလေးတုစန်း ပါးစပ်ပိတ်ထားလိုက်သည်။

ရှောင်အင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး . . .

"မင်းတို့ လီအင်းကို သုတ်သင်ပစ်စရာမလိုပါဘူး၊ သူ့ရဲ့မိတ်ဆွေတွေနဲ့ ကျုပ်တို့ကို အံတုဖို့ ကြံစည်နေတဲ့ အထက်လမ်းသိုင်းသမားတွေကို သုတ်သင်ပစ်လိုက်ရင် လုံလောက်ပါပြီ"

သူ၏စကားကြောင့် မင်းသားလေးတုစန်းက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားက ဘာကိုဆိုလိုတာလဲဗျ"

ရှောင်အင်းက . . .

"မင်းတို့ လီအင်းကို သုတ်သင်စရာမလိုတော့ဘူးလို့ ပြောတာပါ"

မင်းသားလေးတုစန်းက မျက်လုံးပြူးကျယ်သွားပြီး . . .

"ဘာဖြစ်လို့လဲ"

ရှောင်အင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"လီအင်းကို သုတ်သင်ပစ်မယ့် လူတွေက အသင့်ရှိနေလို့ပါ ဗျာ"

"ဗျာ ..."

ထိုစကားကြားလိုက်ရသောအခါ မင်းသားလေးတုစန်းမှာ ပါး စပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

လိုက်ကို့ထန်က မျက်မှောင်ကုပ်သွားပြီး ...

"လီအင်းကို သုတ်သင်ပစ်မယ့်လူတွေ အဆင်သင့်ရှိနေပြီ ဟုတ် လား"

"ဟုတ်တယ် ..."

"ဘယ်သူလဲ ..."

ရှောင်အင်းက ပြုံးလိုက်ပြီး ...

"ကြောသိုင်းသမား ..."

ယခုတစ်ကြိမ် လိုက်ကို့ထန် ပါးစပ်ပိတ်ထားလိုက်ရသည်။

မင်းသားလေးတုစန်းက လီအင်းကို သုတ်သင်ပစ်ဖို့ အသင့် ရှိနေပြီဆိုတော့ လီအင်းကသည်ကို ဦးတည်လာနေပြီ ဟုတ်လား"

"ဟုတ်တယ် ..."

"လီအင်းမှာ မိတ်ဆွေတွေရှိတယ်ဆိုတာ ခင်ဗျားသိရဲ့လား"

"မာကွန်းပင် ကို ဆိုလိုချင်တာလား"

"ဟုတ်တယ် ..."

"သည်အတွက် မပူပါနဲ့ကွာ၊ မာကွန်းပင်က လီအင်းကို ကူညီ ဖို့ရောက်လာတာနဲ့ သူလည်းသေသွားရမှာပါ"

"ခင်ဗျားက ပိုင်လှချည်လား"

ရှောင်အင်းက ပြုံးလိုက်ပြီး ...

"ပိုင်ဆို ရှောင်ဝါးထင်က သေသေချာချာအကွက်ချပြီး စီစဉ်



ထားတာကိုးဗျ"

မင်းသားလေးတုစန်းက ....

"ဒါထက် ကြောသိုင်းသမားက လီအင်းနဲ့ မာကွန်းပင်တို့နှစ် ယောက်ကို နိုင်ပါ့မလားဗျ"

ရှောင်အင်းက ...

"စိတ်ချ ... နိုင်ကိုနိုင်စေရမယ်"

"ခင်ဗျားက ဘာဖြစ်လို့ သည်လိုပြောနိုင်ရတာလဲ"

ရှောင်အင်းက ...

"လီအင်းကို မာကွန်းပင်က ကူညီသလို ကြောသိုင်းသမားကို ကူညီမဲ့လူတွေရှိနေလို့ပါ"

မင်းသားလေးတုစန်းက မျက်မှောင်ကုပ်လိုက်ပြီး ...

"ဘယ်သူတွေလဲ"

ရှောင်အင်းက အေးစက်သောလေသံဖြင့် ပြန်မေးလိုက်၏။

"မင်းက ကျုပ်ဆရာကို မေ့နေပြီလား"

သူ၏ စကားကြောင့် မင်းသားလေးတုစန်း၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားသည်။

ရှောင်အင်း၏ ဆရာဖြစ်သူ မုန်တိုင်းလက်ဝါး လူးချိမှာ အလွန် ပင်ကြောက်မက်ဖွယ်ကောင်းသည့်လူတစ်ယောက်ဖြစ်ကြောင်း သူက သိရှိထားခဲ့သည် မဟုတ်ပါလော။

ရှောင်အင်းက မင်းသားလေးတုစန်း၏ အမူအရာကို တစ်ချက် ကြည့်လိုက်ပြီး စကားဆက်လိုက်သည်။

"ကျုပ်ဆရာအပြင် သမားတော် စီးယင်လည်း ရှိပါသေးတယ် ဗျာ"

ရှောင်အင်းနှင့် မင်းသားလေးတုစန်း၏ စကားများကို ကြား လိုက်ရသောအခါ ယန်တွာတို့ လူစုမှာ အကြီးအကျယ် [illegible]

www.burmeseclassic.com



လှုပ်သွားကြလေ၏”

ယခု . . . သူတို့၏ အခြေအနေမှာ အလွန်ဆိုး ဝါးနေသည့် အပြင် လီအင်းမှာ ရောက်လာသည်နှင့် ရန်သူ၏ ထောင်ချောက် အတွင်းသို့ ကျရောက်သွားနိုင်သည် မဟုတ်ပါလား။

ယန်တ္တာက မျက်နှာကွက်ခနဲ ပျက်သွား၏။ သူတို့လူစုသည် ရှောင်အင်း၊ မင်းသားလေးတုစန်းနှင့် လိုကျို့ထန်တို့အား ဆုံးမဖို့ မဆို ထားနှင့် ထိုလူတို့၏ သတ်ဖြတ်ခြင်းမခံရအောင်ပင် မနည်းကြိုးစားရ မည်ဖြစ်သည်။

ထို့ကြောင့် အခြေနေမဟန်သည့်အတူတူ ဟုန်ဆင်းတည်းခို ခန်းမှ ထိုးဖောက်ထွက်ခွာသွားသည်ကပို၍ ကောင်းမွန်နေသည် မဟုတ်ပါ လား။

ဟုန်ဆင်းတည်းခိုခန်းမှ ထိုးဖောက်ထွက်ခွာသွားရန် ဆုံးဖြတ် လိုက်သည်နှင့်တပြိုင်နက် ယန်တ္တာအား သူတို့လူစုအား မသိမသာ ဝိုင်း ရံထား ကြသည့်လူများအား အကဲခတ်ကြည့်လိုက်၏။

ထိုအခါ သူတို့အသက်ရှင်လျက် ဟုန်ဆင်းတည်းခိုခန်းမှ ထွက်ခွာသွားရန် မဖြစ်နိုင်တော့ကြောင်း ယန်တ္တာက သဘောပေါက် လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် သူတို့အား ဝိုင်းရံထားကြသည့် လူများမှာ လက်ရွေးစင်သိုင်းသမားများဖြစ်နေသည်ကို သိလိုက်ရ သောကြောင့် တည်း။

မှန်ပါသည်။

ယန်တ္တာတို့လူစုအား မင်းသားလေးတုစန်း၏ အမိန့်ဖြင့် ဝိုင်း ရံထားကြသူများမှာ ကျန်ဟုန်း၊ ကျန်လီ၊ ကျန်အိနှင့် ထင်းအမျိုးအနွယ် ညီအစ်ကိုခြောက်ယောက်တို့ ဖြစ်နေကြသည်။

၎င်းတို့၏ အနောက်ဖက် မလှမ်းမကမ်းတွင် နေနှင့်ည...



သမားနှစ်ယောက်ကလည်း အသင့်ရှိနေကြပြန်သည်။

မင်းသားလေးတုစန်းက ပြုံးလိုက်လေ၏။

သူသည်အကြပ်ရိုက်နေသည့် ယန်တ္တာအား ကရုဏာသက် သလို တစ်ချက်ကြည့်လိုက်ပြီး . . .

“ဘယ်လိုလဲ ခင်ဗျားတို့လူစု ဒီတစ်ခါလာမိကြတာ မှားပြီထင် တယ်ဗျ”

ယန်တ္တာ ခံပြင်းသောလေသံဖြင့် . . .

“ကျုပ်တို့ကို လွယ်လွယ်နဲ့ဖမ်းလို့ရမယ်မှား ထင်နေသလား၊ သူသည်ပြောပြီးသည်နှင့် အသင့်ရှိနေကြသော ယဲ့စေကျင်တို့လူစုအား တိုက်ခိုက်ရန် မျက်ရိပ်ပြလိုက်သည်။

ယန်တ္တာက အချက်ပေးလိုက်သည်ကို တွေ့မြင်လိုက်ရသော ယဲ့ စေကျင်တို့လူစုမှ အသက်စွန့်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ကြပြီး လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြ၏။

မင်းသားလေးတုစန်းက လက်ကာပြလိုက်ပြီး . . .

“ခဏနေကြပါအုံး . . .”

ယန်တ္တာ မျက်မှောင်ကြုတ်သွားပြီး . . .

“မင်းဘာပြောချင်သေးလို့လဲ”

“ခင်ဗျားတို့ အသက်စွန့်တိုက်ခိုက်ပေမယ့် အကျိုးမရှိဘူးလို့ ကျုပ်က သတိပေးချင်လို့ပါ”

ယန်တ္တာက မဲ့ပြုံးပြုံးကာ . . .

“ကိစ္စမရှိပါဘူးဗျာ၊ တကယ်လို့ အသက်စွန့်သေဆုံးသွားကြ ရမယ်ဆိုရင်တောင် ခင်ဗျားတို့လူစုလည်း မသက်သာဘူးမဟုတ်လား”

သူ၏စကားကြောင့် မင်းသားလေးတုစန်းကတွေဝေသွား၏။ ယန်တ္တာတို့လူစုမှာ ဆယ်ယောက်တိတိရှိနေပြီး သိုင်းပညာထက်မြက် ကြသည့်လူများ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . . ယန်ဗ္ဗာတို့လူစုက အသက်စွန့်၍ ပြင်းပြင်းထန်ထန် ခုခံလည်ခုခံ တိုက်ခိုက်လာလျှင် သူတို့ဘက်မှ အကျအဆုံးများ ပြားလာနိုင်စရာရှိကြောင်း မင်းသားလေးတုစန်းက သဘောပေါက်သည်။

မင်းသားလေးတုစန်းက တွေဝေနေသည်ကို တွေ့မြင်လိုက်ရသောအခါ လိုကို့ထန်က မနေနိုင်တော့ပဲ . . .

"ခင်ဗျားတို့က ပြန်ပြီးခုခံနိုင်မယ် ထင်နေလို့လား"

ယန်ဗ္ဗာက ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်တယ် . . ကျုပ်တို့လူစုက အနည်းဆုံးခင်ဗျားကိုတော့ သတ်ပစ်နိုင်သေးတယ်ဗျ"

ယန်ဗ္ဗာက မည်သူ့အား ပစ်မှတ်ထား၍ တိုက်လိုက်ရန် ယှဲ့စေး ကျင်တို့အား အသိပေးလိုက်ခြင်းဖြစ်သည်။

လိုကို့ထန်သည် လီအင်း၏ ရန်သူတစ်ယောက်ဖြစ်သည့်အပြင် လီအင်းပြုလုပ်သမျှ ကိစ္စအဝဝကို လိုက်လံဖျက်ဆီးပစ်ရန် ဆုံးဖြတ်ထားသူမဟုတ်ပါလော။

ထို့ကြောင့် . . . လီအင်းအလွယ်တကူ လှုပ်ရှားစေနိုင်ရန်နှင့် သူ၏အကြံအစည်များကို နှောက်ယှက်ဖျက်ဆီးသူ ကင်းလွတ်စေရန် လိုကို့ထန်အား သုတ်သင်ရှင်းလင်းပစ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယန်ဗ္ဗာ၏ စကားကြောင့် လိုကို့ထန် ဒေါသထွက်သွားပြီး

"မင်းတို့က ကျုပ်ကိုသတ်ပစ်နိုင်တယ် ဟုတ်လား"

ယန်ဗ္ဗာက မဲ့ပြုံးပြုံးလိုက်ပြီး . . .

"ဟုတ်တယ် . . ."

"မင်းမှားသွားပြီဗျ"

"ဘာဖြစ်လို့လဲ"



"မင်းတို့ မလှုပ်ရှားခိုင်းခင် မင်းတို့အားလုံးကို သတ်ပစ်နိုင်လို့ပါ"

သူ၏စကားကြောင့် ယန်ဗ္ဗာ၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

"ခင်ဗျားကျုပ်တို့ကို သတ်ပစ်နိုင်တယ်ဟုတ်လား"

"မဟုတ်ဘူး . . ."

"ဒါဖြင့် ဘယ်သူလဲ . . ."

"သူပါ . . ."

ထိုစကားကြောင့် ယန်ဗ္ဗာ၏မျက်နှာ ပျက်သွားသည်။

ရှောင်အင်းကသာ အမှန်တကယ် သူတို့လူစု၏ တိုက်ခိုက်သတ်ဖြတ်လိုက်ပါက လိုကို့ထန်ပြောသည့်အတိုင်း သူတို့က ယှဉ်ရှားမှုမပြုနိုင်မီမှာပင် တိုက်ခိုက်သတ်ဖြတ်လိုက်နိုင်သည် မဟုတ်ပါလော။

ယန်ဗ္ဗာက မည်သို့ပြောရမှန်းမသိပါ။ ဝါးစပ်ပိတ်ထား လိုက်လေသည်။

လိုကို့ထန်က မင်းသားလေးတုစန်းဘက်သို့ လှည့်လိုက်ပြီး

"ခင်ဗျား သူတို့ကို လက်ရဖမ်းချင်နေတယ်ဟုတ်လား"

မင်းသားလေးတုစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူသည် ယင်းသို့ဝန်ခံရင်း သူ၏အကြံအစည်ကို ကြိုတင်ရိပ်မိထားသည့် လိုကို့ထန်အား အံ့ဩစွာ ကြည့်လိုက်လေသည်။

လိုကို့ထန် ပြုံးလိုက်ပြီး . . .

"သူတို့က အသာတကြည် အဖမ်းခံမယ်ဆိုရင် ခင်ဗျားသူတို့ကို သတ်ပစ်မလား"

သူ၏ စကားကြောင့် မင်းသားလေးတုစန်းက အံ့ဩသွားပြီး

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကိုဖမ်းပြီး ရှောင်ဝါးထင်ကို ဆက်သလိုက်ရင် ခင်ဗျား ဆုလာဘ်တွေရနိုင်မယ် မဟုတ်လား"

"ဟုတ်ပါတယ် . . ဒါပေမယ့် ခင်ဗျားက သူတို့ကိုသတ်ပစ်ချင်နေတယ် မဟုတ်လား"

လိုကို့ထန်က ခေါင်းခါယမ်းလိုက်ပြီး . . .

"ကျုပ်စိတ်ထား ပြောင်းသွားပြီဗျ"

"ဒါဖြင့် ခင်ဗျားလီအင်းကို ရင်မဆိုင်တော့ဘူးလား"

ရုတ်တရက် . . .

လိုကို့ထန်၏မျက်နှာ ခက်ထန်သွားပြီး . . .

"စိတ်ချ . . . ကျုပ်က လီအင်းကို သတ်ပစ်မှာပါ"

မင်းသားလေးတုစန်း ပခုံးတစ်ချက်တွန့်လိုက်ပြီး . . .

"ကျုပ်တော့ နားမလည်နိုင်တော့ဘူးဗျ"

လိုကို့ထန်က အေးတိအေးစက်ဖြင့် . . .

"လီအင်းကလာနေပြီ မဟုတ်လား၊ နောက်ပြီး . . . သူ့ကို သုတ် သင်ပစ်မယ့်သူတွေ စုရုံးရောက်ရှိနေကြပြီဆိုတော့ ကျုပ်က သူတို့လူစုကို အသုံးချဖို့ မလိုတော့ပါဘူးဗျ"

သူ၏စကားဆုံးသည်နှင့် မင်းသားလေးတုစန်း၏ မျက်လုံးများဝင်းလက်သွားသည်။ သူသည် တစ်စုံတစ်ခုကို စဉ်းစားမိလိုက်ဟန်ဖြင့် လက်ဖျစ် တစ်ချက်တီးလိုက်သည်။

"ဟုတ်ပြီ . . . "

သူက အသံကျယ်လောင်စွာ ရေရွတ်လိုက်သည်။

လိုကို့ထန်က ပြုံးလိုက်ပြီး . . .

"ခင်ဗျား စဉ်းစားမိပြီလား"

မင်းသားလေးတုစန်းက ခေါင်းညိတ်လိုက်ပြီး ယန်ဝှာတို့ဘက်သို့ လက်ညိုးညွှန်ကာ . . .



"သူတို့ကို ကျုပ်ဖမ်းသွားမယ် ဆိုရင် ခင်ဗျားသဘောတူတယ် ဟုတ်လား"

"ဟုတ်တယ် . . ."

"သဘောတူတဲ့အပြင် ခင်ဗျားတာ ကူညီပေးမယ်လို့ ကျုပ်ထင်တယ်"

သူ၏စကားကြောင့်လိုကို့ထန်တ သဘောပေါက်သွားပြီး ဟားဟား ရယ်မောလိုက်၏။

ယခုအခြေအနေမှာ ပြောင်းပြန်ဖြစ်သွားချေပြီ။ လိုကို့ထန်က လီအင်းအား စိန်ခေါ်သည့်သဘောဖြင့် လိုကို့ထန်တို့လူစုအား သတ်ဖြတ် ပစ်လိုက်မယ်တု ဆုံးဖြတ်ထားခဲ့သော်။

သို့သော်လီအင်းအား သုတ်သင်ပစ်ရန် ကြိုးပမ်းခဲ့သော သ မားတော်စီးယင်နှင့် အခြားတော်ကြားသည့် သိုင်းသမားများ[illegible] နေပြီဖြစ် သောကြောင့် သူကယန်ဝှာတို့လူစုအား သတ်ဖြတ်လိုက်ပြီး လီအင်းအား စိန်ခေါ်ရန် မလိုအပ်တော့ချေ။

မင်းသားလေးတုစန်းအနေနှင့်လည်း ယန်ဝှာတို့လူစုအား ဖမ်း ဆီးလိုသည်။

ထို့ကြောင့် လိုကို့ထန်နှင့် ပူးပေါင်းလိုက်ခြင်းဖြစ်သည်။ လိုကို့ထန်က ယန်ဝှာတို့လူစုနှင့် မည်သို့မျှ ပတ်သက်စရာအကြောင်း ရှိမနေတော့သော်လည်း မင်းသားလေးတုစန်းအား ပြန်လည်အကူအညီ ပေးတော့မည် ဖြစ်ပါသည်။

အဘယ်ကြောင့် အခြေအနေက ဤကဲ့သို့ ပြောင်းပြန် အနေအထားသို့ ရောက်သွားရပါသနည်း။ မင်းသားလေးတုစန်းက လိုကို့ထန် အား သဘောကျစွာ ကြည့်လိုက်ပြီး . . .

"ခင်ဗျား ကျုပ်ကိုကူညီရင် ရှောင်ဝါးထင်က ခင်ဗျားကိုသဘောကျလိမ့်မယ်လို့ ခင်ဗျားယူဆထားသလား"

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဇွဲထန်က ခေါင်းညိတ်လိုက်သည်။

ထို့နောက် . . . သူသည် သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်ပြီး . . .

"ကျုပ်ကိုသဘောကျတဲ့အပြင် ဆုလာဘ်တွေ ချီးမြှင့်လိမ့်မယ်လို့ ကျုပ်ယူဆထားပါတယ်ဗျာ"

မင်းသားလေးတုစန်းက လိုက်ဇွဲထန်အား တစ်ချက်စိုက်ကြည့်လိုက်ပြီး ပြောလိုက်လေ၏။

"ခင်ဗျားက ဆုလာဘ်ထက်ပိုပြီး မျှော်လင့်ထားလိမ့်မယ်လို့ ကျုပ်ယူဆထားပါတယ်ဗျာ"

လိုက်ဇွဲထန်က ပြုံးလျှက် ငြိမ်သက်နေသော မင်းသားလေးတုစန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး . . .

"ရှောင်းဝါးထင်က သဘောကျသွားရင် ဆုလာဘ်အပြင် ရာထူးတွေကိုတောင်ရနိုင်သေးတယ် မဟုတ်လား"

သူသည်ပြောရင်း လိုက်ဇွဲထန်အား ချီးကျူးသောအကြည့်ဖြင့် ကြည့်လိုက်ပြီး . . .

"တကယ်တော့ ခင်ဗျားက အခြေအနေကို နားလည်တဲ့ လူတစ်ယောက်ပါပဲဗျာ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် သဘောကျစွာဖြင့် တဟား ဟားရယ်မောလိုက်သည်။

လိုက်ဇွဲထန်ကလည်း အားရပါးရ ရယ်မောလိုက်၏။ သူတို့နှစ်ယောက်၏ ရယ်မောသံသည် ဟုန်ဆင်းတည်းခိုခန်းအတွင်း ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ယခုသူတို့နှစ်ယောက်သည် နှစ်ပေါင်းများစွာက သိကျွမ်းခဲ့ကြသူများအလား မိတ်ဆွေဖြစ်သွားကြသည်။

လိုက်ဇွဲထန်နှင့် မင်းသားလေးတုစန်းတို့၏ အခြေအနေ



တွေ့ မြင်လိုက်ရသောအခါ ယန်ဗှာ၏ရင်တွင်း၌ တစ်စထက်တစ်စ လေးလံ လာသည်ဟု ခံစားလိုက်ရလေသည်။

ရှောင်အင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။ သူသည် သ ဘောကျစွာ ရယ်မောနေကြသော မင်းသားလေးတုစန်းနှင့် လိုက်ဇွဲထန်တို့အား တစ်ချက်ကြည့်လိုက်ပြီး . . .

"ခင်ဗျားတို့ ဒီလိုရယ်နေရုံတော့ လိုက်ဇွဲထန်က သဘောကျမှာ မဟုတ်ဘူး"

သူ၏စကားကြောင့် မင်းသားလေးတုစန်းနှင့် လိုက်ဇွဲထန်တို့မှာ ရယ်မောနေရာမှ ရပ်သွားကြလေ၏၊

မှန်ပါသည်။ သူတို့ ရယ်မောနေရုံမျှဖြင့် ယန်ဗှာတို့လူစုအား ဖမ်းမိနိုင်မည်မဟုတ်ချေ။

မင်းသားလေးတုစန်းက ယန်ဗှာတို့လူစုဘက်သို့ လှည့်လိုက်သည်။ ယခု သူ၏မျက်နှာပေါ်တွင် ရယ်မောပြုံးရွှင်နေသည့် အရိပ်အရောင်များ လုံးဝမရှိတော့ပဲ အေးတိအေးစက်ဖြင့် လူသတ်လိုသော ဟန် မူရာများ ပေါ်လွင်လာသည်။

မင်းသားလေး တုစန်းက ပြန်လည်လှည့်လိုက်သည်နှင့် တစ်ပြိုင်နက် ယန်ဗှာ၏ခန္ဓာကိုယ်မှာ ဆက်ခနဲ တွန့်သွားသည်။

တိုက်ပွဲခေါ်သံက စတင်လာနေပြီ မဟုတ်ပါလား။ မင်းသားလေးတုစန်းက ယန်ဗှာတို့လူစုအား တစ်ချက်ကြည့်ပြီးမေးလိုက်၏။

"ခင်ဗျားတို့ အသာတကြည် အဖမ်းခံဖို့ ဆုံးဖြတ်လိုက်ပြီလား"

ယန်ဗှာက မဲ့ပြုံးပြုံးလိုက်ပြီး ပြန်ပြောသည်။

"ခင်ဗျားက ဒီလိုထင်ရင် မှားသွားမှာပေါ့ဗျာ"

"ဒါဖြင့် ခင်ဗျားက အဖမ်းမခံဘူးပေါ့"

"ဟုတ်တယ် ကျုပ်တို့လူတစ်ယောက်ပဲ ကျန်ရစ်ခဲ့လဲ အသက်ရှင်လျက်တော့ မင်းတို့ဖမ်းရမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူသည် စကားဆုံးသည်နှင့်တပြိုင်နက် လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။

ထို့နောက် သူတို့သည် ကျန်းဟုန်းတို့လူစုနှင့် ထင်းအမျိုးအနွယ် ညီအစ်ကိုများအား တဟုန်ထိုး တိုက်ခိုက်လိုက်ကြသည်။

ယန်ဝှာက စတင်တိုက်ခိုက်လိုက်သည်နှင့်တပြိုင်နက် ယှဲခေးကျင် တို့လူစုကလည်း မနေနိုင်ကြတော့ပဲ လက်နက်ကိုယ်စီဖြင့် တိုက်ခိုက်လိုက်ကြသည်။

ထို့ကြောင့် ဟုန်ဆင်းတည်းခိုခန်းအတွင်း ပြင်းထန်သော တိုက်ပွဲက ရုတ်တရက်ဆိုသလို ဖြစ်ပေါ်လာလေတော့သည်။

မင်းသားလေးတုစန်းက မျက်မှောင်ကုပ်သွား၏။

သူသည် ငြိမ်သက်စွာ ရပ်လျှက်ရှိနေသော ရှောင်အင်းအား တစ်ချက်ကြည့်လိုက်ပြီး . . .

"ခင်ဗျားက လက်ပိုက်ကြည့်နေမယ်ဟုတ်လား"

သူ၏စကားကြားလိုက်ရသော်လည်း ရှောင်အင်းက တုတ်တုတ်မျှ မလှုပ်ချေ။

သူသည် မျက်လုံးစူးရှစွာဖြင့် တစ်နေရာသို့သာ စိုက်ကြည့်နေလေသည်။ မင်းသားလေးတုစန်းက နားမလည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

"ခင်ဗျားက ရှောင်ဝါးထင်ရဲ လက်အောက်မှာ သစ္စာခံထားဘယ်မဟုတ်လား၊ ရှောင်ဝါးထင်ကို အံတုမယ့်သူတွေကို မျက်မြင်တွေ့နေလျှက်သားနဲ့ မလှုပ်ရှားဘူးဆိုရင် ရှောင်ဝါးထင်က သဘောကျမှာမဟုတ်ဘူး"

ရှောင်အင်းက ပခုံးတစ်ချက်တွန့်လိုက်ပြီး ခွန်းတုံ့ပြန်သည်။

"မင်းက ယန်ဝှာတို့လူစုကို ဖမ်းချင်တယ်ဆိုရင် ဘာဖြစ်လို့ စကားရှည်နေတာလဲ"



မင်းသားလေးတုစန်းက ရှောင်အင်းအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်ပြီး . . .

"ခင်ဗျားအကူအညီမပေးဘူးပေါ့ ဟုတ်လား"

"မင်းတို့ကို အကူအညီပေးဖို့ထက် ကျုပ်က ဘယ်သူ့ အကူအညီယူရမလဲဆိုတာ စဉ်းစားနေတာကွ"

သူ၏စကားကြားလိုက်ရသောအခါ မင်းသားလေးတုစန်းက မျက်လုံးပြူးသွားသည်။ သူသည်ရှောင်အင်းအား နားမလည်နိုင်စွာ ကြည့် လိုက်ပြီး . . .

"ခင်ဗျား . . . ဘာကိုဆိုလိုတာလဲ"

"ယန်ဝှာ တို့လူစုကို အနိုင်ရလိမ့်မယ်လို့ မင်းယူဆထားသလား"

"ကျုပ်တို့ ကျိန်းသေအနိုင်ရလိမ့်မယ်"

"မင်း ဒီလိုထင်ရင် မှားသွားမှာပေါ့"

မင်းသားလေးတုစန်းက ရင်ထိတ်သွားသည်။

ရှောင်အင်း၏စကားက သူ့အား ပူပန်သွားစေသည်။

"ဘာဖြစ်လို့လဲ"

ရှောင်အင်းက . . .

"သူတို့လူဘယ်နှစ်ယောက်ရှိသလဲဆိုတာ မင်းသိရဲလား"

မင်းသားလေးတုစန်းက ယန်ဝှာတို့လူစုဘက်သို့ တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး . . .

"သူတို့လူ ဆယ်ယောက်တိတိ ရှိတယ်"

ရှောင်အင်း ခေါင်းခါယမ်းလိုက်ပြီး . . .

"ဆယ်ယောက် မဟုတ်ဘူး"

သူ၏စကားကြောင့် မင်းသားလေးတုစန်း မျက်လုံးပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ဘုတ်လူစုအား သူက သုံးကြိမ်တိတိ ရေတွက်ထားပြီးဖြစ်သည်။

သုံးကြိမ်စလုံးပင် ယန်ဘုတ်လူစုမှာ ဆယ်ယောက်တိတိရှိနေသည်ကို သူတရေတွက်သိရှိခဲ့ရသည် မဟုတ်ပါလား။

မင်းသားလေးတုစန်းက ကြောင်အမ်းအမ်းဖြင့် . . .

"ဆယ်ယောက်မကဘူး ဟုတ်လား"

"ဟုတ်တယ် . . ."

"ဒါဖြင့် ဘယ်နှစ်ယောက်လဲ"

"ဆယ့်နှစ်ယောက်ဗျ"

မင်းသားလေးတုစန်းက ရင်ထိတ်ပြီး မေးလိုက်၏။

"နောက်ထပ် နှစ်ယောက်က ဘယ်မှာလဲ"

ရှောင်အင်းက . . .

"သူကို့နှစ်ယောက် ဒီအခန်းထဲမှာပဲ ရှိနေကြပါတယ်ဗျာ"

သူ၏ စကားကြားလိုက်ရသောအခါ မင်းသားလေးတုစန်းက နောက်သို့ခြေလှမ်း ဆုတ်သွားသည်။

"ဘယ်နေရာမှာ ရှိနေတာလဲ"

သူက တအံ့တသြ မေးလိုက်လေ၏။

ရှောင်အင်းက အေးတိအေးစက်ဖြင့် အသိပေးသည်။

"သူတို့နှစ်ယောက်က အခြေအနေကို အကဲခတ်နေကြပါတယ်ဗျာ၊ တကယ်လို့သာ ခင်ဗျားက သူတို့ကို သတိပြုမိလိုက်တာနဲ့ သူတို့က လှုပ်ရှားလာကြတော့မှာပဲ"

ထိုစကားကြောင့် မင်းသားလေးတုစန်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး . . .

"သူတို့သေချင်ရင် လာကြပါစေ"

ရှောင်အင်းက မင်းသားလေးတုစန်းအား မျက်မှောင်ကုပ်၍



ကြည့်ကာ မေးလိုက်၏။ သူ့လေသံက မာကြောနေ၏။

"မင်းက သူတို့ကို သတ်ပစ်မယ် ဟုတ်လား"

သူ၏အမေးကြောင့် မင်းသားလေးတုစန်း လန့်သွားသည်။ ယခုအချိန်သည် သိုင်းလောကမှ ထိပ်တန်းသိုင်းသမား အမြောက်အများ စုရုံးရောက်ရှိလာသောအချိန်ဖြစ်သည်။

ထို့ကြောင့် . . . လှုပ်ရှားခြင်း မရှိသေးသည့် လူနှစ်ယောက်မှာ ယန်ဘုတ်လူစုထက် သိုင်းပညာအဆင့်မြင့်သော လူများဖြစ်ရမည်ဟု သူက ယုံကြည်ထားသည်။

ထို့အပြင် . . . ထိုလူနှစ်ယောက်သည် အချိန်စောင့်သေးသဖြင့် လှုပ်ရှားမှုမပြုသေးဘဲ အခိုန်တန်လာလျှင် ချက်ချင်းဆိုသလိုပင် လှုပ် ရှားလာကြမည်ကို သူက နားလည်ထားသည်။

ထိုလူများ လှုပ်ရှားလာလျှင် သူတို့အနေဖြင့် ချက်ချင်းသူ့ပဲရှာနိုင်ကြပါမည်လော။

မင်းသားလေးတုစန်းက ရှောင်အင်း၏မျက်နှာအား မသိမသာ တစ်ချက်ကြည့်လိုက်သည်။ ရှောင်အင်း၏ မျက်နှာတစ်ခုလုံးမှာ မလေးနက်တည်ကြည်၍နေပြီး စိုးရိမ်ကြောင့်ကျဟန် ပေါ်လွင်နေသည်။

ထို့ပြင် . . . ခံပြင်းဒေါသထွက်ခြင်း၊ ထိတ်လန့်ခြင်းများဖြင့် ရောယှက်နေသည်ဟု ထင်မှတ်မိသည်။

ထိုစဉ် ရှောင်အင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။ သူသည် မင်းသားလေးတုစန်းအား အဓိပ္ပာယ်ရှိစွာဖြင့် စိုက်ကြည့်ပြီး ပြောလိုက်၏။

"မင်း . . . သူတို့ကို သတ်ပစ်ဖို့မပြောနဲ့၊ သူတို့ရဲ့ အင်္ကျီကိုတောင် ထိအောင်တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး"

ထိုစကားကြောင့် မင်းသားလေးတုစန်း၏ မျက်နှာမှာ ညှိုး

www.burmeseclassic.com

www.burmeseclassic.com



မှောင်သွားလေသည်။

သူသည် ရှောင်အင်းအားမကျေမနပ်ဖြင့် ကြည့်လိုက်ကာ

"သည်လူတွေ ဒါလောက်တောင်မှ အစွမ်းထက်နေသလား။ အဲ့ဒါတော့ မယုံဘူး"

ရှောင်အင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းမယုံမရှိနဲ့"

မင်းသားလေးတုစန်းက . . .

"ခင်ဗျားသူတို့ကို သိထားတယ်ဆိုပါတော့ ဟုတ်လား"

"ဟုတ်တယ် . . ."

"ဒါဖြင့် သူတို့က ဘယ်သူတွေလဲ"

ရှောင်အင်းက အေးတိအေးစက်ဖြင့် တစ်ချက်ရယ်မောလိုက်သည်။

သူ၏ ရယ်မောသံသည် ရယ်မောသံဟုပင် ထင်မှတ်စရာမရှိပါချေ။

ခြောက်သွေ့အက်ကွဲနေပြီး ခံပြင်းနေဟန်ရှိနေသည်။

ထို့နောက် . . .

"မင်း . . . မကြာခင်မှာ သူတို့ကို တွေ့ရမှာပါကွာ၊ ဒါပေမယ့် . . ."

သူသည် ပြောရင်းစကားကို တစ်ပိုင်းတစဖြင့် ရပ်တန့်လိုက်ပြီး မင်းသားလေးတုစန်းအား ကရုဏာသက်သလို ကြည့်လိုက်သည်။

မင်းသားလေးတုစန်းက မျက်မှောင်ကုပ်ပြီး ခပ်မာမာပြန်မေးလိုက်၏။

"ဒါပေမယ့် ဘာဖြစ်သလဲ"

ရှောင်အင်းက အသံတိုးတိုးဖြင့် . . .

"မင်း . . . သူတို့ကို တွေ့တာနဲ့ တစ်ပြိုင်နက် ကိုယ်လွတ်



ရုန်းပြီး ပြေးဖို့ လိုလိမ့်မယ်ကွ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်ကာ ဟုန်ဆင်းတည်းခိုခန်း အပြင်ဘက်သို့ တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။

သူ၏လှုပ်ရှားမှုသည် အလွန်ပင်လျှင်မြန်နေသဖြင့် မင်းသားလေးတုစန်းနှင့် လိုကို့ထန်တို့က ကြောင်အမ်းအမ်းဖြစ်သွားကြလေ၏။ ထိုအချိန်တွင် ရှောင်အင်းမှာ အပြင်ဘက်သို့ ရောက်ရှိသွားပြီးဖြစ်ပါသည်။

မင်းသားလေးတုစန်းက ဟန့်တားလိုက်သော်လည်း မမီတော့ပေ။

"ဟေ့ . . . ခင်ဗျားဘယ်သွားမလို့လဲ"

ရှောင်အင်း၏ အရိပ်အရောင်ပင် မတွေ့ရတော့ချေ။

မင်းသားလေးတုစန်းက ပခုံးတွန့်ပြီး ပြောလိုက်၏။

"ဒီလူ ခေါင်းမှ ကောင်းသေးရဲ့လား မသိဘူး"

လိုကို့ထန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ဘာပဲဖြစ်ဖြစ်သူက ကျုပ်တို့ထက် ဦးနှောက်ကောင်းတာတော့ သေချာတယ်"

သူ၏ စကားကြောင့် မင်းသားလေးတုစန်းက ရင်ထိတ်သွားသည်။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

လိုကို့ထန် အသံခပ်တိုးတိုးဖြင့်ပြောသည်။

"ကျုပ်တို့ ရှောင်အင်းရဲ့ စကားကို နားထောင်လိုက်မှ ကောင်းမယ်ဗျ"

မင်းသားလေးတုစန်းက အံ့သြသွားပြီး မေးလိုက်သည်။

"ကျုပ်တို့တတွေ ရှောင်အင်းရဲ့စကားကို နားထောင်ရမှ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

လိုက်ကို့ထန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

မင်းသားလေးတုစန်းက . . .

"ဒါဖြင့် ကျုပ်တို့ဒီနေရာက အမြန်ဆုံးထွက်ပြေးသွားသင့်တယ်ပေါ့"

"ဟုတ်တယ်"

မင်းသားလေးတုစန်း မျက်မှောင်ကုပ်သွား၏။

"ဘာဖြစ်လို့လဲ . . ."

လိုက်ကို့ထန် သက်ပြင်းချကာပြောလိုက်၏။

"ကျုပ်တို့တွေ့ရမယ့်လူက တော်တော့်ကို ကြောက်စရာကောင်းနေလို့ပါ"

မင်းသားလေးတုစန်းက ကြောင်းအမ်းအမ်းဖြစ်သွားရ၏။

ရှောင်အင်းမှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် ဟုန်ဆင်းတည်းခိုခန်းမှ ထွက်ပြေးသွားပြီဖြစ်သည်။

ယခု . . . လိုက်ကို့ထန်ကလည်း ရှောင်အင်းကဲ့သို့ပင် ထိတ်လန့်တုန်လှုပ်သော ဟုန်မှုရာများ မျက်နှာပေါ်တွင်ပေါ်လာနေသည်။

ထို့ကြောင့် . . . လိုက်ကို့ထန်နှင့် ရှောင်အင်းတို့မှာ ဟုန်ဆင်းတည်း ခိုခန်းအတွင်း လှုပ်ရှားမှုမရှိသေးသည့် လူနှစ်ယောက်အားကြောက်၍ ထိတ်လန့်နေကြသည်။ ပထမတွင် လိုက်ကို့ထန်မှာ ကြောက်၍တုန်လှုပ် သောဟုန်မှုရာများ ရှိမနေသော်လည်း ရှောင်အင်း ထွက်ပြေးသွားပြီး နောက်ပိုင်းမှ အနည်းငယ်စိုးရိမ်ကြောင့်ကြလာဟန် ရှိနေသည်။

အတန်ကြာမှ . . . မင်းသားလေးတုစန်းက စဉ်းစားချင့်ချိန်စွာဖြင့် မေးလိုက်၏။



"ခင်ဗျားက သူတို့တတွေဟာ ဘယ်သူလဲဆိုတာ သိထားပြီဟုတ်လား"

လိုက်ကို့ထန် မချိပြုံး ပြုံးလိုက်၏။

"ဟုတ်တယ် . . ."

မင်းသားလေးတုစန်းက . . .

"ဒါဖြင့် ခင်ဗျားက ရှောင်အင်းလိုပဲ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးသွားတော့မယ်ပေါ့ ဟုတ်လား"

သူ၏စကားကြောင့် လိုက်ကို့ထန်က တစ်ချက်စိုက်ကြည့်လိုက်သည်။

ပြီးနောက် . . . အံကိုတင်းတင်းကြိတ်လိုက်ပြီး သွားစေ့သည့် လေသံဖြင့် ပြောသည်။

"ကျုပ်က သည်နေရာကနေ ခြေတစ်လှမ်းတောင် ရွေ့သွားမှာမဟုတ်ဘူး"

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင် . . .

"ခင်ဗျားက သည်နေရာကနေ မသွားချင်လို့ မဟုတ်ပါဘူး၊ ထွက်ပြေးဖို့အချိန်မရတဲ့အတွက် မပြေးတာကို ဝန်ခံလိုက်စမ်းပါဗျာ"

ရုတ်တရက် အေးစက်သော စကားသံတစ်ခုက ထွက်ပေါ်လာလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

# အသက်စွန့်သူ

အေးစက်သော စကားသံတစ်ချက် ထွက်ပေါ်လာ၏။ ထိုအသံ ကြားလိုက်ရသည်နှင့် လိုက်ပွဲထန်၏ မျက်နှာမှာ မည်းမှောင်သွားသည်။

အသံသည် မင်းသားလေးတုစန်း၏နောက်ကျောမှ ပေါ်လာသဖြင့် ချာခနဲလှည့်ကြည့်လိုက်မိသည်။

ထိုအခါ . . . ချောင်ကျကျ စားပွဲတစ်ခုမှ လူနှစ်ယောက်က မတ် တတ်ရပ်လိုက်ကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူနှစ်ယောက်အား တွေ့မြင်လိုက်ရသည်နှင့် တပြိုင်နက် မင်းသားလေးတုစန်းမှာ အခန်းတွင်းမှ ကိုယ်လွတ်ရုန်းထွက်ပြေးလိုသော စိတ်များ ဖြစ်ပေါ်လာသည်ဟု ခံစားလိုက်ရလေတော့သည်။

“ဝှီ . . . ဝှီ . . . ဝှီ”

လေသည် တဖြည်းဖြည်း တိုက်ခိုက်လာလေ၏။ မှုန်းကျုပ်နေသော အခန်းကို ရေအေးအေးနှင့် ပက်ဖျန်းသကဲ့သို့ ရှိလေ၏။

သို့သော် . . . အခန်းတစ်ခုလုံးသည် တိတ်ဆိတ်နေသည်။

ချောက်ချားဖွယ်ကောင်းလောက်အောင်ပင် တိတ်ဆိတ်နေခြင်း ဖြစ်သည်။



ညဉ့်နက်လာသည်နှင့်အမျှ လေကအေးစိမ့်လာလေသည်။

ဝန်းကျင်တစ်ခုလုံးတွင် အအေးဓာတ်နှင့် တိတ်ဆိတ်မှုတို့က ကြီးစိုးထားသည်။

သို့သော် . . . မင်းသားလေးတုစန်း၏ နဖူးပေါ်တွင် ချွေးများ စို့နေ၏။

သူ၏ ရင်တွင်း၌လည်း ထိတ်လန့်တုန်လှုပ်နေသည်။

သူသည် ရှောင်အင်းအား သတိရနေမိသည်။

ယခု ရှောင်အင်း၏စကားမှာ မှန်ကန်နေပြီဖြစ်ပါတော့သည်။ အကယ်၍သာ သူက ရှောင်အင်းနှင့်အတူ လိုက်ပါထွက်ပြေးသွားခဲ့လျှင် အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည် မဟုတ်ပါလော။

သူခေါ်ဆောင်လာသည့် ထင်းအမျိုးအနွယ်ခြောက်ယောက်နှင့် ကျန်းဟုန်တို့လူစုအပါအဝင် နေ့ညသိုင်းသမားများမှာလည်း မျက်နှာ ပျက်နေကြ၏။

သူတို့သည် မကောင်းဆိုးဝါးတစ်ကောင်ကို တွေ့မြင်လိုက်ရသည့်အလား သူတို့၏ မျက်နှာများပေါ်တွင် ထိတ်လန့်တုန်လှုပ်သော အရိပ်အယောင်များ ပေါ်လွင်နေကြသည်။

မှန်ပါသည်။

မင်းသားလေးတုစန်းနှင့် အပေါင်းအပါများ ကြောက်ရွံ့ထိတ်လန့်သွားရခြင်းမှာ ရုတ်တရက် ထွက်ပေါ်လာသူနှစ်ယောက်အား သူတို့က သိရှိထားခြင်း ကြောင့်သာဖြစ်ပါသည်။

ယန်တုတို့၏ တိုက်ပွဲကား ရပ်တန့်သွားပြီ ဖြစ်ပါသည်။ ယန်တုတို့လူစုမှာ ဝမ်းသာအားရဖြစ်သွားကြသည်။ သူတို့သည် မျက်ချင်းဆိုသလိုပင် နောက်မှ မတ်တတ်ထရပ်လိုက်ကြသော လူနှစ်ယောက် အနီးသို့ ဝိုင်းအုံသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့လည်း ရောက်နေကြတာကိုး"

"အတော်ပဲဗျို့ ခင်ဗျားတို့ရောက်လာမှတော့ ကျုပ်တို့ရန်သူတော်တွေကို ရှင်းပေးခဲ့ပါဦး . . ."

"မာကွန်းပင်နှင့် ဝေရီတို့ ရောက်လာမှတော့ ဘယ်သူက အျှော်တို့ကို ဖမ်းနိုင်အုံးမှာလဲ"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုလိုက်ကြသည်။

မှန်ပါသည်။

နောက်ဆုံးမှ မတ်တတ်ထရပ်လိုက်ကြသူ နှစ်ယောက်မှာ 'မာကွန်းပင်'နှင့် 'ဝေရီ' တို့ပင် ဖြစ်ပါတော့သည်။ သူတို့သည် ခမောက်ကြီးများကို တစ်ချိန်လုံး ဆောင်းထားကြပြီး အရက်ကိုသာ တစ်ချိန်လုံး ငုံ့သောက်နေကြသည်။ သူတို့၏ ကိုယ်လုံးကိုယ်ထည်မှာလည်း အခြားသူများနှင့် မခြားနားလှသဖြင့် သူတို့အား မာကွန်းပင်နှင့် ဝေရီဟူ၍ မည် သူမျှ ချက်ချင်း မသိနိုင်ကြချေ။

(ပထမပိုင်း ပြီး၏)

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)

# အသက်စွန့်သူ

ထိုအခါ ဆိုင်အတွင်း၌ အစ်ကျသံကြားရလောက်အောင် ပင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

သစ္စာမြို့စား ရှောင်ဝါးထင်သည်။ အထက်လမ်း သိုင်းသမား များအား ချေမှုန်းရန်အကွက်ချ စီစဉ်ပြီးမှ သိုင်းပြိုင်ပွဲ ကျင်းပခဲ့ခြင်း ဖြစ်သည်။

သိုင်းပြိုင်ပွဲ စတင်မကျင်းပ မယှဉ်ပြိုင်မီ အထက်လမ်းနှင့် အောက်လမ်း သိုင်းသမားများသည် ဟုန်ဆင်းတည်းခိုခန်း၌ ဆုံတွေ့ မိကာ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်။

မင်းသားလေးတုစန်းတို့သည် ရောက်ရှိလာကြသော အထက် လမ်း သိုင်းသမာများအား ထောင်ချောက်ဆင်ကာ သုတ်သင် ပစ်နိုင်မည်ဟု ယုံကြည်ထားကြသည်။ မြို့စားကြီး ရှောင်ဝါးထင် ကိုယ် တိုင်က သူတို့အား ကျောထောက်နောက်ခံ ပြုထားလေသည် မဟုတ် ပါလား. . .

သို့သော်. . .

အထက်လမ်း သိုင်းသမားများဘက်မှ အမြဲလိုပင် မားမား မတ်မတ်ရပ်တည်လေ့ရှိသောသိုင်းလောကပျော် သိုင်းလေးဖော်သည် အနှောင့်အယှက်ဖြစ်လာသောအခါ သိုင်းလောကပျော် သိုင်းလေး

www.burmeseclassic.com

www.burmeseclassic.com



ဖော်တွင် အောက်လမ်းသိုင်းသမားများအတွက် ကြောက်စရာအကောင်းဆုံးဖြစ်သော သိုင်းသမားလီအင်းနှင့် မိန်းမချောကလေးရှောင်ကွမ်းတို့အား ရှောင်ဝါးထင်က တားဆီးဖို့ စီစဉ်ထားပြီးဖြစ်သည်။ သိုင်းသမား လီအင်းတို့ ကျင်းလိမ်မြို့သို့ ရောက်ရှိလာဖို့မလွယ်တော့ပါ. . .။

ထိုအတွက် စိတ်အေးရမည့် ထင်မှတ်ထားချိန်မှာပင် သိုင်းလောကပျော် သိုင်းလေးဖော်မှ မာကွန်ပင်နှင့် ဝေရီ တို့သည် ဟုန်ဆင်းတည်ခိုခန်းသို့ ရောက်ရှိလာကြပြီ ဖြစ်ပါသည်။

မင်းသားလေး တုစန်းသည် မာကွန်ပင်နှင့်ဝေရီတို့ ရောက်ရှိနေသည်ကို တွေ့ရလျှင် ကပျာကယာ နောက်ဆုတ်လိုက်သည်။

ဝေရီနှင့် မာကွန်ပင်တို့အချင်းချင်း ကြည့်လိုက်ကြ၏။ ရှောင်ဝါးထဲင်သည် သိုင်းလောကသားများအား ချုပ်ကိုင်ဘို့ စကြာသိုင်းသမားနှင့်ပူပေါင်းထားပြီး စကြာသိုင်းသမား၏ အမိန့်အတိုင်း လုပ်ကိုင်ဆောင်ရွက်လျှက်ရှိကြောင်း ထင်ရှားနေသည်။

စကြာသိုင်းသမားသည် သိုင်းလောကပျော် သိုင်းလေးဖော်တွင် နာမည်အကြီးဆုံးဖြစ်သော သိုင်းသမားလီအင်းအား သုတ်သင်ရှင်းလင်းရန် ကိုယ်တိုင်တာဝန်ယူမည့်သဘောရှိကြောင်း မင်းသားလေး တုစန်း ပြောခဲ့သော စကားများကို အမိပ္ပါယ် ကောက်ယူနိုင်သည်။

ထို့ကြောင့်. . . ဝေရီက မာကွန်ပင်ကို ပြောလိုက်သည်။

"လီအင်း ကျင်းလိမ်မြို့ကို လာမယ့်ခရီးမှာ ဒုက္ခအမျိုးမျိုးပေးဖို့ သူတို့ ကြံစည်ထားတာ ခင်ဗျားကြားရဲ့လား"

မာကွန်ပင် ခေါင်းညိတ်လိုက်ပြီး

"ကြားပါတယ်ဗျာ"

ဝေရီက. . .

"ခင်ဗျားဘယ်လိုလုပ်မယ် စိတ်ကူးထားသလဲ"



မာကွန်ပင် အနည်းငယ်စဉ်းစားလိုက်သည်။

ထို့နောက်. . .

မင်းသားလေး တုစန်း ဘက်သို့ လှည့်လိုက်ပြီး

"သူတို့လီအင်းကို ဘယ်လိုဒုက္ခပေးကြမလဲ ဆိုတာနဲ့ သိုင်းလောက ထိပ်သီးဆယ်ယောက်ရွေးချယ်ပွဲကို ရောက်ရှိလာတဲ့ သိုင်းလောကသားတွေကို ဘယ်လိုချောက်တွန်းကြမလဲဆိုတာ သူ့ကို မေးကြည့်ယင်ကောင်းမယ်ထင်တယ်၊ သူတို့ဟာအားလုံးကို ဒုက္ခပေးမဲ့လူတွေပဲ . . ."

မာကွန်ပင်၏ စကားကြားလိုက်ရသောအခါ မင်းသားလေး တုစန်းက မျက်လုံးပြူးသွားလေတော့သည်။

သူတို့အတွက် ဒုက္ခဆိုသည်မှာ အလျှင်အမြန်တွေ့ကြုံရပေတော့မည်။ မာကွန်ပင်တို့၏ စကားချီးမှာသူတို့အား တိုက်ခိုက်ရန် နိဒါန်းပျိုးလိုက်ခြင်းပင် မဟုတ်ပါလား။

အခြေအနေ မဟန်မှန်းသိလိုက်သဖြင့် ခါးစည်းကြိုးတွင် ထိုးထားသည် ယပ်တောင်ကို ကပျာကယာ ဆွဲထုတ်လိုက်ပြီး အလျှင်အမြန် အမိန့်ပေးလေတော့သည်။

"တိုက်ကြ"

သူသည် ယင်သို့ အသံကျယ်လောင်စွာဖြင့် အော်ဟစ်အမိန့်ပေးလိုက်ပြီး ရှေ့သို့လျှပ်တပြက်ခုန်ထွက်လိုက်ကာ မာကွန်ပင်အားတိုက်ခိုက်လိုက်သည်။

မင်းသားလေး တုစန်းက တိုက်ခိုက်လိုက်သည်နှင့်တစ်ပြိုင်နက်သို့ကို့ထန်နှင့် ကျန်လူများကလည်း မနေနိုင်ကြတော့ပဲ တဟုန်ထိုးဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။ မာကွန်ပင် ၊ ဝေရီ နှင့် ယနုတ္တာတို့သူစုမှာ အချင်းချင်းမျက်ရိပ်ပြလိုက်ကြပြီး မင်းသားလေးတုစန်းတို့အား ပြန်လည်တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ. . .

တိတ်ဆိတ်သည့် ညဉ့်ယံတွင် ဟုန်ဆင်းတည်းခိုခန်းမှ ပြင်းထန်သောတိုက်ခိုက်သံများက ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ဝန်းကျင်တစ်ခုလုံးမှောင်မည်းနေ၏။

ကောင်းကင်ပေါ်၌ရှိနေသော လခြမ်းကလေးမှာ ခပ်ပါးပါး သဏ္ဍာန်အသွင်သို့ပြောင်းလဲသွားပြီး ကောင်းကင်၏အနောက်ဘက်သို့ ရောက်ရှိလုနီးပါးဖြစ်နေ၏။

ထို့ကြောင့်. . .

သေချာစွာဂရုပြု ကြည့်မည်ဆိုပါက အမှောင်ထုသည်ပိန်းပိတ်အောင်မှောင်မည်း နေခြင်းမရှိဘဲ ခပ်ပါးပါးဖြစ်လာကာ အရောင်များ ပျော့လျှက်ရှိနေပြီဖြစ်သည်ကို တွေ့မြင်နိုင်သည်။

သို့သော်. . .

ရုတ်တရက်ကြည့်လိုက်ပါက မိမိနှင့် ဝါးတစ်ရိုက်ခန့်အကွာ အဝေးအား သေချာစွာတွေ့မြင်နိုင်စွမ်းမရှိသေးသောကြောင့် မှောင်မည်းနေသည်ဟု ထင်မှတ်ရမည်သာဖြစ်ပါသည်။

မည်သို့ဆိုစေ. . .

တစ်ညတာအချိန်သည်ကုန်ဆုံးသွားသည်နှင့်နေ့၏အလင်းရောင်က ရောက်ရှိလာမည်သာဖြစ်သည်။

ထို့နည်းတူ. . .

မတရားမှု့အမိုက်မှောင်က ကုန်ဆုံးသွားပြီး တရားမျှတ၍ သာယာဝပြောသည့် နေ့တစ်ခု၏ အားမာန်အပြည့်ရှိသော အလင်းရောင်က ရောက်ရှိလာရမြဲ ဓမ္မတာသာဖြစ်သည်မဟုတ်ပါလား. . .။

မာကွန်ပင်တို့ လူစုသည် တူညီသောစိတ်ထား ရဲဝံ့သော ခွန်အားဖြင့် အစွမ်းကုန်တိုက်ခိုက်နေကြလေတော့သည်။



တိုက်ပွဲကားပြင်းထန်နေ၏။

မာကွန်ပင်၊ ဝေရီနှင့် ယန်ဝှာတို့လူစုသည် ကိုယ်စီကိုယ်စီ တိုက်ပွဲဝင်နေကြပြီဖြစ်သည်။

မင်းသားလေးတုစန်းနှင့် သူ၏ နောက်လိုက်များ ဖြစ်ကြသော တင်းအမျိုးအနွယ် ညီအစ်ကိုများ ၊ ကျန်ဟုန် တို့သုံးယောက်နှင့် နေ့နှင့် ည သိုင်းသမားနှစ်ယောက်မှာလည်း ပြင်းထန်စွာတိုက်ခိုက်မှုနှင့် တွေ့နေပြီဖြစ်သည်။ မင်းသားလေးတုစန်းတို့မှာ အင်အားများ၏။ အင်အားသည် အရည်အချင်းတစ်ခုမဟုတ်ပေ။

လို့ကို့ထန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

မာကွန်ပင် ၏ သိုင်းပညာမှာ သူနှင့် မတိမ်းမယိမ်း ရှိနေကြောင်း သိထားလေသည်။

ထို့ကြောင့် . . .

သူကလုံးဝ မပေါ့ရဲဘဲ သူ၏ အားထားရသည့် ကြိုးဆက်တုတ် ကိုယူလိုက်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်. . .

ရုတ်တရက် လူရိပ် တစ်ခုကသူ၏ ရှေ့သို့လျှပ်တစ်ပြက် ရောက်ရှိလာသည် ကိုတွေ့လိုက်ရ၏။

မာကွန်ပင်ဖြစ်သည်။

မာကွန်ပင်က လို့ကို့ထန်၏ ရှေ့သို့ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် လို့ကို့ထန်က မဲ့ပြုံးပြုံး လိုက်ပြီး ပြောလိုက်သည်။

"ကျုပ်တို့ ပြန်တွေ့ပြန်ပြီနော်"

မာကွန်ပင်က . . .

"ခင်ဗျားကသာ လမ်းမှန်ကို လျှောက်မယ်ဆိုယင် ကျုပ်တို့နဲ့ ရင်ဆိုင်စရာ မလိုပါဘူးဗျာ"

လို့ကို့ထန်က မာကွန်ပင်အား အေးစက်စွာစိုက်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"စိတ်ချ ကျုပ်ကမင်းတို့ကို ရင်ဆိုင်ရမယ်ဆိုယင်လဲ မမှုသေးပါဘူး"

မာကွန်ပင် ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားလီအင်းကို မကျေနပ်တာနဲ့ သိုင်းလောကကို သစ္စာဖောက်တာ တခြားစီပါဗျာ ဒါကြောင့်ခင်ဗျားကို အချိန်မီပြုပြင်ဖို့ ကျုပ်သတိပေးချင်ပါတယ်"

သူ၏စကားကြောင့်လို့ကို့ထန် ဒေါသအမျက်ခြောင်းခြောင်းထွက်သွားသည်။

"မင်းကကျုပ်ကိုဖျောင်းဖျဖို့ မလိုဘူးကွ၊ မင်းဟာ ကျုပ်ရဲ့ဆရာမဟုတ်ဘူး"

သူသည် ယင်းသို့ပြောပြီးသည်နှင့် လက်ထဲမှာအသင့်ရှိနေသည့်ကြိုးဆက်တုတ်အားတစ်ချက်ဝှေ့ယမ်းလိုက်ကာ မာကွန်ပင်ထံသို့ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

မာကွန်ပင်က နောက်ဆုတ်လိုက်သည်။

"ခင်ဗျားမှားမယ် ၊ ကျုပ်က တိုင်းပြည် မျက်နှာထောက်ဖို့ပြောနေတာဗျ. . ."

လို့ကို့ထန်က ဒေါသကြီးစွာပြောလိုက်သည်။

"ကိစ္စမရှိဘူး ကျုပ်မင်းကို သတ်ပစ်လိုက်တာအမှန်ဆုံးပဲလို့ယူဆထားတယ်"

သူသည် ပြောပြီးသည် နှင့် တပြိုင်နက် နောက်ဆုတ်သွားသည့် မာကွန်ပင်အား အလွတ်မပေးဘဲ ထက်ကြပ်မကွာ လိုက်လံ တိုက်ခိုက်လိုက်သည်။

မာကွန်ပင် အမြဲတမ်းရှောင်မနေနိုင်ချေ။

သူသည် လို့ကို့ထန်နှင့် တစ်ကြိမ် သိုင်းပညာယှဉ်ပြိုင်ခဲ့ဖူးသဖြင့် လို့ကို့ထန်၏ သိုင်းပညာ အတိမ်အနက်ကိုနားလည်သဘောပေါက်ထားပြီးဖြစ်သည်။

ထို့ကြောင့် . . .

မပေါ့ဆဝံ့ဘဲ လို့ကို့ထန်အား ပြန်လည်တိုက်ခိုက်လိုက်ရ၏။

မင်းသားလေးတုစန်းမှာမူ မာကွန်ပင်ကသူနှင့် တိုက်ခိုက်နေရာမှ လျှပ်တစ်ပြက် လို့ကို့ထန်၏ ရှေ့သို့ ရောက်ရှိသွားပြီး လို့ကို့ထန်အား ဘက်ပြောင်းတိုက်ခိုက်လိုက်သောကြောင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

မည်သို့ဆိုစေ. . .

မာကွန်ပင် မှာ အလွန်ကြောက်စရာကောင်းသော လူတစ်ယောက်ဖြစ်သည်ဟု သူကသိထားသောကြောင့် လို့ကို့ထန်အား ကူညီတိုက်ခိုက်ရန်ဆုံးဖြတ်လိုက်ကာ လက်ထဲမှ ယပ်တောင်ဖြန့်လိုက်ပြီး မာကွန်ပင်ထံသို့ ခုန်ဝင်သွားလေတော့၏။

သို့သော်. . .

သူက လို့ကို့ထန်အားကူညီ၍ မာကွန်ပင်အား တိုက်ခိုက်ရန်မဖြစ်နိုင်တော့ချေ။

အဘယ်ကြောင့်ဆိုသော်. . .

သူက လှုပ်ရှားလိုက်သည်နှင့်တပြိုင်နက် သူဝင်သွားရာအမ်းသို့လူတစ်ယောက်က ပိတ်ဆို့ဟန့်တားလိုက်သောကြောင့်ဖြစ်ပါသည်။

မင်းသားလေးတုစန်းက ရင်ထိတ်သွားပြီး ထိုလူအားသေချာစွာကြည့်လိုက်ရာသူ၏ ရှေ့မှလူမှာ ဝေရီ ဖြစ်နေသည်ကိုတွေ့လိုက်ရသည်။

မင်းသားလေးတုစန်း မဲ့ပြုံးပြုံးလိုက်သည်။

သူသည် ဝေရီအားခက်ထန်စွာကြည့်လိုက်ပြီး ပြောလိုက် ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သေချင်ပြီနဲ့တူတယ်"

ဝေရီကပြုံးလိုက်သည်။

"မင်းမှားနေပြီ"

သူသည် ပြောရင်း မင်းသားလေးတုစန်းအနီးသို့ လျှပ်တစ်ပြက် တိုးကပ်သွားလိုက်ပြီး. . .

"သေရမှာမင်းကွ"

စကားဆုံးလျှင် လက်ဝါးနှစ်ဖက်ဖြင့် အဆက်မပြတ်ရိုက်ချလိုက်လေ၏။

"ဟင်. . ."

မင်းသားလေးတုစန်း ရင်ထိတ်သွား၏။

သူသည်လက်ထဲမှ ယပ်တောင်ဖြင့် ကဗျာကယာ ခုခံပေးလိုက်ပြီး နောက်သို့ခြေလှမ်းဆုတ်လိုက်ရသည်။

သို့သော်. . .

ဝေရီ၏တိုက်ခိုက်မှုမှ လွတ်မြောက်အောင်ရှောင်တိမ်းသွားနိုင်စွမ်းမရှိပါချေ။

ဝေရီ၏ လက်ဝါးနှစ်ဖက်သည် ရုတ်တရက် လက်ဝါးပုံသဏ္ဌာန်မှ လက်သီး ပုံဟန်ပြောင်းသွားပြီး မင်းသားလေးတုစန်း၏ ကာရံထားသော ယပ်တောင်ကို ထိုးချမိလိုက်လေသည်။

"ဟင်. . ."

ဝေရီ၏ လက်သီးဒဏ်ကြောင့် ယပ်တောင်မှာ အစိတ်စိတ်အမွှာမွှာ ပဲ့ကြွေသွားသည်။

သို့သော်. . .

သူသည် ကြမ်းပြင်ပေါ်သို့ခြေတစ်ချက်ဆောင့်လိုက်ပြီး အပေါ်သို့ ခုန်ထွက်လိုက်ကာ မင်းသားလေးတုစန်းထံခုန်အုပ်လိုက်၏။

တစ်ဆက်တည်းပင်. . .



သူ၏ခြေထောက်နှစ်ဖက်သည် ရှေ့ဆင့်နောက်ဆင့်ပင် မင်းသားလေးတုစန်းကို ကန်လိုက်၏။

မင်းသားလေးတုစန်းမည် သို့မျှ မတတ်နိုင်တော့ချေ။

သူသည် ရှောင်၍မလွတ်မှန်း သဘောပေါက်လိုက်သောကြောင့်နောက်ဆုံးအကြိမ်စွန့်စားသည့်အနေဖြင့် လက်တစ်ချက်ဝှေ့ယမ်းလိုက်ကာ ခုန်အုပ်လာသော ဝေရီထံသို့လက်နက်ပုန်းများဖြင့် ပစ်လွှတ်မိလေ၏။

တစ်ဆက်တည်းမှာပင်ခန္ဓာကိုယ်ရှေ့သို့ဝမ်းလျားထိုး မှောက်လိုက်ပြီး ကြမ်းပြင်ပြေပေါ်သို့ လိမ့်ကာ ရှောင်တိမ်းလိုက်သည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်. . ."

လက်နက်ပုန်းများကဝေရီထံတိုးဝင်လာသည်။

ဝေရီ မဲ့ပြုံးပြုံးလိုက်၏။

"မင်း ဘာတတ်နိုင်မှာလဲ"

အော်ငေါက်ယင်းလေထဲတွင်ပင်တပတ်ကျွမ်းပစ်လိုက်ပြီး အပေါ်သို့ထပ်မံခုန်တက်လိုက်သည်။ သူ၏လှုပ်ရှားမှုသည် တိကျမှန်ကန်နေသောကြောင့် မင်းသားလေး တုစန်းပစ်လွှင့်လိုက် သောဓားပျံ နှစ်လက်မှာ သူ၏ခြေထောက်အောက်မှပွတ်ကာသီကာ လွဲချော်သွား၏။

ထိုစဉ်မှာပင် ဝေရီ၏ ခန္ဓာကိုယ်သည် အပေါ်မှနေ၍ စွန်တစ်ကောင် အစာချီရန် အောက်သို့ထိုးစိုက်ဆင်းလာသည့် အလားထိုးကျလာ၏။ ကြမ်းပြင်ပေါ်သို့ လူးလိမ့်ရှောင်တိမ်း သွားသည့် မင်းသားလေး တုစန်း၏ခန္ဓာကိုယ်ပေါ်သို့ ကျသွားသည်။

မင်းသားလေးတုစန်းက ကြက်သေသေသွား၏။

သူ၏ တိုက်ကွက်များသည် ထိရောက်ခြင်းမရှိသည့်အပြင် အန္တရာယ်အားဖိတ်ခေါ်လိုက်သကဲ့သို့ ရှိနေသည်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သူသည်ကြမ်းပြင်ပေါ်တွင်ဝမ်းလျားထိုးအနေအထား ရှိနေသော ကြောင့်ဘေးလွတ်ရာသို့ ရှောင်တိမ်းရန်မဖြစ်နိုင်တော့ချေ

ရှုတ်တရက် . . .

သူ၏ခန္ဓာကိုယ်သည် ပက်လက်အနေအထားသို့ ပြောင်းလဲသွားပြီး ခြေထောက်နှစ်ဖက်အပေါ် မှမိုး၍ တိုက်ခိုက်လာ သောဝေရီ ထံသို့ဆတ်ခနဲ ကန်ထုတ်လိုက်သည်။

ဝေရီ က မင်းသားလေးတုစန်း ၏ တိုက်ကွက်အားတွေ့မြင်လိုက်ရသောအခါ မင်းသားလေးတုစန်းမှာ သိုင်းပညာမခေကြောင်း သဘောပေါက်လာသည်။

သူက မင်းသားလေးတုစန်းအား သုတ်သင်ပစ်ရန် ဆုံးဖြတ်ထားပြီဖြစ်သည်။

ထို့ကြောင့် . . .

မည်နည်းနှင့် မျှနောက်ဆုတ်လိမ့်မည် မဟုတ်ပါချေ။ ရှုတ်တရက် . . .

သူ၏ခန္ဓာကိုယ်က မင်းသားလေးတုစန်း၏ အပေါ်သို့ ခုန်အုပ်မိရန် အနည်းငယ်မျှအလိုတွင် ကိုယ်ကိုတစ်ပတ်တွန့်လိမ့်ကာ မင်းသားလေးတုစန်း ကန်ချလိုက်သော ခြေထောက်ကန်ချက်အား ရှောင်တိမ်းလိုက်သည်။

ထို့နောက် . . .

လက်နှစ်ဖက်က ကန်ချက် လွဲချော်သွားသော မင်းသားလေး တုစန်း၏ ခြေထောက်ပေါ်သို့ ခပ်စွေစွေ ခုတ်ချလိုက်လေသည်။

သူ၏လှုပ်ရှားမှုသည် အလွန်ပင် မြန်နေပြီးသူ၏ ခြေထောက် ကြမ်းပြင်ပေါ်သို့ ပြန်လည် မတွေ့ထိမီ လေထဲ၌ပင် တိုက်ကွက်ပြောင်းကာတိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

"ဟင်"



မင်းသားလေးတုစန်း မျက်နှာ ကွက်ခနဲပျက်သွား၏။

သူ၏ခြေထောက်ကန်ချက်လွဲချော်သွားသည်နှင့်တပြိုင်နက် သူ့အတွက် အခြေအနေမဟန်တော့ကြောင်း သူသတိပြုမိလိုက်သည်။

အကယ်၍သာ . . .

သူကခြေထောက်အား အနောက်သို့ ပြန်လည်ရုပ်သိမ်းလိုက်ပါက ဝေရီ၏ လက်ဝါးစောင်းခုတ်ချက်ကြောင့် ခြေနှစ်ဖက်စလုံးကျိုးသွားနိုင်ကြောင်း သူက သဘောပေါက်ထားသည်။

ထို့ကြောင့် . . .

ရှေ့သို့ဆန့်တန်းကန်ထုတ်လိုက်သော ခြေထောက်နှစ်ဖက်ကို ပြန်လည် ရုပ်သိမ်းခြင်းမပြုဘဲ အားယူလိုက်ကာ ကြမ်းပြင်နှင့် ထိကပ်ထားရာမှ အားယူခုန်ထလိုက်သည်။

မင်းသားလေးတုစန်းသည် သိုင်းပညာနှင့် အတွင်းအား ကို ထူးလေ့ကျင့်ခဲ့သည့် သိုင်းသမားတစ်ယောက်ဖြစ်သောကြောင့် ခြေထောက်ကိုအားယူ၍ခန္ဓာကိုယ် လှုပ်ရှားရသည်မှာ ခဲယဉ်းခြင်းမရှိချေ။

သို့သော် . . .

သူကယင်းသို့လှုပ်ရှားလိုက်သည်မှာ မဟာအမှားပင်ဖြစ်၏။

ဝေရီက ခန္ဓာကိုယ် တစ်ပတ်လှည့်လိုက်ပြီး ကြမ်းပြင်ပေါ်သို့ ခြေချလိုက်ပြီဖြစ်သည်။

သူက ကြမ်းပြင်ပေါ်သို့ ခြေချလိုက်မိသည် နှင့် တစ်ပြိုင်နက် ရုတ်တရက် အားယူရန် ထလာသောမင်းသားလေးတုစန်းထံသို့ ခြေထောက်တစ်ဖက်မြှောက်ကာ ကန်ချလိုက်သည်။

မင်းသားလေးတုစန်းမှာ ခန္ဓာကိုယ် ကြမ်းပြင်ပေါ်မှကြွလာမှ ဖြစ်သောကြောင့် မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်းမရှိပါချေ။

သူသည် ထိတ်လန့်ကြောက်ရွံ့လွန်းသဖြင့် ကြံရာမရဖြစ်ကာ လက်နှစ်ဖက်ဖြင့်ဝေရီ ၏ခြေထောက်အားဖမ်းဆုပ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် . . .

ဝေရီ၏ နောက်ထပ် ခြေထောက်တစ်ချောင်းကအပေါ်သို့ မြောက်တက်လာပြီး သူ၏ခန္ဓာကိုယ်ကိုကန်ချလိုက်မိလေသည်။

"ဝုန်း. . ."

မင်းသားလေးတုစန်းမှာ အသံပင်မထွက်နိုင်ဘဲ အဝေးသို့လွင့်စဉ်သွားသည်။

အမှန်မှာ. . .

ဝေရီက ခြေထောက်ဖြင့်ကန်ချလိုက်သောအခါ မင်းသားလေး တုစန်းက ရှောင်တိမ်းနိုင်းစွမ်းမရှိတော့သဖြင့် လက်နှစ် ဖက်ဖြင့် ဖမ်းဆုပ်ထားလိုက်၏။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် ဝေရီက ဖမ်းဆုပ်ခြင်းခံရသော ခြေထောက်ပေါ်သို့ ခန္ဓာကိုယ်ဟန်ချက်အဖြစ် အားယူလိုက်ကာ ကြမ်းပြင်ပေါ်တွင် ရပ်လျက်ရှိသောနောက်ထပ် ခြေထောက်တစ်ဖက်အား အကျိုးရှိစွာ အသုံးချလိုက်ခြင်းဖြစ်သည်။

ယခု. . .

ဝေရီက အနိုင်ရရှိလိုက်ပြီဖြစ်သည်။

မင်းသားလေတုစန်းမှာမူ အခန်းထောင့်တစ်နေရာသို့ လွင့်စင်သွားပြီး ပြန်ထလာနိုင်စွမ်းမရှိတော့ချေ။

သူသည် အသက် သေဆုံးသွားခြင်းမရှိသေးသော်လည်း ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီဖြစ်သောကြောင့် နောက်ထပ် မတရားမှုများဆက်လက်ပြုလုပ်နိုင်စွမ်းမရှိတော့ဘဲ အမိုက်ဇာတ်သိမ်းသွားသည်။

မင်းသားလေး တုစန်း ရှုံးနိမ့်သွားသည်နှင့် တစ်ပြိုင်နက် တိုက်ပွဲ၏ အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေတော့သည်။

လို့ကို့ထန်၏ နဖူးပေါ်မှ ချွေးများက စီးဆင်းကျလာနေ၏။



သူ၏ကြိုးဆက်တုတ်သည် ခိုင်ခန့်သောတံတိုင်းကြီးတစ်ခု သဖွယ် မာကွန်ပင် ၏ တိုက်ခိုက်မှုကိုခုခံနိုင်ခဲ့ပြီး တစ်ဖန်ပြန်လည်၍ပင်တိုက်ခိုက်နိုင်စွမ်းရှိခဲ့သည်။ သူ၏သိုင်းပညာမှာလည်း မာကွန်ပင်နှင့် မကွာလှသဖြင့် အကြိတ်အနယ် ဖြစ်နေသည်။

သို့သော်. . .

ယင်းအခြေအနေမှာဝေရီရောက်မလာသေးမီ ဖြစ်နေ၏။

ဝေရီက မာကွန်ပင်အား ကူညီရန်ရောက်ရှိလာသောအခါ သူ၏ ကြိုးဆက်တုတ်သည် တိုက်ခိုက်ရန်မဆိုထားနှင့် ခုခံရန်ပင် မလွယ်ကူတော့ချေ ။ သူခံစစ် သက်သက်ဖြစ်သွားသည်။

ထို့ကြောင့် . . .

သူကနောက်သို့ တစ်စထက်တစ်စ ဆုတ်သွားရလေတော့သည်။

မာကွန်ပင်က အားတက်သွား၏။

သူ၏ပခုံးနှင့် နောက်ကျောပေါ်တွင် ဒဏ်ရာအချို့ရရှိထားပြီဖြစ်သည်။

သို့သော် သူကအလျှော့မပေးဘဲ လို့ကို့ထန်အား တရကြမ်းပင် တိုက်ခိုက်နေ၏။

ထိုစဉ်မှာပင် ဝေရီက သူတို့အနီး သို့ပြေးလွှားရောက်ရှိလာပြီးဝင်ရောက်တိုက်ခိုက်လိုက်သောကြောင့် မာကွန်ပင်မှာ အသက်ရှူချောင်သွားရသည်။ တစ်ယောက်နှင့်တိုက်ရသည်ထက် နှစ်ယောက်နှင့်ပေါင်းတိုက်ရသည်က ပို၍လွယ်ကူသည် မဟုတ်ပါလား။

လို့ကို့ထန်အား ပို၍ပင် ဖိအားပေးတိုက်ခိုက်လာနိုင်သည် မဟုတ်ပါလား ။

သူတို့နှစ်ယောက်သည် သိုင်းကွက်ပေါင်း တစ်ရာကျော်မျှ တိုက်ခိုက်လာကြပြီ ဖြစ်သည်။

www.burmeseclassic.com



သိုင်းကွက်တစ်ရာကျော်လာသည်နှင့်အမျှ လို့ကို့ထန်၏ တိုက်ကွက်များမှာ တစ်စထက်တစ်စ ပြင်းထန်လာနေကြောင်း သူက သတိ ပြုမိလိုက်သည်။

အကယ်၍သာ. . .

ဝေရီက အချိန်မီမရောက်လာပါက မိမိရှုံးနိမ့်သွားနိုင်ကြောင်း မာကွန်ပင်က တစ်ထစ်ချ ယုံကြည်ထား၏။

ဝေရီ ရောက်ရှိလာသည် နှင့် တစ်ပြိုင်နက်သူသည် ခွန်လွန်တောင်၏ ထူဆန်းထက်မြက်သော ဓားကွက်များနှင့် လက်ဝါးကွက်များအားပူးပေါင်းကာ အသုံးချလေတော့သည်။

ထိုအခါ နောက်ထပ်သိုင်းကွက် သုံးဆယ်ခန့်သို့ ရောက်ရှိလာသည်။

လို့ကို့ထန်မှာ နောက်သို့ တစ်ဆုတ်တည်း ဆုတ်နေရတော့သည်။

ယခု. . .

မာကွန်ပင် နှင့် ဝေရီက အသာစီးရရှိလိုက်ကြပြီ ဖြစ်ပါသည်။

နောက်ထပ်သိုင်းကွက်အနည်းငယ်မျှ ထပ်မံတိုက်ခိုက်လိုက်သောအခါ တံတိုင်းသဖွယ် ကာရံထားသော လို့ကို့ထန် ၏ကြိုးဆက်တုတ်သိုင်းကွက်အား ပယ်ဖျက်နိုင်လိမ့်မည် ဖြစ်ကြောင်း မာကွန်ပင်နှင့် ဝေရီတို့က ယုံကြည်ထားကြသည်။

ထို့ကြောင့်. . .

သူတို့နှစ်ယောက်က အားမာန်ပို၍စိုက်ထုတ်လိုက်ကြကာ လို့ကို့ထန်အားဖိ၍ တိုက်ခိုက်လိုက်၏။

မာကွန်ပင် ၏ ဓားရှည်သည် သိုင်းကွက်တစ်ကွက် ထုတ်ဖော်လိုက်သည် နှင့် တပြိုင်နက် သိုင်းကွက် ငယ်ပေါင်းမြောက်မြားစွာ အဖြစ်သို့ပြောင်းလဲသွားပြီး လို့ကို့ထန်၏ တစ်ကိုယ်လုံးသို့လွှမ်း ခြုံထားလိုက်သည်။ ဓားရိပ်များစွာ ဖြစ်ပေါ်လာနေသောကြောင့် လို့ကို့ထန်က



မည်သို့ ခုခံရမှန်းမသိဖြစ်သွား၏။

မည်သည်ကဓားကွက် အတု မည်သည်ကဓားကွက်အစစ် ဟု၍ ခွဲခြားသိနိုင်စွမ်းရှိတော့မည် မဟုတ်ပါ။

မာကွန်ပင်က သိုင်းကွက်ပြောင်းလဲ တိုက်ခိုက်လိုက် သည်နှင့် တစ်ပြိုင်နက်ဝေရီက ပြူးလိုက်ပြီ လက်နှစ်ဘက်တွင် အတွင်းအားစုစည်း လိုက်ကာ လို့ကို့ထန်ထံသို့ တွန်းထုတ်လိုက်သည်။

သူတို့နှစ်ယောက် ၏တိုက်ခိုက်ပုံမှာ ဆန့်ကျင်ဘက် သိုင်းပညာဖြင့် တိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

တစ်ယောက်က ဟန်ပြဓားကွက်များ ဓားကွက်အစစ်များ ဖြင့် မျက်စိရှုပ်အောင် တိုက်ခိုက်လိုက်ပြီး ကျန်တစ်ယောက်မှာ မူအဟုန်ပြင်းသောအတွင်းအားကို ပို့ဆောင်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

"ဟင်. . ."

လို့ကို့ထန် ရင်ထိတ်သွား၏။

မာကွန်ပင် နှင့်ဝေရီတို့၏ တိုက်ကွက်မှာ ဟာကွက်မရှိပြည့်စုံနေသောကြောင့် သူကမည်သို့ရှောင်တိမ်းရမှန်းမသိဘဲ ဖြစ်သွားလေတော့သည်။

ထို့ကြောင့်. . .

သူသေကိုသေ တိုက်ခိုက်မှသာဖြစ်နိုင်မည်ဟု သဘောပေါက်လိုက်သောကြောင့် အဆက်မပြတ် ဝှေ့ယမ်းတိုက်ခိုက် နေသော ကြိုးဆက်တုတ်အားရုပ်သိမ်းလိုက်ပြီး လက်ဖဝါးမှတစ်ဆင့် ကြိုးဆက်တုတ်ပေါ်သို့ အတွင်းအား ပို့ဆောင်ကာရှေ့သို့ ဆတ်ခနဲဆန့်ထုတ်လိုက်သည်။

ကြိုးဆက်တုတ်သည် ပြင်းထန်သောအားအရှိန် ဖြင့်မြွေဟောက် တောင်အလား ဆတ်ကနဲရှေ့သို့ ထိုးသွင်းလိုက်လေ၏။

ကြိုးဆက်တုတ်က ရှေ့သို့ တန်းလာသည်နှင့် တစ်ပြိုင်နက်

www.burmeseclassic.com



လွှမ်းခြုံတိုက်ခိုက်လျက်ရှိသော မာကွန်ပင်၏ ဓားရိပ်များက ပျောက်ကွယ်သွားသည်။

သို့သော်. . .

သူကခုခံရန်နှင့် နောက်ဆုတ်သွားရန်ရည်ရွယ်လိုက်ခြင်းမဟုတ်ပါ။ကြိုးဆက်တုတ်က မြွေတစ်ကောင်အလား ရှေ့သို့ဆန့်ထုတ်လာသည်နှင့် တစ်ပြိုင်နက်မာကွန်ပင်၏ ဓားကဆန့်ထုတ်လာသည့် ကြိုးဆက်တုတ်အတိုင်းကပ်လျက်ရွေ့လျှားသွားကာ လို့ကို့ထန်၏ ရင်ဝသို့ ခုတ်ချလိုက်သည်။

လို့ကို့ထန်က သဘောကျသွား၏။

မာကွန်ပင်မှာ သူဆင်ထားသော ထောင်ချောက်သို့ ရောက်လာပြီမဟုတ်ပါလော။

မာကွန်ပင်၏ ဓားက ကြိုးဆက်တုတ်အတိုင်းကပ်လျက်ရွေ့လျားပြီး အဆုံးသို့ရောက်ကာနီးတွင် လို့ကို့ထန်က လျှပ်တပြက်လက်ထဲမှကြိုးဆက်တုတ်ကိုလွှတ်လိုက်ပြီး ခါးကြားမှ ဓားပါးလေးတစ်လက်အား ဆွဲထုတ်လိုက်၏။

ထိုနောက်. . .

မာကွန်ပင် ၏ ရင်ဝသို့ လျှပ်တစ်ပြက် စိုက်ချလိုက်သည်။

မာကွန်ပင်က ရင်ထိတ်သွား၏။

သူသည် ကြိုးဆက်တုတ်ပေါ်သို့ ဓားဖြင့် ဖိကပ်ကာ လို့ကို့ထန်အားဖိတိုက်လိုက်စဉ်က လို့ကို့ထန်ကကြိုးဆက်တုတ်ကို လွှတ်လိုက်မည်မဟုတ်ဘဲ သိုင်းကွက်တစ်မျိုးပြောင်းလဲကာ သူကိုတိုက်ခိုက်လာမည်ဟု သူမျှော်လင့်ထားခဲ့သည်။

သူမျှော်လင့်ထားသလိုဖြစ်မလာခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် လို့ကို့ထန်က ကြိုးဆက်တုတ် အားလက်လွှတ်လိုက်သောကြောင့်တည်း ။



ထို့အပြင် . . .

သူ၏ ရင်ဝသို့ဓားပါးငယ်ဖြင့် ထိုးစိုက်လိုက်ပြီမဟုတ်ပါလော။

မာကွန်ပင် မှာ ကြောင်အမ်းအမ်းဖြစ်သွားပြီး မည်သို့ရှောင်တိမ်းရမှန်း မသိဖြစ်သွားသည်။ သူနဝေတိမ်တောင်ဖြစ်သွားသည်။ ထိပ်တန်းသိုင်းသမားများအဖို့ နဝေတိမ်တောင်ဖြစ်ခြင်းမှာသေခြင်းပင်တည်း။

ထိုစဉ်မှာပင်. . .

“ဖယ်စမ်း”

ကျယ်လောင်သောအော်ငေါက်သံနှင့် အတူလူတစ်ယောက်က သူတို့နှစ်ယောက်အကြားသို့ လျှပ်တစ်ပြက် တိုးဝင်လာသည်ကို သိရှိလိုက်လေ၏။

ထိုလူသည် သူတို့နှစ်ယောက်အကြားသို့ ရောက်ရှိလာသည်နှင့်တပြိုင်နက် လက်တစ်ဘက်က ကြောင်အမ်းအမ်းဖြစ်နေသော မာကွန်ပင်အား အဝေးသို့တွန်းထုတ်လိုက်ပြီး ကျန်လက်တစ်ဖက်က တိုက်ခိုက်လာသော လို့ကို့ထန်အား လက်ဝါး ဖြင့်ရိုက်ချလိုက်သည်။

အဖြစ်အပျက်များသည် အလွန်လျင်မြန်နေပြီး မထင်မှတ်ဘဲ ဖြစ်ပေါ်လာသောကြောင့် လို့ကို့ထန်က ထိတ်လန့်သွား၏။

သူသည် ယင်းကဲ့သို့ အခြေအနေ ပြောင်းလဲသွားမည်ဟု မထင်မှတ်ပဲ အပိုင်တွက်ထားသဖြင့် နောက်ဆုတ်ရန် အချိန်မရှိတော့ပါချေ။

နောက်ဆုတ်ရန်အချိန်မရ လိုက်သကဲ့သို့ မာကွန်ပင်ထံ သို့ ထိုးသွင်းလိုက်သော ဓားပါးငယ်ကိုရုပ်သိမ်းရန်လည်း အချိန် မရခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်. . .

ကြားမှဝင်ရောက်လာသူ၏ လက်ဝါးက သူ၏ရင်ဝသို့ ရိုက်ချ လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏လက်ထဲမှဓားပါးငယ်က မာကွန်ပင်၏ ကိုယ်စားကြားဝင်လာသူ၏ ရင်ဝသို့ စိုက်မိလိုက်လေတော့သည်။

"ဝုန်း"

"အား"

စူးရှသောအသံများ ကျယ်လောင်စွာထွက်ပေါ်လာပြီး လို့ကို့ ထန် ၏ ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်စဉ်သွားလေသည်။

သူ၏ရင်ဝသို့ ရိုက်ချခံလိုက်ရသောလက်ဝါးဒဏ်မှာ အရှိန် ပြင်းထန်နေသဖြင့် သူ၏ခန္ဓာကိုယ်သည် နောက်သို့ နှစ်လံ ကျော်ကျော် မျှ လွင့်စင်သွားပြီး ဟုန်ဆင်းတည်းခိုခန်း နံရံနှင့် ဆောင့် မိသွားလေ သည်။

ထိုသို့ဆောင့်လိုက်မှသူ၏ကိုယ်မှာ အရှိန်ရပ်တန့်သွား၏။

လို့ကို့ထန် ပြန်လည်လူးလိမ့်ထလိုက်သော်လည်း သူ၏နှုတ် ခမ်းမှ သွေးများကျလာပြီးခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားသည်။

မာကွန်ပင် မျက်လုံးပြူးသွားသည်။

ယခု လို့ကို့ထန် က သေဆုံးသွားပြီဖြစ်သည်။

သူသည် မိမိ၏အသက်ကိုအချိန်မီဝင်ရောက် ကယ်တင် လိုက်သူအားကြည့်လိုက်သောအခါ ဝေရီဖြစ်နေသည်ကိုတွေ့မြင် လိုက်ရသည်။

ဝေရီက မာကွန်ပင်အားပြုံးပြလိုက်သည်။

သို့သော်. . .

သူ၏အပြုံးမှာ ဝိသသောအပြုံးဖြစ်မလာပါချေ။ မာကွန်ပင်



ရင်ထိတ်သွားပြီး

"ခင်ဗျား. . . ခင်ဗျား ဒဏ်ရာရသွားတယ်မဟုတ်လား"

ဝေရီခေါင်းညိတ်လိုက်သည်။

ထို့နောက်. . .

အားအင်ချိနဲ့သောလေသံဖြင့်. . .

"မင်းတို့သည်က မြန်မြန်လေးထွက်သွားကြပါ"

သူသည် ပြောယင်း မင်းသားလေးတုစန်းဘက်သို့ လက်ညိုး ညွှန်ပြလိုက်ပြီးဆက်ပြောသည်။

"သိုင်းသမားလီအင်းကို ဘယ်လိုထောင်ချောက်ဆင်ထား သလဲဆိုတာသူ့ကို ရအောင်မေးပြီး လီအင်းကိုကယ်တင်ပါ"

သူသည် ပြောရင်း ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားကာရှုံ့မဲ့ သွားသည် ။

မာကွန်ပင်က ရင်ထိတ်သွား၏။

သူသည်ဝေရီမှာ အခြေအနေမဟန်မှန်း သိလိုက်သဖြင့် ဖေးမရန်အနီးသို့ လျင်မြန်စွာချဉ်းကပ်သွားစဉ်မှာပင် ဝေရီ၏ ခန္ဓာကိုယ် မှာ ယိမ်းယိုင်သွားပြီး ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွား လေတော့သည်။

"ဝေရီ"

မာကွန်ပင် ၏ အသံက စူးရှစွာ ထွက်ပေါ်လာ၏။

သို့သော်. .

ဝေရီကကြားနိုင်စွမ်းမရှိတော့ပါချေ။ တိုင်းပြည်အတွက် သူ့ အသက်ကို ပေးအပ်သွားလေပြီ။

သူ၏ရင်ဝ၌ လို့ကို့ထန်၏ ဓားပါးငယ်က အရိုးထိ စိုက်ဝင်

www.burmeseclassic.com

www.burmeseclassic.com



နေပြီဖြစ်သည်၊

မာကွန်ပင်သည် ဝေရီ၏ ရင်ဝမှ တစိမ့်စိမ့် ယိုစီးကျနေ သော သွေးများအားကြည့်လိုက်ပြီးမိမိ၏ ခန္ဓာကိုယ်အတွင်းမှ သွေးများ ကုန်ခန်းသွားသည်ဟု ခံစားလိုက်ရလေတော့သည်။

❑ ❑ ❑

အခန်း(၁၁)

## ရှပ်ဖျက်သူ၏နိဂုံး

အမှောင်ထုသည် လွင့်ပါးပျောက်ကွယ်စပြုလေပြီ။

အရှေ့ဘက်မှနေဝန်းသစ်က ထွက်ပေါ်လာရန်ဟန်ပြင်လို့ နေဆဲ ကာလဖြစ်သည်။

အရုဏ်ဦးရောင်ခြည်များသည် အမှောင်ထုအား စစ်ခင်း သျှက်ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာရောက်ရှိလာနေ၏။

ကောင်းကင်တစ်ခုလုံးမှာ ကြည်ပြာရောင် သန်းနေပြီး နီဝါ ရောင် သန်းနေသည်ဟုလည်း ထင်မှတ်ရ၏။

အဝေးမှ ကြက်တွန်သံများက ဟိုမှာ တစ်ချက် သည်မှာ တစ်ချက် ထွက်ပေါ်လာနေပြီဖြစ်သည်။

မကြာမီ မိုးလင်းတော့မည်ဖြစ်ပါသည်။

ဟုန်ဆင်းတည်းခိုခန်းသည် အရုဏ်ဦးရောင်ခြည် အောက်၌ ရေပြင် အလားပကတိ ငြိမ်သက်စွာ ရှိနေလေသည်။

ဟုန်ဆင်းတည်းခိုခန်းနှင့် ဝန်းကျင်တစ်ခုလုံးမှာမူ တိတ်ဆိတ် ငြိမ်သက်နေသော်လည်း ဟုန်ဆင်းတည်းခိုခန်း အတွင်းရှိလူများ၏ ရင်တွင်း၌ ဗလောင်ဆူနေကြလေတော့သည်။

ယခု...

www.burmeseclassic.com

www.burmeseclassic.com



ဝေရီမှာ တိုက်ပွဲတွင် ကျဆုံးသွားခဲ့သည်။

မမျှော်လင့် မထင်မှတ်ဘဲ တန်းဖိုးနည်းစွာ သေဆုံးသွားရခြင်း ဖြစ်လေသည်။ ပေးရသောတန်ဖိုးနှင့် ရရှိသော အကျိုးမှာ မမျှတချေ။

ဝေရီသေဆုံးသွားပြီဖြစ်သောကြောင့် ဝမ်းနည်းကြေကွဲ ယူကျုံးမရဖြင့် အချိန်ကုန်နေမည့်အစား ဝေရီ မှာကြားခဲ့သည့် စကားများကို အကောင်အထည်ဖော် လိုက်သည်က ပို၍ကောင်းမွန်ကြောင်း မာကွန်ပင် သိသည်။

မာကွန်ပင်က ဝေရီ၏ အလောင်းကို ရင်ခွင်ထက်မှကြမ်းပြင်ပေါ်သို့ ငြင်သာစွာ ချလိုက်ပြီး ငြိမ်သက်စွာ လဲလျောင်းနေသည့် မင်းသားလေးတုစန်းထံသို့ လျှောက်သွားသည်မင်းသားလေးတုစန်းမှာအသက်ပြင်းထန်စွာ ရှူရိုက်လျှက် ငြိမ်သက်စွာလဲလျောင်းနေ၏။

သူသည် တိုက်ပွဲ အခြေအနေကို တွေ့မြင်ထားပြီး ဖြစ်သည်။

သူ၏ ဘက်တော်သားများသည် တိုက်ပွဲတွင်တစ်ယောက်မကျန် ကျဆုံးသွားကြပြီ။ မိမိတစ်ယောက်သာ အသက်ရှင်လျက်ကျန်ရစ်ခဲ့သည် မဟုတ်ပါလော။

ယခု. . .

မာကွန်ပင်က မျက်လုံးပြူးကျယ်စွာဖြင့် သူ့အားစိုက်ကြည့်နေသော မင်းသားလေးတုစန်းအား တစ်ချက်ကြည့်လိုက်ပြီးမေးခွန်းထုတ်သည်။

"လီအင်း ဘယ်မှာလဲ"

သူ၏အသံက အေးစက်မာကျောနေသည်။

အကယ်၍သာ. . .



မင်းသားလေးတုစန်းက သူ့မေးခွန်းကို လိမ်ညာ၍ဖြေဆိုသည်ဖြစ်စေ ပြန်လည် ဖြေကြားခြင်းမပြုသည်ဖြစ်စေ ယင်းကဲ့သို့ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် သူက မင်းသားလေးတုစန်းအား ချက်ချင်းသတ်ပစ်လိုက်မည်မှာ သေချာလှသည်။

သို့မဟုတ်. . .

သူ့အား အခံရခက်လောက်အောင် နှိပ်စက်မည်မှာ သေချာလှသည်။

ထို့ကြောင့်. . .

မင်းသားလေးတုစန်းက လိမ်ညာပြောဆိုရန် မဝံ့ရဲ တော့ချေ။ သူ့အနေဖြင့် အသေခံလျှင်ခံ အသေမခံနိုင်လျှင် အမှန်အတိုင်း ဝန်ခံ၊ ဒါပဲရှိသည်။ သူသည် အောက်လမ်းသိုင်းသမားဖြစ်သော်လည်းအသက်ကိုတော့ခင်တွယ်သည်။အမှန်အတိုင်းဝန်ခံရန်သူဆုံးဖြတ်လိုက်သည်။

❑ ❑ ❑

ဖုံထူထပ်သော လွင်စန်းတောင်ခြေသည် အဝေး၌ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

လွင်စန်းတောင်ခြေ ဒေသတဝိုက်ကို ကျော်လွန်လာသည်။ နှင့်တပြိုင်နက် နေကျဲကျဲ တောက်ပူပြီး ခြောက်သွေ့နေရာမှ စိမ်းစိုလန်းဆန်းသော သစ်တောအုပ်များကို စတင်တွေ့မြင်လာရသည်။

မကြာမီ. . .

လီအင်း ၊ ရှောင်ကွမ်းနှင့် သိုင်းသမားလင်းဟုန်တို့သည် စမ်းလန်းစိုပြေသော သစ်တောအုပ်များအတွင်း သို့ရောက်ရှိ လာကြ

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။ အပူရှိန် ပြင်းထန်သောတောင်ခြေတစ်ဝိုက်မှ အေးမြသော အရိပ်အာဝါသ ရှိသည့် သစ်တောအုပ်တစ်ခု အတွင်းသို့ ရောက်လာကြသောအခါ လီအင်းနှင့် ရှောင်ကွမ်းတို့ မှာ စိတ်ရွှင်လန်းသွားကြ၏။

စိတ်ရွှင်လန်းလာသည်နှင့် တပြိုင်နက် အနားယူလိုသောစိတ်များ ဖြစ်ပေါ်လာသည်။

သို့သော်. . .

သူတို့က အနားယူရန်မဖြစ်နိုင်ချေ။

ကျင်းလိမ်မြို့သို့ အချိန်မီရောက်ရှိနိုင်ရန်အရေးကြီးနေသည် မဟုတ်ပါလား . . .။

ထို့ကြောင့်. . .

လီအင်းနှင့် ရှောင်ကွမ်းတို့ကညည်းညူခြင်းမပြုကြဘဲ ခရီးပြင်းဆက်ခဲ့ကြသည်။

သို့သော် . . .

သူတို့အတန်ကြာ ခရီးသွားလိုက်မိသည်နှင့် ခရီးဆက်သွားရန်မဖြစ် နိုင်တော့ချေ။

အဘယ်ကြောင့်ဆိုသော်. . .

သူတို့၏ သွားရာလမ်းပေါ်၌မြင်းတစ်စီးက ပိတ်ဆို့ရပ်တန့်ထားနေသည် မဟုတ်ပါလော. . ။ လီအင်း ရှောင်ကွမ်းနှင့် သိုင်းသမား လင်းထုန်တို့က မြင်းကို ရပ်တန့်လိုက်ကြရလေသည်။

သူတို့သည် မြင်းကိုရပ်တန့်လိုက်ကြသည်နှင့် တစ်ပြိုင်နက် လမ်းပိတ်ဆို့ရပ်တန့်ထားသူအား သေချာစွာတွေ့မြင်လိုက်ရ၏။

ထိုလူအားတွေ့မြင်လိုက်ကြရသည်နှင့် တပြိုင်နက် လီအင်း



နှင့် ရှောင်ကွမ်းတို့က ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။

"ကိုရှောင်" ဟု

ပြိုင်တူလွှတ်ခနဲခေါ်မိလိုက်လေတော့သည်။

ကိုရှောင်က မြင်းပေါ်မှ ဆင်းလိုက်ပြီး ဖြစ်သည်။

သူသည် မြင်းပေါ်မှဆင်းလိုက်သည်နှင့် တပြိုင်နက် ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။ သူဟန်ပန်ကရန်လိုသည့်ဟန်ပန်ဖြစ်နေ၏။

ကိုရှောင်ကို မတွေ့ရသည်မှာ ကြာပြီဖြစ်သောကြောင့် ကိုရှောင်မှာ ပို၍ ယောကျာ်းပီသလာပြီး ရဲဝံ့သော လုလင် တစ်ယောက်၏ ပုံဟန်ပေါက်လာသည်ဟု ထင်မှတ်မိလိုက်သည်။

သို့သော်. . .

ကိုရှောင်၏မျက်နှာမှာ ခက်ထန်နေပြီး လက်ထဲတွင် ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသောကြောင့် ကိုရှောင်၏ အပြုအမူကိုသူ သဘောမပေါက်နိုင်ဘဲ ဖြစ်နေသည် ။

ကိုရှောင်မြင်းပေါ်မှ ဆင်းပြီး သူတို့အနီးသို့ လျှောက်လာသည်ကို တွေ့မြင်လိုက်ရသည်နှင့် သိုင်းသမား လင်းထုန်က မဲ့ပြုံးပြုံးလိုက်ပြီး လှမ်းပြောလိုက်လေ၏။

"လက်စသတ်တော့ မင်းက သည်ရောက်နေတာကိုး"

ကိုရှောင်က အေးတိအေးစက်ဖြင့်

"ဟုတ်တယ် ခင်ဗျားကို လာစောင့်နေတာပါဗျာ"

သူ၏စကားကြားလိုက်ရသောအခါ ရှောင်ကွမ်းနှင့် လီအင်းတို့မှာ နားမလည်နိုင်ဘဲ ဖြစ်သွားကြရသည်။

အမှန်ဆိုရင် ကိုရှောင်က သိုင်းသမားလင်းထုန်အား 'ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



ဟုခေါ်ဆိုသင့်သည် မဟုတ်ပါလော။

သိုင်းသမား လင်းထုန်က . . .

"မင်းရိပ်မိသွားပြီ ဟုတ်လား"

"ဟုတ်တယ်"

"သမားတော် စီယင်းကော"

"သူသေသွားပါပြီဗျာ"

ထိုစကားကိုကြားလိုက်ရသောအခါ သိုင်းသမားလင်းထုန်၏ မျက်နှာကွက်ခနဲ ပျက်သွားသည်။ သူသည် ကိုရှောင်အားမယုံကြည်နိုင်စွာ ကြည့်နေသည်။ သူ့စကားကို ယုံရမည်လောဟု တွေဝေနေပုံရသည်။

"သူသေသွားပြီဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူ့လက်ချက်လဲ"

ကိုရှောင်က မဲ့ပြုံးပြုံးလိုက်ပြီး

"ဘယ်သူ့လက်ချက်လဲ ဆိုတာခင်ဗျားသိမှာ ပေါ့ဗျာ "

သူသည် ပြောယင်းသိုင်းသမားလင်းထုန်အား ရွံ့ရှာမုန်းတီးစွာကြည့်လိုက်ကာ . . .

"ခင်ဗျားဟန်ဆောင်ထားတဲ့ သူရဲ့ လက်ချက်ပေါ့ဗျာ"

ဟုတစ်လုံးချင်းပြောချလိုက်သည်။

သူ၏ စကားဆုံးသွားသည်နှင့် သိုင်းသမားလင်းထုန်က တဟားဟားရယ်မောလိုက်သည်။

သူ၏ရယ်မောသံသည် စူးရှပြီး အခံရခက်လှပေသည်။ သိုင်းသမားလင်းထုန်၏ မျက်နှာပေါ်တွင် ထူးဆန်းသောအရိပ် အရောင်



များ ထွက်ပေါ်လာ၏။

သူသည်လျှပ်တပြက်ဆိုသလိုမှာပင်ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်ကာ လီအင်းနှင့် ရှောင်ကွမ်းတို့ အနီး ချဉ်းကပ်သွားသည်။

"ခင်ဗျားတို့မြန်မြန်ပြေးကြပါ"

သူကအော်ဟစ်သတိပေးလိုက်သည်။

သို့သော် . . .

လီအင်းနှင့် ရှောင်ကွမ်းတို့က တုတ်တုတ်မျှပင်မလှုပ်ပါချေ။

သူတို့နှစ်ယောက်သည်မည်သို့မျှ နားမလည်နိုင်ဘဲ ကိုရှောင်အား ကြောင်အမ်းအမ်းဖြင့် စိုက်ကြည့်နေကြ၏။

ကိုရှောင်က ဒေါသထွက်သွားသည်။

"ကျုပ်ပြောနေတာမကြားဘူးလား မြန်မြန်ထွက်"

သူ၏စကားမဆုံးမီမှာပင် သိုင်းသမားလင်းထုန်က မြင်းပေါ်မှ ခုန်ဆင်းလိုက်ကာ ကိုရှောင်ထံသို့ချဉ်းကပ်သွားသည်ကို တွေ့မြင်လိုက်ရသည်။

ကိုရှောင်က အံကိုတင်းတင်းကြိတ်လိုက်ပြီး. . .

"ခင်ဗျားကို ကျုပ်ကြောက်နေတယ်များထင်သလား"

သူသည် ပြောပြီးသည်နှင့် လင်းထုန် ထံသို့ တိုက်ခိုက်ရန် တန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

လီအင်းက ဟန့်တားလိုက်ခြင်းဖြစ်သည်။

သို့သော်. . .

ကိုရှောင်က ရပ်တန့်သွားခြင်းမရှိပါချေ။

လီအင်းက မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com



သူသည် မြင်းပေါ်မှ လျှပစ်တပြက် ခုန်ဆင်းလိုက်ပြီး . . .

"ရုပ်လိုက်ဆိုပြောနေတာ မကြားဘူးလား"

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင် ကိုရှောင်က လင်းထုန်အား တိုက်ခိုက်လိုက်ပြီး ဖြစ်သည်။

လီအင်းက ဒေါသထွက်သွား၏။

မိမိ၏ ဆရာဖြစ်သူကို ပြန်လည်တိုက်ခိုက်သော လူသည် မည်သို့မျှ လူကောင်းတစ်ယောက်မဖြစ်နိုင်ပါချေ။

သူသည် ယင်းသို့ တွေးမိလိုက်သော်လည်း မည်သို့လုပ်ရမှန်းမသိ ကြောင်အမ်းအမ်းဖြစ်နေသည်။

ထိုစဉ်မှာပင် . . .

ကိုရှောင်က လင်းထုန်အားပြင်းထန်စွာတိုက်ခိုက်နေရာမှ အော်ဟစ်သတိပေးလိုက်ပြန်သည်။

"ခင်ဗျားတို့ ထွက်မပြေးကြသေးဘူးလား "

လီအင်းက မျက်နှာမဲ့လိုက်ပြီး

"ခင်ဗျား ကိုယ့်ဆရာကိုပြန်တိုက်ခိုက်သူပဲ ခင်ဗျားစကားကို ဘယ်သူကနားထောင်မှာလဲ"

ထိုစဉ်မှာပင် ကိုရှောင်၏ တိုက်ကွက်ကို အသာအယာ ရှောင်တိမ်းပြီး ကိုရှောင်အားပြန်လည်တိုက်ခိုက်နေသည့် လင်းထုန်ကို တွေ့မြင်လိုက်ရသည်။

ကိုရှောင်က နောက်သို့ ခြေတစ်လှမ်း လျှပ်တစ်ပြက် ဆုတ်သွားပြီး

"သူ့ကိုဘယ်သူကကျုပ်ဆရာလို့ပြောသလဲ ကျုပ်ဆရာက သေသွားပြီဗျ"



ထိုစကားကြားလိုက်ရသောအခါ လီအင်းနှင့် ရှောင်ကွမ်းတို့ မျက်လုံးပြူးသွားကြသည်။

သူတို့က . . .

"ရှင်ဘယ်လိုပြောလိုက်တာလဲ"

"ကျုပ်ဆရာကသမားတော်စီယင်းနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရင်း သေသွားတယ်ဗျ"

"ရှင့်ဆရာ တကယ်သေသွားပြီ ဟုတ်လား "

"ဟုတ်တယ်ကျုပ်တောင် ကံကောင်းလို့ အသက်မသေတာ"

သူ၏စကားကိုကြားလိုက်ရမှပင် ကိုရှောင်မှာတိုက်ပွဲအတွင်းမှလွတ်မြောက်လာ သူတစ်ယောက်ကဲ့သို့ အချို့နေရာများတွင် အဝတ်အစားများစုတ်ပြဲနေပြီး လက်တစ်ဘက်တွင် သွေးများ ပေကျံနေသည်ကို သတိပြုမိလိုက်ကြသည်။

လီအင်းက ရင်ထိတ်သွားပြီးကိုရှောင်နှင့် တိုက်ခိုက်နေသော လင်းထုန်အား ကြည့်လိုက်ကာ . . .

"ဒါဖြင့် သူကဘယ်သူလဲ"

"စကြာ သိုင်းသမား"

ကိုရှောင်၏ စကားကြားလိုက်ရသောအခါ လီအင်းနှင့် ရှောင်ကွမ်းတို့ ထခုန်မိမတတ် ထိတ်လန့်ဖုံ့ဖြသွားကြသည်။ သူတို့သည် တစ်လျှောက်လုံး သိုင်းသမားလင်းထုန် အဖြစ်ဆက်ဆံခဲ့ကြသည် မဟုတ်ပါလော။

ထိုစဉ်မှာပင် ကိုရှောင်နှင့် တိုက်ခိုက်နေသော လင်းထုန်က နောက်သို့ လျင်မြန်စွာ ဆုတ်သွားသည်ကို တွေ့မြင်လိုက်ရ၏။

သူသည် တိုက်ပွဲ မှ လွတ်ရာသို့ ဆုတ်ခွာသွားပြီး သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျွစွာဖြင့် တဟားဟား ရယ်မောလိုက်ကာ မျက်နှာပေါ်မှ မျက်နှာဖုံးစွပ်အား ခွာချလိုက်သည်။

ယခု...

မျက်နှာတုက ကွာကျသွားပြီဖြစ်လေသည်။

မျက်နှာတု ကွာကျသွားသည်နှင့် တစ်ပြိုင်နက် အသက်ငါးဆယ်ခန့် ရှိပြီး ဥပမိ ရုပ်တည်ကြည်ခံ့ညားသော အဘိုးအို တစ်ယောက်၏ မျက်နှာအားတွေ့မြင်လိုက်ရသောအခါ အံ့ဩသွားကြသည်။

ထိုအဘိုးအို၏မျက်နှာပေါ်မှ မျက်နှာဖုံးကွာသွားသည်နှင့် တစ်ပြိုင်နက် ကိုရှောင်က တစ်လုံးချင်းပြောချလိုက်လေ၏။

'စကြာသိုင်းသမား ကောင်းပင် ဆိုတာသူပါပဲခင်ဗျာ'

ကိုရှောင်၏စကားဆုံးသွားသည်နှင့် တစ်ပြိုင်နက် လီအင်းနှင့်ရှောင်ကွမ်း တို့မှာ ပါးစပ်ဟောင်းလောင်းဖြစ်သွားကြလေတော့သည်။

စိမ်းလန်းစိုပြည်သော တောအုပ် အတွင်းရှိသစ်ပင်တစ်ပင်ထက်မှ ငှက်တစ်ကောင်က အလန့်တကြားထ၍ပျံသန်းသွား၏။

ငှက်ပျံသန်းသွားသည် နှင့် တပြိုင်နက် အေးစိမ့်သော လေကတစ်ချက်ဝှေ့ယမ်းတိုက်ခတ်လာလေသည်။

ရှောင်ကွမ်း၏ ခန္ဓာကိုယ် မှာ မသိမသာ တစ်ချက်တုန်ခါသွား၏။

ယခု သူမတို့သည် သိုင်းလောကမှ လူတိုင်းလိုလိုက ထိတ်လန့်ကြောက်ရွံ့ နေကြသည့် စကြာသိုင်းသမားကောင်းပင် နှင့် ရင်ဆိုင်တွေ့ဆုံလိုက်ရပြီဖြစ်သည်။

ထို့ကြောင့် ...



သူမတို့ သုံးယောက်သည်။ စကြာ သိုင်းသမားကောင်းပင်လက်မှ လွတ်မြောက်နိုင်ပါမည်လော။

ထိုစဉ်မှာပင် ...

ကောင်းပင်က အေးစက်စက် တစ်ချက်ရယ်မောလိုက်ပြီး

"မင်းတို့ ကျုပ်လက်က ပြေးမလွတ်တော့ပါဘူး"

လီအင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

ယခု...

သူသည်ကိုရှောင်၏ စကားကို ယုံကြည်လက်ခံလိုက်ပြီဖြစ်ပါသည်။

စကြာသိုင်းသမား ကောင်းပင်နှင့်ရင်ဆိုင်တွေ့ဆုံလိုက်ရပြီဖြစ်သောကြောင့် သူသေကိုယ်သေတိုက်ခိုက်ရန်ဆုံးဖြတ်လိုက်၏။ သူ၏ဆုံးဖြတ်ချက်မှာ ကျောက်ဆောင်အလားခိုင်မာသည်။

သို့သော်...

တိုက်ပွဲမဖြစ်ပွားမီ သူသိချင်သော အချက်အလက်များအားစုံစမ်းမေးမြန်းရဦးမည် ဖြစ်ပါသည်။

ထို့ကြောင့် ...

ကိုရှောင်ဘက်သို့လှည့်လိုက်ပြီး

"ဒါထက် ခင်ဗျားဆရာသေဆုံးသွားပြီပေါ့ ဟုတ်လား"

ကိုရှောင်ခေါင်းညိတ်လိုက်သည်။

သူ၏မျက်နှာတစ်ခုလုံးမှာ ဝမ်းနည်း ကြေကွဲသော ဟန်အမူအရာများပေါ်လွင်လာသည်။

လီအင်းက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားဆရာက သမားတော်စီယင်းလက်ချက်နဲ့သေဆုံး

www.burmeseclassic.com

www.burmeseclassic.com



သွားတာဟုတ်လား"

"ဟုတ်တယ် "

လီအင်းနှင့် ရှောင်ကွမ်းတို့က သက်ပြင်းပြိုင်တူချလိုက်ကြသည်။ စကြာသိုင်းသမားလောက် နာမည်ကျော်ကြားခြင်းမရှိသော သမားတော်စီယင်းအားချေမှုန်း သုတ်သင်ရာတွင် သိုင်းသမားလင်းထုန်ကသေဆုံးသွားခဲ့သည်။ သူတို့က စကြာသိုင်းသမားကိုချေမှုန်းသုတ်သင်မည်ဆိုပါက. . .

လီအင်းဆက်မတွေးရဲတော့ချေ။

ထိုစဉ်မှာပင်

ကောင်းပင်က အေးတိအေးစက်ဖြင့်

"မင်းတို့အသာတကြည်အညံ့ခံမယ်ဆိုယင်ကျုပ်က မင်းတို့ကို မသတ်ဘူးဆိုတာကတိပေးတယ်"

ကိုရှောင်ခေါင်းခါယမ်းလိုက်ပြီး ခါးသီးစွာပြောသည်။

"ခင်ဗျားက ကျုပ်တို့ကိုလွယ်လွယ်နဲ့ရမယ်ထင်နေသလား"

"မင်းတို့က ခုခံမယ်ပေါ့"

"ဟုတ်တယ်ကျုပ်တို့ရဲ့အလောင်းကိုပဲ ရနိုင်မယ်ဗျ၊ ကျုပ်တို့ရဲ့ စိတ်ဓာတ်က ခင်ဗျားလို အောက်တန်းမကျဘူး"

ကောင်းပင် မဲ့ပြုံးပြုံးလိုက်ပြီး . . .

"မင်းရဲ့ဆရာတောင်မှ သမားတော်စီယင်းကိုမနိုင်တာဘဲ မင်းတို့က ကျုပ်ကိုအနိုင်ရမယ်လို မျှော်လင့်ပြီးနေသလား"

"သမားတော် စီယင်းက တရားသောယှဉ်ပြိုင်ခြင်းနဲ့ ကျုပ်ဆရာကို နိုင်ခဲ့တာမဟုတ်ဘူး ခင်ဗျားက လိမ်ညာလို့မရတော့ဘူး ဒါကြောင့် ကျုပ်က မမှုတာပေါ့"



သူ၏စကားကြောင့် စကြာသိုင်းသမားက လက်ဆယ်ချောင်း ထောင်ပြလိုက်ပြီး . . .

"ကျုပ်ရဲ့လက်ချောင်းကလေးတွေက လူဆယ်ယောက်ထက် ပိုပြီးကြောက်စရာကောင်းတယ်ဆိုတာ မင်းမသိလို့ သည်လို ပြောတာဖြစ်ရမယ်"

သူ၏စကားကြောင့် ရှောင်ကွမ်း မျက်မှောင်ကုပ်သွားသည်။

"ရှင်ကဓားကိုအသုံးပြုမှာ မဟုတ်ဘူးလား"

"တခါတလေ အသုံးပြုပါတယ်ဒါပေမယ့် မင်းတို့ကို ဓားအသုံးပြုဖို့ မလိုဘူးလို့ ကျုပ်ထင်လို့ပါ"

လီအင်းက မဲ့ပြုံးပြုံးလိုက်ပြီး. . .

"ကောင်းပြီဓားကို အသုံးမပြုလို့မဖြစ်ဘူးဆိုတာ ခင်ဗျားသိရမှာပေါ့"

ပြောပြီးသည်နှင့် ကောင်းပင်ထံသို့ လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

လီအင်းတိုက်ခိုက်လိုက်သည် ကိုတွေ့မြင်လိုက်ရသောအခါ ရှောင်ကွမ်း ကလည်းမနေနိုင်တော့ပဲ ခါးမှဓားရှည်ကိုဆွဲထုတ်လိုက်ကာ ဝင်ရောက်တိုက်ခိုက်လိုက်သောကြောင့် ကိုရှောင်ရင်ထိတ်သွားသည်။

သို့သော် . . .

သူကလည်း မည်သို့မျှ မတတ်နိုင်တော့ဘဲ. .

"သတိထားပြီးတိုက်ကြ" ဟုအော်ဟစ် သတိပေးလိုက်ကာ ကောင်းပင်ထံသို့တဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လေတော့သည်။

တိုက်ပွဲမှာ ပြင်းထန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းလန်းစိုပြည်လျက်ရှိသော တောအုပ်ကလေးအတွင်း ရှိသစ်ပင်များမှ သစ်ရွက်များသည် အပိုင်းပိုင်းအပြတ်ပြတ်ဖြင့် မြေပေါ် တွင် ပလုပ်ပုံအောင် ကြွေကျနေသည်။

ရှောင်ကွမ်း၏ ဓားချက်ကြောင့် ဖြစ်ပါသည်။

ရှောင်ကွမ်း၏ ဓားချက်က သစ်ရွက်များကိုသာအပိုင်းပိုင်း ပြတ်တောက်သွားစေခဲ့သော်လည်း ကောင်းပင် ၏အင်္ကျီကိုပင်ထိနိုင် စွမ်း မရှိပါချေ။

ကိုရှောင်ကလည်း ထူးခြားထက်မြက်သည့်သိုင်းကွက်များကို ဒိတ်သွန် ဟမှောက်အသုံးချကာတိုက်ခိုက်နေသည်။

ယခု. . .

သူ၏ သိုင်းပညာသည် များစွာတိုးတက်နေပြီဖြစ်ပြီး လီအင်း နှင့် မတိမ်းမယိမ်းအဆင့်သို့ ရောက်ရှိ၍လာပြီဖြစ်သည်။

ထို့အပြင်. . .

သူ၏တိုက်ကွက်များသည် အသက်ကို ပဓာနမထားပဲ ရန်သူ ၏သေကွက်များကို ဦးတည်တိုက်ခိုက်နေသောကြောင့် လီအင်းထက် ပို၍ပြီး အစွမ်းထက်မြက်သည် ဟုထင်မှတ်ရသည်။

လီအင်းကလည်း သူ၏အကျွမ်းကျင်ဆုံး သိုင်းကွက်တစ်ရာ ခြောက်ကွက်ဖြင့် ကောင်းပင်၏ တကိုယ်လုံးသို့ လွှမ်းခြုံတိုက်ခိုက်နေ သည်၊

သူ၏မျက်နှာသည် တည်ကြည်လေးနက်ပြီး ကောင်းပင် အားသုတ်သင်ပစ်ရန် အလွန်အရေးကြီးသည်ဟု ယူဆထားဟန် ရှိလေသည်။

ကောင်းပင်၏ မျက်နှာပေါ်မှ အပြုံးရိပ်များပျောက်ကွယ် သွားပြီဖြစ်ပါသည်။ ကျေနပ်အားရဟန်များလည်း ပျောက်ကွယ် သွားပါပြီ။

သူသည် တိုက်ပွဲစစဦးက ပြုံးရယ်နိုင်ခဲ့သော်လည်း တစ်စထက် တစအပြုံးရိပ်များပျောက်ကွယ် သွားပြီးမျက်နှာမှာ တည်ကြည် လေး နက်လာသည်။

ယခု. . .

သူသည်ထိပ်တန်းသိုင်းသမားလူငယ်သုံးယောက်နှင့် ရင်ဆိုင် နေရပြီး အစွမ်းထက်မြက်သည့်သိုင်းပညာသုံးမျိုး၏ စုပေါင်း တိုက်ခိုက် ခြင်းကိုခံ နေရပြီဖြစ်သည်။

ထို့ကြောင့်. . .

သူကမပေါ့ဆဝံ့ဘဲ သတိကြီးစွာထားကာ ပြန်လည် တိုက်ခိုက် နေရသည် ။ အစပထမပိုင်းကတော့ ဤသို့မဟုတ်ခဲ့ပေ။

အမှန်မှာ. . .

သူ၏ သိုင်းပညာသည် သိုင်းလောကတွင် ပြိုင်းစံကင်းမဲ့ လောက်အောင်ပင် ထူးချွန်ထက်မြက်နေသည်။

ထို့ကြောင့် မကြာမီအချိန်အတွင်းမှာပင် သုံးယောက် တစ်ယောက်ပင် တိုက်ခိုက်နေသော်လည်း ကောင်းပင်က အသာစီးရရှိ လာသည်။

လီအင်းနှင့် ကိုရှောင်တို့မှာတဖြည်းဖြည်း ပင်နောက်ဆုတ် နေရသည်။

ရှောင်ကွမ်းမှာမူ ကောင်းပင်ကပြန်လည်၍ပြင်းထန်သော တိုက်ကွက်များဖော်ထုတ်လိုက်သည်နှင့် လျှင်မြန်စွာ ဆုတ်ခွာသည်။

ယခု. . .

ရှောင်ကွမ်း သည် တိုက်ပွဲ အပြင်သို့ရောက်ရှိသွားလေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်. . .

သူမသည် ကြံရာမရဘဲ ဖြစ်သွားရသည်။

သို့သော်. . .

လီအင်းနှင့် ကိုရှောင်တို့က နောက်သို့တစ်စတစ်စ ဆုတ်နေရသည်ကိုတွေ့မြင်လိုက်ရသောအခါ သူမ မနေနိုင်ပဲ လက်ထဲမှ ဓားရှည် ကိုဝှေ့ ယမ်းကာ တိုက်ပွဲအတွင်းသို့ ဝင်လိုက်ပြန်သည်။

ရှောင်ကွမ်းက ဓားရှည် ကိုဝှေ့ယမ်းလိုက်ပြီး သိုင်းကွက်သုံးကွက်တိတိ ထုတ်ဖော်တိုက်ခိုက်လိုက်သောကြောင့်လီအင်းနှင့် ကိုရှောင်တို့အသက်ရှူချောင်သွားရသည်။

လီအင်းက လက်သီးသိုင်းကွက်များကိုအသုံးပြုလိုက်သော်လည်း ကောင်းပင်အားမည်သို့မျှ မထိချေ။ စကြာသိုင်းသမား၏ အစွမ်းကအံ့မခန်းပါတည်း ။

ထို့ကြောင့် . . .

တိုက်ခိုက်နေရာမှ ထိတ်လန့်ကြောက်ရွံ့စိတ်များ တစ်စထက်တစ်စ ဖြစ်ပေါ်လာသည်။

သူသည်အပေါ်စီးမှရရှိလာသည် နှင့် တပြိုင်နက် အလွတ်မပေးတော့ပဲ လက်နှစ်ဖက်ကို အသုံးပြုကာ လီအင်း၊ ရှောင်ကွမ်းနှင့် ကိုရှောင်တို့အားဖိ၍တိုက်ခိုက်လိုက်သည်။

ကိုရှောင်မှာ ကောင်းပင်နှင့် လက်ဝါးချင်းဆိုင်၍ခုခံဝံ့ခြင်းမရှိပဲ နောက်သို့ ကပျာကယာ ဆုတ်ပေးလိုက်ရသည်။

ထိုစဉ်မှာပင် . . .

အလစ်ဝင်ရောက်တိုက်ခိုက်လိုက်သော ရှောင်ကွမ်းထံသို့ ကောင်းပင် က လျှပ်တပြက်လက်ဝါး နှစ်ဖက် ပူးကပ်ကာ ရိုခိုးသည်



ပုံဟန်ဖြင့် တွန်းထုတ်လိုက်လေ၏။

"ဝုန်း. . ."

ရှောင်ကွမ်းရင်ထိတ်သွားသည်။

သူမ၏ခြေလှမ်း သည် ရန်သူနှင့် နီးကပ်စွာခြေကျွံမိနေသောကြောင့် နောက်ဆုတ်ရန်မဖြစ်နိုင်တော့ချေ။

နောက်သို့ ရှောင်တိမ်းလိုက်နိုင်ရန်တစ်ခုတည်းသော နည်းလမ်းမှာ နောက်သို့ တစ်ပတ်ကျွမ်းပစ်ကာ ခုန်ထွက်လိုက်ရန်ပင် ဖြစ်ပါသည်။

သို့သော်. . .

ရှောင်ကွမ်းက နောက်သို့ တစ်ပတ်ကျွမ်းပစ်၍ရှောင်တိမ်းဝံ့ခြင်းမရှိပါချေ။

အကြောင်းမှာ ကောင်းပင်ကဲ့ သို့လူတစ်ယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက် နေရသောအခါ ခန္ဓာကိုယ်လေထဲတွင် အတွယ်အတာမဲ့နေလျှင် ပို၍အန္တရာယ် များနိုင်သည် မဟုတ်ပါလော။

ရှောင်ကွမ်းက အခက်တွေ့ကြုံနေရသော အခါ လီအင်းက မနေနိုင်တော့ဘဲ. . .

"ရပ်လိုက်"

ဟုကျယ်လောင်စွာဖြင့် ကြုံးဝါးလိုက်ကာ ကောင်းပင်ထံသို့ ခုန်အုပ်လိုက်လေသည်။ ကောင်းပင်က ပြုံးလိုက်သည်။ အမှန်မှာ သူက ရှောင်ကွမ်းအား တိုက်ခိုက်လိုက်သည် မှာဟန်ပြသာဖြစ်၏။

သူ့အနေဖြင့် တကယ်တမ်းရှင်းလင်းပစ်လိုသူမှာ လီအင်းသာဖြစ်ပါသည်။

အကယ်၍သာ သူကလီအင်းအား အသေမဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်လျှက်ဖမ်းမိနိုင်ပါက ကိုရှောင်နှင့် ရှောင်ကွမ်းတို့မှာ အလိုလို ရှုံးနိမ့်သွားမည် ဟုသူသဘောပေါက်ထားလေသည်။

ထိုကြောင့် လီအင်းက ဝင်ရောက် တိုက်ခိုက်လာသည် ကိုတွေ့မြင်လိုက်သည် နှင့် တပြိုင်နက် ရုတ်တရက် ရှောင်ကွမ်းအား လက်ဝါးဖြင့် တွန်းထုတ်လိုက်ပြီး ခန္ဓာကိုယ်ကိုချာကနဲ လှည့် လိုက်ကာ လီအင်း၏ တိုက်ခိုက်လာသော လက်ဝါးစောင်း နှစ်ဘက် အားလက်ချောင်းများဖြင့်ဖမ်းဆုတ်လိုက်သည်။

အဖြစ်အပျက်သည် တဒင်္ဂ အချိန်အတွင်းလျှင်မြန်စွာ ဖြစ်ပျက်သွားခြင်းဖြစ်၏။

ရှောင်ကွမ်း က ပြင်းထန်သောလက်ဝါး အရှိန်ကို မခုခံပဲဘဲ နောက်သို့ခြေလှမ်းဆုတ်လိုက်သည့် အချိန်ကလေးမှာပင် ကောင်းပင်၏ လက်ချောင်းများက လီအင်း ၏ လက်ကောက်ဝတ် နှစ်ဖက်အား ဖမ်းဆုပ်မိလိုက်ပြီဖြစ်လေသည်။

လီအင်းမှာ နာကျင်လွန်းသဖြင့် မျက်နှာတစ်ခုလုံးရှုံ့မဲ့သွားသည်။

အကယ်၍ ကောင်းပင်က အနည်းငယ်အားစိုက်၍သူ၏ လက်နှစ်ဘက်ကိုညှစ်ချလိုက်ပါက သူ၏ လက်နှစ်ဖက်မှာ သွင်သွင် ကျိုးသွားနိုင်သည် မဟုတ်ပါလော။

ထိုစဉ်မှာပင်. . .

"လွှတ်လိုက်စမ်း"

ကျယ်လောင်စွာအော်ဝေါက်လိုက်သောအသံ နှင့် အတူ ကိုရှောင်က ကောင်းပင်အားခုန်အုပ်လိုက်သည် ကိုတွေ့မြင်လိုက်ရ လေသည်။



ကောင်းပင် မဲ့ပြုံးပြုံးလိုက်သည်။

"မင်းကသေချင်လို့လား"

သူသည် ပြောယင်းလီအင်း၏ လက် တစ်ဖက်ကို လွှတ်ပေးလိုက်ပြီး ကျန်လက်တစ်ဖက်ကို ဆုပ်ကိုင်ထားကာ လွတ်သွားသောလက်ဖြင့် ကိုရှောင့်ထံသို့ ရိုက်ချလိုက်သည်။

သူ၏လှုပ်ရှားမှုသည် အလွန်ပင် လျှင်မြန်ပြီး ထိပ်တန်း သိုင်းသမား ပီသလှသည်။

အကယ်၍သာ ကိုရှောင်က နောက်ဆုတ်ရှောင်တိမ်းလိုက်မည်ဆိုပါက ကောင်းပင်က လီအင်း၏ လွတ်သွားသောလက်ကို ပြန်လည်ဖမ်းမိနိုင်မည်ဖြစ်လေသည်။

ထို့ကြောင့် . . .

ကိုရှောင်က နောက်သို့ခုန်ဆုတ်သွားလိမ့်မည်ဟုကောင်းပင် တတထစ်ချယုံကြည်ထားသည် ။

သို့သော်. . .

ကိုရှောင်မှာ ကောင်းပင်ထင်သလို နောက်ဆုတ်သွားခြင်း မရှိချေ။ တကယ့်သူရဲကောင်းဖြစ်သည်။

သူသည် လက်ဝါးနှစ်ဖက်ဖြင့် ရိုက်ချလာသည့် ကောင်းပင် ၏ လက်ဝါးကို ပြန်လည် ၍ခုခံပေးလိုက်လေသည်။

ထို့ကြောင့် . . .

"ဝုန်း. . ."

"အား. . ."

စူးရှသော အသံတစ်ချက် ကျယ်လောင်စွာထွက်ပေါ်လာပြီး ကိုရှောင်၏ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပင်မှာလည်း လီအင်း၏ လက်တစ်ဘက်ကို ဖမ်းဆုတ်ထားရာမှ လွှတ်ပေးလိုက်ရလေသည်။

လီအင်းမှာ ဖမ်းချုပ်ထားရာမှ လွှတ်မြောက်သွားသည်နှင့် တစ်ပြိုင်နက် နောက်သို့ ခုန်ဆုတ်လိုက်၏။

ထို့နောက်. . .

မြေပေါ် လဲကျသွားသောကိုရှောင်အနီးသို့ ပြေးလွှားကာ ကဗျာကယာ ပွေ့ထူလိုက်လေသည်။

ကိုရှောင်ကပြုံးလိုက်သည်။

သူ၏ ပါးစပ်နှင့် နှာခေါင်းမှ သွေးများကယိုစီးကျနေ၏။

သို့သော်. . .

သူကပြုံးနိုင်သေးသဖြင့် လီအင်းကအံ့ဩသွားလေသည်။

သူသည် ကိုရှောင်အားအသာအယာ ဖေးမရင်း စိတ်ထိခိုက်စွာ မေးလိုက်မိလေသည်။

"ဘာဖြစ်လို့ ခုလိုတိုက်ခိုက်ရတာလဲဗျာ"

ကိုရှောင်မှာ ဒဏ်ရာရရှိသွားပြီ ဖြစ်သည်ကိုတွေ့မြင်လိုက်ရသောအခါ ကောင်းပင်က သဘောကျစွာပြုံး လိုက်ပြီး ဝင်ပြောသည်။

သူ့အသံကလှောင်ပြောင်သံဖြစ်ပါ၏။

"သူကမင်းကိုလေးစားတယ်ဆိုတာ သက်သေပြချင်လို့ပေါ့ကွာ"

ထိုစကားကြားလိုက်ရသောအခါ လီအင်း၏ မျက်နှာမှာ ခက်ထန်သွား၏။

ထိုစဉ်မှာပင်. . .

ကိုရှောင်က လူးလှိမ့်ထလိုက်လေသည်။

သူကမြေပေါ်တွင်ကောင်းစွာရပ်နိုင်စွမ်း မရှိသေးချေ။



မည်သို့ဆိုစေ ကိုရှောင်သည် တိုက်ပွဲအတွင်းသို့ ပြန်လည်ဝင်ရောက်ကာ အသက်သေဆုံးပါစေ ရန်သူအားလက် မမြောက်ဒူးမထောက်ပဲ တိုက်ခိုက်သွားမည်ဟု ဆုံးဖြတ်ထားဟန်ရှိသည်။ ကိုရှောင်က မတ်တတ်ရပ်လာနိုင်သည်ကိုတွေ့မြင်လိုက်ရသည်နှင့် လီအင်းက ကောင်းပင်ဘက်သို့ ပြန်လှည့်လိုက်သည်။

ကောင်းပင်က မဲ့ပြုံးပြုံးလိုက်သည်။

လီအင်းကအံ့ကိုတင်းတင်းကြိတ်ကာပြောလိုက်သည်။

"ဒီတစ်ခါခင်ဗျားသတိထားပေတော့. . ."

ထို့နောက်. . .

ကောင်းပင်ထံသို့ လျှပ်တပြက်ခုန်ဝင်ကာ တိုက်ခိုက်လိုက်၏။

ကောင်းပင်က. . .

"မင်းဘာတတ်နိုင်မှာလဲ"

ဟုပြောကာပြန်လည်တိုက်ခိုက်လိုက်၏။

ထိုစဉ်. . .

ကောင်းပင်၏ လက်ဝါးဒဏ်ကြောင့် နောက်သို့ ဆုတ်သွားရသောရှောင်ကွမ်းကလည်း ရှေ့သို့လျှင်မြန်စွာ တိုးကပ်လာပြီး ကောင်းပင်အား တိုက်ခိုက်လိုက်၏။

သို့သော်. . .

ကိုရှောင်မှာ တိုက်ပွဲအတွင်း ပါဝင်လာနိုင်စွမ်း မရှိသောကြောင့် သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုသည် ဖရိုဖရဲဖြစ်နေသည်။

ကိုရှောင်က အံကိုတင်းတင်းကြိတ်လိုက်ပြီး တိုက်ပွဲ အတွင်းသို့ ဝင်ရောက်ရန် ဟန်ပြင်လိုက်လေ၏။

သူကဒဏ်ရာရရှိထားပြီဖြစ်သောကြောင့် ပါဝင်တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ရန်မဖြစ်နိုင်တော့ချေ။

ကိုရှောင်ကဝင်ရောက်တိုက်ခိုက်နိုင်စွမ်းမရှိလျှင် လီအင်းနှင့် ရှောင်ကွမ်းတို့မှာ သိုင်းကွက်တစ်ရာပြည့်အောင်ပင် ခုခံနိုင်စွမ်း ရှိကြတော့မည် မဟုတ်ချေ။

ရုတ်တရက်

ကိုရှောင်၏ မျက်လုံးများ ဝင်းလက်သွားသည်။

သူသည်ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီးမြေပေါ်၌ ရှိနေသော ကျောက်တုံးကလေးကျောက်ခဲလေးများအား ကောက်ယူလိုက်ကာ ကောင်းပင်ထံသို့ လျှပ်တစ်ပြက် ပစ်လွှင့်လိုက်၏။

ထိုအခါ. . .

ကျောက်တုံးကျောက်ခဲလေး သုံးလုံး၏လေတိုးသံကြောင့် ကောင်းပင် ရင်ထိတ်သွားသည်။

ကိုရှောင် ပစ်လွှတ်လိုက်သည်ကို သတိပြုမိခဲ့သောကြောင့် လီအင်းတို့ဘက်မှ ကူညီရန်လူများရောက်ရှိလာပြီဟုထင်မှတ် သွားကာ နောက်ဆုတ်ရှောင်တိမ်းရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်. . .

လီအင်းက လက်နှစ်ဘက်ကိုကြက်ခြေခတ်ပုံသဏ္ဌာန်ဖြင့် ကောင်းပင်း၏ရင်ဝသို့ ရိုက်ချလိုက်လေတော့သည်။

ကောင်းပင်က လက်ဝါးနှစ်ဘက်ဖြင့်ပြန်လည်ခုခံပေးရန် ဟန်ပြင်လိုက်စဉ်မှာပင် ရှောင်ကွမ်းက လက်ထဲမှ ဓားရှည်ဖြင့် လျှပ် တစ်ပြက် ဝင်ရောက်ထိုးသွင်းလိုက်သည်။

ကောင်းပင်ရင်ထိတ်သွား၏။

သူက ဟန်ချက်ပျက်သွားသောကြောင့် ရှောင်တိမ်းမှုသာ



ဖြစ်နိုင်ပေတော့မည်။

ထိုစဉ်. . .

ကိုရှောင်က နောက်ထပ်ကျောက်တုံးကလေး သုံးလုံး ပစ်လိုက်ပြန်သည်။

"ဝှီး"

"ဝှီး"

"ဝှီး"

လေတိုးသံများထွက်ပေါ်လာသည်။

ကောင်းပင် အခက်ကြုံသွားရတော့သည်။

သူသည်အလျှင်မြန်ဆုံး လက်တစ်ဘက်ကိုဝှေ့ယမ်းလိုက်ပြီး ကိုရှောင်ပစ်လွှင့်လိုက်သော ကျောက်တုံးကလေးများအား ဖမ်းယူလိုက်သည်။

ကျန်လက်တစ်ဖက်က လီအင်း၏ ရိုက်ချလိုက်သော လက်ဝါးနှစ်ဖက်ကို လျှပ်တစ်ပြက်ခုခံပေးလိုက်သည်။

သူ၏ထိုတဒင်္ဂကထိပ်သီးသိုင်းသမားကြီး၏ အရွှေ့တဒင်္ဂဖြစ်လေသည်။ မထင်မှတ်သောအချိန်ကလေးတွင် တိုက်ကွက် နှစ်ခုကို ချက်ပစ်လိုက်နိုင်ခဲ့သော်လည်း သူ၏ ရင်ဝသည် ဟာကွက် တစ်ခုဖြစ်သွားသည်။

ရှောင်ကွမ်း၏ မျက်နှာဝင်းလက်သွား၏။ သူမသည် ရရှိလာသော အခွင့်အရေးကိုလက်လွှတ်မခံပဲ လျှပ်တစ်ပြက် ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ကာ ကောင်းပင်၏ရင်ဝသို့ ဓားဖြင့် ထိုးသွင်းလိုက်ပါတော့သည်။

ကောင်းပင်ကချက်ချင်းဆိုသလိုပင် ခန္ဓာကိုယ် အားယို့၍

www.burmeseclassic.com



ရှောင်တိမ်းပေးလိုက်သောကြောင့် သူမ၏ဓားများက ကောင်းပင်၏ ရင်ဝသို့ထိရုံမျှသာထိနိုင်ခဲ့သည်။

ဤတွင်. . .

ကောင်ပင်က ဖမ်းယူ ရရှိလိုက်သော ကျောက်တုံးကလေး များဖြင့် ရှောင်ကွမ်းထံသို့ ပစ်လွှင့်လိုက် လေသည်။

ရှောင်ကွမ်းထိတ်လန့်သွား၏။

သို့သော်. . .

မည်သို့မျှရှောင်တိမ်းနိုင်စွမ်းမရှိတော့ပါချေ။

သူမသည် မကြာမီကျိန်းသေ သေဆုံးသွားရတော့မည်ကို သဘောပေါက်လိုက်သဖြင့် မျက်လုံးစုံမှိတ်လိုက်ကာ ခန္ဓာကိုယ်ရှေ့သို့ တိုးဝင်ပြီးဓားကို ထိုးချသည်။

ထို့ကြောင့်. . .

ကောင်းပင်ပစ်လွှင့်လိုက်သော ကျောက်တုံးကလေးများက ရှောင်ကွမ်း၏ရင်ဝသို့တိုးဝင်သွားသည်နှင့် တစ်ပြိုင်နက် ရှောင်ကွမ်း၏ ဓားက ကောင်းပင်၏ရင်ဝအားထိုးဖောက်သွားလေတော့သည်။

"အား"

ကောင်းပင်စူးရှစွာအော်ဟစ်လိုက်သည်။

သူသည် လက်နှစ်ဖက်ကို ကပျာကယာ ဝှေ့ယမ်းလိုက်ပြီး ရှောင်ကွမ်း၏ ခန္ဓာကိုယ်အားတွန်းဖယ်လိုက်သည်။

ရှောင်ကွမ်း အံတင်းတင်းကြိတ်ပြီးသူမ၏ ထိုးသွင်းထား သော ဓားကို မလွှတ်ဘဲ တအားဖိသွင်းထားသည်။ ဓားရှည်ကား ကောင်းပင်၏ ရင်ဝသို့ အဆုံးထိဝင်ရောက်သွားချေပြီ။

"အား. . ."



ကောင်းပင်မှာ အထိတ်တလန့် အော်ဟစ်နေ၏။

သူ၏ မျက်လုံးများမှာ ပြူးကျယ်ဝိုင်းစက်နေသည်။

လူသတ်ရဲသူကြီးသည် ဤတခါတော့ မသေရဲသူကြီးဖြစ်နေ သည်။

"ဖယ်. . . ဖယ်စမ်း"

သူက သွေးရူးသွေးတန်းဖြင့် အော်ဟစ်နေ၏။

ခန္ဓာကိုယ်အားမလွှတ်စတမ်းဖက်ထားသော ရှောင်ကွမ်း ကိုလည်း အတင်းပင်တွန်းဖယ်နေ၏။

ရှောင်ကွမ်းက လုံးဝမလွှတ်ပါချေ။

ကောင်းပင်၏ ခန္ဓာကိုယ်တဆတ်ဆတ်တုန်ယင်လာသည်။

သူကဆွဲဖယ်နေသော်လည်းကြာကြာမလူပ်နိုင်တော့ပါ။

မျက်လုံးမျာပြူးကျယ်သွားပြီး ခန္ဓာကိုယ်တစ်ချက်လူ့လွန့်ကာ မြေပေါ်ပုံလျက်သား လဲကျသွားလေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၂)

# အကာအကွယ်ပေးသူ

စကြာသိုင်းသမား ကောင်းပင် သေဆုံးသွားပြီဖြစ်လေပြီ။ တိုင်းပြည်သစ္စာဖောက်များ၏ နိဂုံးကား ဤသို့ပင်တည်း ။

မြို့စားကြီး ရှောင်ဝါးထင် နှင့် အပေါင်းပါများသည်လည်း သိုင်းလောကသားများ၏ ဖယ်ထုတ်ခြင်းခံရပြီး နေပြည်တော်မှ ထိုက်ထိုက်တန်တန် အပြစ်ပေးအရေးယူသွားမည်မှာသေချာနေ၏။

အောက်လမ်းသိုင်းသမားဆိုးများ၊ သစ္စာဖောက်များမှာ ချေမှုန်းခံခဲ့ရပြီးဖြစ်ရာ သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားမည်မှာသေချာနေပါတော့သည်။

သစ္စာဖောက်များအား ချေမှုန်းသုတ်သင်ရာ၌ပေးဆပ်ခဲ့ရသောအရင်းအနှီးကလည်းမသေးလှပါချေ။

သိုင်းလောကဖျော်လူငယ်သိုင်းသမားလေးဖော်မှ ဝေရီ နှင့် ရှောင်ကွမ်းတို့အသက်စွန့်သွားကြရသည် မဟုတ်ပါလား။ သူတို့သည် တကယ့်သူရဲကောင်းများ ဖြစ်ကြသည်။ အသေခံပြီး ရန်သူများကို ရှင်းလင်းခဲ့သည်။ကိုရှောင်နှင့် သိုင်းသမားလီအင်းတို့ ၏ မျက်နှာများ တွင်ဝမ်းနည်းကျေကွဲသည့် အသွင်အထင်းသား ပေါ်လွင်နေပါသည်။



ကိုရှောင်က ရှောင်ကွမ်းအတွက် ခံစားနေရခြင်းဖြစ် သည်။ ရှောင်ကွမ်းဆိုသောမိန်းမချောလေးသည် သူ့အပေါ် သံယောဇဉ် ငြိတွယ်ခဲ့သည် မဟုတ်ပါလား။ ကိုရှောင်သည် ရရှိထား သောဒဏ်ရာများကိုပင် အမှုမထားပဲရှောင်ကွမ်း၏အလောင်းကိုအေးမြသော အရိပ်အာဝါသရှိသည့် သစ်ပင်ကြီးတပင်အောက်၌ မြှုပ် နှံသင်္ဂြိုဟ်ပေးခဲ့ပါသည်။

"ညီမရယ် အေးချမ်းစွာနဲ့ ထာဝရ အနားယူပါတော့ သိုင်းလောကကိုနှောင့်ယှက်ဖျက်ဆီးမယ့် လူတွေနောက်ထပ် မပေါ်ပေါက်ရအောင် ကျုပ်တို့ ဆက်ပြီး ကြိုးပမ်း ဆောင်ရွက်သွားပါ့မယ်"

သိုင်းသမားလီအင်းက. . .

"စကြာသိုင်းသမားကိုနှိမ်နင်းနိုင်လိုက်တာ သိုင်းလောကအောင်ပွဲပါပဲ"

ကိုရှောင်က

"ရှောင်ဝါးထင်တို့လူစုလည်းချေမှုန်းခံလိုက်ရပါပြီဗျာ ဘာမှစိတ်ပူစရာမလိုတော့ပါဘူး ၊ မာကွန်ပင် နဲ့ဝေရီ တို့ရောက်သွားတော့ သူတို့ဘာမှမတတ်နိုင်တော့ဘူးလေ။

သိုင်းသမားလီအင်းပြုံးလိုက်သည်။

"မြို့စားကြီး ရှောင်ဝါးထင်ရဲ့ဆောင်ချောက်ထဲရောက်နေတဲ့ အထက်လမ်းသိုင်းသမားတွေနဲ့ ဝေရီတို့ကို ကျုပ်တို့စိတ်ပူကြသလိုပဲ ဝေရီနဲ့ မာကွန်ပင်ကလည်း စကြာသိုင်းသမားရဲ့လှည့်ကွက်ထဲကို ရောက်နေတဲ့ ကျုပ်တို့ကို စိတ်ပူနေကြမှာပဲ "

ကိုရှောင်က. . .

"အားလုံးပြီးဆုံးသွားပါပြီဗျာ ဘာမှ စိတ်ပူစရာ မလိုတော့ပါဘူး၊ ကျွန်တော်တို့ကလည်း ကြိုးကြိုးကျယ်ကျယ် ပေးဆပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတာပဲမဟုတ်လား. . . တစ်ခုပဲရှိတယ်၊ ကျွန်တော်တို့ပေးဆပ်ရတာ တိုင်းပြည်အတွက်ပါ. . ."

သိုင်းသမားလီအင်းလက်ကာပြလိုက်သည်။

"သည်လိုတော့သိုင်းလောကကြီး အေးချမ်းသွားပြီလို့ ယတိပြတ်ပြောဖို့ စောပါသေးတယ်"

"ဘာကြောင့်လဲဗျ"

"သိုင်းတံခွန်ဂိုဏ်းဟာ သိုင်းလောကကိုလွှမ်းမိုးဖို့ကြံစည်နေတယ်လို့သတင်းထွက်ပေါ်ခဲ့တာ အတော်ကြာနေပြီမဟုတ်လား စကြာသိုင်းသမားသတင်းက ပိုထွက်နေတော့ သိုင်းတံခွန်ဂိုဏ်းက သတင်းမြုပ်နေတာပဲ"

ကိုရှောင်၏ မျက်နှာတည်ကြည်လေးနက်သွားသည်။ သိုင်းလောကအားလွှမ်းမိုးဘို့ကြိုးစားနေကြသူများတွင် စကြာသိုင်းသမားသည် ထိပ်ဆုံးမှပါဝင်နေသော်လည်း သိုင်းတံခွန်ဂိုဏ်းကိုလည်း လျှော့တွက်၍ မရချေ။

သိုင်းတံခွန်ဂိုဏ်းချုပ်သည် သူ၏သိုင်းပညာသာလျှင် သိုင်းလောက၌အတော်ဆုံးဖြစ်သည်ဟု ခံယူထားကာ ခက်ထန်မောက်မာပြီး သိုင်းလောကသားများကို အထင်အမြင်သေးစွာ ဆက်ဆံလေ့ရှိသည်။

အခွင့်အရေးရလျှင်ရသလို သိုင်းလောကပထမနေရာကိုရယူဘို့ကြံစည်နေသူဖြစ်သည်။

သူသည် စကြာသိုင်းသမား၏ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်မှုကိုပင်လက်မခံဘဲ ငြင်းပယ်ခဲ့သူဖြစ်သည်။ စကြာသိုင်းသမားကြောင့် သိုင်းလောကသားများ အလုပ်ရှုပ်နေကြချိန်၌ သိုင်းတံခွန်



ဂိုဏ်းသည် ဝူတန်းဂိုဏ်းအားနှစ်ကြိမ် တိုင်တိုင် နှောင့်ယှက်ခဲ့သည်ဟု သတင်းထွက်ပေါ်ခဲ့သည် ကို သိုင်းသမား လီအင်း ကြားသိထားပြီးဖြစ်လေသည်။

ဝူတန်းဂိုဏ်းမှာ သိုင်းလောက၌ အစဉ်အလာကြီးမားသော ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်ပါသည်။

သိုင်းသမားလီအင်းဆက်၍ပြောသည်။

"စကြာသိုင်းသမား ကိုချေမှုန်းနိုင်ခဲ့ပေမယ့် သိုင်းတံခွန်ဂိုဏ်းတခေါင်းထောင်လာယင် အခက်ကြုံရဦးမယ်၊ ဒါကြောင့် ကျုပ်က သူတို့ကိုသွားပြီး အကဲခတ်မယ်လို့ စိတ်ကူးထားတယ်"

ကိုရှောင်ရယ်မောလိုက်သည်။

လီအင်းမျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲဗျ"

ကိုရှောင်က. . .

"ဒါကြောင့် သိုင်းလောကမှာ သိုင်းသမားလီအင်း နာမည်ကြီးနေတာပဲကိုး သိုင်းလောက ကိစ္စဆိုရင် ခင်ဗျားဟာ အသေးအဖွဲအလေးကအစ စိတ်ဝင်စားတာပဲ. . ."

"ကျုပ်က"

"ခင်ဗျားရဲ့ ဘဝဟာအသက်နဲ့အချိန်တွေအားလုံး သိုင်းလောကအတွက် ပုံပေးထားတာပဲလားဗျာ"

လီအင်းပြုံးလိုက်သည်။

"ကျုပ်ဟာ သိုင်းသမားတစ်ယောက်ပါ ဒါကြောင့် သိုင်းလောကအတွက်ဝန် ထမ်းဆောင်နေတာပါဗျာ "

ကိုရှောင်က. . .

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားဟာသိုင်းလောကပျော်သိုင်းလေးဖော်ထဲမှာ ပါဝင်နေပြီးအကျော်ကြားဆုံးဖြစ်ခဲ့တာကိုး အင်းကျော်လည်းကျော်ကြားထိုက်ပါတယ်. . .။

လီအင်းက. . .

“ကျုပ်ကို ချီကျူးတာကျေးဇူးတင်ပါတယ် ကျုပ်ကလည်း ခင်ဗျားကိုချီကျူးရဦးမယ်”

“ဗျာ. . .”

ကိုရှောင်မျက်လုံးပြူးသွား၏။ သူသည် ယခုမှသိုင်းလောကထဲဝင်ခဲ့သူဖြစ်၏။

“ခင်ဗျားဟာ သိုင်းလေးဖော်လို နာမည် မကျော်ကြားသေးပေမယ့် သိုင်းလောကအကျိုး အများအကျိုးကို တကယ်ကို စွမ်းစွမ်းတမန်ဆောင်ရွက်ခဲ့တာပါပဲ. . .”

ကိုရှောင်က အဝေးသို့မျှော်ကြည့်ရင်း အေးဆေးစွာပြောသည်။

“မကျော်ကြားရင်နေပါစေဗျာ၊ ကိုယ့်မှာတာဝန်ရှိတဲ့အတိုင်းဆက်ပြီးလုပ်ကိုင်ဆောင်ရွက်သွားရမှာ”

“ခင်ဗျားရဲ့စိတ်ထားကိုလေးစားပါတယ်၊ ကျုပ်ရဲ့ထာဝရမိတ်ဆွေတစ်ဦးလို့ သတ်မှတ်ထားလိုက်ပါမယ်။ ဝေရီနဲ့ ညီမလေးရှောင်ကွမ်းတို့ မရှိတော့လို့ စိတ်မကောင်းဖြစ်ရချိန်မှာ ခင်ဗျားထွက်ပေါ်လာတာ တကယ်ကိုအားရစရာပါပဲ”

ကိုရှောင်သည် ရှောင်ကွမ်း၏ မျက်နှာလေးကိုမြင်ယောင်လာပြီး ဆွေးသွားသည်။

ရှောင်ကွမ်းသည် ဆရာ၏အမိန့်ကြောင့် တစ်သက်လုံး



အိမ်ထောင်ပြုခွင့်မရှိသဖြင့်သူတို့နှစ်ယောက်လည်း နီးစပ်ဖို့မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် မိတ်ဆွေသက်သက်ဆက်ဆံရုံမှအပ အခြားဘာမျှမတတ်နိုင်တော့ပေ။

ယခုတော့. . .

ရှောင်ကွမ်းက အပြီးတိုင်လမ်းခွဲသွားခဲ့ပြီ ဖြစ်လေသည်။ သူတို့သည် ရှင်ကွဲကွဲ နေရာမှ သေကွဲကွဲခဲ့ရခြင်းဖြစ်သည်။

လီအင်းက. . .

“ခင်ဗျားသာ အချိန်မီရောက်မလာရင် စကြာသိုင်းသမားရဲ့ ထောင်ချောက်မိပြီး ကျုပ်တို့ ဒုက္ခရောက်ရမှာ သေချာတယ်၊ ဒါကြောင့် ခင်ဗျားကို ကျေးဇူးတင်စကားပြောချင်သေးတယ်”

ကိုရှောင်က. . .

“သည်ကိစ္စတွေပြီးဆုံးသွားပါပြီဗျာ၊ ကျုပ်လဲလုပ်ထိုက်တာကိုလုပ်တာပါပဲ. . .”

လီအင်းက ကိုရှောင်ကို ကြည့်သည်။

“ ခင်ဗျား. . . ရှောင်ကွမ်းအတွက် စိတ်မကောင်းဖြစ်နေတယ်ထင်ပါရဲ့. . .။”

ကိုရှောင်က . . .

“ ဟုတ်ပါတယ်. . ရှောင်ကွမ်းလို တန်းဖိုးရှိတဲ့ လူတွေနောက်ထပ်မဆုံးရှုံးရလေအောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားရမှာပေါ့ဗျာ. .”

“ အင်း . . .”

ရှောင်ကွမ်းနဲ့ ဝေရီတို့ သေဆုံးသွားခဲ့ကြပေမဲ့ သိုင်းလောကတစ်ခုလုံးက သူတို့ကို ဘယ်တော့မှာ မေ့သွားကြမှာမဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်က သက်ပြင်းချလိုက်သည်။

အမှန်တော့ . . .

သူသည် ရှောင်ကွမ်း သေဆုံးသွားခြင်းကြောင့် စိတ်ထဲ သောကများ ခံစားနေရကြောင်း တွေးမိသည်။

သူပြောသည် စကားများလည်း အသက်မပါဘဲ ဖြစ်နေ၏။

လီအင်းက ဖိတ်ခေါ်လေ၏။

" သိုင်းတံခွန်ဂိုဏ်းရဲ့ အခြေအနေကို ကျုပ်သွားပြီး စုံစမ်းချင်တယ်၊ ညီလေးလိုက်နိုင်ရင် လိုက်ခဲ့ပါလား. . . "

ကိုရှောင်ခေါင်းခါရမ်းလိုက်သည်။

"ခုလောလောဆယ်တော့ ကျွန်တော် မလိုက်သေးပါဘူး. . နောက်တော့တွေ့ကြသေးတာပေါ့. . . "

" ဒါဖြင့် ကျုပ်ကို သွားခွင့်ပြုပါ"

" ကောင်းပါပြီဗျာ "

လီအင်းသည် ကိုရှောင်ကို နှုတ်ဆက်ကာ ထွက်သွားသည်။ ကိုရှောင်က ငူငူကြီးရပ်လျက် ကျန်ရစ်ခဲ့လေတော့သည်။

ထိုစဉ်. . .

" ဂျိန်း. . . "

မိုးခြိမ်းသံထွက်ပေါ်လာသည်။

လျှပ်နွယ် လျှပ်ပန်းများ ပြိုးခနဲ ပျက်ခနဲ ဝင်းလက်သွားသည်။ လေပြင်းများက တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။ ကောင်းကင်ကြီးတစ်ခုလုံး ပြိုကျလာတော့မည်ကဲ့သို့ မည်းမှောင်လာသည်။

ထိုနောက်. . . .

" ဟူး . . . ဟူး . . . ဟူး . . . "



" ဝေါ . . . ဝေါ . . . ဝေါ . . . "

မိုးသက်လေပြင်း ကျရောက်လာလေတော့သည်။

ကိုရှောင်သည် တစ်ကိုယ်လုံး မိုးရေများစိုရွှဲသွားတော့မှ သတိဝင်လာသည်။

သူသည် လီအင်းနှင့် လမ်းခွဲပြီးနောက် ရှောင်ကွမ်းအား သတိရသောစိတ်များ ရင်ထဲ၌ ဖြစ်ပေါ်နေသည်။ ယခုအခါ ဆရာဖြစ်သူနှင့် သံယောဇဉ်ဖြစ်မိသော ရှောင်ကွမ်းတို့ သေသွားခဲ့ကြပြီဖြစ်သည်။

ထို့ကြောင့်. . .

သူ၏ဘဝသည် လောကတွင် တွယ်တာရမည့်သူ မရှိဘဲ ဖြစ်သွားခဲ့ပါသည်။ သူဘယ်ဆီဘယ်သောင်ကမ်း ဆိုက်တော့မည်မသိ ဖြစ်နေသည်။ သူသည် ခြေဦးတည့်ရာ သွားနေတော့သည်။ ခိုက်ခိုက်တုန်အောင် ချမ်းလာတော့မှ သတိဝင်လာသည်။ ကိုရှောင်သည် မျက်နှာပေါ်မှ မိုးရေစက်များကို သုတ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ ထိုအခါ အလွန်သာယာလှပသောတောင်တစ်လုံး အနီး၌ရောက်ရှိနေသည်ကို တွေ့လိုက်ရလေတော့သည်။ ဆောက်တည်ရာမရဖြစ်နေသော ကိုရှောင်၏ စိတ်အစဉ်သည်ထိုသာယာ လှပသော တောင်ကြီး၏ ညှို့ယူဖမ်းစားခြင်းကို ခံလိုက်ရတော့သည်။

" မိုးထဲ လေထဲမှာတောင် အတော့်ကို သာယာလှပနေပါလား. . . "

ကိုရှောင်သည် ထိုသာယာလှပနေသော တောင်ကြီးဆီသို့ လှမ်းသွားမိလေတော့သည်။

မိုးကပိုသည်းလာ၏။ တောတောင်အလှကို မိုးကန့်လန့်ကာ ဖြင့် ဖိတ်ဖုံးကာဆီးလိုက်သလိုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်၌ လူသူအရိပ်အရောင်ပင်မတွေ့ရပါ။ မည်သည့် နေရာသို့ ရောက်ရှိနေမှန်းလည်း ကိုရှောင် မသိတော့ပါ။

ထိုစဉ်. . .

" ဟူး . . . ဟူး . . . ဟူး . . . "

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်များ ပြေးလွှားလာကြသည်ကို တွေ့မြင့်လိုက်ရသည်။

ကိုရှောင်ပိုပြီး အံ့သြသွား၏။

" တောထဲ တောင်ထဲမှာ ပြေးလွှားလှုပ်ရှားနေကြတာ ဘယ်သူတွေပါလိမ့်၊ ဒီလောက်မိုးသဲသဲကြီးထဲမှာ သူတို့မို့ ပြေးလွှား နေကြတယ်. . "

ဒါပေမဲ့ . . .

ထူးခြားမှုတစ်ခုရှိနေပြီဖြစ်ကြောင်း သူတွေးမိသည်။

ကိုရှောင်အကဲခတ်ကြည့်နေစဉ်မှာပင် . .

" မလွှတ်စေနဲ့ . . . "

" တိုက်ကြ . . "

ညာသံပေးသံများ ထွက်ပေါ်လာကာ တိုက်ပွဲတစ်ခု ဖြစ်ပေါ် လာလေတော့သည်။

" ခွမ်း . . . ခွမ်း. . . ခွမ်း. . "

" ဝုန်း . . "

" အား . . . "

" အမလေး . . "

လက်နက်အချင်းချင်း ထိတွေ့မိသောအသံများ စူးရှသော အော်ဟစ်သံများ တစ်ချက်တစ်ချက်ထွက်ပေါ်လာလေတော့သည်။



" ဟင်း . . "

ကိုရှောင် ရင်ထိတ်သွားလေ၏။

လူတစ်ယောက်အား လူတစ်စုက ဝိုင်းရန်တိုက်ခိုက်နေကြခြင်းဖြစ်ပါသည်။

အများနှင့် တစ်ယောက် ဖြစ်နေခြင်းကြောင့် ကိုရှောင်မှာ ကူညီလိုစိတ်များ ဖြစ်ပေါ်လာသည်။

ထိုအချိန်မှာပင် . .

" အား . . . "

အများ၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံလိုက်ရသူသည် စူးရှစွာ အော်ဟစ်ရင်း မြေပေါ်လဲကျသွားသည်ကို တွေ့မြင်လိုက်ရသည်။ ကိုရှောင်လက်ပိုက်ကြည့်မနေနိုင်တော့ပါ။ လူကောင်းဖြစ်စေ လူဆိုးဖြစ်စေ အများ၏ ဝိုင်းဝန်းတိုက်ခိုက်ခံရခြင်းမှာ မတရားဟု ယူဆထားခြင်းကြောင့် . .

"ရပ်လိုက်"

အော်ငေါက်ကာ တိုက်ပွဲအတွင်း ခုန်ဝင်လိုက်လေသည်။

ထိုအခါမှာ မြေပေါ်လဲကျသွားသောသူမှာ ရသေ့တစ်ပါး ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

ထိုရသေ့မှာ အသက်လေးဆယ်ခန့်ရှိပြီး ဥပဓိရုပ်ကောင်းသူ တစ်ဦးဖြစ်သည်။ ရုပ်ရည်အရတော့ အောက်လမ်းသိုင်းသမား မဖြစ်နိုင်ချေ။

ရန်သူများ၏ ဝိုင်းဝန်းတိုက်ခိုက်မှုခံရသဖြင့် ထိုရသေ့မှာ အဝတ်အစားများ စုတ်ပြဲကာ တစ်ကိုယ်လုံးသွေးချင်းချင်းနီးရဲ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်က ရသေ့ရှေ့၌ မားမားမတ်မတ်ရပ်ပြီး ကာကွယ်ပေးထားလိုက်သည်။ ဝိုင်းဝန်းတိုက်ခိုက်ခဲ့သူများကိုလည်း အော်ငေါက်လိုက်သည်။

" ခင်ဗျားတို့ ဘယ်သူတွေပဲဖြစ်ဖြစ် တစ်ယောက်နဲ့ အများမတရားလုပ်တာ ကျုပ်ဘယ်နည်းနဲ့မှ လက်မခံဘူး . . ။ ခင်ဗျားတို့က လူစုလူဝေးနဲ့ အနိုင်ကျင့်နေဒါပဲ . . . "

ထိုလူများက အနက်ရောင် အဝတ်စားဝတ်ကာ မျက်နှာဖုံးစွပ်ပြီး ရုပ်ဖျက်ထားကြသည်။ ဓား၊ လှံ၊ လက်နက် ကိုယ်စီကိုင်ထားကြသဖြင့် သိုင်းလောကသားများဖြစ်ကြောင်းကား ထင်ရှားနေ၏။ မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားသဖြင့် လူသိမခံလိုကြောင်း ထင်ရှားနေရာ ထိုလူများသည် သိုင်းလောက၌ နာမည်ရှိသူများ ဖြစ်ကြောင်း ထင်ရှားနေတော့သည်။

" ဝင်ရှုပ်တာ သေချင်လို့ပဲဖြစ်မယ် . . ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စကို ဝင်မရှုပ်တာ အကောင်းဆုံးပဲ၊ အေးအေးနေစမ်း . . . "

"သည်ကောင်ကို ရှင်းပစ်လိုက်"

သူတို့ တစ်ယောက်တစ်ခွန်း ပြောလိုက်ကြသည်။

ထိုနောက် . .

" သတ်ပစ် "

" ယား . . "

ညာသံပေးကာ ပြေးဝင်တိုက်ခိုက်လာကြလေတော့သည်။ ကိုရှောင်က မားမားမတ်မတ် ရပ်နေ၏။

သူသည် ကျောက်တောင်ကြီးအလား ထီးထီးမားမားရပ်နေသည်။ မည်သည့် ရန်ကိုမျှ မမှုဟူသော အနေအထားပင်တည်း။



သူသည် လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းထားသည်။ ရန်သူများအနီးသို့ ရောက်လာတော့မှ အော်ဟစ်လိုက်သည်။

" နောက်ဆုတ်လိုက်ကြစမ်း . . . "

အော်ငေါက်ရင်း လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်လိုက်လေ၏။

အတွင်းအား ထည့်သွင်းအသုံးပြုလိုက်ခြင်းကြောင့် လေတိုးသံများ တဟူးဟူး မြည်ကာ ထွက်ပေါ်လာသည်။

" ဟူး . . . ဟူး . . . ဟူး . . "

" ဝုန်း . . . "

" အား . . . "

မျက်နှာဖုံးစွပ် ရန်သူများကားလူတစ်ခြား လက်နက်တစ်ခြားဖြစ်ကာ အဝေးသို့ လွင့်စင်သွားကြသည်။ ထိုလူများ၏ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ဒေါသထွက်သွားသည်။

" တောက် သိကြသေးတာပေါ့"

ငယ်သားများအခြေအနေ မဟန်သည်ကို မြင်သောအခါ သူသည် ဓားတစ်လက်ဆွဲကာ ခုန်ဝင်လာသည်။

" ဝှစ် . . ဝှစ် . . "

ဝင်းလက်သော ဓားရောင်များထွက်ပေါ်လာ၏။ ပြင်းထန်သော ဓားချက်များသည် ကိုရှောင်၏ တစ်ကိုယ်လုံး လွှမ်း ခြုံသွားသည်။

ကိုရှောင်ကလည်း ခန္ဓာကိုယ်ကိုယိမ်းနွဲ့ကာ ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်သည်။

တစ်ချက်ကလေးမှားယွင်းမိသည်နှင့် ဒုက္ခရောက်ရမည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ကိုရှောင်နားလည်ထားသည်။ ပြင်းထန်သော ဓားချက်များကို ရှောင်တိမ်းယင်း ရှေ့တိုးပြီးလက်ဝါးနှစ်ဖက်ဆန့်ထုတ်ရိုက်ချလိုက်သည်။

" ဝုန်း . . . "

မျက်နှာဖုံးစွပ်တို့ ခေါင်းဆောင်မှာ အပေါ်မြောက်တက်သွားပြီး မြေပေါ်ဝုန်းခနဲ ပြုတ်ကျသွားတော့သည်။

လူတစ်ခြား ဓားတစ်ခြား မြေပေါ်ရောက်သွားပြီး တုတ်တုတ်မျှမလှုပ်တော့ချေ။

" ဟင်း "

" ဟာ "

ထိုလ၏လက်အောက်ငယ်သားများသည် အခြေအနေမဟန်မှန်း သိသည်နှင့် ထိတ်လန့်တကြားအော်ဟစ်ကာ ထွက်ပြေးရှောင်တိမ်းသွားကြလေတော့သည်။

❑ ❑ ❑

အခန်း(၁၃)

## သစ္စာရှိသူ

မိုးကသဲကြီးမဲကြီးရွာသွန်းနေပါသည်။

ကိုရှောင်သည် မြေပေါ်လဲကျနေသော ရသေ့အား ဖေးမလိုက်သည်။ သူ၏ အပြုအမူ၌ ကြင်နာခြင်းအပြည့်အဝ ပါရှိသည်။

ရသေ့မှာ ဒဏ်ရာပြင်းထန်စွာရထားသည့် အပြင် ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။

ကိုရှောင်စိတ်ပူသွားမိသည်။ ရသေ့အား ပူနွေးသော မြို့စုမှုလိုအပ်နေသည် မဟုတ်ပါလား။

"သည်အတိုင်းဆို ရသေ့ကြီးအတွက် အခြေအနေမကောင်းဘူး. . . "

ရသေ့ကြီးအား ကူညီလက်စဖြင့် ဆက်၍ကူညီရန် ဆုံးဖြတ်လိုက်သည်။ ဤသည်မှာ သူ၏ မူလစိတ်ဓာတ်ပင်ဖြစ်သည်။

"အင်း . . . အင်း . . "

ရသေ့သည် မျက်လုံးဖွင့်ကာ ညည်းတွားလိုက်၏။

သူ့အားရန်သူများလက်မှ ကိုရှောင်ကူညီခဲ့သည့်အဖြစ်ကို ကောင်းစွာသိရှိထားပုံတော့ရသည်။

" ကျွန်ုပ်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား အားယူကာ ကျေးဇူးတင်စကားပြောလေ၏။ အကူအညီပေးသူကို ကျေးဇူးတင်စကားပြောရမည်ဖြစ်ကြောင်း သိနေ၍ ယဉ်ကျေးမှုရှိ သူလည်းဖြစ်နေ၏။ ကိုရှောင်အား ပေးနှစ်သိမ့်လိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ ရသေ့ကြီးဘာမှအားမငယ်ပါနဲ့။ ရသေ့ကြီးကို ကျုပ်ကူညီပါမယ် . . "

သူသည် ရသေ့ကြီးကို ပုခုံးပေါ်ထမ်းလိုက်ပြီး ပြေးထွက်သွားလေတော့သည်။

ဒဏ်ရာပြင်းထန်စွာရထားသော ရသေ့ကြီးမှာ ကိုရှောင်ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါသွားရတော့သည်။

ကိုရှောင်သည် မိုးထဲရေထဲ အတန်ကြာအောင် ပြေးလွှားသွားပြီးနောက် ကံကောင်းထောက်မစွာပင် တောင်ခြေတစ်နေရာ၌ သစ်လုံးအိမ်ကလေးတစ်လုံးရှိနေသည်ကို တွေ့လိုက်ရသည်။

သူသည် ထိုသစ်လုံးအိမ်ကလေးဆီသို့ ဦးတည်ကာ ပြေးလွှားသွားလိုက်သည်။

မိုးကောင်းနေဆဲပင်။

သူသစ်လုံးအိမ်ကလေးရှေ့သို့ရောက်ရှိသွားသောအခါ အိမ်ရှင်များကို အော်ခေါ်သည်။

"အိမ်ရှင်တို့ . . အိမ်ရှင်တို့ "

သူ၏ခေါ်သံများက မိုးသံလေသံကို ထိုးဖောက်ကာထွက်ပေါ်လာသည်။

သို့သော် . . . . .

သူ့အားပြန်ကြားမည့်သူမရှိပါချေ။

"အိမ်ရှင်တို့ . . အိမ်ရှင်တို့"



ကိုရှောင်က ထပ်မံခေါ်လိုက်ပြန်သည်။

အိမ်ကလေးထဲမှတုံ့ပြန်သံမကြားရသကဲ့သို့ လူရိပ်လူရောင်လည်း မတွေ့ရချေ။

လူသူမနီးသည့် အိမ်ကလေးတစ်လုံးသို့ရောက်ရှိလာခြင်းဖြစ်ကြောင်း ကိုရှောင်နားလည်လိုက်သည်။ ထို့ကြောင့် တံခါးတွန်းဖွင့်ကာအိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

အိမ်ထဲ၌ အမှန်ပင်လူမရှိချေ။ ခွေးတစ်ကောင် ကြောင်တမြီးမျှမရှိပေ။

အမဲလိုက်သမားများ သစ်ခုတ်သမားများတောထဲတောင်ထဲ ရောက်လာချိန်၌ ခေတ္တစခန်းချနေထိုင်ရန်ဆောက်လုပ်ထားသည့် အိမ်ကလေးမျိုးဖြစ်သည်။

မည်သို့ဆိုစေ . . .

မိုးခိုစရာ နေရာရလိုက်သဖြင့် ကိုရှောင်ဝမ်းသာသွားသည်။ မိုးသည် သဲကြီးမဲကြီးရွာချနေသဖြင့် ဒဏ်ရာရထားသော ရသေ့ကြီးအတွက် မကောင်းလှချေ။

'အိမ်ထဲ၌ ရှင်းလင်းပြီးရသေ့ကြီး အတွက်နေရာ ထိုင်ခင်းစီစဉ် ပေးလိုက်သည်။

တဖန် . . .

အသင့်ဆောင်ထားသော အသက်ကယ်ဆေးတစ်လုံးကို ထုတ်ကာ ရသေ့ကြီးအား တိုက်ကျွေးလိုက်သည်။

ဒဏ်ရာများအနီးတဝိုက် ရှိသွေးများကိုလည်း ပိတ်ပေးလိုက်သဖြင့် သွေးထွက်လွန်ခြင်းမရှိစေရန် ကြိုတင်ကာကွယ်ထားလိုက်ပြီးဖြစ်သွားသည်။

ရသေ့ကြီး၏ကျောပြင်ရှိ လှို့သွေးကြောများမှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



အတွင်း အားပို့ဆောင်ပေးကာတတ်စွမ်းသလောက်ကုသပေးလိုက်သည်။

ကိုရှောင်ပြုစုသည်မှာလိုလေသေးမရှိပေ။ ပြုသင့်သမျှအကုန် ပြုလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့်. . .

"အင်း"

ရသေ့ကြီး အနည်းငယ်သက်သာလာပြီးညည်းတွားကာမျက်လုံးပွင့်လာ၏။

ကိုရှောင်အားကျေးဇူးတင်စကားပြောပြန်သည်။

"မောင်ရင်လေးရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင်မသိတော့ပါဘူးကွယ်. . ."

ကိုရှောင်က. . .

"ကိစ္စမရှိပါဘူးဗျာ သည်လူတွေကရသေ့ကြီးကို ဘာကြောင့်တိုက်ခိုက်ခဲ့ကြတာလဲဗျာ သိနိုင်ခွင့်ရှိရင်တော့ သိချင်ပါတယ်"

ရသေ့ကြီး အတွက်စိတ်မကောင်းဖြစ်ကာမေးလိုက်မိလေသည်၊

ရသေ့ကြီးမှာ အနည်းငယ်သက်သာလာပြီဖြစ်၍. . .

အကျိုးအကြောင်း ရှင်းပြလာနိုင်သည်။

"ကျုပ်က ဝူတန်းဂိုဏ်းက ချင်းယီရသေ့ပါ အရှေ့ အဆောင်မှူးကျို့ရသေ့ရဲ့လက်အောက်မှာ တာဝန်ထမ်းဆောင်နေပါတယ်. . ."

ကိုရှောင်အံ့သြသွားသည်။

"လက်စသပ်တော့ ရသေ့ကြီးဟာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ ဝူတန်းဂိုဏ်းကကိုး"

ဝူတန်းဂိုဏ်းသည် သိုင်းလောက၏ အထင်ကရသိုင်းဂိုဏ်းကြီးတစ်ခုမဟုတ်ပါလား။

ရှောင်လင်၊ ဝူတန်း၊ ဂူကီ၊ ငိုမီး၊ ထိုက်ကျိစသည့် သိုင်းဂိုဏ်းကြီးများသည် သိုင်းလောက၏ အဓိက မဏ္ဍိုင် သိုင်းအဖွဲ့အစည်းကြီးများဖြစ်ကြသည်။

ဝူတန်းဂိုဏ်း မှရသေ့ကြီးတစ်ပါး အားမျက်နှာဖုံးစွပ်ထားကြသူများက လုပ်ကြံဘို့ ဘာကြောင့်ကြိုးစားခဲ့ကြသနည်း။

ရသေ့ကြီးက စကားဆက်ပြောသည်။

"အရှေ့ဘက် အဆောင်ဟာ ဝူတန်းဂိုဏ်းရဲ့ အထင်ကရနေရာတစ်ခုဖြစ်တာကို လူတိုင်းသိကြပါတယ်"

ကိုရှောင်က. . .

"ဟုတ်ပါတယ် အရှေ့ဘက်ဆောင်ဟာ ဝူတန်းဂိုဏ်းရဲ့ အရေးကြီးတဲ့ မှတ်တမ်းမှတ်ရာတွေနဲ့ သိုင်းကျမ်းတွေ သိမ်းဆည်းထားတဲ့ နေရာတစ်ခုဆိုတာ သိုင်းလောကတစ်ခုလုံးသိ ထားကြပါတယ်၊ ဒါကိုရသေ့ကြီးမပြောလဲ ကျွန်တော်သိပါတယ် ခင်ဗျာ. . ."

ချင်းယီရသေ့က. . .

"ကျုပ်နဲ့ စုယီရသေ့ဟာ အရှေ့အဆောင် ကိုတာဝန်ယူရတဲ့ အဆောင်မှူး ကျို့ရသေ့ရဲ့လက်ရုံးနှစ်ဆူအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ယုံကြည်အားကိုးမှုများကို ခံယူရရှိခဲ့ပါတယ်။ ဒါပေမယ့် ည်နှစ်ထဲမှာ အရှေ့ဘက်အဆောင်မှာ ပြဿနာဖြစ်ပေါ်လာတော့ ကျုပ်တို့အားလုံးဒုက္ခရောက်ခဲ့ကြပါတယ်"

ကိုရှောင်စိတ်ဝင်စားသွားသည်။

"ဘယ်လိုများအခက်ကြုံခဲ့ရတာလဲဗျာ"

ချင်းယီ ရသေ့က. . .

"အရှေ့အဆောင်မှာ ထိမ်းသိမ်းထားတဲ့ဝူတန်းရဲ့ အထွဋ်မြတ်ခုနစ်စင်ကြယ်သိုင်းကျမ်းပျောက်ဆုံးသွားခဲ့တာပါပဲ၊ အဲဒီ ကျမ်းဟာ ဝူတန်းရဲ့အသက်ပါ၊ အသဲနှလုံးပါ. . ."

"ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်ထိတ်လန့်သွားသည်။

ဝူတန်းဂိုဏ်း၏ ခုနစ်စင်ကြယ်သိုင်းကျမ်းသည် ရှောင်လင်တာမှိ သိုင်းကျမ်းကဲ့သို့ လျှမ်းလျှမ်းတောက်ထင်ရှားကျော်ကြားသည်။

"ဝူတန်းဂိုဏ်းက ခုနှစ်စင်ကြယ်သိုင်းကျမ်းပျောက်ဆုံးသွားတယ်၊ ဟုတ်လား. . ."

"ပျောက်ဆုံးသွားတယ်ဆိုတာ မသမာသူတွေခိုးယူသွားတာပါ။

"ဩော်. . ."

"ဝူတန်းဂိုဏ်းကိုအခဲ မကျေတဲ့လူတစ်စုရှိနေတယ် သူတို့ဟာ သိုင်းလောကရဲ့ထိပ်ဆုံးနေရာကိုလိုချင်နေကြပေမယ့် ဝူတန်းရဲ့ ခုနှစ်စင်ကြယ် ပညာကိုမယှဉ်နိုင်ကြဘူး ဒါကြောင့် သိုင်းကျမ်းကိုခိုး ယူပြီး လေ့လာကြည့်ဘို့ ကြိုးစားခဲ့ကြတာပဲလို့ ကျုပ်တို့ ဆရာကျို့ ရသေ့က သတ်မှတ်ခဲ့တယ်"

ကိုရှောင်သည် လီအင်းပြောခဲ့သည့် စကားများကို ပြန်လည်ကြားယောင်လာလေသည်။

သိုင်းလောက ၌ထိပ်ဆုံးရောက်လိုနေသည့် သိုင်းတံခွန်ဂိုဏ်းသည် ဝူတန်းဂိုဏ်းနှင့်ပြဿနာဖြစ်ပေါ်နေသည်ဆိုခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ကိုရှောင် ကမေးလိုက်လေ၏။

"သိုင်းတံခွန်ဂိုဏ်းရဲ့လက်ချက်လို့ရသေ့ကြီးထင်မှတ်နေတာလား ဗျာ၊ ကျွန်တော် တို့က သိုင်းတံခွန်ဂိုဏ်းရဲ့ မောက်မာမှုတွေကိုကြားထားပါတယ်။

ချင်းယီရသေ့က. . .

"အနက်ရောင် ဝတ်မျက်နှာဖုံးစွပ် ရုပ်ဖျက်ထားသူတွေက ဝူတန်းဂိုဏ်းရဲ့အရှေ့ဆောင်ကို တိတ်တဆိတ်ခိုးဝင်ပြီး သိုင်းကျမ်းကို လေ့လာပြီး ချို့ယွင်းချက်တွေ့ရင် ဘယ်လိုချေဖျက်ရမယ်ဆိုတဲ့နည်း



လမ်းဖော်ထုတ်နိုင်မယ်လို့ သိုင်းတံခွန်ဂိုဏ်းချုပ်ပြောခဲ့ဖူးတယ်၊ တကယ်တော့ သူဟာ ဒီလိုလူသိရှင်ကြားမပြောသင့်ဘူး. . .၊ ပြောတော့ ဘာဖြစ်သလဲ. . .၊ အရှေ့ဆောင်က ခုနစ်စင်ကြယ် သိုင်းကျမ်း ပျောက်သွားတဲ့ကိစ္စမှာ သူ့တာဝန် မကင်းဘူးလို့ သိုင်းလောက ကသားတွေကယူဆလိုက်ကြတာပေါ့၊ သိုင်းတံခွန်ဂိုဏ်းဟာ သိုင်းလောကအတွက် အန္တရာယ်လို့ အများကယူဆကြတာပေါ့"

"ဒါဖြင့် မျက်နှာဖုံးစွပ်တွေဟာ သိုင်းတံခွန်ဂိုဏ်းကဆိုတာ သေချာနေတာပေါ့"

ချင်းယီရသေ့က. . .

"ဟုတ်ပါတယ် သူတို့ပဲ ဖြစ်ဖို့များပါတယ်"

ကိုရှောင်က. . .

"သူတို့ လက်ထဲ သိုင်းကျမ်းပါသွားတယ်ဆိုတော့ ရသေ့ကြီးတို့. . ."

သူ၏စကားမဆုံးမီ ချင်းယီရသေ့က ကြားဖြတ်ပြောလိုက်သည်။

"ကျို့ရသေ့ဦးဆောင်ပြီး ကျုပ်ရယ်စုယီရသေ့ရယ် ငယ်သားဆယ်နှစ်ယောက်ဟာ မျက်နှာဖုံးစွပ် တွေနောက်ကို လိုက်ခဲ့ကြပါတယ် မျက်နှာဖုံးစွပ်တွေကလည်းအခြေအနေမဟန်လို့ လူစုခွဲပြီး ထွက်ပြေးကြတယ်၊ ကျုပ်တို့ လည်းလူချင်းခွဲ ပြီးလိုက်ခဲ့ပါတယ်"

ကိုရှောင် ၏ မျက်လုံးများဝင်းလက်သွားသည်။

"ရသေ့ကြီးက သိုင်းကျမ်းခိုးယူသွားတဲ့ လူတွေကို ခြေရာခံမိခဲ့တယ်ပေါ့ ဟုတ်လား "

"ဟုတ်ပါတယ် ကျုပ်က သိုင်းကျမ်းကို ရအောင် ပြန်ယူလာနိုင်ခဲ့ပါတယ်"

ကိုရှောင် ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ သိုင်းတံခွန်ဂိုဏ်းရဲ့လက်ထဲ ရောက်သွားရင် မလွယ်ဘူး ထင်တယ် အားလုံးအတွက် အန္တရာယ်ပါပဲ"

"ရသေ့ကြီးဟာ သိုင်းကျမ်းကို ပြန်ရလာပြီဆိုတော့. . ."

"သူတို့က ကျုပ်ကိုအလွတ်မပေးပဲ သဲကြီးမဲကြီးလိုက်ကြတာပေါ့. . . ကျုပ်နဲ့အတူပါလာတဲ့ယသားလေးယောက် သေဆုံးခဲ့ရတယ် ကျုပ်လည်း ဒဏ်ရာရပြီး မောင်းရင်လေးနဲ့သာ မတွေ့ယင်မစဉ်းစားဝံ့လောက်အောင်ပါပဲ ကျုပ်ကို ကယ်တင်တဲ့ မောင်ရင်လေးရဲ့ကျေးဇူးဟာ တကယ်ပဲ ကြီးမားလှပါတယ်. . ."

ကိုရှောင်က အားပေးနှစ်သိမ့်လိုက်သည်။

"ရသေ့ကြီး မစိုးရိမ်ပါနဲ့ဝူတန်းဂိုဏ်းကို ရောက်တဲ့အထိ ကျွန်တော်လိုက်ပို့ပေးပါမယ်"

"ကျေးဇူးကြီးမားလှပါတယ် မောင်ရင်လေးရယ်"

ချင်းယီရသေ့သည် ကိုရှောင်အား အလွန်ပင်ကျေးဇူးတင်သွားသည်။

ကိုရှောင်က. . .

"ရသေ့ကြီး သက်သာသွားအောင် သည်နေရာမှာပဲခဏလောက် အနားယူပါဦး ရာသီဥတုကောင်းမွန်တော့မှ ဝူတန်းဂိုဏ်းကို သွားကြတာပေါ့။အခုတော့ မိုးကသိပ်သဲလွန်းတယ်. . .၊ ဒီတောဒီတောင်ရဲ့အလှတောင် မိုးသဲသဲ အောက်မှာ ပျောက်ကွယ်သွား တယ် ကျွန်တော်ဒီလှပမှုကို စိတ်ဝင်စားပြီး ကြည့်မိလို့ ရသေ့ကြီးရဲ့ မျက်နှာဖုံးစွပ်တွေဝိုင်းတိုက်တာ တွေ့လိုက်ရတာပါ။ မိုးရွာတာကတော့ တကယ်ကိုကြောက်စရာ ကောင်းပါတယ်။

"ကောင်းပါပြီကွယ်. . ."

ချင်းယီရသေ့သည် ဝူတန်းဂိုဏ်းသို့ အမြန်ဆုံးပြန်သွားချင်သော်လည်း အခြေအနေအရ မည်သို့မျှမပြန်နိုင်ခြင်းကြောင့် လက်ခံ



လိုက်သည်။ မိုးသည် သည်းထန်စွာ ရွာသွန်းနေခြင်းကြောင့် အေးစိမ့်နေသည်ဖြစ်ရာ ကိုရှောင်က မီးပုံတစ်ခုပြုလုပ်ပေးလိုက်သည်။

သစ်လုံးအိမ်ကလေးထဲမှ မီးလင်းဖိုတွင်မီးမွှေးကာ မီးဖိုလိုက်သည် နှင့် အိမ်ထဲ၌အလင်းရောင်လုံလောက်စွာ ရလာသည့်အပြင် နွေးနွေးထွေးထွေးရှိလာ၏။

သို့သော်. . .

မီးရောင်ထွက်ပေါ်လာခြင်းက အန္တရာယ်ကို လက်ယပ်ခေါ်သလိုလည်း ရှိနေပါတော့သည်။

နေဝန်းနီမှာ အနောက်ဘက်တွင်းငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်ပါသည်။

နေရောင်ခြည် ပျောက်ကွယ်သွား သျှင်တောထဲတောင်ထဲ၌မှောင်မှောင်မည်းမည်းဖြစ်သွားလေတော့သည် ။

သို့သော်. . .

သစ်လုံးအိမ်ကလေး၌ မီးရောင်များထွက်ပေါ်ကာ လင်းလင်းချင်းချင်းရှိနေ၏။

မီးရောင်ကိုအဝေးမှပင် တွေ့မြင်နိုင်ပါသည်။

မိုးသက်လေပြင်းလည်းရပ်တန့်သွားပြီဖြစ်သည်။

သဉ္ဇပိုးကောင်မွှားကောင်းလေးများ၏ အော်မြည်သံများက စီစီညံနေသဖြင့် တောတောင်အတွင်း တိတ်ဆိပ်ငြိမ်သက်နေသည်ဟုမဆိုနိုင်ပေ။

ချင်းယီရသေ့ကား ပင်းပန်းနွယ်နယ်ပြီး ဒဏ်ရာများရခဲ့သည့်အပြင်ချင်းယီရသေ့ နှင့်အတူပါလာသော ခုနှစ်စင်ကြယ်သိုင်းကျမ်းကို စောင့်ရှောက်ရဦးမည် ဖြစ်ပါသည်။

**ခုနှစ်စင်ကြယ်သိုင်းကျမ်း. . .**

ထိုသိုင်းကျမ်းအားတတ်မြောက်မည်ဆိုလျှင် သိုင်းလောက၌

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက်ကင်းသိုင်းသမားဖြစ်လာမည်မှာသေချာ လှသည်။

ခုနစ်စင်ကြယ်သိုင်းကျမ်းသည် ဝူတန်းဂိုဏ်းချုပ် တစ်ယောက်သာ လေ့လာခွင့်ရှိသည့်ကျမ်းလည်းဖြစ်သည်။ ဝူတန်းဂိုဏ်းသားများ လေ့ကျင့်ဖို့မဆိုထားနှင့် ဖတ်ရှုလေ့လာခွင့်ပင် မရှိသောတားမြစ်ထားသော သိုင်းကျမ်းဖြစ်သည်။

ယခု...

ထိပ်သီးသိုင်းကျမ်းတစ်ဆူသည် ကိုရှောင်နှင့် လက်တစ်ကမ်းအကွာ၌ ရောက်ရှိနေပြီဖြစ်ပါသည်။

သို့သော်...

ကိုရှောင်က ရယူဖို့မဆိုထားနှင့် စိတ်နှင့်ပင် ပစ်မှားလိမ့်မည်မဟုတ်ချေ။ သူ၏စိတ်ဓာတ်မှာ သိုင်းသမားများစံပြုထိုက်သည့် စိတ်ထားပင်ဖြစ်လေတော့သည်။

မပစ်မှားသည့်အပြင်ချင်းယီ ရသေ့နှင့် ခုနစ်စဉ်ကြယ် သိုင်းကျမ်းကို စောင့်ရှောက်ကာဝူတန်းဂိုဏ်းသို့ အရောက်စောင့်ရှောက်ပို့ဆောင်ပေးရန်ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

ကိုရှောင်က စိတ်ရှည်လက်ရှည် သတိထားပြီး စောင့်ရှောက်ခဲ့ရာ တစ်ညတာ အချိန်ကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်ကျော်ခဲ့ကြလေတော့သည်။

"အောက်အီ... အီး... အွတ်"

တောကြက်တွန်သံများဟိုမှသည်မှ ထွက်ပေါ်လာသည်။ အရှေ့ဘက်တွင် ရောင်နီများပျို့အန်လာ၏။

အမှောင်ထုသည် နောက်ဆုတ်သွားပြီး အလင်းရောင်များချင်းနင်း ဝင်ရောက်လာသည်။

မကြာမီ မိုးစင်စင်လင်းတော့မည်ဖြစ်ပေသည်။ ကိုရှောင်သည် မိုးလင်းကာနီးမှ မှေးခနဲ အိပ်ပျော်သွားခဲ့လေသည်။



သို့သော်...

မှေးခနဲဖြစ်သွားသည့် တစ်ခဏတာအချိန်လေးမှာပင်...

"မောင်ရင်လေး ထ... ထ"

ချင်းယီရသေ့က လှုပ်နှိုးလာလေသည်။

ကိုရှောင်ချက်ချင်းပင်နိုးလာ၏။

"ဩော် ရသေ့ကြီး တောင်နိုးနေပြီကိုး ဒဏ်ရာတွေ သက်သာရဲ့လား သိုင်းကျမ်းကော..."

ချင်းယီ ရသေ့က...

"မောင်ရင်လေးရဲ့ကျေးဇူးကြောင့် ကျုပ်သက်သာလာပါပြီ သိုင်းကျမ်းလည်းလုံလုံခြုံခြုံရှိပါတယ်၊ မောင်ရင်လေးကိုနှိုးလိုက်ရတာ အပြင်ဘက်ကလူသံကြားရလို့ပါ"

"ဟင်..."

ကိုရှောင်လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ထိုအချိန်မှာပင်...

"ဟူး... ဟူး"

အပြင်ဘက်မှ အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကိုရှောင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တစ်ယောက်ယောက်လာနေပြီ မျက်နှာဖုံးစွပ်သူပဲဖြစ်မယ်ထင်တယ်... ဒီကောင်တွေ သိုင်းကျမ်းကို လက်လွှတ်ခဲ့မှာ မဟုတ်ဘူး..."

သိုင်းကျမ်းကို ထုတ်ယူလိုက်သည်။

"မောင်ရင်လေးသိုင်းကျမ်းကို ဝူတန်းဂိုဏ်းကို ရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးပါ ကျုပ်က ရန်သူတွေကို ဟန့်တားထားပါ့မယ် ”

ကိုရှောင် ခေါင်းခါယမ်းလိုက်သည်။

“ဘယ်ဖြစ်မလဲ ရန်သူကိုမဟန့်တားနိုင်လို့သွားချင်းသွားရင် ရသေ့ကြီးသွားရမှာပါ။ ကျွန်တော့်အသက် သေချင်သေသွားပါစေ ရန်သူတွေကို ဟန့်တားထားပါ့မယ်”

ချင်းယီ၏ မျက်နှာတွင်ထူးခြားသောအရိပ်ရောင်များ ဖြစ်ပေါ် လာလေသည်။

“မောင်ရင်လေးဟာကျုပ်အပေါ်မှာ ကျေးဇူးရှိနေပေမဲ့ မောင်ရင်လေးဘယ်သူဘယ်ဝါဆိုတာမမေးမိခဲ့ဘူး”

ကိုရှောင်က. . .

“ကျုပ်နာမည် ကိုရှောင်လို့ခေါ်ပါတယ်”

သူ၏ဆရာမှာ သိုင်းသမားလင်းထုန်ဖြစ်ကြောင်းလည်း ပြော လိုက်သည်။

“လက်စသပ်တော့ မောင်ရင်လေးဟာသိုင်းသမား လင်းထုန် ရဲ့ တပည့်ဖြစ်နေတာကိုး ဒါကြောင့်လည်း မောင်ရင်လေးရဲ့ သိုင်းပညာ ထက်မြက်တဲ့အပြင်မြင့်မြတ်တဲ့စိတ်ထားလည်းရှိနေတာကိုး တော် တန်ရုံ လူဆိုယင် ကျုပ်ကိုလုပ်ကြံပြီး သိုင်းကျမ်းယူသွားပြီပေါ့၊ လွယ် လွယ်ကလေးလုပ်နိုင်တဲ့ကိစ္စပဲ မဟုတ်လား”

ကိုရှောင်ပြုံးလိုက်သည်။

ထိုစဉ်. . .

“ညက မီးရောင်ကိုသည်ဘက်မှာ တွေ့တာလူရှိတာ မှန်နေပြီ”

“ထင်းခုတ်သမားတွေအားလုံးအသုံးပြုနေတဲ့ အိမ်ကလေး



တစ်လုံးရှိနေတယ်. . . ”

အပြင်ဘက်မှ စကားသံများထွက်ပေါ်လာကာ လူတစ်စု ရောက်ရှိလာကြသည်။

ကိုရှောင်က. . .

“ရသေ့ကြီး အနောက်ဘက်ကထွက်သွားပါ၊ ရန်သူကို ကျွန်တော် ဟန့်တားထားပါမယ် ဒီကောင်တွေကို ဟန့်တားနိုင်စွမ်း ရှိမယ်လို့လဲ ကျွန်တော်ယုံတယ်. . . ”

အိမ်ရှေ့သို့လှမ်းထွက်ရန် ဟန်ပြင်လိုက်၏။

“နေဦး”

ချင်းယီရသေ့က ဟန့်တားလိုက်သည်။

ကိုရှောင်လှည့်ကြည့်လိုက်သောအခါ ချင်းယီရသေ့၏ မျက်နှာပြုံးရွှင်နေသည်ကိုတွေ့ရလေသည်။ အဘယ်ကြောင့်ရသေ့ကြီး ပြုံးရွှင်နေရပါသနည်း ။ သူလွတ်အောင်ပင်မနည်းပြေးရပေမည်။

ကိုရှောင်အံ့ဩသွားသည်။

“ရသေ့ကြီးဘာဖြစ်လို့လဲ. . . ”

ချင်းယီရသေ့က. . .

“ရန်သူတွေမဟုတ်ပါဘူး ဝူတန်းဂိုဏ်း ကလူတွေပါ သူတို့ ပြောဆိုနေတဲ့ စကားသံတွေကြားတာနဲ့ကျုပ်သိပါတယ်၊ စုယီခေါင်း ဆောင်တဲ့အဖွဲ့ပဲ ဖြစ်ပါလိမ့်မယ်. . . ”

“ထိုစကားကြားလျှင် ကိုရှောင်ဝမ်းသာသွားသည်။ သူ့တာဝန် လျော့ပါးသွားပြီမဟုတ်ပါလား ”

“ဝူတန်းဂိုဏ်းကလူတွေရောက်လာပြီဆိုရင် ဒီကောင်း ဘာပေါ့ဗျာ ကျုပ်အခုမှခေါင်းပေါ့သွားတော့တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . လာ ကျုပ်တို့အပြင်သွားကြစို့"

ချင်းယီရသေ့ ဦးဆောင်ကာ ထွက်သွားသဖြင့်ကိုရှောင် လည်းလိုက်သွားသည်။

အိမ်အပြင်ဘက်ရောက်လျှင်ဝူတန်းဂိုဏ်းမှလူများ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❑ ❑ ❑

အခန်း (၁၄)

# ဆုလာဘ်

ဝူတန်းဂိုဏ်းမှ အရှေ့ဆောင်မှူးကျို့ရသေ့ ၏ လက်ရုံးစုယီရသေ့ဦးဆောင်သော ဝူတန်းဂိုဏ်းသားလေးယောက်ရောက်ရှိလာကြသည်။

ချင်းယီရသေ့ သည်စုယီ ရသေ့ကို မြင်လျှင် ဝမ်းသာသွားပြီး ပျော်ရွှင်စွာ သွားရောက်နှုတ်ဆက်လိုက်၏။

"စုယီ နောင်ကြီးလိုက်လာတာ ဝမ်းသာလိုက်တာဗျာ"

စုယီ ရသေ့က. . .

"ညီလေးချင်းယီ အတွက် ကျုပ်တို့စိုးရိမ်နေတာ ကျုပ်တို့လူစုခွဲပြီး လိုက်ရှာကြတာ သိုင်းကျမ်းခိုးယူသွားတဲ့ မျက်နှာဖုံးစွပ် တွေကို ညီတော်တွေ့ပြီး သိုင်းကျမ်းကို ပြန်ရအောင်ယူနိုင်ခဲ့တယ်လို့ သတင်းကြားမိတယ်"

ချင်းယီရသေ့က ဟုတ်မှန်ကြောင်းဝန်ခံ လိုက်သည်။

"ဟုတ်ပါတယ် နောင်တော် မျက်နှာဖုံးစွပ်တွေကိုဆုံးမပြီး သိုင်းကျမ်းကို အရပြန်ယူလာနိုင်ခဲ့ပါတယ် ဒါပေမယ့် ကျုပ်ရဲ့ နောက်လိုက်လေးယောက်ဟာ ရန်သူ့လက်ချက်နဲ့အသက်ဆုံးရှုံးခဲ့ရပါတယ်"

စုယီက. . .

"အင်းဝူတန်းဂိုဏ်းအတွက် အသက်ပေးသွားတဲ့ သူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတွေပါပဲ၊ ဘာပဲဖြစ်ဖြစ် သိုင်းကျမ်းကို ပြန်ရလာတာ ကံကောင်းတယ်၊ ဂူတန်းဂိုဏ်းကို ပြန်အပ်ပြီးမှ မျက်နှာဖုံးစွပ်တွေအကြောင်းကို စုံစမ်းဖော်ထုတ်ပြီး ဆုံးမရမယ်"

ချင်းယီရသေ့က. . .

"ကောင်းပါတယ် ကိုယ်တော်"

စုယီက ကိုရှောင်ကို ကြည့်လိုက်လေသည်။

"သူက. . ."

ချင်းယီရသေ့က အကျိုးအကြောင်း ရှင်းပြလိုက်သည်။

"သူဟာ သိုင်းသမားလင်းထုန်ရဲ့တပည့်ပါ သူကူညီခဲ့လို့"

ချင်းယီက သစ္စာရှိသူ ကိုရှောင် အကြောင်းကို အစအဆုံးရှင်းပြလိုက်သည်။

စုယီက ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေ၏။ ချင်းယီ၏ စကားဆုံးသွားတော့မှ တီးတိုးရေရွတ်လိုက်သည်။

"ကျေးဇူးကြီးလှပါလား"

ချက်ခြင်းပင် ကိုရှောင်၏ရှေ့သို့လှမ်းသွားလိုက်၏။

ကိုရှောင်အားလက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်ဂါရဝပြုလိုက်သည်။

"မောင်ရင်လေးရဲ့ကျေးဇူးဆပ်မကုန်နိုင်တော့ပါဘူး ဂူတန်းဂိုဏ်းရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာကို မောင်ရင်လေးကယ်တင်ခဲ့တာပါပဲ"

"အို. . . ကျွန်တော်က. . ."

ချင်းယီကို အားတုန့်အားနာဖြစ်ကာ ဂါရဝပြုသည်ကို လက်မခံဝံ့ဘဲ နောက်ဆုတ်ရန် ဟန်ပြင်လိုက်စဉ် မှာပင်ထူးခြားသော အဖြစ်အပျက်ဖြစ်ပေါ်လာသည်။

စုယီရသေ့က ကိုရှောင်၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကာ သွေးကြောပိတ်လိုက်ခြင်းဖြစ်သည်။ ~



မမျှော်လင့်ပဲ ခံလိုက်ရသဖြင့် ကိုရှောင်မှာမရှောင်နိုင်တော့ပဲ သွေးကြောပိတ်ခံရကာ မလှုပ်မယှက်ဖြစ်သွားလေတော့သည်။

ချင်းယီလည်း ကြောင်အမ်းအမ်းဖြစ်သွား၏။

"နောင်တော်ဒါက. . ."

သူလည်းစကားဆုံးအောင်မပြောလိုက်ရချေ။ စုယီရသေ့က လက်ဝါးဖြင့် လျှပ်တပြက်ခုတ်ချလိုက်ခြင်းကြောင့်ဖြစ်သည်။

"ဝုန်း. . ."

"အား. . ."

ချင်းယီရသေ့မှာ စူးရှစွာအော်ဟစ်ကာ မြေပေါ် လဲကျသွားလေတော့သည်။

ကိုရှောင်မှာ သွေးကြောပိတ်ခံရသဖြင့် မလှုပ်ရှားနိုင်သော်လည်းစကားပြောနိုင်ပါသေး၏။

"ခင်ဗျား ဘာကြောင့်သည်လိုလုပ်ရတာလဲ"

ကိုရှောင်သည် စုယီရသေ့အားနားမလည်နိုင်စွာမေးလိုက်သည်။

စုယီရသေ့ရယ်မောလိုက်၏။

"ခုနစ်စင်ကြယ်သိုင်းကျမ်းဆိုတာ အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးဆိုတာ မင်းနားမလည်သေးဘူးထင်တယ်"

"ဘာဗျ. . ."

"ကျုပ်သာမကဘူး လူတိုင်းကလိုချင်နေကြတာပဲ သိုင်းတံခွန်ဂိုဏ်းဟာ ခုနစ်စင်ကြယ်သိုင်းကို မယှဉ်နိုင်တာကြောင့် သိုင်းလောကကိုလွှမ်းမိုးဘို့ခက်နေတော့ ကျုပ်ကသူတို့ကို ကူညီလိုက်မယ် ဆိုရင်သူတို့အောင်မြင်သွားမယ်ဒါဆိုရင် ကျုပ်အတွက်လည်း ဘာမှ ပြောစရာ မလိုတော့ဘူးပေါ့"

ကိုရှောင်က. . .

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ခင်ဗျားဝူတန်းဂိုဏ်းမှာနေရာရထားတဲ့လူ တစ်ယောက်ပဲ မဟုတ်လား၊ အရှေ့ဆောင်ဟာခင်ဗျားတို့ရဲ့ သစ္စာရှိ[illegible] ကြောင့်လုံခြုံနေတာမဟုတ်လား. . ."

"ဟား. . . ဟား. . . ဟား. . . ကျုပ်ဟာ ရသေ့ဝတ်ပြီး ဝူတန်းဂိုဏ်းမှာ တစ်သက်လုံး သူများခိုင်းတာလုပ်နေရမှာလားကွ[illegible] မင်းမို့ ပြောရက်ပလေတယ် . . ."

စုယီရသေ့၏စကားကြောင့် ကိုရှောင်၏ ရင်ထဲလေးလံလာ[illegible] လေတော့သည်။

" ခင်ဗျာဘယ်လိုလူစားမျိုးလဲဆိုတာ ကျုပ်သဘောပေါက်[illegible] သွားပါပြီ။ ခင်ဗျားဟာ ဝူတန်းဂိုဏ်းသား မပီသဘဲ ကြောက်စရာ[illegible] ကောင်းတဲ့ အတ္တသမား သစ္စာဖေါက် တစ်ယောက်ဖြစ်နေတာကို"

စုယီရသေ့က. . .

" မင်း ဘယ်လိုပြောပြော ခုချိန်မှာ ကျုပ်လက်ခုပ်ထဲက[illegible] ဖြစ်နေပြီ ကျုပ်က သိုင်းကျမ်းကို ရပြီဘယ်သူ့ကိုအမှုထားရမှာ[illegible] မင်းသာမျက်စိမှိတ်ပြီး ဆုတောင်းပေတော့ . . ."

" ခင်ဗျားဟာ သိုင်းတံခွန်ဂိုဏ်းကိုလည်း သိုင်းကျမ်းသွား[illegible] ပေးမယ့်လူမဟုတ်ပါဘူး . ."

"ဝူတန်းဂိုဏ်းကို သစ္စာဖောက်တဲ့လုပ်ရပ်က ခင်ဗျား ဘယ်[illegible] လူလဲဆိုတာ ဖေါ်ပြနေတာပဲ။ ဒီတော့ ခင်ဗျားဟာ ဘယ်နည်းနဲ့[illegible] ဒီခုနစ်စင်ကြယ်သိုင်းကျမ်းကို သွားပေးမှာ မဟုတ်ဘူး။ ခင်ဗျား[illegible] အတ္တသမားဟာ . . . . ကိုယ်ကျိုးအတွက်ပဲ အသုံးချမှာပဲ မဟုတ်[illegible] လားဗျ. ."

" သိပ်မှန်တာပေါ့ကွာ ဟား. . . ဟား . . . ဟား . . [illegible] သူ့ကို ရှင်းပစ်လိုက်စမ်း"

စုယီသည် နောက်လိုက်ငယ်သားလေးယောက်အား အမိ[illegible]



ပေးလိုက်သည်။

ငယ်သားလေးယောက် တုတ်တုတ်မျှ မလှုပ်ကြချေ။

စုယီရသေ့က. . .

"ဟေ့ကောင်တွေ ဘာငိုင်နေတာလဲ မင်းတို့"

အော်ငေါက်ကြိမ်းမောင်းလိုက်သော်လည်း သူ၏အသံ တစ်ဝက်တပျက်ဖြင့် ရပ်တန့်သွားလေတော့သည်။

အဘယ့်ကြောင့်ဆိုသော်. . .

သက်ပြင်းချသံ တစ်ချက်ကိုကြားလိုက်ရသောကြောင့်ဖြစ် လေ၏။

ကိုရှောင်လည်းကြားလိုက်သည်။

လှမ်းကြည့်လိုက်လျှင်မုတ်ဆိတ်ဖြူများရှိသော ရသေ့ကြီး တစ်ပါးလှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုအခါ စုယီရသေ့ မျက်နှာပျက်သွားလေတော့သည်။

သူသည် အော်ပြောလိုက်ပြီး မြေပေါ်ကပျာကယာ ဒူး ထောက်လိုက်သည်။ ရောက်ရှိလာသည် မုတ်ဆိတ်ဖြူရသေ့ကြီးကား ဝူတန်းဂိုဏ်း၏ အရှေ့ဆောင်မှူး ကျို့ရသေ့ ဖြစ်လေ၏။

ကျို့ရသေ့သက်ပြင်းချလိုက်ပြန်သည်။

"အရှေ့ဆောင်ထဲ တိတ်တဆိတ်ဝင်ပြီး ခုနစ်စင်ကြယ်ကျမ်း ကို ခိုးယူသွားဘို့ဆိုတာ အတွင်းလူမပါဘဲ မဖြစ်နိုင်ဘူးဆိုတာ ကျုပ် တွေးမိထားပြီးသားပဲ 'စုယီ' မင်းကသစ္စာဖောက်ဖြစ်နေတာကိုး"

စုယီရသေ့၏ မျက်နှာ ဖြူဖတ်ဖြူလျော်ဖြစ်သွားသည်။

"ဆရာ. . . ကျုပ် ကျုပ်က. . ."

ကျို့ရသေ့လက်ကာပြလိုက်သည်။

"စုယီမင်းပြောတဲ့စကားတွေကို ကျုပ်ကြားပြီးပါပြီ၊ ခုချိန်မှာ [illegible]ငြင်းနေလို့အပိုပါပဲ၊ အခုငြင်းနေမဲ့အစား စောစောက[illegible]ားတွေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းမပြောဖို့စဉ်းစားသင့်တယ်"

ကျို့ရသေ့က ချင်းယီရသေ့ထံ လှမ်းသွားလိုက်၏။ ချင်းယီရသေ့သည် မြေပေါ်သို့လဲကျနေပြီးအသက်ကိုခဲယဉ်းစွာရှူရှိုက်နေ၏။

ကျို့ရသေ့စိတ်မကောင်းဖြစ်သွား၏။

"ချင်းယီမင်းတာဝန်ကျေပါတယ်"

"ကျုပ်. . . ကျုပ်. . ."

ချင်းယီရသေ့က အဖြစ်အပျက်များကိုကြိုးစားအားယူကာ ရှင်းပြယင်း သိုင်းကျမ်းကိုထုတ်ပေးလိုက်သည်။

ထိုနောက်ကျို့ရသေ့၏ လက်ပေါ်သို့ပင်အသက်ကုန်သွားတော့သည်။

ကျို့ရသေ့ကကြေကွဲစွာပြောလိုက်သည်။

"စုယီ မင်းရဲ့မိုက်မဲမှုကြောင့်မင်းနဲ့ နှစ်ပေါင်းများစွာညီအစ်ကို လိုနေခဲ့တဲ့ ချင်းယီကိုဆုံးရှုံးလိုက်ရပြီ၊မင်းရဲ့အပြစ်တွေကိုခွင့် လွှတ်နိုင်စရာမရှိတော့ဘူး မင်း ဘာလုပ်သင့်တယ်ဆိုတာ မင်းဘာသာစဉ်းစားပါ. . ."

စုယီရသေ့က. . .

"ကျုပ်မှားပါတယ် ကျုပ်ရဲ့အပြစ်ကို ခံယူပါတယ်"

စကားဆုံးလျှင်လက်ဝါးဖြင့်သူ၏ ငယ်ထိပ်ပေါ်သို့ပြန်ဖိချလိုက်လေသည်။

"ဖုတ်. . ."

သူ၏ဦးခေါင်းတခုလုံးသွေးချင်းချင်းနီရဲသွားပြီးမြေပေါ်လဲကျသွားလေတော့သည်။

ကျို့ရသေ့ သက်ပြင်းချလိုက်ပြန်သည်။

"စုယီဟာ ပြေးလို့မလွတ်တော့ဘူးဆိုတာသိလို့ ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားတာပဲ. . ."



သူက ကိုရှောင်ဘက်သို့ လှည့်လိုက်သည်။

"မင်းကိုဘယ်လိုကျေးဇူး တင်ရမှန်းမသိတော့ဘူး ကျုပ်နဲ့အတူ ဝူတန်းတောင်ကိုလိုက်ခဲ့ပါ ဂိုဏ်းချုပ်က မင်းကိုတွေ့ချင်မှာ သေချာတယ်"

ကိုရှောင်အားသွေးကြောဖွင့်ပေးလိုက်သည်။

ကိုရှောင်သည်လှုပ်ရှားလာနိုင်သည်နှင့် ကျို့ရသေ့အား ဂါရဝပြုလိုက်သည်။

"ကောင်းပါပြီ ကျွန်တော်လိုက်ခဲ့ပါမယ်"

ဝူတန်းတောင်သို့ လိုက်သွားရန်သဘောတူလိုက်လေတော့သည်။

❑ ❑ ❑

ဝူတန်းတောင်. . .

ထင်ရှား ကျော်ကြားလှသည့် ဝူတန်းဂိုဏ်းတည်ရှိရာ ဝူတန်းတောင်သို့ ကိုရှောင် ရောက်ရှိလာသည်။

ဝူတန်းဂိုဏ်းသားများသည် ကိုရှောင်အား အထူးဧည့်သည်တော်တစ်ယောက်အဖြစ်ကြီးကျယ်ခမ်းနားစွာကြိုဆိုခဲ့ကြလေသည်။

ဝူတန်းဂိုဏ်းချုပ်ကိုယ်တိုင် ဧည့်ခန်းဆောင်အတွင်း သီးသန့်ဧည့်ခံသည်။

ဝူတန်းဂိုဏ်းချုပ်၏ မျက်နှာတည်ကြည်လေးနက်နေပါ၏။

ကိုရှောင် ဦးညွှတ်ဂါရဝပြုလိုက်လေ၏။

"ကျွန်တော်ကိုရှောင်ဂါရဝပြုပါတယ်ခင်ဗျာ"

ဝူတန်းဂိုဏ်းချုပ်က. . .

"မောင်ရင်လေးကိုကျုပ်ကဂါရဝ ပြုရမှာပါ"

"ဗျာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်လေးဟာ ဝူတန်းဂိုဏ်းရဲ့အရှက်နဲ့ ဂုဏ်သိက္ခာ ကိုကာကွယ်စောင့်ရှောက်နိုင်ခဲ့တဲ့သူ့ရဲကောင်းတစ်ယောက်ဖြစ်တာကြောင့် ကျုပ်က ဂါရဝ ပြုထိုက်ပါတယ် လို့ဆိုတာပါ"

"ကျွန်တော်က လမ်းကြုံလို့ ကူညီခဲ့တာပါခင်ဗျာ ကျွန်တော့်ရဲ့ကူညီမှုဟာ ဂိုဏ်းချုပ်ကြီးတို့ပြောသလိုမကြီးကျယ်ပါဘူး အကူအညီ ကသေးသေးလေးပါ။ အခုဂိုဏ်းချုပ်ကြီးတို့ ကြံဆိုတာက အင်မတန် ကြီးကျယ်နေပါတယ်ခင်ဗျာ ၊ ကျွန်တော် မခံယူဝံ့ပါဘူး။ ကျွန်တော်ဟာ သာမန်လူတစ်ယောက်ပါခင်ဗျာ. . ."

ဝူတန်းဂိုဏ်းချုပ်က တည်ကြည်သောမျက်နှာထားဖြင့် ပြောသည်။

"မောင်ရင်လေး အားမနာပါနဲ့ မောင်ရင်လေးဟာ ဝူတန်းဂိုဏ်းရဲ့ဂါရဝ ပြုတာကိုခံယူထိုက်တဲ့ အပြင် သိုင်းလောက သူ့ရဲကောင်းတစ်ယောက် ဖြစ်တာလဲအမှန်ပါပဲ. ."

ကိုရှောင်မှာအားတုံ့အားနာဖြင့် မျက်နှာမထားတတ်အောင်ဖြစ်နေပါသည်။

ဝူတန်းဂိုဏ်းချုပ်က. . .

"ပျောက်ဆုံးသွားတဲ့ခုနစ်စဉ်ကြယ်သိုင်းကျမ်းဟာ ဝူတန်းရဲ့ရတနာ တစ်ပါးပါပဲ။ သည်သိုင်းကျမ်းကြောင့် သိုင်းလောကမှာနှစ်ပေါင်းများစွာအခွန့်ရှည်အောင်မားမားမတ်မတ် ရပ်တည်နိုင်ခဲ့တယ်၊ သိုင်းလောကအကျိုးအများအကျိုးကိုသည်ပိုး ဆောင်ရွက်နိုင်ခဲ့ပါတယ် ။ ခုနစ်စဉ်ကြယ်သိုင်းကျမ်း မရှိယင် ဘယ်နည်းနဲ့မှ သိုင်းလောကထဲမှာ ရပ်တည်နေနိုင်စွမ်းရှိတော့မှာ မဟုတ်ဘူး ဒါကိုတော့ မောင်ရင် ယုံပါ. . ."

ကိုရှောင် ငြိမ်နေလိုက်သည်။

ဝူတန်းဂိုဏ်းချုပ်ကဆက်ပြောသည်။



"ကျုပ်ခုလိုပြောပြနေတာဟာ ဝူတန်းဂိုဏ်းကိုဖျက်ဆီးပစ်ချင်နေသူတွေ ရှိနေလို့ပါပဲ သည်လူတွေဟာ ဝူတန်းဂိုဏ်းကို နှစ်ကြိမ်တိုင်တိုင် လာရောက်နှောက်ယှက်ခဲ့ကြတယ် ခုနစ်စဉ်ကြယ်သိုင်းကြောင့်သာ အရေးနိမ့် ပြီးနောက်ဆုတ်သွားခဲ့ကြတာ ဒါမှ မဟုတ်ရင် ကျုပ်တို့ ဝူတန်းဂိုဏ်းကို တစ်စစီ ပြိုကွဲအောင် ဖြိုခွဲသွား ကြမှာသေချာတယ်"

ကိုရှောင်က မေးလိုက်လေသည်။

"သိုင်းတံခွန်ဂိုဏ်းကလူတွေလားဗျာ၊ ဒီလူတွေလို့ကျွန်တော် သံသယရှိပါတယ်ခင်ဗျာ. . ."

ဝူတန်းဂိုဏ်းချုပ်က. . .

"မောင်ရင်လေးလည်း သိုင်းတံခွန်ဂိုဏ်းအကြောင်း သိထားတာကိုး "

"ဟုတ်ပါတယ်ခင်ဗျာ၊ ကြားဖူးနားဝပါ. . ."

အင်းသိုင်းတံခွန်ဂိုဏ်းဟာသိုင်းလောကကိုလွှမ်းမိုးချင်တဲ့နေရာမှာစကြာသိုင်းသမားထက်မလျော့ဘူး။ သူတို့ဟာ ခုနစ်စဉ်ကြယ်ဓားသိုင်းကျမ်းရဲ့လျှို့ဝှက်ချက်ကို ရယူချင်ကြတယ်လျှို့ဝှက်ချက်ကိုသိရရင် ဘယ်လို ချေဖျက်ရမယ်ဆိုတာကို ဖော်ထုတ်နိုင်မယ် ခုနစ်စဉ်ကြယ်သိုင်းကျမ်းကို မမှုတော့ဘူးဆိုယင် ဝူတန်းဂိုဏ်းကို ချေမှုန်းနိုင်ပြီပေါ့ ၊ ပြီးရင် သိုင်းလောကဘက်ကို ခြေဦးလှည့်ကြတော့မှာပဲ. . ."

ကိုရှောင်က. . .

"ခုနစ်စဉ်ကြယ်သိုင်းကျမ်းကိုထိန်းသိမ်း စောင့်ရှောက်ထားဖို့ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ကျွန်တော်သဘောပေါက်ပါပြီဗျာ. . ."

ဝူတန်းဂိုဏ်းချုပ်က. . .

"မောင်ရင်လေးရဲ့နေရာမှာ အခြားတစ်ယောက်ယောက်

www.burmeseclassic.com



ဆိုရင် ကိုယ်ကျိုးအတွက် ချင်းယီရသေ့ကိုသတ်ပြီး ခုနစ်စင်ကြယ်သိုင်းကျမ်းကိုအရယူလိုက်ရင် မောင်ရင်လေး လွယ်လွယ်နဲ့ရသွားမှာပါ။ အခု မောင်ရင်လေးဟာ တကယ့်ကိုရိုးသားခဲ့တယ်"

"ကိစ္စမရှိပါဘူး ခင်ဗျာ ဝူတန်းဂိုဏ်းကို ကူညီနိုင်တာပဲ ကျွန်တော် ဝမ်းသာလှပါပြီ. . ."

ဝူတန်းဂိုဏ်းချုပ်သည် ကိုရှောင်က အားနာနေမှန်း သိလျှင် ဂါရဝမပြုတော့ပေ။

သို့သော်. . .

ကိုရှောင်အတွက် ဝူတန်းဂိုဏ်း၏ အမြင့်ဆုံးဆုလာဒ်ချီးမြှင့်ဘို့ဆုံးဖြတ်လိုက်သည်။

"မောင်ရင်လေး အများအကျိုးအတွက် သိုင်းလောကအကျိုးဆောင်ရွက်နေတဲ့လူငယ်တစ်ယောက်ဖြစ်တဲ့ အပြင် ဝူတန်းဂိုဏ်းကို ကျေးဇူးပြုခဲ့တဲ့အတွက် မောင်ရင်လေးကို ကျေးဇူးတုန့်ပြန်လိုက်ပါမယ်"

ဝူတန်းဂိုဏ်းချုပ်သည် တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောလိုက်သည်။

"မောင်ရင်လေး ဟာ သိုင်းလောကမှာဆက်လက်ရပ်တည်ပြီး အများအကျိုး ဆောင်ရွက်နိုင်ဘို့ မောင်ရင်လေးရဲ့ သိုင်းပညာအစဉ်အမြဲ ထက်မြက်နေဘို့ လိုပါလိမ့်မယ်. . ."

ကိုရှောင်က သူ့အား ဆုံးမစကားပြောသည်မှတ်ကာ ဦးညွှတ်လိုက်သည်။

"ကျွန်တော် ဆက်ပြီးကြိုးစားသွားပါမယ် ခင်ဗျာ"

ဝူတန်းဂိုဏ်းချုပ်က. . .

"မောင်ရင်လေးရဲ့ သိုင်းပညာတိုးတက်ဘို့ ထပ်မံ လေ့လာလေ့ကျင့်ဖို့ လိုအပ်လာပြီဆိုရင် ဝူတန်းဂိုဏ်းကိုလာခဲ့ပါ။ ဝူတန်းရဲ့



ခုနစ်စင် ကြယ်သိုင်းကျမ်းကို လေ့လာခွင့်ပြုပါမယ်"

"ဗျာ. . ."

မမျှော်လင့်သောစကားကြားလိုက်ရသဖြင့် ကိုရှောင်ပါးစပ်အဟောင်းသားဖြစ်သွားတော့သည်။

❑ ❑ ❑

များမကြာမီ. . .

ကိုရှောင်သည်ဝူတန်းဂိုဏ်းအားကူညီခဲ့သော သူရဲကောင်းတစ်ယောက်အဖြစ် သိုင်းလောက၌ကျော်ကြားသွားခဲ့လေသည်။ အားလုံးက တအံ့တဩဖြစ်သွားကြ၏။ အလွန်သစ္စာရှိသူအဖြစ်လည်း ပြောစမှတ်ပြုကြသည်။

သိုင်းလောကပျော်သိုင်းလေးဖော်ဆိုသည့် လူငယ်လူရွယ်သိုင်းသမားလေးဦး ထင်ရှားခဲ့ပြီးနောက် စကြာသိုင်းသမားအား ဆုံးမပြီးချိန်၌ ကိုရှောင်၏အမည် ထင်ရှားလာခဲ့ခြင်းဖြစ်သည်။

ကိုရှောင်နှင့် ပတ်သက်၍ ခုနစ်စင်ကြယ်သိုင်းကျမ်းအား အချိန်မရွေး လေ့လာနိုင်ရန်ဝူတန်းဂိုဏ်းချုပ်ကကတိပြုထားသဖြင့် သိုင်းလောကသားများသည် ကိုရှောင်မှာ အလွန်ကံကောင်းသူတစ်ယောက်ဖြစ်သည်ဟု သတ်မှတ်ခဲ့ကြသည်။

သို့သော်. . .

ကိုရှောင်မှာ ခုနစ်စင်ကြယ် သိုင်းကျမ်းအားလေ့လာခွင့်ရခဲ့သည့်ဆုလာဒ်ကြောင့် ကံမကောင်းသည့်အပြင် ကံဆိုးများ နှင့်ကြုံတွေ့ရန် အကြောင်းဖန်လာခဲ့လေတော့သည်။

❑ ❑ ❑

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

# အနိုင်ရလိုသူ

သိုင်းသမားလီအင်း. . .

လီအင်းသည် လူငယ်လူရွယ်တစ်ယောက်မျှသာ ဖြစ်သော်လည်း လူငယ်သဘာဝကို စိတ်မဝင်စားပဲ သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက်ဖို့သာ စိတ်ထဲရှိသည်။

သိုင်းလောကအား နှောင့်ယှက်ဖျက်ဆီးဖို့ကြိုးစားခဲ့သည့် စကြာသိုင်းသမားအားချေမှုန်းရာ၌ရှေ့တန်းမှပါဝင်ခဲ့သူဖြစ်လေ၏။

စကြာ သိုင်းသမားတို့လူစုချေမှုန်းခံလိုက်ရပြီးနောက် သိုင်းလောကအေးချမ်းသာယာသွားခဲ့သည် ။ မုန်တိုင်းမလာမီ ပင်လယ်ပြင်ငြိမ်သက်နေသကဲ့သို့မျိုး ဖြစ်နေသည်။

သို့သော်. . .

သိုင်းသမားလီအင်းက အနားမယူနိုင်သေးပါ။

သိုင်းလောကမှာတကယ်အေးချမ်းသာယာသွားစေဖို့ နှောင့်ယှက်ဖျက်ဆီးဖို့ ကြံစည်နေကြသူများအားသတိဖြင့် အမြဲမပြတ် စောင့်ကြည့်တားဆီးရမည်ဟု ဆုံးဖြတ်ထားသည်။

ထို့ကြောင့်သိုင်းလောကအားတိုက်ခက်မည့် မိုးသက်လေမုန်တိုင်း များ ဆူးငြောင့်ခလုတ်များကို တားဆီးကာကွယ်ရန် ဖယ်ရှားရှုတ်ပယ်ပြစ်ရန် အစဉ်အမြဲ သတိရှိသူလည်း ဖြစ်သည်။

ထို့ကြောင့်. . .



သိုင်းလောက၌ ထိပ်ဆုံးရောက်ဖို့ ကြိုးစားအားထုတ်နေသည်ဟု သတင်းကြီးနေသော သိုင်းတံခွန်ဂိုဏ်း၏ သတင်းကိုစုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

သိုင်းသမားလီအင်းသည် ကိုရှောင်နှင့် လမ်းခွဲကာ သိုင်းတံခွန်ဂိုဏ်းတည်ရှိရာသို့ထွက်ခဲ့ခြင်းဖြစ်သည်။ လမ်းခရီးတစ်လျှောက်၌ သိုင်းတံခွန်းဂိုဏ်းအကြောင်း စုံစမ်းလာခဲ့သည်။ မေးပါများစကားရဟူသောစကားလည်းရှိသည် မဟုတ်ပါလား။

သို့ဖြင့်. . .

သိုင်းတံခွန်ဂိုဏ်းသည် သိုင်းလောကနှင့်ပြဿနာဖြစ်ပေါ်နေကြောင်းသတင်းကြားသိရသည်။

လီအင်းက ဦးတည်ရာလမ်းကြောင်းပြောင်းလိုက်သည်။

ချန်းစိန်ဂိုဏ်း အခြေစိုက်ထားသော ဒေသသို့ဦးတည်လိုက်ခြင်းဖြစ်သည်။

သိုင်းသမားလီအင်း က ချန်းစိန်ဂိုဏ်းသို့ ဦးတည်လိုက်ခြင်းကြောင့် သိုင်းတံခွန်ဂိုဏ်းနှင့် ပတ်သက်စရာဖြစ်လာခဲ့သည်။

သိုင်းတံခွန်ဂိုဏ်းနှင့် မမျှော်လင့်ဘဲ ပတ်သက်မိလေသောကြောင့် ကံဆိုးမှုများဖြစ်ပေါ်လာခဲ့လေတော့သည်။

* * *

နေခြည်ဖြာကျနေ၏ ။

ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

"ခွပ်. . . ခွပ်. . . ခွပ်"

"ခွပ်. . . ခွပ်. . . ခွပ်"

မြင်းခွာသံများထွက်ပေါ်လာသည်။

မြည်းလှည်းတစ်စီးသည် ထိုက်ကြူးမြို့သို့သွားသောလမ်းလေးအတိုင်း ဦးတည်မောင်းနှင်လာနေ၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမောင်းသူမှာ ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ်ပါသည်။

ထိုမိန်းကလေးသည် ကျာပွတ်ကိုဈေ့ယမ်းရင်း မြင်းလှည်းကိုလျှင်မြန်စွာမောင်းနှင်လာခဲ့ရာမှ ချောင်းကလေးတစ်ခုအနီးသို့ရောက်ရှိလာသည်။

ချောင်းကိုဖြတ်ကာ သစ်သားတံတားတစ်ခုဆောက် လုပ်ထားသည်။

မိန်းကလေးကမြင်းလှည်းကိုတံတားပေါ် မောင်းတက်လိုက်သည်။

ထိုစဉ်. . .

"ခွပ်. . . ခွပ်. . . ခွပ်"

တံတားနှင့် ချောင်းကြောင့် အသံမြည်ဟိန်းပြီး. . .

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်။

တံတားတစ်ဖက်မှမြင်းသုံးကောင် ဒုန်းစိုင်းမောင်းနှင်လာကြသည်ကိုတွေ့မြင်လိုက်ရသည်။

မြင်းစီးသမားသုံးယောက်သည် အရှိန်မလျှော့ဘဲ ဒုန်းစိုင်းမောင်းနှင့်လာကြသဖြင့် တံတားပေါ်သို့ရောက်ရှိလာသောအခါ မိန်းကလေး မောင်းနှင့်လာသော မြင်းလှည်းနှင့် ထိပ်တိုက်ဝင်တိုးမိမလိုဖြစ်သွားလေတော့သည်။

"ရပ်လိုက်. . ."

မိန်းကလေးသည် မြင်းများကို အော်ငေါက်ရင်း သူမ၏မြင်းလှည်းကို ရပ်တန့်လိုက်သည်။

မြင်းစီးသမားများကလည်း ရပ်တန့်လိုက်ကြ၏။

တံတားမှာ ကျယ်ဝန်းလှသည်မဟုတ်ပါ။

ထိုကြောင့်. . .



တစ်ယောက်ယောက်ကနောက်ဆုတ်ပေးမှသာ လိုရာခရီးဆက်၍သွားနိုင်ကြမည်ဖြစ်သည်။

ယခမူ. . .

"မိန်းကလေး နောက်ဆုတ်လိုက်ပါ"

မြင်းစီးသမားတစ်ယောက်က အော်ပြောလိုက်သည်။

မိန်းကလေးက. . .

"ကျွန်မမြင်းလှည်းကို နောက်ဆုတ်လိုက်လို့ဘယ်ဖြစ်မလဲ၊ ရှင်တို့ နောက်ဆုတ်လိုက်ပါလား၊ ရှင့်တို့ကဆုတ်ဖို့လွယ်တယ်. . ."

သူမကလည်း အလျှော့မပေးဘဲ ပြန်လည် ပြောလိုက်သည်။

မြင်းစီးသမားကလည်း နောက်မဆုတ်ပါ။

မည်သူကမျှ နောက်ဆုတ်ပေးလိုကြခြင်းမရှိပါ. . .။

သူတို့သည် မာနခြင်းပြိုင်နေကြသည်။

ထို့ကြောင့်. . .

သူတို့သည် တံတားပေါ်၌ မျက်နှာချင်းဆိုင်ရပ်နေရတော့သည်။

မြင်းစီသမားသုံးယောက်၊တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်သည်။

ခန္ဓာကိုယ် ထွားကျိုင်းသန်မာပြီး နှုတ်ခမ်းမွေးရေးရေးရှိသူက တင်းမာစွာပြောလိုက်သည်။

"မိန်းကလေး နောက်ဆုတ်လိုက်ပါ"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မက နောက်ပြန်ဆုတ်ဖို့ဘယ်ဖြစ်မလဲရှင့်၊ ရှင်တို့သဘာဝကျကျ စဉ်းစားမှပေါ့"

ထိုလူမျက်နှာတင်းမာသွား၏။

"မိန်းကလေး ကျုပ်ဟာ ရဟတ်ရဲတိုက်ကရဲတိုက်မှူးချုန်ယိုပါ၊

www.burmeseclassic.com



ရဟာတ်ရဲတိုက်နဲ့ကျုပ်နာမည်ကို ကြားဖူးတယ်ဆိုရင် နောက်ဆုတ်လိုက်ပါ"

သူ၏စကားကြားလိုက်သည်နှင့် မိန်းကလေး ရယ်တော့သည်။

"ခစ်. . . ခစ်. . . ခစ်"

ရဲတိုက်မှူးချန်ယိုဆိုသူမျက်မှောင်ကြုတ်သွား၏။ မိန်းကလေးကို စေ့စေ့ကြည့်လိုက်ပြီး ဟင်းမာစွာမေးသည်။

"မင်းက ဘာရယ်တာလဲ"

မိန်းကလေးက . . .

"ဩော်. . . ကျွန်မက ရှင့်နာမည်ကို မကြားဘူးလို့ပါရှင်"

"ဘာ. . ."

ချန်ယို ၏အသံ ဟိန်းထွက်လာသည်။

မိန်းကလေးက ပြောသည်။

"ကျွန်မရှင့်ကို မသိတော့နောက်ဆုတ်ရဦးမှာလားရှင် ကြားဖူးတယ်ဆိုရင်တော့ တစ်မျိုးပေါ့"

သူမ၏စကားကြောင်းချန်ယို ဒေါသထွက်သွားတော့သည်။ သူ၏အဖော်မြင်းစီးသမားတစ်ယောက်က ဝင်ပြော၏။

"အစ်ကိုကြီး အစ်ကိုကြီးနာမည်သိုင်းလောကမှာလျှမ်းလျှမ်းတောက်ကျော်ကြားနေတာပဲ သူကမကြားဖူးဘူးဆိုတာ တမင်သက်သက်စော်ကားတာဗျ. . ."

"ကျန်တစ်ယောက်ကလည်း သူ့ကို အကြောင်းသိအောင်ဆုံးမပေးလိုက်စမ်းပါဗျာ"

သူတို့၏မြှောက်ပင့်ပေးသောစကားများကြောင့် ချန်ယိုမဲ့ပြုံးပြုံးလေ၏။ သည်မိန်းကလေးသည် လွယ်လွယ်နှင့် ပြော၍ရမည့်မိန်းကလေးမျိုး မဟုတ်။ ဝါးနုကဝါးရင့်ကိုပတ်မည့် မိန်းကလေးမှ



ဖြစ်သည်။ သည်လိုမိန်းကလေးမျိုးကိုမှ မဆုံးမလျှင် သူ့လောက်မိုက်သည့်သူ မရှိတော့ ဟုထင်သည်။

မိန်းကလေးက. . .

"ကျွန်မစော်ကားတာမှမဟုတ်ပဲရှင့်၊ မသိလို့ မသိဘူးပြောတာစိတ်ဆိုးစရာလားရှင့်"

သူမ၏စကားကြောင့် ချန်ယို ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထိုစဉ်. . .

"ကျင်းလင် တို့ ထင်းယန်ဂိုဏ်းကိုသွားဖို့နောက် ကျနေလိမ့်မယ်"

မြင်းလှည်းအိမ်ထဲမှ ချိုလွင်သော သာယာသော စကားသံထွက်ပေါ်လာသည် ကိုကြားလိုက်ရသည်။

ချန်ယိုအံ့သြသွား၏။ ထိုကြောင့် မေးခွန်းထုတ်လိုက်၏။

"နေပါဦး. . . မင်းတို့ကထင်းယန်ဂိုဏ်းကို ဘာသွားလုပ်ကြမလို့လဲ"

ကျင်းလင်က ချိုသာစွာပြောသည်။

"ထင်းယန်ဂိုဏ်းချုပ်နဲ့ ချိန်းထားလို့ပါရှင်"

ချန်ယိုကမေးသည်။

"ဘာကိစ္စလဲ"

ကျင်းလင်ကပြုံးလိုက်သည်။

"ဩော်. . . ထင်းယန်ဂိုဏ်းချုပ်ဟာ သခင်မလေးရဲ့ သိုင်းပညာကို မြည်းစမ်းကြည့်ချင်တယ်ဆိုလို့သွားပြီး ပညာပြမလို့ပါ"

"ဟေ. . ."

မမျှော်လင့်သော စကားကြားလိုက်ရခြင်းကြောင့်ချန်ယိုပါးစပ်အဟောင်းသားဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အဖော်နှစ်ယောက်လည်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ထင်းယန်ဂိုဏ်း. . . ။

ထင်းယန်ဂိုဏ်း သည် သိုင်းလောက၌ထင်ရှားသော သိုင်းအဖွဲ့အစည်း တစ်ခုဖြစ်သည်။

ထင်းယန်ဂိုဏ်းချုပ်၏ 'မုန်တိုင်းဝေးသိုင်းကွက်'သည် အထူးထင်ရှားကျော်ကြားပေသည်။

အမုန်တိုင်းဆိုရလျှင် ထင်းယန်ဂိုဏ်းသည် ရဟတ်ရဲတိုက်ထက် ပို၍ထင်ရှားကျော်ကြားပေသည်။

ချန်ယို၏ စိတ်ထဲမခံချိမခံသာ ဖြစ်လာ၏။

ကျင်းလင်၏ မှင်သေသေ မျက်နှာထားနှင့်အမှုမထားသည့် လေသံတို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ဟုသဘောပိုက်ကာ. . .

"ထင်းယန်ဂိုဏ်းကိုသွားပြီးပညာပြမလို့တဲ့လား မင်းတို့အရှက်ကွဲသွားရမယ်ဆိုတာ နားမလည်ဘူးလား. . .

"ဟား. . . ဟား. . . ဟား"

ပြောယင်းရယ်မောလိုက်သည်။

သူ၏အဖော်နှစ်ယောက်ကလည်း ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား. . ."

"ဟား. . . ဟား. . . ဟား. . ."

ရယ်မောသံများကျယ်လောင်စွာထွက်ပေါ်လာသည်။

ကျင်းလင်ပခုံးတွန့်လိုက်သည် သူမကအေးအေးဆေးဆေးပြော၏။

"ရှင်တို့မယုံဘူးဆိုရင် ထင်းယန်းဂိုဏ်းကိုလိုက်ခဲ့ကြပေါ့ရှင်"

ချန်ယိုက. . .

"ထင်းယန်ဂိုဏ်းအထိလိုက်စရာမလိုပါဘူး မင်းတို့ဘယ်လောက်အစွမ်းအစရှိသလဲဆိုတာ ကျုပ်ကိုယ်တိုင်ပဲ စမ်းကြည့်ပါ့မယ်"



စကားဆုံးသည်နှင့် မြင်းပေါ်မှခုန်ဆင်းရန်ဟန်ပြင်လိုက်သည်။

ကျင်းလင်က. . .

"ရှင်ကစမ်းကြည့် ချင်တယ်ဆိုရင် မြင်းပေါ်ကဆင်းစရာမလိုပါဘူး"

စကားဆုံးလျှင် ဆံထုံးမှ ဆံတိုးတစ်ချောင်းဖြုတ်ယူလိုက်ပြီး ချန်ယို ထံပစ်လွှတ်လိုက်သည်။

ချန်ယို နှာခေါင်းရှုံ့လိုက်သည်။

"မင်းတတ်နိုင်တာ ဒါပဲလား"

သူသည်ပြောပြောဆိုဆို ဆံတိုးလေးကို လက်ဖြင့်ပုတ်ချလိုက်သည်။

သို့သော်. . .

သူ၏လက်ဝါးနှင့် ဆံတိုးထိတွေ့မိသည်နှင့် . . .

"အား. . ."

စူးရှစွာအော်ဟစ်ကာ မြင်းပေါ်မှ ပြုတ်ကျသွားတော့သည်။

"ခစ်. . . ခစ်. . . ခစ်"

ကျင်းလင်ရယ်မောလိုက်သည်။

ချန်ယို ၏ အဖော်များထိတ်လန့်တုန်လှုပ်သွားကြလေသည်။

သူတို့သည် ခံပြင်းဒေါသထွက်သွားကြသော်လည်း ရင်ဆိုင်တိုက်ခိုက်ပုံခြင်းမရှိကြချေ။ သူတို့သည် ငယ်သားများသာ မဟုတ်ပါလော အရည်အချင်းမရှိကြချေ။

မြင်းပေါ်မှ ကပျာကယာ ခုန်ဆင်းလိုက်ကြပြီး ချန်ယိုအားပွေ့ထိုက်ကြသည်။

ချန်ယိုမှာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကြီး ပြူးထွက်ရင်း တုန်တုန်ရီရီပြောလေ၏။

"လမ်း. . . လမ်းဖယ်ပေးလိုက်ကြ"

သူ၏အဖော်နှစ်ယောက်သည် ချက်ချင်းပင် မြင်းများကို တံတားပေါ်မှ မောင်းချလိုက်ကြ၏။

ကျင်းလင် ပြူးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်"

သူမသည် ကျေးဇူးတင်စကားပြောပြီးနောက် မြင်းများကို အော်ငေါက်မောင်းနှင်သွား၏။

"ခွပ်ခွပ်. . . ခွပ်ခွပ်"

မြင်းခွာသံများကျယ်လောင်စွာထွက်ပေါ်လာသည်။ မြင်းလှည်းမှာ တဖြည်းဖြည်းဝေးသွားပြီး ချန်ယို တို့၏မြင်းကွင်းမှ ကွယ်ပျောက်သွားလေသည်။

ထိုအခါမှ ချန်ယိုက. . .

"သူ. . . သူတို့ဟာ သိုင်းတံခွန်ဂိုဏ်းကလူတွေပဲ"

သူ၏အဖော်နှစ်ယောက်အား ဗလုံးဗထွေးပြောကြားလိုက်၏။

❑ ❑ ❑

ထင်းယန်ဂိုဏ်း . . .

ထင်းယန်ဂိုဏ်း၌ဧည့်သည်များရောက်ရှိနေကြသည်။

ဝူတန်းဂိုဏ်း မှရသေ့ကြီးဟန်ချူး၊ တိုက်ကျိဂိုဏ်းမှ ဂိုဏ်းမှူး ဝမ်းစိန် ငိုမီးဂိုဏ်းမှ သီလရှင် ကူးလျှံတို့ဖြစ်ကြသည်။ သူတို့သည် အထူးဧည့်သည်များ ဖြစ်ကြ၏။ —

သိုင်းလောကရှိထင်ရှားသောသိုင်းအဖွဲ့ကြီးများအား နာမည်ကျော်သိုင်းသမားထင်းဖုံးကလိုလေးသေးမရှိ ဧည့်ခံနေခြင်း ဖြစ်သည်။



ရသေ့ကြီး ဟန်ချူး ဂိုဏ်းမှူးဝမ်းစိန် နှင့်သီလရှင် ကူးလျှံတို့သည် ဂိုဏ်းချုပ် ထင်းဖုံးနှင့်အတူ စားပွဲတစ်လုံး၌ ဝိုင်းထိုင်နေကြသည်။

သီလရှင် ကူးလျှံက ပြောသည်။

"ဂိုဏ်းချုပ်ရဲ့ဖိတ်ခေါ်ချက်ကိုရခဲ့တော့ ကျွန်မတော်အံ့ဩသွားတယ်၊ သိုင်းတံခွန်ဂိုဏ်း ဆိုတဲ့နာမည်ကိုကြားဖူးတာကြာပါပြီ သူတို့နဲ့တစ်ခါမှ မတွေ့ဖူးသေးဘူး"

ဂိုဏ်းချုပ် ဝမ်းစိန်လည်း ပြန်လှန်ရှင်းပြလေ၏။

"ဟုတ်တယ် သိုင်းတံခွန်ဂိုဏ်းက လူတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်လောက်က ဝူတန်းဂိုဏ်းကို လာပြီး သိုင်းယှဉ်ပြိုင်ကြသေးတယ်၊ ဒါပေမယ့် သူတို့ အရေးနိမ့်ပြီး ပြန်သွားရတယ်လို့ ကျုပ်သိခဲ့ရတယ်၊ သူတို့အရေးနိမ့်သွားကြပေမယ့် ဝူတန်းဂိုဏ်းချုပ်ဟာ ခြောက်နှစ်လုံးလုံး ဆေးကုခဲ့ရတယ်ဆိုတာကြောင့် အတော်ကို စိတ်ဝင်စားမိတာဗျ၊ သူတို့အကြောင်းလိုက်ပြီး စုံစမ်းပေမယ့် ဘာတစ်ခုမှ ယ်မယ်ရရ မသိခဲ့ရဘူး"

ဝူတန်းဂိုဏ်းမှ ရသေ့ကြီးဟန်ချူးမနေနိုင်တော့ချေ၊ ဝင်ရှင်းပြသည်။

"ခင်ဗျားတို့ပြောတာမှန်ပါတယ်၊ သိုင်းတံခွန်ဂိုဏ်းချုပ် လာရောက်ယှဉ်ပြိုင်တဲ့အခါ ဝူတန်းဂိုဏ်းချုပ် ကိုယ်တိုင် ရင်ဆိုင်ခဲ့ရ ပါတယ်၊ ဂိုဏ်းချုပ်က အနိုင်ရလိုက်ပေမယ့် ဒဏ်ရာရခဲ့လို့ ခြောက်နှစ်လုံးလုံး ဆေးကုခဲ့ရပါတယ်"

ထင်းယန်ဂိုဏ်းချုပ်ထင်းဖုံးကမေးသည်။

"ဒါဆို သိုင်းတံခွန်ဂိုဏ်းကလူတွေကအတော်ကို ကြောက်စရာ ကောင်းတာပေါ့"

ဟန်ချူးခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သေသေချာချာ စဉ်းစားရင်ကြောက်စရာကောင်းတယ်ဆိုတာ သိသာပါတယ်. . ."

သူကထင်းဖုံးအားအကဲခတ်ကြည့်လိုက်ပြီး မေးလိုက်၏။

သူတို့နဲ့ ဂိုဏ်းချုပ်ကြီးဘယ်လိုလုပ်ပြီး တွေ့ခဲ့ကြတာလဲ၊ ခင်ဗျားတို့ တွေ့ဆုံပုံ ဟာဆန်းကျယ်မယ်လို့ကျုပ်ထင်တာပဲ. . ."

ဂိုဏ်းချုပ်ထင်းဖုံးသက်ပြင်းချလိုက်သည်။

"ဒီလိုဗျ. . . လွန်ခဲ့တဲ့ သုံးလလောက်က ကျုပ်ဟာ တောင်ညပိုင်းကို ခရီးသွားရင်းလမ်းမှာမိန်းကလေးတစ်ယောက်က အသားခြောက်ဝယ်နေတာတွေ့ခဲ့ရပါတယ်။ အဲဒီမိန်းကလေးဟာ ဈေးသည်တွေအဆမတန် ဈေးမြှင့်တောင်းတယ်ဆိုပြီး တစ်ပြားတစ်ချပ်မှမပေးပဲ အသားခြောက်တွေကိုသိမ်းကြုံးယူသွားပါတယ်၊ ဒါကြောင့် ကျုပ်ကဝင်ပြီး ဖြေရှင်းပေးခဲ့ရပါတယ်၊ တရားမျှတအောင်လို့ပေါ့ဗျာ"

ဟန်ချူ၊ ဝမ်းစိန် နှင့်ကူးလျှံတို့သည် ထင်းဖုံး၏ စကားကိုစိတ်ဝင်စားစွာနားထောင်နေကြသည်။

ထင်းဖုံးက. . .

"ကျုပ်က မျှမျှတတဖြစ်အောင်လုပ်ပေးမလို့ပါပဲ၊ ဒါပေမယ့်မိန်းကလေးက ကျုပ်ဝင်ပြောပေးတာ ကျုပ်ကိုတောင် မချေမငံ ပြောပြီးရန်လုပ်ပါတယ်။ ကျုပ်တပည့် တစ်ယောက်က ဝင်ပြောတော့ မိန်းမလေးက မပြောမဆို တိုက်ခိုက်လိုက်တာ ကျုပ်တပည့်သေဆုံးသွားရတယ်ဗျာ. . ."

"ဟာ. . . အတော်ဆိုးတဲ့ မိန်းကလေးပဲ"

"ရက်စက်လှချည်လား"

"ဘယ်က မိန်းကလေးလဲ"

ဟန်ချူ ၊ ဝမ်းစိန် နှင့်ကူးလျှံတို့တစ်ယောက်တစ်ပေါက်မေးလိုက်ကြသည်။ မိန်းမဆိုးကလေးသည်မည်သို့ဖြစ်သွားသလဲ သိလိုကြသည်။



ထင်းဖုံးက. . .

"ကျုပ်လဲ ခံပြင်းသွားတာနဲ့မိန်းကလေးကို တိုက်ခိုက်လိုက်ပါတယ်။ သူကကျုပ်နဲ့ရင်ဆိုင်ပေမယ့် နောက်ဆုံးအရေးနိမ့်ပြီး ဒဏ်ရာရသွားပါတယ်။ ကျုပ်ကို သိုင်းတံခွန်ဂိုဏ်းအကြောင်းသိစေရမယ်လို့ ကြုံးဝါးပြီး ထွက်ပြေးသွားတယ်။ အဲသည့်နောက်တော့. . ."

"လက်စသတ်တော့သည် ကိစ္စကြောင့် ဂိုဏ်းချုပ်ကြီးကို သိုင်းတံခွန်ဂိုဏ်းကလူတွေကရန်ငြိုးထားနေကြတာကိုး"

ထင်းဖုံးခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ. . ."

ဟန်ချူကအားပေးစကားပြောသည်။

"ဘာမှမပူပါနဲ့ ကျုပ်ကဝူတန်းဂိုဏ်းကထိပ်တန်းဓားသမားနှစ်ယောက်ခေါ်လာပါတယ် သိုင်းတံခွန်ဂိုဏ်းကလူတွေကိုမှုစရာမလိုပါဘူး ၊ ဒီဂိုဏ်းကမောက်မာလွန်းတယ်ဗျာ. . ."

ထင်းဖုံးကကျေးဇူးတင်စကားပြောကြားလိုက်လေ၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

သူတို့စကားကောင်းနေစဉ်မှာပင် အစောင့်နှစ်ယောက်သည်အခန်းတွင်းသို့ပြေးဝင်လာပြီး အစီရင်ခံသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ သိုင်းတံခွန်ဂိုဏ်းကလူတွေရောက်လာကြပါပြီ"

အခန်းတွင်း၌ လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

ထင်းဖုံး ၊ဟန်ချူ၊ ဝမ်းစိန် နှင့် ကူးလျှံ တို့သည်ထိုင်ရာမှထရပ်လိုက်ကြပြီးအပြင်ဘက် ထွက်လိုက်ကြလေ၏။

ထင်းယန်ဂိုဏ်း၏ အဆောက်အအုံရှေ့၌ သိုင်းရေး လေ့ကျင့်သည့် မြေကွက်လပ်တစ်ခုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု . . .

ထိုမြေကွက်လပ်တွင် လှပခဲ့ညားသောမြင်းလှည်း တစ်စီး ရောက်ရှိနေပြီဖြစ်သည်။ ထင်းယန်ဂိုဏ်းသားများသည် ထိုမြင်း လှည်း ကို ဝိုင်းရံထားသည် ကိုတွေ့ရသည်။

ထင်းဖုံးက လက်ဝှေ့ယမ်းပြ အမိန့်ပေးလေ၏။

"နောက်ဆုတ်ကြစမ်း"

ထိုအခါ. . .

ထင်းယန်ဂိုဏ်းသားများက ချက်ချင်းပင်နောက်ဆုတ်သွား ကြသည်။

မြင်းလှည်းရှေ့၌ မိန်းကလေးသုံးယောက်ရပ်နေကြ၏။

ထိုမိန်းကလေးသုံးယောက်မှာ ကျင်းလင်း၊ ကျင်းဝါး နှင့်ကျင်း မေတို့ ဖြစ်ကြ၏။

ကျင်းဝါးနှင့်ကျင်းမေတို့ကရှေးဦးစွာ ထိုက်ကြူးမြို့သို့လာ ခဲ့ကြပြီး ကျင်းလင်နှင့် သခင်မလေးတို့က နောက်မှ လိုက်လာခဲ့ကြ ခြင်းဖြစ်သည်။

ယခု . . .

မြင်းလှည်းရှေ့တွင် ကျင်းလင်၊ကျင်းဝါးနှင့်ကျင်းမေတို့က ရင်ဘောင်တန်းကာ ရပ်နေကြသည်။

ဂိုဏ်းချုပ်ထင်းဖုံးက ရှေ့သို့ ထွက်လိုက်ပြီး လျှင် နှုတ်ခွန်း ဆက်လိုက်၏။

"သိုင်းတံခွန်ဂိုဏ်းက လူတွေထင်ပါရဲ့"

ကျင်းမေက. . .

"ဟုတ်ပါတယ်ရှင်. . ."

သူမက ထင်းဖုံးအား တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးမှ စကားဆက်လိုက်သည်။



"ဒါထက် . . . ရှင်ဟာထင်းယန်ဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီးဖြစ် မယ်ထင်တယ်"

ထင်းဖုံးခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ကျုပ်ဟာဂိုဏ်းချုပ်ကြီးထင်းဖုံးပဲ"

ကျင်းမေက. . .

"သည်လိုဆိုယင် သိုင်းတံခွန်ဂိုဏ်းက မိန်းကလေး တစ် ယောက် သေဆုံးသွားရတဲ့ကိစ္စကိုဂိုဏ်းချုပ်ကြီးဖြေရှင်းပေးရပါလိမ့် မယ်"

သူမ၏စကားကြောင့် ထင်းဖုံးမျက်မှောင်ကြုတ်သွားသည်။

"မိန်းမလေးသေသွားပြီ ဟုတ်လား"

ကျင်းမေက ခနဲ့လိုက်သည်။

"ဟုတ်ပါတယ်ရှင်ဂိုဏ်းချုပ်ကြီးဟာတော်တော်ကို လက်သံ ပြောင်တဲ့လူတစ်ယောက်လို့ ကျွန်မတို့ သဘောပေါက်ထားကြပါ တယ်ရှင်"

ထင်းဖုံးစိတ်မကောင်းဖြစ်သွား၏။

"ကျုပ်ကသူ့ကိုသေသွားစေလိုတဲ့ဆန္ဒနဲ့တိုက်တာမဟုတ် ဘူး. . . သူက. . ."

သူ၏စကားမဆုံးမီ ကျင်းမေက ကြားဖြတ်ပြောလိုက်သည်။

"ဂိုဏ်ချုပ်ကြီး ရဲ့သိုင်းပညာကိုချီးကျူးလို့ ကျွန်မတို့က ဂုဏ် ပြုဖို့လာခဲ့ကြတာပါ"

ထင်းဖုံးသက်ပြင်းချလိုက်သည်။ ထိုနောက်မေးပြန်သည်။

"အင်း. . . မိန်းကလေးဟာ ကျုပ်လူတစ်ဦးကိုသတ်ပစ်လိုက် တယ်လို့ပဲပြောတယ် ဈေးသည်တွေကိုနှိုင်ထက်စီနင်းဆက်ဆံတဲ့ မိန်း ကလေး ကိုတော့ထည့်မပြောတော့ဘူးလား"

ကျင်းမေက မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကခေါင်းခါယမ်းလိုက်ပြီး ။

"ဒါတွေကျွန်မတို့ နားမလည်ပါဘူးရှင် ဂိုဏ်းချုပ်ကြီးဟာ တကယ်သတ္တိရှိတဲ့လူတစ်ယောက်ဆိုယင်တော့ သိုင်းတံခွန်ဂိုဏ်းက မိန်းကလေးကို အနိုင်ယူတိုက်ခိုက်လိုက်တဲ့ သိုင်းကွက်ကို ကျွန်မတို့ကိုပြဝံ့မယ်ထင်ပါတယ် ဒါမှမဟုတ်ယင်တော့. . ."

သူမကစကားရပ်ကာထင်းဖုံးအားအကဲ ခတ်ကြည့်လိုက်၏။

ထိုနောက်. . .

အမှုမထားသောလေသံဖြင့် စော်စော်ကားကား ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီးဟာ မိန်းကလေးတစ်ဦးလို မှုန့်သာခြယ်သထားဖို့ပဲ ရှိပါတော့တယ်ရှင်"

သူမ၏စကားသည် ထင်းဖုံးအားလူပုံအလယ်ဟွင်စော်ကားလိုက်သကဲ့သို့ရှိနေသည်။

ထင်းဖုံးခံပြင်းသွား၏။

သူကကျင်းမေအားစူးရဲစွာစိုက်ကြည့်လိုက်ပြီး ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"မိန်းကလေး ကျုပ်ဟာဂိုဏ်းချုပ်ကြီး တစ်ယောက်ပါ ဘယ်တော့မှ မတရားမလုပ်ပါဘူး ကျုပ်ကိုစော်ကားတာကိုလဲ လက်ခံနိုင်မှာမဟုတ်ပါဘူး"

ကျင်းမေက. . .

"လက်စသတ်တော့ဂိုဏ်းချုပ်ကြီးဟာအပြောသမားတစ်ယောက်ပဲကိုး လက်တွေ့တော့. . ."

ထင်းဖုံးဒေါပွသွား၏။

ကျင်းမေ၏ စကားမဆုံးမီကြားဖြတ်ပြောလိုက်သည်။

"မိန်းကလေးကျုပ်ကိုဆက်ပြီး စော်ကားဖို့ မကြိုးစားနဲ့ မင်း



စိတ်ကြိုက်ဖြစ်ရပါစေမယ်။ ကဲကျုပ်နဲ့ ဘယ်သူယှဉ်မလဲ ထွက်လာခဲ့ပါ"

ကျင်းမေပြုံးလိုက်၏။

သူမကရှေ့သို့လှမ်းထွက်လိုက်ပြီး ပြောလိုက်လေ၏။

"ဘယ်သူရှိရမလဲ ကျွန်မပေါ့ရှင်"

ထို့နောက်. . .

ထင်းဖုံးနှင့် ရင်ဆိုင်လိုက်သည်။

ထင်းဖုံး အံကြိတ်လိုက်သည်။

ကျင်းမေအားဆုံးမရန် ဆုံးဖြတ်လိုက်သည်။

"ကဲ . . . မိန်းကလေးကပဲ စပြီးတိုက်ခိုက်ပါ ကျုပ်က သိုင်းကွက် သုံးကွက် အကျောပေးပါ့မယ်"

"ခစ်. . . ခစ်. . . ခစ်"

ကျင်းမေ သဘောကျစွာရယ်မောလိုက်သည်။

အတန်ကြာရယ်မောပြီးမှ ခနဲ့တဲ့တဲ့ပြောသည်။

"ဂိုဏ်းချုပ်ကြီးကိုအပြောသမားလို့ဆိုတော့လည်းမကျေနပ်ပဲကိုး"

ထင်းဖုံး မျက်နှာတင်းမာသွား၏။

"တိုက်မှာသာတိုက်ပါ မိန်းကလေး"

အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

ကျင်းမေ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ ဂိုဏ်းချုပ်ကြီး၊ သတိထားပါ"

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာအပေါ် ခုန်တက်လိုက်သည်။

ထို့နောက်. . .

ထင်းဖုံးအားခြေနှစ်ချောင်းဖြင့်အဆက်မပြတ်ကန်ကျောက်တိုက်ခိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထင်းဖုံးကပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းလိုက်လေသည်။

ကျင်းမေက မြေပေါ်ပြန်လည်ခုန်ဆင်းခြင်းမပြုဘဲ လေထဲ၌ပင်ကျွမ်းပစ်ကာ ထပ်မံတိုက်ခိုက်ပြန်သည်။

ထင်းဖုံးက နောက်ဆုတ်ရှောင်လိုက်ပြန်သည်။

ကျင်းမေ၏ သိုင်းကွက်ကိုပွတ်ကာသီကာရှောင်တိမ်းလိုက်ခြင်းဖြစ်သည်။

သိုင်းကွက် သုံးကွက်ပြည့်သွားမှ သူကပြောသည်။

"မင်းရဲ့သိုင်းကွက် သုံးကွက်ပြည့်ပြီ သတိထားပေတော့..."

ထင်းဖုံးကလည်းတိုက်ခိုက်လိုက်သည်။ ကျင်းမေကလည်း နောက်မဆုတ်ပဲ ဆက်လက်တိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ်...

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်။

"ယား..."

ထင်းဖုံးကညာသံပေးကာ ကျင်းမေအားလက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။

"ဟာ..."

ကျင်းမေ ရင်ထိတ်သွားသည်။

သူမက ကပျာကယာ နောက်ဆုတ်လိုက်သည်။

ထင်းဖုံး ပြုံးလိုက်၏။

သူကအပေါ်စီးရသွားပြီဖြစ်ရာ ထပ်မံ၍ဖိပြီးတိုက်ခိုက်လိုက်သည်။

ကျင်းမေ မျက်နှာပျက်သွား၏။

သူမကအသည်းအသန်နောက်ဆုတ် ရှောင်တိမ်းပေးလိုက်ရပြန်သည်။



ထင်းဖုံးက...

"မိန်းကလေး မင်းဘာမှ မတတ်နိုင်ပါဘူး"

သူသည် စကားဆုံးသည်နှင့် တိုက်ခိုက်မှုကိုရုပ်သိမ်းလိုက်သည်။

ဆက်၍တိုက်လျှင် ကျင်းမေဒုက္ခရောက်သွားနိုင်သဖြင့် ရပ်လိုက်ခြင်းဖြစ်သည်။

သို့သော်...

ထင်းဖုံးက တိုက်ခိုက်မှုရပ်လိုက်သည်ကို အခွင့်ကောင်းယူကာ ကျင်းမေက သူမ၏ လက်နက်ပုန်းဖြင့် ပစ်ခတ်လိုက်သည်။

"ဟာ"

မမျှော်လင့်သောတိုက်ခိုက်မှုဖြစ်ရာ ထင်းဖုံးအထိတ်တလန့်ဖြစ်သွားသည်။

သူက ကပျာကယာနောက်ဆုတ်ရှောင်တိမ်းလိုက်သော်လည်းနောက်ကျသွားပြီဖြစ်လေသည်။

လက်နက်ပုန်းသည် ထင်းဖုံး၏ လက်မောင်းကိုထိမှန်သွားလေသည်။

"အား..."

ထင်းဖုံး လွှတ်ခနဲအော်လိုက်၏။

ထို့နောက်...

ဒယီးဒယိုင်ဖြင့်နောက်ဆုတ်သွားသည်။

ထိုစဉ်မှာပင်...

ကျင်းမေကလေထဲခုန်တက်ကာခြေထောက်ဖြင့် ကန်ကျောက်လိုက်ရာ"

"ဝုန်း..."

ကျယ်လောင်သော အသံတစ်ချက်နှင့်အတူ ထင်းဖုံးမှာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီး"

ထင်းယန်ဂိုဏ်းသားများ အထိတ်တလန့် ဖြစ်သွားကြသည်။

အချို့ကား ထင်းဖုံးအား ပြေး၍ဖေးမလိုက်ပြီး...

အချို့က...

"သေပေတော့..."

"တိုက်ဟေ့"

"မလွှတ်စေနဲ့"

သူတို့သည် ညာသံပေး အော်ဟစ်ကာ ကျင်းမေထံပြေး ဝင်တိုက်ခိုက်လိုက်ကြလေသည်။

ကျင်းမေ နှာခေါင်းရှုံ့လိုက်၏။

"ရှင်တို့ဘာတတ်နိုင်မှာမို့လဲ"

စကားဆုံးသည်နှင့် လက်ဝှေ့ယမ်းလိုက်ရာ...

"ဝုန်း..."

"အား..."

"အမယ်လေး"

ထင်းယန်ဂိုဏ်းသားများ မှာကျင်းမေ၏လက်ချက်ကြောင့် ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

ထိုစဉ်...

"ရပ်လိုက်..."

ကျယ်လောင်သောဟန့်တားသံတစ်ချက်ထွက်ပေါ်လာ၏။

ကျင်းမေလှမ်းကြည့်လိုက်သောအခါ...

ရသေ့ကြီး ဟန်ချူး ၊ ဝမ်းစိန်နှင့် သီလရှင်ကူးလျှံတို့ ထွက်လာကြသည်ကိုတွေ့မြင်လိုက်ရလေတော့သည်။

❑ ❑ ❑



အခန်း(၁၆)

## မီးလျှံတိုက်ပွဲ

ကျင်းမေပြုံးလိုက်သည်။

သူမကထင်းဖုံးအားလှမ်းကြည့်လိုက်ပြီး ရိသဲ့သဲ့ပြောလေ၏။

"ဂိုဏ်းချုပ်ကြီးက အဖော်တွေခေါ်ထားတာကိုး"

ဂိုဏ်းမျူးဝမ်းစိန်က...

"မိန်းကလေးတော်တော်ဆိုးပါလား ကျုပ်တို့မျက်မြင်မို့ဒီလို ပြောတာပဲ..."

"ကျွန်မကဆိုးတယ် ဟုတ်လား"

ဝမ်းစိန်ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျင်းမေက...

"ဘာဖြစ်လို့လဲရှင့် ဘာကိုပြောတာလဲ "

ဝမ်းစိန်က ရှင်းပြလိုက်သည်။

"ဂိုဏ်းချုပ်ကြီးထင်းဖုံးက မိန်းကလေးဒုက္ခရောက်သွားမှာ စိုးရိမ်လို့ တမင်ဆက်မတိုက်ပဲ နောက်ဆုတ်လိုက်တာကို မိန်းကလေး ဘာအခွင့်ကောင်းယူပြီးအလစ်တိုက်ခိုက်တာတော့မကောင်းပါဘူး နောက်ပြီး လက်နက်ပုန်းနဲ့တိုက်ခိုက်တာ မတရားပါဘူး..."

ကျင်းမေနှာခေါင်းရှုံ့လိုက်၏။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



မဲ့ပြုံးပြုံးလိုက်ပြီးခပ်မာမာပြောသည်။

"ရှင်မှားနေပြီရှင့် ကျွန်မကသူ့ကို တမင်မြှားခေါ်နေတယ်ဆို တာမှတ်ထားပါ"

"ဘာ. . ."

ဝမ်းစိန်၏အသံ ဟိန်းထွက်လာသည်။

ကျင်းမေကဆက်ပြောလိုက်၏။

"သူက အပေါ်စီးရပြီထင်ပြီးဖိတိုက်လာမှ ကျွန်မကပြန်ပြီး တိုက်ခိုက်ဖို့ အကွက်ဆင်ထားတာလေ"

"မင်း. . . မင်း. . ."

ဝမ်းစိန် မည်သို့ပြောရမှန်းမသိ ဖြစ်သွား၏။

ကျင်းမေက ခပ်သောသော ပြောလေ၏။

"ရန်သူနဲ့ရင်ဆိုင်တဲ့အခါ အနိုင်ရဖို့သာ အဓိကဆိုတာရှင် ကောင်းကောင်းနားလည်ထားစေချင်ပါတယ်ရှင်"

သူမ၏စကားကြောင့် ဝမ်းစိန်မှာ ဒေါသထွက်သွားသည်၊

သူကတင်းမာသောလေသံဖြင့် ပြောလိုက်၏။

"ကောင်းပြီ၊ မင်းကကျုပ်ကိုအနိုင်ယူဖို့ ကြိုးစားကြည့်ပါဦး"

စကားဆုံးလျှင် ကျင်းမေအား တိုက်ခိုက်ရန်ဟန်ပြင်လိုက် သည်။

ထိုစဉ်. . .

"ကျွန်မ ရှင့်ကို တာဝန်ယူပါ့မယ်ရှင်"

သူမသည် စကားဆုံးသည်နှင့် ဝမ်းစိန်အား တိုက်ခိုက်လိုက် သည်။ သူတို့သည် အနိုင်ရရေးကိုသာ ဂရုထားသည်။

ဝမ်းစိန်သက်ပြင်းချလိုက်၏။

သူက မှတ်သာတော့ဘဲ ထိပ်တိုက်ရင်ဆိုင်မိလိုက်လျှင်

"ဝုန်း. . ."



ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာသည်၊ ဝမ်းစိန်နှင့် ကျင်းဝါးတို့မှာ နောက်သို့ ခြေတစ်လှမ်းစီဆုတ်သွားရသည်၊

ဝမ်းစိန်အံ့အားသင့်သွား၏။

ကျင်းဝါးအား စိုက်ကြည့်ကာ ချီးကျူးလေ၏။

"မင်းက ဘယ်ဆိုးလို့လဲ"

ကျင်းဝါးက ဟာမျှပြန်မပြောပါ။

သူမက ရှေ့တိုးကာ တိုက်ခိုက်လာပြန်သည်။

ယခုတစ်ကြိမ်. . .

သူမက လက်ထဲ၌ဝှက်ထားသော လက်နက်ပုန်းများဖြင့် ပစ်လွှင့်တိုက်ခိုက်လာခြင်းဖြစ်လေသည်။

"ဟာ. . ."

ဝမ်းစိန်မျက်နှာပျက်သွားသည်။

သူကထိုသို့ တိုက်ခိုက်လာမည်ဟုမထင်မိချေ၊ ဤကားသူ့အမှား ။ ဤမိန်းကလေးများသည်ဘာကြီးဖြစ်ပါစေ အနိုင်ရယူလိုကြသည်။

ထို့ကြောင့်. . .

ရင်ထိတ်သွားပြီးကပျာကယာရှောင်တိမ်းလိုက်သည်။

သို့သော်. . .

နောက်ကျသွားပြီဖြစ်သည်။

လက်နက်ပုန်းတစ်ခုသည် သူ၏ပခုံး၌ထိသွားရာ. . .

"အား. . ."

လွှတ်ခနဲအော်ဟစ်လိုက်ပြီးဒယီးဒယိုင်ဖြင့် နောက် ဆုတ် ရတော့သည်။

"ခစ်. . . ခစ်. . . ခစ်"

ကျင်းဝါးရယ်မောလိုက်သည်။

သူကက ဝမ်းစိန်အားအထင်သေးစွာဖြင့်ကြည့် လိုက်ပြီးပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုယ့်မှာ ဘာအစွမ်းအစမှမရှိပဲ လူတတ်ကြီးတစ်ယောက်လို ဝင်ပြောနေလို့အပိုပေါ့ရှင်"

သီလရှင် ကူးလျှံမနေနိုင်တော့ပါ။ သူတို့ဘက်မှ တစ်ယောက်ပြီး တစ်ယောက် ရှုံးနိမ့်နေပြီမဟုတ်ပါလား။

သူမသည်အော်ငေါက်ရင်း ကျင်းဝါးထံခုန်ဝင်ကာတောင်ဓားဖြင့် ရိုက်ချလိုက်သည်။

ထိုစဉ်. . .

"ကျွန်မရှိသေးတယ်ရှင့်"

ကျင်းလင်က ပြောယင်း ကူးလျှံ အားတိုက်ခိုက်လိုက်သည်။

"ဟင်. . ."

ကူးလျှံ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ကျင်းဝါးအား တိုက်ခိုက်ရမည်လော။

သို့မဟုတ်. . .

ကျင်းလင်အား ရင်ဆိုင်တိုက်ခိုက်ရမည်လော။

သူမ ဝေခွဲမရဖြစ်သွားလေသည်။

ထိုအချိန်မှာပင်။

ကျင်းလင်၏ လက်ဝါးရိုက်ချက်များက အဆက်မပြတ် ကျရောက်လာလေ၏။

"ဟင်. . ."

ကူးလျှံရင်ထိတ်သွားသည်။

သူမက မတိုက်ခိုက်ရမီ ကျင်းလင်၏ တိုက်ခိုက်မှုကြောင့် ဒုက္ခရောက်သွားနိုင်ကြောင်းနားလည်း သဘောပေါက်လိုက်သည်။

ထို့ကြောင့်. . .

ကပျာကယာ နောက်ဆုတ် ရှောင်တိမ်းလိုက်ရလေတော့



သည်။

ထိုအခါ. . .

"သေပေတော့"

ကျင်းလင်းက အော်ငေါက်ကာ အလွတ်မပေးဘဲ တိုက်ခိုက်လာပြန်သည်။

သူမ၏ ပြင်းထန်သော လက်ဝါးရိုက်ချက်များသည် ကူးလျှံ၏ခန္ဓာကိုယ်ပေါ်သို့ တရစပ်ကျရောက်လာသည်။

ကူးလျှံ ကြိုးစား၍ရှောင်တိမ်းသော်လည်းမရတော့ပေ။

"ဝုန်း. . ."

"အမယ်လေး"

သူမ၏ ဝဲဘက်ပခုံးအားလက်ဝါးရိုက်ချက်ထိမှန်သွားခဲ့သည်။

ကူးလျှံ မှာနောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်ခွာသွားရလေတော့သည်။

သူမ၏မျက်နှာမှာရှုံ့မဲ့နေ၏။

"ခစ်. . . ခစ်. . . ခစ်"

ကျင်းဝါး၊ ကျင်းလင်နှင့် ကျင်းမေတို့ သဘောကျစွာရယ်မောလိုက်ကြသည်။

ကျင်းဝါးက ခေါင်းခါယမ်းလိုက်ပြီး ပြောလိုက်လေ၏။

"သူတို့ဟာထင်ထားသလောက်လဲ မဟုတ်ပါလား အပြောသာ တော်တော်ကြီးကြတယ်. . ."

သူမ၏ စကားကို ကျင်းမေနှင့်ကျင်းလင်တို့ကထောက်ခံလိုက်ကြ၏။

"ဟုတ်တယ် အလကားနေရင်း လေလုံးကြီးနေတဲ့လူတွေပဲ သူတို့၏ စကားကိုကြားရင်တော့ ကြောက်စရာကြီး. . ."

ဝမ်းစိန်၊ ထင်ဖုံးနှင့်ကူးလျှံတို့ ဇော်ရာကိုယ်စီရသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒေါသအမျက်ချောင်းချောင်းထွက် နေကြသည်။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက်မျက်ရိပ်ပြလိုက်ကြ၏။ သူတို့ ဒဏ်ရာရနေကြ၏။ သို့သော်. . .

ကျင်းဝါးတို့ထံ ပြေးဝင်တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်. . .

"မိတ်ဆွေတို့ ခဏနေကြပါဦး"

ရသေ့ကြီးဟန်ချူးက ဟန့်တားလိုက်သည်။

ထင်းဖုံးက. . .

"သူတို့ကို ဆုံးမမှဖြစ်မယ်"

ဒေါသတကြီးပြောသည်။

ဟန်ချူးခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ကျုပ်ကအားလုံးကိုယ်စား ဆုံးမပေးပါမယ်၊ ခင်ဗျားတို့ စိတ်အေးအေးထားကြပါ. . ."

ရှေ့သို့ လှမ်းထွက်လိုက်၏။

ထင်းဖုံးတို့ ဘာမျှမပြောကြတော့ပါ။

သူတို့က နောက်ဆုတ်ပေးလိုက်ကြ၏။

ဟန်ချူးရှေ့သို့ လှမ်းထွက်လာသည်ကိုမြင်လျှင် ကျင်းလင်က စတင်ပြောလေ၏၊ သူမသည် ဝူတန်းဂိုဏ်းကိုသိနေ၏။

"ကျွန်မတို့ကလဲ ဝူတန်းဂိုဏ်းကလူတွေကို စိတ်ဝင်စားပါတယ်ရှင်"

ဟန်ချူးခေါင်းညိတ်လိုက်၏။

"သိုင်းတံခွန်ဂိုဏ်းကလူတွေဟာ သိုင်းပညာအတော်ဆုံးလို့ မောက်မာနေကြပေမယ့် ဝူတန်းဂိုဏ်းရဲ့အဆုံးအမကို ခံသွားကြရတာပါပဲ၊ မင်းတို့က အမှတ်မရှိပဲ သိုင်းလောကထဲဆင်းလာကြတော့ ကျုပ်က ဝူတန်းဂိုဏ်းကိုယ်စား ဆုံးမပေးရမှာပေါ့"



သူကစတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သူ၏စကားကြားလိုက်ရလျှင် ကျင်းဝါးတို့မကျေမနပ် ဖြစ်သွားကြသည်။

သိုင်းတံခွန်ဂိုဏ်းချုပ် တုချင်းယင်သည် ဝူတန်းဂိုဏ်းချုပ်အားအရေးနိမ့်ခဲ့ပြီး သိုင်းပညာအသုံးမပြုနိုင်တော့သည် အခြေအနေကိုရောက်ရှိနေပြီဖြစ်သည်။

ထို့ကြောင့်. . .

သိုင်းတံခွန်ဂိုဏ်း နှင့်ပတ်သက်သည် ကိစ္စအဝဝကို သခင်မလေး တုကုဖုံးက တာဝန်ယူနေရသည်။

သိုင်းတံခွန်ဂိုဏ်း သည် ဝူတန်းဂိုဏ်းအားဘယ်သောအခါမှ အခဲကျေနိုင်မည် မဟုတ်ပေ။

ယခု. . .

ဝူတန်းဂိုဏ်းမှ ဟန်ချူးနှင့် သိုင်းတံခွန်ဂိုဏ်းမှ ကျင်းဝါးတို့ ရင်ဆိုင်မိကြပြီဖြစ်သည်။

ကျင်းလင်ကပြောသည်။

"ဝူတန်းဂိုဏ်းကလူတွေကို ကျွန်မတို့ ဆုံးမပါမယ်ရှင်"

သူမသည် ဓားတစ်လက်ထုတ်ယူလိုက်၏။

"ခွမ်း"

"ခွမ်း"

ကျင်းဝါးနှင့် ကျင်းမေ တို့ကလည်းဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

ကျင်းလင်ကရှေ့သို့ လှမ်းထွက်လိုက်၏။

ဟန်ချူးက မေးလိုက်လေ၏။

"မင်း တစ်ယောက်တည်းလား"

ကျင်းလင် ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်"

ဟန်ချူးကပြော်လိုက်သည်။

"အချိန်ကုန်သက်သာအောင် မင်းတို့သုံးယောက်စလုံးပြိုင်ဖူး တစ်ပြိုင်ထည်းဝင်လာခဲ့ကြတာပိုကောင်းမယ်ထင်တယ်"

သူ၏စကားကြောင့် ကျင်းလင်တို့ မကျေမနပ်ဖြစ်သွားကြ သည်။ သူတို့ကို အထင်သေးသည့် စကားမဟုတ်ပါလော. . .။

ကျင်းလင်က မဲ့ပြုံးပြုံးလိုက်ပြီး . . .

"ကောင်းပြီ . . . သတိထားပေတော့"

အော်ဟစ်ကာပြေးဝင်တိုက်ခိုက်လိုက်၏။

သူမက တိုက်ခိုက်လာလျှင် ကျင်းမေနှင့်ကျင်းဝါးတို့က လည်း ညာသံကိုယ်စီပေးကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာကြလေတော့ သည်။

ဟန်ချူးအားကျင်းလင်တို့ သုံးယောက်က ဓားကိုယ်စီဖြင့် ဝိုင်းရံ တိုက်ခိုက်သည်။ သူမတို့ သုံးယောက်၏ တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ကောင်းအောင်ပြင်းထန်လှသည်။

ဟန်းချူးသည် မြေပေါ်၌ခြေနှစ်ဖက်ခွဲကာမြဲမြံစွာရပ်လိုက် ပြီး လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ပြန်လည်တိုက်ခိုက်လိုက် ၏။

မြောက်များစွာသောလက်ဝါးရိပ်များသည် ကျင်းလင်တို့ထံ ဝင်သွား၏။

ကျင်းလင်တို့ကလည်းဟန်ချက်ညီညီဖြင့် တိုက်ခိုက်နေကြ သည်။

ထို့ကြောင့် . . .

တိုက်ပွဲမှာ အလွန်ပင်ကြည့်၍ကောင်းနေ၏။

ထင်းဖုံးတို့တိုက်ပွဲအားမျက်တောင်မခတ်တမ်းငေးကြည့်



နေကြ၏။

တိုက်ပွဲမှာ အလွန်ပင်ပြင်းထန်ကာ ပညာသားပါလှသည် မဟုတ်ပါလား။

သူတို့အကဲ ခတ်ကြည့်နေစဉ်မှာပင်။

"ဝုန်း. . . ဝုန်း"

ကျယ်လောင်သောအသံများထွက်ပေါ်လာသည်ကို ကြား လိုက်ရသည်။

တစ်ဆက်ထည်းမှာပင်. . .

"အား. . ."

"အွန့်. . ."

"အမယ်လေး"

စူးရှကျယ်လောင်သောအသံများလည်းထွက်ပေါ်လာ၏။ ကျင်းလင် ကျင်ဝါးနှင့် ကျင်းမေတို့ မှာ ဖရိုဖရဲဖြစ်သွားကာ နောက်ဆုတ် သွားကြရလေတော့သည်။

သူမတို့သုံးယောက်ပေါင်းကာပြင်းထန်စွာတိုက်ခိုက်လိုက် ကြခြင်းဖြစ်သည်။ မုန်တိုင်း တိုက်သကဲ့သို့ ပြင်းထန်စွာတိုက်ခိုက်ခဲ့ ကြသည်။

သို့သော်. . .

အနိုင်မရသည့် အပြင်အရေးနိမ့်သွားခဲ့ရပြီမဟုတ်ပါလား။ ဟန်ချူးကတည်ကြည်သောမျက်နှာထားဖြင့် ကြည့်ပြီးပြောလိုက်လေ ၏။

"အခုလောက်ဆိုယင် ဝူတန်းဂိုဏ်းရဲ့အစွမ်းအစကို မင်းတို့သိ လောက်ပြီထင်ပါတယ်၊ မင်းတို့တော်တော်လွန်တယ် သိုင်းလောက ညေးတမ်းလဲ မစောင့်ထိန်းကြဘူး"

ကျင်းလင်တို့လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဝါးက အံ့ကြိတ်လိုက်ပြီး ထပ်မံတိုက်ခိုက်ရန် ညာသံပေး လိုက်သည်။

"သေပေတော့"

ထိုစဉ်. . .

"နောက်ဆုတ်လိုက်ကြစမ်း"

ဟန့်တားသံတစ်ချက်ထွက်ပေါ်လာ၏၊ အမိန့်ပေးသံပင်။

"ဟင်. . ."

ကျင်းဝါး၏ ခန္ဓာကိုယ်ဆတ်ခနဲ ဖြစ်သွားသည်။

ထို့နောက်. . .

သူမက ကပျာကယာ နောက်ဆုတ်လိုက်၏။

ကျင်းလင်တို့လည်း နောက်ဆုတ်လိုက်ကြသည်။

ဟန်ချူးမျက်မှောင်ကုပ်သွား၏။

အသံထွက်ပေါ်လာရာဆီသို့လည်း လှမ်းကြည့်လိုက်မိလေ သည်။

ထိုအခါ. . .

မြင်းလှည်းတံခါးပွင့်သွားပြီးလှပချောမောသော မိန်းကလေး တစ်ယောက် ဆင်းလာသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုမိန်းကလေးမှာကား အခြားသူမဟုတ်ပါချေ။

သိုင်းတံခွန်ဂိုဏ်းမှ သခင်မလေး တုကုဖုံးပင်ဖြစ်ပါ၏။

ကျင်းဝါးတို့၏ မျက်နှာပေါ်တွင် ရိုသေလေးစားသည့် အရိပ် အယောင်များထွက်လာသည်။

သူမတို့က ချက်ချင်းပင် ဦးညွှတ်ကာ အရိုအသေပေးလိုက် ကြသည်။

သခင်မလေးတုကုဖုံးက ဟန်ချူးနှင့်မျက်နှာချင်းဆိုင်လိုက် လေ၏။ ဟန်ချူး သက်ပြင်းတစ်ချက်ချလိုက်သည်။



သိုင်းလောကတွင်လျှို့ဝှက်လွန်းပြီး သိုင်းပညာတော်သော သိုင်းတံခွန်ဂိုဏ်းမှ သခင်မလေးနှင့်တွေ့လိုက်ရပြီမဟုတ်ပါလား။

သူကလေသံအေးအေးဖြင့်မေးလိုက်၏။

"သိုင်းတံခွန်ဂိုဏ်းက သခင်မလေးထင်ပါရဲ့"

တုကုဖုံးခေါင်းညိတ်လိုက်သည်။

ဟန်ချူးက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီးမှ မေးလိုက် လေ၏။

"ဒါထက်မိန်းကလေးရဲ့မိခင်ကော ကျန်းမာရဲ့လား"

သူမ၏မိခင် တုချင်းယင်သည် သိုင်းတံခွန်ဂိုဏ်းကို ဦးဆောင် နေသည့် ဂိုဏ်းချုပ်ဖြစ်ပါ၏။

တုကုဖုံး သက်ပြင်းချလိုက်သည်။

သူမ၏ မျက်နှာထားတည်သွားပြီးပြန်ဖြေလိုက်၏။

"ဟုတ်ကဲ့. . . မေမေက ဝူတန်းဂိုဏ်းကိုအမြဲချီးကျူး ပြောဆို နေပါတယ်ရှင်"

ဟန်ချူးက. . .

"ကောင်းပါပေ့တယ်ကွယ်၊ ဝူတန်းဂိုဏ်းဟာ လောဘ၊ဒေါသ၊ မောဟ ဖုံးလွှမ်းနေသူတွေကိုဆုံးမနေတဲ့ဂိုဏ်းပါပဲ"

"ကျွန်မမေမေရဲ့ ချီးကျူးစကားကြောင့် ဝူတန်းဂိုဏ်းရဲ့ သိုင်း ပညာကို ကိုယ်တိုင်ကိုယ်ကျ လေ့လာချင်စိတ်ရှိနေပါတယ်ရှင်"

တုကုဖုံးကခပ်တည်တည်ပင်ပြောသည်။

ဟန်ချူး ပြုံးလိုက်သည် ။

"ကျုပ်တစ်ယောက်လုံးရှိနေတာပဲ မဟုတ်လား"

တုကုဖုံး၏ မျက်လုံးများဝင်းလက်သွား၏။

ဟန်ချူးကဆက်ပြောလိုက်သည်။

"မိန်းကလေးက ဝူတန်းဂိုဏ်းရဲ့ သိုင်းပညာကိုလေ့လာချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင် အချိန်မရွေးလေ့လာနိုင်ပါတယ်"

တုကုဖုံး ခေါင်းညိတ်လိုက်၏။

"ဒါဆိုယင် ကျွန်မကို ခွင့်ပြုပါရှင်"

စကားဆုံးလျှင် သူမက စတင်တိုက်ခိုက်လိုက်သည်။

သူမ၏ တိုက်ခိုက်မှုမှာ လျှပ်ပြက်သလို လျင်မြန်လွန်းလှသည်။ သူမ၏စကားအဆုံးတိုက်ခိုက်မှုကလည်းစတင်လာခြင်းဖြစ်သည်။

ဟန်ချျုံးသည် သူနှင့် ရှတ်ဆက်စကားများပြောနေသဖြင့် ဤသို့လျှပ်တပြက် တိုက်မည်ဟုမထင်မိချေ။

သူကပျာကယာ ပြန်လည်တိုက်ခိုက်ရန်ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားခဲ့လေပြီ။

တုကုဖုံး၏ ခြေထောက်ကန်ချက်သည် ဟန်ချျုံး၏ဝမ်းဗိုက်ကိုထိသွားလေ၏။

"ဝုန်း. . ."

ဟန်ချျုံးသည် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဟာ. . ."

"ဟင်. . ."

ထင်းယန်ဂိုဏ်းသားများ လွှတ်ခနဲအော်လိုက်မိကြသည်။

ထင်းဖုံး၊ ဝမ်းစိန်နှင့်ကူးလျှံတို့လည်း ထိတ်လန့်သွားကြသည်။

ဟန်ချျုံးက ကပျာကယာ လူးလှိမ့်ထလိုက်၏။ သူ၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး ဒယီးဒယိုင်ဖြစ်နေလေသည်။

တုကုဖုံး သက်ပြင်းချလိုက်သည်။

သူမက ခေါင်းခါယမ်းလိုက်ပြီး ပြောလေ၏။

"ဝူတန်းဂိုဏ်းရဲ့သိုင်းပညာဟာထင်သလောက်လဲ မဟုတ်ပါလားရှင်. ကျွန်မလက်ကုန်မထုတ်ရသေးပါဘူး. . ."



ဟန်ချျုံး ပင့်သက်ရှိုက်လိုက်သည်။

သူက တုကုဖုံးအားတစ်ယောက်ချင်းယှဉ်နိုင်မည် မဟုတ်မှန်း ရိပ်မိလိုက်လေသည်။

"မိန်းကလေးက အမေထက်တောင် ပိုတော်နေတာကိုး၊ ကျုပ်ကည့်ဖျင်းတာနဲ့ ဝူတန်းဂိုဏ်းရဲ့ဂုဏ်သိက္ခာကျတဲ့ အဖြစ်မျိုးကို မလိုလားပါဘူး"

တုကုဖုံး ပြုံးလိုက်သည်။

သူမက ဟန်ချျုံးအား စေ့စေ့ကြည့်ကာ မေးလေ၏။

"ဒါဖြင့် ရှင်ကဘာယ်လို ဖြစ်ချင်လို့လဲ"

ဟန်ချျုံးက တည်ငြိမ်စွာ ပြောလိုက်၏။

"ကျုပ်ရဲ့ဆန္ဒကတော့ ဝူတန်းဂိုဏ်းရဲ့ ခုနှစ်စင်ကြယ်သိုင်းပညာကို လေ့လာသွားစေချင်ပါတယ် "

ထိုစကားကြားလျှင် တုကုဖုံး၏မျက်နှာ တည်သွားသည်။

"မေမေဟာ ခုနှစ်စင်ကြယ်ဓားသိုင်းကြောင့် အရေးနိမ့်ခဲ့ရတယ်၊ ဒါကိုတွက်ဆပြီး ကျွန်မလဲယှဉ်နိုင်မှာ မဟုတ်ဘူးလို့ထင်ရင် မှားသွားလိမ့်မယ်"

တုကုဖုံးက လေအေးအေးဖြင့် ပြောလေ၏။

"ကောင်းသားပဲ ကျွန်မစမ်းကြည့်တာပေါ့"

သူမကချက်ချင်သဘောတူလိုက်သည် ။ သူမလေသံကခပ်ပေါ့ပေါ့ပင်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ဟန်ချျုံးက လက်ခုပ်တီးလိုက်၏။

ထိုအခါ. . .

အဖြူရောင်အဝတ်အစားများ ဆင်တူဝတ်ဆင်ထားကြသော လူခုနှစ်ယောက် ပြေးလွှားရောက်ရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူခုနစ်ယောက်မှာ ဝူတန်းဂိုဏ်း၏ ထိပ်တန်းဓားသမားများပင် ဖြစ်ကြသည်။

ထင်းဖုံးက ထင်းယန်းဂိုဏ်းသားများကိုခေါ်ဆောင်ကာ နောက်ဆုတ်သွားသည်။

ကျင်းဝါး၊ကျင်းမေနှင့် ကျင်းလင်တို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

ထို့နောက်. . .

ပြိုင်တူနောက်ဆုတ်လိုက်ကြသည်။

ဝူတန်းဂိုဏ်းသားခုနစ်ယောက်သည် မြေကွက်လပ်တွင် နေရာယူလိုက်ကြသည်။

ဟန်ချူးက တုကုဖုံးအားအကဲခတ်ကြည့်ပြီး မေးလိုက်လေ၏။

"မိန်းကလေးက တကယ်ပဲ ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ပြီးပြီလား"

တုကုဖုံး တည်ကြည်သောမျက်နှာထားဖြင့်ပြော၏။

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကတည်းက ကျွန်မက ခုနစ်စင်ကြယ် ဓားသိုင်းကို လေ့လာဖို့ဆုံးဖြတ်ထားခဲ့တာပါရှင်"

ဟန်ချူးခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ . . . ဒါဆိုလဲ မိန်းကလေးကြိုးစားကြည့်ပေါ့"

စကားဆုံးလျှင်သူကနောက်ဆုတ်သွား၏။

တုကုဖုံး ပြုံးလိုက်သည်။

ထို့နောက် အားလုံးကြားအောင် ပြောလေ၏။

"ဝူတန်းဂိုဏ်းရဲ့ ခုနစ်စင်ကြယ်ဓားသိုင်းက တကယ်ပဲ ပြိုင်စံရှားတယ်တဲ့လား"

ထို့နောက်. . .

နေရာယူထားသည့် ဝူတန်းဂိုဏ်းသားများထံသို့ လှမ်းသွားလိုက်လေတော့သည်။



"ခွမ်း . . . "

"ခွမ်း . . . "

ဝူတန်းဂိုဏ်းသားခုနစ်ယောက်ကဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။ ခုနစ်စင်ကြယ် သိုင်းကွက်ကား ပူးပေါင်းတိုက်ကွက် ဖြစ်လေ၏။

တုကုဖုံး ပြုံးလိုက်၏။

သူမကဝူတန်းဂိုဏ်းသားများအား မျက်တောင်မခတ်ဘဲ အကဲခတ်ကြည့်နေ၏။

တဆက်တည်းပင်. . .

ဝူတန်းဂိုဏ်းသားများသည် ခုနစ်စင်ကြယ်ပုံအတိုင်းရွေ့လျားပြီး တုကုဖုံးထံသို့ ဝင်လာကြ၏။

ထို့နောက်. . .

"ယား. . . "ဩသံကိုယ်စီပေးကာတိုက် ခိုက်လာကြသည်။

တုကုဖုံးနှာခေါင်းရှုံ့လိုက်သည် ။

"ရှင်တို့ဘာတတ်နိုင်မှာလဲ"

စကားဆုံးလျှင် လက်ဗွေယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်၏။

သူမ၏တိုက်ခိုက်မှုမှာကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေ၏။

လက်ဝါးရိပ်များက ဝူတန်းဂိုဏ်းသား ခုနစ်ယောက်ထံသို့ တိုးဝင် ဖုံးလွှမ်းသွား၏။

သို့သော်. . .

ဝူတန်းဂိုဏ်းသား ခုနစ်ယောက်က နေရာအနည်းငယ်ပြောင်းလဲသွားကြလျှင် သူမ၏ တိုက်ခိုက်မှုမှာ မထိရောက်ဘဲ အချည်းနှီး ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တကုဖုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုစဉ်မှာပင်. . .

"ဝိုး. . . ဝိုး"

လေတိုးသံများထွက်ပေါ်လာပြီး ဓားခုနစ်လက်နေရာမျိုးစုံမှဝင်ရောက်လာ၏။

"ဟင်. . ."

တကုဖုံးရင်ထိတ်သွားသည်။

သူမကပေ့ါဆ၍ မရမှန်းနားလည်သဘောပေါက်သွားသည်။

ထို့ကြောင့်. . .

သတိကြီးစွာထားကာ တိုးဝင်လာသော ဓားများအားပွတ်ကာသီကာရှောင်တိမ်းပေးလိုက်၏။

တိုက်ခိုက်ယင်းမှပင် ခုနှစ်စင်ကြယ်ဓားသိုင်းပညာမှာ ခက်ခဲနက်နဲပြီး အလွန်ကြောက်စရာကောင်းကြောင်းရိပ်စားမိလာသည်။

ဝူတန်းဂိုဏ်းသားခုနှစ်ယောက် အနက်ခေါင်းဆောင်ဖြစ်ဟန်တူသူက အော်လိုက်၏။

"ခုနစ်စင်ကြယ်ဓားမုန်တိုင်း"

သူတို့သည် ရှေ့သို့တစ်ဟုန်တိုးထွက်လာ၏ ကျွန်လူများကလည်း ဓားကိုယ်စီဝှေ့ယမ်းကာ တိုးဝင်လာကြ၏။

ဝူတန်းဂိုဏ်းသားခုနှစ်ယောက်သည် မုန်းတိုင်းတစ်ခုပမာသူမထံ ဦးတည်လာနေကြပြီမဟုတ်ပါလား ။တကုဖုံးကစိတ်ကို တည်ငြိမ်အောင်စုစည်းကာထားလိုက်သည်။

ဝူတန်းဂိုဏ်းသားခုနစ်ယောက်အနီးသို့ရောက် ရှိလာလျှင်. .

"ယား. . . "

ညာသံပေးကာမြေပေါ်လှဲချလိုက်၏။

တဆက်တည်းပင်. . .



ဝူတန်းဂိုဏ်းသား ခုနှစ်ယောက်၏ခြေထောက်များကိုဦးတည်ကာတိုက်ခိုက်ပစ်လိုက်၏။

သူမက ခုနစ်စင်ကြယ်သိုင်းကွက်ပျက်စီးသွားရန် ရည်ရွယ်၍တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ယခုတစ်ကြိမ်. . .

"ဟင်. . ."

ထိတ်လန့်သွားသူမှာ ဝူတန်းဂိုဏ်းသားခုနှစ်ယောက်ပင်ဖြစ်သည်။

သူတို့ဦးတည် တိုက်ခိုက်နေသောတကုဖုံးက သူတို့၏ ခြေထောက်များကို ဦးတည်တိုက်ခိုက်လာသည်မဟုတ်ပါလား။ သူတို့က နောက်ဆုတ်ရန်မဖြစ်တော့ပါ။

ထို့ကြောင့်. . .

ခြေထောက်များဖြင့် ကန်ကျောက်လိုက်ကြလေသည်။

"ဝုန်း"

"ဝုန်း"

ကျယ်လောင်သောအသံများထွက်ပေါ်လာသည်။

ဝူတန်းဂိုဏ်းသား ခုနစ်ယောက်အနက် နှစ်ယောက်မှာမြေပေါ်လဲကျသွား၏။

တကုဖုံးက မြေပေါ်မှခုန်ထလာ၏။

သူမ၏ ခန္ဓာကိုယ် အနည်းငယ်ယိမ်းယိုင်နေသည်။

ထိုစဉ်. . .

လဲကျသွားသောဝူတန်းဂိုဏ်းသားနှစ်ယောက်မှာမြေပေါ်မှ ဒယီးဒယိုင်ဖြင့် လူးလဲထလိုက်၏။

သူတို့၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

အတွင်းဒဏ်ရာရသွားကြောင်း ထင်ရှားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



တုကုဖုံး မဲ့ပြုံးပြုံးလိုက်၏။

"ရှင်တို့ ဘာတတ်နိုင်သေးလဲ"

ခေါင်းဆောင်ဖြစ်သူက. . .

"စောင့်ကြည့်ဦးလေ"

စကားဆုံးလျှင်ဓားရှည်ဝှေ့ယမ်းကာတိုက်ခိုက်လာ၏။

ကျန်လူများကလည်းတိုက်ခိုက်လာ၏။

ဒဏ်ရာရထားသူ နှစ်ယောက်မှာ ခုနစ်စဉ်ကြယ်ဓားသိုင်းကွက်ပျက်စီးသွားမည်စိုး၍ဝင်တိုက်ခိုက်နေခြင်းဖြစ်သည် သူတို့၏ ဓားသိုင်းကို မပျက်စီးစေလိုပေ. . .

သူတို့မဟန်နိုင်ကြကြောင်းကိုမူ တုကုဖုံး ရိပ်စားမိထား၏။

ထို့ကြောင့်. . .

သူမက ဒဏ်ရာရထားသူနှစ်ယောက်အားဦးတည်ချက်ထားကာ ပြင်းထန်စွာတိုက်ခိုက်လိုက်၏။

တစ်ယောက်ယောက်သာ မတိုက်ခိုက်နိုင်တော့လျှင် ခုနစ်စင်ကြယ်ဓားသိုင်းကွက်ပျက်စီးသွားမည်မဟုတ်ပါလား။

ခေါင်းဆောင်ဖြစ်သူကလည်းထိုအချက်ကိုရိပ်စားမိထား ၏။

ထို့ကြောင့်. . .

သူကဦးဆောင်ကာခေါင်းဆောင်အဖြစ် တိုက်ခိုက်နေခြင်းဖြစ်သည်။

တုကုဖုံးက. . .

"သွားစမ်း"

အော်ငေါက်ကာခေါင်းဆောင်ဖြစ်သူ၏ ဓားရှည်အား လျှပ်တစ်ပြက် လုယူလိုက်၏။

တစ်ဆက်တည်းပင်. . .

လက်ဝါးဖြင့်ရိုက်ချလိုက်သည်။



"ဝုန်း"

"အား"

ကျယ်လောင်သောအသံနှင့် အတူခေါင်းဆောင်ဖြစ်သူလွင့်စဉ်သွား၏။

တုကုဖုံးကဆက်တိုက်ဆိုသလို ကျရောက်လာသော ဓားချက်များကို သူမ၏လက်ထဲမှ ဓားဖြင့်ခုခံကာ ပြန်လည်တိုက်ခိုက် လိုက်၏။

ဝင်းလက်သောဓားရောင်များထွက်ပေါ်လာ၏။

"အား"

"အွန့်"

ဒဏ်ရာရထားသူနှစ်ယောက်မှာ စူးရှစွာအော်ဟစ်ရင်း မြေပေါ် ပုံလျက်သား လဲကျသွား၏။

ထိုစဉ်မှာပင်. . .

"ယား. . ."

"သေပေတော့"

အော်ငေါက်ညာသံပေးသံနှင့် အတူ ဝူတန်းဂိုဏ်းသားလေးယောက်၏ တိုက်ခိုက်မှုက အဆက်မပြတ်ကျရောက်လာ၏။

"ဟင်. . ."

တုကုဖုံး ရင်ထိတ်သွား၏။

သူမကဓားရှည်ဝှေ့ယမ်းကာ ကပျာကယာပြန်လည် တိုက်ခိုက်လိုက်၏။

လက်ဝါးတစ်ဖက်ကိုလည်း တရစပ်ဝှေ့ယမ်း တိုက်ခိုက်လိုက်၏။

သူတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်လျှင် . . .

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



"အား"

"အမလေး"

"သေပါပြီဗျ"

စူးရှကျယ်လောင်သော အော်ဟစ်သံများထွက်ပေါ်လာပြီး ဝူတန်းဂိုဏ်းသားလေးယောက်မှာ အဝေးသို့ လွင့်စဉ်သွားသည်။

ထို့အတူ . . .

"အင့် . ."

တုကုဖုံးမှာလည်း မသဲမကွဲ ညည်းညူရင်း မြေပေါ်လဲကျသွားလေတော့သည်။

"ဟင် . . ."

"ဟာ . . ."

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အားလုံး ကြက်သေသေသွားကြ၏။

မည်မျှ ကြာအောင် ငေးငိုင်သွားကြသည်မသိ။

ဦးစွာသတိဝင်လာသူများမှာ ကျင်းလင်တို့ ဖြစ်ကြသည်။

"သခင်မလေး"

အော်ဟစ်ကာ ပြေးလွှားသွားကြ၏။

တုကုဖုံး၏ မျက်နှာမှာသွေးရောင်ကင်းမဲ့နေ၏။ ဖြူရော်နေသည်။ နှုတ်ခမ်းထောင့်မှာလည်းသွေးများ ယိုစီးကျနေသည်။

သူမသည် အတွင်းဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း ထင်ရှားနေသည်။

ကျင်းလင်တို့ မျက်နှာမကောင်းကြပါ။

တုကုဖုံးသည် ဝူတန်းဂိုဏ်းသားခုနစ်ယောက်အား ရှုံးနိမ့်သွားခဲ့ပြီ မဟုတ်ပါလား . . ။

ထို့အတူ . .



ဝူတန်းဂိုဏ်းသားခုနစ်ယောက်မှာလည်း မသက်သာလှချေ။ ငါးယောက်မှာ သေဆုံးသွားပြီး နှစ်ယောက်မှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားခဲ့သည်။

ဟန်ချူး မျက်စိမျက်နှာပျက်နေ၏။

သိုင်းတံခွန်ဂိုဏ်းမှ လူများ၏ သိုင်းပညာသည် ကြောက်မက်ဖွယ်ရာကောင်းကြောင်းတွေ့မြင် လိုက်ရပြီ မဟုတ်ပါလား . . ။

တုကုဖုံး ဒဏ်ရာပြင်းထန်စွာရရှိသွားသည်ကို မြင်လျှင် ထင်းဖုံး ဝမ်းသာသွားသည်။

သူက ဟန်ချူးအားကြည့်ကာ . . .

"သူတို့ ရှုံးနိမ့်ပြီး ဒဏ်ရာရသွားကြပြီ၊ သူတို့ဟာ သိုင်းလောကကို ဒုက္ခပေးမယ့်လူတွေပဲ ကျုပ်တို့ အချိန်မီသုတ်သင်လိုက်ကြစို့။ သူတို့ကို အလွတ်ပေးလို့ မဖြစ်ဘူး. . ."

သူ၏စကားကို ဝမ်းစိန်နှင့် ကူးလျှံတို့က ထောက်ခံလိုက်ကြ၏။

"ဟုတ်တယ် . . . သုတ်သင်ရမယ်"

"သူတို့ဟာ သိုင်းလောကကို ဒုက္ခပေးမှာ ဘယ်နည်းနဲ့မှ လက်မလွတ်ခံနိုင်ဘူး၊ သုတ်သင်ပစ်မှ ဖြစ်မယ်"

သူတို့သည် တစ်ယောက် တစ်ပေါက် ပြောဆိုလာကြ၏။

သူတို့၏ စကားကိုကြားလျှင် ကျင်းလင်တို့ ထိတ်လန့်သွားကြ၏။ သူမတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

တုကုဖုံးမှာ ဒဏ်ရာကြောင့် တအင်းအင်းညည်းညူနေ၏။

ကျင်းဝါးက အားလုံးကို သတိပေးလိုက်၏။

"သခင်မလေးကို အမြန်ဆုံး ခေါ်ထုတ်သွားမှဖြစ်မယ်"

ကျင်းလင်နှင့် ကျင်းမေ ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါအရေးကြီးဆုံးပဲ၊ သူတို့ရဲ့ အသက်ကိုတော့ ထိခိုက်မခံဘူး. ."

ထိုစဉ်မှာပင် . .

"ဟော့ . . သူတို့ကို မလွတ်စေနဲ့"

ထင်းဖုံး၏ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တစ်ဆက်တည်းပင် . .

"ယား"

ထင်းယန်ဂိုဏ်းသားများက ညာသံပေးကာ ပြေးဝင်လာကြသည်ကို တွေ့လိုက်ရ၏။

ထို့နောက်ကျင်းလင်၊ကျင်းဝါးနှင့်ကျင်းမေတို့သည် တုကုဖုံးအား ပွေ့ချီကာ မြင်းလှည်းထံ တစ်ဟုန်းထိုး ပြေးလွှားသွားသည်။ သခင်မလေး တုကုဖုံး၏ အသက်သည် သူတို့သုံးယောက်၏ ကြိုးစားမှုအပေါ် မူတည်နေသည်။

မြင်းလှည်း အနီးသို့ ရောက်လျှင် တုကုဖုံးအား မြင်းလှည်းအိမ်ထဲထည့်လိုက်ပြီး ရန်သူများကို ကြည့်လိုက်၏။

ကျင်းလင်နှင့် ကျင်းဝါးတို့က ဓားကိုယ်စီဆွဲထုတ်လိုက်ကြသည်။

ထို့နောက်

"သေပေတော့"

အော်ငေါက်ကာ ပြေးဝင်လာသော ထင်းယန်ဂိုဏ်းသားများအား တရကြမ်းတိုက်ခိုက် ကြသည်။

ပြင်းထန်သောတိုက်ပွဲမှာ ထပ်မံ ဖြစ်ပေါ်လာခဲ့၏။

"ဝုန်း"

"အား"

"ဖွန်း"



စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

ထင်းယန်ဂိုဏ်းသားများမှာ တစ်ယောက်ပြီး တစ်ယောက် မြေပေါ်လဲကျသွား၏။

ထင်းဖုံး ဒေါသအမျက်ခြောင်းခြောင်း ထွက်သွား၏။

"သိကြသေးတာပေါ့"

ကြုံးဝါးကာ ကျင်းဝါးတို့ထံ ပြေးဝင်တိုက်ခိုက်လာ၏။

ဝမ်းစိန်နှင့် ကူးလျှံတို့ကလည်း တိုက်ပွဲအတွင်း ခုန်ဝင်လာကြ၏။

"ဟင်"

ကျင်းဝါးတို့ မျက်နှာပျက်သွားကြ၏။

သူမတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။ ရန်သူ့အင်အားမှာ များပြားလွန်းလှသည်မဟုတ်ပါလား။

သူမတို့က အမြန်ဆုံးတိုက်ခိုက်ဟန့်တားပြီး ဤနေရာမှ အမြန်ဆုံးထွက်သွားရန် လိုအပ်နေပြီဟု တိုင်ပင်ထားစရာမလိုပဲ နားလည်လိုက်ကြ၏။

ထို့ကြောင့်ပင် . . .

သူမတို့၏ တိုက်ခိုက်မှုမှာ အလွန်ပင် ပြင်းထန်နေ၏။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများနှင့် အတူ ထင်းယန်ဂိုဏ်းသားများ ဖရိုဖရဲဖြစ်သွားကြ၏။

သူတို့သည် ကျင်းဝါးတို့၏ အနားပင်မကပ်နိုင်ဘဲ ဖြစ်နေကြသည်။

ထိုစဉ်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုတ်လိုက်ကြစမ်း"

ထင်းဖုံး၏ စကားသံထွက်ပေါ်လာသည်။

တစ်ဆက်တည်းပင်. . .

ထင်းဖုံး၊ ဝမ်းစိန်နှင့် ကူးလျှံတို့ တိုက်ပွဲ အတွင်းသို့ ခုန်ဝင်လာကြသည်။

သူတို့တိုက်ပွဲ အတွင်းသို့ဝင်ရောက်လာသည်နှင့် အခြေအနေမှာ တစ်မျိုး တစ်ဖုံပြောင်းလဲသွား၏။

ကျင်းဝါးတို့မှာ ဘေးကျပ်နံကျပ် ဖြစ်သွားသည်။ထိုးဖောက်ထွက်ဖို့ မဖြစ်သည့်အပြင် ထင်းဖုံးတို့၏ ပိတ်ဆို့မှုကို ပင်ခံနေကြရသည်။

ထိုစဉ်. . .

"နောက်ဆုတ်လိုက်"

ကျင်းမေက အော်ပြောရင်း ပြေးဝင်လာ၏။

တစ်ဆက်တည်းမှာပင် . . .

လက်နှစ်ဖက် ကိုဝှေ့ယမ်းလိုက်သည်။

"ဝှစ် . . . ဝှစ် . . . ဝှစ်"

လေသံများ ထွက်ပေါ်လာပြီး လက်နက်ပုန်း ကလေးများသည် ထင်းဖုံး တို့ထံတိုးဝင်သွား၏။

"ဟင်"

ထင်းဖုံးတို့ ထိတ်လန့်သွားသည်။

သူတို့က ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။ သို့မဟုတ်ပါက လက်နက်ပုန်းကလေးများ ထိမှန်သွားမည် မဟုတ်ပါလား။

ဤတွင်. . .

ကျင်းဝါးတို့ ကအခွင့်အရေးကို လက်လွှတ်မခံကြပါ။

မြင်းလှည်းဆီသို့တဟုန်ထိုးပြေးသွားကြ၏။

"မလွှတ်စေနဲ့. . ."



ထင်ဖုံးက အော်ဟစ်လိုက်၏။

ထင်းယန်ဂိုဏ်းသားများက တရကြမ်း ပြေးလိုက်လာကြသည်။

သို့သော်. . .

"အား"

"အွန်း"

"အမလေး . . ."

ကျင်းမေ၏ လက်နက်ပုန်း များကြောင့် ဖရိုဖရဲဖြစ်သွားကြရပြန်သည်။

"ဟေ. . . ဟေး"

မြင်းများကို အော်ငေါက်ကာ ဒုန်းစိုင်းနှင်းလိုက်၏။

ကျင်းမေနှင့် ကျင်းလင်တို့က လက်နက်ပုန်းများကို တရစပ်ပစ်ခတ်ကြသည်။

"ဒီး. . . ဒီး. . . ဒီး"

"အား. . . အား. . . အား. . ."

ထို့နောက်

တဟုန်ထိုး ပြေးလွှားကြပြီး မြင်းလှည်းပေါ် ခုန်တက်လိုက်ကြ၏။

မြင်းလှည်းသည် ထင်းယန်ဂိုဏ်း၏ ခြံဝင်းအပြင်ဘက်ရောက်လျှင် တစ်ဟုန်ထိုး မောင်းနှင်သွားလေသည်။

ထင်းဖုံးတို့ ဝိုင်းဝန်းပိတ် ဆို့နေသည့်ကြားမှာပင် ကျင်းဝါးတို့မှာ လွတ်မြောက်သွားခဲ့ လေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇)

## ချစ်မေတ္တာသံယောဇဉ်

မြင်းခွာသံ စည်းချက်ဝါးချက်နှင့်အညီ ထွက်ပေါ်နေ၏။

"ခွပ်. . . ခွပ်. . . ခွပ်"

"ခွပ်. . . ခွပ်. . . ခွပ်"

ကျင်းဝါး ကျင်းလင်နှင့်ကျင်းမေတို့သည် မြင်းလှည်းမောင်းနေရာ၌ ပူးပူးကပ်ကပ်ထိုင်နေကြ၏ သူတို့မျက်နှာမကောင်းကြပါ။

"အဟွပ်. . . အဟွပ်"

မြင်းလှည်းအိမ်ထဲမှ ချောင်းဆိုးသံများထွက်ပေါ်နေ၏။

သခင်မလေးတုကုဖုံး ချောင်းဆိုးနေခြင်းဖြစ်ပါသည်။

ယခု. . .

သူတို့သည် သိုင်းတံခွန်ဂိုဏ်းသို့အပြန်ခရီးနှင်နေကြပြီဖြစ်သည်။

သူတို့သည် တိုက်ခိုက်ထိုးဖောက်ထွက်ပြေးလာနိုင်ခဲ့သော်လည်း ထင်ဖုံးတို့လူစု ကကျေနပ်ကြမည် မဟုတ်ချေ။ ယခုချက်ချင်း သူတို့နောက်သို့ လိုက်မလာကြသည့်တိုင် နောင်တွင် သိုင်းလောကသားများ၏အကူအညီကိုရယူကာ သူတို့အား ဖျက်ဆီးရန်ကြိုးစားကြမည်မှာ သေချာလှသည်။

ထို့ကြောင့်. . .

ကျင်းလင်တို့သည် မရပ်မနားခရီးပြင်းနှင်လာခဲ့ကြခြင်းဖြစ်



သည်။

ယခု. . .

သူတို့သည် လူနေအိမ်ခြေကွာဝေးသည့်အရပ်တစ်ခုသို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်လေသည်။ သူတို့အဖို့ လူသူကင်းဝေးလေ ဘေးကင်းလေပင်. . .

ကျင်းလင်က. . .

"သခင်မလေးလဲမောနေရောပေါ့ တို့ခဏနားကြရင်ကောင်းမယ် ဒီအနီးအနားမှာ အန္တရာယ်ပေးမဲ့သူ လည်း မရှိဘူး ဘယ်နဲ့လဲ. . ."

ကျင်းဝါးနှင့်ကျင်းမေတို့ချက်ချင်းသဘောတူလိုက် ကြသည်။

"ကောင်းတယ်"

"ခဏတော့နားမှ ဖြစ်မယ်"

သူတို့သည် မြင်းလှည်းကို ရပ်တန့်လိုက်ကြသည်။

ထို့နောက်. . .

မြင်းလှည်းတံခါးဖွင့်လိုက်ကြသည်။

မြင်းလှည်းထဲ၌ တုကုဖုံးသည် မြင်းလှည်းအိမ်ကိုမှီကာ ထိုင်နေ၏။

သူမ၏မျက်နှာမှာဖြူဖွေးနေသည်။

ဝေဒနာပြင်းထန်စွာ ခံစားနေရကြောင်း သိနိုင်သည်။ ကျင်းလင်တို့ပင်စိတ်မကောင်း ဖြစ်သွားကြရလေ၏။

ကျင်းလင်က ချိုသာစွာပြောသည်။

"သခင်မလေး ခဏလောက်အနားယူရင် ကောင်းပါလိမ့်မယ်ရှင်"

တုကုဖုံးကလက်မခံပါ။

"ငါတို့ အမြန်ဆုံးသွားမှဖြစ်မယ် သူတို့ လိုက်လာကြလိမ့်မယ်၊ သူတို့မီလို့မဖြစ်ဘူး၊ မီသွားတာနဲ့ ငါတို့အသေပဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလင်ကတောင်းပန်လိုက်၏။

"သခင်မလေး သိပ်မော. . ."

သူမ၏စကားမဆုံးမီ. . .

"စကားမရှည်နဲ့ အခုချက်ချင်းဆက်သွားမယ်"

တုကဖုံးက ကြားဖြတ်အော်လိုက်သည်။

ထိုသို့အော်လိုက်ရခြင်းကြောင့် . . .

"အဟွပ် . . . ဟွပ်"

ခွေးတဟွပ်ဟွပ် ဆိုးလာပြန်လေတော့သည်။

ကျင်းလင်း သက်ပြင်းချလိုက်၏။

"ကောင်းပါပြီ သခင်မလေး"

တုကုဖုံး၏အမိန့်ကို မလွန်ဆန်တော့ဘဲ ရှေ့ခရီးဆက်ရန် ပြင်ဆင်လိုက်ကြသည်။

ထိုစဉ်မှာပင် . . .

"နားထောင်စမ်း"

ကျင်းဝါး၏အလောတကြီးပြောသံထွက်ပေါ်လာသည်။ ကျင်းလင်နှင့် ကျင်းမေတို့ နားထောင်လိုက်ကြ၏။

ထိုအခါ . . .

အဝေးမှ မြင်းခွာသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

"မြင်းခွာသံတွေပဲ"

"ဟုတ်တယ်၊ သူတို့လိုက်လာကြပြီ"

ကျင်းလင်နှင့်ကျင်းမေတို့ အထိတ်တလန့်ရေရွတ်လိုက်ကြသည်။

သိုင်းလောကသားများသည် သူတို့အားအလွတ်ပေးကြမည် မဟုတ်ပါ သူတို့အားအငြိုးနှင့်လိုက်နေကြသည်။



သိုင်းတံခွန်ဂိုဏ်းမှ လူများသည် သိုင်းလောကအားဒုက္ခပေးမည့်သူများဟု သိုင်းလောကတစ်ခုလုံးက ခံယူထားကြသည် မဟုတ်ပါလား။

"တို့ ဘယ်လိုလုပ်ကြမလဲ"

ကျင်းလင်က မေးလိုက်သည်။

ကျင်းဝါးဆုံးဖြတ်ချက်ချလိုက်လေ၏။ သူအသေခံမည်။

"ငါသွားပြီးဟန့်တားပေးမယ် ညည်းတို့က သခင်မလေးကို ခေါ်ပြီးပြေးပေတော့"

ကျင်းမေ မျက်လုံးပြူးသွားသည်။

"ဟင် . . . ဘယ်ဖြစ်မလဲ ညည်းဒုက္ခရောက်သွားမှာပေါ့"

ကျင်းဝါးခေါင်းခါယမ်းလိုက်၏။

"ကိစ္စမရှိပါဘူး၊ ငါ့အတွက်မစိုးရိမ်နဲ့"

"ဒါဆို ငါပါလိုက်မယ်"

ကျင်းဝါးအားတားဆီး၍မရသဖြင့်ကျင်းမေက သူမလည်း လိုက်ရန် ဆုံးဖြတ်လိုက်သည်။

ကျင်းလင်က မေတ္တာရပ်ခံသည်။

"ငါတစ်ယောက်တည်း သခင်မလေးကိုခေါ်သွားဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ညည်းတို့လဲ လိုက်မှပေါ့"

သူမတို့သုံးယောက် ငြင်းခုန်နေကြစဉ်မှာပင် . . .

"ညည်းတို့လာကြစမ်း"

တုကုဖုံး၏ စကားသံထွက်ပေါ်လာသည်။

ကျင်းလင်တို့ ချက်ချင်းပင်ချဉ်းကပ်သွားကြသည်။

တုကုဖုံးက မေးလိုက်၏။

"သူတို့လိုက်လာကြပြီ မဟုတ်လား"

ကျင်းဝါးက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သခင်မလေး"

တုကုဖုံးက သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြောသည်။

"ကောင်းပြီ . . . ငါ့ကိုထားခဲ့ပြီးညည်းတို့သွားကြပေတော့"

"ရှင် . . ."

မမျှော်လင့်သော စကားကြားလိုက်ရခြင်းကြောင့် ကျင်းဝါးတို့ ထိတ်လန့်သွားကြသည်။

တုကုဖုံးက ခပ်ပြတ်ပြတ်ပြောသည်။

"ငါ့စကားနားမထောင်ရင် သေဒဏ်ပဲ"

ကျင်းဝါးက . . .

"သခင်မလေး"

တုကုဖုံးက အမိန့်ပေးလိုက်၏။

"စကားမရှည်နဲ့ ငါ့ကိုမြင်းလှည်းအောက်ချပေးခဲ့ ပြီးရင် ညည်းတို့သွားကြတော့၊ ရန်သူတွေကို မြှားခေါ်သွားကြ"

ကျင်းဝါး၊ ကျင်းလင်နှင့်ကျင်းမေတို့တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

တုကုဖုံး၏ အကြံ သင့်လျော်နေမှန်း နားလည်လိုက်မိကြသည်။

ထို့ကြောင့် . . .

"ကျွန်မတို့ပြန်လာခဲ့ပါမယ် သခင်မလေး . . ."

သူတို့က ပြိုင်တူ ပြောလိုက်ကြ၏။

ထို့နောက် . . .

တုကုဖုံးအားမြင်းလှည်းပေါ်မှ ဖေးမကာ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင် အောက်၌ချပေးလိုက်ကြ၏။

ပြီးလျှင် . . .

မြင်းလှည်းပေါ်တက်ကာ ဒုန်းစိုင်းမောင်းနှင်သွားကြတော့



သည်။

သူတို့သစ်တောအုပ်အပြင်ဘက်သို့ရောက်ရှိသွားကြသည်နှင့် အော်သံများကြားလိုက်ရသည်။

"ဟိုမှာ . . . ဟိုမှာ"

"လိုက်ကြဟေ့"

"မလွတ်စေနဲ့ "

ဆူဆူညံညံအော်ပြောသံများထွက်ပေါ်လာလေတော့ သည်။

တောအုပ်အပြင်ဘက်မှဖြတ်သန်းသွားသော မြင်းခွာသံများ မြင်းဟီသံများ ထွက်ပေါ်လာသည်။

တောအုပ်ထဲသို့ကား မည်သူတစ်ဦးတစ်ယောက်မှ ဝင်မလာ ကြချေ။

တုကုဖုံးသည် သစ်ပင်အောက်၌ပင်စည်ကို မှီ၍ထိုင်ကာ အသံဗလံများကိုနားစွင့်နေ၏။

အသံဗလံများ တစ်စထက်တစ်စ ဝေးသွားပြီးနောက်ဆုံး ကွယ်ပျောက်သွားသည်။

ထိုအခါမှ . . .

တုကုဖုံးသည် တင်းထားသည့်စိတ်ကို လျှော့ချလိုက်ကာ သတိလစ်မေ့မျောသွားလေတော့သည်။

ထိုစဉ် . . .

"ခွပ်ခွပ် . . . ခွပ်ခွပ်"

"ခွပ်ခွပ် . . . ခွပ်ခွပ်"

မြင်းခွာသံမှန်မှန်ထွက်ပေါ်လာ၏။

မြင်းစီးသမားနှစ်ယောက်သည် တောလမ်းကလေးအတိုင်း ညှို့တွဲ စီးနင်းလာကြ၏။

ကျွန်တစ်ယောက်မှာ အနီရောင်အဝတ်အစားများဝတ်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ဓားတစ်လက်ခါးမှာချိတ်ထား၏။

ကျန်တစ်ယောက်မှာအပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး လက်နက်ဆောင်မထားချေ။

မည်သို့ဆိုစေ. . .။

ထိုလူငယ် နှစ်ယောက်သည် သိုင်းလောကသားများဖြစ်ကြောင်းထင်ရှားပေါ်လွင်နေသည်။ သူတို့သည် စကားတပြောပြောဖြင့် မြင်းကိုယှဉ်တွဲစီးနင်းလာကြခြင်းဖြစ်သည်။

အနီရောင် ဝတ်ဆင်ထားသောလူငယ်က စတင်ပြော၏။

"သိုင်းတံခွန်ဂိုဏ်းကလူတွေ လွတ်သွားတာနာတာပဲ"

အပြာရောင်လူငယ်က. . .

"သူတို့ သိုင်းလောကသားတွေကို အခဲမကျေ ဖြစ်သွားမှာသေချာတယ်"

"မကျေနပ်ရင် သိုင်းလောကထဲဆင်းလာခဲ့ပေါ့၊ သိုင်းလောကသားတွေအကြောင်းသိသွားကြမှာသေချာတယ်၊ သူတို့ဟာရက်စက်ကြမ်းကြုတ်တဲ့အလုပ်တွေ လုပ်နေကြတယ်လို့သတင်းကြီးနေတာပဲ၊ တကယ်ဆိုရင် သိုင်းတံခွန်ဂိုဏ်းကိုချေမှုန်းပစ်သင့်တာကြာပြီ"

အပြာရောင်လူရွယ်ကပြန်မေးသည်။

"မိတ်ဆွေက သိုင်းတံခွန်ဂိုဏ်းအကြောင်းဘာတွေများကြားသိထားလို့လဲဗျ"

အနီရောင်ဝတ်လူရွယ်က ရှင်းပြ၏။

"ခင်ဗျားသိချင်ယင် ပြောပြရတာပေါ့ဗျာ သိုင်းတံခွန်ဂိုဏ်းက လူတွေဟာ သိုင်းလောကကို လွှမ်းမိုးဖို့ကြိုးစားနေတဲ့လူတွေပဲ၊ သူသာ ဧကရာဇ် သူသာ အဓိပတိ လုပ်ချင်တဲ့လူတွေပဲဗျာ"

အပြာရောင်ဝတ်လူရွယ် ပြုံးလိုက်သည်။

"ဒါကတော့ဗျာ သိုင်းလောကသားတိုင်း စိတ်ကူးယဉ်တတ်



ကြတာချည်းပဲ မဟုတ်လား"

အနီရောင်ဝတ်လူငယ်က. . .

"သူတို့ကတော့လွန်လွန်းပါတယ်၊ သိုင်းလောကထဲကိုဆင်းလာပြီး နာမည်ကြီး သိုင်းသမားတွေနဲ့ လိုက်ပြီးယှဉ်ပြိုင်ကြတာဗျ၊ သူတို့လက်ချက်ကြောင့် သိုင်းသမားအတော်များများ အသက်ဆုံးရှုံးခဲ့ကြရတယ်"

"ဪ. . ."

"အဆိုးဝါးဆုံးကတော့သူတို့ဟာလူတွေကို ဖမ်းဆီးပြီး သိုင်းလေ့ကျင့်ရာမှာ အသုံးချနေတယ်ဆိုတဲ့သတင်းပဲဗျ၊ သားကောင်တွေပေါ့ဗျာ"

"ဒါတကယ်ပဲလား"

"သိုင်းလောကမှာ သည်သတင်းတွေထွက်ပေါ်နေတာကြာပါပြီ၊ ဒါပေမယ့် သိုင်းတံခွန်ဂိုဏ်းကို ဘယ်သူမှ ရောက်ဖူးကြတာမဟုတ်တော့ လက်ဆုပ်လက်ကိုင် သက်သေမပြနိုင်ကြဘူးပေါ့ဗျာ"

အပြာရောင်ဝတ်လူရွယ်သက်ပြင်းချလိုက်သည်။

"သိုင်းလောကမှာ ထွက်ပေါ်နေတဲ့ အချို့သတင်းတွေနဲ့ လက်တွေ့ဖြစ်ရပ်တွေဟာကွာခြားမှုရှိနေတတ်ပါတယ်ဗျာ သတင်းမှားတွေဆိုရင်တော့ သိုင်းတံခွန်ဂိုဏ်း အချောင်နာမည်ပျက်မှာပေါ့ သေသေချာချာ စုံစမ်းစစ်ဆေးသင့်ကြပါတယ်ဗျာ. . ."

အနီရောင်ဝတ်လူငယ်၏ မျက်နှာတင်းမာသွားသည်။ သူက ပြန်မေးလေ၏။

"ဘာလဲ မိတ်ဆွေက သိုင်းတံခွန်ဂိုဏ်းဘက်က ကာကွယ်ပြီး ပြောတာလားဗျ"

အပြာရောင်လူရွယ်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ ဘယ်သူကမှ သိုင်းတံခွန်ဂိုဏ်းကို မရောက်

www.burmeseclassic.com



ဘူးကြဘဲနဲ့ သိုင်းပညာလေ့ကျင့်ရာမှာ သက်ရှိလူသားတွေကို **အသုံး**ချနေတယ်ဆိုတဲ့သတင်းကို မယုံကြည်နိုင်လို့ပါ"

အနီရောင်ဝတ်လူငယ်က သက်ပြင်းချပြီးပြောလိုက်**သည်။**

"ဒါ လူတိုင်းပြောနေတဲ့သတင်းဗျ"

အပြာရောင်ဝတ်လူရွယ်သက်ပြင်းချလိုက်၏။

"လူပြောများတာဟုတ်ပါတယ် ဒါပေမယ့် **မှန်ချင်မှမှန်**မယ် မဟုတ်လား"

အနီရောင်ဝတ်လူငယ် မကျေမနပ်ဖြစ်သွား**လေတော့သည်။**

"ဟေ့လူ. . . ဟေ့လူ"

အပြာရောင်ဝတ်လူရွယ်ကတားဆီးလိုက်**သော်လည်း အနီ**ရောင် ဝတ်လူငယ်ကလှည့်မကြည့်တော့ပါ **အပြာရောင်ဝတ် လူရွယ်** သက်ပြင်းချလိုက်၏။

"မိတ်ဆွေကျုပ်အပေါ်အထင်လွဲသွားတာ **စိတ်မကောင်းပါ**ဘူးဗျာ၊ သိုင်းသမားတစ်ယောက်ဆိုတာ မတရားတာမလုပ်မိဖို့ **အရေး**ကြီးတယ်မဟုတ်လားဗျာ"

ထို့နောက်. . .

မြင်းကို ရှေ့ဆက်မောင်းနှင့်သွားရန်မြင်**လိုက်၏။**

ထိုစဉ်. . .

"အင်း. . . ဟင်း. . . ဟင်း"

ညည်းညူသံတစ်ချက်ထွက်ပေါ်လာသည်ကိုကြား**လိုက်ရ**သည်။

အပြာရောင်ဝတ်လူရွယ်ရင်ထိတ်သွား**၏။**

"ညည်းညူသံပါလား"

သူသည် ကပျာကယာ လှမ်းကြည့်လိုက်**သည်။**

ထိုအခါ. . .



မလှမ်းမကမ်းရှိသစ်ပင်အောက်၌ ခွေခွေကလေးလဲကျနေသည့်မိန်းကလေးတစ်ယောက်အားတွေ့မြင်လိုက်ရလေတော့သည်။

❑ ❑ ❑

ည. . .

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေ၏။

လရောင်ဖြာကျနေသည်ဖြစ်ရာ ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

တောအုပ်အတွင်း၌မုဆိုးများအမဲလိုက်ရာတွင်ခေတ္တ အနားယူရန် ဆောက်လုပ်ထားသည့် တဲအိမ်ကလေးတစ်လုံးရှိနေပါ၏။

ထိုတဲအိမ်ကလေးမှာအမိုးအကာများပေါက်ပြဲပျက်စီးနေသည့်တိုင် မြေပေါ်မှာထက်စာလျှင် လုံလုံခြုံခြုံ ရှိသေးသည်ဟု ဆိုရမည် ဖြစ်ပါသည်။

ယခု. . .

တဲအိမ်ကလေးရှေ့၌ မီးပုံတစ်ခုရှိနေ၏။

မီးပုံဘေး၌ လူတစ်ယောက်ထိုင်ကာ ယုန်တစ်ကောင်ကို မီးကင်နေ၏။

ထိုလူမှာ အပြာရောင်ဝတ်ဆင်ထားသည်လူရွယ်ဖြစ်သည်။

"အင်း. . . အင်း"

တဲအိမ်ပေါ်မှ ညည်းညူသံထွက်ပေါ်လာသည်။

လူရွယ်လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သူသည် တဲအိမ်ထဲ ခပ်သွက်သွက်ဝင်သွားသည်။ သူကယ်ဆောင်ခဲ့သည့်မိန်းကလေးမှာသတိရနေပြီဖြစ်သည်ကိုတွေ့မြင်ရသည်။

မီးပုံမှအလင်းရောင်ကြောင့်ရင်း၊ ပေါက်ပြဲနေသောခေါင်မိုးမှ ထိုးဝင်လာသည့်လရောင်ကြောင့်ရင်း တဲအိမ်ထဲ၌လင်းလင်းချင်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။

မိန်းကလေးသည် လူရွယ်ကိုမြင်သည်နှင့် ထိတ်လန့်သွားသည်။

"ရှင်. . . ရှင်"

လူရွယ်ပြုံးလိုက်သည်။

"ညီမ သတိရလာပြီလား"

မိန်းကလေးသည် လူရွယ်ကသူမအားကယ်တင်လာခဲ့သည့် အဖြစ်ကိုချက်ချင်းသတိပြုမိလိုက်လေတော့သည်။

ထိုမိန်းကလေးမှာ တုကုဖုံးပင် ဖြစ်တော့သည်။

တုကုဖုံးကမေးလိုက်သည်။

"ရှင်. . . ရှင်ဘယ်သူလဲ"

"ကျုပ်နာမည် လီအင်းလို့ခေါ်တယ်"

မိန်းကလေး တောအုပ်ထဲမှာ လဲကျနေတာတွေ့လို့ ကျုပ်က သမားတော်ဆီပို့ပေးမလို့ ခေါ်လာခဲ့တာ ဒဏ်ရာရထားတာတွေရယ် ကျုပ်မှာပါတဲ့ အသက်ကယ်ဆေးတွေတိုက်ကျွေးထားပါတယ်၊ သတိရလာတယ် မဟုတ်လား"

တုကုဖုံးခံစားနေရသည့် ဝေဒနာများအတော်ပင် သက်သာသွားပြီဖြစ်သည်။

တုကုဖုံးကနှုတ်ခမ်းကိုကိုက်ပြီးပြောလိုက်လေ၏။

"ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ သမားတော်ဆီကိုသွားဖို့မလို့တော့ပါဘူး"

လီအင်းက ပျာပျာသလဲ ပြောလေ၏။

"ဟာ. . . ဘယ်ဖြစ်မလဲ ညီမဟာ အတွင်းဒဏ်ပြင်းပြင်း ထန်ထန်ရထားတယ်ဆိုတာ ကျုပ်သိပါတယ်၊ သမားတော်ဆီမှာ ကုသမှု ခံယူတာကောင်းဆုံးပါပဲ"



တုကုဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူးရှင်၊ အိမ်ရောက်လို့ဆေးသောက်လိုက်ရင် သက်သာပျောက်ကင်းသွားမှာပါ"

သူမသည် အိပ်နေရာမှထထိုင်လိုက်သည်။ ထိုင်လည်းထိုင် နိုင်သည်။ လီအင်းလှုပ်လှုပ်ရှားရှားဖြစ်သွားလေ၏။

"ညီမ. . ."

တုကုဖုံးကထရပ်ပြီး. . .

"ကျွန်မကိုသွားခွင့်ပြုပါဦး"

တုကုဖုံးသည် ခေါင်းမာသောမိန်းကလေးတစ်ယောက်ဖြစ် မှန်းလီအင်း ရိပ်မိလိုက်သည်။

တားဆီးဖို့ခက်နေသဖြင့် အကြံအိုက်နေစဉ်မှာ ပင်တုကုဖုံး သည် တဲအိမ်ထဲမှစတင်ထွက်သွားလေတော့သည်။

လီအင်းက. . .

"ညီမ. . . မိုးလင်းမှသွားပါလား ညကြီးအချိန်မတော် ခရီး သွားဖို့ဆိုတာက. . ."

"ရပါတယ် ကျွန်မအတွက် မပူပါနဲ့ရှင်"

တုကုဖုံး ကမပူပါနဲ့ဟုပြောနေသော်လည်း သူမ၏ ခန္ဓာကိုယ် ယိမ်းယိုင်နေသည်။ လီအင်းက သူမနောက်သို့လိုက်သွားရန် ဟန်ပြင် လိုက်သည်။

ထိုစဉ်မှာပင်. . .

"အမေ့. . ."

တုကုဖုံး ဒူးကွေးညွတ်ကာ လဲကျမလိုဖြစ်သွားတော့သည်။

"ညီမ. . ."

လီအင်းကသူမအနီးသို့ရောက်ရှိသွားပြီး ကပျာကယာ ဖေးမ လိုက်သည် ။

www.burmeseclassic.com

www.burmeseclassic.com



တုကုဖုံးမှာ မဟန်နိုင်တော့ပဲ လီအင်း၏ရင်ခွင်ထဲလဲကျသွားသည်။

လီအင်းကဖေးမလိုက်ရာရင်ခွင်ထဲ၌ ထွေးပိုက်သကဲ့သို့ဖြစ်သွားသည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် နှစ်ယောက်သား ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။

လီအင်းမှာ တုကုဖုံးအားပွေ့ဖက်ထားနေသည်။

တုကုဖုံးက အလန့်တကြားပြောသည်။

"ကျွန်မကို လွှတ်ပါရှင်"

လီအင်းသတိဝင်လာပြီး . . .

ကမန်းကတန်းလွှတ်ပေးမိသည်။

နှစ်ယောက်သားရှက်ကိုရှက်ကန်းဖြင့်တစ်ယောက် မျက်နှာတစ်ယောက်မကြည့်ဝံ့တော့ချေ။ တုကုဖုံးထွက်သွားဖို့မကြိုးစားတော့ပါ။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

တဲအိမ်ထဲ၌လူနှစ်ယောက်ရှိနေသော်လည်း အပ်ကျသံကြားရလောင်အောင်ပင်တိတ်ဆိတ်ငြိမ်သက်နေသည်။

ရုတ်တရက် . . .

လေငွေ့ယမ်းတိုက်ခက်လာသောအခါ တူးခြစ်သောအနံ့အသက်များလွင့်ပျံ့လာလေ၏။

လီအင်း သတိဝင်လာသည်။

ယုန်ကို အရေဆုတ်ကာမီးပုံတွင်ကင်ထားခဲ့သည် မဟုတ်ပါလား။

"ဟာ . . . တူးခြစ်ကုန်ပြီ"

သူသည် လွှတ်ခနဲရေရွတ်ကာ အပြင်ဘက်သို့ ပြေးထွက်သွား



လေတော့သည်။

❑ ❑ ❑

နေဝန်းနီမှာ အရှေ့ဘက်မှထွက်ပေါ်လာခဲ့လေပြီ။

တောအုပ်အတွင်းမှတဲအိမ်ကလေးသည် တိတ်ဆိတ်ငြိမ်သက်နေလေ၏။

တဲအိမ်ကလေးရှေ့၌ မီးပုံတစ်ခုရှိနေပါ၏။

မီးပုံမှာ မီးသေနေပြီဖြစ်ပါသည်။

မီးပုံရှေ့၌ လူတစ်ယောက်သည် ဒူးနှစ်လုံးကို ထောင်၍ လက်ဖြင့်ပိုက်ကာ ဒူးပေါ်မေးတင်ပြီး အိပ်ပျော်နေသည်။

ထိုလူမှာ လီအင်းဖြစ်သည်။

နံနက်ခင်းနေခြည်ကျလာချိန်တွင် တဲအိမ်ကလေးအတွင်းမှ လူတစ်ယောက်ထွက်လာသည်။

သိုင်းတံခွန်ဂိုဏ်းမှ သခင်မလေးတုကုဖုံးဖြစ်သည်။

တုကုဖုံးသည် မျက်နှာဖြူလျော့လျော့ဖြစ်နေပြီး အားအင်ယုတ်လျော့ကာဝေဒနာခံစားနေရသည့် အသွင် အထင်းသားပေါ်လွင်နေ၏။

သူမသည် လီအင်းကိုတွေ့မြင်ရလျှင် ခြေလှမ်းတုန့်ခနဲ ရပ်သွားသည်။

လီအင်းကိုကြည့်ရင်း တီတိုးညည်းမိသည်။

"ဩော် . . . သူတစ်ညလုံးအိပ်ရေးပျက်နေရှာမှာပဲ"

သူကယခုကဲ့ သို့ထူထူထောင်ထောင်ဖြစ်လာခြင်းမှာ လီအင်း၏ အသက်ကယ်ဆေးသောက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်းနားလည်သွားသည်။

"သူသာမကယ်ရင်ငါတော့ ဒုက္ခပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် လီအင်းအားကျေးဇူးတင်နေမိသည်။

သို့သော်. . .

တုကုဖုံးသက်ပြင်းချလိုက်သည်။

"သူဟာသိုင်းလောကသားတစ်ယောက်ပဲ ငါ့ကို သိုင်းတံခွန်ဂိုဏ်းကလူဆိုတာသိသွားရင် ဒုက္ခပေးမှာ သေချာတယ်"

သူမသည်လီအင်းအိပ်ပျော်နေခိုက်တိတ်တဆိတ် ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

နောက်ဆုံးအကြိမ်အဖြစ် လီအင်းကိုတစ်ချက်ကြည့်လိုက်ပြီး ခြေဖော့နင်းကာ ထွက်လာခဲ့လေသည်။

တဲအိမ်ကလေးနှင့်လီအင်းသည် နောက်ကျောဘက်၌ ကျန်ရစ်ခဲ့လေတော့သည်။

တုကုဖုံးသည် သစ်ပင်များကြားမှဖြတ်ကျော်ကာလှမ်းလာခဲ့ရာ တဲအိမ်ကလေးနှင့် တဖြည်းဖြည်း ဝေးသွားပြီး မြေနီလမ်းကလေး တစ်ခုသို့ ရောက်ရှိသွားသည်။ သက်ကယ်ဆေးသောက်ထားရသော်လည်း အတွင်းဒဏ်ရာကမသေးသဖြင့် အတန်ကြာလျှောက် လှမ်းလာပြီးသောအခါ သူမ မောဟိုက်လာသည်။

ထိုအချိန်တွင်. . .

"ခွပ်ခွပ်. . . ခွပ်ခွပ်"

မြင်းခွာသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

မြင်းစီးသမားသုံးယောက်သည် မြေနီလမ်းကလေးအတိုင်း ခရီးနှင်လာနေကြသည်။

တုကုဖုံးရင်ထိတ်သွားသည်။

"သိုင်းလောကသားတွေပါလား"

သိုင်းလောကသားများသည် သူမအားသုတ်သင်ရှင်းလင်းပစ်ချင်နေမှန်း သူမသိထားသည်။



ထို့ကြောင့်. . .

သူမရှောင်တိမ်းရန် ဟန်ပြင်လိုက်သော်လည်း မရှောင်တိမ်းနိုင်တော့ချေ။

မြင်းစီးသမားများသည် သူမအား တွေ့မြင်သွားကြသည်။

"ဟိုမှာ မိန်းကလေးတစ်ယောက်ပါလားဟေ့"

မြင်းများကိုဒုန်းစိုင်းစီးနင်းလာကြသည်။

တုကုဖုံးမှာ ကြောက်အားလန့်အားဖြင့် ထွက်ပြေးလေတော့သည်။

ထိုအခါမှ သစ်မြစ်တစ်ခုနှင့် ခလုတ်တိုက်မိကာ . . .

"အမေ့. . ."

မြေပေါ်ခွေခနဲ လဲကျသွားသည်။

မြင်းစီးသမားသုံးယောက်သည် သူမအနီးသို့ ချက်ချင်းရောက်ရှိလာကြလေ၏။

သုံးယောက်သားမြင်းပေါ်မှခုန်ဆင်းလာကြပြီးတုကုဖုံး အားဝိုင်းထားလိုက်ကြ၏။

"ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား"

တုကုဖုံးထိတ်လန့်ကြောက်ရွံ့နေသည်ကိုကြည့်ကာ ဟားတိုက်ရယ်မောလိုက်ကြသည်။

တုကုဖုံးလူလိမ့်ထလိုက်သည်။

မြင်းစီးသမားသုံးယောက်သည် ရုပ်ရည်ကြမ်းတမ်းခက်ထန်ကာ သိုင်းပညာအားကိုးဖြင့် ထင်ရာစိုင်းနေသူများဖြစ်ကြောင်းမြင်ရုံဖြင့် သိနိုင်သည်။

တစ်ယောက်က မေး၏။

"မိန်းကလေး တောထဲတောင်ထဲမှာ တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သွားမလို့လဲကွယ်"

နောက်တစ်ယောက်ကရယ်၍ပြောသည်။ သူရယ်သံက တဏှာရမက်ဇောများဖြင့်ပြည့်နေသည်။

"အစ်ကိုတို့နဲ့ လိုက်ခဲ့ပါလား. . . ဟဲ. . ဟဲ. . ဟဲ"

"ဟုတ်ပါတယ် . . . လာပါ အစ်ကိုတို့လိုက်ပို့ပေးမှာပေါ့"

ကျန်တစ်ယောက်ကရှေ့တိုးပြီးတုကုဖုံးလက်ကို ဆွဲရန် ဟန်ပြင်လိုက်လေသည်။

"ဒါဘာလုပ်တာလဲ"

တုကုဖုံးက အော်ငေါက်ကာ ပါးရိုက်ချလိုက်သည် ။

"ဖြန်း. . ."

မမျှော်လင့်ဘဲ ခံလိုက်ရခြင်းကြောင့် ထိုလူမှာ ချာခနဲလည်ထွက်သွားလေတော့သည်။

"ဟာ. . ."

ကျန်လူနှစ်ယောက် လွှတ်ခနဲအော်လိုက်ကြ၏။

တုကုဖုံးလည်း ဒယီးဒယိုင်ဖြစ်သွား၏။

ထိုလူသုံးယောက် ဒေါပွသွားကြလေသည်။

"ခွေးမ . . . တော်တော်စွာပါလား သိကြသေးတာပေါ့"

ပါးရိုက်ခံလိုက်ရသူကအော်ငေါက်ကာတုကုဖုံးထံခုန်ဝင်လာ၏။

"ဟင်. . ."

တုကုဖုံးရင်ထိတ်သွား၏။

သူမက ကပျာကယာနောက်ဆုတ်လိုက်သည်။

ထိုနောက်. . .

ချာခနဲ လှည့်ကာထွက်ပြေးသည်။

သို့သော်. . .



"မပြေးနဲ့. . ."

ထိုလူသုံးယောက်က အော်ငေါက်ရင်း တစ်ဟုန်ထိုးပြေးလိုက်လာကြသည်။

တုကုဖုံး မည်သည့်နည်းနှင့်မျှလွတ်မြောက်နိုင်တော့မည်မဟုတ်ပါချေ။

ထိုလူသုံးယောက်ကြောင့်ဒုက္ခရောက်ရတော့မည်မှာ သေချာလှပေသည်။

ထိုစဉ်. . .

"ရပ်လိုက်စမ်း. . ."

ဟန့်တားသံတစ်ချက်ထွက်ပေါ်လာသည်။

ထိုလူသုံးယောက် တုန့်ခနဲ ရပ်သွားကြသည်။

သူတို့သည် ဟန့်တားသံထွက်ပေါ်လာရာဆီသို့လှမ်းကြည့်လိုက်မိကြသည်။

ထိုအခါ. . .

သစ်ပင်များကြားမှ လူတစ်ယောက်ခုန်ထွက်လာသည်ကိုတွေ့မြင်လေ၏။

ထိုလူသည် တုကုဖုံးရှေ့၌ အကာအကွယ်ပြုလိုက်သည်။

"ဟင်. . . အစ်ကို"

တုကုဖုံးလွှတ်ခနဲ ခေါ်လိုက်မိလေ၏။

ရောက်ရှိလာသောသူမှာ လီအင်းဖြစ်ပါသည်။

လီအင်းက ကရုဏာသက်စွာဖြင့်မေးလိုက်သည်။

"ညီမဘာဖြစ်လို့ထွက်သွားရတာလဲကွယ်. . ."

တုကုဖုံး ဘာမှ ပြန်မပြောနိုင်ပဲ ခေါင်းငုံ့ထားမိတော့သည်။

လီအင်းက မကျေမနပ်ကြည့်နေသူ သုံးယောက်ကိုလှမ်းကြည့်လိုက်ပြီး။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေတို့သွားကြပါ . . .၊ အနှောင့်အယှက်မပေးကြပါနဲ့၊ သူဟာဖျားနေတဲ့လူတစ်ယောက်ပါ၊ ကိုယ့်လမ်းကိုယ်သွားကြပါ. . ."

တောင်းပန်လိုက်လေ၏။

ထိုလူသုံးယောက်လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"မင်းဘယ်သူလဲ မင်းနဲ့ဘာဆိုင်လို့ဝင်ရှုပ်တာလဲ၊ မသေချင်ရင် အခုချက်ချင်းထွက်သွားစမ်း၊ ငါတို့ခွင့်ပြုတုန်း ထွက်သွားနော်၊ နောက်တော့မှ ငါတို့ကိုအဆိုးမဆိုနဲ့"

လီအင်းသက်ပြင်းချလိုက်သည်။

"မိတ်ဆွေတို့၊ ကျုပ်တို့ အေးအေးဆေးဆေးသွားပါရစေဗျာ မနှောင့်ယှက်ပါနဲ့"

ထပ်မံတောင်းပန်လိုက်သည်။

တုကုဖုံးက ဝင်ပြောလိုက်လေ၏။

အစ်ကို သူတို့ဟာတောင်းပန်လို့ရမယ်လူစားတွေ မဟုတ်ဘူး သူတို့ရုပ်ရည်တွေကိုကြည့်ပါ၊ လူကြမ်းလူသရမ်းတွေပါ. . ."

ထိုလူသုံးယောက်က ခက်ထန်စွာပြောတော့သည်။

"ဟုတ်တယ် . . . ငါတို့ဟာ သည်တောလမ်း တစ်ပိုက်မှာ မင်းမူနေကြတဲ့ လူတွေဆိုတာ မှတ်ထား၊ မင်းတို့နှစ်ယောက်သေဖို့သာ ပြင်ပေတော့"

စကားဆုံးလျှင် သုံးယောက်သား တစ်ဟုန်ထိုးပြေးဝင်လာကြသည်။

တစ်ယောက်ကတုကုဖုံးကို လှမ်းဆွဲလိုက်ပြီးနှစ်ယောက်က လီအင်းအားတိုက်ခိုက်လိုက်ကြသည်။

လီအင်းမနေနိုင်တော့ပါ။

"ခင်ဗျားတို့ကစပြီးတိုက်ခိုက်လိုက်ကြတယ် ဆိုတော့ ကျုပ်မှာ



အပြစ်မရှိတော့ဘူးပေါ့ဗျာ"

စကားဆုံးသည်နှင့် လက်ဝါးနှစ်ဖက်ကို တွန်းလိုက်သည်။

"ဝုန်း. . ."

"အား. . ."

"အမယ်လေး"

စူးရှကျယ်လောင်သောအသံများထွက်ပေါ်လာလေတော့သည်။

လီအင်း၏ တိုက်ခိုက်မှုကြောင့်လူရမ်းကားသုံးယောက်မှာ ဖရိုဖရဲ လွင့်စဉ်သွားကြသည်။

တုကုဖုံးဝမ်းသာသွားသည်။ သူမသည် ကြမ်းကြုတ်သော စိတ်ဓာတ်အခံရှိသည်။

"အစ်ကို သူတို့ကိုမလွှတ်စေနဲ့"

သို့သော်. . .

လီအင်းက လူလိမ့်ထလာသည့် လူရမ်းကားသုံးယောက်ကို ကြည့်ကာခွင့်လွှတ်လိုက်လေ၏။

"ခင်ဗျားတို့ကျုပ်ရှေ့က အမြန်ဆုံးထွက်သွားကြရင် ကောင်းမယ်"

လူရမ်းကားသုံးယောက်မှာလီအင်းအားရင်မဆိုင်နိုင်မှန်း ရှိသည်ကိုသိလျှင် ချက်ချင်းပင် ထွက်ပြေးသွားကြလေတော့သည်။

လီအင်းပြုံးလိုက်သည်။

"ညီမဘာမှ မစိုးရိမ်ပါနဲ့တော့ လူဆိုးတွေ ထွက်ပြေးသွားကြပါပြီ"

တုကုဖုံးက မကျေမနပ်ဖြင့် ပြောသည်။

"အစ်ကိုကဘာကြောင့်သူတို့ကိုလွှတ်ပေးလိုက်ရတာလဲဟင်၊ သူတို့ဟာလူဆိုးတွေ. . ."

www.burmeseclassic.com



လီအင်းက. . .

"ညီမရယ် သူတို့ထွက်ပြေးသွားကြပြီလေ. . . အစ်ကိုတို့ကို ဒုက္ခ မပေးနိုင်ကြတော့ပါဘူး. . ."

တုကုဖုံးမကျေနပ်ပဲ ပြောနေသည်။

"အစ်ကိုက သည်လိုပဲ လွှတ်လိုက်မယ်ဆိုရင် သူတို့က အခွင့်အရေးရတာနဲ့ ဒုက္ခပေးကြဦးမှာပဲရှင့် ရန်ကြွင်းရန်စ မကျန်ရအောင် တစ်ခါတည်း သုတ်သင်ရှင်းလင်းပစ်လိုက်တာ အကောင်းဆုံးပဲ"

လီအင်းမပြုံးနိုင်တော့ပါ။

တုကုဖုံး၏ စိတ်ဓာတ်သည် ခက်ထန်မာကြောပြီး ရက်စက်မှုများ လွှမ်းမိုးနေသည်ကို ရိပ်စားမိလာသည်။

တုကုဖုံးက ဆက်လက်ပြောနေ၏။

"သူတို့ကို ကျွန်မ ကောင်းကောင်းကြီးမှတ်မိပါတယ်၊ တစ်နေ့ ကျွန်မကိုယ်တိုင် သုတ်သင်ရှင်းလင်းပစ်မှာပဲ"

လီအင်းသက်ပြင်းချလိုက်သည်။

"ညီမရယ် သူတို့နောက်နောင်စော်ကားဝံ့ကြတော့မှာ မဟုတ်ပါဘူး၊ မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ"

သူက ဖျောင်းဖျလိုက်သည်။

တုကုဖုံးကမကျေမနပ် ဖြစ်နေသော်လည်း သူ့လည်းဘာမှ မတတ်နိုင်သဖြင့် ဘာမှမပြောပဲနေလိုက်သည်။

လီအင်းက. . .

"ကဲလာညီမသွားကြပါစို့"

ထိုအခါ. . .

တုကုဖုံး မျက်လုံးပြူးသွားသည်။

"ရှင်. . ."

"သွားကြမယ်လေ"



"ဘယ်. . ဘယ်ကိုသွားကြမှာလဲ"

"ညီမသည်အတိုင်းသွားနေလို့ဘယ်ဖြစ်မလဲ၊ သမားတော် တစ်ယောက်ယောက် ရှာပြီး ဆေးကုကြတာပေါ့"

တုကုဖုံးက လီအင်းအားအကဲခတ်ကြည့်လိုက်သည်။လီအင်း သည် ရိုးသားဖြူစင်သည့် စိတ်သဘောထားရှိပုံရသည်။

သူမအပေါ် ဂရုတစိုက်ရှိနေသည်ကို တွေ့ရသဖြင့် ရင်ထဲ၌ မဖော်ပြနိုင်သောခံစားချက်များဖြစ်ပေါ်လာသည်။

သူမ သက်ပြင်းတစ်ချက်ချပြီး ပြောလိုက်သည်။

"ကျွန်မအတွက် စိုးရိမ်စရာမလိုပါဘူးရှင်"

လီအင်းက တောင်းတောင်းပန်ပန်ပြောသည်။

"ညီမရယ် အချိန်မီ ဆေးကုသမှုခံယူလိုက်တော့ ဝေဒနာ မြန်မြန်သက်သာသွားမှာပေါ့ လာပါကွယ် ထိပ်သီးသမားတော်ကြီး တစ်ယောက်ကို အစ်ကိုသိပါတယ်၊ လိုက်ပို့ပေးပါ့မယ်"

တုကုဖုံးပြုံးလိုက်သည်။

"ကျွန်မကသိုင်းလောကကလူတွေကိုအယုံအကြည် မရှိဘူး ရှင့်"

"ဟင်. . ."

မမျှော်လင့်သောစကားကြားလိုက်ရခြင်းကြောင့် လီအင်း ကတအံ့တသြဖြစ်သွားလေတော့သည်။

တုကုဖုံးက. . .

"သိုင်းလောကသားတွေဟာ ဘဝင်မြင့်တယ် မောက်မာတယ် လူတစ်ဘက်သားကို ဒုက္ခပေးဖို့ပဲ စဉ်းစားနေတတ်ကြတယ်"

လီအင်းခေါင်းခါယမ်းလိုက်သည်။

"ညီမရယ်၊ ညီမပြောသလောက်လဲ မဆိုးသေးပါဘူး၊ လူကောင်းတွေအများကြီးရှိနေပါသေးတယ်"

www.burmeseclassic.com



တုကုဖုံးက. . .

"လူကောင်းတွေဟုတ်လား၊ ကျွန်မတစ်ယောက်မှ မတွေ့သေးပါလား"

ထိုစကားကြောင့် လီအင်းရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟားညီမပြောသလိုဆို အစ်ကိုလဲ လူဆိုးကြီးတစ်ယောက်ဖြစ်နေပြီထင်တယ်"

ထိုသို့ကား တုကုဖုံးလက်မခံပါ။

"အစ်ကိုတော့မပါပါဘူး"

သူမကချွင်းချက်ဖြင့်ပြောလေသည်။

လီအင်းကမေးလိုက်၏။

"အခုပဲ သတိရတော့တယ် ညီမက ဘယ်လိုလုပ်ပြီးဒဏ်ရာရလာခဲ့တာလဲ "

တုကုဖုံးက. .

"ဝူတန်းဂိုဏ်းက လူတွေရဲ့ လက်ချက်ကြောင့်ပေါ့"

"ဟင်. . ."

လီအင်းကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဝူတန်းဂိုဏ်းကလူတွေရဲ့လက်ချက်ကြောင့် ဟုတ်လား ဘယ်လိုဖြစ်တာလဲ"

"သူတို့က ခုနစ်စင်ကြယ်ဓားသိုင်းပညာနဲ့ ကျွန်မကို တိုက်ခိုက်ခဲ့ကြတယ်လေ"

"ဟာ. . ."

လီအင်း၏ ခန္ဓာကိုယ်တောင့်တင်းသွားလေသည်။

တုကုဖုံးမှာ မည်သူမည်ဝါဖြစ်ကြောင်းသူရိပ်မိလိုက်ပြီဖြစ်သည်။

"လက်စသပ်တော့ ညီမဟာ သိုင်းတံခွန်ဂိုဏ်းကလူကိုး"



သူကအံ့ဩစွာ မှတ်ချက်ချလိုက်မိလေ၏။

တုကုဖုံးမှာလည်း ယခုမှ သူမစကားလွန်သွားပြီဖြစ်ကြောင်း သတိပြုမိလိုက်၏။

သူမ၏မျက်နှာ ထားချက်ချင်းခတ်ထန်တင်းမာသွားသည်။ ထို့ကြောင့် တင်းမာစွာမေးလိုက်သည်။

"ကဲ . . . ရှင်ကောကျွန်မကို ဘယ်လိုသဘောထားသလဲ ကူညီမိတာမှားနေပြီလို့ ထင်မှတ်နေတယ် မဟုတ်လား"

လီအင်းသက်ပြင်းချလိုက်သည်။

"ကျုပ်က ဒုက္ခရောက်နေသူကို ကူညီခဲ့တာဖြစ်လို့ မှားတယ်လို့ဘယ်တော့မှ အောက်မေ့မိမှာ မဟုတ်ဘူး"

တုကုဖုံးကဆက်ပြောသည်။

"သိုင်းတံခွန်ဂိုဏ်းကသခင်မလေးကို သုတ်သင်ရှင်းလင်းပစ်လိုက်မယ်ဆိုရင် ရှင်ဟာသိုင်းလောကမှာ နေ့ချင်းညချင်းနာမည်ကျော်ကြားသွားမယ်ဆိုတာ မသိဘူးလား၊ ရှင့်အတွက်အခွင့်အရေးတစ်ရပ်ပဲ ရှင့်"

လီအင်းခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကအခွင့်အရေးသမားတစ်ယောက်မဟုတ်ပါဘူးဗျာ လူသတ်သမားလဲ မဟုတ်ပါဘူး"

တုကုဖုံး မကျေမနပ်ဖြစ်လာသည်။

"ကျွန်မ ဘယ်သူဘယ်ဝါဆိုတာရှင်သိနေပြီမဟုတ်လား ဘာကြောင့် လက်ပိုက်ကြည့်နေရတာလဲရှင့်"

သူမကဒေါသဖြင့် အော်ပြောလိုက်သည်။

လီအင်းကတည်ကြည်သောမျက်နှာထားဖြင့်

"ညီမဟာ ဝေဒနာရှင်တစ်ယောက်ဖြစ်နေတာပဲ"

"ရှင်. . . ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ညီမကိုသိုင်းတံခွန်ဂိုဏ်းရှိရာရောက်တဲ့အထိ ကျွန်ုပ်လိုက်ပို့ပေးပါရစေ။

"ရှင်. . ."

တုကုဖုံးအံ့တင်းတင်းကြိတ်ပြီး မယုံသင်္ကာမေးလိုက်သည်။

"ရှင်က သိုင်းတံခွန်ဂိုဏ်းဘယ်မှာရှိတယ်ဆိုတာသိချင်လို့ မဟုတ်လား ရှင့်အကြံ မသိရင်ခက်မယ်"

လီအင်းမျက်နှာပျက်သွားလေ၏။

"ကောင်းပြီလေ ညီမကအထင်လွဲနေတယ်ဆိုရင်လဲ ကျွန်ုပ်ဘာမှ မပြောတော့ပါဘူး ညီမ အမြန်ဆုံးပြန်သွားနိုင်လို့ရအောင် မြင်းတစ်ကောင်စီစဉ်ပေးလိုက်ပါ့မယ်၊ လမ်းခရီးမှာ သောက်ဖို့ အသက်ကယ် ဆေးတစ်လုံးပေးလိုက်ပါမယ်"

တုကုဖုံး ရယ်မောလိုက်သည်။

"နေစမ်းပါဦး ရှင်ဟာ သိုင်းတံခွန်ဂိုဏ်းက လူတစ်ယောက်အပေါ်မှာ ဘာကြောင့်သည်လောက်တောင် သဘောကောင်းနေရတာလဲ ပြောစမ်းပါဦးရှင်"

လီအင်းပါးစပ်ပိတ်ထားလိုက်သည်။

တုကုဖုံးက ပြောသည်။

"တကယ်လို့သာ ကျွန်မရဲ့ဝေဒနာ သက်သာပျောက်ကင်းသွားပြီး သိုင်းလောကထဲကို တစ်ခေါက်ပြန်ဆင်းလာရဦးမယ်ဆိုယင် ရှင့်ကိုလဲ ရန်သူတစ်ယောက်လို့ သဘောထားမှာပဲ ကဲ . . ရှင်ဘာပြောချင်သေးလဲ "

လီအင်းကပြန်မေးလိုက်သည်။

"ညီမက သိုင်းလောကသားတွေကို ဘာကြောင့်မှားမုန်းတီးနေရတာလဲ ပြောစမ်းပါဦး "

တုကုဖုံးက. .



"သိုင်းလောကသားတွေက နေရာတကာ လူတွင်ကျယ်လုပ်ချင်ကြတယ် ဆိုတာရှင်မသိဘူးလား ကျွန်မတို့သိုင်းလောကထဲ ဆင်းလာတာနဲ့ဝိုင်းပြီး ရန်လုပ်ကြတော့တာပဲ ကျွန်မတို့ကခေါင်းငုံ့ခံနေကြရမှာလား"

သူမ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

သူမသည် ပြော့ရင်းဒေါသထွက်လာသည်။

လီအင်းကရှင်းပြလိုက်သည်။

"ညီမ၊ သိုင်းတံခွန်ဂိုဏ်းကလူတွေဟာ သိုင်းပညာလေ့ကျင့်တဲ့အခါမှာ လူတွေကို ဖမ်းပြီးလေ့ကျင့်ခံ အဖြစ်အသုံးပြုကြတယ်လို့ သတင်းတွေ ထွက်ပေါ်နေတယ်၊ ဒါကြောင့် သိုင်းလောကသားတွေကမကျေမနပ်ဖြစ်နေကြတာပါ"

တုကုဖုံးကပြန်မေးလိုက်သည်။

"ဘာပြောတယ် ကျွန်မတို့က လူတွေကိုဖမ်းပြီး လေ့ကျင့်ခံအဖြစ်အသုံးပြုတယ်လို့ဘယ်သူကပြောသလဲ "

လီအင်းက . . .

"သည်လိုသတင်းထွက်နေတာပဲ"

တုကုဖုံးခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ဒါလုံးဝ မဟုတ်ဘူးရှင့်"

"ညီမတကယ်ပြောတာလား"

"ကျွန်မကဘာကြောင့်လိမ်ပြောရမှာလဲ"

လီအင်းမှာဝမ်းသာဖျော်ရွှင်သည့် စိတ်များဖြစ်ပေါ်လာသည်။

သူကတုကုဖုံးအားမြင်မြင်ချင်းမေတ္တာသက်ဝင်မိသည်။

တုကုဖုံးသည် သိုင်းတံခွန်ဂိုဏ်းမှဖြစ်နေ၍ စိတ်ဓာတ်ကျဆင်းခဲ့ရသည်။

www.burmeseclassic.com



ယခု. . .

သိုင်းတံခွန်ဂိုဏ်းသည် သိုင်းလောကသားများထင်မှတ်နေသကဲ့သို့ မဟုတ်ကြောင်းကြားသိ လိုက်ရသဖြင့် ဝမ်းသာသွားခြင်းဖြစ်သည်။

တုကုဖုံးက. .

"ကျွန်မတို့က သိုင်းတံခွန်ဂိုဏ်းမှာပဲ နေတယ်၊ ဘယ်သူနဲ့မှ အရောတဝင်မဆက်ဆံဘူး၊ ကျွန်မတို့နေရာကို ကျူးကျော်လာရင်လဲ လုံးဝ လက်မခံပဲ သေဒဏ်ပေးလိုက်တာပဲ၊ ကျွန်မတို့ သိုင်းတံခွန်ဂိုဏ်းက သိုင်းပညာကို အပတ်တကုတ်လေ့ကျင့်ကြတယ်၊ တစ်နေ့မှာ သိုင်းတံခွန်ဂိုဏ်းဟာ သိုင်းလောကမှာ ဖြိုင်ဘက်ကင်းတဲ့ ပထမနေရာကို ရစေရမယ်လို့ရည်ရွယ်ထားကြတယ်၊ သိုင်းလောကပထမနေရာကို ရပြီးပြီဆိုရင်တော့ သိုင်းလောကသားတွေကိုလက်ခံမှာပါ၊ သိုင်းတံခွန်ဂိုဏ်းကိုဝင်ထွက်ခွင့်ပြုမှာပါအခုတော့သိုင်းလောကသားတွေက ကျွန်မတို့ကိုအကြောင်းမဲ့သက်သက် ရန်ငြိုးထားပြီး တိုက်ခိုက်ချင်နေကြတာ ကျွန်မတို့ဘယ်နည်းနဲ့မှ လက်မခံဘူးဆိုတာမှတ်ထားပါ"

သူမသည် ရှည်လျားစွာပြောလိုက်ခြင်းကြောင့် မောဟိုက်သွားသည်။

ယခု. . .

အဖြစ်မှန်ကို လီအင်းသဘောပေါက်နားလည်သွားပြီဖြစ်သည်။

သိုင်းလောကသားများနှင့် သိုင်းတံခွန်ဂိုဏ်းသည် တစ်ဖက်နှင့် တစ်ဖက် အထင်လွဲကာ ရန်သူကြီးများသဖွယ် ဖြစ်နေကြခြင်းဖြစ်ပါသည်။

လီအင်းက စိတ်အားထက်သန်စွာပြောလေ၏။

"ညီမပြောတာကို အစ်ကို သဘောပေါက်ပါပြီ သိုင်းလောကသားတွေ နားလည်လာအောင် အစ်ကိုရှင်းပြပေးပါမယ်"



တုကုဖုံးက. . .

"မလိုပါဘူး . . . ကျွန်မတို့က သိုင်းလောကသားတွေကို ဂရုစိုက်ရမှာလား၊ ကျွန်မတို့က ဘယ်သူမှ ဂရုမစိုက်ဘူး"

သူမက ပြတ်ပြတ်ပြောသည်။

လီအင်းစိတ်မကောင်းဖြစ်သွား၏။

တုကုဖုံးက. . .

ကျွန်မကို ကူညီခဲ့တာကိုကျေးဇူးတင်ပါတယ်၊ ကဲ . . . ကျွန်မ သွားမယ် ရှင် လိုက်ပို့စရာမလိုဘူး. . ."

စကားဆုံးလျှင် ထွက်သွားရန်ဟန်ပြင်လိုက်၏။

"ညီမ. . ."

"ရှင်ဘာပြောချင်လို့လဲ"

လီအင်းကတည်ကြည်သောမျက်နှာထားဖြင့်. . .

"ညီမကျန်မာသေးတာမှမဟုတ်ပဲ အစ်ကိုလိုက်ပို့ပေးပါရစေလား"

"မလိုပါဘူးရှင်၊ ကျွန်မစကားကိုနှစ်ခါမပြောတတ်ဘူး"

"ဩော် . . . ညီမရယ်"

တုကုဖုံးက ပြတ်သားလွန်းနေသဖြင့်လီအင်းညီးညူမိသည်။

ထိုစဉ်. . .

"ခွပ် . . . ခွပ် . . . ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လီအင်းနှင့် တုကုဖုံးတို့လှမ်းကြည့်လိုက်မိသည်။

ထိုအခါ. . .

မြင်းလှည်းတစ်စီးမောင်းနှင်လာသည်ကိုတွေ့မြင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

မြင်းလှည်းမောင်းသူကိုမြင်သည်နှင့် တုကုဖုံး ဝမ်းသာအား ရခေါ်လိုက်သည်။

"ကျင်းလင်"

လီအင်းပင့်သက်ရှိုက်လိုက်သည်။

တုကုဖုံး၏ အဖော်များရောက်ရှိလာပြီဖြစ်၍လမ်းခွဲရတော့ မည်မဟုတ်ပါလား"

တုကုဖုံးက. .

"ကျွန်မလူတွေရောက်လာကြပြီ ရှင်ပူစရာမလိုတော့ပါဘူး"

လီအင်းက. .

"ကောင်းပါပြီ... ကျုပ်တို့လမ်းမခွဲခင်းစကားတစ်ခွန်းလောက် ပြောချင်ပါတယ်"

တုကုဖုံးက. .

"ပြောပါ"

လီအင်းက. . .

"ညီမ ကိုယ့်ကျန်းမာရေးကိုဂရုစိုက်ပါ၊ အစ်ကိုက ညီမကို တစ်ကြိမ်တစ်ခါလောက်ပြန်တွေ့ပါရစေ"

"ရှင် . . . "

တုကုဖုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

လီအင်းကလှိုက်လှဲစွာပြောလေ၏။

"အစ်ကိုတို့ ပြန်လည်ဆုံတွေ့နိုင်ပါစေလို့ အစ်ကို အမြဲ ဆုတောင်းနေမှာပါ ညီမရယ်"

တုကုဖုံး ငိုင်ကျသွားသည် ။

ထိုအချိန်တွင် . . .

မြင်းလှည်းသည် သူတို့အနီးသို့ရောက်လာလေပြီ။



ကျင်းလင်သည် တုကုဖုံးအားဘာမှ မဖြစ်ပဲ ပြန်တွေ့လိုက်ရ သဖြင့် ဝမ်းသာသွားသည်။

"သခင်မလေး"

ကျင်းဝါးနှင့်ကျင်းမေ တို့ကလည်းမြင်းလှည်းပေါ်မှ ခုန်ဆင်း လာကြလေ၏။

တုကုဖုံးသတိဝင်လာသည်။

လီအင်းအားတစ်ချက်ကြည့်လိုက်ပြီးလီအင်းအား နှုတ် ဆက်၏။

"ကျွန်မသွားတော့မယ်"

ထို့နောက်. . .

မြင်းလှည်းပေါ်လှမ်းတက်လိုက်သည်။

ကျင်းလင်၊ ကျင်းဝါးနှင့်ကျင်မေတို့ကလီအင်းအား အကဲ ခတ်ကြည့်လိုက်ကြသည်။

တုကုဖုံးနှင့် လီအင်းတို့မည်သို့မည်ပုံ ပတ်သက်ခဲ့သည်ကို သိလိုစိတ်များဖြစ်နေကြသည်။ စပ်စုလိုကြသည်။ ဖွင့်လည်းမမေးရဲ ကြပေ။

ထိုစဉ်. . .

"သွားကြမယ်"

တုကုဖုံး၏ စကားသံထွက်ပေါ်လာသောအခါ တုန့်ဆိုင်း မနေဝံ့ကြတော့ပါ။

မြင်းလှည်းပေါ်သို့တက်လိုက်ပြီး ဖုန်းစိုင်းမောင်းနှင်သွားကြ လေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

# နဖူးစာရွာလည်

တစ်လ. . .

တစ်လဟူသော အချိန်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းကုန်ဆုံးသွားသည် ဟုထင်မှတ်ရလောက်အောင်မြန်ဆန်နေသည်။

တုကုဖုံးသည် သိုင်းတံခွန်ဂိုဏ်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်မှာ တစ်လတင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။

သိုင်းတံခွန်ဂိုဏ်းမှ သမားတော်များသည် အကောင်းဆုံးအစွမ်းအထက်ဆုံး ဆေးဝါးများအသုံးပြုကာ သူမအားဖိဖိစီးစီး ကုသပေးကြသည်။

ထို့ကြောင့်. . .

တစ်လဟူသော အချိန်အတွင်း၌ တုကုဖုံးခံစားနေရသော ဝေဒနာများမှာ လုံးလုံးလျားလျား သက်သာပျောက်ကင်းသွားလေတော့သည်။

ယနေ့. . .။

ယနေ့သည် သာယာလှပသော လပြည့် ညဖြစ်သည်။

ကောင်းကင်ပေါ်၌ ဝိုင်းစက်ကြည်လင်သော လပြည့်ဝန်းကြီးရှိနေ၏။

လမင်းကြီးသည် အေးမြသော လရောင်ကို ကမ္ဘာတစ်လွှားသို့ဖြန့်ကျက်ပေးလျှက်ရှိနေ၏။



သိုင်းတံခွန်ဂိုဏ်း၏ ပန်းပေါင်းစုံလင်သော ပန်းဥယျာဉ်အတွင်း၌ တုကုဖုံးသည် ကောင်းကင်ပေါ်ရှိ လပြည့်ဝန်းကိုမော့ကြည့်နေသည်။

လဝန်းထဲ၌ လီအင်း၏ ချောမောခန့်ညားသော မျက်နှာ ထင်ဟပ်နေသည်ဟု မြင်ယောင်နေမိသည်။

"ကျွန်မက ရှင့်ကို သတိရနေပေမယ့် ရှင်ကကျွန်မကို သတိမှ ရပါ့မလားဟင်"

သူမသည် ညည်းညူနေမိသည်။

ထိုစဉ်. . .

"သမီးက ဘယ်သူ့ကိုများသတိရနေတာလဲကွယ်"

နောက်ကျောဘက်မှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

တုကုဖုံး ထိတ်လန့်သွားသည်။

လီအင်းကို သတိရသည် ဟုပြောလျှင် မိုးမိး လောင်သွားမည်ဟုနား လည်ထားသည်။

ထို့ကြောင့်. . .

"ဝူတန်းဂိုဏ်းကလူတွေကိုပါမေမေ"

ဟု မင်သေသေဖြင့် လိမ်ပြောလိုက်သည်။

"ဝူတန်းဂိုဏ်းကလူတွေ ဟုတ်လား သမီးကဘာကြောင့်များ သူတို့ကို သတိရနေရတာလဲ ပြောစမ်းပါဦး"

သူမက ထပ်မံမေးသည်။

တုကုဖုံးက တမင်လေသံကို တင်းလိုက်၏။

"သူတို့ကြောင့်သမီးဒဏ်ရာရခဲ့တာမို့တစ်နေ့လက် တုံ့ပြန်ရမှ သမီးကျေနပ်နိုင်မှာပါမေမေ"

ထိုစကားကြားလိုက်ရသောအခါ တုချင်းယင်သဘောကျ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

သူမသည်လည်းဝူတန်းဂိုဏ်းချုပ်နှင့်ရင်ဆိုင်ပြီးအရေးနိမ့်ခဲ့သည် မဟုတ်ပါလား၊

ဝူတန်းဂိုဏ်းကို သူမ မည်သည်နည်းနှင့်မျှ ကျေနပ်နိုင်မည် မဟုတ်ပါ သူတစ်သက်လုံးအခဲမကျေပါ။

ဝူတန်းဂိုဏ်း၌ ခုနစ်စင်ကြယ်ဓားသိုင်းပညာသာရှိမနေပါက သူမ နည်းမျိုးစုံအသုံးပြုကာတိုက်ခိုက်မည်မှာသေချာလှသည်။ ဝူတန်းဂိုဏ်းသည် သူမကို အနိုင်ယူရုံသာမက သူမ၏ သိုင်းတံခွန်ဂိုဏ်းကိုလည်း သိုင်းလောကမှ ဖယ်ကြဉ်ထားလို့နေသည် ထို့ကြောင့် သူမသည် ဝူတန်းဂိုဏ်းကို အမြဲတမ်း မကျေနပ်ဖြစ်နေရခြင်းပင်။

ယခု. . .

ဝူတန်းဂိုဏ်း၌ ပြိုင်းဘက်ကင်းသည် ခုနစ်စင်ကြယ်ဓားသိုင်းသည် အခိုင်အမာရှိနေသည်။

တုချင်းယင်အံ့ကြိတ်ကာ ပြောလိုက်၏။ သူမ၏ အမုန်းမီးလျှံသည် တငြီးငြီးတောက်လောင်နေသည်။

"ဟုတ်တယ် သမီး . . . တစ်နေ့တော့ဝူတန်းဂိုဏ်းကို မီးတိုက်ပစ်ရလိမ့်မယ်"

တုကုဖုံးက. .

'သူတို့ရဲ့ခုနစ်စင်ကြယ်သိုင်းပညာကိုသာ ယှဉ်ပြိုင်နိုင်မယ်ဆိုရင် ဘာမှမှုစရာ မလိုတော့ပါဘူး မေမေ"

တုချင်းယင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . . ခုနစ်စင်ကြယ်ဓားသိုင်းကို ဖျက်ဆီးပစ်နိုင်ဖို့ မေမေ ကြိုးစားနေတာကြာပြီ၊ ဒါပေမယ့်. . ."

သူမ၏စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

သူမ၏ သိုင်းပညာကို သမီးဖြစ်သူအား မခြွင်းမချန် သင်ပေး



ခဲ့ပြီး သမီးဖြစ်သူသည် သူမ၏ခြေရာကိုနင်းနိုင်နေပြီ ဖြစ်ပါသည်။

သို့တိုင်. . .

သူမကိုယ်တိုင်ခုနစ်စင်ကြယ်ဓားသိုင်းကို မယှဉ်နိုင်သဖြင့် အရေးနိမ့်ခဲ့ပြီးသိုင်းပညာဆုံးရှုံးခဲ့သည်။

ယခုတစ်ဖန်. .

သမီးဖြစ်သူ တုကုဖုံးသည်လည်း အရေးနိမ့်လာခဲ့ရပြန်ပြီ ဖြစ်ပါသည်။

သူတို့သည် ဝူတန်းဂိုဏ်း၏ ခုနစ်စင်ကြယ်ဓားသိုင်းအား မည်သို့ ဖျက်ဆီးနိုင်တော့မည်နည်း တုချင်းယင် သည် စိတ်ပျက်စွာဖြင့် ကောင်းကင်ပေါ် မော့ကြည့်လိုက်မိသည်။

တုကုဖုံးကမူ ခေါင်းငုံ့ထားသည်။

သူမသိုင်းတံခွန်ဂိုဏ်းမှတစ်ဖဝါးမခွာ နေထိုင်သွားခြင်းသည် သာလျှင် သားအမိနှစ်ယောက်အတွက်အကောင်းဆုံးဖြစ်မည်ကို သူမ နားလည်ထားသည်။

အတော်ကလေးကြာမှ တုချင်းယင် သက်ပြင်းချလိုက်သည်။

"ခုနစ်စင်ကြယ်ဓားသိုင်းပညာကို ဖျက်ဆီးနိုင်မယ်နည်းလမ်းရှိရင် သိပ်ကောင်းမှာပဲ ."

တုချင်းယင် ညည်းညူလိုက်မိလေ၏။

တုကုဖုံးက. .

"မေမေ . . သမီးသိုင်းလောကထဲကို တစ်ခေါက်ဆင်းပြီး ရှာဖွေ. . ."

သူမ၏စကားမဆုံးမီ မိခင်ဖြစ်သူက တားလိုက်၏။

"တော်ပါတော့သမီးရယ် . . . သမီးကို မေမေစိတ်မချဘူး၊ သိုင်းလောကထဲဆင်းဖို့ မစဉ်စားနဲ့တော့ကွယ်"

တုကုဖုံး ပင့်သက်ရှိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကသို့ဆင်းခွင့် မရှိတော့လျှင် လီအင်းနှင့်တွေ့ဆုံဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်တော့ပါ။

သားအမိနှစ်ယောက် အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြပြန်သည်။

ထိုစဉ်...

"ဒေါင်...ဒေါင်...ဒေါင်"

"ဒေါင်...ဒေါင်...ဒေါင်"

သံချောင်းခေါက်သံများ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

တုကုဖုံးနှင့်တုချင်းယင် မျက်နှာပျက်သွားကြ၏။

"ရန်သူ လာနေပြီ"

သူတို့ရေရွတ်ကာ ပြေးထွက်သွားကြလေတော့သည်။

"ဝုန်း"

"အား.."

"အမယ်လေး"

စူးရှသောအသံများထွက်ပေါ်နေသည်။

သိုင်းတံခွန်ဂိုဏ်းအဝင်လမ်းရှိကျောက်ပြားခင်းထားသည့်ရင်ပြင်ပေါ်၌ ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ပေါ်နေသည်။

လရောင် ဖြာကျနေသဖြင့် အနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထားသူတစ်ယောက်အားသိုင်းတံခွန်ဂိုဏ်းမှ သိုင်းသမားများက ဝိုင်းရံတိုက်ခိုက်နေကြသည်ကို အတိုင်းသားတွေ့မြင်နေရသည်။

"ရပ်လိုက်စမ်း"

အပြေးအလွှားရောက်ရှိလာသော တုချင်းယင်က ဟန့်တားလိုက်၏။



သိုင်းတံခွန်ဂိုဏ်းမှ သိုင်းသမားများ ကပျာကယာ နောက်ဆုတ်လိုက်ကြသည်။

တုချင်းယင်က...

"မင်းတော်တော် သတ္တိကောင်းပါလား၊ အခုချက်ချင်း ဒူးထောက်လိုက်စမ်း"

ထိုလူက အေးဆေးစွာပြော၏။

"ဝမ်းနည်းပါတယ်ဗျာ ... ကျွန်ုပ် ဒူးမထောက်နိုင်ပါဘူး"

ထိုလူ၏စကားသံကိုကြားလျှင် တုကုဖုံးမျက်မှောင်ကြုတ်သွား၏။ သူတွေးလိုက်သည်။

"ဒီအသံမျိုး ငါကြားဖူးပါတယ်"

တုချင်းယင်က...

"ဩော်...မင်းက သတ္တိသိပ်ကောင်းသကိုး၊ ကောင်းပြီ ကျင်းဝါးတို့ သူ့ကိုဆုံးမလိုက်စမ်း"

ကျင်းဝါး၊ ကျင်းလင်နှင့်ကျင်းမေတို့ ကပျာကယာရှေ့ထွက်လာကြပြီး ထိုသူအားဝိုင်းရံလိုက်၏။

သူတို့သည် ဝူတန်းဂိုဏ်းမှဟန်ချူးအားအရေးနိမ့်ခဲ့ရာသိုင်းတံခွန်ဂိုဏ်းသို့ပြန်လည်ရောက်ရှိလာလျှင် တုချင်းယင်က လျှို့ဝှက်သိုင်းပညာများ ထပ်မံသင်ကြားပေးခဲ့သည်။

ယခု...

ကျင်းဝါးတို့ တတ်မြောက်ထားသောသိုင်းပညာများအား လက်တွေ့ အသုံးချနိုင်ရန်ခေါ်ထုတ်လိုက်ခြင်းဖြစ်သည်။

သူမတို့က ဝိုင်းရံပြီးသည်နှင့်...

"သေပေတော့"

ညာသံပေးကာ စတင်တိုက်ခိုက်လိုက်ကြလေတော့သည်။

အနက်ရောင်ဝတ်ဆင်ထားသူမှာ ခေသူမဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

ကျင်းဝါးတို့သည် လျှို့ဝှက်သိုင်းပညာကိုအပြင်းအထန်လေ့ကျင့်ထားခဲ့ကြရာ သိုင်းပညာမှာ ဆထက်ထမ်းပိုးတိုးတက်နေပြီး ဖြစ်သည်။

ထို့ကြောင့်. . .

သုံးယောက်ပေါင်းကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြသောအခါ

"ဝုန်း"

"အား"

အနက်ရောင်ဝတ်ဆင်ထားသူမှာ မြေပေါ်လဲကျသွားလေတော့သည်။

"မလုပ်ပါနဲ့"

ကျင်းလင်က ဓားတစ်လက်ဖြင့် ထိုလူ၏ရင်ကိုထောက်ထားလိုက်ပြီး ငေါက်လိုက်၏။

တုချင်းယင် အမိန့်ပေးလိုက်လေ၏။

"မျက်နှာဖုံး ချွတ်လိုက်စမ်း"

ကျင်းလင်၏ လက်တစ်ဖက် လှုပ်ရှားသွားပြီး ထိုလူ၏ မျက်နှာပေါ်မှ မျက်နှာဖုံးစွပ်ကွာကျသွားလေတော့သည်။

"ဟင် . . ."

တုကုဖုံး လွှတ်ခနဲအော်လိုက်မိ၏။

အဘယ်ကြောင့်ဆိုသော်. . .

ထိုလူသည် သူမအားကူညီခဲ့သော လီအင်း ဖြစ်နေခြင်းကြောင့်ပင်တည်း. . . .။

တုချင်းယင်က လီအင်းအားစေ့စေ့ကြည့်လိုက်ပြီးအမိန့်ပေးလိုက်လေ၏။

"သူ့ကိုသတ်ပစ်လိုက်တော့. . ."



"မေမေ"

တုကုဖုံး လွှတ်ခနဲအော်လိုက်မိသည်။

တုချင်းယင်က မျက်မှောင်ကုပ်ကာ လှည့်ကြည့်လိုက်၏။

တုကုဖုံးသည် မိခင်ထံပြေးသွားပြီး မိခင်၏ခြေရင်း၌ ဒူးထောက်လိုက်၏။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် တုချင်းယင်မျက်လုံးပြူးသွားသည်။

"သမီး ဒါဘာလုပ်တာလဲ"

တုချင်းယင်က မေးလိုက်၏။

တုကုဖုံးက. .

"မေမေ သူ့ကိုမသတ်ပါနဲ့"

"ဟင်. . ."

တုချင်းယင်သည် တုကုဖုံးကိုတစ်လှည့် လီအင်းကိုတစ်လှည့် ကြည့်လိုက်ပြီးခပ်ထန်ထန်မေးလေ၏။

"သမီးဒါက ဘာသဘောလဲ"

တုကုဖုံးက ရှင်းပြလိုက်သည်။

"မေမေ သိုင်းလောကထဲဆင်းသွားပြီး သမီး ဒုက္ခရောက်ခဲ့တုန်းက သမီးအသက်ကိုကယ်ခဲ့တာ သူပါပဲ မေမေ"

တုချင်းယင်က လီအင်းကို လှမ်းကြည့်လိုက်ပြီး မေးလိုက်သည်။

"မင်းက ငါ့သမီးကိုကူညီခဲ့တယ်ဆိုတာ အမှန်ပဲလား"

လီအင်းက. . .

"ကျုပ်က ဒုက္ခရောက်နေတဲ့လူတစ်ယောက်ကို ကူညီတာ ကျေးဇူးတင်ခံချင်လို့မဟုတ်ပါဘူးဗျာ"

"ငါ့သမီးကိုကူညီတဲ့အတွက် မင်းကိုအပြစ်ဒဏ်လျှော့ပေး

www.burmeseclassic.com



ပါ့မယ်၊ မင်းရဲ့ခြေနှစ်ချောင်းကိုဖြတ်ပစ်ရမယ်"

"မေမေ"

တုချင်းယင်က ပြတ်သားစွာပြောသည်။

"ဒါအသက်ညှာဆုံးအပြစ်ဒဏ်ပဲ"

လီအင်းမှာ ကျင်းဝါးတို့ကြောင့်ဒဏ်ရာရရှိနေပြီ ဖြစ်သည်။

သိုင်းတံခွန်ဂိုဏ်းမှ အသက်ရှင်လျက်ထွက်သွားဖို့ဆိုသည်မှာ မည်သည့်နည်းနှင့်မျှမဖြစ်နိုင်တော့ပါ။

တုကုဖုံးသည် မိခင်ဖြစ်သူ၏ စိတ်နေသဘောထားကို ကောင်းစွာနားလည်ထားသည်။

သူမက ကယ်တင်ခြင်းမပြုလျှင် လီအင်း ကျိန်းသေဒုက္ခ ရောက်တော့မည်ဟု သိလိုက်သည်။

လီအင်းအား ကယ်တင်ရန်မှာ နည်းလမ်းတစ်ခုသာရှိပေသည်။

ထိုနည်းလမ်းမှာ တုကုဖုံး၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

"မေမေ အစ်ကိုက သမီးနောက်ကို လိုက်လာတာပါ မေမေ"

တုချင်းယင် မျက်လုံးပြူးသွား၏။

"ဘာပြောတယ်"

"ဟုတ်ပါတယ်မေမေ၊ သမီးတို့နှစ်ယောက်မေတ္တာမျှနေကြတာမို့. . ."

တုကုဖုံးသည် လီအင်းအား ကယ်တင်နိုင်ရေးအတွက် အရှက်ကိုမငဲ့ကွက်နိုင်တော့ပဲ ပြောလိုက်ရလေတော့သည်။

"သမီး"

တုချင်းယင် ၏ခန္ဓာကိုယ်ဆတ်ခနဲတုန်ခါသွား၏။

တုကုဖုံးက. .



"အစ်ကို့ကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်"

တုချင်းယင် သက်ပြင်းချလိုက်ပြီးလီအင်းအား မေးလိုက်သည်။

"မင်းက ငါ့သမီးနောက်ကို လိုက်လာတာဟုတ်လား"

လီအင်းသည် တုကုဖုံးတို့ထွက်သွားကြသောအခါ နောက်ယောက်ခံလိုက်လာခြင်းဖြစ်လေသည်။

သိုင်းတံခွန်ဂိုဏ်းအနီးဝန်းကျင်သို့ရောက်လာမှ ခြေရာခံမရတော့ဘဲ တောင်ပေါ်၌တဝဲလည်လည် ဖြစ်နေသည်။

လီအင်းသည်ဖွဲမလျှော့ပဲ လိုက်လံရှာဖွေရာ နောက်ဆုံးတွင် စားနပ်ရိက္ခာများသယ်ဆောင်ကာပြန်လာကြသည့် သိုင်းတံခွန်ဂိုဏ်းမှလူများနှင့် တွေ့ရသဖြင့်နောက်ယောင်ခံ လိုက်လာခဲ့ရာမှ သိုင်းတံခွန်ဂိုဏ်း နှင့်သိုင်းလောကပြန်လည်သင့်မြတ်ရေး အတွက်ကြိုးပမ်းဆောင်ရွက်လိုခြင်းကြောင့် ယခုလို ဝင်လာခဲ့ခြင်းဖြစ်သည်။

ယခု. . .

တုကုဖုံးမှာသူ့အတွက်ကာကွယ်ပြောဆိုနေသလို ကြားရသောအခါ မယုံကြည်နိုင်အောင်ဖြစ်ရပြီး အံ့ဩဝမ်းသာနေမိလေတော့သည်။

တုချင်းယင်၏ စကားကြားသည်နှင့် ချက်ချင်းပင် ခေါင်းညိတ်သည်။

တုချင်းယင်က မေး၏။

"မင်း ငါ့သမီးကို ဘယ်လိုသဘောထားလဲ ပြောစမ်း"

လီအင်းကရုတ်တရက်အဖြေမပေးနိုင်သဖြင့် တုကုဖုံး အား ကြည့်လိုက်မိသည်။

တုကုဖုံးကလည်းသူ့အားကြည့်နေသည်ကိုတွေ့မြင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားမျက်လုံးချင်း ဆုံမိသောအခါ ရင်ခုန်သွားကြလေသည်။

"ငါမေးတာ ဖြေပါဦး"

တုချင်းယင်က မေးသည်။

လီအင်း သက်ပြင်းချလိုက်သည်။

ယခုမှ မထူးတော့ဟု သဘောပိုက်ကာ အိတ်ဝင်သပိတ်ဝင် ပြောလိုက်တော့သည်။

"ကျွန်တော် ညီမကို တစ်သက်လုံးဘဝကြင်ဖော်အဖြစ်လက်တွဲသွားပါ့မယ်လို့ ကတိပြုပါတယ်ခင်ဗျာ"

တုချင်းယင်က တုကုဖုံးကိုကြည့်လိုက်၏။

တုကုဖုံးက မျက်နှာလေးနီမြန်းသွားပြီး ခေါင်းငုံ့သွား၏။

တုချင်းယင်က မေးလိုက်သည်။

"သမီးကကော . . ."

ယခု . . .

လီအင်း၏အသက်သည် တုကုဖုံး၏ လက်ထဲ၌ရှိနေပြီ ဖြစ်ပါသည်။

လီအင်း၏ရင်ထဲ၌ တထိတ်ထိတ်ခုန်လာ၏။

တုကုဖုံး၏ စိတ်သဘောထားပြောင်းလဲသွားပါက . . .

ထိုစဉ် . . .

တုကုဖုံးက ခေါင်းကလေးငုံ့ရင်း ပြန်ဖြေလေ၏။

"သမီး . . . သမီးလဲ အစ်ကို့ သဘောအတိုင်းပါပဲရှင်"

တုချင်းယင်၏ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး လီအင်းအား မေးလိုက်သည်။

"မင်းကသိုင်းတံခွန်ဂိုဏ်းမှာ တစ်သက်လုံးနေနိုင်ပါ့မလား"



လီအင်း ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ပါ။

"နေနိုင်ပါတယ် ခင်ဗျာ"

တုချင်းယင်က ခေါင်းညိတ်လိုက်ပြီး . . .

"ကောင်းပြီ မင်းတို့ကို ကျုပ်ကိုယ်တိုင်လက်ထပ်ပေးမယ်"

လီအင်းနှင့်တုကုဖုံးတို့သည် မမျှော်လင့်ပဲ ရုတ်တရက်ကြီး အကြင်လင်မယားအဖြစ် ရောက်ခဲ့ကြရလေတော့သည်။

❑ ❑ ❑

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။ လရောင်ဖြင့် ညသည် အလှအပမနေလေ၏။ ရောင်စုံပန်းဥယျာဉ် အတွင်း၌ ရောက်ရှိနေကြသော ချစ်သူမောင်မယ် နှစ်ယောက်သည် ကောင်းကင်ပေါ်မှ လမြည့်ဝန်းကြီးကို ကြည့်နေကြသည်။

သိုင်းသမားလီအင်းနှင့် သခင်မလေး တုကုဖုံးတို့ ဖြစ်ကြပါသည်။

နှစ်ယောက်သား ကျောက်ခုံတန်းတစ်ခုပေါ်၌ ယှဉ်တွဲ၍ ထိုင်နေကြသည်။

တုကုဖုံးက လီအင်း၏ ရင်ခွင်ထဲမှီထား၏။

နှစ်ဦးစလုံး၏ ရင်ထဲ၌ ပြောစရာစကားပေါင်းများစွာ ရှိနေကြသည်။

ပြောစရာများလွန်းနေခြင်းကြောင့် ဘယ်ကစပြောရမှန်း မသိကြတော့ချေ။

အတော်ကလေးကြာမှ လီအင်းက စကားစလိုက်သည်။

"အင်း . . လဝန်းကြီးကို ကျေးဇူးတင်ရမှာပဲ"

"ရှင် . . ."

လီအင်းစကားကြောင့် တုကုဖုံး အံ့ဩသွားသည်။ လီအင်းကို

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမော့ကြည့်လိုက်မိသည်။

"အစ်ကို ဘာဖြစ်လို့ ဒီလိုပြောရတာလဲဟင်"

လီအင်းပြုံးလိုက်သည်။

"လဝန်းကြီးကြောင့် ညီမနဲ့ ဆုံတွေ့ခဲ့ရတာပေါ့. . ."

" ဟင်. . ဘာဆိုင်လို့လဲ. ."

" ဆိုင်တာပေါ့ ညီမရယ်. . . ကျုပ်တို့လမ်းခွဲလိုက်ပြီးတဲ့နောက်ပိုင်း ကျုပ်က ညီမကို တွေ့ချင်နေခဲ့မိတယ်။ အသာတဲ့ညတွေဟာ ညီမနဲ့ဆုံဆည်းနိုင်ပါစေလို့ လဝန်းကြီးကို မေးမော ကြည့်ပြီး ဆုတောင်းမိခဲ့တယ်။ ခုတော့ အစ်ကို ဆုတောင်းပြည့်သွားပြီလေ။ ဒါကြောင့် လဝန်းကြီးကို ကျေးဇူးတင်တယ်လို့ ပြောတာပါ. . ."

" အစ်ကို တော်တော်ရယ်စရာ ပြောတတ်တာပဲ. ."

တုကုဖုံးက ရယ်မောလိုက်၏။

လရောင်အောက်မှာ လှချင်တိုင်းလှနေသော တုကုဖုံးကို ကြည့်ကာ လီအင်း၏ ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

လီအင်းသည် သိုင်းလောကထဲ၌ကျင်လည်ရင်း သိုင်းလောကပျော် သိုင်းလေးဖော်ဆိုသည့် လူငယ်လူရွယ်သိုင်းသမားလေးဦး၌ ထိပ်ဆုံးက ပါဝင်နိုင်ခဲ့လေသည်။

သူ၏သိုင်းပညာနှင့် စွမ်းဆောင်မှုများကြောင့် အားလုံးကလေးစား ကျူးခဲ့ကြလေသည်။

သိုင်းလောကအကျိုး အများအကျိုးဆောင်ရွက်ဖို့မှလွဲပြီး ဖြီး အခြားမည်သည့်ဘက်ကိုမှ စိတ်မဝင်စားခဲ့ပါ။

မိန်းမချောမိန်းမလှကလေးများစွာ နှင့်ဆုံတွေ့မိခဲ့သော်လည်း လုံးဝစိတ်မကူးခဲ့ပါချေ။

နတ်မိမယ်လေးအလားချောမောလှပသည့် ရှောင်ကွမ်းတို



ပင် ညီမလေးတစ်ယောက်အဖြစ်သာ သဘောထားဆက်ဆံခဲ့သည်။ မဟုတ်ပါလား။

ယခုတော့. . .

သိုင်းတံခွန်ဂိုဏ်းအကြောင်း စုံစမ်းဖို့လာရင်း သခင်မလေး တုကုဖုံးနှင့် မမျှော်လင့်ပဲ ဆုံတွေ့ခဲ့ပြီး မေတ္တာသက်ဝင်ခဲ့မိလေသည်။

တုကုဖုံးသည် သူမအား လွှမ်းမိုးထားလိုက်သည်။

သူမကိုမတွေ့ရလျှင် မနေနိုင်အောင်ဖြစ်လာခဲ့သည်။

ထို့ကြောင့်. . .

လီအင်းသည် စိတ်မထိန်းနိုင်တော့ပဲ သိုင်းတံခွန်ဂိုဏ်းသို့ လိုက်သွားခဲ့ခြင်းဖြစ်သည်။

ထိုသို့လိုက်သွားရန်ဆုံးဖြတ်ခဲ့ခြင်းပင်ကံကောင်း သွားစေခဲ့ခြင်းဖြစ်သည်။သိုင်းတံခွန်ဂိုဏ်းချုပ်တုချင်းယင်သည် သူ့အားသမီးဖြစ်သူ သခင်မလေးတုကုဖုံးနှင့်လက်ထပ်ရန်သဘောတူလိုက်ပြီ မဟုတ်ပါလား။

လီအင်း၏ဘဝ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ ခြင်းဖြစ်ပါတော့သည်။

"အစ်ကိုဘာတွေတွေးနေတာလဲဟင်"

တုကုဖုံး၏စကားကြားမှ လီအင်းသတိဝင်လာတော့၏။

"ဩော် ကံတရားရဲ့ဆန်းကြယ်ပုံ ကိုတွေးတောစဉ်းစားနေမိတာပါ အစ်ကိုတို့နှစ်ယောက်ဟာ မမျှော်လင့်ပဲ ဆုံတွေ့ခဲ့ကြတာ မဟုတ်လား။ မယုံနိုင်စရာကောင်းအောင်ပါပဲ၊ ကျုပ်ကညီမအပေါ် မေတ္တာ သက်ဝင်မိခဲ့တယ်ခုတော့ ညီမကို လက်ထပ်ခွင့်ရခဲ့ပြီ"

တုကုဖုံးက. .

"မယုံနိုင်စရာကောင်းတာတော့ တကယ်ပါပဲ၊ ကျွန်မလည်း အစ်ကိုနဲ့တွေ့ရလိမ့်မယ်လို့ ဘယ်တုန်းကမှမျှော်လင့်ခဲ့မိတာ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အစ်ကို ကိုတစ်ခါမှမြင်တွေ့ဖူးတာလည်းမဟုတ်ဘူး ဖူးစာက အင်မတန် ဆန်းကြယ်တယ်နော်၊ ကျွန်မကတော့ အစ်ကိုနဲ့ ဆုံဆည်းအောင်ဖန်တီးပေးခဲ့တဲ့မိုးနတ်မင်းကြီးကို ကျေးဇူးတင်မိပါတယ်"

လီအင်းသည် သိုင်းတံခွန်ဂိုဏ်းက သိုင်းလောက၏ ထိပ်ဆုံးသို့ရောက်အောင် ကြိုးစားနေသည့် သတင်းကြောင့်စုံးစမ်းဖို့ လာခဲ့ခြင်းဖြစ်ကြောင်းမပြောဖြစ်တော့ချေ။

ဤအရပ်ဒေသသို့သူရောက်လာခဲ့ရသည် ဖြစ်ရပ်မှန်ကိုသာ တုကုဖုံးသိသွားပါက စိတ်မကောင်းဖြစ်သွားမည်ကို စိုးရိမ်ခြင်းကြောင့်ဖြစ်သည်။

အရိပ်တကြည့်ကြည့်ကြည့်နေသော တုကုဖုံးက. . .

"အစ်ကို မျက်နှာညှိုးသွားပြန်ပြီ၊ ဘာတွေများစဉ်းစားနေတာလဲ၊ ကျွန်မ မသိစေချင်တဲ့ကိစ္စတစ်ခုခုများ ရှိနေလို့လားဟင်"

တုကုဖုံးသည် လီအင်း၏မျက်နှာ ကိုကြည့်နေခြင်းကြောင့် မျက်နှာညှိုးသွားသည်အကြောင်းရင်းကိုမေးလိုက်သည်။

"မဟုတ်ပါဘူးညီမ ညီမနဲ့ဆုံတွေ့ခဲ့ရတဲ့ အဖြစ်ဟာ အိပ်မက်လိုဖြစ်နေတော့ မယုံနိုင်အောင်ဖြစ်နေမိတာပါ"

တုကုဖုံးက. . .

"အိပ်မက်ဆိုတာမက်ပြီးရင်တော့ ပျောက်ကွယ်သွားတတ်တာပဲ၊ အစ်ကိုကကျွန်မတို့အဖြစ်ကို အိပ်မက်လို သဘောထားမလို့လားရှင်"

"ဟာ. . . မဟုတ်ဘူး အစ်ကို သည်လိုသဘောမျိုးပြောတာမဟုတ်ပါဘူး"

"ဒါဖြင့် ကျွန်မတို့ဆုံတွေ့မိကြတာကို ဝမ်းသာ ကြရမယ့်အစား မယုံနိုင်ဘူး. . မယုံနိုင်ဘူးလို့ဘာကြောင့် ခဏခဏပြောရတာလဲ"



လီအင်း မည်သို့ပြောရမှန်းမသိအောင်ဖြစ်သွားလေတော့သည်။

"ကျွန်မကတော့ အိပ်မက်လို့မထင်ဘူး ရေးရေစက်ရှိလို့ မိုးနတ်မင်းကြီးကဆုံတွေ့နိုင်အောင်စီစဉ်ပေးခဲ့တာပဲလို့ ယုံကြည်ထားတယ်"

"ညီမပြောတာမှန်ပါတယ်ကွယ်. . ."

တုကုဖုံးက မိန်းမသားပီပီ သဝန်တိုစိတ်ကလေးဖြင့်မေးလာလေ၏။

"ဘာလဲ သိုင်းလောကမှာ ကျန်ရစ်ခဲ့တဲ့ အစ်ကိုရဲ့ချစ်သူကြောင့် စိတ်မောလူမောဖြစ်နေတာလား ဟင်"

"ဟာ. . မဟုတ်တာ"

"အစ်ကိုဟာသိုင်းလောကမှာကျင်လည်ကျက်စားပြီးထင်ပေါ်တဲ့သိုင်းသမားတစ်ယောက် ဖြစ်ခဲ့တာ ကျွန်မသိတယ်၊ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေမယ်ဆိုတာလဲ ကျွန်မသိပါတယ်"

"ဟာ . . . သည်လိုမဟုတ်ပါဘူးညီမရယ်"

တုကုဖုံး နှုတ်ခမ်းစူလိုက်လေသည်။

"အစ်ကိုသဘောမကျတဲ့လူရှိမလား၊ ဟုတ်ပါပြီ အစ်ကိုဟာသိုင်းလောကမှာ ကျန်ခဲ့တဲ့ ချစ်သူမိန်းကလေးကိုသတိရပြီး ငေးငိုင်နေတာပဲဖြစ်မှာပါ"

"မဟုတ်ပါဘူး ညီမရယ်"

လီအင်းက ရှင်းပြသော်လည်း တုကုဖုံးက လက်မခံတော့ပဲ ထိုင်ရာမှ ထကာ ပြေးထွက်သွားလေသည်။

"ညီမ. . ."

လီအင်းကပျာကယာ ပြေးလိုက်သွားပြီးတုကုဖုံး၏ လက်ကလေးကို ဖမ်းဆွဲထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တုကုဖုံးက. .

"ကျွန်မကို လွှတ်ပါ"

ဟန်ဆောင်ရုန်းလိုက်သည်။

လီအင်းက. . .

"ညီမ. . . ကျုပ်ကညီမကလွဲရင် ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ဘူးဆိုတာကို သစ္စာဆိုနိုင်ပါတယ် ညီမရယ်"

တုကုဖုံးက. . .

"အစ်ကို တကယ်ပြောတာလား"

"တကယ်ပါညီမရယ်၊ ကောင်းကင်နဲ့ မြေကြီးကိုတိုင်တည် သစ္စာပြုဝံ့ပါတယ်"

လီအင်း၏စကားကြောင့် တုကုဖုံးကျေနပ်စွာပြုံးလိုက်မိလေ၏၊

"သည်လောက်အထိလဲ မလိုပါဘူးရှင့်၊ တစ်နေ့ ကျွန်မကို ပစ်မသွားဖို့ပဲ အရေးကြီးပါတယ်"

လီအင်းက

"ဒါဆိုလည်း အစ်ကိုညီမကို ပြစ်မသွားပါဘူးလို့ သစ္စာပြုပါတယ်ကွယ်. . ."

"အစ်ကိုရယ်. . ."

တုကုဖုံးကညီးတွားရင်း လီအင်း၏ ရင်ခွင်ထဲတိုးဝင်လိုက်လေတော့သည်။

❑ ❑ ❑

အခန်း (၁၉)

# အကျဉ်းအကြပ်ကျခြင်း

တစ်လ . . . .

တစ်လဟူသော အချိန်ကုန်ဆုံးသွားပြီ လေပြီ၊ လီအင်းနှင့် တုကုဖုံးတို့အား သိုင်းတံခွန်ဂိုဏ်းချုပ် တုချင်းယင် ကိုယ်တိုင် လက်ထပ်ပေးခဲ့လေသည်။ လီအင်းနှင့် တုချင်းယင်တို့ အကြင်လင်မယားဘဝသို့ ရောက်ရှိခဲ့ပြီး သိုင်းတံခွန်ဂိုဏ်း၌ ပျော်ရွှင်စွာနေထိုင်နိုင်ခဲ့ကြသည်။

သို့သော်. . .

တစ်လဟူသော အချိန်ကုန်ဆုံးသွားသောအခါ ဝမ်းသာပျော်ရွှင်မှုများ ပျောက်ကာ ဝမ်းနည်းကြေကွဲစရာများ ကံဆိုးမှုများ ကြုံတွေ့လာခဲ့ရလေတော့သည်။

လီအင်းသည် နံနက်စောစောထကာ သိုင်းလေ့ကျင့်ခဲ့သည်။

သူသိုင်းလေ့ကျင့်နေစဉ်မှာပင် တုကုဖုံးရောက်ရှိလာသည်။

"အစ်ကို"

သူမ၏ ခေါ်သံကြောင့် လီအင်းသည် သိုင်းလေ့ကျင့်ရာမှ ရပ်ကာ အပြေးကလေးသွားလိုက်လေ၏။

"ညီမ ဘာဖြစ်လို့လဲဟင်"

လီအင်းသိုင်းလေ့ကျင့်သောချိန်၌ အားလုံးကရှောင်ရှားပေးကြသည်။

လွတ်လွတ်လပ်လပ် လေ့ကျင့်နိုင်စေရန် တမင်ရှောင်ပေးကြ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။

ယခု..

တုကုဖုံးရောက်လာခြင်းကြောင့် **အကြောင်းတစ်ခုခုရှိနေရ**မည်ဟု လီအင်းတွေးမိကာ စိတ်ပူသွားခြင်းဖြစ်သည်။

တုကုဖုံးလည်း မျက်နှာမကောင်းပဲရှိနေသည် မဟုတ်ပါလား။

တုကုဖုံးက ...

"အစ်ကို တော်တော်အရေးကြီးတဲ့ **ကိစ္စတစ်ခုနဲ့ အစ်ကို့ကို**တွေ့ချင်တယ်လို့ ပြောပါတယ်..."

လီအင်း ပြုံးလိုက်သည်။

" ဟုတ်တာပေါ့၊ အစ်ကိုသည်ရောက်လာခဲ့ပေမယ့် **တစ်ခါမှ အေးအေးဆေးဆေးစကား**ပြောရသေးတာမှ မဟုတ်ဘဲ.. **ကောင်းပြီ**လေ အစ်ကို သွားတွေ့လိုက်ပါမယ်"

"အစ်ကို"

"ပြောပါညီမ"

"မေမေနဲ့တွေ့ရင် သတိထားပြီး ဆက်ဆံပါနော်"

တုကုဖုံး စိတ်မချသလိုမှာသည်။

လီအင်း အားပေးလိုက်သည်။

"ညီမရယ် သမက်နဲ့ယောက္ခမတွေ့တာပဲ၊ ဘာကြောင့်များသည်လောက်တောင် စိတ်မချဖြစ်နေရတာလဲ"

တုကုဖုံး ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး အစ်ကို၊ အစ်ကို မေ့မေ့အကြောင်းဘာမှမသိသေးပါဘူး"

ထိုစကားကြောင့် လီအင်း ရင်ထဲထိတ်ခနဲဖြစ်သွား၏။

"ညီမ မေမေက အစ်ကိုတို့နှစ်ယောက်ကို သဘောတူလက်ထပ်ပေးခဲ့တာပဲ၊ မဟုတ်လား သူဟာ..."



**အမှတ်တကာမဆုံးခင်** တုကုဖုံးကကြားဖြတ်ပြောလိုက်လေသည်။

"သည်လို လက်ထပ်ပေးတာကြောင့်ကျွန်မစိုးရိမ်နေတာပါ၊ **ထားတယ်ဆိုတော့** မေမေဟာ ကျွန်မရဲ့မင်္ဂလာကိစ္စကို ဘယ်တုန်းကမှ **စဉ်းစားခဲ့တာမဟုတ်ဘူး**"

လီအင်းတွေဝေသွားသည်။

"မေမေဟာ သိုင်းတံခွန်ဂိုဏ်းအထိလိုက်လာတဲ့အစ်ကို့ကို ဘယ်နည်းနဲ့မှ လွှတ်စရာမရှိပါဘူး၊ အဲသည်တုန်းက အစ်ကိုဟာစိတ်ရှုပ်ထွေးနေလို့ယှဉ်ပြိုင်တိုက်ခိုက်ရာမှာ တပန်းရှုံးခဲ့သေးတယ်မဟုတ်လား"

မှန်သည်...။

သိုင်းတံခွန်ဂိုဏ်းချုပ်တုချင်းယင်၏ သိုင်းပညာမခေသကဲ့ သို့ သူ၏ကိုယ်ရံတော်များဖြစ်ကြသည့် ကျင်းဝါး၊ ကျင်းလင်နှင့် ကျင်းမေတို့၏ သိုင်းပညာလည်း မခေကြချေ။

တုကုဖုံးနောက်သို့လိုက်လာခဲ့ယင်းသိုင်းတံခွန်ဂိုဏ်း၌ ယှဉ်ပြိုင်တိုက်ခိုက်ရသောအခါ အရေးနိမ့်ခဲ့ရသည်။ လီအင်း ကိုယ်တိုင်က သိုင်းပညာကုန်မထုတ်လို၍တပန်းရှုံးသွားရခြင်းဟုလည်း ဆိုနိုင်ပါသည်။သူ့ထက်စာလျှင် တုကုဖုံးက မိခင်ကြီးအကြောင်းကို ပိုသိမည်ဖြစ်ရာ လီအင်းစိတ်ဝင်စားသွား၏။

"ညီမမေမေက ကျုပ်ရဲ့သိုင်းပညာကို စမ်းသပ်လိမ့်မယ်လို့ ညီမယူဆနေတာလား"

တုကုဖုံးခေါင်းခါယမ်းလိုက်သည်။

"ဘာတွေဖြစ်လာမယ်ဆိုတာ ကျွန်မလည်းမပြောနိုင်ဘူး၊ ဒါပေမယ့် မေမေ လွယ်လင့်တကူ လိုက်လျောသဘောတူခဲ့တာ အကြောင်းတစ်ခုရှိမှာတော့ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



လီအင်းက မေးလိုက်သည်။

"ဘယ်လိုအကြံအစည်ရှိသလဲဆိုတာ ညီမ ခန့်မှန်းလို့ ရသလားဆင်. . ."

တုကုဖုံးက. . .

"မေမေဟာ သိုင်းလောကမှာထိပ်ဆုံးရောက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိနေတာကို သိုင်းလောကတစ်ခုလုံး သိကြပါတယ်၊ အစ်ကိုလည်းသိမယ်ထင်ပါတယ်"

လီအင်း မတတ်သာပဲ အမှန်တိုင်းဝန်ခံလိုက်သည်။

"ဟုတ်တယ်ညီမ၊ အစ်ကိုဟာညီမမေမေရဲ့ အကြောင်းသိရအောင်စုံစမ်းဖို့ လာခဲ့တာပါ. . . ."

သူသည် စကြာသိုင်းသမားအားချေမှုန်းခဲ့သည့် သိုင်းလောကဖျော်သိုင်းလေးဖော်မှ သိုင်းသမားလီအင်းဖြစ်ကြောင်းသိုင်းတံခွန်ဂိုဏ်းမှအားလုံးကသိထားပြီးဖြစ်သည်။

တုကုဖုံးက. . .

"အစ်ကို ရောက်လာရတဲ့အကြောင်းရင်းကို မေမေလည်း သိထားပြီးပါပြီ ဒါတောင်မှ ကျွန်မတို့နှစ်ယောက်ရဲ့ချစ်ခြင်းကို မစွဲပဲ လက်ထပ်ပေးခဲ့တယ်ဆိုတော့"

တုကုဖုံးသည် သူမ၏မိခင် တုချင်းယင်တွင် အကြံအစည် တစ်ခုရှိနေမည်မှာ သေချာသွားကြောင်းတွေးမိသည်။

တုချင်းယင်သည် လီအင်းအကြောင်းကိုသိနေသဖြင့် ရန်သူပမာ ဆက်ဆံရမည်သာဖြစ်ပါသည်။

တုကုဖုံးဆက်ပြောသည်။

"မေမေဟာ အစ်ကို့ကို အသုံးချဖို့ ရည်ရွယ်ထားတာပဲ ဖြစ်မယ်၊ ဒါကြောင့်မေမေနဲ့တွေ့ယင် သတိထားပြီးဆက်ဆံဖို့မှာ လိုက်ပါရစေရှင်"



လီအင်းခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ညီမရယ်"

ထိုစဉ်. . .

သိုင်းတံခွန်ဂိုဏ်းချုပ် တုချင်းယင်၏ ကိုယ်ရံတော် သုံးယောက်ထဲမှ ကျင်းဝါးရောက်လာသဖြင့် လီအင်းသည် ဇနီးသည် တုကုဖုံးအား နှုတ်ဆက်ကာ လိုက်သွားရတော့သည်။

သိုင်းတံခွန်ဂိုဏ်း၏ အနောက်ဘက်တွင်သီးသန့် အဆောင် တစ်ခုရှိသည်။

ဂိုဏ်းချုပ်တုချင်းယင်သည် ထိုအဆောင်၌နေထိုင်လျက်ရှိသည်။

သူမသည် အကြောင်းကိစ္စမရှိဘဲ အဆောင်ပြင်ပသို့ ထွက်လေ့မရှိပါ။

သိုင်းတံခွန်ဂိုဏ်း၏ ကိစ္စအဝဝကို သခင်မလေးတုကုဖုံးနှင့် ကျင်းဝါးတို့သုံးယောက်ကတာဝန်ယူကြရသည်။ ကျင်းဝါးသည် လီအင်းကို ဂိုဏ်းချုပ်တုချင်းယင်၏ သီးသန့်အဆောင်ထဲသို့ ခေါ်ဆောင်သွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံးအပ်ကျသံကြားရလောက်အောင်ပင်တိတ်ဆိတ်ငြိမ်သက်နေသည်။

ဂိုဏ်းချုပ်တုချင်းယင်၏ သီးသန့်စာဖတ်ခန်းသို့ရောက်သွားကြသောအခါ ကျင်းမေနှင့်ကျင်းလင်တို့ကအခန်းရှေ့၌စောင့်ကြပ်နေသည်ကိုတွေ့လိုက်ရသည်။

ကျင်းလင်က ဦးညွှတ်ကာအတွင်းသို့လက်ပြသည်။

"အထဲဝင်သွားပါ"

"ကောင်းပါပြီဗျာ"

ကျင်းမေနှင့်ကျင်းလင်တို့ကတံခါးဖွင့်ပေးသောအခါ လီအင်းသည် အခန်းတွင်းသို့လှမ်းဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေပါသည်။

အခန်းနံရံများတွင် စာအုပ်ထည့်ထားသည့်ဘီရိုများအစီအရီ ရှိနေသည်။

သိုင်းပညာနှင့် ပတ်သက်သော စာအုပ်စာတန်းများချည်းဖြစ်နေပါသည်။

အခန်းအလယ်၌ စားပွဲတစ်လုံးရှိနေပြီး တုချင်းယင် ထိုင်နေ၏။

လီအင်းက လှမ်းသွားပြီး ဦးညွှတ်ဂါရဝပြုလိုက်၏။

"ထိုင်ပါ. . ."

တုချင်းယင်က သူမရှေ့မှ ထိုင်ခုံကိုညွှန်ပြလိုက်၏။

တုချင်းယင်က. . .

"မင်း သည်ကိုရောက်တာတစ်လရှိပြီ၊ နေရထိုင်ရတာ အဆင်ပြေရဲ့လား၊ ပျော်ကောပျော်ရဲ့လား. . ."

"ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ သိုင်းတံခွန်ဂိုဏ်းမှာနေရတာ ကျွန်တော့်ဘဝအတွက် အပျော်ရွှင်ဆုံးအချိန်ကာလတွေပါပဲ"

"ကောင်းတယ် . . . ကောင်းတယ်"

တုချင်းယင် သဘောကျသွားသည်။

"မင်းသိအောင် ပြောရဦးမယ်၊ ကျုပ်ကသမီးလေးတုကုဖုံးကို တယ်သူနဲ့မှ သဘောတူခဲ့တာမဟုတ်ဘူး၊ ဒါပေမယ့် မင်းနဲ့တွေ့မှ ချက်ချင်းသဘောတူလိုက်တာ ကျုပ်သမီးလေးတစ်သက်လုံးစိတ်ချမ်းသာသွားစေချင်လို့ပဲ"

လီအင်းက. . .

"စိတ်ချပါ ခင်ဗျာ၊ ညီမလေးတုကုဖုံးကို တစ်သက်လုံးစိတ်ချမ်းသာအောင် ကျွန်တော်အစွမ်းကုန် ကြိုးစားသွားမှာပါ"

တုချင်းယင်က. . .



"မင်းဟာ သိုင်းလောကမှာ ထင်ရှားတဲ့လူငယ်သိုင်းသမားတစ်ယောက်ဆိုတော့ မင်းရဲ့ကတိစကားကို ကျုပ်ယုံကြည်ပါတယ်၊ မင်းရဲ့လက်ထဲမှာ ကျုပ်သမီးလေးဘဝတစ်လျှောက်လုံးပျော်ရွှင်သွားမယ်ဆိုတာသေချာပါတယ်၊ ဒါပေမယ့်. . ."

သူမသည် စကားတစ်ပိုင်းတစ်စဖြင့်ရပ်ကာ လီအင်းကို စိုက်ကြည့်လိုက်သည်။

လီအင်းက. . .

"ကျွန်တော့်ကို ပြောစရာရှိတာပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်ခင်ဗျာ"

ဟု စကားထောက်ပေးလိုက်သည်။

တုချင်းယင် သက်ပြင်းချလိုက်သည်။

"ကောင်းပြီ မင်းတို့ကို လက်ထပ်ပေးလိုက်တဲ့အတွက် ကျုပ်ဘက်က အတော်ကိုနစ်နာဆုံးရှုံးခဲ့ရတယ်၊ မင်းဟာသိုင်းလောကက လာတဲ့သူဆိုတော့ သိုင်းတံခွန်ဂိုဏ်းဟာသိုင်းလောကမှာ ထိပ်ဆုံးရောက်ဖို့ကြိုးစားနေတယ်ဆိုတဲ့ သတင်းကိုမကြားမိပဲနေမှာ မဟုတ်ဘူး"

လီအင်းဘာမှ မပြောပဲ နေလိုက်သည်။ တုချင်းယင်က ဖြတ်ဖြတ်သားသားပြောလိုက်သည်။

"သည်သတင်းအမှန်ပဲ"

သူမ၏စကားကြောင့် လီအင်းခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားလေတော့သည်။

တုချင်းယင်၏ မျက်လုံးများ ဝင်းလက်တောက်ပြောင်ကာ ထူးခြားသော အရိပ်ရောင်များ ဖြစ်ပေါ်နေသည်။

"သိုင်းလောကတိုင်းဟာ သိုင်းပညာနဲ့ ပတ်သက်လာရင် ခံယူချက်တစ်ခုရှိတတ်ကြတယ်၊ ကျုပ်ကတော့ ကျုပ်ရဲ့သိုင်းပညာဟာ

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကမှာ ထိပ်ဆုံးဖြစ်ရမယ်လို့ ခံယူပြီးနှစ်ပေါင်းများစွာ အချိန်ပေးပြီး အပင်ပန်းခံကြိုးစားခဲ့တယ်၊ ထိုက်သင့်တဲ့အောင်မြင်မှု ရခဲ့ပေမယ့် ကျုပ် မျှော်လင့်သလိုမဖြစ်ခဲ့ဘူး"

သိုင်းတံခွန်ဂိုဏ်းချုပ်တုချင်းယင်သည် သူမ၏ပညာ ထိပ်ဆုံးအဆင့်ရှိပြီဟုယုံကြည်ကာ သိုင်းလောကသို့ ဆင်းပြီးပြိုင်ဘက်ရှာခဲ့သည်။

ပထမဦးဆုံး ဝူတန်းဂိုဏ်းသို့ရောက်သွားပြီးယှဉ်ပြိုင်ကြည့်ရာ ဝူတန်းခုနစ်စင်ကြယ်သိုင်းပညာကို မယှဉ်နိုင်ပဲ အရေးနိမ့်ပြီးနောက်ကြောင်းလှည့်ခဲ့ရသည်။

ဝူတန်းဂိုဏ်းသည် သူမအတွက် ကြီးစွာသောအနှောင့်အယှက် ဖြစ်သည်ဟု ခံယူသွားလေကော့သည်။

"ဝူတန်းရဲ့ခုနစ်စင်ကြယ်ပညာကို မယှဉ်နိုင်ပဲ အရှုံးပေးခဲ့ရတယ်၊ ဒါ့ကြောင့် ကျုပ်ကနောက်ထပ် အချိန်ပေးလေ့ကျင့်ပြီးထပ်မံယှဉ်ပြိုင်ဖို့ ကြိုးစားခဲ့ပေမယ့် နောက်တစ်ကြိမ်လည်း ကျုပ်ပဲ အရေးနိမ့်ခဲ့ရပြန်တယ်"

ဝူတန်းဂိုဏ်းချုပ်းအားနှစ်ကြိမ်တိုင်တိုင် အရေးနိမ့်ခဲ့ရသည်ဖြစ်ရာ သူမအခဲ ကျေတော့မည်မဟုတ်သည်မှာ ထင်ရှားနေသည်။

"ဝူတန်းခုနစ်စင်ကြယ်သိုင်းပညာဟာ သည်လောက်တောင်ကောင်းနေသလားလို့ကျုပ်စဉ်းစားမိခဲ့တယ်၊ ကျုပ်ရဲ့ပညာဘာကြောင့်မယှဉ်နိုင်ရတာလဲ၊ သုံးနှစ်လောက်စဉ်းစားပြီးမှ ဝူတန်းပညာရဲ့ချို့ယွင်းချက်ကိုသာတွေ့အောင်ရှာနိုင်ရင် အနိုင်ယူဖို့နည်းလမ်းကို ကျုပ်ရှာတွေ့မယ်လို့တွေးမိခဲ့တယ်"

လီအင်း၏ ရင်ထဲစိုးရိမ်စိတ်များဖြစ်ပေါ်လာလေတော့သည်။

တုကုဖုံးက အကြောင်းတစ်ခုခုရှိလိမ့်မယ်လို့ သတိပေးခဲ့ပါ



သည်။

တုချင်းယင်က ဝူတန်းဂိုဏ်းအကြောင်းပြောနေသည်မဟုတ်ပါလား။

တုချင်းယင်က. . .

"ကျုပ်ကိုယ်တိုင် သည်ကိစ္စကို မဆောင်ရွက်နိုင်ခဲ့ဘူး၊ ဒါကြောင့် ကျုပ်သမီးကဆောင်ရွက်ရလိမ့်မယ် ခုတော့ သမီးကအိမ်ထောင်ပြုလိုက်ပြီဆိုတော့ သည်တာဝန်ကို သမီးဆောင်ရွက်နိုင်တော့မှာမဟုတ်ဘူး"

လီအင်းခြေဖျားလက်ဖျား အေးစက်လာလေသည်။

တုချင်းယင်၏ သဘောထားကို သူရိပ်မိလာလေပြီ။

တုချင်းယင်က. .

"မင်းဟာ အတော်ဆုံးဆိုတဲ့လူငယ်သိုင်းသမားတစ်ယောက်ဖြစ်ခဲ့တယ်၊ ခုချိန်မှာ ကျုပ်ရဲ့သမက်ဖြစ်နေသလို သိုင်းတံခွန်ဂိုဏ်းရဲ့ ကံကြမ္မာကိုဖန်တီးရမယ့် လူတစ်ယောက်ဖြစ်နေပြီ ဒါကြောင့် ကျုပ်တို့သားအမိနှစ်ယောက်မစွမ်းဆောင်နိုင်တဲ့ ကိစ္စကို မင်းဆက်ပြီးဆောင်ရွက်စေချင်တယ်"

"ကျွန်တော်. . ."

"နေဦး ငါ့စကားမဆုံးသေးဘူး၊ ငါကမင်းကို အတင်းအကြပ်စေခိုင်းနေတာမဟုတ်ဘူး၊ မင်းလုပ်ချင်မှ လုပ်လို့ရတယ်၊ စဉ်းစားဦးပေါ့ ဝူတန်းရဲ့ပညာကိုယှဉ်နိုင်မှ မဟုတ်ရင် ငါသေဆုံးသွားရမယ်ဆိုရင်တောင် အသေဖြောင့်တော့မှာမဟုတ်ဘူး"

လီအင်း စိတ်မကောင်းဖြစ်သွားသည်။

သိုင်းလောကထိပ်ဆုံးသို့ ရောက်လိုသော စိတ်ကြောင့် တုချင်းယင် စခက်ကြုံတွေ့နေကြောင်း ထင်ရှား၏။

သိုင်းလောကထိပ်ဆုံးသို့ ရောက်လိုစိတ်ကို ဖယ်ရှားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါက သူမ၏ဘဝသည် အေးချမ်းသွားပေလိမ့်မည်။

သို့သော်. . .

တချင်းယင်သည် သူမ၏ရည်ရွယ်ချက်အတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သူ့ကိုပါအသုံးချတော့မည် ဖြစ်ကြောင်း လီအင်းသဘောပေါက်လိုက်လေတော့သည်။

"လီအင်းမင်းကို ငါသမီးနဲ့လက်ထပ်ပေးလိုက်တာဟာ ငါတို့ရဲ့ ရည်ရွယ်ချက်တွေ ပြည့်စုံသွားစေချင်လို့ပဲ"

လီအင်းငိုင်သွားသည်။ တချင်းယင်ထံသို့မလာမီက အလိမ္မာဖြင့်သူရှောင်လွဲနိုင်ခဲ့မည်ဟု ယုံကြည်ခဲ့သည်။ ယခုတော့ သူ့အားချည်ပြီးတုပ်ပြီး အသေရိုက်နေလေပြီ။

"မင်း စဉ်းစားပါ၊ ကဲ . . . မင်းသွားနိုင်ပါပြီ"

"ကျေးဇူးပါပဲခင်ဗျာ"

လီအင်းသည် ဦးညွှတ်ဂါရဝပြုကာ ထွက်လာခဲ့လေတော့သည်။

❑ ❑ ❑

တစ်ရက်. . .

နှစ်ရက်. . .

သုံးရက်. . .

သုံးရက်ဟူသော အချိန် ကုန်ဆုံးသွားပြီဖြစ်သည်။

ထိုသုံးရက်တွင် . . .

လီအင်းသည် သိုင်းလေ့ကျင့်ခြင်းလည်းမရှိတော့ပဲ မှိုင်တွေငေးမောနေလေတော့သည်။

တုကုဖုံးသည် လီအင်းအဘယ်ကြောင့်စိတ်ညစ်နေရသည်ကို ကောင်းစွာနားလည်သဘောပေါက်သည်။



ယနေ့. . .

လီအင်းငေးငိုင်နေဆဲ. . .

တုကုဖုံးသည် ရေနွေးကြမ်း ပန်းကန်ကိုယူကာ အနီးသို့ရောက်ရှိလာသည်။

"အစ်ကို. . ."

လီအင်း သတိဝင်လာလေသည်။

"ဪ. . ညီမ"

"အစ်ကို သောက်လိုက်ပါဦး. . ."

"ကျေးဇူးပါပဲ ညီမရယ်. . ."

လီအင်းက တုကုဖုံးကျေနပ်စေရန်ရေနွေးကြမ်းပန်းကန်ကိုယူကာ သောက်လိုက်သည်။

"အစ်ကို. . ."

"ညီမပြောစရာရှိရင်ပြောလေ"

"အစ်ကို မေမေနဲ့တွေ့ရင်ထူးခြားမယ်လို့ ကျွန်မပြောခဲ့ပါတယ်"

"ဟုတ်ပါတယ် ညီမရယ်"

"အစ်ကို့ကို မေမေက ဝူတန်းဂိုဏ်းရဲ့ အကြောင်းပြောလိုက်တယ်မဟုတ်လား"

"မေမေဟာ ဝူတန်းဂိုဏ်းရဲ့သိုင်းကျမ်းကို စိတ်ဝင်စားနေခဲ့တာနှစ်ပေါင်းအတော်ကြာခဲ့ပါပြီ. . ."

လီအင်းသက်ပြင်းချလိုက်မိသည်။

"ဝူတန်းဂိုဏ်းရဲ့သိုင်းကျမ်းကို သူကစိတ်ဝင်စားနေတယ် သူ့စကားပြောတာ သိပ်လိမ္မာတယ်. .၊နားထောင်နေတဲ့လူဟာ ငြင်းဝမလွှဲရှားနိုင်အောင်ဖြစ်ရတယ်"

"ဟုတ်တယ် သည်ကိစ္စအတွက် အစ်ကို့ကို ကူညီနိုင်းမယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

"ဟုတ်ပါတယ်ညီမရယ်"

"အစ်ကိုဘယ်လိုဆုံးဖြတ်မလဲဟင်"

"အစ်ကိုက. . ."

လီအင်းသည် မည်သို့ပြောရမှန်းမသိအောင်ဖြစ်နေပါတော့သည်။

တုကုဖုံးက. . .

"အစ်ကိုဟာ စကြာသိုင်းသမားကို ချေမှုန်းလာခဲ့ သူတစ်ယောက်ဆိုတော့ဘယ်လိုလူစားမျိုးလဲဆိုတာ ကျွန်မ ကောင်းကောင်းသိထားပါတယ် မေမေ့ရဲ့ဆန္ဒဟာ အစ်ကို့အတွက် အခက်အခဲ ဖြစ်လာစေမှာအမှန်ပါပဲ"

"ညီမရယ်. . ."

လီအင်း ညည်းတွားလိုက်မိလေသည်။

တုကုဖုံးက. . .

"အစ်ကိုကူညီဖို့ခက်ခဲနေတာပဲ၊ ငြင်းလိုက်လို့ရပါတယ်"

"အစ်ကိုက. . ."

ငြင်းလိုက်လျှင် သူတို့၏ဘဝမှာပျော်ရွှင်ချမ်းမြေ့မှုများပျောက်ကွယ်သွားမည်ဖြစ်ကြောင်း လီအင်းသိထားသည်။

တုကုဖုံးက. . .

"မေ့မေ့ရဲ့ဆန္ဒကို ငြင်းလိုက်ရင် သည်နေရာမှာ ဆက်နေလို့မဖြစ်တော့ဘူးလို့ အစ်ကို တွေးနေတာမဟုတ်လား"

လီအင်း မျက်နှာပျက်သွား၏။ သူ့ရင်ထဲ၌လွန်စွာ စိုးရိမ်ပူပန်နေမိသည်။

"သည်လိုလည်း မဟုတ်သေးပါဘူး၊ အစ်ကိုက. . ."

"အစ်ကို့ရဲ့ရင်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာကို



ကျွန်မ ကောင်းကောင်း နားလည်သဘောပေါက်ထားပါတယ် သည်အခက်အခဲတွေ ပြေလည်သွားမယ့်နည်းလမ်းတစ်ခုကို ကျွန်မ တွေးမိထားပါတယ်"

"ဟင်"

လီအင်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

တုကုဖုံးကို စိုက်ကြည့်လိုက်ယင်း မေးလိုက်လေ၏။

"ဘယ်လိုများနည်းလမ်းများလဲ ညီမရယ်. . ."

ဤတွင်. .

လီအင်းသည်တုချင်းယင်၏ဆန္ဒအတိုင်းဆောင်ရွက်ပေးလိုခြင်းမရှိကြောင်း ထင်ရှားပေါ်လွင်သွားတော့သည်။

"ကျွန်မတို့ ထွက်သွားကြတာပေါ့ အစ်ကိုရယ်"

လီအင်းငိုင်သွားသည်။

တုကုဖုံးအတွက် စိတ်မကောင်းဖြစ်သွားသည်။

တုကုဖုံးသည် သူ့အတွက်အနစ်နာခံရန်ဆုံးဖြတ်လိုက်ခြင်း မဟုတ်ပါလား။

"ညီမရယ်. . ."

လီအင်းက ညီးတွား လိုက်မိလေ၏။

တုကုဖုံးက အားပေးလိုက်သည်။

"အစ်ကိုဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ ကျွန်မလည်း သည်မှာ နေရတာပျင်းရိငြီးငွေ့လှပါပြီ အစ်ကိုနဲ့အတူ သိုင်းလောကထဲ သွားပြီး လည်ပတ်ချင်ပါတယ်ရှင်"

"ညီမ. . ညီမ တကယ်ပြောနေတာနော်"

"တကယ်ပါရှင်"

"ဝမ်းသာလိုက်တာညီမရယ်. . ."

လီအင်းမအောင့်အည်းနိုင်ဘဲ ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကတစ်နံတစ်လျား ကျင်လည်သွားခဲ့သူဖြစ်ရကား အိမ်ထောင်ပြုပြီးနောက်သိုင်းတံခွန်ကိုက်း၌နေထိုင်ရသောအခါ ဘယ်ကိုမှသွားလာနိုင်ခြင်းမရှိတော့ပဲ နေခဲ့ရခြင်းကြောင့်တစ်ခါတစ်ရံ တွင်ပျင်းရိစရာကောင်းခဲ့သည်။

တုကုဖုံးနှင့်အတူနေရသည်တိုင် သိုင်းလောကအကျိုး၊အများ အကျိုးဆောင်ရွက်နိုင်ခြင်းမရှိတော့သည့်ကလည်း စိတ်အနှောက် အယှက်ဖြစ်စရာပင်. . .

တုကုဖုံးသာ သိုင်းလောကသို့လိုက်ခဲ့မည်ဆိုလျှင် အတိုင်း ထက်အလွန်ဝမ်းသာစရာပင်ဖြစ်သည်။

တုကုဖုံးက. . .

"ကျွန်မကို သိုင်းလောကထဲခေါ်သွားမယ်မဟုတ်လားဟင်"

လီအင်းက

"ခေါ်သွားမှာပေါ့ညီမရယ်"

"ကျွန်မတို့ဘယ်တော့လောက်သွားကြမလဲ"

"အခြေအနေကြည့်ပြီး အဆင်ပြေတာနဲ့ သွားကြတာပေါ့"

"ဒါဖြင့် အချိန်မရွေးထွက်သွားလို့ရအောင်ကျွန်မပြင်ဆင် ထားလိုက်မယ်၊ အစ်ကိုကြာကြာအချိန်ဆွဲနေလို့တော့မဖြစ်ဘူးနော် တော်ကြာ မေမေတစ်ခုခုလုပ်လာယင်ခက်နေမယ်"

"စိတ်ချပါညီမရယ်"

လီအင်းက တုကုဖုံးအားစိုက်ကြည့်လိုက်၏။

သူ့အပေါ်ထားရှိသည့်တုကုဖုံး၏မေတ္တာတရားကား ကြီးမား လှသည်။

သူမအနစ်နာခံဘို့ဆုံးဖြတ်လိုက်သည်ကို လီအင်းအံ့ဩ မဆုံး ဖြစ်နေတော့သည်။

တုကုဖုံးက. .



"ကျွန်မသွားမယ် အစ်ကိုလည်းသိပ်ပြီးမှိုင်တွေမနေနဲ့ဦး ဝိဝိ ရိရိရှိမှဖြစ်မှာ"

"စိတ်ချပါ ညီမရယ်"

တုကုဖုံးက နှုတ်ဆက်ကာထွက်သွားလေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

# လမ်းခွဲ

သုံးရက်. . .။

နောက်သုံးရက်အကြာ လမိုက်ညတစ်ညတွင် လီအင်းနှင့် တုကုဖုံးတို့သည် သိုင်းတံခွန်ဂိုဏ်းမှ ထွက်လာခဲ့ကြသည်။

ညစာစားပြီးနောက်အခြေအနေကြည့်ကာ တိတ်တဆိတ် ထွက်လာခဲ့ခြင်းဖြစ်သည်။ ကြိုတင်စီစဉ်ထားခြင်းကြောင့် အနှောင့် အယှက်ကင်းစွာ ထွက်လာနိုင်ခဲ့ကြခြင်းဖြစ်သည်။

သိုင်းတံခွန်ဂိုဏ်း၏ ပိုင်နက်မှ လွတ်မြောက်ရလေအောင် တစ်ညဥ့်လုံးမရပ်မနား ခရီးပြင်းနှင်ခဲ့ကြသည်။

ထိုသို့ လုံးလဝီရိယ စိုက်ပြီးခရီးနှင်ခဲ့ခြင်းကြောင့် နံနက်မိုး လင်းသောအခါ သိုင်းတံခွန်ဂိုဏ်း၏ ပိုင်နက်အပြင်ဘက်သို့ရောက် ရှိသွားကြလေတော့သည်။

သိုင်းတံခွန်ဂိုဏ်း. . .။

သိုင်းတံခွန်ဂိုဏ်းသည် အဝေးတွင်ကျန်ရစ်ခဲ့ပြီဖြစ်သည်။ **လီအင်းနှင့်တုကုဖုံး** တို့မှာ သိုင်းတံခွန်ဂိုဏ်းမှလွတ်မြောက်လာခဲ့ကြ ပြီဖြစ်သည်။

လီအင်းဝမ်းသာနေသည်။

သိုင်းလောကထဲ၌ ကျင်လည်ကျက်စားကာ အများအကျိုး သိုင်းလောကအကျိုးကို သည်ပိုးဆောင်ရွက်နိုင်တော့မည်မဟုတ်ပါ လား။



သို့သော်. . .

တုကုဖုံးအတွက်ကား စိတ်မကောင်းဖြစ်မိသည်။ တုကုဖုံး သည် သိုင်းတံခွန်ဂိုဏ်း၌ သခင်မလေးအဖြစ် ပူပင်ကြောင့်ကျမှုကင်းစွာ နေထိုင်နိုင်ခဲ့သည်။

သိုင်းလောကသို့လိုက်လာသောအခါအနေအစား ဆင်းရဲပြီး အစစအရာရာ ပြည့်စုံမှုရှိမည်မဟုတ်ချေ။ ထို့ကြောင့် သူမအတွက် စိတ်မကောင်းဖြစ်ရခြင်းပင်။

"အင်း. . . ညီမတုကုဖုံး ကိုဗိုက်ခွပေးမိသလိုဖြစ်နေပြီ အတတ် နိုင်ဆုံး သူ့စိတ်ချမ်းသာမှုရအောင်ကြိုးစားသွားရတော့မှာပဲ"

သူ့အပေါ် အနစ်နာခံကာ ချစ်မြတ်နိုးခဲ့သောတုကုဖုံး အတွက် ပြန်လည်ပေးဆပ်သွားရန် လီအင်း ဆုံးဖြတ်လိုက်သည်။

နှစ်ယောက်သား ခရီးဆက်လာရင်း မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြလေသည်။

မြို့ကလေးမှာ စည်ကား သိုက်မြိုက်နေပါသည်။ နှစ်ယောက် သား မြို့ထဲဝင်ကာ စားသောက်ဆိုင်တစ်ဆိုင်၌ စားသောက်ကာအနား ယူလိုက်လေသည်။

"ငါက သိုင်းလောကထဲ လျှောက်သွားနေပြီး သူ့ကိုတကောက် ကောက်နဲ့ ခေါ်သွားလို့မဖြစ်သေးဘူး"

တုကုဖုံးအတွက်နေရာထိုင်းခင်းတစ်ခု စီစဉ်ပေးဘို့အရေး ကြီးကြောင်း တွေးမိသည်။

ထိုစဉ်. . .

လူတစ်စု စားသောက်ဆိုင်ထဲသို့လှမ်းဝင်လာကြသည်။ ထိုသူ များမှာ သိုင်းလောကသားများဖြစ်ပြီး အော်ကြီးဟစ်ကျယ် ပြောဆိုကာ ဝင်ရောက်လာကြခြင်းဖြစ်သည်။

သူတို့၏စကားသံများကို တစ်ဆိုင်လုံး အတိုင်းသားကြားနေ

www.burmeseclassic.com

www.burmeseclassic.com



ရလေတော့သည်။

"ကိုရှောင်ဟာ သိုင်းဆရာလင်းထုန်ရဲ့တပည့်ပဲကွ. . ။ သူရဲ ကောင်းတစ်ယောက်ဖြစ်တာ မဆန်းပါဘူး၊ ဖြစ်ထိုက်တာပေါ့"

"ဝူတန်းဂိုဏ်းကိုကူညီခဲ့ပေမယ့် ခုနစ်စင်ကြယ်ကျမ်းကို စိတ်နဲ့ တောင်ပစ်မှားခဲ့တာမဟုတ်ဘူးဗျ"

"သူသာ ခုနစ်စင်ကြယ်ကျမ်းကိုအပိုင်စီးချင်တယ်ဆိုရင် ချင်းယီရသေ့လက်ထဲက ဟသာကလေးယူသွားလို့ရတာပဲ သူကယူမ သွားတဲ့အပြင် ချင်းယီရသေ့ကိုတောင် ကာကွယ်ပေးခဲ့သေးတယ်"

"ဒါကြောင့် ဝူတန်းဂိုဏ်းချုပ်ဟာ အစဉ်အလာကို ဖောက် ဖျက်ပြီး အပြင်လူဖြစ်တဲ့ကိုယ်ရှောင်ကို ခုနစ်စင်ကြယ် သိုင်းကျမ်းကို အချိန်မရွေးလာရောက်လေ့လာနိုင်တယ်လို့ခွင့်ပြုခဲ့တယ်"

စကားသံများတွင် ကိုရှောင်၏ အမည်ပါလာသဖြင့် လီအင်း စိတ်ဝင်စားသွားသည်။

တုကုဖုံးကလည်း နားစွင့်နေမိသည်။

ဝူတန်းဂိုဏ်းနှင့်ခုနစ်စင်ကြယ် သိုင်းကျမ်းအကြောင်းလည်း ပါဝင်နေသည် မဟုတ်ပါလား။

ထိုလူများသည်စားပွဲတစ်လုံး၌ထိုင်ကာ စားသောက်ဖွယ်ရာ များမှာကြားစားသောက်ကြပြန်သည်။

"နေပါဦးဝူတန်းဂိုဏ်းရဲ့ အရှေ့ဆောင်ထဲကို တိတ်တဆိတ်ခိုး ဝင်ပြီး ခုနှစ်စင်ကြယ်ကျမ်းခိုးယူသွားတဲ့လူတွေဟာ သိုင်းတံခွန်ဂိုဏ်း က လူတွေရဲ့လက်ချက်ဆိုတာ အမှန်လား"

"ဟာ . . . သေချာတာပေါ့၊ ဝူတန်းဂိုဏ်းကို ဒုက္ခပေးရဲတာ သိုင်းတံခွန်ဂိုဏ်းက လူတွေကလွဲပြီး ဘယ်သူများရှိဦးမှာလဲ"

"သိုင်းတံခွန်ဂိုဏ်းဟာ အကျင့်ပျက်တဲ့'စုယီ'ရသေ့ကို သိမ်း သွင်းပြီး သိုင်းကျမ်းကို ခိုးယူသွားတယ်၊ ဒါပေမယ့် အရှေ့ဆောင်မှူး



ကျို့ရသေ့နဲ့ချင်းယီရသေ့တို့ကခိုးယူထွက်ပြေးသွားတဲ့ လူတွေကို လိုက်ရှာပြီးဆုံးမနိုင်ခဲ့ကြတယ် သိုင်းကျမ်းကို အချိန်မီ ပြန်လည်ရယူ နိုင်ခဲ့တယ်"

ထိုလူများ၏စကားများကြားလျှင် ဝူတန်းဂိုဏ်းနှင့် သိုင်းတံခွန် ဂိုဏ်း၏ အဖြစ်ပျက်များကို လီအင်းကောင်းစွာနားလည် သဘော ပေါက်သွားလေတော့သည်။

တုကုဖုံးကား မျက်နှာပျက်နေ၏။

သိုင်းလောကသားများသည် ခက်ထန်မောက်မာသော ဂိုဏ်းချုပ် တုချင်းယင်းကြောင့် သိုင်းတံခွန်ဂိုဏ်းအား သဘော မကျ ကြချေ၊ မုန်းတီးနေကြသည်၊ သိုင်းတံခွန်ဂိုဏ်းသည် အမှန်အတိုင်း လည်း သိုင်းလောကနှင့်ဆန့်ကျင်သည့် ဂိုဏ်းဖြစ်နေသည်။

ယခု. . .

ဝူတန်းဂိုဏ်းနှင့်ပတ်သက်ပြီး အမှားများကျူးလွန်မိလေ သောအခါ ပို၍သဘောမကျနိုင်အောင်ဖြစ်နေကြ၏။

သိုင်းတံခွန်ဂိုဏ်းသည် တစ်ချိန်တွင် စကြာသိုင်းသမားကဲ့သို့ သိုင်းလောကအား ဒုက္ခပေးမည့်ဂိုဏ်း တစ်ခုဖြစ်သည်ဟုလည်း သတ် မှတ်လိုက်ကြလေတော့သည်။

လီအင်းက တုကုဖုံးအားကြည့်လိုက်၏။

တုကုဖုံးအားငယ်စွာရှင်းပြသည်။ ဝန်လည်းဝန်ခံသည်။

"မေမေဟာ ဝူတန်းဂိုဏ်းက အကျင့်ပျက်ရသေ့ စုယီနဲ့ အဆက်သွယ်ရှိတယ်ဆိုတာအမှန်ပါပဲ"

လီအင်းရင်မောသွား၏။

ဝူတန်းဂိုဏ်းမှ ခုနှစ်စင်ကြယ်သိုင်း ကျမ်းအား ခိုးယူခဲ့သည့် ကိစ္စ၌ သိုင်းတံခွန်ဂိုဏ်းပါဝင်ပါတ်သက်နေသည်မှာ အမှန်ပင်ဖြစ်နေပြီ၊ အပြစ်ကျူးလွန်မိခဲ့ပြီးဖြစ်ရာ သိုင်းတံခွန်ဂိုဏ်း သိုင်းလောကမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ရပ်တည်သွားဖို့ များစွာခက်ခဲသွားပြီဖြစ်ကြောင်းသဘောပေါက်မိလိုက်ကြ၏။

"အစ်ကိုသွားကြရအောင်"

လီအင်းသည်ဆိုင်ထဲ၌ဆက်လက်နေပါက တုကုဖုံးအားငယ်နေမည်ကို စိုးရိမ်မိသည်။

"ကောင်းပါပြီ"

နှစ်ယောက်သား စားသောက်ဆိုင်ထဲမှထွက်လာခဲ့ကြလေတော့သည်။

လီအင်းနှင့်တုကုဖုံး တို့စားသောက်ဆိုင်မှထွက်ကာ မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ကြ၏။

နှစ်ယောက်စလုံးစိတ်ပျက်လက်ပျက်ဖြစ်နေကြသည်။

စကားလည်းမပြောနိုင်အောင်ဖြစ်နေကြ၏။

အတန်ကြာအောင်လျှောက်လာခဲ့ကြပြီး တစ်နေရာသို့အရောက်တွင်. . .

"ရပ်လိုက်စမ်း"

အော်ငေါက်တားမြစ်သံများနှင့်အတူ ပြေးလိုက်လာသောခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ လီအင်းနှင့် တုကုဖုံးတို့ခြေလှမ်းရပ်ကာလှည့်ကြည့်လိုက်လျှင် စားသောက်ဆိုင်၌တွေ့ခဲ့ရသော သိုင်းလောကသားများလိုက်လာကြခြင်းဖြစ်သည်ကိုတွေ့ရသည်။

ထိုလူများသည် အနီးသို့ရောက်လာပြီးချက်ခြင်းဝိုင်းရံထားလိုက်ကြလေသည်။

"အစ်ကို. . ."

တုကုဖုံးကလှန့်ခနဲခေါ်ယင်းလီအင်း၏လက်မောင်းကိုဆုပ်ကိုင်ထားလိုက်သည်။



လီအင်းကသူမအား ကျောနှင့်ကပ်ထားလိုက်သည်။ ဝိုင်းရံထားကြသည့် သိုင်းလောကသားများကိုလည်း မေးလိုက်၏။

"ဘာကြောင့်များ ကျွန်တော်တို့ကို နှောင့်ယှက်ရတာလဲဗျ"

ထိုလူစုထဲမှ တစ်ယောက်က. . .

"ဘာကြောင့်လည်း ဟုတ်လား၊ မင်းတို့ဘာလုပ်ခဲ့ကြတယ်ဆိုတာ ကိုယ့်ကိုကိုယ်မသိဘူးလား"

"ဗျာ. . ."

"မင်းတို့သိုင်းတံခွန်ဂိုဏ်းကလူတွေဟာ ဝူတန်းဂိုဏ်းကို ဒုက္ခပေးခဲ့ကြတယ်၊ နောက်ထပ် သိုင်းလောကကို ဒုက္ခပေးကြဦးမှာပဲမဟုတ်လား"

"ဟာ. . . ကျုပ်က. . ."

အပိုတွေပြောမနေနဲ့၊ ဟိုမိန်းကလေးဟာ သိုင်းတံခွန်ဂိုဏ်းက သခင်မလေးတုကုဖုံးဆိုတာ ကျုပ်တို့သိထားတယ်"

"တုကုဖုံး တော်တော်ရက်စက်တယ် သူ့ကိုမလွှတ်စေနဲ့"

"ဝိုင်းတိုက်ကြဟေ့"

ကျန်လူများကလည်း တစ်ယောက်တစ်ခွန်း ဝင်ပြောကာတိုက်ခိုက်လာကြလေတော့သည်။

"ခင်ဗျားတို့ မဆင်မခြင်မလုပ်ကြပါနဲ့"

လီအင်းက ပြောရင်း တားထားလိုက်၏။

တုကုဖုံးမျက်စိမျက်နှာပျက်နေပြီးသူမ၏အပေါ်၌ အန္တရာယ်ကျရောက်လာမည်ကို စိုးရိမ်သောကြောင့် လက်ဝါးနှစ်ဖက်အသုံးပြုကာ တိုက်ခိုက်ပစ်လိုက်လေသည်။

လမ်းပေါ်၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာသည်။

လီအင်း ရင်ထိတ်သွားသည်။

သိုင်းလောကသားများနှင့် ပြဿနာဖြစ်သွားမည်ကို မလို

www.burmeseclassic.com



လားပါ။

ပြဿနာဖြစ်ပွားပြီဆိုလျှင် ရှင်းဖို့ခက်ကြောင်း ကောင်းစွာ သဘောပေါက်ထားလေသည်။

ထို့ကြောင့် . . .

"ညီမ . . . မလုပ်နဲ့ . ."

ကပျာကယာ ဟန့်တားလိုက်မိသည်။

တုကုဖုံးလည်း သတိဝင်လာသည်။

လီအင်းသည် အထက်လမ်းသိုင်းသမားတစ်ယောက်ဖြစ်သဖြင့် သိုင်းလောကသားများနှင့် ပြဿနာဖြစ်သွားရမည်ကို လိုလားမည်မဟုတ်ကြောင်း သဘောပေါက်လိုက်သည်။

ထို့ကြောင့် ဆက်၍တိုက်ခိုက်ခြင်းမပြုပဲ နောက်ဆုတ်လိုက်၏။

ထိုအချိန်မှာပင် . . .

"မင်း ဘယ်ပြေးမလဲ"

သိုင်းသမားများကအော်ငေါက်ကာတရကြမ်း တိုက်ခိုက်လိုက်ကြတော့သည်။

နောက်ဆုတ်လိုက်သောတုကုဖုံးအကြပ်ရိုက်သွား၏။ ခုခံရန်ကြိုးစားလိုက်သော်လည်းနောက်ကျသွားလေတော့သည်။

"ဝုန်း"

"အား"

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာ၏။

သိုင်းသမားများ၏လက်ချက်မိသွားသော တုကုဖုံးမှာ အဝေးသို့လွင့်စင်သွားတော့သည်။

"ညီမ . . ."

လီအင်းသည် ထိတ်လန့်က ကပျာကယာပြေး၍ဖေးမလိုက်



သည်။

"တစ်ယောက်မှ မလွတ်စေနဲ့ဟေ့"

ထိုသိုင်းသမားများသည် လီအင်းကိုမသိပဲ ထပ်မံ တိုက်ခိုက်ဘိုကြိုးစားကြသည်။

လီအင်းမှာ တုကုဖုံးအတွက်စိတ်ပူနေခြင်းကြောင့် သိုင်းသမားများအား ဂရုမထားနိုင်တော့ပါ။

သိုင်းသမားများကြောင့်လီအင်းပါဒုက္ခရောက်ရမည့် အခြေအနေဖြစ်ပေါ်လာသည်။

ထိုအချိန်မှာပင် . . .

"ဟူး . . . ဟူး . . . ဟူး"

အဝတ်အစားလေတိုးသံများထွက်ပေါ်လာကာ လူရိပ်သုံးခု ပြေးလွှားရောက်ရှိလာကြသည်။

ထိုလူရိပ်သုံးခုသည် သိုင်းသမားများအား ဟန့်တားတိုက်ခိုက်လိုက်ကြသည်။

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။

လူရိပ်များရောက်သွားပြီး . . .

"အား . . ."

"အွန့် . . ."

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာလေသည်။ သိုင်းသမားများမှာချက်ချင်း ဖရိုဖရဲဖြစ်သွားကြလေသည်။

ရောက်ရှိလာ သူသုံးယောက်သည်နောက်ဆုတ်သွားသော သိုင်းသမားများအား အလွတ်မပေးပဲ လိုက်လံ တိုက်ခိုက်ရင်း လိုက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများမှာ ထိုလူသုံးယောက်ကိုလုံးဝ မယှဉ်နိုင်ကြချေ။

ခုခံရင်ဆိုင်သူများသည်စူးရှစွာအော်ဟစ်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြ၏။

မဟန်မှန်းသိလို့ ထွက်ပြေးဖို့ကြိုးစားသူများမှာလည်း လွတ်အောင်မပြေးနိုင်ပဲ သုတ်သင်ရှင်းလင်းခံလိုက်ကြရလေသည်။

တိုက်ပွဲမှာ ကြောက်ခမန်းလိလိပြင်းထန်သွား၏။

သို့သော်. . .

မျက်စိတမှိတ်အတွင်း လျှပ်တစ်ပြက်အတွင်းမှာပင် ပြီးဆုံးသွားသည်။

တိုက်ပွဲပြီးဆုံးသွားသောအခါ သိုင်းသမားများ၏ အလောင်းများမှာမြေပေါ်၌ပြန့်ကျဲသွားတော့သည်။

လီအင်း ပါးစပ်အဟောင်းသားဖြစ်နေ၏။

သိုင်းသမားများသေဆုံးသည်ကို မယုံနိုင်စွာကြည့်နေမိသည်။

တိုက်ပွဲကို တားဆီးချိန်မရလိုက်ပါ။

အလွန်လျင်မြန်စွာ ဖြစ်ပျက်သွားခဲ့သည်မဟုတ်ပါလား။ တုကုဖုံးဂိုဏ်းရာရရှိသော်လည်းစိုးရိမ်စရာ မရှိပါချေ။

သူမသည်လူးလိမ့်ထလိုက်ကာ နှုတ်ခမ်းထောင့်မှ သွေးများကို သုတ်ပစ်လိုက်သည်။

တစ်ဖန်. . .

"သူတို့လိုက်လာကြပြီ"

လွတ်ခနဲပြောလိုက်မိလေ၏။

သိုင်းလောကသားများအားတိုက်ခိုက်လိုက်သူ သုံးယောက်မှာ သိုင်းတံခွန်ဂိုဏ်းချုပ်တုချင်းယင်၏ ကိုယ်ရံတော် များဖြစ်ကြသည့်



ကျင်းဝါး၊ကျင်းလင်နှင့်ကျင်းမေတို့ဖြစ်နေသတည်း။

သူတို့သုံးယောက်သည်တုကုဖုံးတို့ထွက်ပြေးသွားမှန်းသိ၍ လိုက်လာကြခြင်းဖြစ်သည်။

လီအင်းလည်းစိတ်ပျက်သွားသည်။

"ညီမ နောက်ဆုတ်လိုက်ပါ"

ရှေ့သို့ ထွက်ကာ ကျင်းဝါးတို့နှင့် ရင်ဆိုင်လိုက်သည်။

ကျင်းဝါး၊ ကျင်းမေ နှင့်ကျင်းလင်တို့သည် လီအင်းကိုဝိုင်းရံထားလိုက်ကြ၏။

"မင်းတော်တော်ဆိုးပါလား"

"သခင်မကြီးကမင်းကိုခွင့်လွှတ်လိုက်လျှောခဲ့တယ်၊ မင်းကတော့ သခင်မကြီးကိုစော်ကားမော်ကားလုပ်တယ်ပေါ့၊ ဟုတ်လား"

"သခင်မကြီးခိုင်းတာကိုမလုပ်တဲ့အပြင် သိုင်းတံခွန်ဂိုဏ်းကိုဖျက်ဆီးဖို့ ကြိုးစားခဲ့သေးတာပဲ၊ မင်းကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး။

ကျင်းဝါးတို့ သုံးယောက်မှာ တုချင်းယင်၏ အမိန့်ကို တစ်သဝေမတိမ်း လိုက်နာကြသူများဖြစ်သည်။

သိုင်းပညာမခေကြသည်အပြင် သိုင်းလောကသားများအပေါ်၌ သဘောထားဆိုးကြသူများဖြစ်သည်။

လီအင်းက . . .

ကျုပ်က သိုင်းလောကကို ဒုက္ခပေးရမယ့်အလုပ်မျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူးဆိုတာမြဲမြဲမှတ်ထားပါ။

မျက်နှာထားတင်းတင်းဖြင့်ပြောလိုက်၏။

ကျင်းဝါးက . . .

"မင်းကို အားကိုးရမယ်လို့ သခင်မကြီးယူဆခဲ့တာ မှားယွင်းနေပြီပေါ့. . .။

www.burmeseclassic.com

www.burmeseclassic.com



" အားမကိုးရတဲ့အပြင် သစ္စာဖောက်ဖြစ်နေပြီ"

"မင်းကို သခင်မကြီးကတော့ ခွင့်လွှတ်တော့မှာ မဟုတ်ဘူး. . "

ကျောင်းမေနှင့် ကျောင်းဝါးတို့လည်း ဝင်ပြောဆိုကြသည်။

လီအင်းမှာ မည်သို့ပြောရမှန်း မသိအောင် ဖြစ်နေပါတော့သည်။

ထိုစဉ် . . .

"အစ်ကိုက သိုင်းလောကကို ဒုက္ခမပေးချင်လို့ပါ။ သူက သိုင်းလောကကိုလဲ ဒုက္ခမပေးချင်ဘူး၊ သိုင်းတံခွန်ဂိုဏ်းကိုလဲ ဒုက္ခမပေးချင်ဘူး. . . "

တုကုဖုံးက ပြောယင်းရှေ့သို့ လှမ်းထွက်လာ၏။

" သခင်မလေးကို သခင်မကြီးက ပြန်ခေါ်ခိုင်းလိုက်ပါတယ်"

"ဟုတ်ပါတယ်၊ သခင်မလေးပြန်လိုက်ခဲ့ပါ"

သိုင်းတံခွန်ဂိုဏ်းအပေါ် သစ္စာမရှိတဲ့ လူကို ဘာမှ သံယောဇဉ်တွယ် တာနေစရာမလိုပါဘူး. . ."

တုကုဖုံးက ငြင်းလိုက်လေ၏။ သူမ၏ အချစ်သည် ပြတ်သားလှ၏။

" ကျွန်မ ပြန်မလိုက်နိုင်ပါဘူးရှင်"

ကျောင်းဝါးက

သခင်မကြီးစိတ်ဆိုးသွားပါလိမ့်မယ် ပြန်လိုက်ခဲ့ပါ။ သခင်မလေး. . .။ သခင်မကြီးရဲ့ စိတ်ဓါတ်ကိုလဲ သခင်မလေး သိပါတယ်. . ."

ပြောရင်း ရှေ့တိုးလာ၏။

လီအင်းက. . .

" တောင်းပန်တယ်ဗျာ. . ခင်ဗျားတို့ပြန်သွားကြပါတော့. . .



ကျောင်းဝါးတို့သည် လီအင်းကို သဘောမကျနိုင်အောင် ဖြစ်နေကြပါသည်။

ထို့ကြောင့်

"မင်း ဘာဝင်ရှုပ်တာလဲ"

"သေချင်ပြီထင်တယ်"

"မင်းကို သတ်ပစ်ဖို့ သခင်မကြီးအမိန့်ပေးလိုက်တယ်ဆိုတာ မှတ်ထားပါ၊ မင်းရဲ့ အပြစ်ဟာ သေဒဏ်ပဲ. . ."

ဝိုင်းဝန်းအော်ဟစ်ပြီး တိုက်ခိုက်လိုက်ကြလေတော့သည်။

လမ်းပေါ်၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာပြန်လေတော့သည်။

လီအင်း အခက်ကြုံသွား၏။

ပြန်လည်တိုက်ခိုက်လိုက်လျှင် တုချင်းယင် ပို၍စိတ်ဆိုးစရာဖြစ်သွားပေမည်။

တိုက်ခိုက်ခြင်းမပြုလျှင်လည်း ကျောင်းဝါးတို့၏ လက်ချက်ဖြင့် ဒုက္ခရောက်သွားနိုင်သည်။

ထို့ကြောင့် ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်ရသည်။ တုကုဖုံးမှာ ကျောင်းဝါးတို့ သုံးယောက်၏ စိတ်နေသဘောထားကို သိလာသဖြင့် ရင်ထဲထိတ်သွားပြီး ကပျာကယာ ဟန့်တားလိုက်သည်။

" မလုပ်နဲ့ "

သူမသည် ရှေ့သို့ခုန်ထွက်ကာ ကျောင်းဝါးတို့နှင့် ရင်ဆိုင်လိုက်လေသည်။

ကျောင်းဝါးတို့ သုံးယောက်သည် တုကုဖုံးကြောင့် ကပျာကယာ နောက်ဆုတ်လိုက်ကြသည်။

" သခင်မလေး "

www.burmeseclassic.com

www.burmeseclassic.com



တုကုဖုံးက. . .

"အစ်ကို့ကို ရန်စကြမယ်ဆိုရင်တော့ ကျွန်မ သည်းခံမှာ မဟုတ်ဘူးဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပါရစေရှင်။

ကျင်းဝါး စိတ်ပျက်သွားသည်။

" သခင်မလေး . . . ဘာကြောင့် စိတ်ပြောင်းသွားရတာလဲ။ သူဟာ ကူညီမယ့်လူမဟုတ်ဘူး။ ဒုက္ခပေးမယ့်လူဆိုတာ သခင်မလေး မစဉ်းစားနိုင်တော့ဘူးလား. . ."

တုကုဖုံးက . . .

"ဘာပဲဖြစ်ဖြစ် အစ်ကိုကို့ ရန်စမယ့်လူဟာ ကျွန်မရဲ့ ရန်သူပဲ ရှင်"

ကျင်းဝါးတို့ သုံးယောက်သည် လီအင်းအား မကျေမနပ်ဖြင့် လှမ်းကြည့်လိုက်ကြသည်။

"မင်းဟာ မြွေတစ်ကောင်ပဲ. ."

လီအင်းလည်း မည်သို့ပြုလုပ်ရမှန်း မသိဖြစ်နေ၏။ တုကုဖုံး အတွက် စိတ်မကောင်းဖြစ်နေသည်။

မိခင်နှင့် ခင်ပွန်းသည်တို့ နှစ်ယောက်ကြား၌ ဗျာများ နေရသည် မဟုတ်ပါလား. . .

တုကုဖုံးက . . .

" ကျွန်မတို့သည် နေရာက အေးအေးဆေးဆေး ထွက်သွားပါရစေ၊ မနှောင့်ယှက်ပါနဲ့ရှင်. ."

သူမသည် လီအင်းဘက်သို့ လှည့်ကာပြောလိုက်၏။

"အစ်ကို ကျွန်မတို့ သွားကြပါစို့. ."

"ကောင်းပြီ . . ."

ထိုနောက် နှစ်ယောက်သား ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။



ကျင်းဝါးတို့ လက်မခံကြပါ။

သုံးယောက်သား လမ်းပိတ်ထားလိုက်ကြသည်။

တုကုဖုံးက. . .

"လမ်းဖယ်ပေးရင် ကောင်းမယ် . ."

ကျင်းဝါး ခေါင်းခါယမ်းလိုက်သည်။

" ဝမ်းနည်းပါတယ် သခင်မလေး"

တုကုဖုံးက

" ဒါဖြင့် ကျွန်မနဲ့ ရင်ဆိုင်တိုက်ခိုက်ကြမယ်ဆိုတဲ့ သဘောပေါ့. . ."

"သခင်မလေးကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အရပြန်ခေါ်လာဖို့ သခင်မကြီး အမိန့်ပေးလိုက်ပါတယ်. ."

" ဪ"

တုကုဖုံး ခါးထောက်လိုက်သည်။

" ကျွန်မ မလိုက်ဘူးလို့ ပြောပြီးပြီပဲ"

" ဒါဆိုရင် သခင်မလေး ခွင့်လွှတ်ပါ"

စကားဆုံးလျှင် ကျင်းဝါးက စတင်တိုက်ခိုက်ကြပေတော့သည်။

တုကုဖုံးလည်း အမှုမထားပဲ ပြန်လည်တိုက်ခိုက်လိုက် သည်။

ကျင်းလင်နှင့်ကျင်းမေတို့လည်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာကြသည်။

သုံးယောက်သားညှပ်ပူး ညှပ်ပိတ် တိုက်ခိုက်ကာ တုကုဖုံးအားဖမ်းဆီးရန် ကြိုးစားလိုက်ကြသည်။

တုကုဖုံးကလည်း အမှုမထားပဲ ပြန်လည်ရင်ဆိုင်၏။

လီအင်း မနေနိုင်တော့ပါချေ။

"ညီမ . . ကျုပ်ကူညီမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ပြောကာ တုကုဖုံး ဘက်မှပါဝင်တိုက်ခိုက်လေတော့သည်။

တိုက်ပွဲကြီး ထပ်ဖြစ်ပေါ်လာပြန်သည်။

တုကုဖုံး၏ သိုင်းပညာက လွန်စွာ ထက်မြက်ပါသည်။ လီအင်း၏ သိုင်းပညာမှာလည်း ဝါရင့်သိုင်းသမားကြီးများ၏ ချီးကျူးမှု ခံရသည်။

ထို့ကြောင့် . .

နှစ်ယောက်သား လက်တွဲ တိုက်ပွဲဝင်လိုက်လျှင် ကျင်းဝါးတို့ အခက်ကြုံသွားကြလေတော့သည်။

(ဒုတိယပိုင်းပြီး၏။)

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)
## ဇနီးသည်ကို ကိုးတွယ်ခြင်း

သိုင်းတံခွန်ဂိုဏ်းချုပ် တုချင်းယင်သည် သိုင်းလောကဦးထိပ်ဆုံးရောက်လိုပြီး သိုင်းလောကကို ခြေဖဝါးအောက်ထားကာ ခြယ်လှယ်လိုသူ ဖြစ်သည်။ သူသာသိုင်းဧကရာဇ်၊ သူသာ သိုင်းအဓိပတိဖြစ် လိုသူဖြစ်သည်။

ထို့ကြောင့် . . .

သိုင်းတံခွန်ဂိုဏ်း သိုင်းလောကသို့ ခြေချလိုက်သည်နှင့် ဝူတန်းဂိုဏ်းနှင့် ရင်ဆိုင်ခဲ့ရသည်။

ဝူတန်းဂိုဏ်း၏ ခုနစ်စဉ်ကြယ် သိုင်းပညာက တုချင်းယင်၏ အကြံအစည်ကို ပျက်ပြားသွားစေခဲ့သည်။ တုချင်းယင် မကျေနပ်ဖြစ်ခဲ့ပြီး နောက်ထပ်တစ်ကြိမ်ကြိုးစားကြည့်ပြန်ရာ ထပ်မံအရေးနိမ့်သွားပြီး သိုင်းလောကသို့ မထွက်တော့ပေ။ သူ၏ သိုင်းတံခွန်ဂိုဏ်းဌာနတွင်သင် ခိုအောင်နေခဲ့သည်။

ဝူတန်းဂိုဏ်း၏ ခုနစ်စင်ကြယ် ပညာကို ဖျက်ဆီးပစ်ဖို့ကား သူမ အမြဲကြံစည်နေခဲ့သည်။

နည်းလမ်းအမျိုးမျိုးအသုံးပြုခဲ့သည်။ သူမဤသို့ကြိုးစားခဲ့ခြင်းကြောင့်. . .

ရှပ်ထွေးပွေလီကာ ဝမ်းနည်းကြေကွဲဘွယ်ကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်များ မြင်ပေါ်လာလေတော့သည်။

တိုက်ပွဲ . . .

လမ်းမပေါ်မှာ တိုက်ပွဲ . . .

တိုက်ပွဲပြင်းထန်နေပါသည်။

လီအင်းနှင့် တုကုဖုံးတို့က လက်တွဲကာ ကိုက်ပွဲဝင်နေကြသည်၊

သူတို့နှစ်ယောက်၏ ထက်မြက်သော သိုင်းပညာကြောင့် ကျောင်းဝါးတို့ သုံးယောက် ကြာကြာမခံနိုင်ကြပါတော့ချေ။

ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြပြီး မကြာမီ

ဝုန်း . . . ဝုန်း

ကျယ်လောင်သော အသံများထွက်ပေါ်လာကာ ကျောင်းဝါးတို့ သုံးယောက် အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

တုကုဖုံးနှင့် လီအင်းတို့က ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်ကြသည်။

ကျောင်းဝါးတို့ လူလိမ့်ထလိုက်ကြ၏။

သူတို့မကြေမနပ်ဖြစ်နေကြသည်။

ကျောင်းဝါးက ဒေါသသံဖြင့် ပြောလေ၏ ။

"သခင်မလေးကို သခင်မကြီးက ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်ဘူး"

တုကုဖုံး မျက်နှာပျက်သွားသည်။

မိခင်ကြီးအားဆန့်ကျင်လိုက်ခြင်းကြောင့် ဝမ်းနည်းနေမိသည်။ ဤကား သားသမီးများ၏ သဘာဝပင်။

"ကျွန်မဟာသမီးမိုက်တစ်ယောက်ပါ၊ မေမေ့ကို တောင်းပန်ပါတယ်လို့ပြောပေးပါ"

ကျောင်းဝါးက အခဲမကြေသံဖြင့် ပြောလိုက်သည်။



"သခင်မလေးနောက်မှ နောင်တမရပါနဲ့"

သူမသည် လီအင်းကို ဒေါသတကြီးကြည့်လိုက်၏။

"သခင်မကြီးက ခွင့်လွှတ်လိမ့်မယ်လို့ ဘယ်တော့မှ မထင်နဲ့၊ မင်းဟာ သေဒဏ်နဲ့ ထိုက်တန်တဲ့လူပဲ"

လီအင်း သက်ပြင်းချကာ မျက်နှာလွှဲထားလိုက်သည်။

"သွားစို့ . . ."

ကျောင်းဝါးသည် ကျောင်းလင် တို့ကို ပြောကာ ပြေးထွက်သွားသည်။ကျောင်းမေနှင့် ကျောင်းလင် တို့လည်းပြေးလွှား လိုက်သွားကြရာ တစ်ခဏအတွင်းမှာပင် ပျောက်ကွယ်သွားကြ၏။

လီအင်းနှင့် တုကုဖုံးတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြလေသည်။

လမ်းပေါ်၌ ကျောင်းဝါးတို့၏ လက်ချက်မိသွားသော သိုင်းလောကသားများ၏ အလောင်းများပြန့်ကျဲနေလေသည်၊

လီအင်းသည် ကြာလျှင် နောက်ထပ် ပြဿနာပေါ်ပေါက်လာမည်ကို စိုးရိမ်မိလေ၏။

"အစ်ကိုတို့လည်းသွားမှ ဖြစ်မယ်"

လီအင်းကပြောလိုက်၏။

"ကောင်းပါပြီရှင် . . ."

တုကုဖုံးက သဘောတူလိုက်၏ ။

ထို့နောက် နှစ်ယောက်သား ခပ်သွက်သွက်ထွက်သွားကြသည်။

လီအင်းနှင့် တုကုဖုံးတို့သည် မြို့ကလေးမှ အလျှင်အမြန်ထွက်လာခဲ့ကြသည်။

ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကြောင့် နှစ်ယောက်သား မျက်နှာမကောင်းကြချေ။ အဖြစ်အပျက်များမှာ သူတို့[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ရေးမကောင်းမည့် အဖြစ်အပျက်များပင်။

သူတို့၏ အဖြစ်သည် အငိုလွယ်သလောက် အရှိုက်ခက်သလိုရှိနေပြီ မဟုတ်ပါလား။

နှစ်ယောက်သား အရှေ့စူးစူးသို့ တစိုက်မတ်မတ် ခရီးနှင်လာကြယင်း သာယာလှပသော တောင်ကုန်းလေးတစ်ခု အနီးသို့ ရောက်ရှိလာခဲ့ကြသည်။

ထိုစဉ်. . .

"ဒေါင် . . . ဒေါင်. . . ဒေါင်. . . ဒေါင်"

တောင်ကုန်းလေးပေါ်မှ ချိုလွင်သော ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်။

ဘုံကျောင်းလေးတစ်ခုရှိဟန်တူပြီး ဘုံကျောင်းသို့လာရောက်ဂါရဝပြုသူများက ခေါင်းလောင်းထိုးကာ အမျှအတမ်းပေးဝေခြင်း ဖြစ်ပုံရသည်။

သာယာချိုလွင်သော ခေါင်းလောင်းသံများကြားလိုက်ရလျှင် လီအင်းနှင့် တုကုဖုံးတို့တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်မိကြလေသည်။

နှစ်ဦးစလုံး ရင်ထဲ၌ အေးမြသွားသည်ဟု ခံစားလိုက်ကြရ၏။ စောစောက ရင်ထဲ၌ခံစားနေရသော အဖြစ်အပျက်များပင် တဒင်္ဂမေ့သွားကြ၏။

တုကုဖုံးက

"တော်တော်သာယာတာပဲနော်"

ပတ်ဝန်းကျင်ကိုဝေ့ယမ်းကြည့်ရင်း ပြောလိုက်မိသည်။

လီအင်းခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်နော်. . . အတော်ကိုသာယာတာပဲ"

သူတို့နှင့် မလှမ်းမကမ်း၌ တောင်ကုန်းလွှေပေါ်သို့တက်



သည့် လမ်းကလေးရှိနေ၏။

"တောင်ကုန်းပေါ်ကိုသွားကြမယ်"

တုကုဖုံးသဘောတူသည်။ သူသည် ဤပတ်ဝန်းကျင်ကို သဘောကျနှစ်ခြိုက်သည်။

"သွားကြတာပေါ့။ လာ. . ညီမ"

နှစ်ယောက်သား လမ်းကလေးအတိုင်းတောင်ကုန်းဆီသို့ဦးတည်သွားကြသည်။

တောင်ခြေသို့ရောက်လာသူများ အမောအပန်းဖြေနိုင်ရန် ကျောက်ထိုင်ခုံလေးများ ပြုလုပ်ထားသည် ကိုတွေ့ရသည်။

တုကုဖုံး ကျောက်ထိုင်ခုံတစ်လုံးဆီသို့သွားပြီး ထိုင်ချလိုက်သော အခါ တုကုဖုံးစိတ်ပြောင်းသွားသည်။

"ကျွန်မစိတ်ပြောင်းသွားပြီ တောင်ကုန်းပေါ်မတက်ချင်တော့ဘူး. . . "

လီအင်းက သူမစိတ်ရှုပ်ထွေးနေကြောင်း နားလည်ထားသူဖြစ်သည်။သူတို့၏ အဖြစ်က စိတ်မကောင်းစရာ ဖြစ်နေသည် မဟုတ်ပါလား။

"ကောင်းပြီလေ . . . ညီမသဘောပဲ'

သူကိုယ်တိုင်လည်း ကျောက်ခုံ၌ဝင်ထိုင်လိုက်၏။

ညှ

မွှေးကြိုင်သော တောပန်းရနံ့များ သယ်ဆောင်လာသည့် လေပြေလေညှင်းကလေးများက ဝေ့ယမ်းတိုက်ခတ်လာသည်။

လီအင်းတို့ အမောအပန်းပြေသွားသည် ဟုခံစားလိုက်ရသည်။ လီအင်းသည် တွေတွေကလေးဖြစ်နေသော တုကုဖုံး[illegible]လိုက်သည်။

"အစ်ကိုနဲ့ ပတ်သက်မိတာကြောင့် ညီမလည်း [illegible]

www.burmeseclassic.com



စိတ်သောကရောက်နေပြီနော်။ အစ်ကို မကောင်းတာပါကွယ်. . .”

တုကုဖုံး ခေါင်းငုံ့ ပြုံးလိုက်သည်။

“ကျွန်မနဲ့ပတ်သက်လို့အစ်ကိုစိတ်သောက ရောက်ရတာပါ ရှင်”

“ညီမရယ် . . .”

လီအင်းငြီးတွားလိုက်မိသည်။

တုကုဖုံးက

“ကျွန်မ. . . အစ်ကို့ကို ဒုက္ခမပေးသင့်ပါဘူး”

မေမေဟာ သူ့ရဲ့ဆုံးဖြတ်ချက်ကိုဘယ်တော့မှ ပြင်မှာ မဟုတ်ဘူးဆိုတာ သိထားလျက်နဲ့ အစ်ကို ဒုက္ခရောက်အောင် ကျွန်မလုပ်ခဲ့မိတယ်။

လီအင်းကမေးလိုက်မိ၏။

“ညီမ မေမေရဲ့ ဆုံးဖြတ်ချက်က. . .”

တုကုဖုံးက. . .

“သိုင်းလောကရဲ့ထိပ်ဆုံးကို ရောက်ရမယ်ဆိုတာပါပဲ. . .”

လီအင်းငိုင်သွားသည်။

တုကုဖုံးက

“မေမေဟာ အသက်သေချင်သေပါစေ သူဆုံးဖြတ်ထားတဲ့အတိုင်းဖြစ်အောင်လုပ်မယ့် လူဆိုတာကျွန်မသိပါတယ်၊ မေမေဟာ ဆုံး ဖြတ်ပြီးရင်အောင်မြင်အောင်လုပ်တတ်တယ် အစ်ကိုနဲ့ ကျွန်မကို လက်ထပ်ပေးဖို့သဘောတူလိုက်ကတည်းက အစ်ကို့ကို အသုံးချတော့မယ်ဆိုတာလည်း ကျွန်မရိပ်မိပါတယ်”

လီအင်းက နှစ်သိမ့်လိုက်လေသည်။

“ညီမရယ်ပြီးခဲ့တဲ့ ကိစ္စတွေကိုမေ့လိုက်ပါတော့ ရှေ့ဆက်ဘာလုပ်ကြမယ်ဆိုတာ စဉ်းစားကြတာပေါ့”



တုကုဖုံးက

“ဟုတ်ပါပြီရှင် ပြီးခဲ့တာတွေကို ပြန်စဉ်းစားနေရင် စိတ်မကောင်းဖြစ်ရုံပဲ ရှိမှာပါ။ မေ့ထားလိုက်တာကောင်းပါတယ်၊ ဒါထက် ရှေ့ခရီးဘယ်လိုဆက်မယ်လို့ အစ်ကိုစဉ်းစားထားသလဲဟင်”

လီအင်းသည် မပြောမဖြစ်၍ ပွင့်ပွင့်လင်းလင်းပြောလိုက်ရသည်။

“အစ်ကိုတို့သိုင်းလောက တစ်နံတစ်လျားသွားပြီး လည်ပတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးညီမရဲ့. . .”

တုကုဖုံး ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်အစ်ကို သိုင်းတံခွန်ဂိုဏ်းကို သိုင်းလောကသားတွေကသဘောမကျကြဘူး. . . ဒါကြောင့် ကျွန်မကိုတွေ့တာနဲ့ ဒုက္ခပေးဖို့ကြိုးစားကြမှာပဲ၊ ကျွန်မတို့ပြဿနာတွေဖြေရှင်းနေရတာနဲ့ အေးအေးချမ်းချမ်း နေရတော့မှာ မဟုတ်ဘူး. . .”

လီအင်းက. . .

“အစ်ကိုစိတ်မကောင်းပါဘူး ညီမရယ်. . .”

တုကုဖုံးက မျှော်လင့်တကြီးမေးလာသည်။

“အစ်ကို ကျွန်မတို့ သိုင်းလောကသားတွေနဲ့ဝေးတဲ့အေးချမ်းရာတစ်နေရာသွားနေရင်မကောင်းဘူးလား ဟင်. . .”

လီအင်း၏ကိုယ်ခန္ဓာဆတ်ခနဲ တုန်ခါသွားသည်။ သူကသိုင်းလောကထဲ၌ တစ်သက်လုံး ကျင်လည်ကျက်စားခဲ့သည် မဟုတ်လား. . .။

မည်သို့ဆိုစေ. . .

သူသည် လူပျိုလူလွတ်တစ်ယောက် မဟုတ်တော့ဘဲ အိမ်ထောင်သည် တစ်ယောက်ဖြစ်နေချေပြီ၊ သူ့ကိုအားကိုးတကြီး ပြုနေသော တုကုဖုံးကို ဂရုစိုက်ရတော့မည်မဟုတ်ပါလား. . .။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘယ်လိုသဘောရလဲဟင်"

တုကုဖုံးက ထပ်မေးလာသည်။

လီအင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းတာပေါ့ညီမရယ်၊ သိုင်းလောကသားတွေနဲ့ ဝေးဝေးရှောင်နိုင်မှ အေးအေးချမ်းချမ်းနေရမှာပဲ"

"အို. . . ဝမ်းသာလိုက်တာ အစ်ကိုရယ်"

လီအင်း သဘောတူလိုက်သဖြင့် တုကုဖုံးဝမ်းသာသွား၏။ လီအင်းသည် သူ့ကိုချစ်ခင်ကြောင်းသက်သေပြလိုက်ခြင်းပင်မဟုတ်ပါလား. . .။ နှစ်ယောက်သားအေးချမ်းသာယာသောဘဝတစ်ခု တည်ဆောက်နိုင်ကြမည်ဟုယုံကြည်ထားသည်။ သူမ၏ဘဝတွင် လီအင်းရှိလျှင်ပြည့်စုံပြီဟု ခံယူထားပုံလည်း ရှိလေသည်။

လီအင်းကလည်း စိတ်ထဲတွေးနေ၏။

"သူ့ကိုငါစောင့်ရှောက်ဖို့တာဝန်ရှိနေပြီ သူတစ်သက်လုံးစိတ်ချမ်းသာမှုရအောင် ငါကြိုးစားသွားရလိမ့်မယ်"

ထိုသို့ ဆုံးဖြတ်ချက်ချလိုက်သော အခါ နှစ်ယောက်စလုံး၏ စိတ်ထဲ ပေါ့ပါးသွားတော့သည်။

တုကုဖုံးက. . .

"ကျွန်မတို့မြောက်ပိုင်းကိုသွားကြရင်မကောင်းဘူးလား ဟင် မြောက်ပိုင်းမှာ နှင်းဖုံးနေတဲ့တောင်တန်းကြီး တွေရှိတယ် မဟုတ်လား. . ကျွန်မ သိပ်ရောက်ဖူးချင်တာပဲ. . ."

"စိတ်ချ ညီမသွားချင်ရင်အစ်ကို လိုက်ပို့ပေးပါမယ်၊ အစ်ကို တတ်နိုင်သမျှ ဒီအရပ်နဲ့ဝေးတဲ့နေရာကို သွားချင်ပါတယ်. . ."

တုကုဖုံးကား အဝေးဆုံးသို့သွားလိုနေခြင်းဖြစ်ပေတော့သည် လီအင်းကလည်းထောက်ခံနေသည်။

ထိုစဉ်. . .



"မင်းတို့နှစ်ယောက် ဘယ်ကိုမှ သွားလို့မရတော့ပါဘူး"

အေးတိအေးစက်စကားသံထွက်လာလေသည်။ လီအင်းတို့ကြည့်လိုက်ရာ အဘိုးအိုနှစ်ယောက်ဦးဆောင်သော လူတစ်စု ရောက်ရှိလာကြသည်ကို မြင်လိုက်ရသည်။

ထိုလူစုကိုမြင်လျှင်တုကုဖုံးမျက်နှာပျက်သွားလေတော့သည်။

အဘိုးအိုနှစ်ယောက်ဦးဆောင်လာသောလူစုသည် မလှမ်းမကမ်း၌ ရပ်တန့်ကာ မသိမသာ ဝိုင်းရံထားလိုက်သည်။

ဦးဆောင်လာသော အဘိုးအိုနှစ်ယောက်က ရှေ့သို့ ထွက်လာကြသည်။ ထိုအဘိုးအိုနှစ်ယောက်မှာ ထင်းယန်ဂိုဏ်းချုပ် ထင်းဖုံးနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြသည်။

သိုင်းတံခွန်ဂိုဏ်းက ထင်းယန်ဂိုဏ်းကို ဒုက္ခပေးခဲ့သဖြင့် မကျေမနပ်ဖြစ်နေကြသူများဖြစ်ကြသည်။ ဝဲဘက်မှ အဘိုးအိုမှာ ဆေးတံ"ရိုလို"ဟု သိုင်းလောကတွင်ထင်ရှားသောထိပ်သီးသိုင်းသမားကြီးတစ်ယောက်ဖြစ်သည် ။ ယာဘက်မှ အဘိုးအိုမှာလည်းခေသောသူမဟုတ်ပါ။ အတွင်းအားအလွန်ကောင်းပြီး သူ့လက်ဝါးနှစ်ဖက်ကို သံမဏိပမာ ပြင်းထန်မာကျောစွာ အသုံးပြုတိုက်ခိုက်တတ်သောကြောင့် "သံလက်ဝါး"ဟုကျော်ကြားနေသည့်"ဝေခန်း"ဖြစ်သည်။ ဆေးတံရိုလိုနှင့် သံလက်ဝါးဝေခန်းသည် အထက်လမ်းသိုင်းသမားများဖြစ်သော်လည်း တခါတရံစိတ်လိုက်မာန်ပါလုပ်ကိုင်ဆောင်ရွက်တတ်သဖြင့် သူတို့နှင့်ဆုံတွေ့လျှင်အားလုံးက သတိထားဆက်ဆံကြသည်။ ရိုလိုက ခပ်ထေ့ထေ့ပြောသည်။

"သိုင်းတံခွန်ဂိုဏ်းက သခင်မလေး သိုင်းလောကထဲ ဆင်းလာဝံ့သေးတယ်၊ ချီကျူးစရာပါပဲ"

တုကုဖုံးမှာ ထင်းယန်ဂိုဏ်းနှင့် ပြဿနာပေါ်ပေါက်ခဲ့ပြီး ဒဏ်ရာရရှိခဲ့ဖူးသည်ကို ရည်ရွယ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေခန်းက. . .

"သိုင်းတံခွန်ဂိုဏ်းက သိုင်းလောကပထမနေရာကို လိုချင်နေတယ်ဆိုရင် အရည်အချင်းကတကယ်ရှိမှ ဖြစ်မှာပေါ့၊ အရည်အချင်းမရှိပဲ ဝှတန်းသိုင်းကျမ်းကို လိုချင်နေတာတော့ ရယ်စရာကောင်းနေပြီ"

သူတို့သည် ဝှတန်းသိုင်းကျမ်းခိုးယူခံခဲ့ရသည့် ကိစ္စကိုလည်း သိရှိထားပုံ ရသည်။ အခြေအနေရှုပ်ထွေးသွားမည်ကို စိုးရိမ်သည့် လီအင်းက ချက်ချင်းရှေ့ထွက်ခါ ဖြေရှင်းလိုက်လေသည်။ သိုင်းလောက ထုံးစံအရ လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"ဆရာကြီးတို့နှစ်ယောက်ကို ကျွန်တော်လီအင်း ဂါရဝပြုပါတယ်. . ."

ရိလုံမျက်မှောင်ကုပ်သွားသည်။

"မင်းကလီအင်းဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"နေပါဦး. . . သိုင်းသမားလီအင်းဟာ ထိပ်တန်းအထက်လမ်း သိုင်းသမားတစ်ယောက်ဖြစ်ပြီး သိုင်းတံခွန်ဂိုဏ်းက သခင်မလေးနဲ့ ဘာလို့ပတ်သက်နေရတာလဲ"

"ကျွန်တော်သူနဲ့ လက်ထပ်လိုက်ပါပြီ"

ဝေခန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဘာကွ. . . သိုင်းလောကပျော် သိုင်းလေးဖော်က သိုင်းသမား လီအင်း မင်းဟာ သိုင်းတံခွန်ဂိုဏ်းက သခင်မလေးနဲ့ လက်ထပ်လိုက်ပြီ ဟုတ်လား"

လီအင်းက

"ဟုတ်ပါတယ်ခင်ဗျား"

"ဒါပေါ့ မင်းလည်းလူဆိုးတစ်ယောက်ဖြစ်သွားပြီးပေါ့ ဟုတ်လား"



"ဗျာ. . ."

"သိုင်းတံခွန်ဂိုဏ်းနဲ့ ပတ်သက်နေပြီဆိုရင် မင်းဟာ လူဆိုးတစ်ယောက်ဖြစ်သွားပြီပေါ့။ "

လီအင်းခေါင်းခါယမ်းလိုက်သည်။

"သည်လိုမဟုတ်ပါဘူးဗျာ၊ သခင်မလေး တုကုဖုံးဟာ ကျွန်တော်နဲ့ လက်ထပ်ပြီး သိုင်းတံခွန်ဂိုဏ်းကို ကျောခိုင်းလိုက်ပါပြီ"

"ဟား. . . ဟား. . . ဟား. . ."

ဝေခန်းကရယ်မောလိုက်လေသည်။ ရိလုံလည်း ပြုံးလိုက်သည်။

"လီအင်း သခင်မလေးတုကုဖုံးက မကြာသေးခင်ကပဲ ထင်းယန်ဂိုဏ်းရဲ့ မိတ်ဆွေတွေကို တိုက်ခိုက်ခဲ့တယ်ဆိုတာ မင်းသိရဲ့လား. . ."

လီအင်းရင်ထိတ်သွားသည်. ကျင်းဝါးတို့၏ လက်ချက်ဖြင့် သိုင်းလောကသားများ သေဆုံးသွားခဲ့ရခြင်းဖြစ်ပါသည်။

ယခုတော့ရိလုံတို့သည် သခင်မလေး တုကုဖုံးအပေါ် အမြစ်ပုံ ချနေကြခြင်းဖြစ်သည်။

ဝေခန်းက

"အင်း သိုင်းသမားလီအင်းဟာ သိုင်းလောကမှာ နာမည်ကောင်းရခဲ့ပေမဲ့ မဘက်လိုက်လို့ မိုက်ဘက်ပါခဲ့ပြီကိုး. . ."

"ဗျာ"

"မင်းက ထုကုဖုံးကို ထိခိုက်မှာ စိုးရိမ်ပြီး သူဘက်က ဝင်ကူခဲ့တာ မဟုတ်လား"

လီအင်းငိုင်သွား၏ ။ စွပ်စွဲပြောဆိုလာသော စကားများကို ဖြေရှင်းဖို့ ခက်နေပြီဖြစ်ကြောင်းနားလည်လိုက်သည်။

ထိုစဉ်. . .

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကျွန်မတို့သွားကြပါစို့ရှင်"

တုကုဖုံးက လှမ်းပြောလိုက်သည်။ သူမလည်းစိတ်ပျက်နေပြီး ဝေးရာသို့ ထွက်သွားလိုနေပြီဖြစ်ပါသည်။ လီအင်းသက်ပြင်းချလိုက်ပြီး ရိုလုံနှင့် ဝေခန်းကို ဦးညွတ်လိုက်သည်။

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး ခင်ဗျား"

စကားဆုံးလျှင် တုကုဖုံး၏ လက်ကိုဆွဲကာ ထွက်သွားရန် ဟန် ပြင်လိုက်သည်။ ရိုလုံက ခေါင်းခါရမ်းလိုက်သည်။

"မင်းတို့သည်လို ထွက်သွားလို့မရဘူးလေ"

"လီအင်း မင်းဟာ သိုင်းလောက အကျိုး၊ အများအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့ နာမည်ကောင်းရှိနေတာကြောင့် မင်းကို ခွင့်လွှတ်လိုက်မယ်"

လီအင်းက. .

"ကျွန်တော်က. . ."

ရိုလုံက လက်ကာပြလိုက်သည်။

"ဝမ်းနည်းပါတယ်ကွာ"

"သခင်မလေး တုကုဖုံး ကိုတော့ ခွင့်မပြုနိုင်ပါဘူး၊ သူဟာ အပြစ်တွေ ကျူးလွန်ခဲ့တယ်. . ."

လီအင်းမကျေမနပ်ဖြစ်သွား၏။

"သူဟာ ကျွန်တော်နဲ့လက်ထပ်ပြီး သိုင်းတံခွန်ဂိုဏ်းကို ကျော်ခိုင်းလိုက်ပါပြီလို့ကျွန်တော်ပြောပြီးပါပြီ။ သူ့ကို ဒုက္ခမပေးကြပါနဲ့ဗျာ"

"ဘာကွ. . . ငါတို့က သူကို မတရားဒုက္ခပေးချင်နေတယ်လို့ မင်းပြောချင်နေတာလား ပြောရင်တည့်တည့်ပြောပါ. . ."

လီအင်းခေါင်း ခါရမ်းလိုက်သည်။

"ကျွန်တော်က ဒီသဘောမျိုးပြောတာ မဟုတ်ပါဘူး။ သိုင်းတံခွန်ဂိုဏ်းကို ကျောခိုင်းပြီးတဲ့နောက်ပိုင်း သူ့ကို သည်လိုခွင့်မလွှတ်



လိုက်ရင် သိုင်းလောကအတွက် နစ်နာသွားမှာပေါ့"

"သခင်မလေး တုကုဖုံးရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို မင်း မသိသေးဘူး ထင်တယ်"

လီအင်းမည်သို့ပြောရမှန်းမသိအောင်ဖြစ်သွား၏။ သူနှင့် မတွေ့ခင်က တုကုဖုံးသည် မိခင်ဖြစ်သူ တုချင်းယင် ပုံစံသွင်းထားသည့်အတိုင်း ရက်စက်ကြမ်းကြုတ်သော မိန်းကလေးတစ်ယောက်ဖြစ်ခဲ့သည်မဟုတ်ပါလား။

ရိုလုံက ပြတ်သားစွာ ပြောသည်။

"သူကို ထားခဲ့ပြီးထွက်သွားမယ်ဆိုရင်တော့ မင်းတို့ မေ့ပစ်လိုက်မယ်။ ဒါမှမဟုတ်ရင်တော့ မင်းကိုလည်း ခွင့်မလွှတ်နိုင်ဘူး"

တုကုဖုံးသည် လီအင်းက မည်သို့အဖြေပေးမည်ဆိုသည်ကို နားစွင့်နေ၏။ လီအင်း၏မျက်နှာတည်ကြည့်လေနက်သွား၏။

"ဝမ်းနည်းပါတယ်ဗျာ ကျွန်တော့်ဇနီးသည်ကို ကျွန်တော် ထားခဲ့နိုင်ပါဘူး။"

ရိုလုံ ဒေါပွသွား၏။

"မင်းကို ညှာတာထောက်ထားပြီး ခွင့်လွှတ်တာကို လက်မခံဘူးဆိုရင် ကျုပ်တို့အပြစ်မဟုတ်တော့ဘူး"

စကားဆုံးလျှင် ဆေးတံကို ဝှေ့ရမ်းကာ စတင်ကာ တိုက်ခိုက်လိုက်လေတော့သည်။ သိုင်းလောကကိုကျော်ခိုင်းမှ ဖြစ်တော့မည်ဟု ယုံကြည်ထားကြသော လီအင်းတို့ဇနီးမောင်နှံမှာ ထိပ်သီးသိုင်းသမားကြီး ရိုလုံနှင့် ရင်ဆိုင်လိုက်ရပြီဖြစ်ပါသည်။

"ရွှီး. . . ရွှီး. . . ဝှစ်. . . ဝှစ်. . ."

ရိုလုံက ဆေးတံကို ဝှေ့ရမ်းကာ စတင်တိုက်ခိုက်လိုက်၏၊ လီအင်းလည်းမတတ်သာဘဲ။ ပြန်လည်ရင်ဆိုင်လိုက်သည်။ တုကုဖုံးက နောက်ဆုတ်လိုက်၏။ ဝေခန်းနှင့် သိုင်းသမားများက တိုက်ပွဲကို ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလိုက်ကြသည်။

လေပြေလေညှင်းလေးဝှေ့ရမ်းတိုက်ခတ်လာ၏။ လေပြေလေညှင်းကလေးသည် ရင်ထဲပူလောင်နေသော တုကုဖုံးအား အေးချမ်းမှု မပေးနိုင်တော့ပါ. . .။

လွင့်ပျံ့လာသော ပန်းရနံ့ကများက မွှေးကြိုင်နေသော်လည်း တုကုဖုံးမှာ ရှူရှိုက်ရင်း အသက်ရှူကြပ်လာသကဲ့သို့ ခံစားရသည်။ သူမ၏ ဦးခေါင်းထဲ၌ ရီဝေနေ၏။ သူမသည် မိခင်ကြီးပုံသွင်းထားသည့်အတိုင်း ဆိုးသွမ်းသောင်းကြမ်းသော သခင်မလေး ဖြစ်ခဲ့ပါသည်။ ပြိုင်ဖက်များကို ပြတ်ပြတ်သားသား အနိုင်ယူလေ့ရှိသည်။

ထို့ပြင် ညှာတာထောက်ထားဖို့ စိတ်မကူးခဲ့ပါ ။ ကိုယ့်ထက်ဝါကြီးသူ အသက်ကြီးသူများကိုလည်း မလေးမစားဆက်ဆံခဲ့သည်။ မောက်မောက်မာမာပြောဆိုခဲ့သည်။ ထိုအကြောင်းများကြောင့် သိုင်းလောကသားများက သူမမိခင်နည်းတူ သူမကိုလည်း သဘောမကျဖြစ်နေကြသည်မှာ မဆန်းတော့ချေ။

သူမကလည်း မည်သူ့ကိုမျှ ဂရုမစိုက်ခဲ့ဘဲ လီအင်းနှင့်တွေ့မှ သူမ၏ စိတ်နေသဘောထားပြောင်းလဲသွားခဲ့ခြင်းဖြစ်သည်။ လီအင်းသည် အထက်လမ်းသိုင်းသမားဖြစ်နေပြီး အများအကျိုးဆောင်ရွက်လိုသူ ဖြစ်နေသဖြင့် သူမတို့၏ သိုင်းတံခွန်ဂိုဏ်း ရပ်တည်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေခဲ့သည်။ ယခုအခါတွင်တော့ မိခင်ကြီးနှင့် ခင်ပွန်းသည်ကြားဗျာများခဲ့ရတော့သည်. . .။

မည်သို့ပင်ဖြစ်စေ. . . လီအင်းအပေါ် ထားရှိခဲ့သည့် သူမ၏ မေတ္တာ တရားမှာ ကြီးမားလှသည် ။ အေးချမ်းသာယာသော ဘဝတစ်ခု ထူထောင်ရန် အရာရာကို စွန့်လွှတ်ကာလီအင်းနောက်သို့ လိုက်လာခဲ့ပြီ မဟုတ်ပါလား . . . သူမ၏ မိခင်ကြီးကိုရော သိုင်းတံခွန် ဂိုဏ်းကိုပါစွန့်ပစ်ခဲ့ပြီ မဟုတ်ပါလား. . .၊



လီအင်းက သူမအပေါ်၌ သံယောဇဉ်ရှိကာ သူမ၏ ဘဝအေးချမ်းလုံခြုံမှုကိုလည်း ပေးစွမ်းနိုင်မည်ဟု ယုံကြည်ထား၏။ ယခုတော့ သူတို့၏မေတ္တာအိမ်ကလေးကိုအေးချမ်းစွာတည်ထောင် နိုင်ဖို့အလွန်ခက်ခဲနေကြောင်း ထင်ရှားလာသည်။ သိုင်းတံခွန်ဂိုဏ်းမှ သခင်မလေးဟုသည့် အရိပ်ဆိုးကြောင့် အခက်အခဲ အန္တရာယ်များနှင့် ရင်ဆိုင်ရတော့မည် မဟုတ်ပါလား. . လီအင်းက သူမ၏ရှေ့မှ မားမားမတ်မတ် ရပ်တည်နေခြင်းက ဝမ်းသာစရာဖြစ်သည်၊ သူကလည်း လီအင်းကို အားကိုးယုံကြည်သည်။ သို့သော်တုကုဖုံးဝမ်းမသာနိုင်ပါ. . .

သူမအား ကာကွယ်စောင့်ရှောက်ပေးခြင်းဖြင့် လီအင်း၏ သိုင်းသမားဂုဏ်သိက္ခာ ထိခိုက်သွားမည်ဖြစ်ကြောင်း သူမသိရှိထားလို့ဖြစ်သည်။ တုကုဖုံးသည် အတွေးများဖြင့် တွေဝေငေးမောနေစဉ်မှာပင် စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"အား. . . ဝုစ်"

တုကုဖုံးကြည့်လိုက်သောအခါ ဆေးတံရိလုံမှာ ဒယီးဒယိုင်ဖြင့်နောက်ဆုတ်သွားသည်ကို တွေ့လိုက်ရ၏။ သူ၏လက်ထဲ၌ဆေးတံ မရှိတော့ပါ။ လွင့်စဉ်သွားလေပြီ။ ဆေးတံသည် လေးကိုင်းသဖွယ် ကွေးညွတ်ကာ မြေပေါ်ကျနေ၏။

လီအင်းက ပြတ်ပြတ်သားသားအနိုင်ရလိုက်ခြင်းဖြစ်သည်၊ ဆေးတံရိလုံကမျက်နှာပျက်နေ၏။

"မင်းရဲ့သိုင်းပညာ တကယ်ကို ချီးကျူးစရာပါပဲ ။ မင်းဟာ သိုင်းလောကမှာ နာမည်ကောင်းရခဲ့ပေမယ့် ဆိုးညစ်တဲ့ သိုင်းတံခွန်ဂိုဏ်းက သခင်မလေးကို ကာကွယ်ပေးနေတာတော့ အံ့ဩစရာပဲ"

လီအင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း မလွဲသာ မရှောင်သာလို့ တိုက်ခိုက်ရတာ ကိုခွင့်လွှတ်စေချင်ပါတယ်။ ကျွန်တော့်ကို ချီကျူးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ သိုင်းတစ်ခွန်ဂိုဏ်းကသခင်မလေးကိုကာကွယ် စောင့်ရှောက်ရတာ သိုင်းလောကကို အံတုတဲ့ သဘောမဟုတ်ပါဘူး သူဟာ ကျွန်တော့်ရဲ့ ဇနီးသည် ဖြစ်နေပါပြီ၊ ဒါကြောင့် ခင်ပွန်းတစ်ယောက်ရဲ့တာဝန်ကို ထမ်းဆောင်ရတာပါ ခင်ဗျာ"

ရိုလုံ ခေါင်းညိတ်လိုက်သည်။

"လီအင်း မင်းမှာ ဘယ်လိုအခြေအနေရှိနေတယ်ဆိုတာကို ကျုပ်သဘောပေါက်ပါပြီ၊ ကျုပ်က မင်းကို မငဲ့ကွက်ပဲ တိုက်ခိုက်ရအောင် အတင်းအကြပ်ဖန်တီး သလိုဖြစ်ခဲ့တာကို တောင်းပန်ပါတယ်။ ကဲကျုပ်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ ခင်ဗျား"

ရိုလုံသည် မည်သူကိုမျှ မကြည့်တော့ပဲ ချာခနဲ လှည့်ထွက်သွားလေတော့သည်။ သံလက်ဝါးဝေခန်း မကျေမနပ်ဖြစ်သွားသည်။ ရိုလုံအားဟန့်တားရန် ဟန်ပြင်ပြီးတော့မှ မတားဘဲ နေလိုက်၏။ သူ၏ မျက်နှာ ပို၍ခက်ထန်သွားသည်။

"ကွယ်. . . ရိုလုံရယ် သိုင်းသမားတွေဟာ ရိုလုံပြောသလို ချီးကျူးစရာ ကောင်းပါတယ်ဆိုပေမဲ့ သိုင်းပညာတော်တာတစ်ခုတည်းနဲ့၊ သိုင်းလောကကောင်းကျိုးဆောင်ရွက်ခဲ့ဘူးတယ်ဆိုတာနဲ့ ဝိုင်းချီးကျူးနေလို့ မဖြစ်ဘူး၊ သည်လို ချီကျူးခံရတာနဲ့ လူငယ်တွေဟာ သွေးကြွပြီး ထင်ရာစိုင်းဖို့ကြိုးစားကြတော့တာပဲ မဟုတ်လား"

လီအင်း သက်ပြင်းချလိုက်သည်။ သံလက်ဝါး ဝေခန်းနှင့် ဆက်ဆံရမည့်ကိစ္စမှာ မလွယ်ပါ. . .။

"ဦးကိုလေးစားပါတယ်၊ ကျွန်တော်တို့ကို သွား ခွင့်ပြုဖို့တောင်းပန်ပါတယ်ဗျာ"



ဝေခန်းက လေပြေကလေးနှင့်ပြောသည် သူ့လေပြေထဲ၌ ဖုံမှုန့်နှင့် အမှိုက်သရိုက်များပါဝင်နေသည်။

"ရိုလုံကို အနိုင်ယူနိုင်တာနဲ့ မင်းလွယ်လွယ် ထွက်သွားနိုင်ရင် မှားသွားမှာပေါ့။"

"ကျွန်တော်. . ."

"မင်းထွက်သွားချင်တယ်ဆိုရင် ကျုပ်ကို အနိုင်ယူနိုင်မှ သွားလို့ရမယ်"

လီအင်းသည် တိုက်ပွဲကို ရှောင်လွှဲလို့ မရတော့မှန်းသဘောပေါက်လိုက်သည်။ ထို့ကြောင့် ယှဉ်ပြိုင်ရန် လက်ခံလိုက်သည်။

"ကောင်းပါပြီ ဦးပဲစပါခင်ဗျာ"

"မင်းသတိထားပေတော့. . ."

သတိပေးရင်း လက်ဝါးစောင်းနှစ်ဖက်ဖြင့် စတင်တိုက်ခိုက်လိုက်လေတော့သည်။ ဝေခန်း၏ လက်ဝါးစောင်းနှစ်ဖက်မှာ ကျောက်တုံးကျောက်ခဲများကိုပင် စိစိညက်ညက် ကြေမွသွားအောင် ခုတ်ချနိုင်စွမ်း ရှိသည်ဟု သတင်းကြီး၏။ ထို့ကြောင့် လီအင်းမပေါ့ဆဝံ့ပဲ သတိကြီးစွာထားကာ ယှဉ်ပြိုင်လိုက်ရသည်။

ကျောက်တုံးကျောက်ခဲများကိုပင် ကြေမွအောင်ခုတ်ချနိုင်စွမ်း ရှိသည့် လက်ဝါးစောင်းခုတ်ချက်များခံလိုက်ရပါက အရိုးများ အပိုင်းပိုင်းကျိုးကာ အသက်ဆုံးရှုံးရမည် မဟုတ်ပါလား။

ဝေခန်း ကလည်း ရိုလုံကိုပင်အနိုင်ယူနိုင်ခဲ့သည့် လီအင်းကို မပေါ့ဆဝံ့ချေ။ သူနှင့်တန်းတူသိုင်းပညာရှင်ကို အနိုင်ယူခဲ့သော လူငယ်အားပေါ့ဆစွာ တိုက်ခိုက်မိလျှင် သူလည်းရိုလုံကဲ့သို့ ရှုံးနိမ့်သွားမည် မဟုတ်ပါလား။ သူ၏အကောင်းဆုံး အစွမ်းထက်ဆုံးလက်ဝါးစောင်း သိုင်းကွက်များထုတ်ဖော်ကာပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်သည်။

အတွင်းအား ကိုပါထည့်သွင်းအသုံးပြုကာယှဉ်ပြိုင်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်နေသဖြင့် လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာသကဲ့သို့ လမ်းမပေါ်၌ ဖုန်တထောင်းထောင်း ထသွားလေတော့သည်။

တုက္ကဖုံး ထိတ်လန့်သွားရပြန်သည် ရိုလုံကို လီအင်းက အနိုင်ယူနိုင်လိုက်သဖြင့် ဝမ်းသာရမည် ရှိသေးသည်။ ဝေခန်းနှင့် ထပ်မံရင်ဆိုင် လိုက်ရပြီ မဟုတ်ပါလား။ ဝေခန်း၏လက်ဝါးစောင်းသိုင်းက ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေခြင်းကြောင့် စိုးရိမ်လာရလေတော့သည်။

လက်နက်ကိုယ်စီဆွဲကိုင်ထားကြသော သိုင်းသမားများလည်း နောက် ဆုတ်ပေးလိုက်ကြသည်။

ဝေခန်း၏သိုင်းပညာမှာ ရိုလုံထက်သာနေဖြင့် လီအင်းအား အနိုင်ယူနိုင်လိမ့်မည်ဟု နောက်ပါသိုင်းသမားများက ယုံကြည်ထားကြမည်ဆိုသော်. . .။

နှစ်ယောက်သားယှဉ်ပြိုင်လိုက်ကြပြီး သိုင်းကွက်တစ်ရာကျော်အထိ အနိုင်အရှုံး အဖြေမပေါ်သေးဘဲ လက်ရည်ညီမျှနေခြင်းကြောင့် ဝေခန်းက လီအင်းအားအနိုင်ယူနိုင်ပါမည်လောဟု သို့လောသို့လော အတွေးများလာလေတော့သည် ။ ဝေခန်းအနိုင်ယူနိုင်သည့်အတွေးသည် သံသယဖြစ်စရာအတွေးပင်. . .။

ယှဉ်ပြိုင်နေသည့် ဝေခန်းကိုယ်တိုင်လည်း လီအင်းအားယှဉ်ပြိုင်ဖို့မလွယ်မှန်းသဘောပေါက်လာသည်။ ထို့ကြောင့် စိုးရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်လာသည်။ လီအင်းသည် ပြင်ထန်စွာတိုက်ခိုက်ခံရသော်လည်း ကြောက်ရွံ့ခြင်းမရှိသည့်အပြင် လက်ဝါးစောင်းကို လက်ဝါးစောင်းဖြင့် ပြန်လည်ရင်ဆိုင်နေသဖြင့် ဝေခန်းထိတ်လန့်ဖွယ် ရာဖြစ်နေသည်။ သိုင်းကွက်တစ်ရာကျော်ယှဉ်ပြိုင်ပြီးလျှင်. . .

"ဖျောက်"



လက်ဝါးစောင်းချင်းယှဉ်ပြိုင်ခုတ်ချမိလိုက်ကြသည်။

နှစ်ယောက်သား ခုခံရှောင်တိမ်းဖို့ လုံးဝမစဉ်းစားဘဲ ထိပ်တိုက် ရင်ဆိုင်ကြခြင်းဖြစ်သည်။

ထို့နောက် နှစ်ယောက်သား ပြိုင်တူ နောက်ဆုတ်လိုက်ကြသည်။ လီအင်းက တုက္ကဖုံးအနီးသို့ ရောက်အောင် ဆုတ်သွားပြီး အကာအကွယ် ပြုထားလိုက်သည်။ သူ့ဇနီးကို သူကာကွယ်ရမည် မဟုတ်ပါလား။ ဝေခန်းလည်း မျက်နှာကြီး ရှုံ့မဲ့ကာ နောက်ဆုတ်ပြီး သူ၏မျက်နှာကြီး ရှုံ့မဲ့နေပါသည်။သူ၏ လက်တစ်ဖက် တွဲလောင်းကျနေ၏။ လက်တစ်ဖက် သွင်သွင်ကျိုးသွားပြီဖြစ်ကြောင်း ထင်ရှားနေပါသည်။

ဝေခန်း ရှုံးနိမ့်သွားသည်ကို မြင်လျှင် သိုင်းလောကသားများ ထိတ်လန့်သွားကြလေတော့သည်။

"ဟင်". . . "ဟာ"

ကပျာကယာ နောက်ဆုတ်လိုက်မိလေသည်။ ဝေခန်း အံကြိတ်လိုက်လေသည်။

"ကျုပ်တို့တွေ့ကြသေးတာပေါ့"

လီအင်းကို လှမ်းပြောပြီး ချာခနဲ လှည့်ထွက်သွား၏။ သိုင်းလောကသားများလည်း မနေဝံ့ကြတော့ပဲ ပြေးလွှားထွက်ခွာ သွားကြလေတော့သည်။

တိုက်ပွဲပြီးဆုံးသွားလေပြီ။

အန္တရာယ်တစ်ခုမှ လွတ်မြောက်ခဲ့ပြီဖြစ်၍ တုက္ကဖုံးစိတ်သက်သာရာ ရသွားလေ၏။

လီအင်းသည်လည်း ဇနီးသည်အားကာကွယ်နိုင်ခြင်းကြောင့် ကျေနပ်သွား၏။ သူ့ဇနီးက သူ့ကို အားထားယုံကြည်ကြောင်းသူ သိသည်။သူကလည်း အားထားယုံကြည်ထိုက်သူ ဖြစ်ကြောင်းပြသ

www.burmeseclassic.com



မည် မဟုတ်ပါလား။ သိုင်းလောကသားများသည် သူ့အားအထင်မှားကာ ဒုက္ခပေးကြတော့မည်ဖြစ်ကြောင်းနားလည်မိသည်။ အထင်မမှားလျှင်လည်း တုကုဖုံးနှင့် ပေါင်းဖက်နေခြင်းကြောင့် သူ့အားဒုက္ခပေးကြတော့မည်ဖြစ်သည်။

သူသည် တုကုဖုံးအတွက် လွန်စွာ စိတ်မကောင်းဖြစ်နေမိသည်။ တုကုဖုံးသည် လီအင်း၏ မျက်နှာကို ကြည့်ကာ မည်သို့ခံစားနေရကြောင်း နားလည်သဘောပေါက်မိလေ၏။

လီအင်းကို သနားသွားသည်။

"ကျွန်မကြောင့် အစ်ကိုလည်း ဒုက္ခရောက်ရပြီနော်"

ဟု ခပ်ညည်းညည်းလေး ပြောရှာသည်။

လီအင်း ပြုံးလိုက်သည်။ သူ့အပြုံးက အားပေးသောအပြုံး

"ကိစ္စမရှိပါဘူးညီမရယ် အစ်ကိုတို့အကြောင်းကို တစ်နေ့တော့ နားလည်သဘောပေါက်သွားကြမှာပါ။ ခုလောလောဆယ်တော့ အေးချမ်းတဲ့ နေရာတစ်ခုကို ရှာဖွေတွေ့ရှိနိုင်ဖို့ပါပဲ။ ကွန်းခိုရာနေရာတွေ့ဖို့ အရေးကြီးနေတယ်. . ."

တုကုဖုံးက. . .

"ဟုတ်တယ်အစ်ကို ကျွန်မလည်း သိုင်းလောကကို အဆက်ဖြတ်ပြီး အေးအေးချမ်းချမ်း နေချင်လှပါပြီရှင်"

လီအင်းက အားပေးလိုက်သည်။

"အစ်ကိုတို့အတွက် အေးချမ်းမယ့်နေရာကို ရှာတွေ့မှာပါ။ ကဲ. . . သွားကြစို့"

"ကောင်းပါပြီ အစ်ကိုရယ်"

နှစ်ယောက်သား ဘုံကျောင်းရှိရာတောင်ကုန်းပေါ်သို့တက်မသွားကြဘဲ တောအုပ်ခိုင်းထွက်လာခဲ့ကြလေတော့သည်။

* * *

## အခန်း(၂၂)
## ညှို့ကောင်းဆောင်ကောင်း

တစ်နှစ်. . .

တစ်နှစ်ဟူသော အချိန်ကာလသည် လျင်မြန်စွာ ကုန်ဆုံးသွားလေသည် ။ လီအင်းနှင့် တုကုဖုံးတို့သည် ကံကောင်းထောက်မစွာဖြင့် အေးချမ်းသောနေရာလေးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ လီအင်းက မြက်ပင်ချုံပင်များကို ခုတ်ထွင် ရှင်းလင်းကာ မြေကွက်လုပ်ပြီး ဝါးအိမ်ကလေးတစ်လုံးဆောက်လိုက်သည်။

အနီးပတ်ဝန်းကျင် မြေလွတ်မြေရိုင်းများကိုလည်း ရှင်းလင်းကာ သစ်သီးဝလံများ စိုက်ပျိုးသည်။ တုကုဖုံးက မနီးမဝေးရှိ ရွာကလေးသို့သွားကာ လိုအပ်သည့် ပစ္စည်းများဝယ်ယူပြီး အိမ်ထောင့်တာဝန်ထမ်းဆောင်လေသည်။

သူမသည် အိုးခွက်ပုဂံများနှင့် အသုံးအဆောင်ပစ္စည်းများ ဝယ်ဆောင်သည်။ ချက်ပြုတ်လျှော်ဖွပ်သည် ။အိမ်သန့်ရှင်းရေးလုပ်သည်။ တစ်ပိုင်တစ်နိုင်ကြက်ဘဲ မွေးမြူသည်။

တစ်နှစ်အတွင်း လီအင်း၏ ဟင်းသီးဟင်းရွက်စိုက်ခင်းလည်း ဖြစ်ထွန်းအောင်မြင်လာခဲ့သည်။ ဇနီးမောင်နှံနှစ်ယောက်ကား ကျိုးသားပြီး အေးချမ်းသော ဘဝလေးတစ်ခုပိုင်ဆိုင်လာခဲ့တော့သည်။ တုကုဖုံးသည် သိုင်းတံခွန်ဂိုဏ်း၌ မပူမပင် မကြောင့်မကျနေခဲ့ရသော

www.burmeseclassic.com

www.burmeseclassic.com



သခင်မလေးတစ်ယောက်ဖြစ်ခဲ့သည်။ ယခုတော့ သူမသည် အိမ်ထောင့်တာဝန်ထမ်းဆောင်နေသော ကျေးတောသူမလေး တစ်ယောက်ပမာ ဖြစ်နေတော့သည်။ သူမ၏ အသက်ကား ငယ်ရွယ်ပါသေး၏။ သူမ၏ ဘဝသည် အိမ်ထောင့်တာဝန် ထမ်းဆောင်ရင်း မထင်မရှား ပြီးဆုံးသွားတော့မည်လော. . .။

လီအင်းသည် အရာရာကို စွန့်လွှတ်ကာ သူနောက်သို့လိုက်ခဲ့သော တုကုဖုံးအား ဂရုဏာ သက်၍ မဆုံးအောင် ဖြစ်မိပါသည်။ တစ်ယောက်ကိုတစ်ယောက် နားလည်မှု ရှိကြပြီး မေတ္တာထားကြလေသော ကြောင့် သူတို့၏ အိမ်ထောင်ရေးမှာ သာယာနေခဲ့တော့သည်။ လီအင်းနှင့် တုကုဖုံးတို့၏ ဘဝအေးချမ်းသာယာနေချိန်၌ သူတို့ထံသို့ မမျှော်လင့်သော ဧည့်သည်တစ်ယောက် ရောက်ရှိလာခဲ့တော့သည်။

နေမွန်းတည့်တော့မည် ဖြစ်ပါသည်။ နေလုံးကြီးသည် ဦးခေါင်းတည့်တည့် သို့ ရောက်ရှိတော့မည်။ လီအင်းနှင့် တုကုဖုံးတို့သည် နံနက်စာစားသောက်ပြီးနောက် အေးအေးဆေးဆေး အနားယူနေကြသည်။ သူတို့စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းများကိုရင်း၊ မွေးမြူထားသော ကြက်ဘဲများကို လည်းကောင်း ကြည့်ကာကျေနပ် ပီတိဖြစ်နေကြသည်။

ထိုအချိန်တွင်. . .

"ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်"

"ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်"

အဝေးမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။ မြင်းခွာသံများသည် သူတို့၏ အိမ်ကလေးရှိရာသို့ ဦးတည်လာနေခြင်းဖြစ်ကြောင်း လီအင်းသတိပြုမိလိုက်လေသည်။

"တုကုဖုံးက အစ်ကိုမြင်းခွာသံကြားတယ်"



"ဟုတ်တယ်ညီမ"

"ကျွန်မတို့ဆီကို တစ်ယောက်ယောက်တော့လာနေပြီ"

"ရွာထဲက လူတစ်ယောက်ဖြစ်မှာပါ။ "

ထိုစဉ် မြင်းစီးသမားတစ်ယောက်သည် လီအင်းတို့အိမ်နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာတော့သည်။

ထိုမြင်းစီးသမားကို မြင်သည်နှင့် လီအင်းနှင့် တုကုဖုံးတို့ ဆတ်ကနဲ ထိုင်ရာမှ ထရပ်လိုက်မိကြသည်။ မြင်းစီးသမားမှာ သိုင်းသမား ဝတ်စုံဝတ်ဆင်ထားကာ ခါး၌ ဓားတစ်လက်ချိတ်ဆွဲ ထားသည် မဟုတ်ပါလား။ မြင်းစီးသမားသည် လီအင်း၏အိမ်ကလေးသို့ ဦးတည်ကာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခြင်း ဖြစ်ပါတော့သည်။ လီအင်းက ညီမအိမ်ထဲဝင်နေဟု တုကုဖုံးအား သတိပေးလိုက်သည်။ တုကုဖုံးက တမင်မကြားချင်ဟန်ဆောင်နေလိုက်သည်။ သူမထံသို့ မည်သည့်အကြောင်းဖြင့်ရောက်လာသည်ကို သူမသိလိုနေသည်။ လီအင်းကလည်း အန္တရာယ်ပေါ်ပေါက်လာပါက ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်မိသည်။

သို့သော်. . .

မြင်းစီးသမား၏ မျက်နှာကိုသေသေချာချာ တွေ့မြင်လိုက်ရသော အခါ စိုးရိမ်စိတ်များပျောက်ကာ ဝမ်းသာအားရဖြစ်သွားလေတော့သည်။

"ဟင်. . . မာကွန်ပင်"

လီအင်း လွှတ်ခနဲ ရေရွတ်မိ၏။

မှန်ပေသည် မြင်းစီးသမားမှာ သိုင်းလောကပျော် သိုင်းလေးဖော်၌ပါဝင်သည့် လူငယ် သူရဲကောင်း သိုင်းသမား မာကွန်ပင် ဖြစ်နေပါတော့သည်။

"ဟော့. . . နောင်ကြီးလီအင်း"

www.burmeseclassic.com



မာကွန်ပင်တလည်း ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်ပြီး မြင်းကို အိမ်ရှေ့ မလှမ်းမကမ်း၌ရပ်ကာ မြင်ပေါ်မှ ခုန်ဆင်း လာသည်။ တုကုဖုံး ယခုမှ စိတ်သက်သာရာရသွား၏။ သူမ လွန်စွာ စိုးရိမ်ခဲ့သည်။ သူတို့၏ သာယာမှုကလေး ပျက်သုဉ်းသွားမည်ကိုစိုး ရိမ်သည်။ ယခု တော့ ရောက်လာသူမှာ ရန်သူမဟုတ်ပဲ မိတ်ဆွေဖြစ် နေသည် မဟုတ် ပါလား။

"မာကွန်ပင် မင်းဘယ်လိုလုပ်ပြီး သည်နေရာကို ရောက်လာ ရတာလဲ။"

မာကွန်ပင် ရယ်မောလိုက်သည်။

"နောင်ကြီးလီအင်း ကိုယ့်ကိုကိုယ် လုံလုံပြီထင်နေတာကိုး နောင်ကြီးက ပေါက်တူးဂေါ်ပြားစတဲ့ လုပ်ငန်းသုံးပစ္စည်းတွေဝယ်တဲ့ ဆိုင်က နောင်ကြီးအကြောင်းကို သိနေတာဗျ"

လီအင်းက စိတ်ထဲမှ သွားပါပြီဟုရေရွတ်မိလိုက်သည်။

"ဆိုင်ရှင်ရဲ့သားဟာ သိုင်းလောကအကြောင်းစိတ်ဝင်စားနေ တဲ့ လူတစ်ယောက်ပဲ။ သူတို့ဆိုင်က လုပ်ငန်းခွင်သုံးပစ္စည်းကိရိယာ အမျိုးမျိုးကိုနယ်လှည့်ရောင်းချရင်း သိုင်းလောကသားတွေနဲ့ ထိတွေ့ ဆက်ဆံမှုရှိခဲ့တာ။ သူဟာ နောင်ကြီးအကြောင်းကိုသိနေတာ မဆန်း တော့ဘူးဗျ။ "

လီအင်း လွန်စွာ စိတ်ပျက်သွားတော့သည်။ တုကုဖုံးဘက် လှည့်ကာ ပြောလိုက်သည်။

"မြောက်ဘက်တောင်တန်းဒေသက ပိုပြီးသဘောကျစရာ ကောင်းတာမှန်နေပြီ"

တုကုဖုံးပြုံးလိုက်သည်။

"ညီ့သည်ကို အိမ်ထဲခေါ်ပြီး ညီ့ဝတ်ပြုဦးမှပေါ့ အစ်ကို လည်း ရောက်မှတော့ အေးအေးဆေးဆေးပေါ့"



"ဟုတ်သားပဲ လာအိမ်ထဲဝင်"

လီအင်းကမာကွန်ပင်ကို အိမ်ထဲခေါ်သွား၏။ တုကုဖုံးက စားသောက်ဖွယ်ရာများပြင်ဆင်ပေးကာ ဧည့်ခံသည်။ မာကွန်ပင်သည် ခွေးများသုတ်လိုက်သည်။

"ဗိုက်ဆာနေတာနဲ့အတော်ပဲဗျို့"

သူလည်းစကားဆုံးသည်နှင့် အားရပါးရ စားသောက်လိုက် သည်။ တုကုဖုံးနှင့် လီအင်းတို့သည် မာကွန်ပင်ကို ဧည့်ခံရင်းတစ် ယောက်ကို တစ်ယောက် မကြာခဏ ကြည့်နေမိကြ၏။ မာကွန်ပင်စား သောက်ပြီးစီးသွားသောအခါ တုကုဖုံး အား ချီးကျူးလိုက်လေသည်။

"နောင်ကြီး သိပ်ကံကောင်းတာပဲ။ သည်က ညီမလေး အချက် အပြုတ်က ထိပ်တန်းလက်ရာပဲဗျ။ ခုပုံအတိုင်းဆိုရင် မကြာ ခဏ လာလည်ရတော့မယ် ထင်တာပဲ"

လီအင်းနှင့် တုကုဖုံးတို့ ရယ်မောလိုက်ကြသည်။

"ရပါတယ် ငါ့ညီ မကြာမကြာ လာလည်မယ်ဆိုရင် ကျုပ်တို့ စကားပြောဖော်တောင်ရတာပေါ့"

"ဟုတ်ပါတယ်။ လာခဲ့ပါရှင် ကျွန်မ အကောင်းဆုံးဖြစ်အောင် ချက်ပြုတ်ကျွေးမွေးပါမယ်"

မာကွန်ပင်က. . .

"နောင်ကြီးတို့ ကျုပ်ကို ဖိတ်ခေါ်နေကြပေမဲ့ ရင်ထဲမှာတော့ သို့လောသို့လော ဖြစ်နေကြတယ် မဟုတ်လား"

"ဟင်း"

သီအင်းမျက်နှာတည်သွားလေသည်။ မျက်နှာပျက်သွား သည်။ တုကုဖုံးလည်းမျက်နှာပျက်သွားသည်။

မာကွန်ပင်က. . .

"နောင်ကြီးအိမ်ထောင်ပြုလိုက်တဲ့နောက်ပိုင်းမှာ သိုင်း

www.burmeseclassic.com

www.burmeseclassic.com



လောကကိုကျောခိုင်းပြီး အေးအေးချမ်းချမ်းနေဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတာ ကျုပ်နားလည်ပါတယ်။ ဒါကြောင့်လည်း နောင်ကြီးတို့နဲ့ ပတ်သက်ခဲ့တဲ့ ကိစ္စတစ်ချို့ကို သိုင်းလောကထဲ လှည့်လည်ပြီးဖြေရှင်းပေးခဲ့တာပါ။ မကြာခင် အေးအေးချမ်းချမ်းဖြစ်သွားမှာ သေချာပါတယ်"

လီအင်း အံ့ဩသွား၏။

"ကျုပ်ကိစ္စကို ငါ့ညီက လိုက်ဖြေရှင်းနေခဲ့တယ် ဟုတ်လား"

မာကွန်ပင်က

"ဟုတ်ပါတယ် ဒီလိုပြောတာ ဂုဏ်ယူဝံ့ကြွားချင်လို့ မဟုတ်ပါဘူး။ နောင်ကြီးကို လေးစားလို့တတ်နိုင်တဲ့ဘက်က တာဝန်ယူဆောင်ရွက်တဲ့ သဘောပါ"

လီအင်း ဝမ်းသာအားရ ခေါင်းညိတ်လိုက်သည်။

"ညီလေးရဲ့သဘောထားဘယ်လိုရှိတယ်ဆိုတာ ကျုပ်နားလည်သဘောပေါက်ပါတယ်။ အပြစ်တင်စရာ ဘာကိစ္စမှ မရှိပါဘူး ဒီသတင်းကို ကြားလို့ကျုပ်တို့ ဝမ်းတောင်သာရပါတယ်"

မာကွန်ပင်ကရှင်းပြသည်။

"သံလက်ဝါးဝေခန်းနဲ့ ထင်းယန်ဂိုဏ်းက လူတစ်ချို့ဟာ နောင်ကြီး သိုင်းတံခွန်ဂိုဏ်းနဲ့ ပေါင်းပြီး သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်နေတယ်လို့ သတင်းလွှင့်ခဲ့ကြတယ်"

လီအင်းသက်ပြင်းချလိုက်သည်။

"သည်လိုဖြစ်လာမယ်ဆိုတာ ကျုပ်တွေးမိပါတယ်။ သူတို့ရှုံးသွားခဲ့တာကိုး. . ."

မာကွန်ပင်က

"ဆေးတံရိလုံကတော့နောင်ကြီးဟာ သခင်မလေးတုကုဖုံးနဲ့လက်ထပ်ပြီးသိုင်းလောကကိုကျောခိုင်းသွားပြီး အေးချမ်းစွာနေထိုင်



သွားတော့မယ်လို့ရှင်းလင်းခဲ့တယ်။သိုင်းတံခွန်ဂိုဏ်းကလည်းနောင်ကြီးနဲ့သခင်မလေးတို့ကိုရန်သူလိုသဘောထားလိုက်ကြောင်းအများစုကသူရဲ့စကားကို ပိုပြီးလက်ခံကြတယ်။ သူဟာ နောင်ကြီးကို ရှုံးလည်းရှုံးခဲ့တယ် ။ နောင်ကြီးဘက်ကလည်း ကူညီပြောခဲ့တယ်။ ဒါကြောင့် သူ့စကားကို ပိုယုံရတယ်။ စကားကိုပိုပြီးလက်ခံကြတယ်။ နောင်ကြီးနဲ့ သခင်မလေးတို့ လက်ထပ်ခဲ့ကြရတဲ့ ကိစ္စကို ကျွန်တော်တို့လည်း နားလည်သဘောပေါက်ပြီး ဝိုင်းဝန်းဖြေရှင်း ခဲ့ကြပါတယ်၊ ဒါကြောင့် သိုင်းလောကသားတွေဟာ နောင်ကြီးအပေါ် မှာနားလည်သဘောပေါက်နေကြပါပြီ"

သူက တုကုဖုံးကို ကြည့်ကာ ဆက်ပြောလေသည်။

"သခင်မလေးကိုလည်း အစ်ကိုကြီးလီအင်းနဲ့ပတ်သက်နေတာရယ် သိုင်းတံခွန်ဂိုဏ်းကို ကျောခိုင်းလိုက်တာရယ်ကြောင့် သိုင်းလောကသားတွေက အပြစ်မတင်ကြတော့ပါဘူး။ ပြီးတဲ့ ကိစ္စကို အစက ဖြေရှင်းပေးသူကတော့ ဆေးတံရိလုံပါပဲဗျ. . ."

တုကုဖုံးဝမ်းသာသွားသည်။ လီအင်းကို လှမ်းကြည့်လိုက်၏။ သူမအကြည့်က လန်းဆန်းနေသည်။ လီအင်းကလည်း သူမအားကြည့် ကာ ပြုံးနေသည်။ သူတို့သည် လွတ်လပ်ပျော်ရွှင်မှုကို မကြာမီခံစားရတော့မည် မဟုတ်ပါလား။ တောထဲတောင်ထဲ၌ နေစရာလိုတော့ မည်မဟုတ်ပါ။ သို့သော်နှစ်ယောက်စလုံးလက်ရှိနေရာကလေး၌ပျော်မွေ့နေကြပြီဖြစ်ပါသည်။

လီအင်းက. . .

"ကျုပ်အတွက် ကူညီဖြေရှင်းပေး တဲ့အတွက်ကို ကျေးဇူးတင်ပါတယ် ဆရာကြီးဆေးတံရိလုံကိုတောပေါ့လေ. . ၊ အဲဒီလို ကျုပ်မမျှော်လင့်ရဲခဲ့ပါဘူး. . . အခုတော့ မိုးနတ်မင်းကြီးက ကျုပ်တို့ကို ဆောင်မခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မာကွန်ပင်က. . .

"သိုင်းလောကပျော်သိုင်းလေးဖော်ဟာ သိုင်းလောကအကျိုးအများအကျိုးကို ဆောင်ရွက်နေသူတွေပါ။ အစ်ကိုကြီးနဲ့ ရင်ဆိုင်ပြီးအစ်ကိုကြီးကြုံတွေ့နေရတဲ့ အခြေအနေကို နားလည်သဘောပေါက်သွားပြီးဆောက်ခံပြောဆိုခဲ့တာပါ။ ကျွန်တော် တို့ကို ကျေးဇူးတင်စရာမလိုပါဘူးဗျ။ အစ်ကိုကြီး တကယ်ကျေးဇူး တင်ချင်ရင် ကိုရှောင်ကိုတင်သင့်ပါတယ်။

လီအင်းမျက်မှောင်ကုတ် သွားသည်။

"ကိုရှောင် ဟုတ်လား"

"ဟုတ်ပါတယ်"

"နေပါဦး သူက . . ."

မာကွန်ပင်ရယ်မောလိုက်လေသည်။

"ကိုရှောင်ဟာ ဝူတန်းခုနစ်စဉ်ကြယ်ကိစ္စနဲ့ သိုင်းလောကမှာသိုင်းပျော်လေးယောက်ထက်တောင်နာမည်ကြီးနေပါပြီ။ အားလုံးကသူ့ရဲကောင်းကြီးတစ်ဦးလို့ သက်မှတ်ထားကြတဲ့အပြင် ဝူတန်းက သိုင်းကျမ်းကို အချိန်မရွေးယူကြည့်ခွင့် ရထားပါပြီ။ ကိုရှောင်ဟာ အစ်ကိုကြီးက သိုင်းတံခွန်ဂိုဏ်းဘက်က ရပ်တည်ပြီး သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်တာမမှန်မကန်တဲ့ စွပ်စွဲချက်ဖြစ်ကြောင်း သိုင်းလောကထဲမှာ ပြင်းပြင်းထန်ထန်ရှင်းလင်းခဲ့ပါတယ်။ သူ့ကို သူ့ရဲကောင်းအဖြစ်အားလုံးလက်ခံထားကြတော့ သူကိုယ်တိုင် အာမခံ ပြောကြားတဲ့စကားကိုလည်း အလေးအနက် ထားကြတဲ့သဘောပါပဲ"

လီအင်း၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေတော့သည်။

"အော်. . . မိတ်ဆွေကောင်း. . . မိတ်ဆွေကောင်း"

ကမ္ဘာတွင် မိတ်ဆွေကောင်းများရှိနေပြီး ထိုမိတ်ဆွေများသည်



အရေးအကြောင်းကြုံလာသောအခါ သူဘက်မှ မားမားမတ်မတ်ရပ်တည်ခဲ့ကြသည် မဟုတ်ပါလား။ ကျုပ်က ကိုရှောင့်ကို တွေ့ချင်ပါသေးတယ်။ ဒီအကြောင်းနဲ့ ပါတ်သက်ပြီး ကိုရှောင့်ကိုတွေ့ချင်ပါသေးတယ်။

မာကွန်ပင်က

"သူကလည်းနောင်ကြီးကို လိုက်ရှာနေပါတယ်၊ သည်နေရာကို ရောက်ချင်ရောက်လာဦးမှာပါ။ပြောလို့မရပါဘူး၊ သူဟာယုန်တစ်ကောင်လိုပါပဲ၊ ကျုပ်တို့သိုင်းလောကထဲမှာ စတင်ကျင်လည်ခဲ့တာ သူလောက်ခံစားမှုမပြင်းထန်ခဲ့ပါဘူး"

"သူရောက်လာရင်သိပ်ကောင်းမှာဘဲ"

တုကုဖုံးက ဝင်ပြောလိုက်လေသည်။

"စိတ်ချ သူရောက်လာမှာ သေချာပါတယ်"

မာကွန်ပင်ကတည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ဒါထက်နောင်ကြီးကလည်းသည်နေရာမှာ ပဲနေသွားတော့မှာလားဗျ"

သူ၏စကားမှာ အဓိပ္ပါယ်ကျယ်ဝန်းလှသည်။လီအင်း၏မျက်နှာလည်း တည်ကြည်လေးနက်သွား၏။

"ကျုပ်က တစ်ချိန်တော့ သိုင်းလောကထဲ ပြန်ရောက်လာမှာပါ"

"သည်စကားကြားရတာဝမ်းသာပါတယ်ဗျာ၊ ကဲ ကျုပ်ကဝမ်းသာစရာသည်စကားကိုလာပြောပြီးပါပြီ နောင်ကြီးနဲ့ တွေ့လိုက်ရလို့ကျေနပ်သွားပါပြီ၊ ကျုပ်ကို သွားခွင့်ပြုပါဦး. . ."

"ဗို. . . ညီလေး ရောက်တုန်းရောက်ခိုက် တစ်ညတာလောက်အနားယူပါလား. . ."

www.burmeseclassic.com

www.burmeseclassic.com



လီအင်းကဘားမြစ်လိုက်ရာ တုကုဖုံးက ဝင်ပြောလာသည်။

"ဟုတ်ပါတယ်ရှင်၊ အေးအေးဆေးဆေးနေပါဦး ကျွန်မတို့ ဧည့်ခံပြုစုပါရစေရှင်"

မာကွန်ပင် ပြုံးလိုက်သည်။

"နောက်တစ်ခါကျမှပဲ အေးအေးဆေးဆေး နေပါတော့မယ်၊ ခုတော့ သွားစရာလေးရှိသေးလို့ ခွင့်ပြုပါဦး"

သူအားတားဆီး၍မရနိုင်ကြောင်းလီအင်းသဘော ပေါက်လိုက်သည်။ သူသည် သိုင်းသမားတစ်ဦးမဟုတ်ပါလား၊ သိုင်းသမားတိုင်းသည် ခြေထောက်၌ဗွေပါကြသည်။

ထို့ကြောင့်. . .

"နောက်တစ်ကြိမ်ရောက်ရင်တော့ အေးအေးဆေးဆေးနေရမယ်နော်"

"စိတ်ချပါ အစ်ကိုကြီး"

"ကျုပ်တို့ပြန်တွေ့ကြသေးတာပေါ့"

လီအင်းတို့ဇနီးမောင်နှံနှစ်ယောက် ခြံဝထိလိုက်လံပို့ဆောင်ပေးလိုက်လေသည်။ မာကွန်ပင်က နှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

+++

ည. . .

နေဝန်းနီမျှားအနောက်ဘက်ငုပ်လျှိုးပျောက်ကွယ် သွားကာ တစ်နေ့တာ အချိန်ကုန်ဆုံးသွားပြီးသကာလ ညအချိန်ရောက်လို့လာသည်။ လီအင်း၏ အိမ်လေး၌မီးရောင် များထွက်ပေါ်လာနေ၏။ ယနေ့ ညအဖို့ ဝမ်းသာပျော်ရွှင်နေကြသော လီအင်းတို့ဇနီးမောင်နှံ နှစ်ယောက်မှာ ညစာကိုပင်ကောင်းစွာ စားမဝင်အောင်ဖြစ်ခဲ့ကြသည်။ အိပ်၍လည်းမရတော့ချေ။



တုကုဖုံးက. . .

"သိုင်းလောကသားတွေက ကျွန်မတို့ကို အပြစ်မမြင်ကြတော့ဘူးဆိုယင်ကျွန်မတို့လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရပြီပေါ့နော်. ."

"ဒါပေါ့ ညီမရယ်"

"ကျွန်မတို့မိုးမြေအဆုံးလျှောက်လည်ကြမလား အစ်ကို"

"သိပ်ကောင်းတာပေါ့ညီမရယ်၊ စကြဝဠာ အဆုံးထိ လျှောက်လည်ကြမယ်. . ."

လီအင်းက ရယ်ရယ်မောမောသောက်ပြလိုက်သည်။

တုကုဖုံးက. . .

"ကောင်းတယ် မနက်မိုးလင်းတာနဲ့ သည်နေရာကထွက်သွားကြမယ်. . ."

သူမပြောပြီးတာနဲ့ အော်လိုက်လေသည်။ လီအင်းက

"ဘာဖြစ်တာလဲ ညီမရဲ့"

တုကုဖုံးက

"မဖြစ်သေးပါဘူး၊ ကျွန်မတို့သွားလို့မဖြစ်သေးဘူး"

"ဘာဖြစ်လို့လည်းပြောပါဦး"

"အစ်ကိုကလည်း ကျွန်မတို့မွေးထားတဲ့ ကြက်တွေ ဘဲတွေရှိသေးတယ် အစ်ကို့ရဲ့ယာခင်းတွေရှိသေးတယ် ဒါတွေဘယ်သူကကြည့်ရှုစောင့်ရှောက်ပေးမှာလဲ"

"ဒါကတော့ ညီမရယ်. . ."

"အို . . . မဖြစ်ဘူး ဒါတွေကိုထားပြီးလျှောက်သွားနေလို့ဘယ် ဖြစ်ပါမလဲ ကျွန်မ မသွားတော့ဘူး"

တုကုဖုံးသည် ဤနေရာလေးမှ မသွားရက်နိုင်အောင် ဖြစ်၍ချေပြီ. .။ မိုးသားပြီးပျော်ရွှင်စရာကောင်းတဲ့ ဘဝလေးကိုမစွန့်ခွာ ယ်တာနေပြီဖြစ်ပါသည်။ သူမသည် အိမ်ထောင်ရှင်ဘဝ ရောက်၍

www.burmeseclassic.com

www.burmeseclassic.com



နေပြီ ဖြစ်ရကာ စိတ်သွားတိုင်းကိုယ်မပါတော့ပဲ အိမ်နှင့် သင့်တင့် လျှောက်ပတ်သော နေရာတွင် ပျော်အောင်နေရတော့မည် ဆိုသည်ကို ကောင်းစွာသဘောပေါက်သွားပြီဖြစ်ပါသည်။ လီအင်းက မေးလိုက် သည်၊

"ညီမ မသွားတော့ဘူးဟုတ်လား"

တုကုဖုံးက. . .

"ဟုတ်တယ် ကျွန်မ မသွားတော့ဘူး"

"ညီမရယ် နောက်တစ်နေရာရောက်ရင် အိမ်ဆောက်လို့ ရတယ် ယာခင်းတွေစိုက်လို့ရတယ် ကြက်တွေဘဲတွေမွေးလို့ရတာပဲ မဟုတ်လား"

တုကုဖုံးခေါင်းခါယမ်းလိုက်သည်။

"ဟင်းအင်း. . . ဟင်းအင်း နောက်မှ ထပ်လုပ်ရမှာ ခုဟာ တွေနဲ့ တစ်ခုမှတူမှာ မဟုတ်တော့ဘူး ကျွန်မ မသွားတော့ဘူး"

"ညီမ. . ."

"အစ်ကိုက သွားချင်လို့လား"

တုကုဖုံးက ချက်ချင်းပြန်မေးလိုက်သည်။ လီအင်းက တဟား ဟားရယ်မောလိုက်လေသည်။ တုကုဖုံးလည်းပြုံးလိုက်သည်။ သူတို့ ရနီးမောင်နှံ ဤနေရာလေး၌ပင် အခြေချတော့မည်ဖြစ်ကြောင်းနား လည်လိုက်လေသည်။

ထိုစဉ်. . .

အိမ်ကလေးအပြင်ဘက်မှ သက်ပြင်းချသံထွက်ပေါ်လာလေ ၏။ ဖွင့်ထားသော တံခါးများမှာ တဆင့် ညလေအေးက လေများတိုက် ခတ်ဝင်ရောက်လာလေသည်။ မီးအိမ်မှာမီးညွန့်များလှုပ်ရမ်းသွားခြင်း ကြောင့် ရှည်မျောမျော အရိပ်များဖြစ်ပေါ်လာသည် ။ လီအင်းနှင့် တုကုဖုံးတို့၏ မျက်နှာပေါ်မှ အပြုံးရိပ်များကွယ်ပျောက်သွားကြလေ၏။



အချင်းချင်း ကြည့်မိကြသည်။ သက်ပြင်းချသံကို နှစ်ယောက်စလုံးကြား လိုက်ရ သည် မဟုတ်ပါလား။

တုကုဖုံးက. .

"တစ်ယောက်တစ်ယောက်က. . ."

သူမစကားဆုံးအောင်မပြောလိုက်ရပါ ၊ လီအင်းက စကား မပြောဘဲ တိတ်တိတ်နေရန် အချက်ပြလိုက်သည် မဟုတ်ပါလား။ အပြင်ဘက်မှ စကားသံလည်း ထွက်ပေါ်လာတော့သည်၊

လူနှစ်ယောက်အချီအချပြောဆိုနေကြသောစကားသံများ ဖြစ်လေသည်။

"သည်နေရာလေဟာအတော့ကိုနေချင်စရာ ကောင်းတာပဲ"

"ဟုတ်တယ် အေးချမ်းတယ် သည်နေရာမှာနေပြီးရင် ကို ထွက်မသွားချင်တော့ဘူး ဒါပေမယ်. . ."

"သည်နေရာလေးကိုဖျက်ဆီးပြစ်လိုက်ရင်ထွက်သွားရမှာပဲ လို့ပြောချင်တာလား"

"ဟုတ်တာပေါ့"

စကားသံများတိတ်ဆိတ်ပျောက်ကွယ်သွားလေသည်။ တုကုဖုံးလှုပ်လှုပ် ရှားရှားဖြစ်သွား၏။

"ဒါကျင်းဝါနဲ့ ကျင်းလင်တို့ အသံပဲ. . ."

ကျင်းဝါးနှင့်ကျင်းလင်ရောက်လာသည် ဆိုပါလျှင်သူတို့ဤ နေရာ၌ရှိနေသည်ကို သိုင်းတံခွန်ဂိုဏ်းချုပ်တုချင်းယင်လည်းသိနေ ဖြစ်ကြောင်းသိသာလှသည်။ တုကုဖုံးကမေးလိုက်လေ၏။

"ကျွန်မတို့ဘယ်လိုလုပ်ကြမလဲဟင်. . ."

လီအင်းငိုင်နေမိသည် ။ သိုင်းတံခွန်ဂိုဏ်းမှ လူများရောက် လာကြပြီ ဆိုပါလျှင် ဤနေရာအားစွန့်ခွာသွားဘို့သာ ရှိတော့သည် မဟုတ်ပါလား။ ဆက်၍ နေထိုင်ပါက တချိန်လုံးလာရောက်နှောင့်

www.burmeseclassic.com

www.burmeseclassic.com



ယှက်နေကြမည်မှာ သေချာနေသည်။ လီအင်းဝမ်းနည်းကြေကွဲလာ၏။

သို့သော် သူဘာမှ မတတ်နိုင်ချေ။ ကံကြမ္မာက ဤသို့ဖန်လာသည် မဟုတ်ပါလား။ တုကုဖုံး၏အမေးကိုလည်း ရုတ်တရက် အဖြေမပေးနိုင် အောင်ဖြစ်နေ၏။ အပြင်ဘက်မှ စကားသံများ ပျောက်ကွယ်သွား၏။ နောက်ထပ် ထွက်ပေါ်မလာတော့ပါ။

သို့သော်. . .

ခပ်လှမ်းလှမ်းမှနေပြီး လှုပ်ရှားသံများထွက်ပေါ်လာသည်ကိုကြားရ၏။ ဖြတ်ခုတ်ရှင်းလင်းသော အသံမျိုးနှင့်ခပ်ဆင်ဆင်တူလေသည်။ လီအင်းငြိမ်နေသဖြင့် တုကုဖုံးလည်း ငြိမ်နေလိုက်ရ၏။ မကြာပါချေ. . .

ကြက်ဘဲများ၏အော်မြည်သံများဆူညံစွာ ထွက်ပေါ် လာသည်ကို ကြားလိုက်ရတော့သည်။

* * *

## အခန်း(၂၃)
## ဧည့်သည်ဆိုး၏ပစ်မှတ်

တိတ်ဆိတ်နေသော ညဉ့်ယံတွင် ကြက်ဘဲများ၏ အော်သံမြည်သံကျယ်လောင်စွာထွက်ပေါ် လာ၏။

"ဂတ်. . . ဂတ်. . . ဂတ်. . ."

"ကတော်. . . ကတော်. . . ကတော်. . ."

ယခုထွက်ပေါ်လာသော အသံများ၏ အဓိပ္ပာယ်ကို တုကုဖုံးနှင့် လီအင်းတို့ ကောင်းစွာနားလည် သဘောပေါက်သွားကြသည်။ ကျင်ဝါးနှင့် ကျင်းလင် တို့သည် လီအင်း၏ယာခင်းထဲမှ သစ်သီးဝလံ



များကို ဖျက်ဆီးကြသည် အပြင် တုကုဖုံး၏ ကြက်ဘဲများကို သတ်နေကြပြီမဟုတ်ပါလား။ လီအင်းနှင့်တုကုဖုံးတို့၏ ဘဝလေးကို ဖျက်ဆီးပြစ်လိုက်ခြင်းဖြစ်ပါသည်။ သူတို့၏ဘဝ သည် စိုက်ခင်း၊ ကြက်ဘဲများနှင့် ဤတဲကလေးပင်မဟုတ်ပါလား။

လီအင်းခံပြင်းလာ၏။ သို့သော် တုကုဖုံး၏ မိခင် တချင်းယင်၏ အမိန့်အတိုင်း ကျင်းဝါးတို့ ပြုလုပ်နေကြခြင်းဖြစ်ကြောင်းရိပ်မိကာ မည်သို့ ပြောရမှန်းမသိဖြစ်နေ၏။ တုကုဖုံးလှုပ်လှုပ်ရှားရှားဖြစ်လာပြန်သည်။

"ကျွန်မတို့ရဲ့ ပစ္စည်းတွေကိုသူတို့ ဖျက်ဆီးလိုက်ကြပြီ"

သူမဆောက်တည်ရာမရဖြစ်နေ၏။ သူမ၏မျက်နှာ နီရဲလာသည်။ ခံပြင်းဒေါသထွက်နေကြောင်းထင်ရှားပါသည်။ လီအင်းက ကျောက်ရုပ်ကြီးပမာ မလှုပ်မယှက် ရပ်နေ၏။ တကယ်တော့ သူမည်သို့ ဆောင်ရွက်ရမှန်း မသိအောင် ဖြစ်နေခြင်းပင်။ ကျင်းလင်တို့နှင့်လည်း ရင်မဆိုင်ချင်ပါ တုကုဖုံးဒေါသကို မထိန်းနိုင်တော့ချေ။

"ရပ်လိုက်စမ်း. . ."

ကျယ်လောင်စွာ အော်လိုက်ကာ အိမ်ထဲမှ တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။

လီအင်းက ငူငူကြီး ရှိနေဆဲ. . .

"ရပ်လိုက်ကြစမ်း"

တုကုဖုံး အော်ဟစ်သံကျယ်လောင်စွာထွက်ပေါ် လာ၏။သူမသည် သိုင်းတံခွန်ဂိုဏ်းမှ သခင်မလေးဖြစ်ရကား သိုင်းတံခွန်ဂိုဏ်းမှ လူများသည် သူမအားအသက်အန္တရာယ်ထိခိုက်သည်အထိ ဒုက္ခပေးကြမည်မဟုတ်ချေ။ ထို့ကြောင့်လည်း လီအင်း မလှုပ်မယှက် ရပ်နေမိခြင်းဖြစ်ပါသည်။ သိုင်းတံခွန်ဂိုဏ်းနှင့်ပတ်သက်နေသောပြဿနာကို တုကုဖုံး ဖြေရှင်းခြင်းကအကောင်းဆုံးဖြစ်မည် ဟုလည်း ယူထင်သည်

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လီအင်းအတွက်မှားသွားသည် အထင်နှင့် အမြင်ပါ စင်စအောင် လွဲသွားလေတော့သည် အပြင်ဘက်မှ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်မဟုတ်ပါလား။

"ဟာ..."

လီအင်းလှုပ်လှုပ်ရှားရှားဖြစ်သွားသည် တုကုဖုံးအတွက် စိုးရိမ်သွား၏။ ထိုစဉ်...

"အား..."

စူးရှသော အော်ဟစ်သံတစ်ခုက ညဥ့်ယံကို ထိုးဖောက်ထွက်ပေါ်လာသည် ။ လီအင်းအိမ်အပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

လပြည့်ရက်ကိုကျော်လွန်သွားသည်မှာ အတော်ကြာခဲ့ပြီဖြစ်ကြောင့်လရောင် ကောင်းစွာမရနိုင်တော့ပါ။ လီအင်း အိမ်အပြင်ဘက် ရောက်သွားလျှင် မြေပေါ်၌ လဲကျနေသူတစ်ယောက်အား ဝိုးတဝါးသဲမကွဲ တွေ့မြင်လိုက်ရသည် ။ ညီမ..အထိတ်တလန့်ခေါ်ရင်း အပြေးအလွှားရောက်မိသည်။ အနီးသို့ရောက်သွားသောအခါ တုကုဖုံးမဟုတ်ဘဲ ကျင်းလင့်ဖြစ်နေသည်ကို တွေ့ရသည်။ ကျင်းလင်ကား အသက်ပျောက်နေပြီဖြစ်သည်။ တုကုဖုံးက ဒေါသမထိန်းနိုင်ဘဲ ပြင်းပြင်း ထန်ထန် တိုက်ခိုက်ခဲ့ဟန်ရှိသည် တကယ်ဆိုလျှင် ကျင်းလင်တို့တစ်ယောက်ချင်းသည် တုကုဖုံးကို မနိုင်ချေ။ ကျင်ဝါးနှင့် တုကုဖုံးတို့ပျောက်နေ၏။

"ညီမ... ညီမဘယ်မှာလဲ"

ဟိုဟိုသည်သည် ပြေးလွှားရှာနေလိုက်၏။ တုကုဖုံး၏ အရိပ်အရောင် ကိုပင်မတွေ့ရပါ။

"ဒုက္ခပါပဲ"

လီအင်းစိတ်ပူကာ ဗျာများနေစဉ်...



"အစ်ကို..."

အဝေးတစ်နေရာမှ တုကုဖုံး၏ ခေါ်သံထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

"ညီမ.."

လီအင်းသည် ခေါ်သံထွက်ပေါ်လာရာဆီသို့ တစ်ဟုန်ထိုး ပြေးလွှား သွားလိုက်လေတော့သည်။ ကြက်ခြံဘဲခြံများပျက်စီးကာ ကြက်ဘဲများသေဆုံးနေကြသည်။ယာခင်းထဲမှာ သစ်သီဝလံများလည်း ဖျက်ဆီးခံထားရသည်။ လီအင်းပြေးထွက်လာရင်း ယာခင်းဘက်ကျော်ကာ တောဘက်သို့ ရောက်သွားလေသည်။

"ရပ်လိုက်..."

အော်ငေါက်သံနှင့်မရှေ့မနှောင်းဖင်...

"ဝှစ်...ဝှစ်...ဝှစ်..."

လက်နက်ပုန်းကလေးများမြေပေါ်ပြုတ်ကျသွား၏။

လီအင်းကအကျီ လက်ဖြင့် သိမ်းယူဖမ်းဆီးထားသော လက်နက်ပုန်းအချို့ဖြင့် ပြန်လည် ပစ်လွှတ်လိုက်၏။

"မင်းတို့ပစ္စည်း မင်းတို့ပြန်ယူ"

လက်နက်ပုန်းကလေးများ ပြန်လည် လွင့်ပျံသွား၏ ချောင်ခိုသူနှစ်ယောက် ကပျာကယာ ရှောင်တိမ်းလိုက်ကြရ၏။ ထိုလူ နှစ်ယောက်မှာ ကျင်းဝါးနှင့် ကျင်းမေတို့ဖြစ်ကြပါသည်။ တုကုဖုံးကိုမူ အရိပ်အရောင်ပင်မတွေ့ရတော့ချေ။ လီအင်းအလောတကြီးမေးလိုက်သည်။

"ရှင်ကဘယ်သူ့ကိုပြောတာလဲ"

"တုကုဖုံးဘယ်မှာလဲ ပြောစမ်း..."

လီအင်းအသံဒေါသသံပါလာသည်။

ကျင်းဝါးက

www.burmeseclassic.com

www.burmeseclassic.com



"တုကုဖုံးဆိုတာ သခင်မလေးကိုပြောတာလား သိုင်းတံခွန်ဂိုဏ်းကသခင်မလေးပေါ့..."

ကျောင်းမေက...

"ဟုတ်တယ် သခင်မလေးဆိုရင် သခင်မလေးပေါ့..."

ကျင်းဝါးက...

"သခင်မလေးဟာ သိုင်းတံခွန်ဂိုဏ်းမှာပဲ ရှိမှာပေါ့ ရှင့်"

"ဘာ..."

လီအင်းခံပြင်းသွားသည်။

တုကုဖုံးအခြေအနေ မဟန်ကြောင်းထင်ရှားနေပြီ မဟုတ်ပါလား။ သူမ၏ အသံကို မကြားရပါ ။ လူကိုမြင်ရခြင်းလည်း မရှိတော့ပါ။

"တုကုဖုံးဘယ်မှာလဲ.."

"သိုင်းတံခွန်ဂိုဏ်းသခင်မလေးဟာ သိုင်းတံခွန်ဂိုဏ်းမှာပဲ ရှိမှာပေါ့ရှင်... ဘယ်နှစ်ခါပြောရမလဲ၊ ရှင်နားဝေးလှ ချည်းလား။ ကျွန်မတို့ ရှင့်ကို အခါတစ်ရာ ပြောနေရမှာလား၊"

"တောက်..."

လီအင်းတောက်ခေါက်လိုက်ပါသည်။ ကျင်းဝါး၏စကားအရ တုကုဖုံးအားသိုင်းတံခွန်ဂိုဏ်း သို့ပြန်လည် ဖမ်းဆီးခေါ်ဆောင်သွားပြီဖြစ်ကြောင်း ထင်ရှားနေပါသည်။ လီအင်း၏ရင်ထဲ ပြောမပြနိုင်သော ခံစားမှုများလည်း ဖြစ်ပေါ်လာသည်။

"သူသာတစ်ခုခုဖြစ်သွားမယ်ဆိုရင် သိုင်းတံခွန်ဂိုဏ်းကိုစိစိ ညက်ညက် ကြေမွအောင် ကျုပ်ဖျက်ဆီးပစ်မယ်"

လီအင်း ကြုံးဝါးလိုက်၏။

"သခင်မကြီးက သူ့ရဲ့သမီးကို ဒုက္ခပေးပါမလား၊ ရှင် တကယ် တမ်း သခင်မလေးကို ဒုက္ခပေးနေတာကရှင်ပါ"



"ကျုပ်က..."

"ရှင့်ကြောင့်သခင်မလေးဘယ်လောက်ဒုက္ခ ရောက်ခဲ့ရပြီလဲ စဉ်းစားကြည့်ပါဦး။ ရှင်သာ တရားခံရှင့်"

လီအင်းဘာမှ မပြောဘဲ နေလိုက်သည်။

ကျင်းဝါးက...

"သိုင်းတံခွန်ဂိုဏ်းဆိုရင်တော့သခင်မလေးရဲ့ဘဝဟာ အစစ အရာရာ ပြည့်စုံနေလိမ့်မယ် မဟုတ်လား... ၊ ရေပေါ်ဆီပဲ ဘာမှ အပြစ်ဆိုစရာမရှိအောင် ပြည့်စုံတယ်"

လီအင်းက...

"ကျုပ်မရှိဘဲ ပြည့်စုံတယ်လို့ထင်ရင် မှားသွားလိမ့်မယ်"

ကျင်းဝါးရယ်မောလိုက်သည်။

"ရှင်ကကိုယ့်ကိုကိုယ်အထင်ကြီးနေတာကိုး သခင်မကြီး လောက် သခင်မလေးကို လိုလေသေးမရှိထားနိုင်တဲ့လူရှိဦးမလား"

လီအင်းက...

"ဘာပြောပြော သူဟာ ကျုပ်ဇနီးသည်ဖြစ်နေပါပြီ ဒါကြောင့် တုကုဖုံးဟာ ကျုပ်နဲ့ပဲသက်ဆိုင်တယ်။ သိုင်းတံခွန်ဂိုဏ်းကို ပြန်ခေါ် သွားပြီဆိုယင် ကျုပ်လိုက်ခေါ်မှာပဲ သူစကြာဝဠာ အစွန်းကို သွားရင်လဲ ကျုပ်လိုက်မှာပဲ"

ကျင်းဝါးက...

"ဒါဆိုရင် ရှင်က ကိုယ့်သေတွင်းကိုယ်တူးတဲ့လူတစ်ယောက် ဖြစ်သွားမှာပေါ့"

"ဟား...ဟား...ဟား"

လီအင်းက ဟားတိုက်ရယ်မောလိုက်သည်။

"ကျုပ်ကို ဘယ်သူဟန့်တားနိုင်မှာလဲ"

စကားဆုံးလျှင် ကျင်းဝါးအား တိုက်ခိုက်လိုက်လေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။

လီအင်းကစတင်တိုက်ခိုက်လိုက်သည်။ သူသည် အပြင်းထန်ဆုံးတိုက်ကွက်များကို ထုတ်သုံးသည်။ ကျင်းဝါးကလည်း ပြန်လည် တိုက်ခိုက်သည်။ ကျင်းမေက. . .

"ကျွန်မလည်း ရှိသေးတယ်ရှင့်. . "

အော်ပြောရင်ခုန်ဝင်လာလေသည်။ လီအင်းက အမှုမထားချေ အော်ပြောရင်းခုန်ဝင်လာလေသည်။

"တပြိုင်နက်ထဲ ဝင်လာကြရင် ကျုပ်အတွက် အချိန်ကုန်သက်သာတာပေါ့"

လက်ဝါးနှစ်ဖက်တွင် အတွင်းအားစုစည်းကာ ပြင်းပြင်းထန်ထန်တိုက်ခိုက်သည် သူဒေါသမှာ အဆုံးစွန်ရောက်နေလေပြီ။ ကျင်းဝါးနှင့် ကျင်းမေတို့ ပညာမခေပါ။ သို့သော်. . .

ဒေါသထွက်နေသော လီအင်းက ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသဖြင့် မည်သို့မျှ မယှဉ်နိုင်အောင်ဖြစ်သွားလေတော့ သည်။ သုံးယောက်သားထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်လိုက်ကြပြီး မကြာမီအချိန်အတွင်း အဖြေပေါ်လာ၏။

"ဝုန်း. . ."

"အမလေး"

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာကာ ကျင်းဝါးတို့ လွင့်စင်သွားကြ၏။ နှစ်ယောက်သား အမှောင်ရိပ်ထဲရောက် သွားပြီး ပြန်လည် ထွက်မလာကြတော့ပေ။

"မင်းတို့မယှဉ်ဘဲ ထွက်သွားပြီလား"

ဒေါသမပြေသေးသည့် အသံဖြင့်ပြောလိုက်၏။

ထိုစဉ်. . .

"မင်းမဆိုးဘူး"



နောက်ကျောဘက်မှ အေးတိအေးစက်စကားသံ ထွက် ပေါ်လာသည်။ လီအင်းလှည့်ကြည့်လိုက်ပြီး အံ့အားသင့်သွားသည်။

တုချင်းယင် ရောက်လာလေသည်တကား။

လီအင်းက. . .

"ညီမတုကုဖုံးကို ကျုပ်ရဲ့ ဘဝထဲက ခေါ်ထုတ်သွားလို့ မရပါဘူးဗျာ. . . သူနဲ့ ကျုပ်ဟာ နှစ်လွှာပေါင်းမှတစ်ရွက် ဖြစ်နေပြီ"

တုချင်းယင်က. . .

"ဟုတ်တယ်၊ မင်းတို့နှစ်ယောက်ကိုရှင်ကွဲ တွဲအောင်ခွဲလို့မရနိုင်ဘူးဆိုတာ ကျုပ်သိတယ်"

"ဗျာ. . ."

"မင်းက ကျုပ်ရဲ့ ဆန္ဒကို မလိုက်လျောနိုင်ဘူးဆိုရင် မင်းတို့နှစ်ယောက်ကို သေကွဲ ခွဲရမှာပဲ"

"ခင်. . . ခင်ဗျား အစွဲကြီးလှချည်လား"

တုချင်းယင်းက. . .

"မင်းကြိုက်သလိုပြောနိုင်တယ်၊ မင်းနဲ့ငါ အပေးအယူ လုပ်ကြမယ်၊ ဝူတန်းသိုင်းကွက်ကို ယူပေး၊ ငါ့သမီးကို ပြန်လွှတ်ပေးလိုက်မယ်၊ ဒါမှ မဟုတ်ရင် သူ့ကို အသက်ရှင်လျက် တွေ့ရဖို့ လုံးဝမမျှော်လင့်နဲ့တော့"

လီအင်းငိုင်သွားသည်။

တုချင်းယင်က. . .

"ငါ့သမီးရဲ့ အသက်ဟာ မင်းရဲ့လက်ထဲမှာ ရှိနေတယ်ဆိုတာ မြဲမြဲ မှတ်ထားပါ။ ဝူတန်းကျမ်းမပါဘဲ တုကုဖုံးကိုခေါ်ဖို့ သိုင်းတံခွန်ဂိုဏ်းကို လာမယ်ဆိုရင်တော့ သူ့ရဲ့ အလောင်းပဲရမယ်"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားသည်။ လီအင်းက ဟန့်တားခြင်းမပြုပါ။ သူ့အတွက် ရွေးချယ်စရာလမ်း နှစ်သွယ်ရှိ

www.burmeseclassic.com

www.burmeseclassic.com



တုချင်းယင်က ပေးခဲ့ပြီဖြစ်ပါသည်။

ဝှတန်းကျွမ်းကို ယူပေးမည်လော တုကုဖုံးအား စွန့်လွှတ်မည်လော လီအင်း၏ဘဝတွင် အကြီးအကျယ်ဆုံးသော အကြပ်အတည်း အတွင်းသို့ဘူးရောက်ခြင်းပေတည်း။ တုကုဖုံးအားမည် သည့်နည်းနှင့်မျှ မစွန့်လွှတ်နိုင်ပါ။ လီအင်းသည် ကိုရှောင်ကိုသတိရလိုက်၏ ဝူတန်း ကျွမ်းရရှိဖို့ ကိုရှောင်အား အကူအညီတောင်း၍ရနိုင်သည် မဟုတ်ပါ လား၊ လီအင်းသည် ကိုရှောင်နှင့် တွေ့ရန် ဆုံးဖြတ်လိုက်၏။ သူ၏ ဆုံးဖြတ်ချက်သည် အန္တရာယ်များသော ဆုံးဖြတ်ချက် ဖြစ်ပြီး ထိုဆုံး ဖြတ်ချက်ကြောင့် ဆိုးဝါးသော ဖြစ်ရပ်များနှင့် ကြုံတွေ့မည်ကို လီအင်း ကြိုတင်မသိနိုင်ခဲ့ပေ သူ၏ ဆုံးဖြတ်ချက်သည် သူ၏ ဘဝကို တစ်မျိုး တစ်ဖုံ ပြောင်းလဲသွားစေခဲ့သည်။

* * *

## အခန်း(၂၄)
## ဗုက္ကရောက်လာခြင်း

နှင်းတဖွဲဖွဲကျနေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးအုံ့မှိုင်းရီဝေနေသည်။

အဝေးတွင်မှိုင်းညိုညိုတောင်တန်းကြီး များကို တွေ့မြင်နေ ရ၏၊ အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသူ တစ်ယောက်သည် ကျောက် တုံးကြီးပေါ်တွင် ထိုင်ကာ အဝေးသို့ငေးကြည့်နေသည်။ ထိုလူ၏ မျက်လုံးများသည် ပတ်ဝန်းကျင်ကဲ့သို့ပင် ရီဝေနေလေ၏။

ထိုလူသည် တစ်စုံတစ်ခုအား တွေးတောစဉ်းစားနေဟန်



ငေးမော တမ်းတနေဟန်ရှိသည်၊

မည်သည့်အကြောင်းအရာအားတွေးတော စဉ်းစားနေသည် ကိုလည်းကောင်း။ မည်သူ့အား ငေးမောတမ်းတနေသည်ကိုလည်း ကောင်း ထိုလူသာလျှင် သိရှိပေလိမ့်မည်ဖြစ်ပါသည်။

ထိုလူသည် မည်သည့်အချိန်ကတည်းက ထိုင်နေသည်မသိ ပေ။ သူ၏ အင်္ကျီ၌ နှင်းများရွှဲရွှဲစိုနေဝေတော့သည်၊

အချိန်ကာလများ တရွေ့ရွေ့ကုန်ဆုံးသွားခဲ့လေသည်။

အရှေ့ဘက်တွင် အလင်းရောင်အားတောင်းလာပြီး နေခြည် ပွင့်လာ၏။

နှင်းများတစ်ဖြည်းဖြည်းပြိုကွဲသွား၏။

ပတ်ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာသည်။

ထိုအချိန်တွင်. . .

"အစ်ကိုကြီး ပေဒါ. . . အစ်ကိုကြီး ပေဒါ"

ခေါ်သံများ ထွက်ပေါ်လာလေသည်။

မှိုင်တွေငေးမောနေသူသည် သတိဝင်လာပြီးခေါင်းငုံ့ကြည့် လိုက်လေသည်။

ထိုအခါ မိန်းကလေးတစ်ယောက်ပြေးလာနေသည်ကို တွေ့ မြင်လိုက်ရသည်။

ထိုမိန်းကလေးသည် အစိမ်းရောင်အဝတ်အစားများဝတ်ဆင် ထားပြီး ကျစ်ဆံမြီးနှစ်ချောင်း ကျောပေါ်ချထားသည့် ချေမော လှပ သူကလေးဖြစ်ပါသည်။

"ဪ. . . ယုယုကိုး. . ."

အစ်ကိုပေဒါဆိုသူက တီးတိုးရေရွတ်လိုက်သည်။

မိန်းကလေးသည် သူ၏အနီးသို့ ရောက်ရှိလာပြီး. . .

"အစ်ကိုကြီးပေဒါက ဒီမှာ လာထိုင်နေတာကိုး၊ ဘွန်ဆော

www.burmeseclassic.com



ဘယ်များထွက်သွားမလဲဆိုပြီး စိတ်ပူလိုက်တာရှင်"

သူမက စိုးရိမ်သံလေးဖြင့် ပြောသည်။

ဗေဒါပြုံးလိုက်သည်။

"ကျုပ် ဘယ်ကို သွားရမှန်းမသိပါဘူး မိန်းကလေးရယ်"

ယုယု စိတ်မကောင်း ဖြစ်သွားသည်။

"အို . . . အစ်ကိုကြီးဗေဒါ ဘယ်ကိုမှာ သွားစရာ မလိုပါဘူး ကျွန်မနဲ့တစ်သက်လုံးနေလို့ဖြစ်ပါတယ်။ "

ဗေဒါပြုံးလိုက်သည်။

"ကျုပ်ကြောင့် တာဝန်ပိုနေမှာပေါ့"

ယုယုက. . .

"ဟွန်း. . . ကျွန်မက အစ်ကိုကြီးကို ကျွေးမထားနိုင်ဘူးများ မှတ်နေသလား၊ ကျွန်မရဲ့ ဈေးဆိုင်လေးက ရတဲ့ ဝင်ငွေနဲ့ ကျွန်မတို့ တစ်သက်လုံး မကြောင့်မကျ နေသွားနိုင်ပါတယ်ရှင်"

သူမသည် ပြောရင်း ဗေဒါနှင့် တွေ့ခဲ့ရပုံကို ပြန်လည်မြင်ယောင်လာသည်။

သူမရင်ထဲနင့်ခနဲ့ဖြစ်သွား၏။

ထိုစဉ်က. . .

ယုယုသည်ဈေးဆိုင်တွင် ရောင်းချရန် ကုန်ပစ္စည်းများဝယ်ယူရန် အလို့ငှာ ဈေးဘက်သို့ ထွက်လာခဲ့သည်။

ယုယု၏ မိဘများလက်ထက်ကတည်းက ဖွင့်လှစ်ခဲ့သော ကုန်စုံဆိုင် လေးဖြစ်သည်။

ယခုမူ သူမ၏ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားကြပြီဖြစ်သည်။

ယုယုက ဆွေမျိုးဇာတိများရှိသည့်အရပ်ဒေသသို့ မသွားဘဲ မိဘလက်ငုဝ်လက်ရင်းဖြစ်သည့်ကုန်စုံဆိုင်လေးကို ဆက်လက်ဖွင့်လှစ်



ကာ အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။

သူမသည် ဤအရပကို ခင်တွယ်သည်။ ဤပတ်ဝန်းကျင်းကို ခင်တွယ်သည်။ ပတ်ဝန်းကျင်ကလည်း သူကိုစောင့်ရှောက်သည်၊ ဆင်းရဲသူဆင်းရဲသားရပ်ကွက်ဖြစ်သော်လည်း အပြန်အလှန်စေတနာထားသူများဖြစ်သည်မို့ သူမပြောင်းရွှေ့မသွားလိုခြင်းဖြစ်သည်။ မိဘများခေါင်းချခဲ့သည့် ထိုဆင်းရဲသားရပ်ကွက်လေး၌ပင် သူမပျော်ပိုက်နေသည်။

ထို့နောက် ယုယု ဈေးထဲသို့ရောက်သွားသော အခါ ရုတ်ရုတ်သဲသဲ မြင်းကွင်း တစ်ခုကို တွေ့မြင်လိုက်ရလေ၏။

"ဟေ့လူ. . . ထွက်သွားစမ်း"

"ကြာပါတယ်. . . ချကွာ"

"ဖုန်း. . ."

"အား. . ."

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။

ဈေးထိပ်ရှိစားသောက်ဆိုင်တစ်ဆိုင်မှ ဆိုင်လူလင်များသည် အဝတ်အစားများစုတ်ပြဲ၍ ညစ်ပတ် ပေကျံနေသူတစ်ယောက်အား ဝိုင်းဝန်းထိုးကြိတ်နေကြခြင်းဖြစ်ပါသည်။

ထိုလူမှာ ကြောင်စီစီဖြစ်နေလျက် ဆိုင်လုလင်များအားပြန်လည်ထိုးကြိတ်ခြင်းမပြု၊ တောင်းပန်ခြင်းလည်း မပြု၊ ဘာမှ မပြောဘဲ ဆိုင်လုလင်များ ပြုသမျှခံနေသည်ကို တွေ့မြင်ရသည်။

ယုယုသည် ထိုမြင်ကွင်းကို ကြည့်ရင် စိတ်ဝင်စားသွားလေသည်။ ထို့ကြောင့် အနီးရှိလူတစ်ယောက်အား မေးကြည့်လိုက်၏၊

"အစ်ကိုကြီး ဘာတွေဖြစ်နေတာလဲဟင်"

သူမအနီးမှ လူရွယ်က. . .

"အရူးတစ်ယောက်ပါ၊ ဆိုင်ထဲဝင်မယ်လုပ်နေလို့ ဆိုင်လုလင်တွေက မောင်းထုတ်နေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မတရားလိုက်တာ"

ယုယု၏စကားကြောင့် အမေးခံရသော လူရွယ်သည် မျက်စောင်းထိုး၍ကြည့်ပြီး ထွက်ခွာသွားလေတော့သည်။

ယုယုမနေနိုင်တော့ပါ။

စိတ်ကောင်းရှိပြီး မတရားမှုမြင်လျှင် လက်ပိုက်ကြည့်မနေတတ်သည့် ညဉ်ကြောင့် ဆိုင်လုလင်များအနီးသို့ လျှင်မြန်စွာ ချဉ်းကပ်သွားပြီးအော်ဟစ်လိုက်၏။

"ဒီမှာရှင့် . . . တဆိတ်လောက်ရှင်တို့ရဲ့ မတရားတဲ့လုပ်ရပ်တွေကို ခဏလောက်ရပ်လိုက်ကြစမ်းပါဦး"

သူမ၏စကားသံကြောင့် ဆိုင်လုလင်များ အရိုက်ရပ်သွားသည်။

ယုယုသည် ဆိုင်လုလင်များကို ဂရုမစိုက်တော့ဘဲ အရူးကြီးအနီးသို့ချဉ်းကပ်သွားပြီး ဖေးမလိုက်သည်။

အရူးကြီးမှာ မြေပေါ်၌ လေးဘက်ထောက်လျက်သားရှိနေပါ၏။

သူ၏မျက်နှာတွင်ညိုမည်းရောင်ကိုင်းနေ၏။ ဆိုင်လုလင်များလက်ချက်ဖြစ်သည်။

နောက်စေ့တွင်လည်း ဒဏ်ရာတစ်ချက်ရှိနေ၏။

ထိုဒဏ်ရာများမှ သွေးများသည် ဆံပင်နှင့်ကပ်ငြိခြောက်သွေ့နေပြီဖြစ်ရာ ဆိုင်လုလင်များ၏ လက်ချက်ကြောင့် မဟုတ်ဘဲ နဂိုကတည်းက ရရှိထားသော ဒဏ်ရာဟောင်းဖြစ်ကြောင်း သိနိုင်သည်။

ယုယုက အရူးကြီး အားမတ်တတ်ရပ်နိုင်ရန် ဖေးမလိုက်သည်၊

"ဟင် . . . ကိုယ်တွေလဲ ခြစ်ခြစ်တောက်ပူနေပါလား"

သူမသည် ဆိုင်လုလင်များကို ဒေါသဖြစ်သွားသည်။



"ရှင်တို့ . . . ဘာကြောင့် ဒီလောက်တောင် မတရားလုပ်ချင်ရတာလဲ ။ ရှင်တိုဆိုင်ထဲမဝင်စေချင်ရင် အလွန်ဆုံးဆွဲထုတ်ရုံပေါ့။ ခုတော့ တကယ့်ရန်ငြိုးရှိတဲ့အတိုင်းပဲ ထိုးလိုက်ကြိတ်လိုက်ကြတာ သူ့အပြင်းဖျားနေတယ်ရှင့်"

"သူမက ဒေါသဖြင့် အော်ဟစ်လိုက်လေ၏။"

ဆိုလုလင်တစ်ယောက်က

"မိန်းကလေး အရူးကြီးတစ်ယောက်ဘက်က ဘာကြောင့်ဝင်ပြောနေရတာလဲ"

"ဘာ့ရှင့် . . . အရူးလဲ လူပဲဆိုတာ ရှင်မသိဘူးလား သူကရှင်တို့ကို အန္တရာယ်ပြုလို့လား၊ ရှင်တို့ကို ထိုးကြိတ်နေလို့လား"

ဆိုင်လုလင်များမကျေမနပ်ဖြစ်သွားကြသော်လည်း ခွန်းတုံ့ပြန်ခြင်း မရှိတော့ချေ။

အခြားဆိုင်လုလင်တစ်ယောက်က အော်ဟစ်လိုက်သည်။

"ဟော့ . . စကားမရှည်နဲ့ မင်းကသူကို သနားရင် ကျုပ်တို့ဆိုင်ရှေ့ကခေါ်သွား ကျုပ်တို့ဆိုင်ရှေ့ကိုမလာရင် ကျုပ်တို့ကလဲ သူ့ကိုဘာမှ မလုပ်ဘူး"

ယုယုက အညှံမခံဘဲ . . .

'စိတ်ချ . . . ကျွန်မခေါ်သွားမယ်၊ လာအစ်ကိုကြီး"

ပြောပြောဆိုဆိုအရူးကြီး၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။

အရူးကြီးလည်း ဘာမှ မပြောဘဲ ယုယုနောက်သို့ ခပ်ကုပ်ကုပ်ကလေးလိုက်သွားသည်။

ထိုနေ့က ယုယု ဈေးမဝယ်ဖြစ်တော့ချေ။

သူမသည် အရူးကြီးအား အိမ်ခေါ်သွားပြီးသမားတော်တစ်ယောက်ပင့်ကာ ဆေးကုပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်၏ ကုသမှုကြောင့် သုံးရက်အတွင်း အရှူးကြီး အဖျားပျောက်သွားပြီး ကျန်းမာလာ၏။

ထိုအခါမှာ ထိုလူသည် အရူးကြီးတစ်ယောက်မဟုတ်ပဲ လူတောင်းတစ်ယောက်ဖြစ်နေသည်ကိုသိလိုက်ရလေတော့သည်။

သူ့နာမည်ကိုလည်း မေး၍မရချေ။

ထို့ကြောင့် မည်သူမည်ဝါဟု မသိရနိုင်သည့်အတူ ဗေဒါ ဟု အမည်ပေးလိုက်သည်။

ယုယုသည် ဗေဒါကို ကြည့်ကာ တွေ့ခဲ့ရသည့်အဖြစ်ကိုပြန် တွေးမိနေရာမှ အတွေးစများကို အတင်းဖြတ်တောက်ပစ်လိုက်ရသည်။

"ကဲ. . . အိမ်ပြန်ကြစို့ တော်ကြာဆိုင်ဖွင့်ရတော့မယ်ကျွန်မ တစ်ယောက်တည်းမနိုင်မနင်းဖြစ်နေတာကို ထိုင်ကြည့်နေတော့မလို့လား ဝိုင်းကူညီဦးမှပေါ့ရှင်"

ယုယု၏စကားကြောင့် ဗေဒါပြုံးလိုက်သည်။

"ကူရမှာပေါ့ ယုယုရယ်"

"ဒါဖြင့် သွားကြစို့"

"ကောင်းပါပြီကွယ်"

သူတို့နှစ်ယောက်သည် ပခုံးချင်းယှဉ်ကာ ဆင်းရဲသားရပ် ကွက်ကလေးဆီသို့ ဦးတည်လျှောက်သွားကြလေတော့သည်။

ကုန်စုံဆိုင်ကလေး. . .။

ကုန်စုံဆိုင်ကလေးသည် ယုယုပိုင်ဆိုင်သော ကုန်စုံဆိုင်ဖြစ် ပါသည်။ ယုယု၏ အိမ်ကလေးမှာ အုပ်ကြွပ်မိုးထားသည့် ပျဉ်ထောင် အိမ်ကလေးတစ်လုံးဖြစ်သည်။

သို့သော် ဦးခေါင်း၌ ဒဏ်ရာရရှိခဲ့ခြင်း အပြင်းဖျားခဲ့ခြင်း တို့ ကြောင့် ထိုလူကြီးသည် မိမိ၏ အမည်။ မိမိ၏ဘဝကို ပြန်လည် အမှတ် မရဘဲ အတိတ်မေ့သူ ဖြစ်နေခဲ့သည်။



ထို့ကြောင့် ယုယုကပင် ဗေဒါဟု အမည်ပေးကာ ဆက်၍ စောင့်ရှောက်ထားရသည်။

ဤသို့ဖြင့် အတိတ်မေ့နေသည့် လူနွယ်သည် ယုယု၏ အိမ်၌ သောင်တင်နေခဲ့သည်။

ယခု. . .

ဗေဒါနှင့်တွယ်ရာမဲ့ဖြစ်နေသော ယုယုတို့မှာ သွေးရင်သား ရင်းများပမာ သံယောဇဉ်တွယ်နေကြပြီဖြစ်သည်။

ဗေဒါသည် ယုယုအားမညည်းမညူ ကူညီလုပ်ကိုင်ပေးလေ့ ရှိသည်။ သို့သော် တစ်ခါတစ်ရံ၌ ငူငူငိုင်ငိုင်ထိုင်ပြီး ဖြစ်သွားတတ်သလို အိမ်မှထွက်ကာ မြို့စွန်တစ်နေရာ၌သွား၍ ထိုင်မှိုင်နေတတ်သည်။

အစပိုင်းတွင် ယုယုမှာ စိတ်ပူခဲ့သော်လည်း ယခုတော့ဗေဒါ ပျောက်သွားသည်နှင့် မြို့စွန်သို့သွားကာ ရှာဖွေတတ်နေပြီဖြစ်သည်။ ယုယုနှင့် ဗေဒါတို့အိမ်သို့ပြန်လည် ရောက်ရှိလာကြသော အခါ နေမြင့် တက်နေပြီဖြစ်သည်။

အိမ်ရှေ့တွင် ဈေးဝယ်သူများပင် စောင့်ဆိုင်းနေကြသည်ကို တွေ့မြင်လိုက်ရ၏။

ယုယုက ရယ်ရယ်မောမောပြောလေ၏။

"ဖောက်သည်တွေတောင် စောင့်နေကြပြီ"

ဗေဒါက ချက်ချင်းပြောသည်။

"ကျုပ်ဆိုင်ဖွင့်မယ်"

ဗေဒါ၏တွေဝေငေးငိုင်နေသည် လက္ခဏာများကွ[illegible]ပျောက် သွားပြီဖြစ်ပါသည် ။ သူသည် တတ်ကြွကြွဖြင့် ဆိုင်ဖွင့်နေ[illegible]၏။

နေမွန်းတည့်ပြီးလေပြီ။

ဈေးဝယ်သူပါးသွားပြီဖြစ်၍ ယုယုနှင့် ထမင်းစားရန် ပြင်ဆင် ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယုယုသည် ထမင်းချူးရင်း ထမင်းစားပွဲ၌အကျအန ထိုင်နေသည်။

"နေပါဦး တစ်ခါတစ်ခါ ဘာစိတ်ကူးပေါက်ပြီး အဓောကြီး ထွက်သွားရတာလဲ"

ထိုမေးခွန်းသည် ဖေဒါအား လိုက်ရှာပြန်ခေါ်ပြီး အိမ်သို့ ရောက်လေတိုင်း မေးနေကျမေးခွန်းဖြစ်သည်။

ဖေဒါလည်း တုံးစံအတိုင်းပင် ပြန်ဖြေ၏။ အကြိမ်တိုင်းပင် ဤသို့ပြန်ဖြေလေ့ရှိသည်။

"ကျုပ်ဒီနေရာကို ဘယ်လိုလုပ်ရောက်လာသလဲ ဆိုတာစဉ်းစားနေတာပါ. . ."

ယနေလည်း ထိုသို့ဖြေလိမ့်မည်ဟု ယုယုယုံကြည်ထား၏။

သို့သော်. .

ဖေဒါ ရွှင်ရွှင်ပျပျ ရှိနေရာမှ ဖေဒါသည် ရုတ်ခြည်းပင်ငေးငိုင်သွားလေ၏။ သူသည် ဖြေးညင်းစွာဖြေသည်။

"ကျုပ်မိတ်ဆွေကို သတိရလို့ပါ။ "

"ဟင်. . . မိတ်ဆွေတစ်ယောက်ရှိတယ် ဟုတ်လား"

"ဟုတ်တယ်"

"သူကဘယ်သူလဲ. . . "

ဖေဒါ၏ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်လာသည်။

"ကျုပ်. . . ကျုပ်"

ထစ်ထစ်ငေါ့ငေါ့ ဖြစ်လာသည်။

ဦးခေါင်း ကိုက်ခဲလာဟန်ဖြင့် နားထင်ကို လက်ဖြင့်ဖိလိုက်ပြီး။

"ကျုပ်ဘာကို မှ စဉ်းစားလို့မရဘူး"

ညည်းညူလိုက်သည်။



ဖေဒါ ချွေးသီးချွေးပေါက်ကျနေသည်။

"အစ်ကိုကြီးဖေဒါ အလိုလိုသတိရလာမှာပါ။ ကဲ . . . ထမင်းစားကြရအောင်"

ဖေဒါသက်ပြင်းရှည်ကြီးချလိုက်မိသည်။

သူတို့နှစ်ယောက် ထမင်းစားကြသော်လည်း ခါတိုင်းလို မြိတ်ရည်ယှက်ရည် မရှိတော့ပါ။

နံနက်စာ စားသောက်ခြင်းမှာ တိတ်ဆိတ်စွာဖြင့်ပင် ပြီးဆုံးသွားသည်။

ယုယုက ပန်းကန်များကို သိမ်းဆည်းလိုက်၏၊

ဖေဒါက ဈေးဆိုင် ထဲဝင်သွားပြီး ငူငူကြီးထိုင်နေ၏၊

ထိုစဉ်. . .

ဈေးဝယ်တစ်ယောက်ရောက်လာသည်ကို ယုယုသတိပြုမိလိုက်သည်။

သို့သော် သူမ မအားလျှင် ဖေဒါကရောင်းနေကျဖြစ်သဖြင့် သူမဂရုမစိုက်မိချေ။

မကြာမီ ဆိုင်ရှေ့မှ ဆူဆူညံညံအသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

"ဒုက္ခပဲ၊ ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး"

ယုယုညည်းညူရင်း ဆိုင်ရှေ့သို့ ထွက်လာသည်။

အဖြူရောင် ဖိုးဖဲ အင်္ကျီ ဝတ်ဆင်ထားပြီး လက်ချောင်းဆယ်ချောင်းစလုံး ပြည့်အောင် ရွှေလက်စွပ်များဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ဆိုင်ရှေ့တွင် ရောက်ရှိနေ၏။

ထိုလူရွယ်သည် ဤမြို့ကလေးမှ အချမ်းသာဆုံး သူဌေးကြီးမောင်းပိန်း၏ သား မောင်းကျက်ဖြစ်သည်။

မောင်းကျက်သည် ဖခင်အရှိန်အဝါဖြင့် ဘဝင်မြင့်သည်၊

www.burmeseclassic.com

www.burmeseclassic.com



မောက်မာရိုင်းပြသည်။ သူတစ်ပါးအားအထက်စီးမှ ဆက်ဆံသည်။

ယခုလည်း ဗေဒါအား စော်ကားမော်ကားစကားများ ပြောဆိုနေသည်။

"ခင်ဗျားက ရှုးရင်ရှူးသလိုနေစမ်းပါ။ နေရာတကာ ဝင်မရှုပ်ချင်စမ်းပါနဲ့၊ ကျုပ်က ခင်ဗျားလို အရူးတစ်ယောက်ကိုအဖက်လုပ်ပြီး စကားပြောဖို့ လာတာမဟုတ်ဘူး။ ယုယုကိုတွေ့ချင်လို့ဗျ၊ ခင်ဗျားဒီအိမ်ကိုရောက်လာတာ ကျုပ်အတွက် ဂြိုလ်ဆိုးဝင်တာပဲ၊ အမြန်ဆုံးထွက်သွားဖို့စဉ်းစားထား ကြားလား"

ဗေဒါသည် ဒေါသထွက်တတ်သူမဟုတ်ပါ၊ အေးအေးနေတတ်သူလို့ တစ်ရပ်ကွက်လုံးသိထားကြသည်။

ယခုမူ. . .

မောင်းကျက်စော်ကားမော်ကားပြောလိုက်သည် နှင့်ဗေဒါအကြီးအကျယ် ဒေါပွသွားသည် သူကမောင်းထုတ်၏။

"ဟော့ကောင် အခုချက်ချင်းဆိုင်ထဲက ထွက်သွားစမ်း"

"ဘာ. . . ဘာဗျ"

မောင်းကျက်မှာ ယမ်းပုံမီးကျ ဒေါပွသွားလေတော့သည်။

"ခင်ဗျားလို အခြေအနေမဲ့ အရူးတစ်ယောက်က ကျုပ်ကိုမောင်းထုတ်တယ်ဟုတ်လား"

သူကပြန်အော်၏. . .

ဗေဒါက. . .

"ဟော့ကောင်မင်းမသွားသေးဘူးလား"

ပြောပြောဆိုဆို ချိန်ခွင်ထဲထည့် ထားသော ပိဿာလေးကိုကောက်ကိုင်လိုက်၏။ ပြောမရလျှင် သူ ပစ်ထည့်တော့မည်။ မောင်းကျက် ဆက်၍ဒေါသမဖြစ်နိုင်တော့ချေ။



"အရူးကောင် ကျုပ်အကြောင်းသိရမယ် ၊ သတိထားနေပေတော့"

ကြိမ်းမောင်းရင်းဆိုင်ထဲမှ ထွက်သွားသည်။ ထိုအဖြစ်အပျက်ကိုကြားရသော ယုယုမှာ ဗေဒါအတွက် စိုးရိမ်ပူပန်သွားလေတော့သည်။ မောင်းကျက်သည် မကြာမီပြန်လည်ရောက်ရှိလာပြီး ဒုက္ခပေးတော့မည်ဖြစ်ကြောင်း ယုယုနားလည်ထားသည်၊ ဤမြို့ကလေးမှ ချော မောလှပသည့် မိန်းကလေးတိုင်းမောင်းကျက်၏ နှောင့်ယှက်ခြင်းမှ လွတ်ကင်းသည် ဟုမရှိချေ။ မောင်းကျက်သည် တာဝတိုင် သင်ယောက်ျား ရှိရှိမရှိရှိ အရွယ်ရောက်ရောက်မရောက်ရောက် မိန်းမမှန်လျှင် မရှောင်ပါ ချောချောလှလှမြင်သည်နှင့် အရှက်မရှိ လိုက်လံပိုးပန်းတတ်သည်။ ငွေနှင့်ပေါက်ကာ ဖျက်ဆီးတတ်သည်။ ယုယုကိုလည်း ဖျက်ဆီးရန် ကြိုးပမ်းနေသူလည်း ဖြစ်သည်။ ယုယုဆိုင်သို့မကြာခဏရောက်ကာ ထိကပါးရိကပါး ပြောတတ်သည်။ ယုယုက အနေအထိုင်မှန်လွန်း၍ သာဒုက္ခမရောက်ခြင်းဖြစ်သည်။ မောင်းကျက် ထွက်သွားသည်နှင့် ယုယုသည် ဗေဒါထံသို့ပြေးလာသည်။ သူမက ဖျောင်းဖျသည်။

"အကို ကြီး ဗေဒါရယ် ဘာကြောင့်ဒီလောက်တောင် ဒေါသတကြီး ဖြစ်နေရတာလဲ စိတ်ကိုထိန်းဦးမှပေါ့"

ဗေဒါက. . .

"ဒီကောင်အတော်ကိုလူပါးဝတယ် ဒီကောင်ကို ကျုပ်ကြည့်နေတာကြာပြီ"

"ဩော်. . အကိုရယ် သူပြောတာကို မကြားချင်ရင်ရှောင်ထွက်သွားရုံပေါ့ သူ့လိုလူနဲ့ ဖက်ပြိုင်ဖြစ်နေလို့ မိုက်မဲရာကျတော့မှာပေါ့ရှင်"

ဗေဒါခေါင်းခါရမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလူစားမျိုးကို ခေါင်းငုံခံနေရင် ပိုကဲလာတတ်တယ်။ နောက်တစ်ခါ ဆိုင်မှာ လာပြီး စော်ကားရင် ကျုပ်အကြောင်းကောင်းကောင်းသိသွားစေရမယ်"

အကို ဖေဒါအမှန်ပင်ဒေါသထွက်နေကြောင်းသိလိုက်ရသဖြင့် ယုယုပင့်သက်ရှိုက်လိုက်သည်။

ထိုစဉ်. . .

"ဟေ့အရှူး သတ္တိရှိလျှင် ဆိုင်အပြင်ဘက်ထွက်ခဲ့စမ်း"

အပြင်ဘက်မှ ကျယ်လောင်သော အသံများကို ကြားလိုက်ရသည်။ မောင်းကျက်သည် သူ့တပည့် လူမိုက်များအားခေါ်ကာပြန်လည် ရောက်ရှိလာခြင်းဖြစ်သည်။ ဤသည်မောင်းကျက်လုပ်လေ့လုပ်ထရှိသော အပြုအမူပင်၊ မောင်းကျက်သည် သဘောမကျသူကိုတွေ့လျှင်သူ့တပည့်လူမိုက်များအားခေါ်ကာရိုက်နှက်နှိပ်စက်ခိုင်းလေ့ရှိကြောင်းတစ်မြို့လုံးကသိကြသည်။ မောင်းကျက်နှင့် ပြဿနာမဖြစ်အောင်ဝေးဝေးမှ ရှောင်ရှားလေ့ရှိသည်။ မောင်းကျက်၏အသံကိုကြားလိုက်ရလျှင် ယုယုမျက်နှာပျက်သွားသည်။ သူကညည်းညူလိုက်မိ၏။

"ဟော. . . သူတို့ရောက်လာကြပြီဒုက္ခပါပဲရှင်"

"ယုယုဘာမှမပူနဲ့ ဒီကောင်တွေကိုကျုပ်သွားဆုံးမလိုက်မယ်"

"ရှင်"

"ယုယုစောင့်ကြည့်နေ"

ဖေဒါသည်ယုယုတားဆီးနိုင်ခြင်းမပြုမီ ဆိုင်အပြင်ဘက်သို့ပြေးထွက်သွားသည်။

"အစ်ကို. . အစ်ကို. . . "

ယုယုစိုးရိမ်တကြီးခေါ်ကာနောက်မှပြေးလိုက်သွားသည်။ ဆိုင်အပြင်သို့ရောက်သောအခါ. . . . . . . . . .

လက်နှစ်ဘက်ကိုနောက်ပြစ်ပြီးဟန်ပါပါရပ်နေသော



မောင်းကျက်ကို တွေ့ရလေ၏။ မောင်းကျက်၏ဘေးဝဲယာတစ်ဘက်တွင် လူမိုက်နှစ်ယောက်စီရပ်နေကြ၏။ အဝတ်အစားကိုယိုကားယားဝတ်ကာ ရုပ်ရည်ကြမ်းတမ်းပြီးလူမိုက်ပုံပေါက်နေကြသူများဖြစ်ကြသည်။ မောင်းကျက်သည် ဖေဒါထွက်လာသည်ကိုမြင်သည်နှင့် အော်တစ်လှောင်ပြောင်သည်။

"အရူးကောင် သတ္တိခဲကြီးပါလားဟေ့"

"ဟား. . . ဟား. . . ဟား"

သူ၏နောက်မှလူမိုက်များက ဝိုင်းဝန်းရယ်မောသည်။ ဖေဒါ၏အမူအရာ ချက်ချင်းပြောင်းလည်းသွားသည်။ ဒေါသထွက်သောဂမူးရှူးထိုးတိုက်ခိုက်မည့် အသွင်မျိုးမရှိတော့ပါ။ သတိဝီရိယရှိသောလူ၏ ပုံသဏ္ဌာန်မျိုးပြောင်းလဲသွားခြင်းဖြစ်သည်။

"ကိုကြီးဖေဒါ"

ယုယုက စိုးရိမ်းတကြီးခေါ်လိုက်သည်။ ဖေဒါကနှစ်သိမ့်လိုက်၏။

"ညီမအစ်ကို့အတွက် မစိုးရိမ်နဲ့ နောက်ဆုတ်လိုက်ပါ"

ယုယုခေါင်းခါရမ်းလိုက်သည်။

"အစ်ကိုရယ် ပြန်လာပါရှင် ယုယုစကားကိုနားထောင်ပါနော်"

ယုယုက တောင်းပန်ပြီး လက်ကို အတင်းဆွဲသည်။

"ယုယုနောက်ဆုတ်လိုက်စမ်း"

ဖေဒါက ခတ်မာမာပြောလိုက်သည်။ နောက်တွန့်သွား လေတော့၏။ ထိုအချိန်တွင်အနီးအနားမှ လူအများစုရုံးရောက်ရှိလာကြသည်။ ဆိုင်ရှေ့မှ အဖြစ်အပျက်ကိုမြင်သူများကဖေဒါကို သနားပြီးဝေဖန်ကြသည်။

"ဒီလူငယ်ဒုက္ခရောက်တော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဧွးသားမောင်းကျက်က တော်တော်မုန်းဖို့ကောင်းတယ်"

"မောင်းကျက်လိုလူဆိုးလူမိုက်ကို ဆုံးမမယ့်သူပေါ်ပါစေတော်"

လူများက တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ မောင်းကျက်က လူအများရှေ့၌သူ့အစွမ်းကိုပြလို့နေသည်။

"ဟေ့ကောင်တွေ ဒီအရူးကောင်ကို မှတ်လောက်သားလောက် ဖြစ်အောင်ဆုံးမလိုက်ကြစမ်း"

သူ၏နောက်လိုက်လူမိုက်များအားအမိန့်ပေးလိုက်သည်။ လူမိုက်များသည် သခင်သဘောကျအောင်လုပ်ဆောင်တတ်သောသူများဖြစ်လေသည်။ မောင်းကျက်၏စကားသံဆုံးသည်နှင့်. . .

"ကောင်းပါပြီ သခင်လေး"

ရှေ့သို့ပြေးထွက်ကာ ပေဒါအားဝိုင်းရံထားလိုက်လေသည်။

"ကိုကြီးပေဒါ"

ယုယုသည်စိုးရိမ်တကြီးခေါ်လိုက်သော်လည်းမောင်းကျက်၏တပည့်များကိုကြောက်ရွံ့ကာ နောက်ဆုတ်လိုက်သည်။ ပေဒါကပြတ်ပြတ်ပြောသည်။ သူ့အမူအရာကအားလုံးကိုရင်ဆိုင်မည့်သဘောပင်

"မင်းတို့အားလုံးဝင်လာခဲ့ကြ"

လူမိုက်များအားလုံးသည် ပေဒါအားအရူးတစ်ယောက်အဖြစ်သိထားကြလေရာ ဂဇမစိုက်ဘဲ ပြေးဝင်လိုက်ကြသောအခါ. . .

"ဝုန်း. . ."

"အား. . ."

"အမလေး. ."

စူးရှကျယ်လောင်သော အသံများထွက်ပေါ်လာလေတော့သည်။ ထိုအသံများသည် ပေဒါ၏အသံများမဟုတ်ပေ၊ ယုယုတအံ့



တသြဖြစ်သွားတော့သည်။

"ဟာ"

"ဟယ်. . ."

"ပေဒါကတယ်လက်သံပြောင်ပါလား"

ဝိုင်းကြည့်နေသူများ၏အသံထွက်ပေါ်လာသည်။ ယုယုအံ့သြသွားသည် မြင်တွေ့လိုက်ရသောမြင်ကွင်းမှာ မယုံကြည်နိုင်စရာပင်ဖြစ်နေသည်။ မောင်းကျက်၏လူမိုက်များအနက် နှစ်ယောက်မှာ မြေပေါ်တွင်စန့်စန့်ကြီး လဲနေကြပြီးတစ်ယောက်မှာကုန်းကုန်းကွကွ ဖြင့်ညည်း ညူနေ၏။

ကျန်သောလူများမှာ ရှေ့တိုးရမလိုနောက်သို့ဆုတ်ရမလို ဖြစ်နေကြသည်။ သူတို့ရှေ့မှ ဝင်ရိုက်သော လူနှစ်ယောက်မှာဒုက္ခများနေပြီမဟုတ်ပါလား။

ပေဒါကိုလှမ်းကြည့်လိုက်သောအခါ မားမားမတ်မတ်ရပ်နေသည်ကိုတွေ့မြင်ကြရသည်။

ယုယုဝမ်းသာသွားသည်။

မောင်းကျက်မှာမူဝမ်းမသာနိုင်တော့ပေ။

မိမိလူများမရှုမလှ ခံလိုက်ရသည်ကိုမြင်လျှင် မျက်လုံးကြီးပြူးနေသည်။

ပေဒါကိုမယုံကြည်နိုင်သလိုကြည့်နေမိသည်။

ပေဒါက မင်း. . .

"မင်း. . . မင်းကောသူတို့လောက် သတ္တိရှိလား"

လဲကျနေသူများကို လက်ညှိုးထိုးကာ မောင်းကျက်အားလှမ်းမေးလေ၏။

လူ့ပွဲအလယ်တွင်မောင်းကျက် အရှက်ရသွားလေတော့သည်။

"မင်းသေဖို့သာပြင်ထား. . .'"

www.burmeseclassic.com

www.burmeseclassic.com



မောင်းကျက်ရှက်ရှက်ဖြင့် ဒေါသထွက်နေ၏။

သူသည် အော်ငေါက်ရင်း ဇွက်ထားသည့်ဓါးမြှောင်တစ်ချောင်းထုတ်ယူကာပေဒါအား ပစ်ပေါက်လိုက်သည်။

"ဝိုး. . ."

ဓားမြှောင်သည်ပေဒါ၏ရင်ဝတည့်တည့်သို့ပြေးဝင်လာ၏။

"အစ်ကိုသတိထား"

ယုယုလွှတ်ခနဲအော်လိုက်မိ၏။

သို့သော် ပေဒါက ရှောင်တိမ်းခြင်းမပြုပါ။

သူ၏လက်တစ်ဘက်ဝှေ့ယမ်းလိုက်သည်နှင့် အရှိန်ဖြင့် ပြေးဝင်လာသော ဓားမြှောင်ကိုဖမ်းယူပြီးသား ဖြစ်သွားလေတော့သည်။

"ဟယ်"

ဝိုင်းကြည့်နေသူများတအံ့တသြ ရေရွတ်လိုက်ကြသည်။

မောင်းကျက်လည်း မျက်နှာဖြူဖတ်ဖြူလျော်ဖြင့် အကြီးအကျယ် ထိတ်လန့်သွား၏။

"ခင်. . . ခင်ဗျားသိုင်းပညာတတ်တယ်။ ခင်. . . ခင်ဗျားရူးချင်ဟန်ဆောင်နေတာမဟုတ်လား. . ."

အော်ဟစ်စွပ်စွဲလိုက်သည်။

ပေဒါက. .

"မင်းမျက်နှာ ငါမကြည့်ချင်ဘူး၊ နောက်ဘယ်တော့မှ ယုယုကိုလာပြီးမနှောင့်ယှက်နဲ့. . ."

ပြောဆိုပြီး ဓားမြှောင်ဖြင့် ပစ်လိုက်လေ၏ ဓါးမြှောင်မိမိထံသို့ ဓါးမြှောင်ပြေးဝင်လာသည်ကိုမြင်သောအခါ မောင်းကျက်လှည့်ပြေးသည်။

"အမယ်လေး"

သို့သော်. . .



ပေဒါပစ်လိုက်သော ဓားမြှောင်သည် သေသပ်စွာထုံးထားသည့် မောင်းကျက်၏ ဆံထုံး၌စိုက်ဝင်သွားလေ၏။

"သေပါပြီဗျ"

မောင်းကျက်လည်းအော်ဟစ်ညည်းညူရင်းမြေပေါ်သို့လဲကျသွားသည်။

မောင်းကျက်သေဆုံးသွားခြင်းမရှိပါ ဓားမြှောင်မှာ သူ၏ဆံထုံး၌စိုက်ဝင်နေခြင်းဖြစ်ပြီး ဦးခေါင်းကို ထိခိုက်ခြင်းအလျဉ်းမရှိပါချေ။

မောင်းကျက်သည် ချက်ချင်းပင်လူးလိုမှိ့ထကာ ထွက်ပြေးသွားလေတော့သည်။

မောင်းကျက်၏ သွေးရူးသွေးတန်းအဖြစ်ကြောင့် ဝိုင်းကြည့်နေကြသူများသည်ဆူညံအောင် ရယ်မောဟားတိုက်ကြလေ၏။

"ဟား. . . ဟား. . . ဟား. . ."

"ဟား. . . ဟား. . . ဟား. . ."

ပေဒါက မောင်းကျက်အားဆုံးမလိုက်သည့်သတင်းသည် တစ်မြို့လုံး ဘုတ်အော်သောင်းတင်းဖြစ်သွားလေတော့သည်။

မောင်းကျက်၏ အကျင့်ကိုသိထားကြသော လူအများက ပေဒါအားဝိုင်းဝန်းအားပေးထောက်ခံကြသည်။

သို့သော်. . .

လူအချို့ကမူ မောင်းကျက်၏ဖခင်ဖြစ်သူ သူဌေးကြီးမောင်းပိန်း၏ မတရားလုပ်တတ်မှုကို သိထားကြ၍ပေဒါနှင့်ယုယုတို့အတွက် စိုးရိမ် နေကြသည်။

မှန်ပါသည်။

သူဌေးကြီးမောင်းပိန်းသည် သားဖြစ်သူ၏ အကျင့်စရိုက်ကိုသော်လည်းအပြစ်မြင်သူမဟုတ်ပါ။

သားဖြစ်သူကိုထိလျှင် သူကိုယ်တိုင်သားဖြစ်သူ၏ ရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ ရင်ဆိုင်မည်ဆိုသည့် အတ္တကြီးမားပြီးတစ်ကိုယ်ကောင်းဆန်သူဖြစ်ပါသည်၊ အချစ်သာဝင်ပြီး အပြစ်မမြင်သူဖြစ်ပါသည်။

မောင်းကျက်နှင့်ပြဿနာဖြစ်ပြီးနောက် ဤမြို့ရှိလူအများက ဗေဒါနှင့်ယုယုအားဒီမြို့မှ ထွက်ခွာရန် ဝိုင်းဝန်းတိုက်တွန်းကြသည်၊ သို့မှသာ သူတို့ဘဝအေးချမ်းပေမည်။

ဖြစ်ပွားခဲ့သော အကြောင်းအရာများက ဤမျှနှင့်ပြီးဆုံးသွားမည်မဟုတ်မှန်း ဗေဒါနှင့် ယုယုတို့လည်း နားလည်ကြပါသည်။

ဗေဒါက သက်ပြင်းချလိုက်၏။

ထို့နောက်. . .

အထုပ်အပိုးပြင်ဆင်နေသည့်ယုယုကိုကြည့်ကာမေးလိုက်၏။

"ဒါဘာလုပ်တာလဲ"

သူ၏အသံကြောင့် ယုယုကခေါင်းမော့လာသောအခါ သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်ကိုဗေဒါတွေ့မြင်လိုက်ရလေ၏။

မိဘများမရှိတော့သည့် နောက်ပိုင်းဤအရပ်၊ ဤဒေသင်ခင်တွယ်လို့ တစ်ယောက်တည်း ရှန်းကန်နေထိုင်ခဲ့သော သူမအတွက် ဤမြို့မှ ခွဲခွာရမည်မှာ ကြေကွဲစရာဖြစ်နေသည်။

ဗေဒါက. .

လက်သီးကို ဆုပ်၍ အံကြိတ်ကာပြောလိုက်သည်။

"ယုယုဒီက ထွက်သွားဖို့မလိုဘူး"

"ကျွန်မလဲ မသွားချင်ပါဘူးရှင် . . . ဒါပေမဲ့. . ."

"ဒါပေမဲ့ဘာဖြစ်သလဲ. . ."

"ဒီမှာဘယ်လိုမှ ဆက်နေလို့မဖြစ်တော့ဘူး အစ်ကိုလဲ သိပါလေ. . ."



"အစ်ကို့ကြောင့်ဖြစ်ရတဲ့ပြဿနာပဲ၊ ယုယုဘာမှ မပူပါနဲ့ အစ်ကိုပဲ ဒီကထွက်သွားမှာပါ။ "

ယုယုကဗေဒါကိုစိုက်ကြည့်ပြီးမေးလိုက်လေ၏။

"အစ်ကိုဘယ်နေရာကိုသွားမှာလဲ"

"ကျုပ်. . ."

ဗေဒါမှာ ဖြေစရာမရှိသဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေတော့သည်။

ယုယုက

"အစ်ကိုထွက်သွားပါပြီတဲ့ သူတို့က ကျွန်မကို ချမ်းသာပေးမှာလား. . ."

ဗေဒါခေါင်းငိုက်စိုက်ကျသွားလေ၏။

"ဒါတွေအားလုံး ကျုပ်အပြစ်ပါ"

သူက ညည်းညူလိုက်မိသည်။

ယုယုသည် မျက်ရည်ကြားမှပြုံးလိုက်သည်။

"အစ်ကိုက ကျွန်မအတွက် စိုးရိမ်လို့ဖြစ်လာရတာပဲ၊ မဟုတ်လား. . ."

ဟု ယုယုကဆက်လက်၍

"ကျွန်မကိုကာကွယ်ပေးတဲ့ အစ်ကို့ကိုကျွန်မက အပြစ်တင်ရမှာလား. . ."

ယုယုထိုသို့ပြောသောအခါ ဗေဒါမှာ ဘာမျှမပြောနိုင်တော့ချေ။ ယုယုက

"ထားပါတော့လေ. . . အစ်ကိုဒီကထွက်သွားမယ်၊ ကျွန်မက ဒီနေရာမှာ အရင်အတိုင်းပဲ ဆက်ပြီးနေရမယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် နေရမယ်"

ဗေဒါထံမှ စကားသံချက်ချင်းထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ယုယုရယ်မောလိုက်သည်။

"ကျွန်မဒုက္ခရောက်အောင်အစ်ကိုလုပ်လိုက်တာပဲ"

"ဟင် . . . ဘာဖြစ်လို့လဲ"

ဗေဒါလှုပ်လှုပ်ရှားရှားဖြစ်သွားတော့သည်။

ယုယုက. . .

"အစ်ကိုထွက်သွားတာနဲ့ သူတို့က ကျွန်မကို ဒီအတိုင်းလက်ငုတ်ကြည့်နေကြပါမလား . . . ကျွန်မကိုအလှကြည့်နေကြပါမလား ရှင့်"

"ဟွန်း"

"ဝေးပါသေးတယ်ရှင် ချက်ချင်းကိုဒုက္ခပေးတော့မှာပေါ့ရှင့်"

တဖြည်းဖြည်းသဘောပေါက်လာ၍ ဒေါသထွက်လာမိတော့သည်။

"ကောင်းပြီလေ"

"သင်းတို့က ဒီလောက်တောင် စော်ကားနေချင်ကြရင် ဘာဖြစ်လို့ ခေါင်းငုံ့ ခံနေရမှာလဲ၊ သူတို့နဲ့ သွားပြီး စားရင်းရှင်းမယ်"

ယခုချက်ချင်းပင် လိုက်သွားဟန်ပြင်လိုက်သည်။

ယုယုက

"အစ်ကိုရယ် တပူပေါ်နှစ်ပူဆင့်ချင်နေပြန်ပြီ အစ်ကိုဒေါသနဲ့ လုပ်မယ်ဆိုရင် အားလုံးမှားကုန်မယ်၊ ကျွန်မတစ်ခုပြောမယ် ကျွန်မရဲ့ ဆွေမျိုးတွေရှိတဲ့ အရပ်ကို ကျွန်မသွားတော့မယ်၊ အစ်ကို လိုက်ပို့ပေးမလား၊ ပို့မပေးဘူးလား ဆိုတာသာပြောပါ. . ."

"ကောင်းပြီ ကျုပ်လိုက်ပို့ပေးမှာပါ. . ."

ယုယုက. . .

"ဒါဆို ကျွန်မနှင့် အတူပစ္စည်းတွေ ဝိုင်းကူ သိမ်းပေးပါဦးရှင်"

ဗေဒါသည် ယုယုအား ကူညီလုပ်ကိုင်ပေးသည်။



ယုယုကဝမ်းနည်းစွာပြောလေ၏။

"ရှင်. . . ကျွန်မကို ထားခဲ့ပြီး အစ်ကိုဘယ်ကိုမှ မသွားရဘူး ကျွန်မကလည်း အစ်ကိုသွားချင်တဲ့နေရာသွားဆိုပြီး မလွှတ်နိုင်ပါဘူး၊ အစ်ကိုရယ်. . ."

ဗေဒါ၏ မျက်လုံးများသည် အရောင်တဖိတ်ဖိတ်တောက်ပလာသည်။

ဗေဒါနှင့်ယုယုတို့သည် နံနက်အရုဏ်တက်အချိန်တွင် မြို့ကလေးမှ ထွက်ခွာသွားကြလေတော့သည်။

* * *

## အခန်း(၂၅)
## မငြိမ်းချမ်းသူ၏ဒုက္ခ

နေဝန်းကြီးသည် အနောက်ဘက်မိုးကုတ်စက်ဝိုင်းအောက်တွင် ဝင်ရောက်ပျောက်ကွယ်သွားပြီဖြစ်ပါသည်။

ထိုအချိန်တွင်. . .

မြို့လယ်ရှိ ကျားတည်းခိုခန်းတွင် လာရောက်စားသောက်သူများနှင့် လူစည်ကားစွာရှိနေသည်။

ကိုရှောင်သည် ထိုတည်းခိုခန်းအပေါ်ထပ် ဝရန်တာဖြင့်ကာ လမ်းမပေါ်သို့ ငေးကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မှက်လုံးများသည် ရီဝေနေ၏။

"ငါ့ဘဝ ဒီလိုပဲ အဓိပ္ပာယ်မဲ့ ကုန်ဆုံးသွားရတော့မှာလား"

သူတီးတိုးရေရွတ်မိသည်။

မှန်သည်။

သူသည် သိုင်းလောက အကျိုးအများအကျိုးဆောင်ရွက်လာခဲ့သော်လည်း ဝူတန်းဂိုဏ်းမှ ဓါးသိုင်းကျမ်းနှင့်ပါတ်သက်၍ သူ့ဘဝတွင် အမည်းစက်ထင်ခဲ့ရသည်။

ထိုအမည်းစက်ကြီးအားချေဖျက်နိုင်ပါမည်လား ဆိုသည်ကိုသူ မတွေးနိုင်တော့ပြီ. . .

လီအင်းကလည်းပျောက်ချင်းမလှ၊ ပျောက်ဆုံးနေသည်။

ခုနှစ်စဉ်ကြယ် ဓါးကျမ်းမှာလည်း မည်သည့်နေရာသို့ရောက်ရှိနေသည်ကိုလည်း မသိချေ။

ကိုရှောင်တွေးတော ငေးမောနေစဉ်မှာ ပင်တည်းခိုခန်းသို့ ဝေါယဉ် တစ်စီးရောက်ရှိလာသည်ကို မြင်တွေ့လိုက်ရသည်။

ဝေါယဉ်မှာ အနက်ရောင်ဖြစ်သည်။

ထိုဝေါယဉ်အား ခန္ဓာကိုယ် သန်မာထွားကျိုင်းသောလူကြီး တစ်ဆယ်ခြောက်ယောက်က စောင့်ရှောက်လိုက်ပါ လာကြသည်။

တည်းခိုခန်း ရှေ့သို့ ရောက်သောအခါ ဝေါယာဉ်ရပ်တန့်သွားသည်ကိုမြင်တွေ့လိုက်ရသည်။

ထိုအထဲမှ လူသန်ကြီးတစ်ယောက် ဆိုင်ထဲဝင်ရောက်သွားသည်ကို မြင်တွေ့လိုက်ရသည်။

သူအပေါ်ထပ်မှာ ကြည့်နေ၍ ဤမျှသာမြင်ရခြင်းဖြစ်သည်။

ထိုသို့အကဲခတ်ကြည့်နေစဉ်မှာ အောက်ထပ်မှ ဆူဆူညံညံ အသံများထွက်ပေါ်လာသည်။

ထိုနောက် အသံဗလံများ တိတ်ဆိတ်ပျောက်ကွယ်သွားပြန်



၏ ။ ကိုရှောင်အံ့ဩသွား၏။

အောက်ထပ်တွင် တစ်စုံတစ်ခုဖြစ်နေကြောင်း ရိပ်မိလိုက်သည်။ မည်သို့ပြဿနာပေါ်ပေါက်နေသနည်း။ သူသိလိုစိတ်ဖြစ်ပေါ်နေသည်။ ထိုစဉ်. . . အပေါ်ထပ်သို့ တက်လာသည် ခြေသံများကို ကြားလိုက်ရသည်။

ကိုရှောင်လှမ်းကြည့်လိုက်ရာ ဆိုင်ရှင်တက်လာခြင်းဖြစ်ကြောင်းတွေ့ရသည်။

ဆိုင်ရှင်သည် ကိုရှောင်ထံသို့ ဦးတည်လျှောက်လာခြင်းဖြစ်ပါသည်။

ကိုရှောင်မျက်မှောင်ကြုတ်သွား၏။ အဘယ်ကြောင့် ဆိုင်ရှင်တက်လာပါသနည်း။

"မိတ်ဆွေပြောရမှာတော့အားနာတယ်ဗျာ"

တစ်စုံတစ်ခုပြောရန် အစချီ နိဒါန်းပျိုးလေ၏။

ကိုရှောင်မေးလိုက်သည်။

"ဘာကိစ္စရှိလို့လဲဗျာ"

ဆိုင်ရှင်မေးသည်။ အံ့ဩစရာမေးခွန်းဖြစ်သည်။

"ကျုပ်ရဲ့တည်ခိုခန်းမှာ မိတ်ဆွေက အခန်းတစ်ခန်းငှားထားတယ်မဟုတ်လား"

ကိုရှောင်ဝန်ခံ၏။

"ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လို့လဲ"

ထိုအခါ တည်းခိုခန်းပိုင်ရှင်က အားတုံ့အားနာ ပြောသည်။

"မိတ်ဆွေအနေနဲ့ တခြားတည်ခိုခန်းတစ်ခုခုမှာ ပြောင်းပြီးတည်းပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်ဗျာ"

"ဘာဗျ"

ကိုရှောင်ဒေါသထောင်းကနဲ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်က တောင်းပန်လေ၏။ သူ့အသံကသနားစဖွယ်ပင်။

"ကျုပ်တောင်းပန်ပါတယ်ဗျာ"

ကိုရှောင်က ဒေါသဖြင့် မေးလေ၏။

"နေစမ်းပါဦး ကျုပ်က ဘာဖြစ်လို့ပြောင်းပေးရမှာလဲ"

ဆက်လက်၍

"ခင်ဗျားရဲ့တည်းခိုခန်းမှာ တည်းခိုတဲ့သူဆိုလို့ ကျုပ် တစ်ယောက်တည်းရှိတာမှ မဟုတ်တာ ။ တခြားအခန်းလွတ်တွေ အများကြီး ရှိနေတာပဲ"

ဆိုင်ရှင်မျက်နှာငယ်သွားသည်။

"အခုတစ်ဆိုင်လုံးငှားမည့်သူတွေရောက်လာလို့ပါဗျာ"

သူတို့က တစ်ဆိုင်လုံး ငှားမရရင် မငှားဘူးလို့ပြောနေလို့ပါခင်ဗျာ. . ."

ကိုရှောင်ကပြတ်သားစွာပြောလိုက်၏။

"ဒါဖြင့် မငှားနဲ့ပေါ့ဗျာ. . ."

ဆိုင်ရှင်ကတောင်ပန်ပါတယ်ဗျာ မိတ်ဆွေတစ်ယောက်တည်းနဲ့ ကျုပ်စီးပွားရေး မထိခိုက်ပါရစေနဲ့ဗျာ"

ထိုစကားကြားမှ ကိုရှောင်ဒေါသပို၍ထွက်သွား၏။

"ကျုပ်က အရင်ငှားတာပဲ ။ ဘာဖြစ်လို့ ၊ ဖယ်ရမှာလဲ၊ မဖယ်နိုင်ဘူး. . ."

"မိတ်ဆွေ"

"ခင်ဗျားမကျေနပ်ရင်မြို့ဝန်ဆီကို သွားပြောပါ ကျုပ်ကတော့လုံးဝပြောင်းမပေးနိုင်ဘူး။

ဆိုင်ရှင်သည်မည်သို့မျှ ပြော၍မရမှန်းနားလည်သွားပြီးခေါင်းငိုက်စိုက်ချကာ အောက်ထပ်သို့ ဆင်းသွားသည်။

မကြာပါချေ. . .။



အောက်ထပ်မှ ဆူညံသော အသံများထွက်ပေါ်လာသည်၊

အော်ဟစ်ငြင်းခုံနေကြခြင်းဖြစ်သည်။

ကိုရှောင်နှာခေါင်းရှုံ့လိုက်လေ၏။

"ငါဟာ ကြီးကျယ်တဲ့လူစားတွေကိုဘယ်တော့မှ အလျှော့မပေးဘူးဆိုတာကို၊ သူတို့မသိကြသေးပဲကိုး. . ."

သူတီးတိုးရေရွတ်လေ၏။

ထိုနောက်သူ ငှားထားသော အခန်းတွင် သူဝင်ရောက်ကာ တံခါးပိတ်လိုက်တော့သည်။

မိုးချုပ်သွားပြီဖြစ်၍. . .

ကိုရှောင် အခန်းတွင်၌ချိတ်ဆွဲထားသော မီးအိမ်ကိုမီးထွန်းညှိသည်။

ထိုနောက်ခုတင်ပေါ်သို့ခြေလက်ပစ် လည်းလျောင်းလိုက်သည်။

တစ်နေ့လုံးပင်ပန်းခဲ့သမျှ တစ်ညတာ အိပ်စက်တော့မည်ဖြစ်ပါသည်။

ကိုရှောင်နဖူးပေါ်သို့လက်တင်ကာ မျက်လုံးကိုစုံမှိတ်လိုက်လေသည်။

ထိုအချိန်မှာပင်. . .

"ဒေါက်. . . ဒေါက်. . ."

တံခါးခေါက်သံထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

ကိုရှောင်မျက်လုံးပွင့်သွားလေ၏။

ထိုတံခါးခေါက်သံကိုသူစောင့်မျှော်နေခြင်းသာ ဖြစ်လေသည်။

မိမိက အခန်းဖယ်မပေးသဖြင့် ပြဿနာ ပေါ်လာလိမ့်မည်ဟုနားလည်ထားသည်။

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ မိမိက အလျှော့ပေးမည် မဟုတ်ပါ။

ယောကျ်ားတစ်ယောက်၏ သိက္ခာနှင့် သတ္တိကို အစော်ကား ခံမည် မဟုတ်ပါ။

ထိုစဉ်မှာပင်

"ဒေါက်. . , ဒေါက်. . . "

နောက်ထပ် တံခါးခေါက်သံထွက်ပေါ်လာပြန်သည်။

ကိုရှောင်က

"ဘယ်သူလဲ"

အိမ်ရာမှ မထဘဲမေးလိုက်သည်။

ထိုအခါတွင် . . .

"သခင်မလေးက ထမင်းစားဖိတ်လိုက်ပါတယ်ရှင်"

အပြင်ဘက်မှ ချိုလွင်သာယာသော စကားသံထွက် ပေါ်လာသည် ကိုကြားလိုက်မိသည်။

ကိုရှောင်ပြုံးလိုက်လေ၏။

"ဘယ်ကသခင်မလဲ၊ ဘယ်သခင်မမှ ကျုပ်မသိဘူး"

ဟုခပ်ပြတ်ပြတ်ပြောလိုက်သည်။

အသံရှင်က ဆက်လက်၍ပြော၏။

"ကျေးဇူးပြု၍ အောက်ဆင်းလာခဲ့ပါလားရှင်။ သခင်မလေး စောင့်နေပါတယ်. . .။ အစ်ကိုမလာဘူးဆိုရင် ကျွန်မ အပြစ်တင်ခံရပါလိမ့်မယ်"

သူမကတောင်းပန်သည်။

ကိုရှောင်က. . .

"ကောင်းပါပြီ ကျုပ်လာခဲ့ပါမယ်လို့ ပြောလိုက်ပါ။ "

စကားသံဆုံးလျှင် ပြန်လည်ထွက်ခွာသွားသောခြေသံကို ကြားလိုက်ရလေ၏။



မိန်းကလေးအောက်ထပ်ကိုပြန်ဆင်းသွားပြီဖြစ်သော် လည်း ကိုရှောင်အိပ်ရာမှ မထသေးပါ။

သခင်မလေးဆိုသည်မှာ မည်သူမည်ဝါဖြစ်သည်ကို တွေး တော စဉ်းစားနေမိသည်။

အတော်ကလေးကြာမှ လူလိုမ့်ထလိုက်သည်။

ထို့နောက်. .

သူ၏ကိုယ်ပေါ်တွင်ဝတ်ထားသော လက်နက်များကို အနေ အထားကျမကျ စစ်ဆေးလေ၏။

အားလုံးအဆင်ပြေကြောင်းတွေ့ရှိသောအခါမှာ မိမိကိုယ်ကို စိတ်ချစွာဖြင့် အခန်းတံခါးကိုဖွင့်ကာ အပြင်ဘက်ထွက်လိုက် သည်။

ထို့နောက် အောက်ထပ်သို့ ဆင်းခဲ့လေတော့သည်။

ဆိုင်ထဲရှိမီးရောင်မှာ ထိန်ထိန်လင်းနေသည်။

တံခါးများ ပြူတင်းပေါက်များကိုဖွင့်ထား၏၊ သို့သော်. . .

အခြေအနေက အလွန်တိတ်ဆိတ်နေသည်။

ကိုရှောင်အံ့ဩသွားသည်။

ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်၏။

ဆိုင်အောက်ထပ်တွင် ဝေါယာဉ်ထမ်းလာသည် လူစုကို တွေ့ ရှိရမည်ဟု ထင်မိသော်လည်း မိမိအထင်နှင့် အမြင်မှားသွားကြောင်း သိလိုက်ရသည်။

ထိုစဉ်. . .

"ဒီဘက်ကိုကြွပါရှင်"

သာယာသော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက် ရ၏။

ကိုရှောင်ခန္ဓာကိုယ်ဆတ်ကနဲ တုန်ခါ သွားသည်။

စကားသံမှာ သူ၏နောက်ကျောမှ ထွက်ပေါ်လာခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်သို့ လှည့်ကြည့်သောအခါ မိန်းကလေးတစ်ယောက်သည်ပြုံး၍ မိမိကိုကြည့်နေသည်ကိုတွေ့မြင်ရသည်။

ထိုမိန်းကလေးသည် မိမိတွေ့ဖူးသမျှ ထဲတွင် အချောမောဆုံး အလှပဆုံးမိန်းကလေးတစ်ယောက်ဖြစ်ပါ၏။

ကိုရှောင်မျက်မှောင်ကြုတ်သွားပြီး။

"ကျုပ်ကို ဖိတ်ခေါ်တာ မင်းမဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"မင်းက ကျုပ်ကိုသိလို့လား"

မိန်းကလေးက ရယ်မောလိုက်၏။

"ကျွန်မက အစ်ကို့ကိုတောင်းပန်စရာရှိလို့ပါရှင်"

ကိုရှောင်ကြောင်အမ်းအမ်းဖြစ်သွားလေတော့သည်။

"မိန်းကလေးမင်းဘယ်လို ပြောလိုက်တာလဲ၊ ကျုပ်တို့က ခုမှတွေ့ကြတာမဟုတ်လား"

မိန်းကလေးက. . .

"ကျွန်မရှင်းပြပါမယ်၊ ကျေးဇူးပြု၍ ဒီဘက်ခန်းကိုကြွပါ ရှင်"

သူမသည် လေးလေးစားစားဖိတ်ခေါ် နေခြင်းဖြစ်သည်။

ကိုရှောင်သည် သူမအား စိတ်ဝင်စားသွားသည်။

ထို့ကြောင့်ပင်

"ကောင်းပါပြီလေ"

ချက်ချင်းပင် မိန်းကလေးထံသို့လှမ်းသွားလိုက်၏။

"ကြွပါရှင်. . ."

မိန်းကလေးက အခန်းတွင်းသို့ဖိတ်ခေါ်သည်။

ကိုရှောင်ကလှမ်းဝင်လိုက်၏။

အခန်းတွင်း၌ စားပွဲဝိုင်းတစ်ခုရှိပြီး စားသောက်ဖွယ်ရာများ



ပြင်ဆင်ထားသည်။

သို့သော် အခန်းထဲတွင် တစ်စုံတစ်ယောက်မျှ မရှိချေ။

မိန်းကလေးက. . .

"ထိုင်ပါရှင်. . ."

ကိုရှောင်အားနေရာထိုင်ခင်းပေးသည်။

ကိုရှောင်သည် မိန်းကလေးအား စိတ်ဝင်စားနေပြီ ဖြစ်ရာ အကျိုးအကြောင်း စုံစမ်းရန် ဆုံးဖြတ်လိုက်ပြီး ထိုင်ခုံတစ်လုံးတွင် ထိုင်ချလိုက်သည်။

စားသောက်ဖွယ်ရာများမှာ စုံလင်လှပေသည်။

အလွန်အဖိုးတန်သော အကောင်းစားဝါးရွက်စိမ်းအရက်တစ်အိုးလည်း ရှိနေ၏။

မိန်းကလေးသည် ကိုရှောင်အတွက် အရက်တစ်ခွက်ငှဲ့ပေးပြီး ပြောလေသည်။

"သောက်ပါရှင်"

ကိုရှောင်က အရက်ခွက်ကို လှမ်းယူလိုက်သော်လည်း မသောက်သေးပေ။

မိန်းကလေးကို စိုက်ကြည့်လိုက်ပြီး သူပြောသင့်သည်ကို ပြော လိုက်၏။

"မင်းဘယ်သူလဲဆိုတာ ကျုပ်မသိရသေးဘူး၊ ဘာကြောင့် ခုလို ဖိတ်ခေါ်ကျွေးမွေးရတယ်ဆိုတာကို ကျုပ်မသိရသေးဘူး"

မိန်းကလေးကပြုံးလိုက်သည်။

"ကျွန်မနာမည် တင်တင်လို့ခေါ်ပါတယ်၊ ကျွန်မတော အစ်ကို့ကိုတောင်းပန်စရာရှိနေလို့ပါ။

ကိုရှောင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီလေ ဘာကြောင့်တောင်းပန်ချင်ရသလဲ [illegible]

www.burmeseclassic.com

www.burmeseclassic.com



[illegible]”

တင်တင်က

“ကျွန်မတို့တည်းခိုခန်းကို ရောက်လာတော့ တည်းခိုခန်းတစ်ခုလုံးကို ငှားရမ်းပြီး လွတ်လွတ်လပ်လပ်နေမယ်လို့ စိတ်ကူးထားပါတယ်ရှင်. . . ဒါပေမဲ့

“ဒါပေမဲ့ ဘာဖြစ်လဲ ဆက်ပြောပါဦး”

“ရှင်က ကျွန်မထက်ကြိုတင်ပြီး ငှားရမ်းထားတော့ရှင့်ကို နေရာပြောင်းပေးဖို့ဆိုင်ရှင်ကိုပြောခိုင်းခဲ့ပါတယ်. . .”

စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ကာ ကိုရှောင်ကို တချက်လှမ်းကြည့်သည်။ ကိုရှောင် အေးအေးဆေးဆေးပင် ခေါင်းခါသည်။

“ဝမ်းနည်းပါတယ် မိန်းကလေး ကျုပ်က ပြောင်းရွှေ့ပေးနိုင်မှာမဟုတ်ပါဘူး”

မိန်းကလေးသည် ခေါင်းကိုတဆတ်ဆတ် ညိတ်နေ သည်။ ဆက်လက်၍သူမက

“ရှင်ရဲ့ဆုံးဖြတ်ချက်မှန်ပါတယ်၊ ကျွန်မသဘောပေါက်နားလည်ပါတယ်၊ ရှင့်ကိုစော်ကားမိခဲ့သလို ဖြစ်ခဲ့ရပါတယ်”

ဒါကြောင့်. . .

“ကျွန်မရှင့်ကို ခုလို ဖိတ်ခေါ်ကျွေးမွေးပြီးတောင်းပန်စကားပြောဆိုရတာပါ. . .။”

မိန်းကလေး၏စကားကို ကြားရသောအခါ ကိုရှောင်သည် အလွန်ကျေနပ်သွားသည်။

“မိန်းကလေးက သဘောပေါက်နားလည်တယ် ဆိုရင်ပဲ ကျုပ် ကျေနပ်ပါပြီ ကျုပ်ကိုလည်း နားလည်ရမလွယ်ကူတဲ့ လူတစ်ယောက် လို့မမြင်စေချင်ဘူး၊ တကယ်ဆို မိန်းကလေးက အရင်ရောက်ပြီး နောက်မှ ရောက်လာတဲ့ ကျုပ်ကဖယ်ပေးပါဆိုရင် ဖယ်ပေးပဲ့



မလား”

တင်တင်ခေါင်းခါရမ်းလိုက်သည်။

“ဘယ်ဖယ်ပေးပါမလဲရှင်”

ကိုရှောင်က

“မိန်းကလေးကျုပ်ကိုစိတ်မဆိုးပါဘူးနော်”

တင်တင်သဘောကျစွာရယ်မောလိုက်သည်။

“ခစ်. . . ခစ်. . . ခစ်”

ကျွန်မဘာကြောင့် စိတ်ဆိုးရမှာလဲ ၊ ရှင်စိတ်ဆိုးသွားမှာကို စိုးရိမ်လို့ ကျွန်မတောင်းပန်နေရတာပါ။

“ကျုပ်ကလည်း စိတ်မဆိုးပါဘူးဗျ ဖြစ်သင့်ဖြစ်ထိုက်တာဖြစ်ရင် ကျုပ်ကျေနပ်ပါတယ်. . .”

ကိုရှောင် သဘောကျစွာ ပြုံးပြောလိုက်သည်။

မိန်းကလေးအားသဘောကျသွားပြီး ဖြစ်ကြောင်း သူ့ကိုယ်သူသိလိုက်မိ၏။

တင်တင်သည် ချောမောပြီးသဘောကောင်းသူဖြစ်သည်။

တင်တင်ကပြောလေ၏။

“ဒါဆိုရှင်နဲ့ ကျွန်မ မိတ်ဆွေဖြစ်သွားကြပြီပေါ့”

ကိုရှောင်က ခေါင်းညိတ်၏။

“ဒါပေါ့. . .”

“ဒါဖြင့် အရက်တစ်ခွက်လောက်သောက်ပါဦးရှင်. .”

တင်တင်သည် သူ့အတွက် အရက်ခွက်ကိုလှမ်း ယူလိုက်လေ၏ ။

တင်တင်က. . .

“မမျှော်လင့်ဘဲမိတ်ဆွေဖြစ်ရတဲ့ အစ်ကို့အတွက်”

ဆုတောင်းကာ အရက်ခွက်ကိုမော့ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်လည်းမနေသာတော့ပါ။ စောစောကမယုံသဖြင့် အရက်တို သူမသောက်သော်လည်း တင်တင်က ခံသောက်ပြနေပြီ ဖြစ်၍ မသောက်လျှင် သူသရဲဘောကြောင်ရာကျပေလိမ့်မည်။ ကဲ အချဉ်ဟာလည်း. . .

"မိတ်ဆွေတစ်ယောက်ကောက်ရတဲ့အတွက်"

အရက်ကိုမော့ချလိုက်သည်။ နှစ်ယောက်သား အရက်ခွက် ကိုယ်စီသောက်ပြီး ဖြစ်လေတော့သည်။

တင်တင်က. . .

"ဒါတွေကိုစားလိုက်ပါဦးရှင်"

စားသောက်ဖွယ်ရာများကိုကျွေးမွေးသည်။

ကိုရှောင်သည်ခေါင်းခါရမ်းလိုက်သည်။

"ကျုပ်ညစာစားသောက်ပြီးခဲ့ပါပြီ ဒါကြောင့် မစားပါရစေ နဲ့တော့"

"ဟာအစ်ကိုကလဲ မိတ်ဖြစ်ဆွေဖြစ်စားဦးမှပေါ့"

ကိုရှောင်က. . .

"ကျုပ်မစားတော့ပါဘူး. ."

"ဟင်အစ်ကိုကလဲ"

ကိုရှောင်ပြုံးလိုက်သည်။

"ဒီလိုလုပ်ပါလား"

"ကိုယ်တို့နှစ်ယောက် မနက်ဖန်ကြမှ နံနက်စာအတူတူစား သောက်ကြတာပေါ့ မကောင်းဘူးလား"

တင်တင်သက်ပြင်းချလိုက်သည်။

"ကောင်းပါပြီ အစ်ကိုသဘောပါပဲ"

ကိုရှောင်ထိုင်ရာမှ ထလိုက်သည်။

"ကဲ. . ကျုပ်ကိုခွင့်ပြုပါဦး"



"ကောင်းပါပြီရှင်"

ကိုရှောင်သည်တင်တင်အား နှုတ်ဆက်ကာ ထွက်လာခဲ့၏။

သူ၏ရင်ထဲတွင် ဖော်မပြနိုင်အောင်ဝမ်းသာ ပျော်ရွှင်နေ ကြောင်းနားလည်ခဲ့လေတော့သည်။

တင်တင်သည် သိုင်းလောကနှင့် ပတ်သက်သော မိန်း ကလေး တစ်ယောက်ဖြစ်ကြောင်း ရိပ်မိသည်။

တင်တင်ကဲ့သို့ အရည်အချင်းရှိသော မိန်းကလေးများသိုင်း လောကတွင် များပြားလာမည်ဆိုလျှင်သိုင်းလောကအတွက် အေးချမ်း သာယာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိလေတော့၏။

ကိုရှောင်သည်အပေါ်ထပ်သို့ပြန်တက်လာခဲ့ပြီး သူ၏အခန်း တွင်းသို့ဝင်ကာ တစ်ညတာ နှစ်ခြိုက်စွာအိပ်လိုက်လေတော့သည်။

* * *

"အောက်. . . အီး. . အီး . . . အွတ်"

ဟိုးအဝေးမှ ကြက်တွန်သံများထွက်ပေါ်လာသည်။ အရှေ့ ဘက်ဆီမှ နေဝန်းသည် တဖြည်းဖြည်းထွက်ပေါ်လာနေသည်။ တစ်ည တာကုန်ဆုံးသွားပြီးနေ့သစ်တစ်ခုကိုအစပျိုးတော့မည် မနက်ခင်းဖြစ် ပေသည်။

"ဝါး. . ."

ကိုရှောင်သမ်းလိုက်သည်။

အပျင်းတစ်ချက်ဆန့်ပြီးအိပ်ယာထက်မှ လူးလိမ့်ထလိုက် လေ၏။

ခါတိုင်းဆိုလျှင်ညဉ့်နက်မှ အိပ်ပြီး နေအတော်မြင့်မှ အိပ်ယာမှ ထတတ်သည်။

ယနေ့ . . . ဤသို့မဟုတ်တော့ပေ သူစောစောထခဲ့ပြီ။ အဘယ်ကြောင့်ဆိုသော် . . . သူသည်တင်တင်နှင့်တူ နံနက်စာစားရန်

www.burmeseclassic.com

www.burmeseclassic.com



ချိန်းဆိုထားခဲ့သည် မဟုတ်ပါလား၊ သူသတိနှင့်အိပ်ခဲ့သဖြင့် ဤသို့ တောတောင်မြောင်ဖြစ်ပါသည်။

ကိုရှောင်မျက်နှာ သစ်ကိုယ်လက်သန့်စင်ပြီးအောက်ထပ် သို့ ဆင်းလာခဲ့လေသည်။

အောက်ထပ်သို့ ရောက်လျှင်လူရှင်းနေပြီးတစ်စုံတစ်ဦးမှ မတွေ့ရချေ။

ကိုရှောင်လဲ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"တင်တင်တို့တစ်ယောက်မှမထသေးဘူးထင်ပါရဲ့"

သူတွေးတောနေစဉ် လူတစ်ယောက်ထွက်လာသည်ကိုတွေ့ မြင်လိုက်ရလေသည်။

ထိုလူမှာ ဆိုင်ရှင်ဖြစ်ကြောင်းသိရှိလိုက်၏။

ကိုရှောင်သည်ဆိုင်ရှင်ကိုမြင်တွေ့လိုက်ရသောအခါ မနေ့က သူငြင်းခဲ့သည့်အဖြစ်အတွက် အားတုံ့အားနာဖြစ်သွားသည်။

သို့သော်. . .

ဆိုင်ရှင်က သူ့အားမြင်တွေ့သွားပြီး အနီးသို့လျှောက်လာ သည်။

ကိုရှောင်က. . .

"ညကကိစ္စအတွက် ကျုပ်စိတ်မကောင်းဘူးဗျာ"

သူကဆိုင်ရှင်အားပြောလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ"

"သူတို့အတင်းအကြပ်လုပ်နေလို့ ကျုပ်ကလာပြောရတာ ခင် ဗျားကိုအားနာစရာပဲဆိုတာ ကျုပ်သိပါတယ်။ ကဲ ခုတော့ ခင်ဗျားကြိုက် သလိုနေပေါ့ဗျာ"

"ဗျာ. . ."

"ကျုပ်တို့ကိုဒုက္ခပေးမဲ့သူမရှိတော့ဘူးဗျ"



"ဗျာ. . . ဘယ်လို"

မမျှော်လင့်သော စကားကိုကြားလိုက်ရသောကြောင့် ကိုရှောင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ဆိုင်ရှင်ကိုနားမလည်စွာဖြင့်ကြည့်လိုက်ပြီး မေးလိုက်မိ၏။

"သူတို့မရှိတော့ဘူးဟုတ်လား"

ဆိုင်ရှင်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ထွက်သွားပြီ"

"နေစမ်းပါဦး ဘယ်အချိန်ကထွက်သွားတာလဲ"

ဆိုင်ရှင်ကစိတ်ပျက်စွာဖြင့်ပြောသည်။

"ကျုပ်တောင်မသိလိုက်ပါဘူး"

"ဒီကအလုပ်သမားတွေကိုမေးကြည့်တော့လည်း ဘယ်သူမှ မသိလိုက်ကြဘူးဗျ ကျုပ်တောင် ညကတည်းက တည်းခိုခန်းခတောင်း ဘားမိလိုက်လို့ပေါ့ နို့မိုဆိုရင် တစ်ပြားမှ ရလိုက်မှာ မဟုတ်ဘူး"

ကိုရှောင်ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားလေတော့သည်။

"သူတို့ဘာကြောင့်ထွက်သွားတာလဲ"

တင်တင်သည် အကြောင်းထူးမရှိဘဲယခုလို အရေးကြီး သုတ်ပျာ ထွက်သွားမည်မဟုတ်ဟုယုံကြည်မိသည်။

"ဘာများဖြစ်လို့ပါလိမ့်"

ကိုရှောင်ဂနာငြိမ်ဖြစ်လာသည်။ တင်တင်တို့လူစုသည် ဆါယဉ်ဖြင့်ထွက်သွားကြမည်သာဖြစ်သည်။ လမ်းခရီး၌သူတို့အားတွေ့ မြင်လိုက်ရသူတိုင်းသတိပြုမိကြမည်မှာ သေချာသည်။

ထို့ကြောင့်. . .

စုံစမ်းမေးမြန်းပြီးလိုက်သွားမှ ဖြစ်မည်ဟုသဘောပေါက်သည် နှင့်တပြိုင်တည်း. . .

"ကဲ . . . ကျုပ်အတွက်ကျသင့်ငွေ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ကျသင့်ငွေ ကိုပေးချေကာဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်ခဲ့သည်။

ဆိုင်ရှင်လည်းကြောင်အမ်းအမ်းဖြစ်သွားလေတော့သည်။

"ဟေလူ ဟော့လူ ခင်ဗျားက"

သူ၏စကားတစ်ပိုင်းတစ်စဖြင့်ရပ်သွားသည်။

သူပြောလိုက်သော်လည်း ကိုရှောင်ကြားတော့မည် မဟုတ်ချေ။ အဝေးသို့ရောက်သွားလေပြီ။

* * *

နေခြစ်ခြစ်တောက်ပူပြင်းနေ၏။

လမ်းဘေးတစ်ဖက်တစ်ချက်တွင်မြင့်မားသော သစ်ပင်ကြီးများ ရှိနေသဖြင့် လမ်းမပေါ်၌ အရိပ်ရနေသည်မှာ ကိုရှောင်အဖို့ကောင်းသည်ဟုဆိုရမည်။

ကိုရှောင်သည် အရှေ့ဘက်သို့ ခပ်သုတ်သုတ်ခရီးနှင်နေသည်။

လမ်းခရီးတွင်တွေ့ရှိသူများကိုစုံစမ်းမေးမြန်းသော အခါ လူတစ်စုသည် အရှေ့ဘက်သို့ ခရီးသွားကြကြောင်းသိခဲ့ရသည်။

ကိုရှောင်သည်ဖွဲ့ကြိုးကြိုးဖြင့် လိုက်လာခဲ့သော်လည်း ယခုတိုင်မတွေ့မမြင်နိုင်သေးဘဲ ဖြစ်နေသည်။

ကြာသော်. . . ကိုရှောင်သည်မောပန်းနွမ်းနယ်လာသည်။

"ဘယ်လိုဖြစ်တာပါလိမ့်၊ အရင်တုန်းကလဲဒီလို မအိပ်မနေ ငါ ခရီးသွားခဲ့ဖူးပါတယ် ဒီလိုမဟုတ်ပါဘူး"

ခုမှမောလာတဲ့အကြောင်းဇာရင်ကို သူတွေးတောနေစဉ်. .

"ခွပ်. . . ခွပ်. . . ခွပ်"



မြင်းခွာသံများထွက်ပေါ်လာလေသည်။ ကိုရှောင်ကနောက်လှည့် ကြည့်လိုက်သည်။

ရုတ်တရက်. . .

ကိုရှောင်၏ ဦးခေါင်းငိုက်ခနဲဖြစ်သွား၏။

လမ်းမပေါ်သို့လဲကျသွားမလိုဖြစ်နေသည်။

ထို့နောက်အားတင်း၍အနီးရှိသစ်ပင်တို လက်ဖြင့်ကပျာကယာအားပြုထားလိုက်ရသည်။ သူ၏ဦးခေါင်းသည် တရိပ်ရိပ်မူး နောက်နေသည်။ မျက်လုံးများလည်း တပြည်ပြည်ပြာဝေလာသည်။

ရင်ထဲတွင် ပူလောင်ပြီး တလုပ်လုပ် ဖြစ်ကာ ပျို့အန်ချင်စိတ် များဖြစ်ပေါ်လာလေ၏။

"ဝေါ့. . ."

သူထိုးအန်ချလိုက်သည်။

ညိုမဲနေသော သွေးများကို တွေ့မြင်လိုက်သောကြောင့် အံ့ဩ ထိတ်လန့်သွားသည်။

"ဒါဘယ်လိုဖြစ်တာလဲ"

ကိုရှောင်မှာသူ၏ အဖြစ်ကို မယုံကြည်နိုင်ဘဲဖြစ်နေ၏။

"ဒါ. . . ဒါအဆိပ်မိတာပဲ"

သိုင်းလောကမှာကျင်လည်ခဲ့သည့် အတွေ့အကြုံအရ အခြေအနေမှန်ကို ချက်ချင်းသဘောပေါက်သွားသည်။

"အဆိပ်"

သူသည် မည်သည့်နေရာတွင် အဆိပ်မိခဲ့သနည်း။

ကိုရှောင်တွေးပင်မတွေးနိုင်တော့ပါ အားအင်များဆုတ်ယုတ်သွားပြီး "ဝုန်း"ကနဲအရုပ်ကြိုးပြတ်လဲကျသွားလေတော့၏။

ထိုအချိန်မှာပင်

"ခွပ်. . . ခွပ်. . . ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီးသည် ကိုရှောင်အနီးသို့ရောက်ရှိလာလေတော့သည်။

* * *

အမှောင်ထုတွင်းမှ အလင်းရောင်များထွက်ပေါ်လာသည် ဟုထင်မှတ်သည်။

အလွန်သာယာသောအသံများသည် အဝေးမှပျံလွင့်လာေ သလို ခံစားနေရသည်။

သတိကင်းမဲ့နေခဲ့သည့် ကိုရှောင်၏ ကိုယ်ခန္ဓာသည် တဖြည်း ဖြည်းလှုပ်ရှားလာသည်။

"လူနာအတွက် ဘာမှစိုးရိမ်စရာမရှိတော့ပါဘူး၊ အေးအေး ဆေးဆေးအနားယူနိုင်ကြပါပြီ"

ကြည်လင်သောစကားသံ ကိုပီပြင်စွာကြားလိုက်ရသည်၊

ကိုရှောင်ကြိုးစားပြီးမျက်လုံးကိုဖွင့်ကြည့်လိုက်၏။

ထိုအခါမှ. . .

သူသည် သန့်ရှင်းသော အခန်းအတွင်းမှခုတင် တစ်လုံးပေ တွင် ရောက်ရှိနေကြောင်းသိလိုက်ရတော့သည်။

"ဟင်. . ."

ကိုရှောင်ဗလုံးဗထွေးရေရွတ်ရင်းလူးလှိမ့်ထလိုက်သည်၊

ထိုစဉ်. . .

"ဗို. . . မထနဲ့ဦးလေ"

ဟန့်တားသံထွက်ပေါ်လာသည်။

လူတစ်ယောက်ဘေးနားသို့ရောက်လာ၏။

အသက်ငါးဆယ်ကျော်ခန့်ရှိသော အဘိုးအိုတစ်ယော



ဖြစ်ပါသည်။

ထိုအဘိုးအို၏ပုံသဏ္ဌာန်ကိုကြည့်ရုံဖြင့် သမားတော်ကြီး တစ်ယောက်ဖြစ်မှန်းသိနိုင်သည်၊

ထိုအဘိုးအိုက ကိုရှောင်အားပြောလိုက်သည်။

"မင်းလှုပ်လှုပ်ရှားရှားမလုပ်ပါနဲ့ မင်းနဂိုအတိုင်းမဖြစ်သေး ဘူး. . ."

သူကဆက်၍ပြောလေ၏၊

"မင်းအဆိပ်မိခဲ့တယ် အားအင်တွေကုန်ခမ်းပြီး တစ်ကိုယ် လုံးနုံးချိနေလိမ့်မယ်၊ အသက်အန္တရာယ်အတွက် စိုးရိမ်စရာမရှိတော့ ဘူး အရင်လိုအားအင်မျိုးပြန်ရလာအောင်တော့ အချိန်ယူရဦး တော့လိုလိမ့်မယ်"

ကိုရှောင်သည်သမားတော်ကြီးစကားကို ဂရုမစိုက်ဘဲ ထရန် ကြိုးစားလိုက်သည်။

ထိုသို့လုပ်လိုက်သဖြင့် မျက်လုံးများပြာဝေကာမူးနောက်သွား လေတော့သည်။

သို့သော်ကိုရှောင်ကခုတင် ပေါ်တွင်ထိုင်ဖြစ်အောင်ပင်ထိုင် လိုက်သည်။ စိတ်ဓါတ်အလွန်ခိုင်မာသူပေတည်း။

သမားတော်ကြီးကပန်းပေါင်းစုံဝတ်ဆံများကိုအခြောက်ခံ ကာစုစည်းထုပ်နှောင်ထားသည့်အဝတ်ထုပ်ကလေးကိုကိုရှောင်၏နှာဝ ပေါ်တွင်ထားရှိပေးရင်းပြောလိုက်လေသည်။

"ဒါလေးကိုရှူလိုက်. . . ရှူလိုက်"

ကိုရှောင်သည်ပန်းပေါင်းစုံအနံ့ကိုရှူမိသောအခါခေါင်းထဲ တွင် ကြည်လင်သွားပြီး မိမိ၏ဝေဒနာများသက်သာသွားသလိုခံစား လိုက်ရသည်။

ထို့နောက်. . . သမားတော်ကြီးအားကြည့်ပြီးမေးလေတော့၏၊

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် . . . ကျုပ် အဆိပ်မိခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် . . . ကျုပ်ဆီကိုအရောက်မြန်လို့ပေါ့ နို့မဟုတ်ရင် အသက်မသေတောင်ခန္ဓာကိုယ်တစ်ခုလုံးကအကြောတွေပြတ်တောက်သွားပြီး ဒုက္ခိတဖြစ်သွားမှာသေချာတယ်။အဆိပ်ကသိပ်ပြင်းတယ်"

ကိုရှောင်ကမေးပြန်၏။

"နေပါဦး . . . ကျွန်တော်ဘယ်လိုလုပ်ပြီးအဆိပ်မိတာလဲ"

" ဟေ . . . . ."

သမားတော်ကြီးပါးစပ်အဟောင်းသားဖြစ်သွားသည်။

"မင်း ဘယ်လိုလုပ်ပြီး အဆိပ်မိသလဲဆိုတာ ငါဘယ် သိပါ့မလဲ။ ငါပြောနိုင်တာတစ်ခုပဲရှိတယ် . . . အဲတာဘာလဲဆိုတော့"

သမားတော်ကြီးက စကားဖြတ်လိုက်သည်။ ပြီးမှပြန်ဆက်ပြောလေ၏။

"မင်းကိုအဆိပ်တွေပြန်အံထုတ်အောင် ဆေးတိုက်လိုက်တဲ့အခါ မင်းအံထုတ်သမျှတွေက အရက်နံ့ထွက်နေတယ်။ ဒါကြောင့်"

သမားတော်ကြီးကဆက်ပြောပြန်သည်။

"မင်းကအဆိပ်ခတ်ထားတဲ့ အရက်ကိုသောက်ခဲ့မိလို့ဘဲ ဖြစ်ရမယ် . . ."

"ဟာ . . . ."

ကိုရှောင်လွှတ်ခနဲအော်လိုက်မိသည်။သူသည်အဆိပ်အရက်ကိုသောက်မိခဲ့သည်။သူသောက်ခဲ့သည်မှာမနက်ပိုင်း၌မဟုတ်ပေ။ညပိုင်း၌ဖြစ်သည်။

သူသည်တစ်စုံတစ်ခုကိုတွေးလိုက်မိလေ၏။

သူမ . . . သူမ

ဘင်တင်၏ချောမောလှပသည့်မျက်နှာလေး. . . ပြီးတော့ ချိုလွင်သာယာသောစကားသံလေး. . . ။



သူသည်ပြန်လည်ကြားယောင်မြင်ယောင်လေတော့သည်။

သူမသည်တည်းခိုခန်းတွင်သူ့အားအရက်တစ်ခွက်တိုက်ခဲ့သည် မဟုတ်ပါလား။ သူမသည်တည်းခိုခန်းမှ အခန်းအားလုံးကိုငှားရမ်းလိုသော်လည်းမိမိက ဖယ်မပေးခဲ့သဖြင့် အခဲမကြေဖြစ်ပြီးအကောက်ကြံခဲ့ခြင်း ဖြစ်ခဲ့ပုံရသည်။

တင်တင်သည် ပရိယာယ်များပြီး စော်စော်ကောက်ကြစ်သူဖြစ်ကြောင်း ကိုရှောင် သဘောပေါက်သွားသည်၊ သူသဘောပေါက်သည်မှာအချိန်နှောင်းနေလေပြီ။

" တောက် . . . ရက်စက်လိုက်တာ"

သူရေရွတ်လိုက်မိ၏။ထိုမိန်းကလေးသည်သူ့အားခေါင်ပါဘဲထွက်သွားသည်မှာ အဆိပ်ကြောင့် မိမိသေဆုံးမည်ကို သိနေခြင်းကြောင့်ဖြစ်ပေလိမ့်မည်။

"ငါကတော့ သူဘာများဖြစ်သွားလို့လဲသို့ ပူပန်လိုက်ရတာ သူကတော့ ငါ့ကိုဒုက္ခပေးပြီး ထွက်သွားတာကိုး. . ."

သူသည်နှုတ်မှရေရွတ်မိသည်၊သမားတော်ကြီးကသည်းသူ့အားနားမလည်နိုင်သောမျက်လုံးဖြင့်ကြည့်ကာပြောလေ၏၊

"ဘယ်လိုဖြစ်တယ်ဆိုတာတော့ ကျုပ်မသိဘူး။ မင်းသိချင်ရင် မင်းကိုလာပို့တဲ့သူတွေကို မေးကြည့်ပေါ့။ သူတို့အပြင်ဘက်မှာစောင့်နေကြတယ် . ."

ကိုရှောင်သည်တောလမ်းကလေး၌ သတိလစ်လဲကျမသွားမီမြင်းလှည်းတစ်စီးမောင်းနှင်လာသည့်အသံကြားခဲ့ရသည်ကိုအမှတ်ရလာသည်။

"မြင်းလှည်းနဲ့လာတဲ့သူတွေငါ့ကိုတွေ့လို့ ကယ်တင်လာတာပဲဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် သူတို့ကိုကျေးဇူးတင်စကားပြောရမှာပဲ"

ထိုသို့တွေးမိသဖြင့် ခုတင်ပေါ်မှဆင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးက အပြင်ဘက်သို့ သူ့အား လက်ဆွဲခေါ်သွားလေသည်၊ အခန်းအပြင်ဘက်တွင် ခုံတန်းလျားတစ်ခုချထားပြီး လူနှစ်ယောက် ထိုင်နေသည်ကိုတွေ့ရ၏။

သမားတော်ကြီးကလက်ညှိုးညွှန်ပြလိုက်၏။

"မင်းကိုလာပို့တာ သူတို့ပဲ"

ကိုရှောင်ကျေးဇူးတင်စကားပြောရန်ဟန်ပြင်လိုက်သည်။

သို့သော် ထိုင်နေသူနှစ်ယောက်အနက် လူတစ်ယောက်ကို တွေ့မြင်လိုက်သောအခါ သူ၏ဒေါသတွေ ပေါက်ကွဲသွားလေတော့သည်။

"လူယုတ်မာ. . . လီအင်း"

သူအော်သံသည်ဘဝင်လျှံသွားလေတော့၏။

## အခန်း(၂၆)
## ကယ်တင်သူ

အော်သံကြားလိုက်ရသဖြင့်ဗေဒါနှင့် ယုယုတို့ သည်တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေ၏။ သူတို့သည် သူဌေးသားမောင်းကျက်အန္တရာယ်ကြောင့် ရှောင်တိမ်းလာခဲ့ရင်းလမ်းခရီး၌ လဲကျနေသောသူကိုတွေ့ရသဖြင့် လှည်းဖြင့်တင်၍ခေါ်လာခဲ့ခြင်းဖြစ်သည်၊

သခုတော့. . .



မိမိတို့ကယ်တင်လာခဲ့သူက သူတို့အားလူယုတ်မာတု ဒေါသတကြီးအော်ဟစ်ကြိမ်းမောင်းနေခဲ့လေပြီ၊ကယ်တင်ခဲ့သည့်ကျေးဇူးကိုဆပ်ခြင်းပေလော။

သူတို့နှစ်ယောက်သည် ကိုရှောင်ကိုနားမလည်စွာကြည့်လိုက်ကြလေ၏။

ကိုရှောင်သည် သမားတော်ကြီးလက်မှရုန်းထွက်ပြီး

"လူယုတ်မာမင်းဘယ်ပြေးမလဲ၊ မင်းကြောင့်ငါဒုက္ခရောက်ခဲ့တာကိုမင်းဘယ်လိုဖြေရှင်းမလဲပြောစမ်း၊ သူသည်ဗေဒါ၏အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်လှုပ်ရမ်းနေလေ၏၊

ဗေဒါကအော်လိုက်၏၊

"ဟေ့လူဒါဘာလုပ်တာလဲ"

ကိုရှောင်၏ လက်ကိုပုတ်ချလိုက်သည်၊

ယုယုက

"အစ်ကို သူကယောင်မတမ်းပြောနေတာထင်တယ်၊ အရမ်းမလုပ်ပါနဲ့"

လှမ်းပြီးသတိပေးလိုက်သည်။

ဗေဒါလည်းနောက်ဆုတ်လိုက်သည်။

ကိုရှောင်မှာ ဒေါသထွက်နေဆဲပင်။

"လီအင်း ခင်ဗျား ခုနှစ်စင်ကြယ်ဓားကျမ်းကို လိမ်ယူသွားတာကို ခင်ဗျားဘယ်လိုဖြေရှင်းမလဲ၊ ခင်ဗျားကြောင့် ကျုပ်ဘဝမှာ အမည်းကွက်ကြီးထင်နေရပြီ ခင်ဗျားကိုကျုပ်မကြေဘူး"

သူသည်ဗေဒါအားလက်သီးဖြင့် ပြေးထိုးလိုက်သည်၊

ဗေဒါထိပ်လန့်သွားလေ၏။

"မလုပ်နဲ့"

သူ၏လက်တစ်ဘက်ကိုဆန့်ထုတ်၍အလိုအလိုခုခံပြီးသား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

"ဝုန်း"

ကိုရှောင်မှာ နောက်ပြန်လဲကျသွားလေတော့သည်။

ကိုရှောင်သည် ထိပ်တန်းသိုင်းပညာတတ်မြောက်ထားသူ တစ်ယောက်ဖြစ်လေသည်။

ယခုတွင်မူ ခွန်အားများကုန်းခမ်းပျောက်ကွယ်နေပြီး ထိရောက်စွာ တိုက်ခိုက်နိုင်ခြင်းမရှိတော့ပေ။

တစ်ကိုယ်လုံးမလှုပ်ချင်အောင်မောပမ်းနေသည်ဟုခံစား နေရ၏။ အဆိပ်ကြောင့်သိုင်းပညာနှင့် အတွင်းအားများ ပျက်စီးသွားလေပြီလားဟု တွေးမိကာ ဗေဒါအားထပ်မံတိုက်ခိုက်ရန်မကြိုးစားတော့ချေ။

ကိုရှောင်ကကြမ်းပြင်ပေါ်တွင်ငူငူကြီးထိုင်ကြည့်နေသည်ကိုတွေ့ရသောအခါ . . ဗေဒါက ယုယုကိုပြောလိုက်သည်။

"တို့သွားကြပါစို့"

"ကောင်းပါပြီ အစ်ကိုဗေဒါသွားကြပါစို့"

နှစ်ယောက်သားထွက်သွားရန်ဆုံးဖြတ်လိုက်သည်။

ယုယုသည် ငွေတုံးကလေးတစ်တုံးကိုနှိုက်ယူလာကာ သမားတော်အားပေးရင်းနှုတ်ဆက်စကားပြောသည်။

"ကျေးဇူးပြုပြီးသူရဲ့ ဝေဒနာပျောက်ကင်းသွားအောင်ကုသပေးပါရှင့်၊ ကျွန်မတို့ကတော့ သွားစရာရှိနေလို့ ခွင့်လွှတ်စေချင်ပါတယ်"

တောင်းပန်စကားဆိုလိုက်သည်။

သမားတော်ကြီးလည်းအဖြစ်အပျက်ကိုနားမလည်နိုင်အောင်ဖြစ်နေရသည်။

လူနာမှာလည်းသူတို့နှင့်လိုက်သွား၍မရမှန်းသမားတော်ကြီး သိရှိနေ၏။

လူနာမှာလည်းသူတို့နှင့်တစ်ရက်နှစ်ရက်အချိန်ယူ ဆေးကုပေးမှပျောက်ကင်းသွားလိမ့်မည်ဟုနားလည်မိသဖြင့်ယုယုပေးသောငွေကို လက်ခံလိုက်သည်။

ထို့နောက်ယုယုနှင့်ဗေဒါတို့လည်းသမားတော်ကြီးကို နှုတ်ဆက်ပြီး ထွက်ခွာသွားတော့သည်။

ကိုရှောင်ကလည်းဟန်တားခြင်းမပြုနိုင်ဘဲ ကြမ်းပြင်ကို စိုက်ကြည့်ရင်းငူငူကြီးထိုင်လျက် ကျန်ရစ်ခဲ့တော့သည်။

ကိုရှောင်ငိုင်နေမိသည်။

ဗေဒါကိုသူလုံးဝမယှဉ်နိုင်ခဲ့ပါ။

အဆိပ်မိကာအတွင်းအားများပျောက်ကွယ်နေပြီး သိုင်းပညာကိုကောင်းစွာအသုံးမပြုနိုင်ခြင်းကြောင့်မယှဉ်နိုင်ခြင်းဖြစ်ပါသည်။

သိုင်းသမားလီအင်း၏ သိုင်းပညာမှာ သူထက်သာနေသည်ကိုကောင်းစွာနားလည်သဘောပေါက်ထားခြင်းကြောင့်ဖြစ်ပါသည်။

သူနားမလည်နိုင်သည်မှာ လီအင်းကသူ့အားလုံးဝမမှတ်မိခြင်းဖြစ်သည်။

ထို့အပြင် . . .

လီအင်းနှင့်လိုက်လာသူမိန်းကလေးက "အစ်ကိုဗေဒါ" ဟုခေါ်ခဲ့သေးသည် မဟုတ်ပါလား"

ကိုရှောင်ပင့်သက်ရှိုက်လိုက်၏။

"တစ်ခုခုတော့မှားနေပြီ"

သူရေရွတ်လိုက်မိလေ၏။

တစ်ခုခုမှားနေသည်မှာ သေချာပါသည်။

ဝူတန်းသိုင်းကျမ်းအားယူလာပေးဖို့လီအင်းလာပြောကတည်းက မှားယွင်းနေခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်သည်တွေးတောစဉ်းစားယင်းတစ်စုံတစ်ခုကို သိမြင်သကဲ့သို့ ရှိလာသည်။

ခုတ်ချင်းလှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"မှားနေပြီး နောင်ကြိုးလီအင်းဟာ မကောင်းတာကိုဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး သူ့အသက်သာအသေခံမယ်။ ငါကသူ့ကို အထင်မှားနေတာပဲ နောင်ကြိုးလီအင်းမှာ အခက်အခဲတစ်ခုခုရှိနေသိမ့်မယ်"

ကိုရှောင်တွေးတောယင်း ဝေခွဲမရဖြစ်နေသည်။ ဗေဒါ၏ မျက်နှာကိုမြင်ယောင်လာလေ၏။

ကိုရှောင်အတွက်အဖြေတစ်ခုရလိုက်သည်။

"တစ်ယောက်ယောက်ရဲ့ ပယောဂကြောင့် နောင်ကြိုးလီအင်း ဒုက္ခရောက်နေပြီ. . ."

သူကလီအင်း၏ အခြေအနေကို ကောင်းစွာသုံးသပ်မိသွားလေတော့သည်။

* * *

မြင်းဖြူ ဘုံကျောင်း. . .

မြင်းဖြူ ဘုံကျောင်းသည် ထင်ရှားသော ဘုံကျောင်းတစ်ခုဖြစ်သည်။ မြင်းဖြူ ဘုံကျောင်း၌ လာရောက်ပူဇော် ပသကာဆုတောင်းလျှင် တောင်းသည့်ဆုများ ပြည့်ဝသည်ဟုသတင်းကြီးသည်။

"ခွပ်. . . ခွပ်. . . ခွပ်. . ."

"ခွပ်. . . ခွပ်. . . ခွပ်. . ."

မြင်းခွာသံများ ထွက်ပေါ်လာကမြင်းလှည်းတစ်စီးသည် မြင်းဖြူဘုံကျောင်းရှေ့သို့ ဆိုက်ရောက်လာသည်။



မြင်းလှည်းပေါ်၌ လိုက်ပါလာသူနှစ်ယောက်ကား ဗေဒါနှင့် ယုယုတို့ဖြစ်ကြလေသည်။

ယုယုနှင့်ဗေဒါတို့သည်မြင်းဖြူဘုံကျောင်းကိုဝင်လာခြင်းမှာ လမ်းကြုံသဖြင့် ဝင်ရောက်ဖူးမျှော်ကြခြင်းဖြစ်သည်။

ဗေဒါသည်ဆုတောင်းခြင်းတို့ လုံးဝယုံကြည်သူမဟုတ်ချေ။

ထို့ကြောင့်. . .

ဘုံကျောင်းထဲသို့မဝင်ပဲ အပြင်ဘက်၌ပင်စောင့်နေရစ်ခဲ့သည်။

ယုယုသည် ဘုံကျောင်းထဲသို့ဝင်ကာအမွှေးတိုင် အယောင်းတိုင်များထွန်းညှိပူဇော်ယင်း အနှောင့်အယှက်ပေးသူများ၏ လက်မှ ကယ်တင်မည့်သူပေါ်ပေါက်လာပါစေဟုဆုတောင်းသည်။ ထို့အပြင် အစ်ကိုဗေဒါတစ်ယောက်လူကောင်းဖြစ်လာပါစေဟု အလေးအနက် ဆုတောင်းလိုက်ပါလေ၏။

ထို့နောက်. . .

ဘုံကျောင်းထဲမှာ ပြန်ထွက်လာသောအခါ ဗေဒါသည် သစ်ပင်တစ်ပင်အောက်၌ ထိုင်ကာသစ်ကိုင်းခြောက်တစ်ခုဖြင့်မြေပေါ် တွင် ရေးခြစ်နေသည်ကိုတွေ့မြင်ရလေသည်။ ယုယုစိတ်ထဲ၌ထူးခြားသွား၏။ ထို့ကြောင့်. . .

ဗေဒါသည် တစ်စုံတစ်ခုကို အာရုံစိုက်နေသည့်အလားသူ့မ ရောက်လာသည်ကိုပင်သတိမပြုမိချေ။

ယုယုက ချဉ်းကပ်လာသည်မှာ ဗေဒါ ဘာတွေရေးနေသနည်းဟု သိလိုခြင်းဖြစ်သည်။

"အစ်ကို ဘာတွေစဉ်းစားနေတာပါလိမ့်"

သူမသည် မြေပေါ်၌ရေးခြစ်ထားသည်များကိုကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ. . .

"လီအင်း"

"သိုင်းတံခွန်ဂိုဏ်း"

"ခုနစ်စဉ်ကြယ်မားကျမ်း"

"ကိုရှောင်"

ဗေဒါရေးထားသည်များကို တွေ့မြင်လိုက်ရလေတော့သည်။

"အစ်ကိုဗေဒါဘာတွေရေးနေတာလဲ"

သူမကလွှတ်ခနဲမေးလိုက်မိသည်။ သူမ၏အသံကြားမှ ဗေဒါ သတိဝင်လာသည်။

ယုယုအားကဗျာကယာခေါင်းမော့ကြည့်လိုက်၏။

ယုယုသည် ဉာဏ်ကောင်းသူဖြစ်ပါသည်။

"လီအင်း၊ သိုင်းတံခွန်ဂိုဏ်းနှင့်ခုနှစ်စဉ်ကြယ်မားကျမ်းဆိုသောစကားလုံးများသည် သူတို့ကယ်တင်ခေါ်ဆောင်လာခဲ့သည့် ဝေဒနာရှင် ပြောစကားများတွင်ပါဝင်နေမှန်းသိသည်။

သို့သော်. . .

ကိုရှောင်ဟူသောအမည်မှာအစိမ်းသက်သက်ဖြစ်နေ၏။ ထိုလူပြောဆိုသွားခြင်းမရှိသလို ဗေဒါကလည်းဘာမျှ မပြောသဖြင့် ကိုရှောင်နှင့်ပတ်သက်ပြီး သူမ ဘာမှမသိချေ။

ထို့ကြောင့်. . .

ဗေဒါအားကြည့်ကာမေးလိုက်လေ၏။

"အစ်ကို ကိုရှောင်ဆိုတာ ဘယ်သူလဲဟင်"

ဗေဒါက တုံးတိတိပြောလေ၏။

"ဟိုလူပေါ့"

ယုယုမျက်မှောင်ကြုတ်သွားပြီးပြန်မေးသည်။

"ကျွန်မတို့ သမားတော်ဆီကိုသွားပို့ခဲ့တဲ့လူမဟုတ်လား"



ဗေဒါခေါင်းညိတ်လိုက်လေ၏။

"ဟုတ်တယ်"

ယုယုအံ့ဩသွားသည်။

ဗေဒါအားမျက်လုံးဝိုင်းဖြင့်ကြည့်ယင်းမေးလေ၏။

"ဟင်. . . အဲ့သည့်လူကို အစ်ကိုသိနေတယ်ဟုတ်လားဟင်"

ဗေဒါခေါင်းခါသည်။

"မသိဘူး"

"ရှင်"

ယုယုကြောင်အမ်းအမ်းဖြစ်သွားရလေတော့သည်။

ဗေဒါက. . ,

"ကျုပ်သူ့ကိုသိတယ်ထင်မိတာပဲ ဒါပေမဲ့သေသေချာချာစဉ်းစားတော့ မသိပြန်ဘူး"

ယုယုက. . .

"ဒါဖြင့်နာမည်ကကော"

ဗေဒါသက်ပြင်းတစ်ချက်ချလိုက်၏။

"သူ့နာမည်ကိုရှောင်ဆိုတာတော့သေချာပါတယ်"

ယုယုက . . .

"နေပါဦး အစ်ကိုကသူ့နာမည်ကိုဘာကြောင့်သိနေတာလဲ အစ်ကိုရဲ့မိတ်ဆွေလားဟင်"

သူမသိမသာစကားအစ်လိုက်ခြင်းဖြစ်သည်။

ဗေဒါခေါင်းခါပြန်သည်။

"ဒါတွေကျုပ်မသိဘူး"

ယုယုကပင့်သက်ရှိုက်လိုက်မိသည်။ သူမမေးလိုက်ပြန်သည်။

"ထားပါတော့လေ လီအင်း သိုင်းတံခွန်ဂိုဏ်းနဲ့ ခုနစ်စဉ်ကြယ်မားကျမ်းဆိုတာတွေကကော"

www.burmeseclassic.com

www.burmeseclassic.com



ပေဒါစဉ်းစားသည် အတန်ကြာမှဖြေ၏။

"ဒါတွေဟာ"

သူသည်တစ်စုံတစ်ခုအားပြောပြရန် ကြိုးစားနေပုံရသည်။

သို့သော်. . .

စဉ်းစား၍မရနိုင်ဟန်ဖြင့်စကားရပ်သွား၏။

ပေဒါသည် ရူးသွပ်နေသူမဟုတ်ပဲ တစ်စုံတစ်ခုသော အကြောင်းကြောင့် မိမိဘဝအားမေ့နေသူဖြစ်ကြောင်းယုယုရိပ်စားမိထားသည်မှာကြာချေပြီ။

ပေဒါသည် အပြင်းအထန်စဉ်စားလိုက်သော်လည်းအဖြေမရ သည့်အပြင် ဦးခေါင်းထဲကိုက်ခဲမှုနောက်လာပုံဖြင့်မျက်နှာ ရှုံ့မဲ့သွားသည်။ သူကခေါင်းတွင်တွင်ခါယမ်းပြီး သက်ပြင်းချလိုက်သည်။

"ကျုပ်ဘာကိုမှ စဉ်းစားလို့မရဘူး"

ယုယုသက်ပြင်းချလိုက်မိလေသည်။

"ကဲပါလေ စဉ်းစားမရယင်လဲနေပါစေတော့ ကျွန်မတို့သွားကြရအောင်"

ပေဒါသည် ထိုင်ရာမှ လေးကန်ဖင့်နွဲ့စွာထလိုက်သည် ယုယုသည် ပေဒါမှိုင်နေသည်ကိုမြင်လျှင် အာရုံပြောင်းသွားစေရန် စကားလမ်းကြောင်းပြောင်းလိုက်လေသည်။

"ကဲ အစ်ကို ကျွန်မတို့ ရွှေခရိုမဆက်ခင်တစ်ခုခု စားရအောင်"

ပြောပြောဆိုဆို ပေဒါ၏လက်ကိုဆွဲခေါ်သွားသည် မကြာမီ သူတို့နှစ်ယောက်သည်စားသောက်ဆိုင်တစ်ဆိုင်သို့ရောက်ရှိသွားလေတော့သည်။

နံနက်စောစောအချိန်ဖြစ်၍ ဆိုင်ထဲ၌လူရှင်းနေ၏။ ယုယုနှင့်ပေဒါတို့သည် ပြတင်းပေါက်နှင့်ကပ်လျက်ရှိသောစားပွဲတစ်လုံးတွင်



နေရာယူလိုက်ကြသည်။

ထိုနောက်. . .

ဆိုင်လုလင်တစ်ယောက်တို့ခေါ်ကာ စားသောက်ဖွယ်ရာများမှာကြားလိုက်ကြသည်။ ယုယုသည် ဗိုက်ဆာနေသဖြင့် အားရပါးရစားသောက်နိုင်ပါသော်လည်း ပေဒါအားခံအွင်းမတွေ့ပဲဖြစ်နေသည်။ တို့ကနန်းဆိတ်ကနန်းသာစားနေ၏။

"စားလေအစ်ကိုပေဒါ"

ယုယုကတိုက်တွန်းမှ. . .

"စားပါတယ်"

ပေဒါက မပွင့်တစ်ပွင့်ပြောကာစားသည်။ ယုယုသည် ပေဒါကို ကြည့်ကာစိတ်မကောင်းဖြစ်လာသည်။ သူမစဉ်းစားနေသည်။

"အစ်ကိုပေဒါဟာ သိုင်းပညာ တတ်မြောက်တဲ့ လူတစ်ယောက်ဆိုတာ သေချာတယ် အကြောင်းတစ်ခုခုကြောင့် အတိတ်မေ့နေတာဖြစ်ရမယ်၊ အခုဆိုရင် သူ့ကို သိနေတဲ့လူတစ် ယောက်ပေါ်လာပြီ"

သူမသည် ကိုရှောင်ထံပြန်သွားပြီး စုံစမ်းမေးမြန်းလိုသောစိတ်များဖြစ်ပေါ်လာသည်။

သို့သော်. . .

ကိုရှောင်အားပေဒါကသဘောကျပုံမရပေ။

ထို့ကြောင့်. .

သူမကအကြံပြုမည်ဆိုလျှင် ပေဒါလက်ခံမည်မဟုတ်ဟု နားလည်မိသဖြင့် မပြောတော့ချေ။

မည်သို့ဆိုစေ. . .

သူမအရေးထက် ပေဒါ၏အရေးကို ပိုပြီးဦးစားပေးသည့်သည်ဟုနားလည်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာဒွေမျိုးညာတိတွေဆီကိုရောက်ယင် ကုန်စုံဆိုင်လေး ဖွင့်ပြီးတစ်သတ်လုံးအေးအေးချမ်းချမ်းနေရဖို့ပဲရှိတယ် အစ်ကိုဗေဒါ ကတော့မရေရာမသေချာတဲ့ဘဝနဲ့အဆုံးသတ်ရတော့မှာပဲ မဖြစ်သေး ပါဘူးလေ"

သူမသည်တွေးတောယင်းအကြံတစ်ခုရလာ၏။

"ဟုတ်ပြီ ငါဒွေမျိုးတွေဆီကိုအရင်မသွားပဲ သိုင်းလောက သားတွေကျင်လည်ကျက်စားတဲ့ နေရာတွေကိုသွားရမယ် ဒါဆိုယင် အစ်ကိုကြီးဗေဒါကိုသိတဲ့လူတွေထပ်ပြီး ပေါ်လာနိုင်တယ်"

ထိုသို့တွေးမိသဖြင့် သူမဝမ်းသာသွားသည် ။ ထိုအကြံကို စောစောကဘာဖြစ်လို့မတွေးမိတာပါလိမ့်ဟု ဒေါသဖြစ်မိသည်။

"အစ်ကိုဗေဒါကျွန်မတို့ကျန်းနန်ကို သွားလည်ပတ်ကြရ အောင်"

ကျန်းနန်နယ်သည် သိုင်းသမားများကျင်လည်ကျက်စားလေ့ ရှိသည့် ရပ်ဒေသတစ်ခုဖြစ်ကြောင်းသူမကြားဖူးနားဝရှိသည်။

သူမ၏စကားကိုဗေဒါမကြားချေ။

အဘယ်ကြောင့်ဆိုသော်. . .

ဗေဒါသည် ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ငေးမော ကြည့်နေသည်ကိုတွေ့လိုက်ရသောကြောင့်ပေတည်း။

ယုယုက ဗေဒါကိုခေါ်ဖို့ပြင်လိုက်၏။

သို့သော်. . .

သူမသည် အမှတ်မထင်ပြတင်းပေါက်မှတစ်ဆင့်အပြင်ဘက် သို့ကြည့်မိလိုက်မိသည်။

"ဟင်"

သူမလွှတ်ခနဲ အော်လိုက်မိလေ၏။ တစ်ဆက်တည်းပင် ခန္ဓာ ကိုယ်တစ်ခုလုံးလည်းတောင့်တင်းသွားသည်။



ဗေဒါကပြောလိုက်၏၊

"သူတို့လိုက်လာကြပြီ"

ယုယုမျက်နှာပျက်သွားသည်၊

မှန်သည် သူငွေးသားမောင်းတျက်သည် လူပုံအလယ်၌ အရှက်ကွဲခဲ့ရသည့်အဖြစ်ကို မကျေနိုင်မချမ်းနိုင်ဖြစ်ကာ ဘငြိုးထားပြီး သူတို့နောက်ကိုလိုက်လာကြသည်၊ သူတို့သည် မြင်းကိုယ်စီ စီးပြီးလိုက် လာကြခြင်းဖြစ်သည်။ ပြတင်းပေါက်မှ တစ်ဆင့် တွေ့မြင်လိုက်ရသည် မှာ မောင်းကျက်နှင့်အပေါင်းပါတစ်စုသည် မြင်းကိုယ်စီဖြင့်ဆိုင်ရှေ့မှ ဖြတ်သွားခြင်းဖြစ်ပါသည်၊

မောင်းကျက်နှင့်အတူပါသူလူ ဆယ်ယောက်ခန့်ရှိပြီးအားလုံး လိုလို အနက်ရောင်အဝတ်အစားများဝတ်ဆင်ထားကြသည်။ခါးတွင် ကျောတွင် လက်နက်ကိုယ်စီချိတ်ဆွဲလွယ်ပိုးထားသည်။

ယုယုခြေဖျားလက်ဖျားများအေးစက်လာ၏။

"ကျွန်မတို့သွားကြရအောင်"

သူမကအသံတုန်တုန်ဖြင့်ပြောလိုက်မိသည်။ ဗေဒါသက်ပြင်း ချလိုက်၏။ သူကယုယုအားတစ်ချက်ကြည့်လိုက်ပြီး. . .

"သည်ပြဿနာက ကျုပ်ကြောင့်ဖြစ်လာခဲ့တာပဲ ဒါကြောင့် ကျုပ်ဖြေရှင်းလိုက်ပါမယ်"

စကားဆုံးလျှင် ထိုင်ရာမှ ထရပ်လိုက်သည်။

ယုယုမျက်လုံးပြူးသွား၏။ ဗေဒါအားကြည့်ကာမေးလိုက်မိ သည်။ သူမသည် ဗေဒါကိုလည်း ဒဏ်ရာအနာတရ မဖြစ်စေချင်ပေ။

"အစ်ကိုကြီးဗေဒါဘာလုပ်မလို့လဲ"

ဗေဒါက. . .

"ကျုပ်သူတို့နဲ့ရင်ဆိုင်မယ်"

ဟုခပ်ပြတ်ပြတ်ပြောသည်။ သူ၏မျက်နှာတစ်ခုလုံးမှာတည်

www.burmeseclassic.com

www.burmeseclassic.com



ကြည်လေးနက်နေသည်။ ယုယုပင်လျှင်သူ၏မျက်နှာထားကို ကြည့်ကာ ထအံ့အားသြဖြစ်သွား၏။ သူသည်မည်သို့ရင်ဆိုင်မည်ကို ယုယု သိ၏။

ထို့ကြောင့်. . .

ချက်ချင်းပင်စိုးရိမ်ပူပန်သွားပြီးတောင်းပန်လိုက်၏။

"အို. . . သည်လိုမလုပ်ရပါဘူး ရင်မဆိုင်ပါနဲ့ရှင်"

ဗေဒါက. .

"သည်အချိန်မှာ တစ်ခါတည်းစာရင်းရှင်းလိုက်မှ နောက်ပိုင်း အေးအေးဆေးဆေးဖြစ်သွားမယ်မဟုတ်လား ကျုပ်ကသူတို့ကို နောက်ထပ်မနှောင့်ယှက်ရဲအောင် ဆုံးမလိုက်ပါ့မယ်၊ ဒီလိုမဆုံးမရင် ဒီကောင်တွေဒီလိုပဲ ဆက်နှောင့်ယှက်နေဦးမှာပဲ"

ဟုပြောလိုက်သည်။

ယုယုခေါင်းခါယမ်းလိုက်သည်။ ဗေဒါ၏ လက်ကို ဖမ်းဆွဲလိုက်ပြီး တားသည်။

"အစ်ကိုမသွားရဘူး"

ဗေဒါကသက်ပြင်းချလိုက်ကာရှင်းပြသည်။

"တို့ကရှောင်နေလို့သူတို့က အလွတ်ပေးမှာမဟုတ်ဘူး လိုက်ရှာကြမှာပဲ တစ်နေ့မဟုတ်တစ်နေ့ ရင်ဆိုင်ရမယ့်အတူတူ အခုကတည်းက ဖြေရှင်းလိုက်တာမကောင်းဘူးလား"

ယုယုကရှင်းပြသည်။

"ကျွန်မကအစ်ကိုဗေဒါအတွက်စိုးရိမ်လို့ပါရှင်"

ဗေဒါကခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အတွက်ဘာမှ မပူနဲ့"

စကားဆုံးလျှင် သူကဆိုင်ထဲမှ ခပ်သွက်သွက်ပြေးထွက်သွားလေတော့သည်။ ယုယုတားမြစ်နိုင်စွမ်းမရှိတော့ပါ။



"အစ်ကိုကြီးဘာမှမဖြစ်ပါစေနဲ့"

ဟုသာဆုတောင်းနေရတော့သည်။

ဗေဒါမှာ ဆိုင်အပြင်သို့ရောက်သွားပြီဖြစ်သည်။

"ရပ်လိုက်ကြစမ်း"

သူ၏အသံကျယ်လောင်စွာထွက်ပေါ်လာသည်။

လွန်သွားကြသည့် မောင်းကျက်ဦးဆောင်သောမြင်းစီးသမားများရုတ်ခြည်းရပ်တန့်သွားကြလေသည်။

ဗေဒါက. . .

"မင်းတို့ ကျုပ်ကိုလိုက်ရှာနေကြတာမဟုတ်လား။ အခုကျုပ် သည်မှာရှိနေတယ်"

ပြတ်သားသောလေသံဖြင့်ပြောလိုက်လေ၏။

ကျယ်လောင်သောဟန့်တားသံကြောင့် မောင်းကျက်လှည့်ကြည့်လိုက်သည်။ ဗေဒါအားတွေ့မြင်လိုက်ရသောအခါ ဝမ်းသာသွားကြလေသည်။ သူကဗေဒါနှင့်ယုယုကို လိုက်လံရှာဖွေနေသည် မဟုတ်ပါလား။ ရှာ၍မှတွေ့ပါလေမည်လားဟု စိတ်ပျက်နေစဉ်မှာပင် ဗေဒါအားမမျှော်လင့်ပဲ တွေ့လိုက်ရခြင်းဖြစ်တော့သည်။

ယခု. . .

သူနှင့်အတူပါလာကြသူများမှာ အပေါစားလူမိုက်များမဟုတ်ကြပါ။ သူ၏ဖခင်ကိုယ်တိုင်သိုင်းလောကမိတ်ဆွေတစ်ယောက်နှင့် ဆက်သွယ်ပြီး အကူအညီ တောင်းထားခြင်းကြောင့် ထိုမိတ်ဆွေက အစစအရာရာ စီစဉ်ပေးထားခြင်းဖြစ်သည်။ ထိုလူများသည် လက်ရဲဇက်ရဲနိုင်ပြီး သိုင်းပညာမခေကြသူများဖြစ်သည်။ တနည်းအားဖြင့် ကြိုက်ခိုက်သတ်ဖြတ်ရဲသည့်အောက်လမ်းသိုင်းသမားများဖြစ်သည်။

ထို့ကြောင့်. . .

မောင်းကျက်သည် ဗေဒါအားတွေ့ရသောအခါ ကျိန်းသေ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးနိုင်တော့ညည် ဟုတွေးယင်ဝမ်းသာသွားခြင်းဖြစ်သည်။

ဆောင်အတွက်ကမြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ရယ်မောပြော လိုက်၏။

"အနှုပ်ရှာနေတာသူပေါ့"

သူ၏စကားကြားလျှင် အနက်ရောင်ဝတ်ဆင်ထားသူဆယ် ယောက်ကမြင်းပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

ထို့နောက်. . .

ဗေဒါအားပြေးပေါက်မရှိအောင်ဝိုင်းလိုက်ကြလေတော့ သည်။

"ဟား. . . ဟား. . . ဟား. . ."

စကားဆုံးသည်နှင့် အနက်ရောင်ဝတ်ဆင်ထားသူများအား လက်ဝှေ့ယမ်းပြကာ အမိန့်ပေးလိုက်၏။

"ကဲ. . . သူကိုကြွက်စုတ်လေးတစ်ကောင်လိုဖြစ်အောင် လုပ်ပေးလိုက်ကြပါ။ အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်အောင် လုပ်လိုက် ကြစမ်း"

ထိုအခါ. . .

အနက်ရောင်ဝတ်ဆင်ထားသူများသည် ချက်ချင်းပင်ရှေ့တိုး လာကြပြီး ဗေဒါအားဝိုင်းရံတိုက်ခိုက်ကြလေတော့သည်။

ဗေဒါကမားမားမတ်မတ်ရပ်နေ၏။ သူကအသက်ပြင်းပြင်း ရှူရှိုက်လိုက်ပြီးပြန်လည်တိုက်ခိုက်ရန်အသင့်ပြင်ထားလိုက်သည်။

ထိုအခါ. . .

သူ၏ခန္ဓာကိုယ်တွင်မမြင်နိုင်သောခွန်အားများဖြစ်ပေါ် လာသည် ဟုခံစားလိုက်ရသည်။ တိုက်ခိုက်နိုင်ရန်မမြင်ရသောစွမ်း အားများသူ့တွင်ဖြစ်ပေါ်လာသည်။

အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်သည် ညာသံပေး



ယင်းရှေ့ဆုံးမှ ခုန်ဝင်လာပြီးဗေဒါအားဦးခေါင်းကိုဓားဖြင့်ခုတ်ချ လိုက်သည်။

ဗေဒါသည် မည်သို့ရှောင်တိမ်းရမည်ဆိုသည်ကိုအလိုလိုသိ နေသည်။ ခန္ဓာကိုယ်ဘေးသို့ယိမ်းနွဲ့လိုက်ပြီး ခြေထောက်ကိုမြှောက်ကာ ကန်ကျောက်လိုက်၏။

"ဂုန်း"

"အား"

အနက်ရောင်ဝတ်ဆင်ထားသူမှာ ထုရွှေ့အောင်ယင်း အဝေး သို့လွင့်စဉ်သွားလေတော့သည်။ ထိုသူပြန်မထနိုင်တော့ပေ။ အနှိုင်းလူများ ဒေါသထွက်သွားကြသည်။

သူကိုညာသံပေးကြ၏။

"တိုက်ကြဟေ့"

"သေဖို့ပြင်ထား"

"ယား"

တစ်ယောက်တစ်ပေါက်အော်ပြောလိုက်ကြပြီး တစ်ဟုန်းထိုး ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။ တိုက်ခိုက်မှုအလွန်ပြင်းထန်သည်။ ဗေဒါကလည်းပြန်လည်တိုက်ခိုက်၏။ လမ်းပေါ်၌ပြင်းထန်သောတိုက် ပွဲတစ်ခုရုတ်ခြည်းဖြစ်ပေါ်လာသည်။

"ဗုန်း"

"အား"

"အွန့်"

"အမယ်လေး"

စူးရှကျယ်လောင်သောအသံများထွက်ပေါ်လာ၏။ ဗေဒါ၏ လက်ချက်ကြောင့် အနက်ရောင်ဝတ်ဆင်ထားကြသူလေးယောက်မှာ အဝေးသို့လွင့်စင်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ...

"အား"

ပေဒါမှာလည်းအများနှင့်တစ်ယောက်ရင်ဆိုင်ရသည် ဖြစ်ရာ သတ်သာလှသည်မဟုတ်ပါ။ ခန္ဓာကိုယ်ပေါ် ဓားဒဏ်ရာသုံးလေးချက်ရပြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

ထိုစဉ်...

"သေပေတော့"

အော်ဟစ်သံနှင့်တူ အလစ်ချောင်းနေသည့် မောင်းကျက်ထမြေး၍ကန်ကျောက်လိုက်သည်။

ပေဒါမရှောင်နိုင်တော့ပါ။

"ဝုန်း"

မြေပေါ် မှောက်လျက်လဲကျသွား၏။

"မလွှပ်နဲ့"

အနက်ရောင်ဝတ်ဆင်ထားကြသူများသည်ချက်ချင်းပင် ရှေ့တိုးလာကြပြီး ပေဒါအားဓားများဖြင့် ချိန်ရွယ်ထားလိုက်ကြသည်။

ပေဒါမတတ်သာတော့ပါ။

အနက်ရောင်ဝတ်ဆင်ထားကြသူများလက်တွင်းသို့ကျရောက်သွားသည်။ အမှန်စင်စစ် ပေဒါမှာထိပ်တန်းသိုင်းပညာကိုတတ်မြောက်ထားသော်လည်း အတိတ်မေ့နေသူတစ်ယောက်ဖြစ်၍သိုင်းပညာကိုကောင်းစွာအသုံးချမထုတ်ဖော်နိုင်ခဲ့ပေ။ သူသာသိုင်းပညာကိုတကယ်ဖေါ်ထုတ်ပါက ဤလိုလူမျိုးနှစ်ဆယ်လည်းသူ့မှုမည်မဟုတ် ချေ။

ထို့ကြောင့်...

အနက်ရောင်ဝတ်ဆင်ထားသူများလက်တွင်းသို့ကျရောက်သွား ခဲ့ခြင်းဖြစ်သည်။ ပေဒါသာလူကောင်းတစ်ယောက်ဆိုလျှင်



အနက် ရောင်ဝတ်ဆင်ထားသောသူများအား သိုင်းသုံးကွက်အတွင်း အနိုင်ယူနိုင်စွမ်းရှိသည်။

ယခုမူကား...

"ဟား...ဟား...ဟား..."

ခမောင်းကျက်သဘောကျစွာရယ်မောလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများက ပေဒါကိုဖမ်းချုပ် မတ်တတ်ရပ်စေသည်။ မောင်းကျက်ကပေဒါကို စိုက်ကြည့်လိုက်ပြီး မေးလေ၏။

"ယုယုဘယ်မှာလဲပြောစမ်း"

ပေဒါကအဖြေမပေးပေ။

"ထွီ..."

လွှတ်ခနဲ အော်လိုက်ပြီး တံတွေးဖြင့်တွေးလိုက်သည်။

"ဟာ..."

လွှတ်ခနဲအော်လိုက်ပြီးတံတွေးများကိုသုတ်လိုက်သည်။

"မင်းသေဖို့သာပြင်ပေတော့"

အော်ဟစ်ကြုံးဝါးကာတဘုန်းဘုန်းတဖြင်းဖြင်းမြည်အောင်ထိုးကြိတ်ကန်ကျောက်လိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများက ချုပ်ကိုင်ထားကြခြင်းကြောင့်ပေဒါရုန်းမရ ရှောင်မရပဲ အထိုးအကြိတ်ခံလိုက်ရလေတော့သည်။

မောင်းကျက်သည်အနိုင်ရနေပြီဖြစ်ရာ ညှာတာထောက်ထားခြင်းမရှိပဲ စိတ်တိုင်းကျထိုးကြိတ်လိုက်ရာပေဒါမခံနိုင်တော့ပဲမြေပေါ်ထောက်ကျသွားလေတော့သည်။

"ခင်ဗျားဘာတတ်နိုင်သေးလဲ"

မောင်းကျက်ကြိမ်းမောင်းဟားတိုက်ရယ်မောလိုက်လေ၏

www.burmeseclassic.com

www.burmeseclassic.com



[illegible]ပေါက်မှ နေ၍အခြေအနေ စောင့်ကြည့်နေရာ [illegible]နေသည်ကိုမြင်လျှင် မနေနိုင်တော့ပဲ. . .။

"အစ်ကိုကြီးကိုလွှတ်လိုက်ပါ"

အော်ပြောကာဆိုင်အပြင်ဘက်သို့တစ်ဟုန်ထိုးပြေးထွက်သွားသတော့သည်။ သူမသည် စိုးရိမ်တကြီးမေးလိုက်သည်၊

"ဟား. . . ဟား. . . ဟား. . "

မောင်းကျက်၏ရယ်မောသံကျယ်လောင်စွာထွက်ပေါ်လာ၏။ ဗေဒါသည်ရင်း၊ ယုယုသည်ရင်းသူ၏လက်ထဲသို့ရောက်လာပြီမဟုတ်ပါလား။

ယုယုကပြေး၍ဖက်လိုက်လေသည်။

"အစ်ကိုကြီး"

မောင်းကျက်ကအနက်ရောင်ဝတ်ဆင်ထားသူ တစ်ယောက်အားမျက်ရိပ်ပြလိုက်သည်။

ထိုလူကရှေ့သို့ထွက်သွားပြီး ယုယုအားဖမ်းချုပ်ထားလိုက်လေသည်။

"လွှတ်. . . လွှတ်"

ယုယုအော်ဟစ်ရုန်းကန်လိုက်ပါသော်လည်းမလွတ် မြောက်နိုင်တော့ချေ။

"ဟဲ. . ဟဲ ညီမလေးပြေးလို့မရတော့ဘူးဆိုတာသဘောပေါက်ပြီမဟုတ်လား ကဲ. . . အစ်ကိုနဲ့ပြန်လိုက်ခဲ့နော်"

မောင်းကျက်က ရယ်သွမ်းသွေးပြောသည်။

ယုယုက. . .

"ရှင်. . . ရှင်လူယုတ်မာရှင့်မျက်နှာကိုကျွန်မ မကြည့်ချင်ဘူး အခုချက်ချင်းကျွန်မကိုလွှတ်လိုက်စမ်း"

သူမ၏စကားကြောင့် မောင်းကျက်အရှက်ရသွားသည်။



မျက်နှာနီးမြန်သွားပြီးယုတ်မာစွာပြောလေ၏။

"ခွေးမ၊ နင်ကများ ငါ့ကိုအော်လားငေါက်လားနဲ့ ကောင်းပြီး နင်တို့ကိုပြန်ခေါ်သွားမယ် မြို့ကိုပြန်ရောက်ရင် ဟိုလူရှုပ်ကို လူပုံအလယ်မှာ သုတ်သင်ပစ်မယ်။ မင်းကိုလဲသိမ်းပိုက်ပြမယ်"

ဗေဒါနှင့် ယုယုခံပြင်းဒေါသ ထွက်နေကြပါသော်လည်း မောင်းကျက်၏လက်ထဲမှ လွတ်မြောက်နိုင်ခြင်းမရှိတော့ချေ၊ သူက အပိုင်အနိုင်ချုပ်ကိုင်ပြီး ပြီ မဟုတ်ပါလော။ သူတို့သည် မောင်းကျက်၏ လက်ချက်ဖြင့်ဘဝဆုံးရမည်မှာ သေချာလှပေသည်။ ယုယုသည် မြင်းဖြူ ဘုံကျောင်းတွင် ကူညီစောင့်ရှောက်မည့်သူနှင့် တွေ့ပါရစေ ဟုဆုတောင်းခဲ့သည်။

သို့သော်. . .

ယုယုသည် သူမ၏ဆုတောင်းပြည့်ဝခြင်းမရှိဟုတွေးတောနေမိ၏။ ထိုသို့တွေးတောနေစဉ်မှာပင်။

"အင်း. . . မြင်ကွင်းကကြည့်လို့မကောင်းပါလား"

သက်ပြင်းချသံ စကားသံထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။ ယုယု၏ဆုတောင်းကားပြည့်လာချေပြီ။

မောင်းကျက် တို့ရင်ထိတ်သွားကြ၏။ စကားသံ ထွက်ပေါ်လာရာဆီသို့ ကဗျာကယာလှမ်းကြည့်လိုက်ကြ၏။

ထိုအခါ. . .

လူတစ်ယောက်သည်သူတို့ထံသို့ဦးတည်လျှောက်လှမ်းလာနေသည်ကိုတွေ့လိုက်ရလေတော့သည်။ ထိုသူ၏ လျှောက်လာပုံမှာ ဖွန်စွာအေးဆေးလှ၏။ တစ်လှမ်းခြင်းလျှောက်လာနေသည်။

ဗေဒါမှာတစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေပြီး မျက်နှာမှာမူ ညည်း အညှိအမည်းစွဲကာ ရောင်ကိုင်းနေသည်။

ယုယုကမူထိုသူ့ကို အားကိုးတစ်ကြီးကြည့်နေ၏။ လုံ့ယံတ

www.burmeseclassic.com



သက်ပြင်းချလိုက်၏။

တစ်ယောက်ချင်းရင်ဆိုင်ရဲမှ ယောကျ်ားပီသတာဗျ အလစ်ဝင်တိုက်တာတို့ လူအများနဲ့ ဝိုင်းတိုက်တာတို့ဟာ ယောကျ်ားပီသတာမဟုတ်ဘူး အဲ့ဒါမိန်းမတွေရဲ့အလုပ်ဗျ ခင်ဗျားတို့မိန်းမတွေလား”

သူကမောင်းကျက်ကိုရည်ရွယ်ပြီးပြောလိုက်ခြင်းဖြစ် ကြောင်းအားလုံးရိပ်မိကြသည်။

မောင်းကျက်ဒေါပွသွားပြီး တောက်ခေါက်လိုက်၏။

“မင်းက ဘာကောင်လဲ ကိုယ်နဲ့မဆိုင်ပဲဝင်ရှုပ်ဖို့စိတ်မကူးပါနဲ့ ဒုက္ခရောက်သွားလိမ့်မယ် ကဲ ဝေးဝေးကိုထွက်သွားစမ်း”

လူငယ်ကခပ်တည်တည်ကြည့်လိုက်သည်။

“ကျုပ်လမ်းပေါ်ကဖြတ်သွားယင်းခင်ဗျားတို့ရဲ့လုပ်ရပ်ကိုမြင်လို့ရပ်ကြည့်နေတာကြာပြီ ကျုပ်နဲ့မဆိုင်ပေမဲ့ ခင်ဗျားကိုဆုံးမမှဖြစ်မယ်ဆိုတာသိလို့လာခဲ့တာပဲ ဒီလိုမြင်ကွင်းမျိုးဟာ ကျုပ်မျက်စိကိုစပ်စေတယ်ဗျ”

တည်ကြည်သောမျက်နှာထားဖြင့်ပြန်ပြောလိုက်လေသည်။

“ကောင်းပြီဘယ်သူကဆုံးမနိုင်မလဲ ကြည့်ကြသေးတာပေါ့ကွာ မင်းဟာကိုယ့်ဟာကိုအေးအေးဆေးဆေးနေနိုင်ရက်နဲ့သေချင် တဲ့ကောင်ပဲ”

စကားဆုံးသည်နှင့်လက်ဝှေ့ယမ်းပြီးအမိန့်ပေးလိုက်၏။

“ဒီကောင်ကိုရှင်းပစ်လိုက်ကြစမ်း”

အနက်ရောင်ဝတ်ဆင်ထားကြသူများမှာလည်းချက်ချင်း ပင်ညာသံပေးကာ လူငယ်ထံပြေးဝင်တိုက်ခိုက်လိုက်ကြသည်။

သို့သော် . . . ခြောက်ယောက်သာရှိတော့သည်။

လူငယ်ကရှောင်တိမ်းခြင်းမပြုပါ။



လက်တစ်ဖက်ကို စက်ဝိုင်းသဏ္ဌာန်ဝှေ့ယမ်းလိုက်လျှင် . . .

“ဝုန်း”

“အား . . .”

“အမယ်လေး”

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာပြီး အနက်ရောင်ဝတ်ဆင်ထားသူများဖရိုဖရဲဖြစ်သွားကြသည်။ အချို့တား အနောက်ဘက်လွင့်စဉ်သွားကြသည်။ အချို့တားပုံလျှက်သားလဲကျသွားကြသည်။ အချို့ကား . . .

ထိတ်လန့်ကာ မနောက်ဆုတ်သွားကြ၏။

“ဟာ . . .”

မောင်းကျက် လွှတ်ခနဲအော်လိုက်၏။ လူငယ်သည် မြွေဟောက်ပမာ ကြောက်စရာကောင်းသူဖြစ်ကြောင်း နားလည်သဘောပေါက်သွားသည်။

မောင်းကျက်မှာ မျက်လုံးပြူးကာကြည့်နေမိ၏။ သူထိတ်လန့်နေလေပြီ ၊ သူလိုလူများမှာ ရှုံးလျှင်ဖင်တုန်အောင်ကြောက်သည့်လူမျိုးဖြစ်သည်။

“သူတို့ကလွှတ်လိုက်ပါဗျာ”

မောင်းကျက်သည်ယုယုကိုလွှတ်မပေးလိုပေ၊ ဗေဒါကိုလည်းဆုံးမချင်သည်။

“ဘာလို့လွှတ်ပေးရမှာလဲ”

လူငယ်ကအေးအေးဆေးဆေးပြောသည်။

“ကျုပ်စကားကိုနားမထောင်ရင်ကျုပ်ကိုအဆိုးမဆိုနဲ့နော်”

မောင်းကျက်နှာခေါင်းရှုံ့လိုက်၏။

လူငယ်အားစေ့စေ့ကြည့်ကာ။

“မင်းခြိမ်းခြောက်တိုင်းငါက ကြောက်နေရမှာလားသဖို့သာ

www.burmeseclassic.com



ဖြင်ထား"

စကားဆုံးလျှင်ဓားမြှောင်တစ်လက်ထုတ်ယူလိုက်၏။

ထို့နောက် . . .

"ဝှစ် . . ."

ဓားမြှောင်ဖြင့်လှငယ်အားပစ်လိုက်သည်။ ဓားမြှောင်သည် လှငယ်၏ရင်ဝဆီသို့တည့်မတ်စွာတိုးဝင်သွားသည်။

လှငယ်ကရှောင်တိမ်းခြင်းမပြုပါချေ။

"ခင်ဗျားဘာတွေလုပ်နေတာလဲ"

လှငယ်ကပြုံးလိုက်ပြီး လက်တစ်ချက်ဝှေ့လိုက်ရာ ဖတ်ခနဲမြည်သံနှင့် ဓါးမြှောင်သည်လှငယ်၏လက်ထဲသို့ရောက်သွားသည်။

မောင်းကျက်မျက်နှာပျက်သွားသည်။ လှငယ်ကပြုံးပြီးမောင်းကျက်အားကြည့်လိုက်သည်။ မောင်းကျက်မှာ လှငယ်၏ လျှောင်ပြုံးကြောင့်မခံချင်ပဲဖြစ်သွား၏။

သူစိတ်ကမထိန်းနိုင်တော့ပဲ လှငယ်ထံပြေးဝင်သွား၏။

"သေပေတော့"

သူသည်ပြေးဝင်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ လှငယ်ခေါင်းခါရမ်းလိုက်၏။

"ခင်ဗျားမတတ်နိုင်ပါဘူးဗျာ"

အသာအယာရှောင်တိမ်းပေးလိုက်၏ ။ တိုက်ခိုက်မှုလွဲချော်သွား၍မောင်းကျက်ပို၍မကျေမနပ်ဖြစ်သွား၏။ တကယ်တော့မောင်းကျက်မှာ သိုင်းပညာအနည်းအကျဉ်းသာတတ်မြောက်ထားပါသည်။

"ကျား"

သူကညာသံပေးကာထပ်မံတိုက်ခိုက်လာ၏။ လှငယ်ဘာမှမပြောတော့ပါ။

သူကပြေးဝင်လာသောမောင်းကျက်၏မျက်နှာအားလက်



သီးဖြင့်ထိုးချလိုက်၏။ သူ၏လက်သီးသည်လျှင်မြန်လှသောအရှိန်ဖြင့် မောင်းကျက်ထံတိုးဝင်သွား၏၊ မောင်းကျက်မရှောင်တိမ်းနိုင်တော့ပါ။

"ခွပ် . . ."

"အား"

နှာကျင်စွာ အော်ဟစ်ယင်းနောက်သို့ယိုင်ယိုင်ဖြင့်ဆုတ်သွားရလေ၏။ သူ၏နှာခေါင်းထဲမှ သွေးများယိုစီးကျလာ၏၊ နှာခေါင်းရိုးကျိုးသွားလေပြီ အသက်မထွက်သည်မှာ သူကံကောင်းခြင်းဖြစ်၏၊ မောင်းကျက်က နှာခေါင်းကိုလက်ဖြင့်အုပ်ထားကာ လှငယ်အားအထိတ်တလန့်ဖြင့်ကြည့်လိုက်သည်။

လှငယ်ကရှေ့သို့ တစ်လှမ်းခြင်းတိုးလာပြီးပြောသည်။

"ခင်ဗျားထပ်ပြီးအသားမနာချင်ယင်သူတို့ကို လွှတ်ပြီးအေးအေးဆေးဆေး ထွက်သွားပေတော့ ခင်ဗျားတို့ကိုကျုပ်မသတ်ဘူး . . ."

မောင်းကျက်မနေနိုင်တော့ပါ။ သူက အမိန့်ပေးလိုက်သည်။

"ဟေ့ . . . သူတို့ကို လွှတ်ပေးလိုက်တော့"

အနက်ရောင်ဝတ်ဆင်ထားကြသူများမတတ်သာတော့ပါ သူတို့ကယုယုနှင့်ပေဒါတို့အား လွှတ်ပေးလိုက်ကြရလေတော့သည်။

လှငယ်ကပြုံးလိုက်သည်။

"ကဲခင်ဗျားတို့သွားနိုင်ပါပြီ"

မောင်းကျက်က လက်သီးတစ်ငေါက်ငေါက်ထိုးသည်။

"ကိုယ်နဲ့မဆိုင်ပဲ ဝင်ရှုပ်တာကို ကျုပ် ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး မင်းနောင်တရစေရမယ်"

သူကြုံးဝါးသွား၏။ လှငယ်ကဂရုမစိုက်ပါ၊ ပြုံး၍ပင်ကြည့်နေသည်။ မောင်းကျက်တို့သည် တခဏအတွင်းမှာပင်မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)
## ယုတ်မာသူတို့ဇာတ်သိမ်း

ည. . .

ကောင်းကင်ပေါ်၌လဝန်းထိန်ထိန်သာနေ၏။

တောအုပ်ထဲမှ သဘာဝတောပန်းများ၏ မွှေးကြိုင်သင်း သောရနံ့ကိုသယ်ဆောင်လာသည့် လေပြည်လေညှင်းလေးက သု သုန်ညှင်းညှင်းတိုက်ခတ်နေသည်။ မြေကွက်လပ်၌မီးပုံတစ်ခုရှိနေ ၏ မလှမ်းမကမ်းတွင်. . .

မြင်းလှည်းတစ်စီးရပ်ထားပြီးမြင်းလှည်းပေါ်၌ဗေဒါရှိနေ ၏ ဗေဒါသည် မောင်းကျက်တို့လူစုလက်ချက်ဖြင့်ဒဏ်ရာဒဏ်ချက်များ ရရှိခဲ့သည်။

ယခု. . .

ဗေဒါသည် လှငယ်တိုက်ကျွေးသော ဆေးတစ်လုံး သောက်ကာ အိပ်စက်အနားယူနေခြင်းဖြစ်သည်။ ယုယုသည် လှင အားအထူးပင်ကျေးဇူးတင်မိ၏။ ထိုလှငယ်ကကူညီခြင်းမရှိလျှ မောင်းကျက်၏လက်ချက်ဖြင့် သူတို့ဒုက္ခရောက်ရမည်မှာသေချာ သည်။ ယုယုကလှငယ်အားအကဲခတ်ကြည့်လိုက်၏။ လှငယ် အပြာရောင်ဝတ် စုံကိုသေသပ်စွာဝတ်ဆင်ထားသည်။ ယောက်ျ သဘောမျက်နှာထားရှိပေသည်။ သူမကဦး ညွတ်ပြီး ကျေးဇူးတင်စ



ပြောလေသည်။

"အစ်ကို့ကျေးဇူးကိုဘယ်လိုဆပ်ရမှန်းတောင်မသိတော့ပါဘူး ရှင်။ ကျွန်မတို့ကသူ့ကိုဘယ်လိုမှမယုံနိုင်ပါဘူး"

လှငယ်ကရယ်မောလိုက်သည်၊

ထို့နောက်

လက်ပြကာပြောလိုက်၏၊

"မလိုပါဘူးညီမရယ်၊ ကျုပ်ကကျေးဇူးတင်ခံချင်လို့ကူညီခဲ့တာ မဟုတ်ပါဘူးကွယ်"

ယုယုက. . .

"အို. . . ဘယ်ဟုတ်ပါမလဲရှင် အစ်ကိုသာဝင်မကယ်ယင် ညီမတို့ဒုက္ခရောက်နေပြီ. . ."

လှငယ်က ယုယုအားအကဲခတ်ကြည့်လိုက်၏။

ထို့နောက်. . .

သူကစိတ်ဝင်တစားဖြင့်မေးလာလေ၏။

"ညီမတို့ဘယ်လိုဖြစ်ကြတာလဲဆိုတာ အစ်ကို့ကိုပြောပြ နိုင်မလား"

ယုယုကသက်ပြင်းချလိုက်၏။

သူမက မောင်းကျက် ဒုက္ခပေးခဲ့ပုံတို့ကိုရှင်းပြလိုက်သည်။

လှငယ်ကမကျေမနပ်ဖြင့်ပြောလေ၏။

"တော်တော်ဆိုးတဲ့လူပဲ၊ သည်လိုမှန်းသိရင်မှတ်လောက် သားလောက်ဖြစ်အောင်ဆုံးမလိုက်မှာပေါ့"

ယုယုက. . .

"မောင်းကျက်ကအငြိုးကြီးတယ် အစ်ကို သူကအစ်ကို့ကို ဒုက္ခ ပေးနိုင်တယ်ဆိုတာသတိထားပါရှင်"

လှငယ်ကပြုံး၍ခပ်အေးအေးပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့အတွက်မစိုးရိမ်ပါနဲ့ညီမရယ်"

ယုယုက. . .

"ကျွန်မက မောင်းကျက်ရဲ့ယုတ်မာတဲ့စိတ်ထားကိုကောင်းကောင်းသိထားတယ် အစ်ကိုသာတစ်စုံတစ်ခုဖြစ်သွားရင် ကျွန်မလည်း တသက်လုံးစိတ်ကောင်းနိုင်မှာ မဟုတ်တော့ဘူး"

လူငယ်သက်ပြင်းချလိုက်သည်။

"ဩော်. . . ညီမရယ်"

ယုယုက. . .

"အစ်ကိုနာမည်ဘယ်သူဘယ်ဝါဆိုတာပြောပြနိုင်ရင် ပြောပါလားရှင်"

လူငယ်ကပြုံးလိုက်သည်။

"ဩော်. . . ဟုတ်ပါရဲ့အစ်ကိုလဲပြောပြဖို့မေ့နေလိုက်တာ အစ်ကိုနာမည်က. . ."

သူ၏အမည်ကိုပြောပြဖို့ဟန်ပြင်လိုက်စဉ်မှာပင်. . .

"ဝုစ်. . . ဝုစ်. . . ဝုစ်"

လေတိုးသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လူငယ်က. . .

"ညီမသတိထား"

ပြောယင်းယုယုအားဆွဲကာမြေပေါ်လှိမ့်ပြီးရှောင်လိုက်သည်။ သူတို့နှစ်ယောက်လုံးလားထွေးလားဖြစ်ကာမြေပေါ်လိမ့်သွား၏

ထိုစဉ်. . .

"ထောက်. . . ထောက်. . . ထောက်"

လက်နက်ပုန်းကလေးများသည် သူတို့ထိုင်နေခဲ့သည့် မြေပေါ်စိုက်ဝင်သွားလေသည်။ ယုယုသာဆက်၍ထိုင်နေမည်ဆိုလျှင် လက်နက်ပုန်းထိကာသေဆုံးသွားရမည်ဖြစ်လေသည်။



လူငယ်ကဦးစွာခုန်ထလိုက်၏။ ယုယုလည်းလူးလှိမ့်ထလိုက်သည်။ သူမ၏မျက်နှာရဲရဲနီနေ၏၊ အသက်ဘေးအန္တရယ်ကြုံလိုက်ရသဖြင့်ကြောက်ရွံ့မှုထက်လူငယ်၏ ရင်ခွင်ထဲမှမြေပေါ်တွင်လှိမ့်နေခဲ့ရသည်အဖြစ်ကိုတွေးကာရှက်နေခြင်းဖြစ်သည်။ သူမသည် ဘာဆိုဘာမှသတိမထားနိုင်တော့ပါ၊ လူငယ်တို့လည်းမကြည့်ဝံ့ပဲခေါင်းငုံကာငူငူကြီးရပ်နေမိတော့သည်။

လူငယ်ကသတိပေးလိုက်၏၊

"ညီမမြင်းလှည်းဆီသွား"

ထိုအခါမှ. . .

ယုယုသတိဝင်လာပြီးမြင်းလှည်းဆီသို့ပြေး လွှားသွားလေတော့သည်။ ဝေဒနာခံစားနေသည့်ဗေဒါအားဂရုစိုက်ရဦးမည်မဟုတ်ပါလား။ သူမမြင်းလှည်းအနီးသို့ရောက်ရှိသွားချိန်မှာပင်. . .

"သေပေတော့"

အော်ငေါက်သံနှင့်အတူမှောင်ရိပ်ထဲမှ အနက်ရောင်ဝတ်ဆင်ထားသူနှစ်ယောက်ခုန်ထွက်လာပြီးတိုက်ခိုက်လိုက်သည်။

"အမယ်လေး"

ယုယုအထိတ်တလန့်အော်လိုက်မိသည်။ လူငယ်ရင်ထိတ်သွား၏။ သူကအော်ဟစ် သတိပေးလိုက်၏။

"ညီမမြေပေါ်ဝပ်ချလိုက်"

ယုယုသည်ကဗျာကယာမြေပေါ်ဝပ်ချလိုက်၏။ လူငယ်ကတစ်ဟုန်ထိုးပြေးဝင်လာ၏။ တဆက်တည်းပင်ဝင်းလက်တောက်ပသော အလင်းတန်းများထွက်ပေါ်လာသည်။ မရှေးမနှောင်းမှာပင်. .

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများနှင့်အတူအနက်ရောင်ဝတ်

www.burmeseclassic.com

www.burmeseclassic.com



[illegible]ယောက်မြေပေါ်လဲကျသွားသည်။ လူငယ်က မည်သို့[illegible]တ်လိုက်သည်ကို ယုယုပင်မတွေ့မြင်လိုက်ရချေ။ လူငယ်[illegible]အမြန်ပြောသည်။

"ညီမမြင်းလှည်းပေါ်အမြန်တက်"

ယုယုလည်းလူးလိမ့်ထကာ မြင်းလှည်းပေါ်ခုန်တက်လိုက်၏၊ လူငယ်က မြင်းလှည်းရှေ့တွင် မားမားမတ်မတ်ရပ်နေလိုက်လေသည်။

ထိုစဉ်မှာပင်. . .

"ကျား. . ."

"သေပေတော့"

အော်ငေါက်သံများနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားကြသူများသည် သစ်ပင်များနောက်ကွယ်မှ ထွက်လာကြပြီးလူငယ်အားဝိုင်းရံတိုက်ခိုက်လိုက်ကြ၏။

လူငယ်မဲ့ပြုံးပြုံးလိုက်၏။

"မင်းတို့ဘာတတ်နိုင်မှာလဲ"

ကြုံးဝါးယင်းပြန်လည်တိုက်ခိုက်လိုက်၏။ အများနှင့်တစ်ယောက်ဖြစ်သော်လည်း သူကမမှုပါချေ။ သူကအနက်ရောင်ဝတ် ဆင်ထားသူများအားပြတ်ပြတ်သားသားတိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့်. . .

သူ၏တိုက်ခိုက်မှုမှာကြောက်မက်ဖွယ်ကောင်း အောင်ပြင်းထန်နေပေတော့သည်။ သူတို့ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်၊

"ဝုန်း"

"အား"

"အွန့်"

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာ၏။ အနက်ရောင်ဝတ်ဆင်ထားကြသူများမှာတစ်ယောက်ပြီးတစ်ယောက်လွင့်စဉ်သွားကြသည်။ လဲကျသွားသည်။ ရင်ဝကိုလက်များဖြင့်ဖိထားကြသည်။ အချို့သွေးအန်နေလေ၏။



လူငယ်ကတိုက်ခိုက်မှုကိုရပ်လိုက်၏၊ သူကတိုက်ခိုက်စရာမလိုတော့ပါ။ အဘယ်ကြောင့်ဆိုသော်. . .

အနက်ရောင်ဝတ်ဆင်ထားသူများအားလုံးမြေပေါ်မှ ပြန်ထလာနိုင်ကြခြင်းမရှိတော့ပါ၊

လူငယ်သက်ပြင်းချလိုက်၏၊ သူကဝတ်ဝန်းကျင် အားတစ်ချက်ဝေ့ကြည့်လိုက်၏၊ အနက်ရောင်ဝတ်ဆင်ထားသူများမှာထပ်မံထွက်ပေါ်လာခြင်းမရှိတော့ပါ၊

လူငယ်ကပြုံးလိုက်၏၊

သူကတစ်နေရာသို့ကြည့်ကာပြုံးနေခြင်းဖြစ်သည်၊ အတန်ကြာမှ. . .

လူငယ်ကသက်ပြင်းရှည်တစ်ချက်ချလိုက်ပြီးပြောလိုက်၏၊

"ခင်ဗျားတို့ထွက်လာကြရင်ကောင်းမယ်"

သူ၏အသံကျယ်လောင်စွာထွက်ပေါ်လာသည်၊

သို့သော်. . .

သူ၏အသံ တိတ်ဆိတ်ပျောက်ကွယ်သွားပြီး အတန်ကြာသည်အထိ မည်သူမျှထွက်ပေါ်လာခြင်းမရှိကြချေ။ လူငယ်၏မျက်နှာခင်းမာခက်ထန်သွား၏။

"ခင်ဗျားတို့ကသည်ပုံအတိုင်းလိပ်လိုခေါင်းဝှက်ပြီးနေ ကြမှာလား"

သူ၏စကားသံအေးစက်စွာဖြင့်ထွက်ပေါ်လာ၏။

ယခုတစ်ကြိမ်တွင်မူ. . .

"ဟား. . . ဟား. . . ဟား. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဟား. . ."

သူ၏စကားသံဆုံးသွားသည်နှင့်ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းပင်. . .

လူငယ်စူးစိုက်ကြည့်နေသောသစ်ပင်ကြီးနောက်မှ လူလေးယောက်ထွက်ပေါ်လာ၏။ ထိုလူလေးယောက်ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ပတ်ဝန်းကျင်တစ်ခုလုံးအေးစိမ့်သွားသည်ဟုထင်မှတ်လိုက်ရသည်။ ရှေ့မှဦးဆောင်လှမ်းထွက်လာသောလူနှစ်ယောက်အားတွေ့လိုက်ရလျှင်မြင်းလှည်းထဲမှအခြေအနေကိုအကဲခတ်ကြည့်နေသူယုယုမှာ အထိတ်တလန့်ဖြစ်သွားသည်။ ထိုလူနှစ်ယောက်အားသူမကောင်းစွာသိထားသည်မဟုတ်ပါလား။ ထိုလူနှစ်ယောက်မှာ သူမအားအမျိုးမျိုးလိုက်လံနှောင့်ယှက်နေကြသော သူဌေးကြီးမောင်းပိန်းတို့သားအဖပင်ဖြစ်နေသည် မဟုတ်ပါလား"

ယခု. . .

မောင်းကျက်အပြင်သူ၏ဖခင်ဖြစ်သူမောင်းပိန်းပါရောက်ရှိလာပြီဖြစ်သည်။ မောင်းပိန်းသည် သားဖြစ်သူအတွက်သူမနှင့်ဖေဒါတို့အားအခဲမကြေဖြစ်နေသည်မှာ ထင်ရှားလှပါသည်။ ထို့ကြောင့်ဤနေရာသို့လိုက်လာခြင်းဖြစ်သည်။ သူမတို့ကံကောင်းနိုင်မည်လော။

ယုယုကလူငယ်အား အားကိုးတကြီးကြည့်လိုက်၏။

ယခုသူမတို့၏ကံကြမ္မာအဆိုးအကောင်းအဆိုးအကောင်းသည်လူငယ်အပေါ်တွင်သာမူတည်နေပေတော့သည်။

လူငယ်ကထွက်ပေါ်လာသူလေးယောက်အားအကဲခတ်ကြည့်လိုက်၏၊ မောင်းပိန်းကသားဖြစ်သူမောင်းကျက် အားကြည့်လိုက်ပြီး အေးအေးဆေးဆေးပြော၏။ သူသည်ကြေးစားထိပ်သီးသိုင်းသမားကိုခေါ်လာခဲ့ဟန်တူသည်။

"မင်း. . ဘာမမပူနဲ့တော့အခုဖေဖေခေါ်လာတဲ့လူနှစ်ယောက်ကမင်းမကျေနပ်တဲ့လူတွေကိုကောင်းကောင်းကြီးဆုံးမနိုင်မှာပါ။"

မောင်းကျက်သက်ပြင်းချလိုက်၏။ လူငယ်ကြောင့် သူတို့ထွက်ပြေးလာခဲ့စဉ် စိတ်မချဘဲလိုက်လာသောဖခင်ဖြစ်သူနှင့်ဆုံတွေ့ခဲ့ခြင်း ဖြစ်သည်။ မောင်းပိန်းက သားဖြစ်သူအတွက် ငွေကြေးပေးပြီးကြေးစားနှစ်ယောက်ငှားရမ်းကာလူငယ်တို့အားလိုက်ရှာခဲ့ခြင်းဖြစ်၏၊



ယခု. . .

လူငယ်တို့အားတွေ့လိုက်ပြီ ဖြစ်သည်။ မောင်းကျက်က လူငယ်အားစေ့စေ့ကြည့်လိုက်ပြီးပြောလာလေ၏။

"သည်တစ်ခါတော့ မင်းမလွယ်တော့ဘူးဆိုတာငါကျိန်းသေပြောရဲတယ်"

မောင်းပိန်းကသူခေါ်လာသောကြေးစားနှစ်ယောက်အားတစ်ချက်ကြည့်လိုက်ပြီး လူငယ်ဘက်လှည့်ကာ ရှင်းပြလေ၏။

"ဘီလူးညီနောင်ကိုခေါ်လာမှတော့မင်းမလွယ်တော့ပါဘူးကွာ"

လူငယ်မျက်မှောင်ကုပ်သွား၏။ ဘီလူးညီနောင်ဟူသောအမည်ကိုသူကောင်းစွာကြားဖူးထားပေသည်။ ဘီလူးညီနောင်သည်သိုင်းလောကတွင် နာမည်ကျော်ကြားနေသော အောက်လမ်းသိုင်းသမားဆိုးများဖြစ်ကြသည်။ ယနေ့အချိန်ထိမအောင်မြင်သော အလုပ်ဟူ၍မရှိသေးချေ။

ယခု. . .

မောင်းပိန်းတို့ကသူ့အား သုတ်သင်ရန်ဘီလူးညီနောင်အားငှားရမ်းလာခဲ့ပြီဖြစ်သည်။ လူငယ်အကဲခပ်နေစဉ်မှာပင်မောင်းပိန်းနောက်မှ လူနှစ်ယောက်ကရှေ့သို့လှမ်းထွက်လာခဲ့၏။ တစ်ယောက်မှာ

www.burmeseclassic.com



အဖြူရောင်ဝတ်ရုံဝတ်ဆင်ထားပြီးကျန်တစ်ယောက်မှာ အနက်ရောင်ဝတ်ဆင်ထားသည်။ ရုပ်ရည်မှာကြမ်းတမ်းခက်ထန်ကာခါးတွင် ဓားတောင်ကို တိုယ်စီချိတ်ဆွဲထား၏။ ထိုလူနှစ်ယောက်မှာ ကျော်ကြားနေသော ဘီလူးဖြူ ဘီလူးမည်းဟုခေါ်သောဘီလူးညီနောင်ပင်တည်း. . .

လူငယ်က. . .

"အခုလို ဘီးလူညီနောင်နဲ့တွေ့ရတာ ကျုပ်အတွက်တော့ တံကောင်းတာပဲဗျ"

သူ၏စကားကြားလျှင်ဘီလူးမည်းနှင့် ဘီလူးဖြူတို့ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်လိုက်သည်။

လူငယ်ကစကားဆက်လိုက်၏။

"ဘီလူးညီနောင်ကြောင့်ဒုက္ခရောက်သွားတဲ့သူတွေမနည်းဘူးကျုပ်ကဆုံးမဖို့ဆုံးဖြတ်ထားခဲ့တာ အခုလိုတွေ့ရတော့ရှာစရာမလိုတော့ဘူးပေါ့။ ရန်သူရှာရတာမလွယ်လှဘူးခင်ဗျားတို့က ပိုဆိုးတယ်ကောက်ရိုးပုံထဲက အပ်တွေလိုပဲ. . ."

သူ၏စကားကြားလျှင် ဘီလူးညီနောင်ဒေါပွသွားကြ၏။

ဘီလူမည်းကပြောလိုက်၏။

"ကျုပ်တို့နဲ့တွေ့မှတော့မင်းအသက်ရှင်ဖို့မလွယ်တော့ဘူးဆိုတာမှတ်ထား"

လူငယ်ကပခုံးတွန့်လိုက်သည်။

"ကျုပ်တော့ မထင်ဘူး ခင်ဗျားတို့ ဘယ်လောက်စွမ်းလို့လဲ"

သူကဘီလူးညီနောင်အားစေ့စေ့ကြည့်လိုက်ပြီးဆက်ပြောလိုက်သည်။

"သေရမှာ ခင်ဗျားတို့ပဲဖြစ်သွားမှာပါ၊ ခေါင်းတွေယူမလာဘူးလား"



ဘီလူမည်း၏မျက်နှာခက်ထန်တင်းမာသွား၏။

"ကြည့်ကြသေးတာပေါ့ကွာ"

စကားဆုံးသည်နှင့်ခါး၌ချိတ်ဆွဲထားသောဓားကောက် အားခြွမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်၏၊ ဘီလူးဖြူကလည်းဓားဆွဲ ထုတ်လိုက်သည်။

မောင်းကျက်ကအမိန့်ပေးလိုက်သည်၊

"သူ့ကိုရှင်းပစ်လိုက်ပါ"

ဘီလူးမည်းကခေါင်းညိတ်လိုက်သည်၊

"စိတ်ချ"

စကားဆုံးသည်နှင့် လူငယ်ထံ ပြေးဝင်တိုက်ခိုက်လာ၏၊ ဘီလူးဖြူကလည်းပြေးဝင်လာသည်။ သူတို့သည် လူငယ်အား ဘယ်ညာ ညှပ်၍တိုက်ခိုက်လိုက်၏။ ပြင်းထန် သောတိုက်ပွဲမှာ ရုတ်ခြည်းပင်ဖြစ် ပေါ်လာလေသည်။ လူသုံးယောက်သည် လုံးထွေးသွား၏။

ဘီးလူညီနောင်ကအတွဲညီညီဖြင့်တိုက်ခိုက်နေ၏။ သူတို့၏ဓားချက်များ လူငယ်၏ခန္ဓာကိုယ်အားဖုံးလွှမ်းသွားသည်။

လူငယ်ကခန္ဓာကိုယ်ယိမ်း နွဲ့ကာရှောင်တိမ်းနေ၏။ ဤသို့ဖြင့်သိုင်းကွက်ဆယ်ကွက်ကျော်သွားခဲ့လေပြီ၊ ယခုထက်တိုင် သူတို့တိုက်ခိုက်မှုမှာအရာမထင်သောအခါ ဘီလူးညီနောင်ဒေါသအမျက်ခြောင်းခြောင်း ထွက်လာကြ၏။

သူတို့တိုက်ခိုက်မှုမှာအရာမထင်သည့်အပြင် တစ်ချက်တစ်ချက်ပြန်လည်တိုက်ခိုက်သောလူငယ်လေး၏တိုက်ခိုက်မှုကြောင့်ဒုက္ခတွေ့နေကြရသည်မဟုတ်ပါလား။

"သေပေတော့"

ဘီးလူညီနောင်က အော်ငေါက်ရင်း တိုက်အားမြှင့်လိုက်သည်။ လူငယ်၏မျက်နှာတည်ကြည်လေးနက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကသိုင်းဘွတ်များကိုပြောင်းလဲကာပြန်လည်တိုက်ခိုက်လေ၏။

ယခုတစ်ကြိမ်. . .

သူတို့၏တိုက်ခိုက်မှုမှာ အလွန်ပြင်းထန်နေ၏။ ထိုအပြင် အသုံးပြုလိုက်သောသိုင်းကွက်မှာ အလွန်ပင်ထူးဆန်းနေသည်။ ဘီလူး ညီနောင်မည်သို့ပြန်လည်ခုခံရမှန်းမသိဖြစ်သွားကြသည်။ နောက်ဆုတ် ရန်လည်းအချိန်မရှိတော့ချေ။

"ဝုန်း"

"အား"

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာ၏။ ဘီလူးညီနောင် ဒယီးဒယိုင်ဖြင့်နောက်ဆုတ်သွားသည်။ မောင်းပိန်းတို့ရင်ထိပ်သွား ကြသည်။ သူတို့အားကိုးသောဘီလူးညီနောင်မှာ လူငယ်အားရှုံးနိမ့်သွားကြသည်။ မဟုတ်ပါလား။

ထိုစဉ်မှာပင်. . .

"သေပေတော့. . ."

နောက်ဆုတ်သွားသောဘီလူးဖြူကအော်ငေါက်ကာ လူငယ်အားပြေးဝင်တိုက်ခိုက်လာ၏။ လူငယ်ကမရှောင်တိမ်းပါ။ သူကလက်ဝါးတစ်ဖက်ဆန့်ထုတ်လိုက်၏။ ဘီလူးမည်း၏တိုက်ခိုက်မှုမှာ သူထံမကျရောက်မီသူ၏ လက်ဝါးက ဘီလူးဖြူရင်ဝသို့တည့်မတ်စွာရိုက်ချမိသွားသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာသည်။ ဘီလူးဖြူမှာ အသံပင်မထွက်နိုင်ပဲဖွဲအိတ်ကဲ့သို့ တုန်းခနဲလဲကျသွားသည်၊ လူငယ်ကတိုက်ခိုက်မှုကိုရပ်တန့်လိုက်၏။ ဆိုးသွမ်းသောရက်စက်ကြမ်းကြုတ်သော ကြေးစားဘီလူးညီနောင်မှာ မိုက်ဇာတ်သိမ်းသွား



ပြီဖြစ်သည်။

သူကတွေဝေနေသည် ကိုအခွင့်ကောင်းယူကာ မောင်းကျက်ကသူ၏နောက်ကျောအားဓားမြှောင်ဖြင့်ဝင်ထိုးစိုက်လာသည်။ လူငယ်ကနောက်လှည့်မကြည့်ပဲ ခြေထောက်ဖြင့်နောက်ပြန်ကန်ထုတ်ပစ်လိုက်သည်။ သူ၏ ခြေထောက်ကန်ချက်မှာ ပြေးဝင်လာသောမောင်းကျက်၏လည်မျိုအားတည့်မတ်စွာတန်းတွေ့ကာက်မိသွားသည်။

"ဝုန်း"

ကျယ်လောင်သောအသံတစ်ချက်ထွက်ပေါ်လာ၏၊ မောင်းကျက်မှာအသံပင်မထွက်နိုင်ပဲနောက်ပြန်လန်ကျသွား၏။ မောင်းပိန်းမှာမမျှော်လင့်သောအဖြစ်အပျက်ကြောင့်မျက်လုံးပြူးသွား၏။

"သား"

အထိတ်တလန့်ခေါ်လိုက်သည်။

တဆက်ထဲပင်

"မင်းကိုငါသတ်မယ်"

အော်ငေါက်ကာဓားမြှောင်တစ်လက်ဆွဲထုတ်ကာလူငယ်အားပြေးထိုးတော့သည်။ မောင်းပိန်းသိုင်းပညာမတတ်ပါ။

လူငယ်ကအသာအယာပင်ရှောင်တိမ်းလိုက်သည်။

ဤတွင်. . .

သူ၏လက်ထဲမှ ဓားမြှောင်ကသူ၏ ရင်ဝအားပြန်လည်ထိုးစိုက်မိသလိုဖြစ်သွားသည်။ ကံကြမ္မာ၏အဆုံးအဖြတ်ပင်တည်း။

"အား"

မောင်းပိန်း၏ကျယ်လောင်သောအော်သံနက်ကြီးထွက် ပေါ်လာလေတော့သည်။

လူငယ်သက်ပြင်းချလိုက်၏။ သူဌေးကြီးမောင်းပိန်းတို့သားအဖမှာ အမိုက်ဇာတ်သိမ်းသွားခဲ့ရလေပြီ။ ယခုမှပင် ယုယုမှာ သက်ဝဝ

www.burmeseclassic.com

www.burmeseclassic.com



ရှုနိုင်တော့၏။ လူငယ်ကယုယုအားကြည့်ကာပြောလေ၏။

"ညီမတို့ဒုက္ခပေးမဲ့သူတွေမရှိတော့ဘူး ဘာမှမစိုးရိမ်နဲ့တော့"

သူဘာဆက်ပြောလေသည်။

"ညီမတို့ဘယ်သွားမလဲပြောပါအစ်ကိုလိုက်ပို့ပေးပါမယ်"

ယုယုငိုင်သွားသည်။ သူမသည်ဖေဒါ၏ဘ၀မှန်ကိုဖော်ထုတ်[illegible]စားနေပေသည်။ သူမ၏မိဘများမရှိတော့ပြီဖြစ်သလိုဆွေမျိုးသားချင်းများနှင့်အဆက်အသွယ်ပြတ်နေသည်မှာလည်းကြာပြီဖြစ်ပါသည်။ ဆွေမျိုးသားချင်းများသည် သူမအားမည်သို့သဘောထားကြမည်မဆိုနိုင်ပါ၊ သူမ၏ဘ၀သည် မရေရာသည့်ဘ၀မျိုးဖြစ်ကြောင်းတွေးတောမိလျှင်ဝမ်းနည်းသွား၏။ယုယုငိုမိလေ၏။ လူငယ်ကငြိုးတွားလိုက်သည်။

"ညီမသွားစရာမရှိဘူးထင်တယ်"

ယုယုကသက်ပြင်းတစ်ချက်ချယင်းမျက်ရည်သုတ်ကာပြော ၏။

"ကျွန်မကကျန်းနန်ကိုသွားမလို့ပါရှင်"

လူငယ်ဝမ်းသာသွား၏။

"ဟင် . . . အစ်ကိုလဲကျန်းနန် ကိုသွားမလို့ အတော်ပဲ အတူတူသွားကြတာပေါ့"

ယုယု၏မျက်နှာဝင်းလက်သွား၏။

"ကောင်းတာပေါ့အစ်ကိုရယ် အစ်ကို့ကိုထပ်ပြီးကျေးဇူးတင်ပါတယ်ရှင်"

လူငယ်ကပြုံးလိုက်၏။

"ကိစ္စမရှိပါဘူး ညီမရယ်၊ ညီမနဲ့မမျှော်လင့်ပဲဆုံတွေ့ရတာရေစက်ရှိလို့ပဲ ကျုပ်ဝမ်းသာလှပါပြီ"

ထိုစကားကြားရလျှင်ယုယုရင်ထဲလှိုက်လှိုက်လှဲလှဲဖြစ်သွားလေတော့သည်။ "ရေစက်"ဟူသောစကားသည် သူမ၏ရင်ကိုတ



သိမ့်သိမ့်ခုန်စေခဲ့သည်တကား။

## အခန်း(၂၈)
## ကူညီမည့်သူ

ညသည်တိတ်ဆိတ်ငြိမ်သက်စွာကုန်ဆုံးသွားသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်း၊အထီးကျန်ဆန်ခြင်းသည်တခါတရံတွင် သည်းမခံနိုင်အောင်မုန်းတီးစက်ဆုပ်စရာကောင်းလှသည်။လီအင်းကအိမ်ရှေ့တံခါးဝ၌တစ်ညလုံးထိုင်နေခဲ့သည်။ တစ်ယောက်တည်းအထီးကျန်နေသည့်ဝေဒနာကိုခါးသီးစွာခံစားနေရသည်။တုကုဖုံးအားဖမ်းဆီးခေါ်ဆောင်သွားကြပြီးနောက်သူ့တွင်ခင်တွယ်စရာမရှိတော့ပေ။ သူမသည် သိုင်းတံခွန်ဂိုဏ်းသို့ပြန်လည်ရောက်ရှိသွားမည်ဖြစ်လေသည်။ သူမအားတွေ့လိုလျှင် သိုင်းတံခွန်ဂိုဏ်းသို့လိုက်သွားရန်သာရှိတော့သည်။ သူမည်သို့လိုက်သွားမည်နည်း။ လီအင်းမှာ သိုင်းတံခွန်ဂိုဏ်းသို့လိုက်သွားရန်စိတ်ကူးခဲ့၏။ သူလိုက်သွားလို့ မဖြစ်နိုင်ခြင်းပင် . . . သူ့ကာဝူတန်းခုနစ်စင်ကြယ်သိုင်းကျမ်းမပါပဲ လိုက်သွားလျှင်တုကုဖုံးကိုတွေ့ရမည်မဟုတ်ပါ။ တွေ့ရဖို့အတင်းကြိုးစားမည်ဆိုလျှင်လည်းတုကုဖုံးကို ဒုက္ခပေးသလိုသာရှိမည်မဟုတ်ပါလား။ တုချင်းယင်၏ကြေငြာချက်ကတော့တစ်မျိုးပင် လီအင်းလိုက်လာလျှင် တုကုဖုံး၏အလောင်းကိုသာတွေ့ရလိမ့်မည်ဟုပြတ်သားစွာ ပြောခဲ့သည်မဟုတ်ပါလော။

ထို့ကြောင့် . . .

တုကုဖုံးသည် သိုင်းတံခွန်ဂိုဏ်း ၌ရှိနေမည်ဖြစ်ကြောင်းသိထားသော်လည်းလိုက်သွားဖို့မကြိုးစားပဲနေခဲ့ခြင်းဖြစ်သည်။

ညသည်တဖြည်းဖြည်းကုန်ဆုံးသွား၏။ နေ့အချိန်သို့ကူးပြောင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အောက်အီးအီးအွတ်"

ကြက်တွန်သံများဟိုမှသည်မှ ထွက်ပေါ်လာသည်။ အရှေ့ဘက်ကောင်းကင်နေ့သစ်၏ရောင်နီများကိုတွေ့မြင်လာ၏။ မကြာမီ မိုးစင်စင်လင်းလာပေတော့မည်။ လီအင်းကတံခါးပေါက်၌ခြေပစ်လက်ပစ်ထိုင်နေဆဲ၊ အိမ်ကလေးသို့ဦးတည်လာရာလမ်းဆီသို့ မမှိတ်မသုန်ကြည့်နေသည်၊ တုကုဖုံး ပြန်လာလေမည်လားဟုစောင့်မျှော်နေသည့်သဘောပင်ထင်ပါတော့သည်။

မိုးသာစင်စင်လင်းသွားသည် တုကုဖုံး၏အရိပ်အရောင်ကိုပင်မတွေ့ရပါ။ မျှော်နေသူပေါ်မလာပါ။ တုကုဖုံးဘယ်ဟော့မှပြန်ရောက်လာမည်မဟုတ်ကြောင်းတစ်စထက်တစ်စသေချာသွားလေတော့သည်။ လီအင်းနားမလည်နိုင်စွာညည်းတွားလိုက်၏။

သိုင်းတံခွန်ဂိုဏ်းချုပ်တုချင်းယင်ဟာကိုယ်သမီးအရင်းထက်တောင်ဝှတန်းခုနစ်စဉ်ကြယ်ကျမ်းကိုတန်ဖိုးထားနေတာလား ဒီလိုအမေမျိုးကတော့ ရှားပါတယ်. . .

"ခွပ်ခွပ်. . . ခွပ်ခွပ်"

"ခွပ်ခွပ်. . . ခွပ်ခွပ်"

အဝေးမှမြင်းခွာသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရလေတော့သည်။ မြင်းခွာသံကိုနားထောင်ခြင်းဖြင့်မြင်းစီးသမားသည်မိမိအိမ်ကလေးသို့ ဦးတည်လာနေခြင်း ဖြစ်ကြောင်း လီအင်းဆင်ခြင်လိုက် မိလေသည်။

"ညီမလေးတုကုဖုံးများလား. . . "

မဖြစ်နိုင်မှန်းသိပါလျက်လွတ်ခနဲရေရွတ်ကာထိုင်ရာမှထလိုက် မိသည်။ မြင်းခွာသံများကပို၍ပီပြင်လာ၏။

နံနက်ခင်းအလင်းရောင်ကလည်း တစ်စထက်တစ်စအားကောင်းလာသည်။ ဝန်းကျင်တစ်ခုလုံးလင်းလင်းချင်းချင်းဖြစ်လာသော



အချိန်၌မြင်းစီးသမားတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။ မြင်းစီးသမားသည် အိမ်ရှေ့သို့ရောက်သည့်တိုင် မြင်းကိုမောင်းနှင်လာပြီးအရှိန်သတ် ရပ်ကာ လွှားကနဲ ခုန်ဆင်းလိုက်သည်။

ထိုမြင်းစီးသမားမှာ တုကုဖုံးမဟုတ်ပဲ ယောက်ျားပီသစွာချောမောခန့်ငြားသော လူငယ်တစ်ယောက်ဖြစ်နေပါသည်။

"ကိုရှောင်"

လီအင်းလွှတ်ခနဲ ခေါ်လိုက်မိလေ၏။

ကိုရှောင်ကပြောလိုက် သည်။

"နောင်ကြီးလီအင်းကကျုပ်ရောက်လာမှာကိုသိလို့အိမ်ရှေ့ထွက်စောင့်နေတာလားဗျ"

စကားဆုံးသည်နှင့် တဟားဟားရယ်မောလိုက်လေ၏။

လီအင်းက. .

"ငါ့ညီရောက်မလာယင်လည်းကျုပ်ကငါ့ညီဆီကိုရောက်အောင်လာမှာပါ"

ကိုရှောင်က. . .

"ကျုပ်ကိုအိမ်ထဲဝင်ဖို့တောင်မဖိတ်ခေါ်တော့ဘူးလားဗျာ"

လီအင်းကသက်ပြင်းချလိုက်သည်။

"ဟုတ်သားပဲ ညီလေးအိမ်ထဲကိုဝင်ပါဦး"

အိမ်ထဲသို့ဖိတ်ခေါ်ကာနေရာထိုင်ခင်းပေးလိုက်၏။ အသင့်ဆောင်ထားသောအရက်တစ်အိုးကိုလည်းချပေးလိုက်၏။ ကိုရှောင်ကဟိုဟိုသည်သည် ကြည့်လိုက်သည်။ တဖန်လီအင်းကိုပြုံးပြလိုက်သည်။

"ကျုပ်ကမဖိတ်ခေါ်ပဲ စောစောစီးစီးဒီရောက်လာတာကြောင့်နောင်ကြီးကဧည့်ခံကျွေးမွေးဖို့အခက်အခဲရှိနေပြီထင်တယ်"

လီအင်းက. . .

"ကျုပ်ဧည့်ဝတ်မကျေနိုင်တာကိုတောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ မာကွန်ပင်နဲ့တွေ့တော့ သူကနောင်ကြီးတို့အိမ်က ဟင်းလျာတွေဟာအရသာရှိပြီး ထိပ်တန်းစားသောက်ဆိုင်ကြီးတစ်ဆိုင်မှာ စားသောက်ရသလိုပဲ မမေ့နိုင်အောင်ဖြစ်သွားလိမ့်မယ်လို့ပြောခဲ့တာ"

လီအင်းကသက်ပြင်းချလိုက်သည်။

"ညီလေးကမာကွန်ပင်နဲ့တွေ့ခဲ့ပြီကိုး"

"ဟုတ်ပါတယ်ဗျာ"

လီအင်းစိတ်လှုပ်ရှားလာသည်။ သူ၏အခက်အခဲကို မာကွန်ပင်သိနေသည်။ ထိုအကြောင်းကို ကိုရှောင်အားပြောပြခဲ့ပုံရသည်။

ကိုရှောင်က. .

"ကျုပ်ကံကောင်းသွားတယ်မမျှော်လင့်ပဲ ဝူတန်းဂိုဏ်းကို ကူညီမိခဲ့တယ်"

လီအင်းကစကားမပြောပဲ ကိုရှောင်အားစိုက်ကြည့်နေလိုက်သည်။

ကိုရှောင်က. . .

"ဝူတန်းဂိုဏ်းချုပ်ဟာကျုပ်ရဲ့ ကူညီမှုကိုအလေးနက်ထားပြီး ဝူတန်းရဲ့ သိုင်းကျမ်းကိုလေ့လာခွင့်ပြုလိုက်တယ်၊ ဒါဟာသိုင်းလောကမှာရတောင့်ရခဲတဲ့ အခွင့်အရေးတစ်ခုဆိုတာ လူတိုင်းသိကြတယ်"

လီအင်းက ကိုရှောင်အဘယ်ကြောင့်ယခုလိုပြောဆိုနေသည် ကိုရိပ်မိလာသည်။

ကိုရှောင်သည် မာကွန်ပင်နှင့်တွေ့ခဲ့ပြီမဟုတ်ပါလား မာကွန်ပင်က မိမိ၏အခက်အခဲကိုပြောပြခဲ့ပေမည်။ ကိုရှောင်သည် သူ့အားကူညီဖို့ရောက်လာခဲ့ခြင်းပင်ဖြစ်ရပေမည်။ အခက်အခဲကြုံလျှင်ကူညီမည့်



မိတ်ဆွေကောင်းများရှိနေသဖြင့် လီအင်းဝမ်းသာမိသည်။

ကျုပ်က ညီလေးကိုကောင်းကောင်းမွန်မွန်ဧည့်မခံနိုင်တာ ကျုပ်ရဲ့ဇနီးသည်ကသူ့အမေနောက်ကိုလိုက်သွားလို့ပါ။ ကျုပ်ရဲ့ဇနီးသည်ပြန်ရောက်လာယင် ညီလေးကို သီးသန့်ဖိတ်ကြားပြီးဧည့်ခံကျွေးမွေးပါဦးမယ်"

ကိုရှောင်က. . .

"ဒါဆိုယင်တော့နောင်ကြီးဇနီးသည်အိမ်တိုအမြန်ဆုံးပြန်ရောက်လာဖို့လိုတာပေါ့"

"သူက. . ."

"သူ့အဲမေကကြည်ကြည်ဖြူဖြူနဲ့နောင်ကြီးဆီကိုပြန်ပို့ပေးပါလိမ့်မယ်"

ကိုရှောင်ပြုံးနေသည်။

လီအင်းမနေနိုင်တော့ပါချေ။

"ငါ့ညီကျုပ်တို့ပွင့်ပွင့်လင်းလင်းပြောကြတာကောင်းမယ်"

ကိုရှောင်က. .

"ဟုတ်ကဲ့ပြောကြတာပေါ့"

"ငါ့ညီကကျုပ်တို့အကြောင်းကိုသိပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့"

"သိုင်းတံခွန်ဂိုဏ်းချုပ်တုချင်းယင်ဟာဝူတန်းသိုင်းကျမ်းကိုလိုချင်နေတယ် သူကသိုင်းကျမ်းယူမပေးနိုင်ယင် ကျုပ်တို့ဇနီးမောင်နှံကိုဘယ်တော့မှ ပြန်ဆုံနိုင်စရာအကြောင်းမရှိတော့ဘူးလို့အကျပ်ကိုင်ခြိမ်းခြောက်ခဲ့တယ်"

ကိုရှောင်စိတ်ဝင်စားစွာနားထောင်နေလိုက်သည်။

လီအင်းက. .

"ဝူတန်းသိုင်းကျမ်းကို ရသွားယင်သိုင်းလောကကိုဂိုဏ်းပေး

www.burmeseclassic.com

www.burmeseclassic.com



[illegible]မယ်"

ကိုရှောင်ကရယ်မောလိုက်သည်။

"သူ့ဒုက္ခမပေးနိုင်အောင်ကြိုတင်ကာကွယ်တားဆီးထား နိုင်[illegible]နည်းလမ်းတွေရှိပါတယ်"

လီအင်းစိတ်ရှုပ်သွားသည်။

"ဘယ်လိုနည်းလမ်းများလည်းညီလေးရယ်. . ."

"ဝူတန်းသိုင်းကျမ်းကိုပြည့်ပြည့်စုံစုံမပေးပဲ သိုင်းကျမ်းတချို့ကိုချန်ထားလိုက်ရုံပါပဲ"

လီအင်းက. . .

"သည်ကိစ္စက. . ."

"ကျုပ်ပြောသလိုသာလုပ်ပါ သည်ကိစ္စပြေလည်သွားပါလိမ့်မယ်ဗျာ"

"ဘယ်လိုလုပ်မလဲပြောပါဦး"

လီအင်းကအားကိုးတကြီးမေးလိုက်သည်။

ကိုရှောင်က. . .

"ဝူတန်းသိုင်းကျမ်းကို ကျုပ်ခဏငှားယူလာခဲ့မယ် နောင်ကြီးကတုချင်းယင်နဲ့ဆက်သွယ်ပြီးသိုင်းကျမ်းနဲ့နောင်ကြီးရဲ့ဇနီးသည်ကိုလဲလှယ်ဘို့စီစဉ်ပါ သိုင်းကျမ်းရမယ်ဆိုယင် တုချင်းယင် သဘောတူပါလိမ့်မယ်"

လီအင်းခေါင်းညိတ်လိုက်သည်။

"တုချင်းယင်ဟာ အင်မတန်အတ္တကြီးတယ်၊ သူ့ရဲ့အကျိုးအတွက် သမီးဖြစ်သူကိုတောင်ငဲ့ကွက်မှာမဟုတ်ဘူး၊ သမီးသေချင်ရင်သေသုအလိုပြည့်ဘို့ပဲကြည့်တယ်"

ကိုရှောင်က. . .

သိုင်းကျမ်းနဲ့အစ်ကိုကြီးရဲ့ဇနီးသည်ကိုလဲလှယ်နိုင်ဘို့ အရေး



ကြီးပါတယ်နောက်ပိုင်းကိစ္စတွေကိုကျုပ်ဘာသာဆက်လုပ်သွားမယ်"

လီအင်းသက်ပြင်းချလိုက်သည်။

"တုချင်းယင်ကတော်တော်ကိုပါးနပ်တယ် သူ့ကိုသိုင်းကျမ်းပေးလိုက်လို့ မဖြစ်ဘူး၊ မပြည့်စုံရင်လည်း သူ့ချက်ချင်းရိပ်မိသွားမှာပဲဒါဆိုယင် အခြေအနေကပိုဆိုးသွားနိုင်တယ်"

ကိုရှောင်ပြုံးလိုက်သည်။

"စိတ်ချပါဗျာ စောစောကပြောသလိုပြည့်စုံတဲ့သဘောမျိုးလဲမလုပ်တော့ပါဘူး နောက်ထပ်ကောင်းတဲ့နည်းလမ်းတစ်ခုကိုအသုံးပြုမှာပါ"

"ဘယ်လိုနည်းလမ်းလဲဆိုတာ ကျုပ်မသိရဘူးလား"

ကိုရှောင်က. . .

"နောင်ကြီးစိတ်ပင်ပန်းနေပါမယ်ဗျာ မသိတာပိုကောင်းပါတယ်"

"သည်လိုဆိုလည်းပြီးတာပါပဲ ကျုပ်ကိုကူညီတဲ့အတွက် ညီလေးကိုကျေးဇူးတင်ပါတယ်"

"ဟား. . . ဟား. . . ဟား"

ကိုရှောင်တဟားဟားရယ်မောလိုက်သည်။

"ကျုပ်တို့ဟာမိတ်ဆွေတွေပါ တစ်ယောက်ကိုတစ်ယောက်ကျေးဇူးတင်စကားပြောဖို့လိုသေးလို့လားဗျာ"

"ကျုပ်က. . ."

"ကျုပ်ကိုကျေးဇူးတင်တယ်ဆိုယင်နောင်ကြီးဇနီးသည်ပြန်ရောက်လာတဲ့အခါအကောင်းဆုံးလက်ရာနဲ့ ချက်ပြုတ်ကျွေးမွေးပေါ့ဗျာ"

"ဟာ. . . ဒါတော့စိတ်ချ။ ဟား. . . ဟား. . . ဟား. . ."

ယခုတစ်ကြိမ်တော့လီအင်းရယ်လိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင် ကူညီမည်ဆိုလျှင်ဝူတန်းသိုင်းကျမ်းကို မရနိုင်စရာအကြောင်းမရှိတော့ချေ။ ဝူတန်းသိုင်းကျမ်းရမည်ဆိုလျှင် တုချင်းယင်ကလည်း ကျေနပ်သွားမည်မှာသေချာသည်။ တုကုဖုံးအားပြန်လွှတ်ပေးမည်သာဖြစ်ပါသည်။ တုချင်းယင်သည် သမီးထက်သိုင်းကျမ်းကိုပို၍တန်းဖိုးထားသည်။ လီအင်းသည် ကြံတွေးနေရသည်။ အခက်အခဲပြဿနာများကိုရှင်းနိုင်တော့မည်ဖြစ်၍ဝမ်းသာနေလေတော့သည်။

* * *

ငါးရက်. . .

ငါးရက်ဟူသောအချိန်ကုန်ဆုံးသွားခဲ့ပြီဖြစ်ပါသည်။

ထိုငါးရက်အတွင်း၌လီအင်းသည် တစ်ယောက်ထဲ နေခဲ့ရပြီးဇနီးသည်အားလွမ်းစွာသတိရနေမိသည်။ တုကုဖုံးကကော သူ့အားသတိရပါမည်လော. . .။ တုချင်းယင်သည်သမီးဖြစ်သူကိုတော့ ဒုက္ခပေးလိမ့်မည်မဟုတ်ပါ။

ညဉ့်နက်ပြီဖြစ်သည်။

အိပ်ရာထဲ၌တလူးလူးတလွန့်လွန့်ဖြစ်နေသည်။

ထိုစဉ်. . .

"ဟူး. . . ဟူး. . . ဟူး. . ."

အဝတ်အစားလေတိုးသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

"ဟင်. . ."



လီအင်းအိပ်ရာထဲမှ လူးလိမ့်ထလိုက်သည်။ တစ်စုံတစ်ယောက်ရောက်လာချေပြီ မည်သူနည်း။ သူထံသို့ ကိုရှောင်ပြန်ရောက်လာခြင်းပေလော. . .။

ကိုရှောင်သည် ဝူတန်းသိုင်းကျမ်းယူပေးမည်ဟုကတိပေးပြီးထွက်သွားခဲ့သည်။ သူ၏ကတိအတိုင်းမပြစ်မနေဆောင်ရွက်ပေးမည်ဖြစ်ကြောင်းထင်ရှားလေသည်။ ကိုရှောင်သည် သိုင်းကျမ်းယူရန်ဝူတန်းဂိုဏ်းသို့သွားနေပြီဖြစ်ရာ သိုင်းကျမ်းရသည်နှင့်ချက်ချင်းပြန်လာလိမ့်မည် ဖြစ်ပါသည်။ ယခုရောက်လာသူသည် ကိုရှောင်မဟုတ်လျှင် သိုင်းတံခွန်ဂိုဏ်းမှလွဲပြီး မည်သူမျှမဖြစ်နိုင်တော့ပါ။

လီအင်းက မီးထွန်းလိုက်ပြီး အိမ်ရှေ့သို့ထွက်လိုက်သည်။ တံခါးဖွင့်လိုက်လျှင်မီးရောင်သည် အိမ်အပြင်ဘက်သို့ဖြာကျကာ အိမ်ရှေ့သို့ရောက်လျှင်လူတစ်ယောက်အားတွေ့မြင်လိုက်ရလေသည်။

ထိုသူမှာကိုရှောင်မဟုတ်ပါ။

သိုင်းတံခွန်ဂိုဏ်းမှ ကျင်းဝါးဖြစ်နေပါသည်။ လီအင်းသည် ကျင်းဝါးကိုမြင်လျှင် သတိထားနေလိုက်၏။ ကျင်းဝါးမှာ ကျင်းလင်သေဆုံးသွားခြင်းကြောင့် သူ့အပေါ်မကျေမနပ်ဖြစ်နေကြောင်းနားလည်ထား၏။

သူမအတွက်အခွင့်အရေးတစ်ခုရပါလျှင် သူ့အားဒုက္ခပေးဖို့ဝန်လေးလိမ့်မည်မဟုတ်ပါချေ။

ကျင်းဝါးက. .

"ရှင့်ရဲ့အခြေအနေကိုသခင်မကြီးက လာကြည့်ခိုင်းလိုက်တယ်"

လီအင်းပခုံးတွန့်လိုက်လေ၏။

"မြင်တဲ့အတိုင်းပဲပေါ့ဗျာ"

ကျင်းဝါးကမေးသည်။

www.burmeseclassic.com



"ဝူတန်းသိုင်းကျမ်းရအောင်ရှင်ဘာမှ မကြိုးစားသေးဘူးလား"

လီအင်းက. . .

"ဝူတန်းသိုင်းကျမ်းရယင်ကော ကျုပ်ဇနီးသည်ကိုပြန်လွှတ်ပေးမှာသေချာလို့လား အာမခံနိုင်လား"

"သေချာတာပေါ့ သခင်မကြီးဟာ ကတိတည်တဲ့လူတစ်ယောက်ဆိုတာအားလုံးသိကြတာပဲ"

"ကောင်းပြီလေ ကျုပ်ကညီမတုကုဖုံးနဲ့မခွဲနိုင်ဘူးဆိုတော့ သိုင်းကျမ်းကိုရအောင်ကြိုးစားရတော့မှာပေါ့. . ."

ကျင်းဝါးကရယ်လိုက်လေသည်။

"တော်တော် သဘောကျစရာကောင်းတာပဲ"

လီအင်းက. . .

"မင်းဘာပြောလိုက်တာလဲ"

"ဩော်ရှင်လည်းဟန်ဆောင်တတ်တဲ့လူတစ်ယောက်ဆို တာ တွေးမိလို့ ပါရှင်"

"ကျုပ်ကဘာများဟန်ဆောင်တတ်လို့လဲ"

"ရှင်ဆီကိုမာကွန်ပင်ရောက်လာပြီးတော့ ရှင့်ရဲ့အခက်အခဲကို ကိုရှောင်ကိုသွားပြောမယ်ဆိုတာလည်း သခင်မကြီးသိထားတယ် မာကွန်ပင်သွားပြောလို့ ကိုရှောင်သိသွားရင် ရှင့်ကိုမကူညီပဲနေမှာမဟုတ်ဘူး ဝူတန်းဂိုဏ်းချုပ်က ကိုရှောင်ကိုအထူးအခွင့်အရေးပေးထား တယ်ဆိုတာသိုင်းလောကတစ်ခုလုံးသိထားကြတာပဲရှင်"

လီအင်းကသူမအားစိုက်ကြည့်နေလိုက်လေသည်။

ကျင်းဝါးက. . .

"မကြာသေးခင်က ကိုရှောင် သည်ကိုရောက်လာတယ် ပြီးတော့ ဝူတန်းဂိုဏ်းကိုခရီးပြင်းနှင်သွားတယ်"

လီအင်းက. . .



"ဟုတ်တယ် ကိုရှောင်ကျုပ်ကိုကူညီဖို့ဆုံးဖြတ်လိုက်တယ် ဝူတန်းဂိုဏ်းချုပ်နဲ့သွားတွေ့ပြီးသိုင်းကျမ်းကိုခဏသွားငှားတာ။ ငှားတာကတော့ သူလေ့ကျင့်မယ်ဆိုတဲ့အနေနဲ့ပေါ့၊ မင်းကိုပေးမယ်ဆိုတာကတော့ တို့လျှို့ဝှက်ထားရမှာပေါ့"

ကျင်းဝါးသဘောကျသွားသည်။

"ကောင်းတယ် သည်လိုမှမလုပ်ယင် သခင်မလေးဒုက္ခရောက်သွားလိမ့်မယ်"

လီအင်းကမကျေမနပ်ဖြစ်သွားသည်။

"သူကိုဘာကြောင့် ဒုက္ခပေးချင်ရတာလဲ"

"ဟင်း. . . အင်း သူ့ကိုဒုက္ခပေးတာမဟုတ်ဘူး သည်လိုမှမလုပ်ယင် ဝူတန်းသိုင်းကျမ်းကိုဘယ်လိုလုပ်ရနိုင်မှာလဲ တခြားတစ်နေနေရာကသာရနိုင်မယ့်နည်းလမ်းရှိရင် သခင်မကြီးကရှင်တို့ကိုဂရုစိုက်မှာမဟုတ်ဘူး"

"သူရဲ့ ဦးခေါင်းထဲမှာဝူတန်းသိုင်းကျမ်းတစ်ခုကလွဲပြီးဘာမှမရှိတော့ဘူးလား"

ကျင်းဝါးကလက်ကာပြလိုက်သည်။

"သခင်မကြီးကိုဝေဖန်စရာမလိုပါဘူး သခင်မကြီးခိုင်းတဲ့အတိုင်းရှင်လုပ်ရမယ်"

လီအင်းက. . .

"ကဲ. . . ကျုပ်ကဘာလုပ်ပေးရမှာလဲ ပြောပါဦး"

ကျင်းဝါးကရှင်းပြလေသည်။

ကိုရှောင်ကသိုင်းကျမ်းသွားယူပေးတယ်ဆိုပေမယ့် သခင်မကြီးလက်ထဲရောက်သွားမှာကိုသဘောကျမှာမဟုတ်ဘူး သိုင်းလောကပျော်သိုင်းလေးဖော်နဲ့ သူရဲကောင်းလေးကိုရှောင်တို့ဟာ အသက်ကိုတောင်ဖမာနမထားပဲ သိုင်းလောကအကျိုးကိုဆောင်ရွက်နေသူတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လူတိုင်းသိကြတယ်၊ သိုင်းလောကအကျိုး ထိခိုက်မယ့် ကိစ္စကိုဆောင်ရွက်ချင်မှာမဟုတ်ဘူး"

လီအင်းက. . .

"ထိုရှောင်က ဝူတန်းသိုင်းကျမ်းယူလာပေးမယ်ဆိုတာကို မင်းတို့ဆို ကြည်ဘူးလား"

"ဒါတော့ရှင့်အပေါ်မှာမူတည်ပါတယ် ရှင်ဟာသခင်မလေးကိုပြန်လိုချင်တယ်ဆိုယင်တော့ သခင်မကြီး ကရှင်နဲ့ကိုရှောင်ကို ယုံကြည်လိုက်မှာပဲ ဒါပေမယ့် သခင်မလေးရှင့်လက်ထဲကိုရောက်သွားတာနဲ့ အကောက်ကြံမှာကိုမလိုလားဘူး"

ကျင်းဝါးသည် အကြောင်းရှိ၍ထိုသို့ပြောနေခြင်းဖြစ်ကြောင်း လီအင်းနားလည်လိုက်သည်။

ထို့ကြောင့်. . .

"ကောင်းပြီကျုပ်ဘာလုပ်ရမလဲပြောပါ"

ဟုမေးလိုက်သည်။

ကျင်းဝါးက. . .

"သိုင်းကျမ်းကိုရလာရင် ရှင်တစ်ယောက်ထဲ ချိန်းထားတဲ့ နေရာကို လာခဲ့ရမယ်၊ ကိုရှောင်ကိုခေါ်မလာရဘူး"

လီအင်းက သဘောတူလိုက်သည်။

"ကောင်းပြီ"

"ရှင့်ကိုသခင်မကြီးကိုယ်တိုင် လက်ခံတွေ့ဆုံလိမ့်မယ် သိုင်းကျမ်းကို စစ်ဆေးပြီး ဝူတန်းသိုင်းကျမ်းမှန်တယ်ဆိုတာနဲ့ သခင်မလေးကို ရှင့်လက်ထဲကိုထည့်ပေးလိုက်လိမ့်မယ်"

"ညီမတုကုဖုံး ထက်အရေးကြီးတာ ကျုပ်ဘဝမှာဘာမှ မရှိတော့ဘူးဗျာ၊ ဒါကြောင့် ဒီလိုလုပ်တာ . . . နို့မဟုတ်ရင်တော့"

ကျင်းဝါးကရယ်မောလိုက်သည်။



"ကောင်းပြီလေ ကိုရှောင် ဝူတန်းဂိုဏ်းကပြန်လာပြီဆိုတာနဲ့ ရှင့်ကိုလာဆက်သွယ်မယ် ကျွန်မထင်တယ်သည်ကနေ့ နေမွန်းတည့်ချိန်လောက်ဆိုရင် သူရောက်လောက်ပါတယ် သူဆီကသိုင်းကျမ်းကိုရယင်. . ."

သိုင်းကျမ်းယူကာလာရမည့်နေရာတစ်ခုကိုပြောပြလိုက်သည်။

ကျင်းဝါးက. . .

"ကျွန်မတို့ပြန်တွေ့ကြသေးတာပေါ့ရှင်"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားသည်။

လီအင်းကတားခြင်းမပြုပါ။ သူတားမြစ်လျှင်လည်း ရမည်မဟုတ်ပါ။ ကျင်းဝါး၏ သိုင်းပညာသည် အလွန်ကောင်းသည်။

သူမ၏စကားအရ ကိုရှောင်သည် မကြာခင်ရောက်ရှိလာတော့မည်ဟုသိလိုက်ရပြီး ကိုရှောင်လာသည်နှင့်အရေးကြီးသော ကိစ္စများဆောင်ရွက်ရတော့မည်ဖြစ်သည်။ ကျင်းဝါးကအရေးမကြီးတော့ချေ။

## အခန်း(၂၉)
## ယုတ်မာစွာလှည့်စားခြင်း

နေမွန်တည့်လေပြီ။

လီအင်းမျှော်လင့်ထားသည့်အတိုင်း ကိုရှောင်ရောက်လာလေ၏။ ကိုရှောင်သည် ခရီးပြင်းနှင်ခဲ့ရခြင်းကြောင့် ပင်ပန်းနွမ်းနယ်နေဟန် ရှိသော်လည်း သူ၏မျက်နှာမှာပြုံးရွှင်နေသည်။

"နောင်ကြီး ဘာမှမပူနဲ့ အားလုံးအဆင်ပြေတယ် ဝူတန်း

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်း ချုပ်ကို အတိုအကြောင်းပြောပြပြီး အကူအညီတောင်းတာ သူလက်ခံတယ် ကျုပ်ကိုပေးထားတဲ့ကတိကြောင့် မဟုတ်ပဲ နောင်ကြီးရဲ့ သိုင်းဘောတ အတွက်စွမ်းဆောင် ချက်တွေကို လေးစားတာကြောင့်လည်း ကူညီဖို့ ဆုံးဖြတ်လိုက်တာပဲ၊ ဝူတန်းဂိုဏ်းရဲ့ အစဉ်အလာတို့ ဖောက်ဖျက် ပြီးသိုင်းကျမ်းကိုငှားလိုက်တယ်"

လီအင်းက ဝမ်းသာသွားသည်။

"ညီလေးရဲ့ကျေးဇူးကိုဘယ်လိုပြန်ဆပ်ရမှန်းတောင်မသိတော့ပါဘူး"

"ကိစ္စမရှိပါဘူးဗျာ နောင်ကြီးရဲ့ဇနီးသည်အိမ်ကိုပြန်ရောက်လာယင်သာ ကျုပ်ဖို့ ဟင်းကောင်းကောင်းချက်ကျွေးခိုင်းပါ။ ဟား. . . ဟား. . . ဟား. . ."

"ဟား. . . ဟား. . . ဟား"

ကိုရှောင်က အရွှန်းလက်လိုက်သဖြင့် လီအင်းလည်းတဟားဟားရယ်မောလိုက်လေတော့သည်။

ပြီးမှလီအင်းကပြောလေ၏။

"ညီလေးကိုတစ်ခုတော့ပြောရဦးမယ်"

ကိုရှောင်ကပြန်မေးလေသည်။

"ဘာလဲသိုင်းကျမ်းယူသွားတဲ့အခါ ကျုပ်နောက်ရောင်ခံလိုက်မယ့်ကိစ္စမဖြစ်နိုင်ဘူးလို့ပြောချင်တာမဟုတ်လား"

လီအင်းသက်ပြင်းချလိုက်သည်။

"ညီလေးက ရိပ်မိနေတာကိုး. . ."

ကိုရှောင်က. . .

"ဝူတန်းဂိုဏ်းချုပ်ပြောပြလို့ သိုင်းတံခွန်ဂိုဏ်းချုပ်ဟာ အင်မတန်ပါးနပ်ပြီး ကြောက်စရာကောင်းတဲ့လူတစ်ယောက်ဆိုတာသိခဲ့ရတယ် သူတို့လွယ်လွယ်နဲ့လှည့်စားလို့ရမှာမဟုတ်ဘူးဗျ"



လီအင်းက. . .

"ညီလေးသည်လိုသဘောပေါက်ထားတာကို ကျုပ်ဝမ်းသာမိပါတယ် ကျုပ်က သိုင်းကျမ်းကိုတာဝန်ယူမယ်လို့ကတိပေး လိုက်တယ်။

"နောင်ကြီးသဘောက. . ."

"သိပါတယ်နောင်ကြီးကိုယုံကြည်ပါတယ်၊ တစ်ခုတော့ ရှိတယ်သိုင်းတံခွန်ဂိုဏ်းချုပ်ဟာခေတ်ရဲ့လူတစ်ယောက် မဟုတ်တော့ အစ်ကိုကြီးတစ်ယောက်ထဲဆိုယင်. . ."

စကားဆုံးအောင်မပြောပဲ တစ်ပိုင်းတစ်စ ဖြင့်ရပ်ထားလိုက်သည်။ လီအင်းခေါင်းညိတ်လိုက်၏။

"စိတ်ချ သိုင်းကျမ်းနဲ့ကျုပ်ဇနီးသည်ကိုလဲလှယ်နေတဲ့အချိန်မှာသိုင်းတံခွန်ဂိုဏ်းချုပ်ကိုရင်ဆိုင်ရာမှာ ကျုပ်တစ်ယောက်ထဲပါ။ ကျုပ်ဇနီးသည်လွတ်မြောက်လာပြီ ဆိုတာနဲ့သိုင်းကျမ်းကိုပြန်ယူဖို့ ကြိုးစားတဲ့အခါ အလုပ်ရပြီးနှစ်ယောက်ဖြစ်လာပါလိမ့်မယ်။ ကျုပ်ယူသွားတဲ့သိုင်းကျမ်းကို ကျုပ်ပဲတာဝန်ယူပြီးညီလေးလက်ထဲကို ပြန်ထည့်ပေးပါမယ်"

လီအင်း စိတ်အားထက်သန်နေမှန်းသိ၍ ကိုရှောင်လည်းသဘောတူလိုက်သည်။

"ကောင်းပြီလေ အစ်ကိုကြီးပဲကောင်းမယ်ထင်သလိုကြည့်ပြီးစီစဉ်ပါ"

"ကျေးဇူးပါပဲ ညီလေးရယ်"

ကိုရှောင်က သိုင်းကျမ်းကိုလီအင်းလက်ထဲထည့်လိုက် တော့သည်။

လီအင်းစိတ်လှုပ်ရှားလာသည်။ သိုင်းကျမ်းကိုရလိုက်ခြင်းသည် တုကုဖုံးအားပြန်ရလိုက်သည် နှင့် အတူတူပင်ဖြစ်နေသည်မ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါလား။

ကိုရှောင်ကိုလွန်စွာကျေးဇူးတင်မိသည်။

ကိုရှောင်၏ကျေးဇူးကြောင့်သာလျှင် ဇနီးသည်တုကုဖုံးနှင့် ပြန်လည်ဆုံတွေ့ခွင့်ရနိုင်မည်မဟုတ်ပါလား။

ထိုစဉ် . .

"ရှင်အဆင်သင့်ဖြစ်ပြီလား"

အပြင်ဘက်မှ စကားသံထွက်ပေါ်လာသည်။

လီအင်းထိုင်ရာမှ ထရပ်လိုက်သည်။

ကျင်းဝါး၏အသံဖြစ်ကြောင်း သိလိုက်သည်မဟုတ်ပါလား။ ကျင်းဝါးကား အချိန်ကိုက်ရောက်လာခြင်းဖြစ်သည်။

ကိုရှောင် သိုင်းကျမ်းယူလာသည်ကိုလည်း သူမကို့သိရှိနေကြပြီးဖြစ်ပေလိမ့်မည်။

လီအင်းက ကိုရှောင်ကိုပြောလိုက်သည်။

"ကျုပ်သူတို့နဲ့သွားတွေ့လိုက်ဦးမယ်"

ကိုရှောင်ပြုံးလိုက်သည်။

"နောင်ကြီးအောင်မြင်မှာပါ"

လီအင်းက . .

"ကျုပ် သိုင်းကျမ်းကိုပြန်ယူလာခဲ့မယ်"

"နောင်ကြီးကိုစိတ်ချပါတယ်ဗျာ ' ကျုပ်သည်မှာပဲစောင့်နေပါမယ်"

"ကောင်းပြီ"

လီအင်းသည်ဆက်ဆက်ပြန်လာမည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။

ထိုနောက် အိမ်အပြင်ဘက်သို့ ထွက်လိုက်သည်။

မလှမ်းမကမ်းရှိသစ်ပင်တစ်ပင်အောက်၌ ရပ်နေသော



ကျင်းဝါးကိုတွေ့လိုက်ရ၏။ ကျင်းဝါးကမေးလာလေ၏။ သူတို့အဖို့ မေးရေးရှင်ရေးထက်အရေးကြီးနေသည်မှာ သိုင်းကျမ်းရရှိရေးပင် ဖြစ်သည်။

"သိုင်းကျမ်းကော"

လီအင်းလက်ထဲမှ သိုင်းကျမ်းတိုမြှောက်ပြလိုက်သည်။

"ဟောသည်မှာ. . ."

ကျင်းဝါးက. . .

"ကိုရှောင်ကော. . ."

"သူကအိမ်ထဲမှာ"

"ကောင်းပြီကျွန်မတို့နောက်ကနောက်ရောင်ခံမလိုက်ဖို့ သူ့ကို သေသေ ချာချာ မှာထားပါ"

"စိတ်ချ သူလိုက်လာမှာမဟုတ်ဘူး"

"ရှင်သေချာရင်ပြီးတာပဲ တကယ်လို့တစ်ယောက်ယောက် ကနောက်ရောင်ခံလိုက်လာယင် ဦးဆုံးဒုက္ခရောက်မှာက သခင်မလေးပဲရှင့်"

လီအင်းမကျေမနပ်ဖြစ်သွားလေသည်။

"ကျုပ်ကိုဘာမှ ခြိမ်းခြောက်စရာမလိုဘူး မင်းတို့ရဲ့ဂိုဏ်းချုပ် ဘယ်မှာလဲ အခုမင်းနဲ့ အချေတင်စကားပြောနေတာလဲ အတော်ကြာ နေပြီ ကျုပ်က တုကုဖုံးကို အမြန်ဆုံးခေါ်ချင်နေပြီ"

"ကျွန်မနောက်လိုက်ခဲ့ပါရှင်"

ကျင်းဝါးက လမ်းပြခေါ်ဆောင်သွားသည်။

လီအင်းလည်း လိုက်သွား၏။

ကိုရှောင်သည် နောက်ရောင်ခံလိုက်လာမည်မဟုတ်ပဲ သူ၏ အိမ်၌ သူ့အားစောင့်ဆိုင်းနေမည်ဖြစ်ကြောင်း နားလည်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတသိုင်းကျမ်းကိုပြန်ယူလာကာကိုရှောင်၏လက်ထဲသို့ အရောက်ပြန်အပ်ပေးမည်ဟုဆုံးဖြတ်ထားသည်။

အနင်းဝါးသည်လျင်မြန်စွာပြေးသွားသည်။လီအင်းလည်းကိုယ်အဘော်ပညာကိုအသုံးပြုကာပြေးလိုက်သွားသည်။

သို့ဖြင့်တစ်ဖြေးဖြေးဝေးသွားကာကွင်းပြင်တစ်ခုသို့ရောက်ရှိ သွားလေသည်။

"ရှေ့ကတောင်ကုန်းပေါ်မှာ သခင်မကြီးစောင့်နေတယ်၊ ရှင်သွားလိုက်ပါ။ "

"မင်းကော. . ."

"ရှင့်နောက်ကိုနောင်ယောင်ခံလိုက်လာတဲ့ လူရှိမရှိ ကျွန်မစစ်ဆေးကြည့်ရဦးမယ်"

"ဪ. . ."

လီအင်းမကျေမနပ်ဖြစ်သွားသော်လည်း ဘာမှမပြောဘဲထွက်လာခဲ့သည်။

ကျင်းဝါးကနောက်ကြောင်းလှည့်သွား၏။

လွင်ပြင်ကိုဖြတ်သန်းလိုက်ရခြင်းကြောင့် နောက်ရောင်ခံလိုက်လာသူရှိလျှင် ထင်ထင်ရှားရှားတွေ့မြင်ရမည်ဖြစ်သည်။ တုချင်းယင်သည် သူမအားလှည့်စား၍ မရအောင်ကြိုတင်စီမံထားကြောင်းထင်ရှားသည်။

ကိုရှောင်လိုက်လာမည်မဟုတ်၍ လီအင်းနောက်ကြောင်းအေးနေပါသည်။

လွင်ပြင်ကိုဖြတ်ခါ တောင်ကုန်းပေါ်တက်လိုက်သည်။

တောင်ကုန်းလေးပေါ်၌ စိမ်းလန်းသောတောအုပ်တစ်ခုရှိနေ၏၊ လီအင်းတောအုပ်ရှေ့သို့ရောက်သွားလေတော့သည်။

"မင်းရောက်လာပြီလား"



အေးတိအေးစက်စကားသံနှင့်အတူ တုချင်းယင်ကတောအုပ်သဲမှ ထွက်လာသည်ကိုတွေ့မြင်လိုက်ရ၏။ လီအင်းခြေလှမ်းရပ်လိုက်သည်။

တုချင်းယင် အားတွေ့လိုက်ရသည်နှင့် ဒေါသစိတ်များဖြစ်ပေါ်လာလေတော့သည်။သမီးဖြစ်သူထက် သိုင်းကျမ်းကိုမတော်လောဘတက်နေသူတစ်ဦး မဟုတ်ပါသလော။

တုချင်းယင်ရယ်မောလိုက်သည်။

"မင်းအတွက် ငါ့သမီးကအရေးကြီးပေမယ့် ငါ့အတွက်ကတော့ ဝူတန်းသိုင်းကျမ်းကပိုပြီးအရေးကြီးနေတယ်"

"ခင်ဗျားတော်တော်ရက်စက်တာပဲ"

လီအင်းခံပြင်းသွားပြီးရှေ့တိုးလိုက်သည်။

တုချင်းယင်က လက်ကာပြလိုက်လေ၏။

"မင်းဒေါသကြီးနေယင် မင်းရဲ့ဇနီးသည်နဲ့ တွေ့ရဖို့ မဖြစ်နိုင်တော့ဘူး"

လီအင်းအံကြိတ်လိုက်သည်။

"သူတစ်ခုခုဖြစ်သွားမယ်ဆိုရင် ခင်ဗျားမလွယ်ဘူးမှတ်ပါ၊ ကျုပ်ဟာ သိုင်းလောကကိုအစွမ်းကုန်စုစည်းပြီးခင်ဗျားတို့ရဲ့ဂိုဏ်းကိုဖျက်ဆီးပစ်မယ်"

တုချင်းယင်ကရယ်မောလိုက်သည်။

"သူဟာငါ့သမီးပါ သည်လောက်လည်းစိုးရိမ်မနေစမ်းပါနဲ့"

သူမလက်ဝါးဖြန့်လိုက်သည်။

"မင်းကိုရှောင်နဲ့တွေ့ပြီးသိုင်းကျမ်းရပြီးပြီမဟုတ်လား၊ ကဲ သိုင်းကျမ်းကိုပေးပါ။ "

လီအင်းခေါင်းခါလိုက်လေသည်။

"သည်အတိုင်းပေးလိုက်လို့ဘယ်ဖြစ်မလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာသဘောလဲ"

"တုတုနဲ့ဘယ်မှာလဲ"

"အော်. . . မင်းကသူနဲ့တွေ့ချင်တယ်ပေါ့လေ"

"လာတယ်သူကိုလွှတ်ပေးမှ သိုင်းကျမ်းရမယ်"

"ကောင်းပြီ"

သူမလက်ခုပ်တီးလိုက်သောအခါ တောအုပ်ထဲမှလူနှစ်ယောက်ထွက်လာကြသည်။

ကျင်းဝါက တုကုဖုံးအား ခေါ်ဆောင်လာခြင်းဖြစ်သည်။

တုကုဖုံး၏မျက်နှာညှိုးကာ ခေါင်းငုံ့ထား၏။

မိခင်နှင့်ခင်ပွန်းသည်တို့ကြား၌ စိတ်သောကရောက်နေကြောင်းထင်ရှားပေါ်လွင်နေသည်။

ကျင်းဝါးက တုချင်းယင်ကိုဦးညွှတ်လိုက်သည်။

"နောက်ကနောက်ရောင်ခံလိုက်လာတဲ့လူ မရှိပါဘူး သခင်မကြီး"

"ကောင်းတယ်. . . ကောင်းတယ်"

တုချင်းယင်ခေါင်းညိတ်လိုက်သည်။

သူမသည် သမီးဖြစ်သူအား ကြည့်လိုက်သည်။

"သမီးရဲ့ခင်ပွန်းသည်က သမီးကိုသိပ်တွေ့ချင်နေပါတယ်ကွယ်"

တုကုဖုံးခေါင်းငုံ့ထားဆဲ. . .

တုချင်းယင်က လီအင်းကိုပြုံးပြလိုက်သည်။

"ကဲမင်းရဲ့သိုင်းကျမ်းပေးနိုင်ပြီလား"

"သူ့ကိုလွှတ်ပေးမယ်ဆိုရင်တော့ပေးလို့ဖြစ်ပါတယ်ဗျာ"

တုချင်းယင်လက်ကာပြလိုက်သည်။

"သည်အတိုင်း လွှတ်ပေးလို့ဘယ်ဖြစ်မလဲ"



"ဘာဖြစ်လို့လဲဗျ ပြောတော့တစ်မျိုးလုပ်တော့တစ်မျိုးပါလား"

"မင်းယူလာမဲ့သိုင်းကျမ်း အတုဖြစ်နေမယ်ဆိုယင်ကော"

"ခင်ဗျားစစ်ဆေးကြည့်လို့ရပါတယ်"

"ကောင်းပြီးသိုင်းကျမ်းပေးပါ မင်းသိုင်းကျမ်းပေးလိုက်တာနဲ့ငါ့သမီးကို ချက်ချင်းလွှတ်ပေးလိုက်မယ်"

လီအင်းက သိုင်းကျမ်းကို ထုတ်ယူလိုက်သည်၊

တုချင်းယင်က စိုက်ကြည့်နေ၏။

လီအင်းက. .

"ခင်ဗျား စစ်ဆေးကြည့်ပါ။ "

သူ၏လက်တစ်ဖက်ကို လှုပ်ရှားလိုက်သည်။

"ဝှစ်"

သိုင်းကျမ်းစာအုပ်သည် တုချင်းယင်ထံလွင့်ပျံသွားလေတော့သည်။

တုချင်းယင်ကလက်တစ်ဘက်ဝှေ့ယမ်းကာဖမ်းဆီးလိုက်၏၊

"ညီမ"

လီအင်းကခေါ်လိုက်သည်။

တုကုဖုံးသည်ချက်ချင်းပင် လီအင်းထံပြေးလာလေတော့သည်၊

တုကုဖုံးလည်း လွတ်မြောက်လာပြီဖြစ်ပါသည်။

"ညီမ"

လီအင်း ဝမ်းသာအားရဖြစ်သွား၏။ ဇနီးသည်အားကယ်တင်နိုင်လိုက်ပြီမဟုတ်ပါလား။

တုချင်းယင်၏လက်ထဲ ရောက်သွားသည့်သိုင်းကျမ်းကိုလည်း မဖြစ်မနေပြန်ရအောင်ယူရဦးမည်။

လီအင်းသည်ပြေးလာသည့်ဇနီးသည်အားလက်နှစ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ဆန့်တန်းကာကြုံဆိုလိုက်သည်။

တုတုဖုံးက သူ၏ရင်ခွင်ထဲတိုးဝင်လာသည်။

လီအင်းကဆီးကြိုတွေးပွေ့လိုက်စဉ်မှာပင် မမျှော်လင့်သော အဖြစ်အပျက် ဖြစ်ပေါ်လာလေသည်။

တုကုဖုံး၏လက်တစ်ဘက်အပေါ်မြောက်တက်လာကာ လီအင်း၏ရင်ဝကိုရိုက်ချလိုက်ခြင်းဖြစ်လေတော့သည်။

လီအင်းရင်ထိပ်သွားလေသည်။

"ညီမဘယ်လိုလုပ်လိုက်တာလဲ"

သူ၏စကားဆုံးအောင်မပြောလိုက်ရပါ။

တုကုဖုံး၏လက်ဝါးကသူ၏ရင်ဝကိုရိုက်ချမိလိုက် လေတော့သည်။

"ဝုန်း"

"အား"

လီအင်းစူးရှစွာအော်ဟစ်လိုက်သည်။

ဝေးသို့လွင့်စင်ကာမြေပေါ်လဲကျသွားသည်။ တုကုဖုံးတချက်ချင်းနောက်ဆုတ်လိုက်သည်။

"ဝေါ့"

လီအင်းကပါးစပ်ထဲမှသွေးများအန်ထုတ်ကာလူးလှိမ့်လိုက်သည်။

တုကုဖုံးအား မယုံနိုင်စွာကြည့်လိုက်သည်။

"ညီမ. . . မင်း. . . မင်း. . . ဘယ်လိုလုပ်လိုက်တာလဲ"

တုကုဖုံးရယ်မောလိုက်လေသည်။

"ရှင်ကကျွန်မကို သခင်မလေးနဲ့ လူမှားနေတာပါရှင်"

"ဘာ. . ."

"ကျွန်မဟာ သခင်မလေးတုကုဖုံးမှမဟုတ်တာဘဲရှင်"



"မင်း. . . မင်း. . ."

တုကုဖုံးက မျက်နှာကိုလက်ဝါးဖြင့် သပ်လိုက်သည်။

မျက်နှာဖုံးတုတစ်ခု ကွာကျသွားသည်။

သူမသည် တုကုဖုံးအဖြစ်ဟန်ဆောင်ထားသော 'ကျင်းမေ' ဖြစ်နေပါတော့သည်။

တုချင်းယင်က ရယ်မောလိုက်သည်။

"ငါ့သမီးကို မင်းလက်ထဲထည့်ပေးမယ်လို့မင်းထင်နေတာ ရူးလို့ပဲဖြစ်မယ်. . ."

"ခင်ဗျား. . . ခင်ဗျား. . . ကတိမတည်ဘူး"

"ငါ. . . ကတိမတည်တော့ကော ဘာအရေးလဲ။ မင်းကိုသတ် ပစ်လိုက်ရင် ငါ့အကြောင်း ဘယ်သူကသိနိုင်တော့မှာလဲ"

လီအင်း ဒေါသချောင်ချောင်ထွက်သွား၏။

"ခင်ဗျားကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး"

အော်ငေါက်ယင်း လျှပ်တပြက်ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

တုချင်းယင်က. .

"ငါတို့သားအမိနှစ်ယောက်ဟာ မင်းကြောင့် စိတ်ဝမ်းကွဲခဲ့ရတာမင်းကို ဘယ်တော့မှ မကျေနပ်ဘူးဆိုတာ မှတ်ထားပါ။ ငါ့သမီးကိုသိုင်းတံခွန်ဂိုဏ်းမှာပဲ ထားမယ်၊ အပြင်လောကကိုဘယ်တော့မှမထွက်စေရတော့ဘူး"

သူမသည်ကျင်းဝါးနှင့် ကျင်းမေတို့အား မျက်ရိပ်ပြလိုက်လေသည်။

"ယား. . ."

ကျင်းဝါးနှင့်ကျင်းမေတို့သည် ညာသံပေးကာ လီအင်းထံ သို့ခုန်ဝင်တိုက်ခိုက်လိုက်ကြသည်။

www.burmeseclassic.com



လီအင်းမှာ အတွင်းဒဏ် ရထားပြီးပြီဖြစ်သော်လည်း အံကို တင်းတင်းကြိတ်ကာပြန်လည် ခုခံရင်ဆိုင်လိုက်သည်။

ကျင်းမေနှင့်ကျင်းဝါးတို့သည် ဓါယာတစ်ဘက်တစ်ချက်မှ ညှပ်ကာ တိုက်ခိုက်လိုက်ကြသည်။

တိုက်ပွဲကားကြောက်ခမန်းလိလိ ပြင်းထန်နေပါသည်။

သုံးယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်. . .

"ဝုန်း"

"အမလေး"

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာလေသည်။

လီအင်းထပ်မံ ဒဏ်ရာရရှိသွားလေ၏။

သူ၏လက်ချက်ကြောင့် ကျင်းဝါးနှင့်ကျင်းမေတို့လည်း ဒဏ်ရာကိုယ်စီရ၍ နောက်ဆုတ်လိုက်ကြသည်။ လီအင်းအသက်ပြင်းပြင်း ရှူလိုက်၏။

လက်ဝါးနှစ်ဘက်၌အတွင်းအားစုစည်းကာရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်လေသည်။

တုချင်းယင်ကတစ်လှမ်းချင်း ချဉ်းကပ်သွားလိုက်၏။

ကျင်းဝါးနှင့်ကျင်းမေတို့လည်း ကူညီတိုက်ခိုက်နိုင်ရန်ပြင်ဆင်ထားလိုက်လေသည်။

တုချင်းယင်သည်အနီးသို့ချဉ်းကပ်မိသည်နှင့်လက်ဝါးနှစ်ဘက်နှင့်စတင်တိုက်ခိုက်လိုက်သည်။

လီအင်ကလည်း အကြောက်အကန် ရင်ဆိုင်လိုက်၏။

သို့သော်. . .

ဒဏ်ရာရထားပြီးဖြစ်ရာ သူ၏ခုခံမှုမှာ ပီပြင်မှုမရှိတော့ပါ။

တုချင်းယင် အသာအယာပင် ရှောင်တိမ်းပေးလိုက်သည်။

သူမသည် ထိပ်တိုက်ရင်ဆိုင်မည့်ဟန်ပြပြီး လီအင်း၏တိုက်



ခိုက်မှုကို ရှောင်တိမ်းကာ လီအင်း၏ နောက်ကျောဘက်သို့ရောက်ရှိသွားလေသည်။

"သေလိုက်စမ်း"

သူမ၏လက်ဝါးရိုက်ချက်ကိုမူလီအင်းမရှောင်နိုင်တော့ချေ။ တုချင်းယင်၏လက်ဝါးသည် လီအင်း၏နောက်ကျောကိုထိထိမိမိ ရိုက်ချလိုက်သည်။

"ဝုန်း. . ."

"အား"

လီအင်းစူးရှစွာအော်ဟစ်ကာမြေပေါ်လဲကျသွားလေတော့သည်။

"ဝေါ့"

လီအင်းပါးစပ်ထဲမှသွေးများအန်ထုတ်လိုက်သည်။ တစ်ကိုယ်လုံး [illegible]င်အောင် နာကျင်ကာ အသက်ရှူကြပ်ပြီးဦးခေါင်းထဲ မူးနောက်နေသည်။

မျက်လုံးများလည်းပြာဝေနေ၏။

တုချင်းယင်တို့၏ အကောက်ကြံမှုကိုခံလိုက်ရကာ ဒုက္ခရောက်ခဲ့ရပြီဖြစ်လေသည်။ အလိုလောဘကြီးသော သိုင်းတံခွန်ဂိုဏ်းချုပ်၏ကတိစကားကို[illegible]ယုံကြည်ခဲ့သည်မှာသူ၏အမိုက်အမှားပင်ဖြစ်သည်။

တုချင်းယင်က ဟားတိုက်ရယ်မောလိုက်၏။

"ဝူတန်းသိုင်းကျမ်းက ငါ့လက်ထဲရောက်လာပြီ ငါ့သမီးကိုဖြားယောင်းသွေးဆောင်ခဲ့တဲ့လီအင်းကိုလည်းဆုံးမနိုင်ခဲ့ပြီ"

တုချင်းယင်ကလက်နှစ်ဘက်မြှောက်ပြီးအော်ဟစ်နေသည်။ ဝူတန်းသိုင်းကျမ်းအားရခဲ့ပြီးနောက်ဝူတန်းဂိုဏ်းကိုမူစရာလိုတော့မည်မဟုတ်ပါ။ဝူတန်းဂိုဏ်းအားဆုံးမပြီးသည်နှင့်သိုင်းလောကသို့ခြေ

www.burmeseclassic.com

www.burmeseclassic.com



ဦးလှည့်နိုင်တော့မည်ဖြစ်သည်။

သူ့မရည်မှန်းချက်အတိုင်း သိုင်းလောကအားလွှမ်းမိုးနိုင်သူဖြစ်လာတော့မည်။

"အင်း"

လီအင်းကညီးတွားယင်းလူးလိမ့်ထလိုက်သည်။ သွေးများအန်ထုတ်ခဲ့ခြင်းကြောင့်တကိုယ်လုံးသွေးသွေးချင်းချင်းနီနေပြီးဒယီးဒယိုင်ဖြစ်နေပါသည်။

တုချင်းယင်က. . .

"မင်းကကြိုးစားချင်သေးတာကိုး"

သူမသည် လီအင်းအနီးသို့ရိပ်ခနဲရောက်သွားပြီးဝဲဘက်လက်ဖြင့် သုံးချက်တိတိ ရိုက်ချလိုက်သည်။

ဒယီးဒယိုင်ဖြစ်နေသောလီအင်းမှာ တုချင်းယင်၏လက်ဝါးရိုက်ချက်များကိုမရှောင်နိုင်တော့ချေ။

"ဝုန်း"

"အား"

ပြင်းထန်သောလက်ဝါးရိုက်ချက်ကြောင့် အဝေးသို့လွင့်စင်သွားလေသည်။

တုချင်းယင်က အမြီးတကြီးဖြင့်ပြေးလိုက်သွားပြီး ခြေထောက်ဖြင့်ကန်ကျောက်လိုက်လေတော့သည်။

"ဝုန်း"

"အား"

လီအင်းမှာတောင်ကုန်းပေါ်မှနေ၍ အောက်ဘက်သို့လွင့်စင်ထိုးကျသွားလေတော့သည်။

## အခန်း(၃၀)
## ရတ်စက်သောလှည့်ကွက်များ

လီအင်းမှာတောင်ကုန်းအောက်သို့ ထိုးကျသွားသည်။ ဒဏ်ရာပြင်းစွာရသွားပြီဖြစ်ကာ မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်တော့ မည်မဟုတ်ပေ။

တုချင်းယင်နှာခေါင်းရှုံ့လိုက်သည်။

"သင်းသေသွားတာကောင်းတယ်"

သူသည်လီအင်းအား သုတ်သင်ရှင်းလင်းပစ်နိုင်ပြီဟု ဝမ်းသာနေပါသည်။

ကျင်းဝါနှင့်ကျင်းမေတို့လည်း ကျေနပ်နေကြသည်။

"ဝူတန်းသိုင်းကျမ်းကိုရပြီဆိုတော့ သခင်မကြီးကိုယှဉ်နိုင်တဲ့လူရှိတော့မှာ မဟုတ်ဘူး"

"သိုင်းလောကကြီးတစ်ခုလုံးသခင်မကြီးကို ဦးညွှတ်လာကြရတော့မှာပါ"

နှစ်ယောက်သားချီးကျူးပြောဆိုလိုက်ကြသည်။

တုချင်းယင်က

"ငါ့ဆန္ဒတွေမကြာခင်ပြည့်လာတော့မှာအမှန်ပဲ ဒါပေမယ့်နောက်ထပ်ပြဿနာတစ်ခုရှိသေးတယ်"

ကျင်းဝါးက. .

www.burmeseclassic.com

www.burmeseclassic.com



ထိုရှောင်ကိုပြောတာလား သခင်မကြီး သည်အတွက်စိတ်မပူပါနဲ့ ကိုရှောင်တာလီအင်းအတွက် သိုင်းကျမ်းယူလာပေးတယ် လီအင်းက သိုင်းကျမ်းကို အပိုင်းစီးပြီး ထွက်ပြေးသွားတယ်လို့ကျွန်မ တို့ အောင်မြင်ပြီးသွားပါပြီ ။ ကျွန်မတို့ကြိုတင်စီစဉ်ထားတာပါ။

လီအင်းသေဆုံးသွားပြီဆိုတော့ တကယ်ပျောက်နေမှာပဲ သိုင်းလောကသားတွေ ယုံကြည်နေမှာပါ"

တုချင်းယင်က. . .

"သိုင်းလောကသားတွေဟာလီအင်းကို သူ့ရဲကောင်းတစ်ယောက်လိုသဘောထားနေကြတာ တော်ရုံနဲ့သူ့ကို အပြစ်မြင်ကြမှာမဟုတ်ဘူး"

ကျင်းဝါးနှင့်ကျင်းမေတို့ငြိမ်နေလိုက်ကြသည်။

တုချင်းယင်က. . .

"လီအင်းက သိုင်းကျမ်းကိုအပိုင်းစီးမယ်ဆိုယင် အနည်းဆုံးငါ့ကိုဒဏ်ရာရအောင်လုပ်နိုင်ရမှာပေါ့"

သူမတွင်ဒဏ်ရာမရှိပါ။ သူမပြောသည့်အတိုင်းဆိုလျှင် ဒဏ်ရာရရှိဖို့လည်းလုပ်ကြံဖန်တီးရတော့မည်ဖြစ်လေသည်။

တုချင်းယင်တွင်အကြံရှိပုံရသည်။

သူမသည် ဓားတစ်လက်ကိုဆွဲထုတ်လိုက်၏။

"ငါက ဒဏ်ရာရသွားတယ်၊ သိုင်းလောကသားတွေလဲ ယုံကြည်အောင်. . . ငါ့သမီးလည်း ယုံကြည်အောင်. . ."

သူမသည်လက်ဝဲဘက်လက်ကိုမြှောက်လိုက်လေသည်။

"ဟောသည့်လက်နဲ့ လီအင်းကို သတ်ပစ်လိုက်တာ ငါ့သမီးအပေါ်မှာ ရက်စက်မိတဲ့သည်လက်ကို အပြစ်ပေးရမှာပဲ"

"သခင်မကြီး"

ကျင်းဝါးတို့အထိတ်တလန့် ခေါ်လိုက်ကြသည်။



တုချင်းယင်က. .

"အင်းအဖြစ်မှန်ကိုဘယ်သူမှ မသိကြဘူးဆိုယင် ငါ့ကို အပြစ်တင်ဖို့ခက်လိမ့်မယ် အပြစ်ရှိနေတဲ့ငါ့လက်တစ်ဘက်ဆုံးရှုံးခံလိုက်ရပေမယ့် သိုင်းလောကသားတွေယုံကြည်သွားလိမ့်မယ်"

သူမသည်ဓားကိုယာဘက်လက်အတွင်တိုင်ကာဝဲဘက်လက်ကိုခုတ်ချရန်ဟန်ပြင်လိုက်သည်။

"သခင်မကြီး"

"မလုပ်ပါနဲ့"

ကျင်းဝါးနှင့်ကျင်းမေတို့ ကဗျာကယာဟန့်တားလိုက်သည်။

ထိုစဉ်. . .

"သွားစမ်း"

တုချင်းယင်ကဓားကိုင်ထားသောလက်ကို ဝှေ့ယမ်းလိုက်၏၊ ပြင်းထန်သောဓားချက်သည် ကျင်းဝါးနှင့် ကျင်းမေတို့အား ခုတ်ချမိလိုက်လေသည်၊

"အား"

"အမလေး"

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာ၏။

ကျင်းဝါးနှင့်ကျင်းမေတို့ မြေပေါ်လဲကျသွားသည်။ ကျင်းဝါးနှင့် ကျင်းမေတို့သည် သေလုမျောပါးဒဏ်ရာဖြင့်မြေပေါ်တွင် လူးလွန့်ထလိုက်ကြသည်။

"သခင်မကြီးကျွန်. . . ကျွန်မတို့မှာဘယ်လိုအပြစ်များရှိနေကြလို့လဲ"

တုချင်းယင်က. . .

"ညည်းတို့နှစ်ယောက်ကငါ့အကြောင်းကို အကုန်သိနေလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တွ[illegible]တို့သခင်မကြီးအပေါ်မှာ သစ္စာရှိကြတာပဲ မဟုတ်လားရှင်"

"ငါ့လက်တစ်ဖက်ဆုံးသွားသလို ညည်းတို့လည်းသေဆုံးသွားမယ်ဆိုရင် ငါ့သမီးဟာငါ့အပေါ်မှာ ယုံကြည်မှုရှိမှာအသေအချာ[illegible]"

"ရက်စက်လိုက်တာရှင်"

ကျင်းဝါးညည်းတွားယင်းအသက်ပျောက်သွားသည်။

တုချင်းယင်က. . . .

"ငါ့ကိုငါ့ တောင်ရက်စက်ဖို့ဝန်မလေးဘူးဆိုတာ ညည်းတို့မသိကြသေးပါလား"

စကားဆုံးလျှင် ဓားဖြင့် ဝဲဘက်လက်အားခုတ်ချပစ်လိုက်တော့သည်။

*　　　　*　　　　*

တစ်ရက်. . .

နှစ်ရက်. . .

သုံးရက်. . .

သုံးရက်ဟူသောအချိန်ကုန်ဆုံးသွားသည်။

ကိုရှောင် ဂဏာမငြိမ် ဖြစ်လာတော့၏။

လီအင်းက သိုင်းကျမ်းယူပြီးထွက်သွားခဲ့သည်မှာ သုံးရက်ရှိပြီ မဟုတ်လား. . .

လီအင်းပြန်မရောက်လာတော့ပါ။

လီအင်းအဘယ်ကြောင့်ပြန်မလာရပါသနည်း၊

မည်သို့သောအဖြစ်အပျက်နှင့် ကြုံတွေ့နေရပါသနည်း။



ကိုရှောင်သည်ဆက်၍စောင့်ဆိုင်းခြင်းမပြုတော့ပဲ လိုက်ရှာရန်ဆုံးဖြတ်လိုက်သည်။

ကိုရှောင်သည် အိမ်ကလေးထဲမှ ထွက်လိုက်သည်နှင့် လူတစ်စု လှမ်းလာသည်ကိုတွေ့လိုက်ရလေသည်၊ ထိုလူစုများကား ဝူတန်းတောင်မှ သိုင်းသမားများဖြစ်နေပါသည်။

"ဗုဒ္ဓပဲ ဝူတန်းဂိုဏ်းက လူတွေလိုက်လာကြပြီ"

သူယူလာသော သိုင်းကျမ်းကြောင့်လိုက်လာကြခြင်းဖြစ်ကြောင်းရိပ်မိလိုက်သည်။

ဝူတန်းဂိုဏ်းသားများအားဦးဆောင်လာသောသူမှာ ကျို့ရသေ့ဖြစ်ပါ၏။

သူသည်ဝူတန်းဓားသိုင်းကျမ်းကိုအမိက တာဝန်ယူစောင့်ရှောက်ရသူမဟုတ်ပါလား

ကိုရှောင်ဦးညွှတ်လိုက်၏။

"ရသေ့ကြီးကိုယ်တိုင် ဦးဆောင်ပြီးလိုက်လာခဲ့တာကိုး"

ကျို့ရသေ့ကရှည်လျားစွာပြောလေ၏။

"မောင်ရင်လေးဟာဝူတန်းကျမ်းကို တစ်ရက်ပဲငှားမယ်လို့ပြောသွားပြီး ခုတော့ရက်တွေကြာနေတာနဲ့ ကျုပ်တို့စိတ်ပူပြီးလိုက်လာခဲ့တာ သိုင်းလောကမှာထွက်နေတဲ့သတင်းတွေကလည်း သိုင်းသမားလီအင်းဟာ သိုင်းတံခွန်ဂိုဏ်းချုပ်ရဲ့ လက်တစ်ဖက်ဆုံး ရှုံးသွားတဲ့ အထိတိုက်ခိုက်ခဲ့တယ် သူ့ရဲ့ကိုယ်ရံတော်တွေကိုလည်း သတ်လိုက်တယ်၊ ဒါကြောင့် သခင်မလေးတုကုဖုံးနဲ့လည်း ရင်မဆိုင်ရဲတော့ပဲ သိုင်းလောကကထွက်ပြေးသွားတယ်လို့ သတင်းတွေဖြစ်ပေါ်နေတယ်"

ကိုရှောင် ရင်ထိပ်သွားလေသည်။

ကျို့ရသေ့က. . .

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်လေးဟာ သိုင်းကျမ်းနဲ့ပတ်သက်ပြီး တာဝန်ယူထားတော့ ဝူတန်းဂိုဏ်းချုပ်က မောင်ရင်လေးကို တွေ့ချင်နေတယ် သိုင်းကျမ်းအတွက်လည်းစိုးရိမ်နေတယ်"

ကိုရှောင်ဦးညွတ်လိုက်သည်။

"သည်အတွက်ပါမှမပူပါနဲ့ ကျွန်တော် တာဝန်ယူဖြေရှင်းပေးပါမယ်"

"မောင်ရင်လေးက. . ."

"သိုင်းကျမ်းကိုယူပြီး ဝူတန်းဂိုဏ်းကို အမြန်ဆုံးပို့ပေးမယ် ဆိုတာဂိုဏ်းချုပ်ကို ပြောပြပေးပါခင်ဗျာ"

ကျို့ရသေ့ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ကျုပ်ကမောင်ရင်လေးကိုယုံကြည်ပြီးသားဆိုတော့ ဘာမှပြောစရာမရှိတော့ပါဘူး ဝူတန်းဂိုဏ်းကိုသာ ဆက်ဆက်လာခဲ့ပါ။

"စိတ်ချပါခင်ဗျာ"

ကျို့ရသေ့သည်ဝူတန်းဂိုဏ်းသားများကို ခေါ်ကာပြန်ထွက်သွားရန်ဟန်ပြင်လိုက်သည်။

သွားကာနီးတွင် ကိုရှောင်အတွက်စိုးရိမ်ပူပန်နေပုံဖြင့်လှမ်းပြောလိုက်သည်။

"လီအင်းဟာ သိုင်းလောကသားတချို့ကို တိုက်ခိုက်ပြီး အနောက်နယ်ကို ထွက်သွားတယ်လို့ သတင်းထွက်နေသေးတယ်၊ ခုတလောလီအင်းနဲ့ပတ်သက်ပြီးထွက်ပေါ်လာတဲ့သတင်းတွေဟာ မရေမတွက်နိုင်အောင်များပြားနေတယ်။ ဒါကြောင့်မောင်ရင်လေး အစစအရာရာ သတိဝီရိယနဲ့ ဆောင်ရွက်စေချင်တယ်"

ကိုရှောင်ဦးညွတ်လိုက်သည်။

"ခုလိုသတိပေးတာ ကျေးဇူးပါပဲ"



"ကျုပ်ကိုခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ကျို့ရသေ့သည် နုတ်ဆက်ပြီးပြန်လည်ထွက်ခွာသွားလေတော့သည်။ ကျို့ရသေ့တို့ထွက်ခွာသွားကြလေပြီး သူလည်းဤတဲအိမ်ကလေးကိုစွန့်ခွာရပေတော့မည်။

ကိုရှောင် သည် လူမရှိသည့် လီအင်း၏အိမ်ကလေးကို ကျောခိုင်းလိုက်သည်။

ကိုရှောင်အလွန်စိတ်ပျက်နေသည်။

"နောင်ကြီးလီအင်း ဘယ်ရောက်သွားပြီလဲ"

လီအင်းသည် သိုင်းတံခွန်ဂိုဏ်းချုပ်တုချင်းယင် နှင့်ရင်ဆိုင်ဖို့ထွက်သွားခြင်းဖြစ်သည်။

တုချင်းယင်းသည် လီအင်းနှင့်ယှဉ်ပြိုင်ရာတွင်အရေးနိမ့်ပြီး လက်တစ်ဘက်ဆုံးရှုံးသွားခဲ့သည်။

ထို့ကြောင့် သိုင်းလောကအားဆက်၍ ဒုက္ခပေးနိုင်တော့မည်မဟုတ်ပါချေ။

တုချင်းယင်၏အားထားရသောကိုယ်ရံတော်များလည်း သေဆုံးသွားကြပြီမဟုတ်ပါလား. . .။

တုချင်းယင်သည်လက်တစ်ဖက်ပြတ် ဒုက္ခိတဖြစ်သွားလေသောကြောင့် သိုင်းတံခွန်ဂိုဏ်းကိုဖျက်သိမ်းကာသိုင်းလောကအား ကျောခိုင်းလိုက်ပြီဆိုသော သတင်းများလည်းထွက်ပေါ်လာသည်။

ကိုရှောင်သည် အဖြစ်မှန်ကိုလုံးဝမသိခဲ့ပါ။

သိုင်းတံခွန်ဂိုဏ်းချုပ်တုချင်ယင်က လီအင်းအားလုပ်ကြံကာ သိုင်းကျမ်းကို ယူသွားသည်ဟုလည်းမထင်တော့ပါ။ သိုင်းကျမ်းနှင့်ပတ်သက်၍ လီအင်းတွင်သာ တာဝန်ရှိသည်ဟုသူထင်ထားသည်။ လီအင်းအားလိုက်ရှာရန်ဆုံးဖြတ်လိုက်သည်။ လီအင်းပျောက်ဆုံးနေရာ

www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်မှာ သိုင်းလောက၌ တဝဲလည်လည်ဖြစ်နေတော့သည်။

သို့ဖြင့် ရက်လရှည်ကြာလာသည်။

ဝူတန်းဂိုဏ်းကလည်း ကြာသော်အထင်များလာလေတော့သည်။ ကိုရှောင်မှာသိုင်းလောက၌နာမည်ပျက်လာသည်။ ဝူတန်းဂိုဏ်းသည်လည်းသိုင်းကျမ်းနှင့်ပတ်သက်၍ ကိုရှောင်နှင့်သာရှင်းရမည် တော့တ်ပါလား။

ထို့ကြောင့်. . .

ဝူတန်းဂိုဏ်းသည် ကိုရှောင်အားလိုက်ရှာကြလေသည်။ ကိုရှောင်မှာ အဖြစ်မှန်ကိုစုံစမ်းနေဆဲဖြစ်ရာ မဖြေရှင်းနိုင်သေးသဖြင့် ဝူတန်းဂိုဏ်း အားရှောင်နေခဲ့ရသည်။ သိုင်းလောကသားများကလည်း ကိုရှောင်အားအထင်မှားသွားကြသည်။ သိုင်းလောက၌နာမည်ပျက်သူဖြစ်လာသည်။

ကိုရှောင်ခံပြင်းဒေါသထွက်ကာ လီအင်းကိုတွေ့ရန်သာ အပြင်းအထန် ရှာဖွေပါတော့သည်။

◆ ◆ ◆

ချောင်းရေသည် အရှိန်ဖြင့်လျှင်မြန်စွာစီးဆင်းနေ၏။ ချောင်းကွေ့တစ်နေရာရောက်မှ ရေစီးအရှိန်လျော့သွားသည်။ ထိုချောင်းကွေ့နေရာတွင်ကျောက်တုံးကျောက်ခဲများစုပုံလျက် ရှိနေပါသည်။

တောင်ကုန်းပေါ်မှ ထိုးကျလာသော လီအင်းသည် ချောင်းထဲကျခဲ့သည်။ ချောင်းရေနှင့်အတူ အဝေးသို့ မျောပါသွားပြီးမှ ချောင်းတွေ့တစ်နေရာရောက်လျှင် ကျောက်တုံးကျောက်ခဲများကြား၌ ညပ်တာတင်ကျန်ရစ်ခဲ့လေသည်။

ကံကောင်းထောက်မပြီး လီအင်းသတိရလာ၏။ တအင်းအင်း



ညည်းတွားယင်း ကျောက်တုံးကျောက်ခဲများကြားမှ တိုးလွှက်ကာကမ်းပေါ်တက်လိုက်လေသည်။ ကမ်းပေါ်ရောက်လျှင်မဟန်နိုင်ပဲ ဝုန်းခနဲလဲကျသွား၏။

လီအင်းက မြေပေါ်မှမထသေးပဲ ဆက်၍လှဲလျောင်းနေလိုက်သည်။ သူ၏တစ်ကိုယ်လုံးစိုရွှဲနေသော်လည်းအသားများကခြစ်ခြစ်တောက်ပူလောင်နေပါသည်။

လီအင်းမှာဒဏ်ရာပြင်ထန်စွာရရှိထားသည့် အပြင်ချောင်းရေထဲမျောပါကာ အအေးမိခဲ့ခြင်းကြောင့် အပြင်းဖျားနေပြီ ဖြစ်ပါသည်။ သူသတိလစ်သွားလေသည်။

ထိုအချိန်တွင် လယ်တောမှ ပြန်လာသော လယ်သမားကြီးတစ်ယောက်သည်။ လီအင်းအားတွေ့ရှိသွားလေတော့သည်။

နောက်သုံးရက်အကြာတွင်လီအင်းသတိရလာသည်။ လယ်သမားအဘိုးအို၏ ဂရုစိုက်မှုကြောင့် သူ၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများ သက်သာသွားသည်။

သို့သော်. . .

လီအင်း၏ဦးခေါင်း၌ရရှိခဲ့သောဒဏ်ရာကအစွမ်းပြလာလေတော့သည်။

အဘိုးအိုက တအင်းအင်းညည်းတွားယင်းမျက်လုံးပွင့်လာသောလီအင်းကိုကြည့်ကာဝမ်းသာသွားသည်။

"ငါ့တူမင်းသတိရလာပြီနော် မင်းတော်တော်ကံကောင်းတာပဲ သည်လောက်များတဲ့ဒဏ်ရာတွေနဲ့မင်းသေဆုံးသွားလိမ့်မယ်လို့ငါထင်နေခဲ့တာ"

"ကျွန်တော်ဘယ်ရောက်နေတာလဲဗျာ"

"ကျုပ်အိမ်ပေါ့"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သယ်တောက အပြန်လမ်းမှာလဲကျနေတဲ့မင်းကို တွေ့လို့ထယ်တင်လာခဲ့တာကွ"

"ဗျာ့. . . ကျွန်တော်"

"မင်းဘယ်လိုဖြစ်လာတာလဲ လူဆိုးဓါးပြတွေနဲ့များတွေ့ခဲ့လို့လား"

"ကျွန်တော် ဘယ်လိုဖြစ်မှန်းတောင်မသိတော့ပါဘူးဗျာ"

"ဟေ"

"ကျွန်တော်ဘယ်လိုဖြစ်လာတာလဲဆိုတာ ဦးသိရင်ပြောပြပါလားဟင်"

လယ်သမားကြီးမျက်လုံးပြူးသွားသည်။

"ငါဘယ်လိုလုပ်ပြောနိုင်မှာလဲကွာ ငါကမင်းကိုမေးမလို့၊ မင်းဘာတွေဖြစ်လာလဲလို့ ငါကမင်းကိုမေးမလို့ပါ. . ."

"ကျွန်တော်"

"မင်းနာမည်ဘယ်လိုခေါ်လဲပြောပါဦး"

"ကျွန်တော်မသိဘူး"

လီအင်း၏စကားကြောင့် လယ်သမားကြီး ပါးစပ်အဟောင်းသားဖြစ်သွားသည်။

လီအင်းက. . .

"ကျွန်တော့်နာမည် ဘယ်သူဆိုတာ ဦးသိယင်ပြောပြပါလားဟင်"

"ကျုပ်ဘယ်လိုလုပ်သိနိုင်မှာလဲကွ ခက်တာပဲ မင်းကကိုယ့်နာမည်ကိုတောင် ကိုယ်မမှတ်မိတော့ဘူးလားကွ"

လီအင်းမည်သို့ပြောရမှန်းမသိတော့ပေ၊ သူမည်သည့်အရာကိုမှစဉ်းစား၍မရတော့ပါ။ သူ၏အမည်ကိုပင်မမှတ်မိတော့ပါ။ မည်သို့ဖြစ်ပျက်ကြုံတွေ့ခဲ့ရသည်ကိုမမှတ်မိတော့ပါ။



လီအင်းသတိမေ့သွားပြန်သည်။

လယ်သမားကြီးသည်လီအင်းကိုကြည့်ပြီးစိုးရိမ်စိတ်များ ဝင်လာလေသည်။

"သူဟာလူဆိုးဓါးပြတစ်ယောက်ဖြစ်နေရင်ခက်မယ်"

ကိုယ်နာမည်ကိုပင်မမှတ်မိအောင်အတိတ်မေ့နေသော လီအင်း၏အဖြစ်ကြောင့် မယုံသင်္ကာဖြစ်လာလေတော့သည်။

"မောင်ရင်လေးကိုကျုပ်ကူညီခဲ့ပြီးပါပြီ၊ မောင်ရင်လေးနေကောင်းလာပြီဆိုတော့လည်း ထွက်သွားတော့မယ်လို့ထင်ပါတယ်"

ရိုးသားသူပီပီ အေးချမ်းစွာနေထိုင်လိုပြီး ပြဿနာများနှင့်မပတ်သက်လိုချေ။

လယ်သမားအဘိုးအို၏ သဘောထားကိုရိပ်မိလိုက်သောလီအင်းမှာ စိတ်မကောင်းဖြစ်မိသော်လည်း အနှောင့်အယှက် မပေးလိုသဖြင့် သဘောတူလိုက်လေတော့သည်။ သူသည် ဤမျှတော့ အသိစိတ်ဓါတ်ရှိသည်။

"ကောင်းပါပြီခင်ဗျာ ကျွန်တော်သွားပါ့မယ် ကျွန်တော့ကိုကူညီခဲ့တဲ့ကျေးဇူးကိုမမေ့ပါဘူး"

ယခုမှလယ်သမားအဘိုးအိုလည်း စိတ်သက်သာရာရသွားလေတော့သည်။

လီအင်းနေကောင်းသွားပြီဖြစ်ပါသည်။ ဒဏ်ရာများလည်းတစ်စထက်တစ်စသက်သာသွားသည်။ လယ်သမားအဘိုးအို၏အိမ်မှထွက်ကာလမ်းမပေါ်သို့ရောက်လာသည်။

ကိုယ်နာမည်ကိုပင်မမှတ်မိနိုင်အောင် အတိတ်မေ့နေသည့်အလျှောက်အရှူးကြီးတစ်ယောက်ပမာ ခြေသလုံးအိမ်တိုင်သွားနေလေတော့သည်။

"ငါဘယ်သွားမလို့လဲ"

www.burmeseclassic.com



"ဘာကြောင့်ခုလိုဖြစ်ရတာလဲ"

လီအင်းတွေးမရပါ. . .။

ခြေသလုံးအိမ်တိုင်သွားရင်း သစ်ပင်များအောက်၌လည်းကောင်း၊ လမ်းဘေး၌လည်းကောင်းအိပ်စက်ခဲ့ရသည်။

စားရတစ်လှည့် မစားရတစ်လှည့် ဝေ်တော်ပြတ်ပြတ် ဖြစ်ခဲ့သည်။

မည်သူမဆိုအဖြစ်မှန်မသိကြလျှင် လီအင်းသည် လမ်းပေါ်လျှောက်သွားနေသော အရူးကြီးတစ်ယောက်နှင့်တူပြီး သူ့အားမည်သူမျှမှတ်မိကြတော့မည် မဟုတ်ပါချေ။

ထိုအချိန်တွင်. . .

လီအင်းသည် ယုယုနှင့်ဆုံတွေ့ခဲ့ခြင်းကြောင့်ကံကောင်းသည်ဟုဆိုနိုင်ပါတော့သည်။ ယုယုနှင့်မတွေ့လျှင် အရူးကြီးဘဝနှင့် ဘဝဆုံးရတော့မည်ဖြစ်ပါသည်။

* * *

သမားတော်ကြီးက ဂရုစိုက် ကုသပေးသဖြင့် ကိုရှောင်၏အဆိပ်ဝေဒနာ သက်သာသွားသည်။

ယခု. . .

ကိုရှောင်စိတ်ဓါတ်ကျဆင်းနေသည်။

ဝူတန်းသိုင်းကျမ်းကြောင့်သိုင်းလောက၌ သူ့နာမည် ပျက်ခဲ့ပြီဖြစ်သည်။

အနက်ရောင်ဝတ်ထားသောမိန်းကလေးကြောင့် အဆိပ်မိတာအတွင်းအားယုတ်လျော့ခဲ့ရသည်။

သူကလီအင်းကိုရှိသေလေးစားပြီး ကူညီဖို့စိတ်ကူးခဲ့သည်။



လီအင်းကိုကူညီခဲ့ခြင်းကြောင့် ဒုက္ခရောက်ခဲ့ရသည်။ လီအင်း အား မည်နည်းနှင့်မျှမကျေနပ်နိုင်တော့ပါ။ ကိုရှောင်သည် လီအင်းအား သဲကြီးမဲကြီးလိုက်ရှာခဲ့သည်။

လီအင်းကား လောကပေါ်မှပျောက်ချင်းမလှပျောက်ကွယ်သွားပြီး ရှာမတွေ့နိုင်တော့ပါ။

ပြန်၍တွေ့မည့်တွေ့တော့လည်းသူ့အဆိပ်ဝေဒနာဖြင့်မြေပေါ်လဲနေချိန်၌တွေ့ခဲ့ရခြင်းဖြစ်ပါသည်။

လီအင်းနှင့်ယုယုတို့က သူ့အားအသက်ကယ်ခဲ့ကြသည်၊

သမားတော်တစ်ယောက်ထံသို့ပို့ဆောင်ပေးခဲ့ကြသည်၊

လီအင်းတို့ကူညီခဲ့ခြင်းကြောင့် သူ့အသက်ဘေးမှ လွတ်မြောက်လာခဲ့ရခြင်း ဖြစ်သည်။

ကိုရှောင်ပင့်သက်ရှိုက်မိလေသည်။

"ငါကသူ့ကိုကျေးဇူးတင်ရမှာလား"

"သူကငါ့ကိုစော်ကားမိတာကြောင့်ပြန်ပြီး ကြွေးဆပ်တဲ့သဘောလား. . ."

"ဘာပဲဖြစ်ဖြစ် လီအင်းနဲ့ရင်ဆိုင်ဖြေရှင်းတာအကောင်းဆုံးဖြစ်မယ်"

ကိုရှောင်သည် နေကောင်းလာသည်နှင့်လီအင်းအားလိုက်ရှာရန်ဆုံးဖြတ်လိုက်လေသည်။

* * *

တကုဖုံးသည် ကြုံတွေ့လိုက်ရသောအဖြစ်အပျက်များကိုမယုံနိုင်လောက်အောင်ဖြစ်နေပါသည်။ မိခင်ကြီးသည် သူမနှင့်လီအင်းတို့နှစ်ယောက်ကိုခွဲပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအား သိုင်းတံခွန်ဂိုဏ်းသို့ပြန်ခေါ်လာသည်။ ထို့နောက် လီအင်းကို တူညီချည်တု တုကုဖုံးယုံကြည်ထားသည်။ သိုင်းကျမ်းကို ကိုရှောင် ယူလာပေးပါက လီအင်းရသွားပေလိမ့်မည်။ လီအင်းရလျှင် သူ၏မိခင်ကိုပေးလိုက်လိမ့်မည်ဟုယုံကြည်ထား၏။

သို့မှသာသူတို့ဇနီးမောင်နှံနှစ်ယောက် ပြန်လည်ပေါင်းသင်း နိုင်မည်မဟုတ်ပါလား။

သို့သော်. . .။

သူမအထင်နှင့် အမြင်တလွဲစီဖြစ်ခဲ့ရသည်။ သူမ၏မိခင်ကြီး ပြန်လည်ရောက်ရှိလာသောအခါ သတင်းဆိုးသယ်ဆောင်လာခဲ့လေ သည်။

တုချင်းယင်ကိုယ်တိုင် လက်တစ်ဖက်ပြတ်ဒုက္ခိတဘဝရောက် ခဲ့ရလေသည်။ ကျင်းဝါးနှင့်ကျင်းမေတို့လည်းသေဆုံးသွားကြ သည်။ တုချင်းယင်က လီအင်းသည် သိုင်းကျမ်းကိုရဖို့ကြိုးစားယင်း ကိုရှောင်နှင့်မာကွန်ပင်တို့က သစ္စာဖောက်ဟုစွပ်စွဲကာ ဝိုင်းဝန်းတိုက် ခိုက်ခြင်းခံရသဖြင့်သေဆုံးသွားခဲ့သည်ဟု တုချင်းယင်ကပြောပြခဲ့ သည်။ လီအင်းကိုကယ်တင်ဖို့ကြိုးစားရင်းသူမလည်းလက်တစ်ဖက် ဆုံးရှုံးခဲ့ရသည် ဟုပြောပြရာ တုကုဖုံး ဒေါသချောင်းချောင်းထွက်ခဲ့ ရတော့သည်။

မာကွန်ပင်နှင့်ကိုရှောင်တို့အပြင်သိုင်းလောကသားများကို လည်းရန်သူအဖြစ်မုန်းတီးသွားလေတော့၏။

တုကုဖုံးခေါင်းအေးအေးထား၍စဉ်းစားလျှင် လီအင်းသက် သာရာရမည်ဖြစ်ပါသည်။ တုကုဖုံးမှန်သွားပေပြီ။

တုချင်းယင်က. . .

"ဝူတန်းဂိုဏ်းနဲ့ သိုင်းလောကသားတွေကိုပြတ်ပြတ်သားသား ရှင်းဆိုင်ရမယ် မေမေဟာဒုက္ခိတ ဖြစ်နေပြီဆိုတော့ငါ့သမီးကိုပဲ အားကို



ရတော့မယ် သမီးရဲ့ပညာနဲ့ ရန်သူကိုရင်ဆိုင်ဖို့ခက်ခဲမှုရှိတော့ အဆိပ် ပညာကိုလေ့ကျင့်ရမယ် အဆိပ်ဟာ သိုင်းလောကသားတွေ ကိုဒုက္ခ အပေး နိုင်ဆုံးလက်နက်ပဲ"

တုကုဖုံးကသဘောတူလိုက်သည်၊

"ကောင်းပါပြီမေမေ အစ်ကိုရဲ့ အခက်အခဲကို သဘောမ ပေါက်ပဲ အစ်ကိုရဲ့လုပ်ရပ်တွေကိုမထောက်ထားပဲ သိုင်းကျမ်းနဲ့ ပတ် သက်လာတော့လူဆိုးတစ်ယောက်လို့ သတ်မှတ်လိုက်ကြတဲ့သိုင်းလော ကသားတွေကို သမီးရင်ဆိုင်သွားပါမယ် အထူးသဖြင့်မာကွန်ပင်နဲ့ ကိုရှောင်တို့ဟာ အစ်ကို့ကျေးဇူးကို မသိတတ်တဲ့လူတွေပဲ ဒါကြောင့် သူတို့ကို သမီးဆုံးမသုတ်သင်ပစ်ပါမယ်၊ အဆိပ်လက်နက်ပုန်းပညာ ကိုသမီးလေ့ကျင့်သွားပါမယ်"

"ဝမ်းသာလိုက်တာ သမီးရယ်"

တုချင်းယင်သည်ဝမ်းသာသွားသည် ။ တကယ်တော့တုချင်း ယင်သည်ကမ်းကုန်အောင် ယုတ်မာရက်စက်သောသူဖြစ်သည်၊ တုကုဖုံးသည် သူမိခင်၏စကားကို ယုံကြည်သွားပြီမဟုတ်ပါလား။

ဝူတန်းသိုင်းကျမ်းကိစ္စနှင့်ပတ်သက်ပြီးသိုင်းလောကသား များသည် သိုင်းတံခွန်ဂိုဏ်းသို့လာရောက်ဒုက္ခပေးနိုင်ကြောင်းသူမရိပ် မိထားလေသည်။

ထို့ကြောင့်. . .

"မေမေတို့သည်မှာနေလို့မဖြစ်တော့ဘူး ဂိုဏ်းသားတွေကို ခဏလောက်လူစုခွဲခိုင်းထားရမယ် မေမေတို့ လည်းတစ်နေရာမှာ ဖာတ်မြှုပ်နေပြီး သိုင်းပညာလေ့ကျင့်ကြမယ် စိတ်ချရပြီဆိုမှ သိုင်းလော ကထဲပြန်ထွက်ပြီးရင်ဆိုင်ကြတာပေါ့"

တုချင်းယင်က သဘာဝကျစွာပြောလိုက်လေ၏။

"ကောင်းပါပြီမေမေ"

www.burmeseclassic.com

www.burmeseclassic.com



တကျွန်းသဘောတူလိုက်သည်။

ထို့နောက်ပိုင်းသူတို့ သားအမိနှစ်ယောက်သည်ရင်း၊ သိုင်းဘုန်းကြီးသည်ရင်း သိုင်းလောကထဲမှ ပျောက်ကွယ်သွားခဲ့ကြလေတော့သည်။

ဤသည်မှာ ဝူတန်းသိုင်းကျမ်းနှင့်ပတ်သက်နေခဲ့သည်။ ဘီအင်းနှင့်တကွ ပတ်သက်သူအားလုံး မထင်မရှားပျောက်ကွယ်သွားခဲ့ကြခြင်းဖြစ်လေတော့သည်။ သိုင်းလောကသားများသည် ထိုသို့ပျောက်ကွယ်သွားကြသည့်နောက်ကွယ်၌ လျှို့ဝှက်ချက်တစ်ခုခု ရှိနေမည်ဟုရိပ်မိကြသည်။

ဝူတန်းသိုင်းကျမ်းနှင့်ပတ်သက်ခဲ့သူအားလုံး တစ်ချိန်ချိန်တွင် သိုင်းလောက၌ပြန်လည် ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်ထားကြသည်။

ထိုသို့ပြန်လည် ထွက်ပေါ်လာချိန်၌ သိုင်းလောကတွင် ပြဿနာများဖြစ်ပေါ်လာလိမ့်မည်ဟုလည်း သိရှိနားလည်ကြလေတော့သည်။



## အခန်း(၃၁)
## ဘဝမှန်

တိုက်ပွဲများပြီးဆုံးသွားလေပြီ။

ယုယုအား နှောင့်ယှက်နေသော သူဌေး သားအဖနှင့် ကြေးစားလူမိုက်များကား အမိုက်ဇာတ်သိမ်းသွားခဲ့ကြပြီဖြစ်ပါသည်။

ယုယုသည်အကူအညီပေးလာသော လူငယ်အပေါ်၌ပို၍ အားကိုးသွားလေသည်။ လူငယ်ကလည်းယုယုကိုစိတ်လိုလက်ရ ကူညီ နိုင်ခဲ့သဖြင့်ဝမ်းသာ နေသည်။

သူတို့နှစ်ယောက်တွေ့ဆုံခဲ့ကြသည်မှာ မကြာသေးပါ။

သို့သော်. . .

ရှေးရေစက်ကြောင့် တစ်ယောက်ကိုတစ်ယောက်မပြောပြတတ်သော်လည်း သံယောဇဉ် ဖြစ်ကာ မေတ္တာယက်ဝင်နေမိကြပြီဖြစ်ပါ သည်။

သူတို့တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

လူငယ်ကပြုံးပြလိုက်လေသည်။

"ညီမ ဘာမှမစိုးရိမ်စရာ မရှိတော့ပါဘူး သူတို့ ဘယ်တော့မှ မနှောင့်ယှက်နိုင်တော့ပါဘူး"

ယုယုက. . .

"ကျေးဇူးပါပဲရှင် အစ်ကိုနဲ့သာမတွေ့ယင် ကျွန်မနဲ့အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပေဒါ မဲ့ဘဝဘာဝတွေးဝံ့စရာပဲ ကျေးလူးရှင် အစ်ကို့နာမည်ကို သိခွင့်ရပင် သိပါရစေ"

သူငယ်က. . .

"ကျုပ်နာမည်ဟာ မာကွန်ပင်လို့ခေါ်ပါတယ်"

"ကျွန်မမှတ်ထားပါမယ်ရှင် တစ်နေ့ကျရင်တော့ အစ်ကို့ရဲ့ကျေးဇူးကို တပြန်တလှည့် ကူညီခွင့်ရလာမှာပါ"

လူငယ်ကားသိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားသည့်သိုင်းလောကပျော်သိုင်းလေးဖော်၌ပါဝင်သော သိုင်းသမား မာကွန်ပင် ဖြစ်နေသည်တကား။

မာကွန်ပင်သည်ကိုရှောင်နှင့် လီအင်းတို့ ဝူတန်းကျမ်းကြောင့် ပြဿနာဖြစ်ပေါ်ခဲ့သည်ကိုသိခဲ့ပြီးဖြစ်သည်။

စိတ်မကောင်းဖြစ်ကာ လိုက်လံရှာဖွေခဲ့ခြင်းဖြစ်သည်၊ ကိုရှောင်နှင့်လုံးဝမဆုံမဘဲလီအင်းလည်းပျောက်ချင်းမလှပျောက်နေခြင်းကြောင့်ပိုလို့စိတ်ပူနေမိသည်။

မာကွန်ပင် တောလမ်းအတိုင်းခရီးနှင်လာယင်းတိုက်ပွဲတစ်ခုကိုတွေ့လိုက်ရသဖြင့် ဝင်ရောက်ကူညီခဲ့ခြင်းဖြစ်သည်။

မမျှော်လင့်ပဲ ယုယုနှင့်ဆုံတွေ့မိကာမေတ္တာသက်ဝင်နေမိခဲ့ပြီးဖြစ်ပါသည်။

ထိုစဉ်. . .

"အင်း. . . အင်း"

ညည်းတွားသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်၊

"အစ်ကို. . . အစ်ကိုပေဒါ"

ယုယုချက်ချင်းပြေးသွားလိုက်၏။ မာကွန်ပင်လည်းလိုက်သွားသည်၊



နှစ်ယောက်သားမြင်လှည်း အနီးသို့ရောက်ရှိသွားကြ၏၊ ပေဒါကာဒယီးဒယိုင်ဖြင့်မြင်းလှည်းပေါ်မှ ဆင်းလေသည်။ ပေဒါဒဏ်ရာများ ရရှိထားခြင်းကြောင့် ယုယုစိတ်မကောင်းဖြစ်နေပါသည်။

"အစ်ကိုပေဒါ"

သူမအနီးသို့ရောက်သွားလျှင် ပေဒါမျက်မှောင်ကုပ်ကာကြည့်လိုက်သည်။

ယုယုက. . .

"အစ်ကိုကျွန်မတို့ သမားတော်ဆီပြန်သွားကြမယ်"

စိုးရိမ်ပူပန်စွာပြောလိုက်သည်။

"ညီမတဘာယ်သူလဲ"

"ရှင်. . ."

"ကျုပ်က ပေဒါမဟုတ်ဘူး၊ ညီမလူမှားနေပြီ"

"ရှင်. . ."

"ကျုပ်ဟာ. . ."

သူ၏စကားမဆုံးမီ မာကွန်ပင်က လှမ်းခေါ်လိုက်သည်၊

"နောင်ကြီး လီအင်း"

ပေဒါခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ကျုပ်လီအင်းပါညီလေးဟာမာကွန်ပင်ပါလား သိုင်းတံခွန်ဂိုဏ်းချုပ်တုချင်းယင်ကော. . ."

"ဗျာ. . ."

"တုချင်းယင်နဲ့ကျုပ်တောင်ကုန်းတစ်ခုပေါ်မှာ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြတာ ဘယ်လိုလုပ်ပြီး သည်နေရာကိုရောက်နေတာလဲ"

မာကွန်ပင် အဖြေမပေးနိုင်ချေ။

ယုယုကလည်း ပါးစပ်အဟောင်းသားဖြစ်နေပါတော့သည်။

လီအင်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"တုချင်းယင်က ကျုပ်ကိုအကောက်ကြံခဲ့တယ် သူတပည့်တစ်ယောက်ကိုညီမတုကုဖုံးအသွင် ရုပ်ဖျက်ခိုင်းပြီး ကျုပ်ကိုသတ်ပစ်ဖို့ကြိုးစားခဲ့တာပဲ"

"နောင်ကြီး တုချင်းယင်ဟာလက်တစ်ဘက်ပြတ်ဒုက္ခိတတစ်ယောက်ဖြစ်နေပြီဗျ သိုင်းတံခွန်ဂိုဏ်းလည်း သိုင်းလောကကပျောက်ကွယ်သွားတာကြပြီ သိုင်းလောကတစ်ခုလုံးအေးအေးချမ်းချမ်းငြိမ်သက်သွားတာပဲ နောင်ကြီးတို့နဲ့ဝူတန်းသိုင်းကျမ်းကိစ္စကလွဲရင်ပေါ့လေ. . ."

"ကျုပ်တို့ကိစ္စဟာ သိုင်းလောကတစ်ခုလုံးကို ဂယက်ရိုက်သွားပြီဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

မာကွန်ပင် သည်တိုရှောင်ကသူ့အားလိုက်လံရှာနေကြောင်း သိုင်းတံခွန်ဂိုဏ်း ပျောက်ကွယ်သွားသဖြင့် ဂုတန်းဂိုဏ်းကလည်း သူတို့နှစ်ယောက်အားရှာနေကြောင်း အားလုံးသည် အထင်လွဲမှားနေခြင်းဖြစ်ကြောင်း သတိထားပြီးဖြေရှင်းရမည်ဖြစ်ကြောင်း၊အကြောင်းစုံရှင်းပြလိုက်လေတော့သည်။

လီအင်းက. . .

"ဒါဟာ တုချင်းယင်ရဲ့ ကောက်ကျစ်မှုပဲ သူလက်တစ်ဖက်ပြတ်သွားခဲ့တယ်ဆိုတဲ့ကိစ္စ ကျုပ်ဘာမှမသိဘူး"

သူ၏အဖြစ်အပျက်များကိုလည်းရှင်းပြလိုက်သည်။

မာကွန်ပင် လိပ်ပတ်လည်သွားလေပြီ။ အဖြေကိုရှင်းရှင်း ကြီးသိမြင်လိုက်လေပြီ။

မာကွန်ပင်နားလည်သဘောပေါက်သွားလေတော့သည်။

"လက်စသပ်တော့တုချင်းယင်က အကောက်ကြံပြီးအားလုံးကိုလှည့်စားခဲ့တာပေါ့ ဟင်းအလွန်လည်တဲ့ ဂိုဏ်းချုပ်ပဲ. . ."



"ဟုတ်တယ်ညီလေး"

မာကွန်ပင်၏မျက်နှာတည်ကြည်လေးနက်သွားလေသည်။

"ဒါကြောင့်သိုင်းလောကကိုဖျက်ဆီးမယ့်လူတစ်စုထွက်ပေါ်လာတယ်အဲ့သည့်လူတွေဟာ တစ်ချိန်တ သိုင်းတံခွန်ဂိုဏ်းနဲ့ပတ်သက်နေတယ်လို့ သတင်းတွေထွက်နေတာကိုး"

လီအင်းကအံကြိတ်၍ပြောလေ၏။

"တုချင်းယင်က သိုင်းကျမ်းကိုရသွားတယ် ဒါကြောင့် ဝူတန်းဂိုဏ်းကို ဒုက္ခပေးတော့မှာ သေချာနေပြီ. . ."

ယုယုက သူတို့ပြောဆိုနေကြသည့် စကားများကိုစိတ်ဝင်စားစွာနားထောင်နေသည်။

လီအင်းသည် အတိတ်ကိုကောင်းစွာ သတိရလိုက်ပြီဖြစ်ရကား သူမဝမ်းသာနေသည်။

လီအင်းကလှည့်ကြည့်လိုက်သည်။

မျက်ရည်များရစ်ဝိုင်းနေသော မျက်လုံးများဖြင့်ရိဝေစွာ ကြည့်နေသည့် ယုယုကိုမြင်လျှင် မျက်မှောင်ကုပ်သွားလေသည်။

"ညီမက. ."

"ကျွန်မယုယုပါ အစ်ကိုကြီးဗေဒါ"

"ကျုပ်က အစ်ကိုကြီးဗေဒါတဲ့လား"

"ဟုတ်ပါတယ်ရှင်"

လီအင်း ခေါင်းညိတ်လိုက်သည်။ သူကမေးလိုက်သည်။ သူတကယ်သိချင်၍မေးလိုက်ခြင်းဖြစ်သည်။

"ညီမကျုပ်တို့နှစ်ယောက်ဘယ်လိုဆုံတွေ့ခဲ့တယ်ဆိုတာကို ရှင်းပြနိုင်မလား"

"ကောင်းပါပြီရှင်"

ယုယုကအကြောင်းစုံရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လီအင်းစိတ်ဝင်စားစွာနားထောင်နေသည်။

ယုယု၏စကားကြောင့်သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကိုသိလိုက်ရလေတော့သည်။

"တော်တော်ကြောက်စရာကောင်းပါလား ညီမသာမကူညီဘူးဆိုယင် ကျုပ်ရဲ့ အဖြစ်ဟာမတွေးဝံ့စရာပဲ အရှူးတစ်ယောက်လိုဒီလောကကြီးထဲက ထွက်သွားရမှာပဲ"

ယုယုက

"အစ်ကိုကြီးဘဝမှန်ကိုပြန်သတိရပြီနော်"

"ဟုတ်ပါတယ်ညီမလေး"

"ကျွန်မဝမ်းသာပါတယ်ရှင်"

လီအင်းလက်နှစ်ဖက်ဆုပ်ကာဦးညွှတ်ဂါရဝပြုလိုက်သည်။

"ညီမရဲ့ကျေးဇူးကိုဘယ်တော့မှ မမေ့ပါဘူး ညီမကိုကျေးဇူးဆပ်နိုင်အောင်ကျုပ်ကြိုးစားသွားပါမယ်"

"အို . . . ကိစ္စမရှိပါဘူးရှင်"

သူမသည်လီအင်းတွင်အခက်အခဲများရှိနေမှန်းရိပ်မိသဖြင့်အထောက်အကူဖြစ်လိုရာဖြစ်ကြောင်းပြောလိုက်၏။

"ကျွန်မတို့ကိုရှောင်ဆိုတဲ့လူနဲ့တွေ့ခဲ့ကြသေးတယ်"

"ဟင် . . . အဲဒါအရေးကြီးတယ် ဘယ်လိုဆုံတွေ့ခဲ့တယ်ဆိုတာကိုပြောပြပါလားဟင်"

ယုယုကကိုရှောင်နှင့်ဆုံတွေ့ပုံကိုရှင်းပြလိုက်၏။

"ကျုပ်ကြောင့်သူဒုက္ခရောက်ရတာ သူ့ကိုလိုက်ရှာပြီး တောင်းပန်ရမယ် သူ့ကိုကျေနပ်တဲ့အထိ ကျုပ်တောင်းပန်မှာပါ . . ."

ယုယုက . . .

"သူ့အဆိပ်မိထားတော့ သမားတော်ကြီးဆီမှာပဲရှိဦးမယ်ထင်တယ်"



ထိုစဉ် . . .

"ကျုပ်ရောက်လာပြီဗျာ ကျုပ်က မင်းတို့ခြေရာခံပြီးလိုက်လာတာပဲ"

စကားသံနှင့်တူကိုရှောင်လှမ်းလာနေသည်ကို တွေ့လိုက်ရလေတော့သည်။

တွေ့တွေ့ချင်းတော့ ကိုရှောင်ဒေါသထွက်နေသည်၊ သို့သော်မာကွန်ပင်ရှိနေသည်မဟုတ်ပါလား ယုယုလီအင်းနှင့်တကွန်ပင်တို့က ဝိုင်းရှင်းပြလိုက်သဖြင့် ကိုရှောင်မှာ အဖြစ်မှန်ကိုသိရှိသွားလေတော့သည်။

"တုချင်းယင် တော်တော် ကောက်ကျစ်စဉ်းလဲတာပဲ ထိုင်ရဲ့အတွေးစိတ်ကြောင့် သမီးနဲ့သမက်ကိုဒုက္ခရောက်အောင်လုပ် တယ်"

မာကွန်ပင် ကပြောသည်။

"တုချင်းယင်ဟာ ဝူတန်းသိုင်းကျမ်းကိုရထားလို့ ကျားကိုအတောင်တပ်ပေးလိုက်သလိုဖြစ်နေပြီ"

ကိုရှောင်က . . .

"ကျုပ်လာခဲ့တဲ့လမ်းခရီးတစ်လျှောက်မှာလူတစ်စုဟာ ဝူတန်းတောင်ကို ဒုက္ခပေးဖို့သွားနေကြတယ်လို့ပြောနေကြတယ် သိုင်းတံခွန်ဂိုဏ်းကလူတွေပဲဖြစ်မယ် ဒါကြောင့် ဝူတန်းတောင်ကိုအမြန်ဆုံး လိုက် သွားကြတာကောင်းမယ်"

မာကွန်ပင်က . .

"ဟုတ်တယ် တုချင်းယင်ကို တားဆီးရမယ်"

လီအင်းလည်းဝူတန်းတောင်သို့လိုက်သွားရန် သဘောတူလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝူတန်းတောင် . . .

သိုင်းလောက၌လျှမ်းလျှမ်းတောက်ကျော်ကြားနေသော ဝူတန်းဂိုဏ်း တည်ရှိရာဝူတန်းတောင်သို့သိုင်းလောကသားများ ဦးတည်သွားနေကြသည်။ လမ်းတစ်လျှောက်လုံးခရီးသည် မပြတ်ကြချေ။

ကိုရှောင်၊လီအင်း မာကွန်ပင်နှင့် ယုယုတို့သည် ဝူတန်းတောင်သို့သွားနေသည့် လမ်းမကြီးအတိုင်း ခရီးနှင်နေကြသည်။

လီအင်းစိတ်လှုပ်ရှားနေသည်။ ဤလူစုတွင်စိတ်အလှုပ်ရှားဆုံးလူမှာလီအင်းဖြစ်သည်။ ဒုတိယစိတ်လှုပ်ရှားသူမှာ ကိုရှောင်ဖြစ်သည်။ သိုင်းတံခွန်ဂိုဏ်း သိုင်းလောက၌ ယခုလိုလက်မထောင်လာနိုင်ခြင်းမှာသူ့ကြောင့်ဟု လီအင်းခံစားနေရသည်။ စိတ်မချမ်းမသာဖြစ်နေပါသည်။ခရီးပြင်းနှင်လာခဲ့ကြရင်း ဝူတန်းတောင် နှင့်တစ်စထက်တစ်စနီးကပ်လာလေသောအခါ ကိုရှောင်က ပြောလာလေသည်။

"နောင်ကြီးလီအင်း"

လီအင်းခေါင်းညိတ်လိုက်သည်။

"ညီလေးဘာပြောစရာရှိလို့လည်း"

ကိုရှောင်က. . .

"နောင်ကြီးအပေါ်ကျေးဇူးရှိတဲ့မိန်းကလေးကို ဝူတန်းတောင်အတိခေါ်မသွားသင့်ဘူးလို့ထင်ပါတယ် ဒါဟာကျေးဇူးဆပ်တယ်လို့မခေါ်နိုင်ဘူးနောင်ကြီး ဟိုမှာ အကြီးအကျယ် တိုက်ပွဲတွေ ဖြစ်လာနိုင်တယ် . . . သူ့ကိုဘယ်သူစောင့်ရှောက်မလဲ"

လီအင်းသက်ပြင်းချလိုက်သည်။



"ဟုတ်သားပဲ ကျုပ်လည်းစိတ်တွေရှုပ်ထွေးနေတာနဲ့ယုယုကိုတောင် သတိမထားမိသလိုဖြစ်နေတယ် သူ့အတွက်ကျုပ်မှာ တာဝန်ရှိတယ်"

အရှေ့ဘက်မလှမ်းမကမ်း၌မြို့လေးတစ်မြို့အားတွေ့မြင်နေရသည်။

လီအင်းက. . .

"ရှေ့ကမြို့ကလေးကိုရောက်မှသူ့ကို အကျိုးအကြောင်းပြောပြရတော့မှာပဲ"

ကိုရှောင်က. . .

"သူဟာသဘောကောင်းပြီး စိတ်ထားဖြူစင်တဲ့မိန်းကလေးတစ်ယောက်ပါ အခြေအနေကို နားလည်းသဘောပေါက်ပါလိမ့်မယ်"

သူတို့သည်စကားတပြောပြောဖြင့် ခရီးနှင်လာကြလေ၏။ မြို့ကလေးသို့ရောက်လာကြသောအခါ ခေတ္တအနားယူမည်ဟုအကြောင်းပြကာ စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ရပ်နား လိုက်ကြလေသည်။

စားသောက်ဆိုင်ထဲ၌သိုင်းလောကသားများဖြင့်စည်ကားနေပါသည်။

ကိုရှောင်၊လီအင်းနှင့် မာကွန်ပင်တို့သည်ရုပ်ဖျက်ထားကြခြင်းကြောင့် ရုတ်တရက်သူတို့အားမှတ်မိနိုင်ကြမည်မဟုတ်ပါချေ။ဤသည်ကို မာကွန်ပင်က အကြံပေးခြင်းဖြစ်သည်။ လီအင်းနှင့် ကိုရှောင်တို့၏နဂိုရုပ်ရည်ကိုတွေ့လျှင် သိုင်းလောကသားများက မည်သို့တုံ့ပြန်မည်ကိုမသိနိုင်ပေ။ ထို့ကြောင့် သူတို့သည် မာကွန်ပင်၏အကြံဉာဏ်ကိုလိုက်နာကာ သုံးယောက်စလုံး ရုပ်ဖျက်လိုက်ကြသည်။

လီအင်းနှင့်ကိုရှောင်တို့သည် ဝူတန်းသိုင်းကျမ်းနှင့်ပတ်သတ်ပြီး သိုင်းလောကသားများအထင်မှားခြင်းခံနေကြရသူများဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



လမ်းခနိုး၌ ပြဿနာများအဖြစ်မခံနိုင်ကြချေ။

သိုင်းတံခွန်ဂိုဏ်းက ယခုကဲ့သို့စိန်ခေါ်လာသောအခါ ပို၍ [illegible]ရာဖြစ်လာနိုင်သည်။ သည်အတိုင်း သွားရောက်ဖြေရှင်း [illegible]လောကသားများသည်လည်းကောင်း၊ ဝူတန်းဂိုဏ်းသည် [illegible]ကောင်းမကျေနပ်သည့်အရင်းခံရှိလေသောကြောင့် အခက်ကြုံရဖို့များနေ၏။

ဝူတန်းဂိုဏ်းသို့အရောက် သွားဖို့ပင် ခက်ခဲလိမ့်မည်ဖြစ်သည်။

အခြေအနေအရပ်ရပ်ကိုတွက်ဆကာ လီအင်းတို့ကရပ်ဖျက်ပြီးမှ သွားရန်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်လေသည်။

လေယောက်စားပွဲတစ်လုံး၌ဝိုင်း၍ထိုင်ကာ စားသောက်ဖွယ်ရာများမှာကြားစားသောက်လိုက်ကြ၏။ ယုယုမှာ လီအင်းကဘဝမှန်ကိုပြန်လည် သိရှိသွားပြီးဖြစ်၍ ဝမ်းသာနေ၏။ သူမသည်လီအင်း၏ဘဝမှန်ပြန်ရစေရန်ကြိုးစားမည်ဟုဆုံးဖြတ်ခဲ့သည် မဟုတ်ပါလား။

လီအင်းနှင့်အတူ သိုင်းလောကသို့ လိုက်လာခဲ့ရသဖြင့် အတွေ့ အကြုံအသစ်အဆန်းဖြစ်နေရာ အလွန်ပင်ကျေနပ်နေသည်။ သူမ၏ရိုးသားလှသောဘဝ၌သိုင်းသမားတို့၏အတွေ့အကြုံဆိုသည်မှာ ဆန်းကြယ်သော အတွေ့ကြုံပင်မဟုတ်ပါလား၊

သူတို့အနားယူစာသောက်လိုက်ပြီးမှ လီအင်းက စကားစလိုက်သည်။

"ညီမ. . ယုယု"

"ရှင်အစ်ကိုကြီး ဘာပြောမလို့လဲဟင်"

"ညီမကို အရေးကြီးတဲ့စကားပြောချင်တယ်"

"ဟုတ်ကဲ့"

ယုယုကစိတ်ဝင်စားစွာနားထောင်လိုက်သည်။



လီအင်းက. . .

"သိုင်းလောကဟာရှုပ်ထွေးပွေလီလှတယ် ပြဿနာများပြားလှတယ် သွေးထွက်သံယို တိုက်ပွဲတွေနဲ့စိတ်ပျက်စရာကောင်းလှပါတယ်"

ယုယုခေါင်းညိတ်လိုက်သည်၊

"အစ်ကိုကြီးပြောတာမှန်တယ်၊ ဒါတို့တွေ့နေလဲတွေ့လာရတာပါပဲ"

သူမသည်လည်းလီအင်း၏ဘဝမှန်ကိုသိရဖို့သိုင်းလောကသို့ခရီးထွက်လာယင်းပြဿနာများနှင့်ကြုံတွေ့ခဲ့ရသဖြင့် စိတ်သောကရောက်ခဲ့ရသည်မဟုတ်ပါလား"

ယုယုကမေးလိုက်သည်။

"အစ်ကိုကြီး သိုင်းလောကကိုစိတ်ကုန်သွားလို့လားဟင်"

"ကျုပ်က. . ."

"အစ်ကိုကြီးပဲ ဝူတန်းတောင်ကိုသွားပြီး သိုင်းတံခွန်ဂိုဏ်းရဲ့ ပြဿနာကိုဖြေရှင်းပေးရဦးမယ်ဆို"

"[illegible]တ်ပါတယ်ညီမရယ်"

"ဒါဖြင့်"

"ကျုပ်ကညီမကို စိုးရိမ်လို့ပြောနေတာပါ။ တကယ်စဉ်းစားလေလေ ညီမအတွက် တကယ်စိုးရိမ်လေလေပါပဲ. . .

ယုယုအံ့ဩသွား၏။

"ကျွန်မအတွက်ဟုတ်လား"

"ဟုတ်တယ် ဝူတန်းတောင်မှာ တိုက်ပွဲတွေနဲ့ ရင်ဆိုင်ရဖို့ သေချာနေတယ် ညီမလေးလိုက်ခဲ့ယင် အန္တရာယ်ကြုံတွေ့နိုင်တယ် ဒါကြောင့်. . ."

လီအင်း၏စကားကို ယုယုကဖြတ်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသဘောပေါက်ပြီ ကျွန်မကိုခေါ်မသွားချင်လို့ပြော နေတာမဟုတ်လားဟင်"

လီအင်းခေါင်းညိတ်လိုက်သည်။

"ညီမကိုခေါ်မသွားချင်တာမဟုတ်ပါဘူး အန္တရာယ်များလွန်းလို့ပါ တိုက်ပွဲတွေဖြစ်လာယင် ညီမကိုထိခိုက်သွားမှာစိုးရိမ်မိတယ်၊ ညီမကိုစောင့်ရှောက်မယ်ဆိုတဲ့ အသိကျုပ်ဆီမှာရှိနေတယ်၊ ကျုပ်တိုက်ပွဲ ကိုဘယ်လိုတိုက်နိုင်တော့မှာလဲ"

လီအင်းဒုက္ခရောက်နေစဉ်က သူမကူညီခဲ့ပြီးဘဝမှန်ကို သိရနိုင်အောင် ကြိုးစားပေးခဲ့သည်။ ယခုတော့ လီအင်း၏ဘဝမှန်ကို သိလိုက်ရပြီးဖြစ်သလို လီအင်းတွင်ရှေ့ဆက်ဆောင်ရွက်စရာကိစ္စများ ရှိနေပြီဖြစ်သည်။

သူမသံယောဇဉ်ဖြစ်မိသော်လည်း အခြေအနေအရ လမ်းခွဲကြရတော့မည် ဖြစ်ပါသည်။

သူမသည် သိုင်းလောကသားတစ်ယောက် မဟုတ်ပါ။ သိုင်းလောက၏အကြောင်းကိစ္စများ၌ပါဝင်ပတ်သက်စရာအကြောင်းမရှိပါ။ရှိလျှင်လည်းသူမအန္တရာယ်တွေ့နိုင်ပါသည်။ လီအင်းကသူမ၏ဘဝမှန်ကိုသိသွားပြီဟုနားလည်းလိုက်သည်။

"ကျွန်မသဘောပေါက်ပါတယ်အစ်ကိုကြီးရယ်ကျွန်မဟာ ကုန်စုံဆိုင်လေးဖွင့်ပြီး ရိုးသား တဲ့ဘဝမှာ စိတ်ပျော်မွေ့နေရမယ်သူပါ သိုင်းလောကဆိုတာ ကျွန်မအတွက် ခက်ထန်ကြမ်းတမ်းတဲ့နယ်မြေတစ်ခုပါ ကျွန်မနဲ့မအပ်စပ်ပါဘူး ဒါကြောင့်ကျွန်မပြန်ပါတော့မယ်ရှင်"

လီအင်းက. . .

"ကျုပ်ကို စိတ်မဆိုးစေချင်ဘူး"

"အို. . . ကျွန်မ ဘာကြောင့်စိတ်ဆိုးရမှာလဲ၊ ကျွန်မတို့ဟာ မောင်နှမတွေပဲ မဟုတ်လားရှင်"



ယုယု၏စကားကြောင့် လီအင်းပြုံးလိုက်သည်။ သူတို့သည် မောင်နှမအရင်းအခြားများပမာဖြစ်ခဲ့သည် မဟုတ်ပါလား"

"ဟုတ်ပါတယ်ညီမဟာ ကျုပ်ရဲ့ညီမလေးတစ်ယောက်ပါပဲ"

ယုယုက. . .

"ကျွန်မကြောင့် အစ်ကိုစိတ်သောက ရောက်မနေပါနဲ့ရှင် ကျွန်မပြန်သွားပါမယ်. . ."

"ညီမ ဘယ်ကိုပြန်မှာလဲ"

"ကုန်စုံဆိုင်ကလေးကိုပေါ့ရှင်"

"ညီမတကယ်ပြောတာလား"

"ကုန်ဆုံဆိုင်ကလေးဟာ ကျွန်မအတွက် နေရာမှန်ပဲဆိုတာ သိထားပါတယ်"

သူမသည် စကားပြောရင်းမာကွန်ပင်အား တစ်ချက်တစ်ချက် ကြည့်နေ၏။

သူမနှင့် မာကွန်ပင်တို့ သံယောဇဉ်ငြိတွယ်နေကြပြီဖြစ်ကြောင်း လီအင်းရိပ်မိသည်။

ထို့ကြောင့်. . .

"ညီလေးကိုအစ်ကိုတစ်ခုအကူအညီတောင်းချင်တယ်"

မာကွန်ပင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပြောပါနောင်ကြီး၊ ဘာပြောမလို့လဲ"

"ယုယုဟာကျုပ်ရဲ့သက်သခင်ကျေးဇူးရှင်ပါ ဒါကြောင့် ယုယု အိမ်ပြန်တဲ့အခါ ညီလေးစောင့်ရှောက်ပြီးလိုက်ပို့ပေးစေချင်ပါတယ်၊ သူအပြန်ခရီးမှာ ဘာအနှောင့်အယှက်မှ မတွေ့စေချင်ပါဘူး"

မာကွန်ပင်က ဝမ်းသာအားရ လက်ခံလိုက်သည်။

"ကောင်းပါပြီ ကျုပ်လိုက်ပို့ပေးလိုက်ပါမယ် ယုယုအတွက် စိတ်ချပါ"

www.burmeseclassic.com

www.burmeseclassic.com



"တော့ရှုပဲညီလေးရယ် ကျုပ်တို့ဝူတန်းမှာပြန်ဆုံကြတာပေါ့ ကျုပ်စိတ်အေးသွားပါပြီ၊ အခုယုယုအတွက် စိတ်မပူရတော့ဘူးပေါ့"

"စိတ်ချပါညီမလေးယုယုကို လိုက်ပို့ပြီးတာနဲ့ ကျုပ်ချက်ချင်းလိုက်ခဲ့ပါမယ်၊ ဝူတန်းမှာဆုံကြတာပေါ့"

"ကောင်းပြီဝူတန်းဂိုဏ်းမှာ ကျုပ်တို့ပြန်တွေ့ကြမယ်"

မာကွန်ပင် လိုက်ပို့မည်ဆို၍ယုယုဝမ်းသာသွားလေတော့သည်။

## အခန်း(၃၂)
## ထိုးစစ်ဆင်ခြင်း

ယုယုလမ်းခွဲသွားပြီဖြစ်သည်။ သူကကျေကျေနပ်နပ်ဖြင့် သူ့အပြန်ခရီးကိုလက်ခံခဲ့ပါသည်။ မာကွန်ပင်ကအိမ်တိုင်ယာရောက်လိုက်ပို့ပေးမည်ဖြစ်ပါသည်။

လူယုတ်မာသူ့ဖွေးသား၏ နှောင့်ယှက်ခံရမည်ကိစ္စကိုလည်းစိတ်ပူစရာမလိုတော့ပါ။ သူတို့သားအဖ သေဆုံးသွားကြပြီမဟုတ်ပါလား။မာကွန်ပင်ကပြတ်ပြတ်သားသားဆုံးမနိုမ်နင်းခဲ့ပြီဖြစ်ပါသည်။

မာကွန်ပင်တစ်ယောက်လုံးရှိနေသဖြင့် ယုယုအတွက် စိတ်ချရပြီဖြစ်ရာ လီအင်းစိတ်အေးသွားသည်။

ကိုရှောင်ဘက်သို့လှည့်ကာ ပြောလိုက်သ်။

"ကဲ . . . ယုယုအတွက်စိတ်ချရပြီဆိုတော့ကျုပ်တို့ ဝူတန်းတောင်တိုသွားဖို့ပဲ ကျန်တော့တယ်"



ကိုရှောင်က. . .

"ကောင်းပြီသွားကြတာပေါ့"

နှစ်ယောက်သားထိုင်ရာမှထရန်ပြင်လိုက်ကြသည်။

ထိုစဉ်. . .

မလှမ်းမကမ်းစာပွဲတစ်လုံးမှ လူလေးယောက်လည်းမတ်တတ် ရပ်လိုက်ကြသည်။

"သွားမယ်ဟေ့တော်ကြာသိုင်းတံခွန်ဂိုဏ်းကလူတွေကို လွတ်သွားဦးမယ် ဒီကောင်တွေဖြုတ်ကောင်တွေကွ"

"ဟုတ်တယ်သူတို့ဟာမြို့ပြင်တောလမ်းကဖြတ်သွားကြလိမ့်မယ်လို့သတင်းရထားတယ်"

"ဝူတန်းတောင်ကိုမရောက်ခင်လမ်းခရီးမှာ ကြားဖြတ်ဟန့်တားပြီးဆုံးမရမယ် ဝူတန်းတောင်ကိုရောက်ရင် အားလုံးရှုပ်ကုန်မယ်"

"ကဲ. . . မြန်မြန်သွားကြစို့"

ထိုလူများသည်စားသောက်ခ ကျသင့်ငွေ ပေးချေကာခပ်သွက်သွက်ထွက်သွားကြသည်။

ကိုရှောင်နှင့်လီအင်းတို့သည် အချင်းချင်းကြည့်လိုက်မိကြလေသည်။

ကိုရှောင်ကလီအင်းအားတိုးတိုးပြောလိုက်သည်။

"သိုင်းတံခွန်ဂိုဏ်းကလူတွေ မြို့ပြင်တောလမ်းကဖြတ် သွားကြလိမ့်မယ်တဲ့"

လီအင်းက. . .

"ဟုတ်တယ် သူတို့ကသွားပြီးတားဆီးကြမှာပဲ"

"ကျုပ်တို့လိုက်သွားရင်ကောင်းမယ်"

"ကောင်းပြီကျုပ်တို့လိုက်သွားကြတာပေါ့"

လီအင်းသဘောတူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှစ်ယောက်သား စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ကြလေတော့သည်။ ဆိုင်အပြင်ဘက်လမ်းပေါ်သို့ရောက်လျှင် လီအင်း၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားသည်။

"ဟိုက်ဒုက္ခပဲ"

"မာကွန်ပင်နဲ့ ယုယုတို့လည်းတောလမ်းကဖြတ်သွားကြ ယင် သိုင်းတံခွန်ဂိုဏ်းကလူတွေနဲ့ တွေ့သွားနိုင်တယ်"

"ဟာ. . ."

ကိုရှောင်လည်း ထိတ်လန့်သွား၏။

သူတို့အချိန်မဆိုင်းဝံ့ပဲ ကိုယ်ဖော့ပညာကိုသုံးကာမြို့ပြင်သို့ တဟုန်ထိုးပြေးလိုက်သွားကြလေတော့သည်။

* * *

မြို့ကလေးမှာနောက်ဘက်တွင်ကျန်ရစ်ခဲ့ပြီဖြစ်သည်။ ယုယုနှင့်မာကွန်ပင်တို့သည် မြို့ပြင်တောလမ်းသို့ရောက်ရှိလာကြသည်။

တောလမ်းကလေးမှာ စိမ်းလန်းစိုပြည်ကာသာယာလှပနေပါသည်။

မာကွန်ပင်နှင့်ယုယုတို့သည်တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာခဲ့ကြသည်။ သူတို့ပင်ပန်းသော်လည်း ပျော်ရွှင် နေကြသည်။

"ကျွန်မအတွက်အစ်ကိုလည်းတော်တော်ပင်ပန်းနေပြီ နော်"

ယုယုက ပြောလိုက်သည်။

မာကွန်ပင် ရယ်မောလိုက်လေသည်။

"ကိစ္စမရှိပါဘူးညီမရယ် ကျုပ်ကူညီနိုင်တာပဲ ဝမ်းသာလှပါပြီ နောင်ကြီးလီအင်းကိုကျေးဇူးတင်ရမှာပဲ သူသာကျုပ်ကိုအကူအညီ မေတာင်းရင် ကျုပ်က ညီမကိုလိုက်ပို့ချင်ပေမယ့် မပို့သင့်ဘူးပေါ့ကွယ်"



"အစ်ကိုကျွန်မတို့လိုက်ပို့ပြီးရင် ဝူတန်းတောင်ကိုပြန်သွားရဦးမှာနော်"

"ဟုတ်တယ် ညီမ သိုင်းတံခွန်ဂိုဏ်းကိုတားဆီးရမှာပါ သူတို့ကို အချိန်မီတားဆီးခြင်းမပြုနိုင်ယင် သိုင်းလောကတစ်ခုလုံး ဒုက္ခရောက်ကြရမှာသေချာတယ်"

"တိုက်ပွဲတွေ ဖြစ်လာဦးမှာပေါ့နော်. . သွေးထွက်သံယို တိုက်ပွဲတွေပေါ့. . ."

"ဒါကတော့ညီမရယ် ဓားလှံလေးမြှားကိုင်ထားတဲ့လူတွေမှာ သွေးတွေပဲစွန်းတော့မှာပေါ့ကွယ်"

ယုယုစိုးရိမ်ပူပန်နေမည်ကို စိုးရိမ်ကာ မာကွန်ပင် ဆက် မပြောပဲ နေလိုက်သည်။

ယုယုက. . .

"အစ်ကိုသတိထားပါနော်"

"စိတ်ချပါညီမရယ်၊ အစ်ကိုသတိထားပါမယ်"

"ဝူတန်းတောင်ကိစ္စပြီးယင်အစ်ကိုကျွန်မဆီကိုလာလည် မလားဟင်"

ယုယုကမျက်နှာကလေးနီနီဖြင့်မေးလိုက်လေသည်။

"ဟာ. . . လာခဲ့မှာပေါ့ အစ်ကို့မှာဘယ်ကိုမှ သွားစရာမရှိဘူး၊ ညီမဟာအစ်ကို့ရဲ့ပန်းတိုင်ပါပဲ"

"ဒါဆိုကျွန်မမျှော်နေမယ်"

"စိတ်ချကျုပ်ဆက်ဆက်ရောက်အောင်လာခဲ့မယ်. မိုးပင်လယ်ကြီးတားဆီးနေရင်လဲ အစ်ကိုအရောက်လာမှာပဲ ဓားတောင်ကြီးကာဆီးနေရင်လဲ အစ်ကိုကျော်လာမှာပဲ"

ဝူတန်းတောင်ကိစ္စပြေရှင်းပြီးလျှင်အန္တရာယ်များကင်းရှင်းသွားကာ သိုင်းလောကတစ်ခုလုံးအေးချမ်း သာယာသွားတော့မည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

ထိုကြောင့် လွတ်လပ်သွားပြီဖြစ်ရာ ယုယုထံသို့အေးအေး ဆေးဆေးသွားရောက်လည်ပတ်နိုင်လိမ့်မည်ဟု မာကွန်ပင်ယုံကြည် သည်။

သို့သော်. . .

သူနှင့်ယုယုတို့တိတ်တခိုးလေးမေတ္တာသက်ဝင်မိခဲ့ကြသော် လည်း သူတို့ချင်းဘယ်တော့မှဆုံဆည်းနိုင်တော့မည်မဟုတ်သည်ကို မာကွန်ပင် မသိနိုင်ခဲ့ချေ။ ကံကြမ္မာအလိုပင်တည်း။

"ဝှတန်းတောင်ကီစွပြီးယင်သိုင်းလောက အေးချမ်းသာယာ သွားလိမ့်မယ် အဲသည်တော့. . ."

သူ၏စကားမှ ... တောအုပ်ထဲမှ စူးရှသော အော်ဟစ်သံ များထွက်ပေါ်လာသည် ကိုကြားလိုက်ရလေတော့သည်။

"အား"

"အမလေး"

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာသည်။

မာကွန်ပင် ရင်ထိတ်သွား၏။

"ညီမသတိထား"

ယုယုကို သတိပေးရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

ထိုအခါ သစ်ပင်များကြားမှနေ၍တောအုပ်ထဲ၌ တိုက်ပွဲတစ် ပွဲဖြစ်ပွားနေသည်ကိုတွေ့လိုက်ရလေတော့သည်။

"တိုက်ကြဟေ့"

"သိုင်းတံခွန်ဂိုဏ်းကလူတွေကိုအလွတ်မပေးနဲ့"

ညာသံပေးသံများ ထွက်ပေါ်လာလေသည်။

မာကွန်ပင်လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"သိုင်းတံခွန်ဂိုဏ်းက လူတွေအနီးပတ်ဝန်းကျင်မှာရောက်နေ တယ် ညီမသည်မှာခဏနေခဲ့ပါ။ ကျုပ်အခြေအနေသွားကြည့် လိုက် ဦးမယ်"



"ကောင်းပါပြီရှင် အစ်ကိုမြန်မြန်ပြန်လာပါနော်"

"စိတ်ချပါညီမရယ်"

မာကွန်ပင်က တိုက်ပွဲဖြစ်ပေါ်နေသောနေရာဆီသို့ဦးတည် ကာပြေးသွားယင်း တောအုပ်ထဲရောက်သွားလေ၏။ မြေပေါ်၌ပြန့် ကျဲနေသောလူသေအလောင်းများကိုတွေ့မြင်လိုက်ရလေသည်။

မြင်းကွင်းကကြည့်မကောင်းပါ။

သိုင်းလောကသားများသည် သိုင်းတံခွန်ဂိုဏ်းသားများ၏ လက်ချက်မိကာသေဆုံးသွားကြခြင်းဖြစ်ကြောင်းမာကွန်ပင်သတိပြုမိ ၏။ မာကွန်ပင်ဒေါသပွသွားလေသည်။

"တော်တော်ရက်စက်တာပဲ"

သေဆုံးနေကြသူများအနက် အချို့မှာဒဏ်ရာရကာသွေး ချင်းချင်းနီနေသော်လည်း အချို့ကား မည်သို့သောဒဏ်ရာဒဏ်ချက်မှ မတွေ့ရပဲ သေဆုံးနေကြသဖြင့်

"သိုင်းတံခွန်ဂိုဏ်းသားတွေဟာ အဆိပ်ကိုတောင်အသုံးပြု လာကြပြီကိုး. . ."

မာကွန်ပင် ပို၍ထိပ်လန့်သွားသည်။ ရှေ့ဆက်လှမ်းသွား လိုက်ရာ သိုင်းသမားများသည် ဝေါယာဉ်တစ်ခုအားဝိုင်း၍တိုက်ခိုက်နေ ကြသည်ကိုတွေ့လိုက်ရသည်။

ဝေါယာဉ်အားမြေပေါ်ချထားပြီဖြစ်သည်။ ဝေါယာဉ် ထမ်းထားသော မိန်းခလေးများသည် သိုင်းလောကသားများ နှင့်ရင် ဆိုင်နေကြ၏။

တိုက်ပွဲကပြင်းထန်နေသည်။

မာကွန်ပင် အကဲခတ်ကြည့်လိုက်ရာဝေါယာဉ်ပေါ်၌အမှတ်

www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်တစ်ခုကိုတွေ့လိုက်ရသည်။

သိုင်းတံခွန်ဂိုဏ်း၏အမှတ်တံဆိပ်ပင်ဖြစ်လေတော့သည်။

"သိုင်းတံခွန်ဂိုဏ်းက ဝေါယာဥ်ဆိုတော့ ဝေါယာဥ်နဲ့လိုက်လာတာ သခင်မလေးတုကုဖုံးများ ဖြစ်နေမလား"

တုကုဖုံးသည် သိုင်းသမားလီအင်း၏ဇနီးသည်ဖြစ်နေခြေပြီ။

"သိုင်းတံခွန်ဂိုဏ်းချုပ် တုချင်းယင်ကြောင့် အစ်ကိုကြီးတို့အိမ်ထောင်ရေးပြိုကွဲခဲ့ရတယ် သည်ကိစ္စကို ငါကူညီဆောင်ရွက်နိုင်ယင်ကောင်းမှာပဲ၊ မာကွန်ပင်တွေးတောနေစဉ်တိုက်ပွဲမှာပို၍ပြင်းထန်လာ၏။

သိုင်းတံခွန်ဂိုဏ်းသည် ဝူတန်းတောင်အား ဒုက္ခပေးမည်ဖြစ်ရာသိုင်းလောကသားများသည် ဝူတန်းတောင်သို့မရောက်မီကြားဖြတ်တိုက်ခိုက်ချေမှုန်းပစဖို့ကြိုးစားနေကြခြင်းဖြစ်သည်။

"မြန်မြန်လာကြဟေ့"

အော်ပြောသံများနှင့်အတူ သိုင်းလောကသားများဟိုမှသည်မှ ပြေးလွှားလာကြသည်။

သိုင်းလောကသားများ တစ်စထက်တစ်စ အင်အားတောင့်တင်း လာသည်ဖြစ်ရာ သိုင်းတံခွန်ဂိုဏ်းသားများ တဖြည်းဖြည်း အရေးနိမ့်လာကြလေတော့သည်။

"အား"

"အွန့်"

"အမလေး"

သိုင်းတံခွန်ဂိုဏ်းမှ လူများတစ်ယောက်ပြီးတစ်ယောက်လဲကျသွားကြလေတော့သည်။

ထိုစဉ်. . .

"သိုင်းတံခွန်ဂိုဏ်းကိုစော်ကားရဲတာနည်းတဲ့သတ္တိမဟုတ်ဘူး"



အော်ဟစ်သံနှင့်အတူ ဝေါယာဥ်ထဲမှ မိန်းကလေးတစ်ယောက်ထွက်လာလေ၏။

ထိုမိန်းကလေးဝေါယာဥ် အပြင်ဘက်သို့ရောက်ရှိလာကာလက်ဝှေ့ယမ်းလိုက်သည်နှင့်. . .

"အား"

"အမယ်လေးဗျ"

"သေပါပြီဗျ"

သိုင်းလောကသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

သိုင်းလောကသားတစ်ယောက်က အော်ပြောလိုက်၏။

"အဆိပ်အသုံးပြုနေတယ်. . . . သတိ. . ."

ထိုသိုင်းသမားသည်အခြားသိုင်းသမားများအားသတိပေးဖို့ကြိုးစားယင်း အဆိပ်မိကာခြေပေါ်သို့ လဲကျသွားလေတော့သည်။

မိန်းခလေးသည် အနက်ရောင် ဝတ်ဆင်ကာ လှပချောမောသူလေးဖြစ်ပါသည်။

သို့သော် . . .

သူမသည် ဩချလောက်အောင် ရက်စက်ကြမ်းကြုတ်သူ ဖြစ်နေပါတော့သည်။

သူမ၏မျက်နှာထားခက်ထန်တင်မာနေသည်။

သူမသည်လက်နှစ်ဘက်ဝှေ့ယမ်းလိုက်လျှင် အဆိပ်လက်နက်ပုန်းကလေးများပစ်လွှင့်သွားပြီး သိုင်းလောကသားများတစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြတော့သည်။

သိုင်လောကသားများက သူမနှင့်တူလိုက်ပါလာကြသည့်သိုင်းတံခွန်ဂိုဏ်းသားများအားသုတ်သင်ပစ်လိုက်သည်ကိုမြင်းနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

အဆိပ်လက်နက်ပုန်းကလေးများသုံးကာ သိုင်းလောကသားများကိုသည်းတစ်ယောက်မကျန်သုတ်သင်ရှင်လင်းပစ်မည့်ပုံရှိသည်။

ယခု. . .

သူမတစ်ယောက်ထဲကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

သူမကသိုင်းလောကသားများအားသုတ်သင့်ပစ်နိုင်ခြင်းမရှိလျှင် သိုင်းလောကသားများကသူမအားသုတ်သင် ရှင်းလင်းပစ်ကြပါလိမ့်မည်။ နှစ်ဘက်စလုံး သေဖို့ရှင်ဖို့ရွေးချယ်စရာလက်နှစ်ဖက်သာရှိသည်။

အခြားရှောင်လွှဲနိုင်မည့်လက်နက်မရှိပါ။

သိုင်းလောကသားများသည်လည်းသိုင်းတံခွန်ဂိုဏ်း၏အန္တရာယ်ကိုကာကွယ်နိုင်ရန် အသက်စွန့်ကြိုးစားမည်သာဖြစ်ပါသည်။

စကြာသိုင်းသမားကြောင့် ခါးသီမှုများခံစားခဲ့ကြရပြီးနောက်ပိုင်းသိုင်းလောကအန္တရာယ်ကိုမဆုတ်မနစ် ရင်ဆိုင်သွားရန် ဆုံးဖြတ်ထားကြပြီးဖြစ်သည်။ သိုင်းတံခွန်ဂိုဏ်းမှ အနက်ရောင်မိန်းမချောကလေးအား သိုင်းလောကသားများကညာသံပေးကာ ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေသည်။

မိန်းကလေးကလည်းအဆိပ်လက်နက်ပုန်း အသုံးပြုကာရက် ရက်စက်စက် ပြန်လည်တိုက်ခိုက်နေသည်။

တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေ၏။

သိုင်းလောကသားများမှာ သူရသတ္တိဖြင့်တိုက်ပွဲဝင်ခဲ့ကြသော်လည်း မိန်းမချောလေး၏အဆိပ်လက်နက်ပုန်းကြောင့် အထိနာနေသည်။

စုးရှသောအော်ဟစ်သံများနှင့်တူ တစ်ယောက်ပြီးတစ်ယောက်လဲကျသွားကြလေတော့သည်။

BURMESE CLASSIC .com



တိုက်ပွဲပြီးဆုံးသွားသည်။

ဝေါယာဥ်နှင့်တူလိုက်ပါလာကြသည့် သိုင်းတံခွန်ဂိုဏ်းသားအားလုံးသေဆုံးသွားကြသည်။

ထိုအတူ. . .

သိုင်းလောကသားများလည်းအနက်ရောင်ဝတ်မိန်းမချောလေး၏လက်ချက်ဖြင့် မြေပေါ်၌အတုံးအရုံးလဲကျနေကြပြီဖြစ်သည်

မာကွန်ပင် မှင်တက်မိကာ တိုက်ပွဲကိုငေးကြည့်နေမိသည်။

မိန်းကလေးကားမာကွန်ပင်ဘက်သို့လှည့်လိုက်၏။

သူမက ခက်ထန်စွာမေးသည်။

"ရှင် ဘာလာလုပ်တာလဲ"

မာကွန်ပင် သက်ပြင်းချလိုက်သည်။

"မင်းဟာ သိုင်းတံခွန်ဂိုဏ်းက တုကုဖုံးမဟုတ်လား"

မိန်းခလေးက မဲ့ပြုံးပြုံးလိုက်သည်။

"သိပ်ဟုတ်တာပေါ့ ခုချိန်မှာ ရှင်ထွက်သွားလို့မရတော့ဘူး"

စကားဆုံးလျှင် အဆိပ်လက်နက်ပုန်းဖြင့် တိုက်ခိုက်လိုက်သည်။

မာကွန်ပင် ကအင်္ကျီလက်ကိုဝှေ့ယမ်းပြီးရိုက်ချပစ်လိုက်လေသည်။

"တောက်. . . တောက်. . . တောက်"

အဆိပ်လက်နက်ပုန်းကလေးများမြေပေါ်သို့ပြုတ်ကျသွားသည်။

အနက်ရောင်ဝတ်မိန်းကလေးကား သခင်မလေးတုကုဖုံးဖြစ်ပါသည်။

တုကုဖုံးမျက်မှောင်ကုပ်သွား၏။

"ရှင့်ရဲ့သိုင်းပညာ ဘယ်ဆိုးလို့လဲ ကျွန်မရဲ့တိုက်ကွက်တို

www.burmeseclassic.com

www.burmeseclassic.com



ခုခံကြည့်ပါဦးရှင်"

ချက်ချင်းပင် မာကွန်ပင် ထံခုန်ဝင်တိုက်ခိုက်လိုက်သည်။

မာကွန်ပင်ကပြန်လည်တိုက်ခိုက်ခြင်းမပြုပဲ နောက်ဆုတ်ရှောင်တိမ်းလိုက်၏။

တုကုဖုံးက. . .

"ရှင်ထွက်ပြေးလို့မရတော့ဘူး"

သူမပြေးလိုက်လာပြီး တရကြမ်းတိုက်ခိုက်လိုက်၏။

မာကွန်ပင်ကအော်မေးလိုက်သည်။

"တုကုဖုံး မင်းကကျုပ်ကို မသိချင်ဟန်ဆောင်နေတာလား တကယ်ပဲမမှတ်မိတာလား"

အမှန်တော့မာကွန်ပင်သည် တုကုဖုံးအားတွေ့ရကတည်းက မှတ်မိခဲ့သည်။

လီအင်း၏ဇနီးသည် ဖြစ်နေခြင်းကြောင့် ရင်ဆိုင်ဖို့အခက်ကြုံနေရ၏။

တုကုဖုံးက သိုင်းလောကသားများအား ရက်ရက်စက်စက်တိုက်ခိုက်ခဲ့သည်ကိုလည်းမယုံနိုင်အောင်ဖြစ်နေခဲ့သည်။ ယခုတော့မနေနိုင်တော့ပဲမေးလိုက်ခြင်းဖြစ်သည်။

တုကုဖုံးက. . .

"ကျွန်မဘာကြောင့်မမှတ်မိရမှာလဲ ရှင်ဟာလီအင်းအပေါ်မှာ သစ္စာဖောက်တဲ့လူပဲ"

"ဘာ. . ."

"ရှင်ရယ်ကိုရှောင်ရယ်နှစ်ယောက်ပေါင်းပြီး ဝူတန်းသိုင်းကျမ်းကိုရယူဖို့ကြံစားခဲ့တဲ့အစ်ကို့ကို သတ်ပစ်ခဲ့ကြတာမဟုတ်လား"

"မဟုတ်ဘူး"

"ရှင်လိမ်ပြောနေလို့အပိုပဲ"



"မင်းမှားနေပြီ"

"ရှင်နဲ့ကိုရှောင်ကိုမကျေနပ်ဘူး"

တုကုဖုံးသည်လက်ဝါးနှစ်ဘက်အသုံးပြု၍မာကွန်ပင်အားတိုက်ခိုက်လိုက်လေ၏။

မာကွန်ပင်ကရင်ဆိုင်တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်လေသည်။

"ကျုပ်နဲ့ကိုရှောင်က လီအင်းကို အကောက်ကြံခဲ့တယ်လို့ ဘယ်သူက ပြောသလဲ ဘယ်လိုသက်သေပြမလဲ"

တုကုဖုံးရယ်မောလိုက်သည်။

"ကျွန်မအမေ ကိုယ်တိုင်ပြောခဲ့တာပေါ့ရှင် မေ့မေ့ရဲ့လက်တစ်ဘက်ဆုံးရှုံးခဲ့တာက သက်သေပေါ့ရှင်"

မာကွန်ပင် ခေါင်းခါရမ်းလိုက်သည်။

"မင်းပြောတာတွေ ကျုပ်နားမလည်ဘူး၊ မင်းရဲ့အမေလိမ်ညာခဲ့တာ နောင်ကြီးလီအင်းဟာ. . ."

လီအင်းအသက်ရှင်လျက်ရှိနေသေးကြောင်းတုချင်းယင်အကောက်ကြံသဖြင့်အတိတ်မေ့သည် အထိဒုက္ခရောက်ခဲ့ပုံများကိုပြောပြရန်ဟန်ပြင်လိုက်၏။

တုကုဖုံးမှာဒေါသတကြီးတိုက်ခိုက်နေကာပြင်းပြင်း ထန်ထန်တိုက်ခိုက်လာသဖြင့် မာကွန်ပင်ဘာမှမပြောနိုင်တော့ချေ။

"ရှင့်ကိုသတ်ပစ်မယ်"

တုကုဖုံးသည် လက်ဝါးနှစ်ဘက်အပြင် အဆိပ်လက်နက်ပုန်းများပါ အသုံးပြုကာ တိုက်ခိုက်လိုက်ရာ မာကွန်ပင် အခက်ကြုံသွား၏။ ရင်ဆိုင်တိုက်ခိုက်လိုက်၍တုကုဖုံးထိခိုက်သွားမည်ကိုလည်းစိုးရိမ်နေသည်။

ထို့ကြောင့်အဝေးသို့ရောက်အောင်ခုန်ထွက်ကာရှောင်တိမ်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ထိုအချိန်မှာပင်. . .

"အစ်ကိုသတိထားနောက်မှာလူ"

ယုယု၏သတိပေးသံထွက်ပေါ်လာ၏။ ယုယုသည်သူ့အား စိတ်မချပဲ လိုက်လာပြီးမလှမ်းမကမ်းမှ တိတ်တဆိတ်ချောင်းကြည့်နေကြောင်း မာကွန်ပင်သဘောပေါက်လိုက်၏။

ယုယုအတွက် စိုးရိမ်သွားသကဲ့သို့ ယုယု၏သတိပေးစကားကြောင့်ချာခနဲနောက်လှည့်ကြည့်မိသည်။

ထိုအခါ. . .

သူ၏နောက်ကျောဘက်၌လက်တစ်ဘက်ပြတ်နေသော အဘွားအိုတစ်ယောက်ရောက်ရှိနေသည်ကို တွေ့လိုက်ရလေတော့သည်။

"ဟင်. . ."

တုကုဖုံးအပေါ်အာရုံရောက်နေသဖြင့် နောက်ကျောဘက်၌ ရန်သူရောက်နေသည်ကို သတိမထားမိအောင်ဖြစ်ခဲ့သည်။

အဘွားအိုမှာ တစ်ဘက်တည်းသောလက်ဖြင့်မာကွန်ပင်အား ရိုက်ချလိုက်သည်။

မာကွန်ပင် ထိတ်လန့်ကာရှောင်တိမ်းရန်ကြိုးစားလိုက်သော်လည်းနောက်ကျနေပြီဖြစ်ပါသည်။

"ဝုန်း"

"အား"

မာကွန်ပင်ရှူရှူအော်ဟစ်ကာအဝေးသို့လွင့်စင် သွားတော့သည်။

"အစ်ကို"

ယုယုအလန့်တကြားဖြင့်ပြေထွက်လာပြီးမာကွန်ပင်အား



ဖေးမရန်ကြိုးစားလိုက်၏။

သို့သော်. . .

တုကုဖုံးက အဆိပ်လက်နက်တုန်းဖြင့် တိုက်ခိုက်လိုက်သဖြင့်

"အမလေး"

ယုယုမြေပေါ်လဲကျသွားလေတော့သည်။ သိုင်းလောကအေးချမ်းသာယာသွားလျှင် ပျော်ရွှင်စရာဘဝသစ်တစ်ခုတည်ဆောက်ကြမည်ဟုရည်ရွယ်ခဲ့ကြသောယုယုနှင့်မာကွန်ပင်တို့မြေပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်နေ၏။

ယုယုကမာကွန်ပင်အတွက်စိုးရိမ်မိခြင်းကြောင့်ကံဆိုးသွားခြင်းဖြစ်သည်။

မာကွန်ပင်ကားလီအင်းနှင့်ပတ်သက်နေသည့်တုကုဖုံးအား တိုက်ခိုက်ခြင်းမပြုလိုခြင်းကြောင့် ကံဆိုးသွားရခြင်းဖြစ်ပါတော့သည်။

လက်တစ်ဖက်ပြတ်နေသောအဘွားအိုမှာ သိုင်းတံခွန်ဂိုဏ်းချုပ် တုချင်းယင် ဖြစ်ပါတော့သည်။

တုချင်းယင်ရယ်မောလိုက်သည်။

"သမီးတော်တယ် သိုင်းလောကသားတွေကိုခုလိုပြတ်ပြတ်သားသားဆုံးမရမယ် ဝူတန်းဂိုဏ်းကိုဆုံးမပြီတာနဲ့ သိုင်းလောကတစ်ခုလုံး မေမေတို့ခြေဖဝါးအောက်ရောက်လာအောင်ကြိုးစားသွားကြ မယ် သမီးသာမေ့မေ့စကားကိုနားထောင်ရင်မအောင်မြင်နိုင်စရာအကြောင်းမရှိဘူး"

တုကုဖုံးက. . .

"သမီး နားထောင်ပါ့မယ် မေမေ"

တုချင်းယင်၏မျက်နှာခက်ထန်သွား၏။

"မေမေတို့ ဝူတန်းတောင်ကိုအရောက်မသွားနိုင်အောင် ဟန့်တားကြမယ့်လူတွေကိုဆုံးမရမယ် ကဲသွားကြစို့"

"ကောင်းပါပြီမေမေ"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားထွက်သွားရန်ဟန်ပြင်လိုက်ကြ၏။

ထိုစဉ်...

"ဟူး... ဟူး... ဟူး...

အဝတ်လေတိုးသံများထွက်ပေါ်လာသည်။ လူတစ်ယောက်ပြေးသွားရောက်ရှိလာလေသည်။

တုချင်းယင်နှင့်တုကုဖုံးတို့ခြေလှမ်းရပ်လိုက်ကြသည်။

ရောက်ရှိလာသူအားကြည့်လိုက်ကြသည်။

ရောက်ရှိလာသူမှာ ကိုရှောင်ဖြစ်လေသည်။

## အခန်း(၃၃)
## ဆုံးရှုံးခြင်းမျက်ရည်

တုချင်းယင်နှင့်တုကုဖုံးတို့ခြေလှမ်းရပ်လိုက်ကြသည်။ပြေးလွှားရောက်ရှိလာသူကိုကြည့်လိုက်မိကြ၏။

ထိုလူမှာကိုရှောင်ဖြစ်သည်။

ကိုရှောင်နှင့်လီအင်းတို့သိုင်းတံခွန်ဂိုဏ်းမှလူများနောက်ရှိလာသည်ဟုသိရပြီးသိုင်းသမားများနောက်သို့ လိုက်လာခဲ့ကြသည်။

မြို့ပြင်တောအုပ်သို့ရောက်လျှင်လူစုခွဲကာလိုက်လံ ရှာဖွေကြလေသည်။

ကိုရှောင်က ဦးစွာတုချင်းယင်တို့အား ရှာဖွေတွေ့ရှိလိုက်ခြင်းဖြစ်သည်။

တုကုဖုံးသည်ကိုရှောင်ကိုတွေ့လျှင်မျက်မှောင်ကုပ် သွားသည်။

ကိုရှောင်ကလည်းတည်းခိုခန်း၌သူ့အားအဆိပ်ခပ်ခဲ့သောအနက်ရောင်မိန်းကလေးဖြစ်ကြောင်းချက်ချင်းမှတ်မိသွားသည်။

"မင်း... မင်း"



တုကုဖုံးက...

"ရှင်ကိုး"

တုချင်းယင်ကကြားဖြတ်ပြောလိုက်သည်။

"သူဟာတစ်ချိန်တုန်းက မေမေ့မိတ်ဆွေစုယီရှသေ့ကိုဒုက္ခပေး ပြီး ဝှတန်းသိုင်းကျမ်းကိုစွမ်းမှာဝင်ရှုပ်ခဲ့ဘူးတဲ့ကိုရှောင်ဆိုတဲ့လူပေါ့ ဝှတန်းကျမ်း ကိုစွန့်သူရဲကောင်းကြီးဖြစ်သွားတာပေါ့လေ"

တုကုဖုံးမျက်နှာခက်ထန်သွားလေသည်။

"သူရဲကောင်းကိုရှောင် ဟုတ်လား"

"မှန်တယ်"

"ဒါဖြင့်..."

"သမီးယောက်ျားကို သတ်သွားတာ သူပဲ"

တုကုဖုံးဒေါသထွက်လာသည်။

မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကိုရှောင်ကိုစိုက်ကြည့်ယင်းပြောလိုက်သည်။

"ရှင်မှန်းသိရင် တည်းခိုခန်းကကျွန်မ ထွက်မသွားပါဘူး ရှင်သေသွားတာကိုစောင့်ကြည့်နေခဲ့မှာပါ"

ကိုရှောင်လည်း ဒေါသထွက်နေသည်။

"မင်းတော်တော်ရက်စက်တာပဲ၊ကျုပ်က မင်းကိုစေတနာထားခဲ့တယ်၊မင်းကတော့ ကျုပ်ကိုဒုက္ခပေးခဲ့တယ် မဟုတ်လား"

တုကုဖုံးက

"ရှင်သေသွားတာကို နံဘေးက အရသာခံပြီး ထိုင်ကြည့်နေခဲ့သင့်တာ ရှင့်"

ကိုရှောင်ကလည်း

"စိတ်ချ.. ကျုပ်ကမင်းကိုဆုံးမပြမယ်.."

ကိုရှောင်သည်တုကုဖုံး၏ရက်စက်မှုကိုမကျေမနပ်ဖြင့်ကာတိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

တုချင်းယင်က...

www.burmeseclassic.com

www.burmeseclassic.com



"သမီးနောက်ဆုတ်လိုက် သူ့ကိုမေမေ ဆုံးမလိုက်မယ်"

ချောလင်းရှေ့သို့ လှမ်းထွက်လိုက်သည်။

ကိုရှောင်သည်တုချင်းယင်ကိုကြည့်ယင်းမျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားဟာသိုင်းတံခွန်ဂိုဏ်းချုပ်တုချင်းယင်မဟုတ် လား"

"ဟား. . . ဟား. . . . ဟား. . ."

တုချင်းယင်ဟားတိုက်ရယ်လိုက်သည်။

ကိုရှောင်က. . .

"မင်းကောတုကုဖုံးလား"

တုကုဖုံးဘက်သို့လှည့်ကာမေးသည်။

တုကုဖုံးမှာပြုံးပြုံးလိုက်လေ၏။

"ဘာလဲ. . . ကျွန်မတို့သားအမိအကြောင်းကိုသိသွားလို့ကြောက်လန့်နေပြီလားရှင့်"

ကိုရှောင်ငိုင်သွားသည်။

"လက်စသပ်တော့မင်းက တုကုဖုံးဖြစ်နေတာကိုး"

တုကုဖုံးသည်လီအင်း၏ဇနီးဖြစ်နေသည်။

ထို့ကြောင့်တုကုဖုံးနှင့်ရင်ဆိုင်ဖို့အခက်ကြုံသွားလေတော့သည်။

ထိုစဉ်. . .

"မင်းသေဖို့ပြင်ထားပေတော့"

တုချင်းယင်က စတင်တိုက်ခိုက်လိုက်လေသည်။

ကိုရှောင် ကဗျာကယာ နောက်ဆုတ်ကာရှောင်တိမ်းလိုက်သည်။ ဤတွင်. . . .

မြေပေါ်လဲကျသေဆုံးနေသောမာကွန်ပင်နှင့်ယုယုတို့ဘက်သို့ရောက်သွားလေသည်။

"ဟာ. . ."

ကိုရှောင်လွတ်ခနဲအော်လိုက်မိသည်။ မာကွန်ပင်သေဆုံးသွား



ပြီဖြစ်သည်ကိုသူတွေ့လိုက်ရသဖြင့်သူ့စိတ်ထားများပြောင်းလဲသွားတော့သည်။

"မင်းတို့ရက်စက်လှချေလား"

တုကုဖုံးက. . .

"ကျွန်မယောက်ျားအတွက်ရှင်နဲ့မာကွန်ပင်ကိုသတ်မှ ကျွန်မကျေနပ်မယ်ရှင့်. . ."

"ဘာ"

"ကျွန်မယောက်ျားဟာ မေမေ့အတွက် ဝုတန်သိုင်းကျမ်းကိုခဏငှားယူဖို့ကြိုးစားတာကိုရှင်တို့တားဆီးခဲ့ကြပြီး၊ သူကလက်မခံတော့အကောက်ကြံပြီး သတ်ပစ်လိုက်ကြတယ်မဟုတ်လား"

ကိုရှောင်က. . .

"မင်းဘာတွေပြောနေတာလဲ"

တုကုဖုံးက. . .

"ကျွန်မယောက်ျား သေဆုံးသွားသလို ရှင်တို့လည်း သေရမယ် ဆိုတာမှတ်ထားပါ။"

သူမပြောဝင်တိုက်ခိုက်လိုက်သောအခါကိုရှောင် ကဗျာကယာရှောင်တိမ်းလိုက်လေသည်။

"မင်းဘာတွေပြောနေတာလဲ လီအင်းဘယ်မှာ သေသွားလို့လဲ သူအသက်ရှင်နေတာပဲ မဟုတ်လား"

"ဘာရှင့်"

"လီအင်း မသေမှမသေတာ၊ သူမကြာခင် ဒီကိုရောက်လာလိမ့်မယ်"

"ရှင်. . . ရှင်ဘယ်လိုပြောလိုက်တာလဲ ကျွန်မယောက်ျား အသက်ရှင်နေသေးတယ် ဟုတ်လား"

"ဟုတ်တယ်"

တုကုဖုံးက မိခင်ကြီးတုချင်းယင်ဘက်သို့လှည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ. . . အစ်ကို အသက်ရှင်. . ."

သူမ၏စကားဆုံးအောင်မပြောလိုက်ရပါချေ။

တုချင်းယင်ကအော်ငေါက်ပြီးခုန်ဝင်လာ၏။

"မင်းသေဖို့သာ ပြင်ထား"

ကိုရှောင်အား တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ကိုရှောင်လည်းလက်ဝါးနှစ်ဘက်၌အတွင်းအားစုစည်းကာခုခံလိုက်၏။

သူတို့နှစ်ဦးထိပ်တိုက်ရင်ဆိုင် လိုက်ကြချိန်မှာပင်။

"ဟူး. . ."

အဝတ်အစားလေတိုးသံများနှင့် အတူ လူတစ်ယောက်ရောက် လာပြီး ကိုရှောင်ဘက်မှ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

တုချင်းယင်ချက်ခြင်းနောက်ဆုတ်ပေးလိုက်ရလေတော့ သည်။

တုချင်းယင်နောက်ဆုတ်လိုက်ရ၏။

ကြားဝင်တိုက်ခိုက်သူအားမကျေမနပ်ကြည့်လိုက်သည်။ ထိုလူအားသေသေချာချာမြင်လိုက်ရလျှင်တုချင်းယင် မျက်နှာပျက်သွားသည်။

"မင်း. . . မင်း လီအင်း"

တုကုဖုံးကလည်း

"အစ်ကို"

ဝမ်းသာအားရ ခေါ်ယင်းပြေးသွားရန်ဟန်ပြင်လိုက်၏။

"သမီး"

တုချင်းယင်ကသမီး ဖြစ်သူ၏လက်ကိုဆွဲကာဟန့်တားထားလိုတ်လေသည်။

လီအင်းသည် မာကွန်ပင်နှင့်ယုယုတို့၏ အလောင်းများကိုတွေ့လျှင်ဒေါသထွက်သွားသည်။



ဇနီးသည်တုကုဖုံးအားပြန်တွေ့ရသော်လည်းဝမ်းမသာနိုင်တော့ချေ။

"ခင်ဗျားရက်စက်လှချေလား"

တုချင်းယင်က. . .

"ဟိုတစ်ခါမင်းကံကောင်းလို့ အသက်ရှင်ခဲ့ယင်သည်တစ်ခါတော့ကံမကောင်းနိုင်တော့ဘူး မင်းတို့ဒါကိုယုံကြည်အောင်[illegible]မယ်"

ပြောယင်းရှေ့တိုးလာ၏။

တုကုဖုံးကဟန့်တားလိုက်သည်။

"မေမေဘာတွေဖြစ်နေတာလဲ ကျွန်မကိုပြောပြပါဦး"

တုချင်းယင်ဘာမှမပြောပါ။

လီအင်းကပြောလိုက်သည်။

"ညီမကိုပြန်ခေါ်သွားပြီး ဝူတန်းသိုင်းကျမ်းကိုယူမပေးယင် အစ်ကိုတို့နှစ်ယောက်ရှင်ကွဲမကွဲပဲသေကွဲကွဲရမယ်လို့ အကြပ်တိုင်ခဲ့တာကြောင့် အစ်ကိုဟာဝူတန်းဂိုဏ်းအပေါ်ကျေးဇူးရှိခဲ့တဲ့ကိုရှောင်ကိုလိုက်ပြီးအကူအညီတောင်းခဲ့တယ်"

ကိုရှောင်ဝင်ပြောလိုက်သည်။

"မာကွန်ပင်က မင်းတို့ဇနီးမောင်နှံအကြောင်းကိုလာပြောလို့ ကျုပ်ကဝူတန်းဂိုဏ်းချုပ်ကို မေတ္တာရပ်ခံပြီး ဝူတန်းသိုင်းကျမ်းကိုယူလာပြီး နောင်ကြီးလီအင်းကိုပေးအပ်ခဲ့တာပဲ"

တုကုဖုံးသည် လီအင်းနှင့်ကိုရှောင်တို့၏စကားများကြောင့် အံ့ဩသွားလေသည်။

လီအင်းက. . .

"ကျုပ်ဝူတန်းကျမ်းကိုရလာပြီး တဲ့နောက်မှာညီမမေမေနဲ့တွေ့ခဲ့တယ်၊ သိုင်းလောကကိုဒုက္ခမပေးရဘူးဆိုတဲ့ကတိတောင်းပြီး ဝူတန်းသိုင်းကျမ်းကိုပေးအပ်ခဲ့တယ်၊ သူကတိပေးပြီးဝူတန်းကျမ်းကိုလည်းရရော အစ်ကို့ကိုအကောက်ကြံတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



တုချင်းယင်အကောက်ကြံသဖြင့် အသက်မသေသော် လည်းအတိတ်မေ့သွားပြီး ယုယုကအသက်ကယ်စောင့်ရှောက်ထားပုံနှင့် လူယုတ်မာသူဌေးသားဒုက္ခပေးသောအခါ မာကွန်ပင်ကူညီခဲ့ပုံများကို ရှင်းပြလိုက်လေသည်။

တုကုဖုံးငိုင်သွား၏။

သူမမှားသွားပြီဖြစ်ကြောင်းကိုလည်းသဘောပေါက်သွား လေတော့သည်။

"မေမေဒါတွေကအမှန်ပဲလားဟင်"

တုချင်းယင်အား မေးလိုက်လေသည်။ တုချင်းယင်ကခေါ သတကြီး ဖြစ်သွားလေ၏ ။ သူမ၏ခေါသပေါက်ကွဲသွားလေပြီသူမ အတွက်သိုင်းကျမ်းမှတပါးအားလုံးအသေးအဖွဲ့ဖြစ်သည်။

"မှန်တယ်ဆိုရင်ကော ညည်းဘာပြောမလဲ"

"မေမေရယ် ကျွန်မကို လိမ်ညာထားခဲ့တာကိုး"

"အေး. . . ညည်းယုံကြည်အောင် ငါ့ရဲ့လက်တစ်ဖက် တောင် အဆုံးရှုံးခံခဲ့ရသေးတာပဲ၊ ဘာလဲ ညည်းကလီအင်းဘက်က ရပ်တည် ချင်လို့လားခုမှတော့မရနိုင်တော့ဘူး၊ ညည်းလက်ချက်နဲ့ သူတို့ လူတွေ သေဆုံးကုန်ပြီ၊ ညည်းကို ဘယ်သူမှာခွင့်လွှတ်မှာမဟုတ်ဘူး"

အတ္တကြီးမားသော မိခင်ကြီးကြောင့် အားလုံးဒုက္ခရောက်ကြ ရပြီဖြစ်ကြောင်း လီအင်းနားလည်သွားလေတော့သည်။

တုကုဖုံးသည်လီအင်းနှင့်ပျော်ရွှင်စွာနေထိုင်လျက်ရှိနေချိန် မှာပင် သိုင်းတံခွန်ဂိုဏ်းမှလူများကလာရောက်ဖမ်းဆီးသွားခဲ့ကြသည်။

လီအင်းအားသိုင်းကျမ်းယူပေးမှ သူမနှင့် ပြန်တွေ့ခွင့်ပြုမည် ဟုအကြပ်ကိုင်ခဲ့ကြောင်းသူမသိသွား၏။

နောက်ပိုင်းတွင်လီအင်းက သိုင်းကျမ်းရရှိဖို့ကြိုးစားရာ တိုရှောင်နှင့်မာကွန်ပင်တို့ကတားမြစ်ခဲ့ကြပြီးတိုက်ပွဲဖြစ်ပွားကာလီအင်း သေဆုံးသွားသည်ဟု တုချင်းယင်ကပြောခဲ့သည်။



တုချင်းယင်က သိုင်းကျမ်းရရှိဖို့နှင့် လီအင်းကိုကူညီဖို့ ကြိုးစား ရင်း တစ်ရက်ဆုံးရှုံးသွားသည်ဟုသိခဲ့ရသည်။

ယခုတော့. . .

မိခင်ကြီးကြောင့်သူမအမှားများကိုဆက်လက် ကျူးလွန်မိခဲ့ လေပြီ အစ်ကိုလီအင်း၏. . .

တုချင်းယင်က. . .

"တုကုဖုံး၊ငါ့လက်တဖက်ကိုအဆုံးရှုံးခဲ့တာညည်းကိုခွင့်လွှတ် နိုင်လို့ပဲ ညည်းက ရန်သူဘက်ကရပ်တည်ချင်သေးသလား"

"မေမေရယ် ရက်စက်လိုက်တာ"

တုကုဖုံးညည်းတွားယင်းမျက်နှာကိုလက်ဝါး[illegible] ကျွေးလိုက်လေတော့သည်။

လီအင်းသေဆုံးသွားပြီဆိုခြင်းကြောင့်တုကုဖုံးမှာ [illegible] လောက အားစိတ်နာသွားလေသည်။

တုချင်းယင်က သိုင်းလောကသားများအားဆုံးမရန် အဆိပ် အသုံးပြုခိုင်းသည်။

နဂိုကပင် စိတ်ဓါတ်ခက်ထန်သောတုကုဖုံးသည် အဆိပ်လက် နက်ပုန်းပညာကိုထပ်မံလေ့ကျင့်ခဲ့သည်။ ခုတော့အားလုံးခြေလွန်လက် လွန်ဖြစ်ကုန်ပြီ ဟုနားလည်လိုက်လေတော့သည်။

တုချင်းယင်ကိုလီအင်းကသိုင်းကျမ်းယူလာပေးပြီးသိုင်းလော ကကိုဒုက္ခမပေးဖို့ကတိတောင်းခဲ့လေသည်။

တုချင်းယင်ကကတိပေးပြီးသိုင်းကျမ်းရသောအခါ လီအင်းကို အကောက်ကြံခဲ့သည်။ လီအင်းသေဆုံးသွားပြီမှတ်ကာထားပစ်ခဲ့ပြီး သိုင်းကျမ်းရခဲ့ပြီးလီအင်းပျောက်ဆုံးသွားလျှင်တုကုဖုံးအားပြောဆိုဖို့ ခက်ခဲမည်ဖြစ်ကြောင်းနားလည်သည်။

တုကုဖုံးအားမဆုံးရှုံးရလေအောင် သူမပြောစကားယုံ ကြည်လက်ခံလာစေရန် လက်တစ်ဖက်ကို အဆုံးရှုံးခံခဲ့ခြင်းဖြစ်သည်။

ယခုတော့အဖြစ်မှန်ပေါ်ပေါက်သွားချေပြီ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ဟား . . ."

တူချင်းယင်ကဟားတိုက်ရယ်မောလိုက်၏။

"တကယ်ဆို ငါတို့ သားအမိနှစ်ယောက်ရဲ့ဘဝဟာ ခွဲခြားလို့ [illegible] သိုင်းလောကသားတွေကလည်းလက်ခံကြမှာမဟုတ်ဘူး သူတို့က သုတ်သင်ပစ်ဖို့ ကြိုးစားကြလိမ့်မယ် ငါတို့ကလည်းသူတို့ကို သုတ်သင် ရှင်လင်းပစ်ရမယ်"

ကိုရှောင်သည်အကြောင်းစုံသိနေပြီးဖြစ်ရာတူချင်းယင်အား အမုန်းကြီး မုန်းသွားလေတော့သည်။

"ခင်ဗျားတော်တော်ရက်စက်တာပဲသေဖို့သာပြင်ပေတော့"

ကြုံးဝါးယင်း ခုန်ဝင်တိုက်ခိုက်လိုက်သည်။တူချင်းယင်ကလည်း ပြန်လည် တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေ တော့သည်။

တူချင်းယင်သည်ဝူတန်းခုနစ်စဉ်ကြယ်ကျမ်းကိုရရှိသည် နောက်တွင်လျှို့ဝှက်ချက်လဲထုတ်ကာချေမှုန်းနိုင်မည့်သိုင်းကွက်များ တီထွင်ခဲ့သည်။

နဂိုကပင် သိုင်းပညာထက်မြက်သူဖြစ်ရာ ဝူတန်းခုနစ်စဉ် ကြယ်ကျမ်းကိုပါလေ့လာနိုင်ခဲ့သဖြင့် ပြိုင်ဘက်ကင်းသူဖြစ်လာတော့ သည်။

သို့သော် . . .

သူမ၏အတ္တစိတ်ကသူမအားပြန်လည်ထိခိုက်စေခဲ့လေ သည်။

တုကုဖုံးယုံကြည်စေရန်လက်တဖက်အဆုံးရှုံးခံခဲ့သည်ဖြစ်ရာ ကျန်လက်တစ်ဖက်ကိုသာ အသုံးပြုနိုင်ခဲ့တော့သဖြင့် သူမ၏ သိုင်း စွမ်းမှာထိရောက်သင့်သလောက်ထိရောက်မှုမရှိဘဲယုတ်လျော့သွား ခဲ့တော့သည်။ခုနစ်စင်ကြယ်ပညာမှာ တစ်ဦးချင်း ဖော်ထုတ်သည်ထက် ခုနစ်ဦးပေါင်းစပ်ဖော်ထုတ်မှ ထက်မြက်သည်။

လက်နှစ်စုံရှိသည်ထက် လက်ခုနစ်စုံရှိမှပို၍ထက်မြက်သည်။ သူမသည်လက်တစ်ဖက်ဆုံးရှုံးသွားခဲ့သဖြင့်သိုင်းပညာ၏နက်နဲသောအပိုင်း



အား ဖော်ထုတ်ရန်ခက်ခဲသွားလေတော့သည်။သို့မဟုတ်လျှင်မြင်းကို ချိတတ်ပေးသကဲ့ သို့ဖြစ်သွားပေလိမ့်မည်။

သူမ၏သိုင်းအားယုတ်လျော့သွားခြင်းကြောင့်သိုင်းလောက သားများကံကောင်းသွားကြခြင်းဖြစ်ပါတော့သည်။

ကိုရှောင်ကတိုက်ခိုက်လိုက်သော်လည်း တူချင်းယင်းအား ယှဉ်ဖို့မလွယ်မှန်း ရိပ်မိနေသည်။ လီအင်းတ လက်ပိုက်ကြည့် မနေ တော့ပါ။ တူချင်းယင်ကိုစိတ်[illegible]ကြောင့် မှည့်မှည့် ဝေးဝေးစဉ်းစားမနေတော့ပဲ တိုက်ပွဲအတွင်းသို့ ချဉ်းကပ်လိုက်လေတော့ သည်။

တိုက်ပွဲက ကြောက်ခမန်းလိလိ ပြင်းထန်နေပါသည်။ ကိုရှောင် နှင့်လီအင်းတို့၏ သိုင်းပညာမခေပါ။

သို့သော် . . .

တူချင်းယင်အားရုတ်တရက်အနိုင်မရနိုင်သည့်အပြင် တူချင်း ယင်၏ လက်ချက်ကြောင့် အခက်ကြုံနေပါတော့သည်။

"သွားစမ်း"

တူချင်းယင်က အော်ငေါက်ရင်း လက်ဝှေ့ယမ်းလိုက်လျှင်

"ဝုန်း . . . ဝုန်း"

ကိုရှောင်နှင့်လီအင်းတို့အဝေးသို့လွင့်စဉ်သွားကြလေ တော့ သည်။

"အစ်ကို"

တုကုဖုံးအထိတ်တလန့်ဖြစ်သွား၏။

လီအင်းထိခိုက်သွားမည်ကိုသူမစိုးရိမ်နေပါသည်။

တူချင်းယင်ကငေါက်လိုက်သည်။

"သမီးနောက်ဆုတ်စမ်း"

တုကုဖုံးမှာ မိခင်နှင့်ခင်ပွန်းသည်ကြား၌ဗျာများနေတော့ သည်။

"ယား"

www.burmeseclassic.com

www.burmeseclassic.com



"သေပေတော့"

ကိုရှောင်နှင့်လီအင်းတို့ကညာသံပေးကာတိုက်ခိုက်ကြပြန်လေတော့သည်။

ယခု. . .

လီအင်းကဆုံးဖြတ်ချက်ချလိုက်ပြီ ဖြစ်သည်။

တုကုဖုံးကိုခဏမေ့ထားပြီး တုချင်းယင်နှင့်ပြတ်ပြတ်သားသားရင်ဆိုင်သွားရန်ဖြစ်သည်။

တုချင်းယင်အားဟန့်တားဆုံးမနိုင်မှသာသိုင်းလောကဒုက္ခရောက်ရမည့်ဘေးကို တားဆီးကာကွယ်နိုင်လိမ့်မည် မဟုတ်ပါလား။

တုချင်းယင်မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့နှစ်ယောက်စလုံးငါ့လက်ကမလွတ်နိုင်ဘူးဆိုတာမှတ်ထားပါ"

သူမသည်လက်ဝှေ့ယမ်းကာပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်လေသည်။ တိုက်ပွဲပြင်းထန်နေ၏။

ကိုရှောင်နှင့်လီအင်းတို့နှစ်ယောက်ပေါင်းကာ တိုက်ခိုက်လိုက်ကြသော်လည်း တုချင်းယင်ကိုအနိုင်ရဖို့ခက်နေ၏။

သို့သော်. . .

သူတို့နောက်မဆုတ်တော့ပါ။ .အသက်စွန့်ကာ တိုက်ခိုက်ရန်ဆုံးဖြတ်ထားကြပြီဖြစ်လေသည်။ သို့မှသာ သူတို့သည် သူတို့အပြစ်အတွက် အပြစ်ဒဏ်ကျခံပြီး ဖြစ်သကဲ့သို့ ရှိလေမည်။

သူတို့၏စွန့်စားတိုက်ခိုက်မှုကြောင့်တုချင်းယင်အခက်ကြုံသွားသည်။

"လီအင်းတို့အားအနိုင်ယူမည်ဆိုလျှင်သူမလည်းထိခိုက်သွားလိမ့်မည် မဟုတ်ပါလား"

တုချင်းယင်မှာထိခိုက်နိုင်ကြောင်းတွေးမိပြီးစိုးရိမ်စိတ်များဖြစ်ပေါ်လာသည် နှင့်သူမ၏ တိုက်ကွက်များပျက်ပြားကာနောက်ဆုတ်ပေးရလေတော့သည်။လီအင်းနှင့်ကိုရှောင်တို့အားတတ်သွားပြီး



ဖိ၍တိုက်ခိုက်ကြသည်၊

တုကုဖုံးက မိခင်အတွက်စိုးရိမ်လာသည်။

"အစ်ကိုရပ်လိုက်ပါတော့လား"

လီအင်းကိုအော်ပြောလိုက်သည်၊

တုချင်းယင်က

"သမီးဘာလုပ်နေတာလဲ အဆိပ်လက်နက်ပုန်းနဲ့ပစ်လိုက်ပါတော့လား"

သူမ၏စကားကြောင့်ကိုရှောင်နှင့်လီအင်းတို့ရင်ထိပ်သွား ရ၏။

တုကုဖုံးသာပါဝင်တိုက်ခိုက်လာပါကသူတို့ကျိန်းသေ အရေးနိမ့်သွားရတော့မည်။

တုကုဖုံးဗျာများနေ၏၊ မည်သူ့ကိုကူညီရမည်နည်း၊

မည်သူ့ဘက်က ရပ်တည်ရမည်နည်း။

ထိုစဉ်. . .

တုချင်းယင်သည်ကိုရှောင်နှင့် လီအင်းတို့တွေဝေသွားသည်ကိုအခွင့်ကောင်းယူကာ တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

"အား"

ကိုရှောင်နှင့် လီအင်းတို့အငိုက်မိသွားသည်။ တုချင်းယင် ၏လက်ချက်ဖြင့်အဝေးသို့ လွင့်စဉ်သွားကြသည်။

ယခု တုချင်းယင်၏လက်ထဲ၌ ဓါးတစ်လက်ရှိနေပြီဖြစ် သည်၊ သူမသည် ခုနစ်စင်ကြယ်ဓါးပညာကိုထုတ်ကာ အသုံးပြုလိုက်ပြီဖြစ်သည်။

လီအင်းက မြေပေါ်မှ လူးလိမ့်ထလိုက်၏၊ သူ၏ဝဲဘက် ပခုံး၌ ဓါးတစ်ချက်ထိသွားခြင်းကြောင့် သွေးများစီးကျနေ၏။

ကိုရှောင်ကိုကြည့်လိုက်သောအခါ

"ကိုရှောင်. . ."

www.burmeseclassic.com



လီအင်းအထိတ်တလန့် အော်လိုက်လေသည်။ ကိုရှောင်မှာ ရင်ဝ၌ ပြင်းထန်သော ဓားဒဏ်ရာရရှိကာ မလှုပ်မယှက် ဖြစ်နေပြီ မဟုတ်ပါလား။

"ဟား. . . ဟား. . ."

တုချင်းယင် ဟားတိုက်ရယ်မောလိုက်၏။

"လီအင်းမင်ဘာမှမတတ်နိုင်တော့ပါဘူး. . . ငါနဲ့ပွဲမပေါင်း လိုက်တာ မင်းအတွက် အကျိုးရှိဆုံးဖြစ်မယ်ဆိုတာ မင်းသိပါတယ်. ."

လီအင်းအံကြိတ်လိုက်သည်။

"ကျုပ် အသက်သေချင်သေသွားပါစေဗျာ. . .၊ ခင်ဗျားကို ဟန့်တားရမှာပါပဲ. ."

တုချင်းယင်နှင့်ရင်ဆိုင်လိုက်လေသည်။

"သေပေတော့. . ."

တုချင်းယင်ကလည်း ဒေါသတကြီး တိုက်ခိုက်လိုက်လေသည်။ ဒဏ်ရာရထားပြီး လက်နက်မဲ့ဖြစ်နေသော လီအင်းမှာ တုချင်းယင်အား မည်သည့်နည်းနှင့်မှ ယှဉ်နိုင်လိမ့်မည်မဟုတ်ပါချေ။

တုကုဖုံးမှာ ခင်ပွန်းသည်အတွက်စိုးရိမ်သွားကာ. . .

"မေမေ မလုပ်ပါနဲ့"

တောင်းပန်ဟန့်တားရင်းခုန်ဝင်သွားသည်။ သူမ၏ခင်ပွန်းသည်အားအကာကွယ်ပေးရန် ဝင်သွားခြင်းဖြစ်ပါသည်။ ပြင်းထန်စွာ တိုက်ခိုက်နေသော သူနှစ်ယောက်ကြားသို့ခုန်ဝင်လိုက်သော တုကုဖုံးမှာကျယ်လောင်စွာအော်ဟစ်လိုက်သည်။

"အား. . ."

ထို့နောက်. . .

မြေပေါ် ဘုန်းကနဲလဲကျသွားသည်။ တုချင်းယင်၏ဓားချက်သည် လီအင်းအား ထိုးစိုက်မိခြင်းမရှိဘဲ လီအင်းရှေ့မှကြားဝင်လာသည့် တုကုဖုံးအားထိုးချမိလိုက်ခြင်းကြောင့် ဖြစ်သည်။

"သမီး. . ."



တုချင်းယင်အထိတ်တလန့်ဖြစ်သွားသည်။

ထိုအချိန်မှာပင် လီအင်း၏ လက်ဝါးက သူမ၏ရင်ဝကို ရိုက်ချလိုက်လေတော့သည်။

"ဝုန်း. . ."

"အား. . ."

တုချင်းယင်သည် စူးရှနာကျင်စွာအော်ဟစ်ကာလူတစ်ခြား ဓားတစ်ခြားလွင့်စင်သွားလေတော့သည်။

ပြင်းထန်သော တိုက်ပွဲပြီးဆုံးသွားခဲ့ပြီဖြစ်ပါသည်။

ယုယု၊ ကိုရှောင်နှင့် မာကွန်ပင်တို့မြေပေါ်၌လဲလျောင်းကာမလှုပ် မယှက်ဖြစ်နေကြသည်။

သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်းကြိုးစားခဲ့သော တုချင်းယင်မှာလည်းမှောက်ခုံကြီး လဲကျကာအမိုက်ဇာတ်သိမ်းသွားခဲ့ပြီ ဖြစ်လေသည်။

"ညီမ. . ."

လီအင်းက ဆို့နင့်ကြေကွဲစွာခေါ်ရင်းတုကုဖုံးအား ပွေ့ချီ လိုက်လေသည်။ တုကုဖုံး တုတ်တုတ်မလှုပ်တော့ပါ။

သူမစကားတစ်ခွန်းမှ မပြောနိုင်တော့ပါ။လီအင်းကိုလည်း ကောင်း၊လောကကြီးကိုလည်းကောင်းကျောခိုင်းခွဲခွာသွားခဲ့ပြီ ဖြစ်ပါသည်။

သို့သော်. . .

သူမ၏ မျက်နှာပြုံးယောင်သမ်းနေ၏။

ခင်ပွန်းသည် လီအင်းကိုအကာအကွယ်ပေးနိုင်ခဲ့သဖြင့် ကျေကျေနပ်နပ် ဖြစ်သွားကြောင်းပေါ်လွင်နေ၏။

"ညီမရယ်. . ."

လီအင်း မချိတင်ကဲရှေ့ရှတ်လိုက်လေသည်၊ စိတ်ခိုင်ကြံ့ခိုင်သော လီအင်းသည် မျက်ရည်မစဲနိုင်အောင် ကျဆင်းသော၏။

သိုင်းလောကအား လွှမ်းမိုးရန်ကြိုးစားခဲ့သော တုချင်းယင်

www.burmeseclassic.com

www.burmeseclassic.com



အမိုက်ဇာတ်သိမ်းသွားသည်ဖြစ်၍ သိုင်းတံခွန်ဂိုဏ်းပျက်စီးသွားလိမ့်မည်ဖြစ်သည်။

သိုင်းလောကသည်လည်း အမှန်ပင် အေးချမ်းသာယာသွားပေတော့မည်။

မာကွန်ပင်နှင့် ကိုရှောင်တို့သည် သိုင်းလောကအေးချမ်းရေးအတွက် သူရဲကောင်းပီသစွာ အသက်ပေးကျိုးပမ်းသွားကြသည်။သိုင်းလောကပျော် သိုင်းလေးဖော်အား သိုင်းလောကသားများက ဘယ်သောအခါမှ မေ့ပျောက်သွားနိုင်ကြတော့မည် မဟုတ်ပါ။

လီအင်းက တုကုဖုံး၏ အလောင်းကို ရင်ခွင်ထဲထားကာ တင်းကပ်စွာ ပွေ့ဖက်ထားသည်။

တုကုဖုံးက သူ့အား ထာဝရ ခွဲခွာသွားချေပြီ။

လီအင်း ဘဝကားဓားနှင့် အဖော်ပြုရမည့်ဘဝမဟုတ်တော့ပေ။ မျက်ရည်နှင့် အဖော်ပြုရမည့် ဘဝဖြစ်သွားလေတော့သည်။

တတိယပိုင်းဇာတ်သိမ်း
ပြီး၏. . .

*တက္ကသိုလ်နေလင်းအောင်*

BURMESE CLASSIC .com
www.burmeseclassic.com